
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

● ရွှေနေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာပျိုမြူအမှု

● မောင်ဝိသ

စာမူခွင့်ပြုချက် ● ၁၃၁၂/၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက် ● ၁၂၈၂/၂၀၀၄ (၁၂)

အကြိမ် ● ဒုတိယကြိမ်၊ ၂၀၀၅၊ ဩဂုတ်

အုပ်ရေ ● ၅၀၀

တန်ဖိုး ● ၁၀၀၀ - ကျပ်

မျက်နှာဖုံးပန်းချီဒီဇိုင်း ● တင်မောင်မျှင်

ထုတ်ဝေသူ ● ဦးအောင်လှ (ပန်အောင်စာပေ)
အမှတ် (၅-အေ)၊ မြဝတီရည်လမ်း၊
(၁၃)ရပ်ကွက်၊ ကံဘဲ၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး(ရန်ကုန်) ● ပန်အောင်စာပေ

ပုံနှိပ်သူ ● ဦးအောင်လှ (၀၅၃၅၃)
ပန်အောင်အော့ဖ်ဆက်
အမှတ် (၁၁၃၆)၊ စက်မှုဇုံ (၂)၊
တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


ရွှေနေကြီးပယ်ရီမေဆင်နှင့်

# ခုနစ်လွှာပျိုမြူအမှု

## မောင်ဝိသ

ROSE-၀၁၆၀

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပန်းဆောင်းစာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ

၃၃။ မောင်ကိုသု — တကယ့်ရွှေနေ
စာမူခွင့်ပြုချက်-၁၁၇၄/၂၀၀၃ (၁၁)

၃၄။ ကိုပိုက် — မီးလောင်တုန်းရွာသူ
စာမူခွင့်ပြုချက်-၁၄၇၅/၂၀၀၃ (၁၀)

၃၅။ မောင်ဝံသ — ရွှေနေကြီးပယ်ရီမေဆင်နှင့်
အစားထိုးမျက်နှာအမှု
စာမူခွင့်ပြုချက်-၁၄၇၆/၂၀၀၃ (၁၀)

၃၆။ ဝင်းပ — ဝိကာဆို
စာမူခွင့်ပြုချက်-၇၂၃/၂၀၀၃ (၈)

၃၇။ မောင်ဝံသ — ရွှေနေကြီးပယ်ရီမေဆင်နှင့်
နှစ်ခြမ်းကွဲအိမ်ကြီးအမှု
စာမူခွင့်ပြုချက်-၁၅၇၂/၂၀၀၃ (၁၀)

၃၈။ မောင်ပေါ်ထွန်း — တေးရာတေးကြောင်း
စာမူခွင့်ပြုချက်-၅၇၀/၂၀၀၃ (၅)

၃၉။ လင်းယုန်မောင်မောင် — ကျွန်တော့်အပေါင်းအသင်း
အနုပညာရှင်များ
စာမူခွင့်ပြုချက်-၅၄၈/၂၀၀၃ (၆)

၄၀။ သုမောင် — ကွမ်းစကား (၂)
စာမူခွင့်ပြုချက်-၁၇၇၄/၂၀၀၃ (၁၂)

၄၁။ ဝင်းမြင့်အောင် — ကမ္ဘာကျော်အစွဲရေးထိပ်တန်းသူလျှိုများ (တ-ကြိမ်)
စာမူခွင့်ပြုချက်-၁၃၉၇/၂၀၀၃ (၁၀)

၄၂။ မောင်ကိုယု — ရွှေနေနှင့်သူ၏အမှုသည် (၃-ကြိမ်)
စာမူခွင့်ပြုချက်- ၉၂၅/၂၀၀၄(၈)

၄၃။ မောင်ပေါ်ထွန်း — ဂန္ထဝင်စံတင်တဲ့ ဏ္ဍတ္ထိယ
စာမူခွင့်ပြုချက်- ၁၁၀၈/၂၀၀၄(၉)

၄၄။ ပဋ္ဌမ်ဒီရိုင်း — ကျွန်တော့်ချစ်ခြင်းသစ်ပင်
စာမူခွင့်ပြုချက်- ၅၀၀၁၁၆၀၅၀၂

## ယခု

၄၅။ မောင်ဝံသ — ရွှေနေကြီးပယ်ရီမေဆင်နှင့် ခုနစ်လွှာပျိုမြူအမှု
စာမူခွင့်ပြုချက်- ၁၃၁၂/၂၀၀၄ (၁၁)

## ရည်ညွှန်းချက်

ဤစာအုပ်ကို ရေးသားရာတွင် ဥပဒေ ဆေးပညာလောကအတွက် ရှေ့ဦးလမ်းဖွင့်ပေးခဲ့သူ ဒေါက်တာ ဗျော့ဘီးမင့်ရတ် အား ဦးညွှတ် ရည်ညွှန်းလိုပါသည်။

ဒေါက်တာမင့်ရတ်၏ ဘဝနှင့်ဆေးပညာရပ်ဆိုင်ရာ ကြိုးပမ်းမှုများသည် ၎င်းကွယ်လွန်ပြီးချိန်နောက်ပိုင်း နှစ်ပေါင်းများစွာတိုင် အခြားအခြားသော ပုဂ္ဂိုလ်များအတွက် များစွာ အထောက်အကူ ဖြစ်နေစေသဖြင့် သူ့ဘဝသည် စံပြဘဝ ဖြစ်ခဲ့ပေသည်။

ဟားဗတ်တက္ကသိုလ်ဆေးပညာကျောင်းတွင် ဥပဒေဆေးပညာဆိုင်ရာ ဌာနစိတ်ကို စတင် တည်ထောင်ခဲ့သူ ဒေါက်တာ ဖရန့်စစ်၊ ဂျီ၊ လီး၏ အကြောင်းကို ကျွန်ုပ် ရေးသားခဲ့ဖူးပါသည်။ ဒေါက်တာ ဖရန့်စစ်သည် အသက် ၇၀ အရွယ် ရှိပြီဖြစ်သော အမျိုးသမီး ပညာရှင်တစ်ဦး ဖြစ်သည့်တိုင် တစ်ပြည်လုံးရှိ ရဲအရာရှိတိုင်း၏ လေးစားမှုကို ခံရသူဖြစ်သည်။ လူသတ်မှု သေမှုသေခင်း

www.burmeseclassic.com



စုံစမ်း ထောက်လှမ်းရေး နယ်ပယ်တွင် ဒေါက်တာ ဖရန့်စစ်သည် အာဏာ ပိုင်တစ်ဦး ဖြစ်လာခဲ့သည်။ ထို့ကြောင့်လည်း ဒေါက်တာ ဖရန့်စစ်ကို နယူးဟင့်ရှိုင်းယား ပြည်နယ်တွင် ရဲကပ္ပိတန်တစ်ဦးအဖြစ် ခန့်အပ် တာဝန်ပေးခံခဲ့ရသည်။

ယင်းသို့ ဒေါက်တာ ဖရန့်စစ် ဥပဒေဆိုင်ရာ ဆေးပညာဘက် စိတ်ဝင်စားလာခဲ့ခြင်းမှာ အထ[redacted]တွင် ရည်ညွှန်းဖော်ပြခဲ့သော ဒေါက်တာ ဂျေ၊ ဘီ၊ မဂ္ဂရတ်၏ [redacted] ဖြစ်သည်။

မည်သည့် အကြောင်းကြောင့် သေဆုံးကြောင်း မသိနိုင်သည့် လူသေမှု၊ သေမှု သေခင်းများ၏ အကြောင်းရင်းကို ရှာဖွေ အဆုံး အဖြတ် ပေးနိုင်ရန်အတွက် အရာရှိ ရာပေါင်းများစွာကို ဒေါက်တာ ဖရန့်စစ်က သင်တန်းပေးနိုင်ခဲ့ခြင်းမှာလည်း ဒေါက်တာမဂ္ဂရတ်၏ သိပ္ပံနည်းကျ စုံစမ်းထောက်လှမ်း ဖော်ထုတ်နည်းပညာရပ်ကြောင့်ပင် ဖြစ်ပေသည်။ ဒေါက်တာမဂ္ဂရတ်၏ အဓိကအားပြုချက်မှာ 'အမှန် တရား' ရရှိရေး ဖြစ်သည်။

ဒေါက်တာမဂ္ဂရတ်သည် သူ၏ ကျွမ်းကျင် မှတ်စု စာအုပ်များ ၏ မျက်နှာဖုံးအတွင်း စာမျက်နှာ၌ ပြင်သစ်ပညာရှင် ဆရာဝန်ကြီး ဒေါက်တာပေါလ်ဘရွန်ဒဲလာ၏ အဆိုအမိန့် တစ်ခုကို ဖော်ပြလေ့ ရှိ၏။ ဒေါက်တာပေါလ်မှာလည်း တရားဥပဒေရေးရာ ဆေးပညာ၏ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ၎င်း၏ အဆိုအမိန့် မှာ–

'အကယ်၍ သင်သည် ဥပဒေအရ သတ်သေအဖြစ် အစစ်ခံ ရပြီ ဆိုပါက သိပ္ပံသမားတစ်ဦး အဖြစ်သာ အစဉ်ရပ်တည်ပါ။ သင့်တွင် လက်စားချေရမည့် ပုဂ္ဂိုလ်ဟူ၍ မရှိ။ သင့်တွင် အပြစ် ရှိသူကို ဖျက်စီးရာဖျက်စီးကြောင်းနှင့် အပြစ်မရှိသူကို အကာ





အကွယ်ပေးရန် စသည်ဖြင့် ရန်သူ မိတ်ဆွေဟူ၍ မရှိ။ အစစ်ခံ ထွက်ဆိုရာ၌ သိပ္ပံပညာ၏ ဘောင်အတွင်းမှ အမှန် တွေ့မြင် သည့်အတိုင်း ထွက်ဆိုရမည်။'

ဒေါက်တာမဂ္ဂရတ်သည် ခွယ်စုံပုဂ္ဂိုလ်မျိုး ဖြစ်သည်။ အရပ် ရှည်ရှည်၊ အလုံးအထည် ကောင်းကောင်း ပုံပန်းရှိသည်။ လေ့လော့ ခြင်းကို ဝါသနာကြီးသည်။ ဆံပင်ကို အရှည်ထား၏။ ဝတ်စား ဆင်ယင်မှုတွင် ထည်ထည်ဝါဝါ မလုပ်။ လည်စည်းမှာလည်း 'ဝင်ဆာ အနက်ရောင်' လည်စည်းကိုသာ မပြောင်းမလဲ အသုံးပြုလေ့ ရှိ၏။ ၁၈၇၀ ဒီဇင်ဘာ ၁၁ ရက်၌ ကွယ်လွန်ခဲ့သည်။ သူ့ဘဝတာတွင် အကြောင်းရင်း ရှာမရနိုင်ခဲ့သော သေမှုသေခင်းပေါင်း နှစ်သောင်း ကျော် ကိုင်တွယ်စစ်ဆေးခဲ့၏။ ထို့ကြောင့်လည်း ယနေ့မျက်မှောက် ခေတ်၌ ထိရောက်လှသော နိဿယများအဖြစ် အသုံးပြုနေရသည့် ဥပဒေဆိုင်ရာ ဆေးပညာမှာ ဒေါက်တာမဂ္ဂရတ်၏ ကျေးဇူးပင် ဖြစ်ပါ ၏။ 'အမှန်တရား၊ တိကျမှု၊ ကျွမ်းကျင်မှုနှင့် သိပ္ပံပညာ ဂုဏ်သိက္ခာ' တို့သည် ဒေါက်တာမဂ္ဂရတ်၏ ဥပဒေဆေးပညာ အခြေခံများပင် ဖြစ် သည်။

ထို့ကြောင့် ဤစာအုပ် ရေးသားရာ၌ ဒေါက်တာ ဂျေ၊ ဘီ၊ မဂ္ဂရတ် (အမ်၊ ဒီ) အား ဦးညွှတ်ရည်ညွှန်းရခြင်း ဖြစ်ပါ၏။

အားလိ၊ စတင်လေ၊ ဝဠနာ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | တစ် |

အမှန်စင်စစ် ၌ 'အပျော်ကြူးသော တစ္ဆေမကလေး' အကြောင်း ရှေ့နေကြီး ပယ်ရီမေဆင် ပထမဆုံး သိခွင့်ရလိုက်သည်မှာ လူယုံတော် အတွင်းရေးမှူးမကလေး 'ဒယ်လာစထရိ' ၏ ကျေးဇူးကြောင့်ပင် ဖြစ်၏။ ထိုနေ့ထုတ် သတင်းစာမှ အဆိုပါ သတင်းကို 'ဒယ်လာစထရိ' က လာပြခြင်း ဖြစ်သည်။

"ဆိုစမ်းပါဦး၊ ဒီသတင်းက ဘာထူးမယ်ထင်လို့ ဆရာ့ကို လာပြတာလဲ ဒယ်လာရဲ့"

ဒယ်လာက သတင်းစာကို လာပြချိန်တွင် ပယ်ရီမေဆင်က မေးလိုက်သည်။

"ဩော်. . . ဆရာကလည်း ဆရာ စိတ်ဝင်စားမလားလို့ပေါ့"

"ဘာကြောင့်. . ."

"သတင်းထဲမှာ ဆရာ တွေ့ရမှာပါ။ ဒီတစ္ဆေမက ဆန်းကျယ် ဘက် လိုင်တွေ တပ်မက်စရာ အချိုးအစားနဲ့ ဆွဲဆောင်မှု ပြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ လှလှပပ ချောချောမွေ့မွေ့ဆို မဟုတ်လား၊ ညက ဟို. . . ဆီဟာရာဗစ်တာ ပန်းခြံမှာ လူတွေ တွေ့လိုက်ရတယ် ဆိုတော့. . . အင်းလေ၊ ဒါကို ဆရာများ စိတ်ဝင်စားမလားလို့ပေါ့"

"ဒယ်လာ အပြောင်ကောင်းတာနဲ့ တို့တောင် စိတ်ဝင်စားလာ ရပြီ"

ပြောပြောဆိုဆို မေဆင်သည် ဒယ်လာ လက်ထဲမှ သတင်းစာကို ယူပြီး ခေါင်းစဉ်မှ စဖတ်လိုက်၏။

သတင်းခေါင်းစဉ်မှာ. . .

တစ်မက်ဖွယ် တစ္ဆေမကလေးက အပန်းဖြေမောင်နှံကို ကိုယ်ရောင်ပြ။

တစ္ဆေမကို အမျိုးသမီးက ယာဉ်ဂေါက်တံနှင့်လိုက်။

သတင်းစာကိုယ်အရေးအသားမှာလည်း သတင်းနှင့် ဟာသ နှောလျက် ခပ်ရွှင်ရွှင် ရေးသားထား၏။

ညက တစ္ဆေမြူးသော ညဟု ဆိုရလိမ့်မည်။ လကလည်း လပြည့်ဝန်း အပြည့်သာနေ၏။ လေညင်းတလည်း တဖြိုးဖြိုး သွေးနေ၏၊ ထိုအချိန်တွင် အနောက် ဝုဒ်ဝိန်းလမ်း အမှတ် ၁၅၃၂ နေ ဂျော့ဘဲလမွန်. (၂၈ နှစ်) ဆိုသူသည် သူ့အတွဲ ဒိုင်ယာနာနှင့်အတူ ပန်းခြံအနီး ကားထဲ၌ ထိုင်နေကြ၏၊ လပြည့်ဝန်းကို ကြည့်နေကြ၏။ သို့ကြည့်နေခိုက် ရုတ်တရက် အလွန်လှပချောမွေ့သော ပါးလွှာသော ခြုံလွှာမျှ လွှမ်းထား သည့် မိန်းမလှတစ်ဦး အရိပ်ထဲမှ ကားဆီ ရှေ့ရှု လာနေသည်ကို တွေ့ကြရ၏။ ဂျော့၏ မျက်မြင်အဆိုအရဆိုပါက ဂန္တဝင် တီးလုံး တတွက်မျိုးဖြင့် တခုန်လျက် ကားဆီသို့ တစ်လှမ်းချင်း ရှေ့ရှု လာခြင်း ဖြစ်သည်ဆို၏၊ သို့သော် သူ့အတွဲ ဒိုင်ယာနာက





ရဲအရာရှိထံ အစစ်ခံချက် အပြောမှာမူတား ဂျော့နှင့် ဆန့်ကျင် ဘက် အမြင်ဖြစ်၏၊

"ကျွန်မတို့နှစ်ယောက် ကားထဲထိုင်ပြီး စကားပြောနေတုန်း အဲဒီ အပေါ်စားမဟာ အဆင်အပြင်နဲ့ ကျွန်မရဲ့ ဘွိုင်းဖရင်းကို မြူဆွယ်တော့တာပါပဲ။ ဒီဟာမ ဂန္တဝင်တီးလုံး တတွက်နဲ့ ကနေ တာ လုံးလုံး မဟုတ်ဘူးရှင့်။ ကျွန်မ မိတ်ဆွေ သူ့ဘက် စိတ်ယိုင် လာအောင် မြူတာဆွယ်တာပဲ။ သူ ဘာရည်ရွယ်ပြီး ဘယ်လို မြူဆွယ်တယ် ဆိုတာလည်း ကျွန်မ သိနေပါတယ်. . ."

ဤတွင် ရဲအရာရှိက မေးသည် ဆို၏၊

"သူ့ကို အာရုံစိုက်လာအောင် မြူဆွယ်တယ် ဆိုပါတော့"

"ရှင်တို့က အဲဒီလောက်ပဲ ထင်ချင်လည်း ထင်ပေါ့၊ ဒါပေမဲ့ ဒါ့ထက်သက် ကျွန်မ အမျိုးသားကို သူ့နောက် လိုက်လာအောင် လုပ်တာလို့ ထင်တယ်"

"ဒါနဲ့ ဂျော့က ဘာလုပ်လိုက်သလဲ"

"ချက်ချင်း 'ဟိုမှာ ကြည့်စမ်းဟေ့' လို့ ပြောပြီး တံခါးဖွင့်ဆင်း တယ်လေ။ ဘာရမလဲ၊ အဲဒီမှာတင် ကျွန်မကလည်း လုပ်သင့် လုပ်ထိုက်တာ လုပ်လိုက်တာပဲ"

"ဘယ်လို. . . ဘယ်လို. . .၊ ခင်ဗျားက ဘယ်လိုလုပ်လိုက် ပါသလဲ"

"ကျွန်မ လက်လှမ်းမီရာမှာရှိတဲ့ ပစ္စည်းတစ်ခုခု ကောက်ယူ လိုက်ပြီး၊ ဒီကောင်မနောက် လိုက်တော့တာပဲ။ ဒီကောင်မကို တော့ တောင်းတောင်း ဆုံးမမှ ဖြစ်မယ်လို့လည်း ကျွန်မ နှုတ်က ပြောမိခဲ့တယ် ထင်တယ်"

ရဲအဖွဲ့ဝင်များ၏ အဆိုအရ ဒိုင်ယာနာ ကောက်ကိုင်လိုက် သည် ဆိုသော ပစ္စည်းမှာ လူတစ်ယောက်ကို ဇာက်ရာအနေဖြင့်ရ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် ဖြစ်စေနိုင်သော စက်နှိုးဝေါက်တံ ဖြစ်သည် ဆို၏။ ထို့ကြောင့် ထိုလက်နက်ပစ္စည်းမှာ သေစေလောက်သော လက်နက်ပစ္စည်းပင် ဖြစ်သည်။ တစ္ဆေမမှာ ဤတွင် ထိုနေရာမှ အမြန်ဆုံး ရွေ့လျား ပျောက်ကွယ်သွားသည် ဆို၏။ ဗိုင်ယာနာ ကလည်း တစ္ဆေမ ပျောက်ကွယ်သွားရာဘက်အထိ လိုက်သေး သည်၊ ပြေးလိုက်ရင်း နှုတ်မှလည်း မပြတ် ရေရွတ်ဆဲဆိုသဖြင့် ထိုအသံကို ကြားပြီး အနီးအပါးမှ အိမ်များက ရဲစခန်းသို့ ဖုန်း ဆက် အကြောင်းကြားကြ၍ ရဲများ ရောက်လာခြင်း ဖြစ်သည်။ ဗိုင်ယာနာ အစစ်ခံချက်အရ တစ္ဆေမကလည်း နှုတ်မှ ရေရွတ် သွားသည် ဆို၏၊ သို့သော် အနီးအပါး အိမ်များမှ ထံဆိုအရ ဗိုင်ယာနာ တစ်ဦးထဲက နှုတ်မှ ရေရွတ်အော်ဟစ်ခြင်း ဖြစ်သည် ဆို၏။ ရဲအဖွဲ့သို့ အကြောင်းကြားသူများအနက် တစ်ဦးက ထုတ် ဖော်ပြောသည်မှာ. . .

"ဗျာ. . . ပန်းခြံထဲမှာ မိန်းမနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ဆွဲငင် လုံးထွေး သတ်ပုတ် အော်ဟစ်နေတဲ့ အသံ မျိုးပဲ၊ လူသတ်မှု တစ်ခုခုလို့တောင် ပထမ ထင်လိုက်မိပါ တယ်. . ." ဟု၏။

ဂျော့ အစစ်ခံသော စကားအရ ဤကမ္ဘာ၌ ရှာမှရှားသော ကိုယ်လုံးကိုယ်ပေါက် ပိုင်ရှင် အလှမယ် တစ္ဆေမသည် နောက်ဆုံး တွင် လိုက်တမ်းပြေးတမ်း အပြေးပြိုင်ပွဲ၌ အနိုင်ရသွားခဲ့ရာ ဗိုင်ယာနာတစ်ယောက်သာ တားစက်နှိုးတံ ကိုင်လျက် မောကြီး ပန်းကြီးဖြင့် ကားဆီ ပြန်ရောက်လာခဲ့သည်။

အနီးအပါးမှ ဖုန်းတိုင်ချက်များအရ ရဲအဖွဲ့ဝင်တို့ ထိုနေရာ တစ်ဝိုက် ပိုက်စိပ်တိုက်ခဲ့ရာ မိုးကာအကျႌ အပါးစား တစ်လွှာ





တည်း ခြုံထားသော မိန်းကလေးတစ်ဦး လမ်းလျှောက်နေသည် ကို တွေ့ရသည်၊ လရောင်ကြောင့် မိုးကာအပါးစားမှာ ဝတ်ရုံလွှာ အပါးစားဟု ထင်မှတ်ရဖွယ် ရှိခဲ့ပုံ ရ၏၊ ထိုမိန်းကလေးကို ရဲအဖွဲ့က စစ်ဆေးသည်တွင် နာမည်နှင့် နေရပ်မှအစ ဘာတစ်ခု မျှ မပြောနိုင်ရှာသူကလေး ဖြစ်ကြောင်း တွေ့ကြရသည်၊ ဘာဆို ဘာမျှ သူ မမှတ်မိပါဟု မိန်းကလေးက အစစ်ခံသည် ဆို၏၊ ရဲစခန်း အရောက်တွင် မိန်းကလေးကို အသေအချာ ကြည့်ကြ တော့မှ မိုးကာအကျႌအောက် မိန်းကလေး၏ ကိုယ်ပေါ်၌ စုတ်ပြတ်နေသော အဖိုးတန်အဝတ်၏ အပိုင်းများ တွေ့ကြရ သည်။ ရဲအဖွဲ့ဝင်တို့ကမူကား ဗိုင်ယာနာ အစစ်ခံသော တစ္ဆေမ ကလေးကို သူတို့ ဖမ်းဆီးရမိထားပြီဟု ယုံကြည်ထားသည်၊ အထောက်အထားမှာမူ မခိုင်လုံလှသေး၊ ဗိုင်ယာနာကိုယ်တိုင်က လည်း ထိုကလေးမ ဟုတ်သည်ဟု အခိုင်အမာ မပြောနိုင် ဖြစ်နေသည်၊ ဂျော့ကို ခေါ်မပြရဟုလည်း ဗိုင်ယာနာက ပိတ်ပင် ထား၏။ ထိုတစ္ဆေမကလေးကို လောလောဆယ်တွင် ဆေးရုံ အရေးပေါ် ဌာနသို့ ပို့ထားပြီး ရဲအဖွဲ့က သူမ ဘယ်သူ ဘယ်ဝါ ဖြစ်ကြောင်း စုံစမ်းနေသည်။

သတင်း ဤတွင်မှ ဆုံး၏။ ဆုံးအောင် ဖတ်ပြီးစချိန်၌ မေဆင် ကပင် စကားစပြောသည်။

"ဖယ်လာပြတဲ့ သတင်း အခြေအနေအတိုင်း ဆိုရင်တော့ ဒီကလေးမ ဘယ်သူဘယ်ဝါ ဆိုတာ သိနိုင်ဖို့ ကိစ္စက အတော် စိတ်ဝင် စားစရာ ဖြစ်လာနေတယ်။ အင်း. . . ဒီ မိန်းကလေး ရာဇဝတ်မှု တစ်ခုခု ကျူးလွန်ခဲ့တာတောင် ဖြစ်နိုင်စရာ ရှိတယ်၊ အခြေအနေက တော့ သိပ်မကောင်းဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထင်မြင်ချက်တွေ သိပ်မလောနဲ့ဦး ဆရာရဲ့။ ဆရာ့ အတွင်းရေးမှူးဟာ ဆရာ့ကို အကြောင်းမဲ့ ဒီသတင်း ပြလာတာ မဟုတ်ဘူး။ ဒီသတင်းဖတ်ပြီး ဆရာ ဒီလို အတွေးနယ်ချဲ့နေစေဖို့လောက် ရည်ရွယ်တာလည်း မဟုတ်ဘူး ဆရာရဲ့။ ဆရာ့ အတွင်းရေးမှူးအဖြစ် တာဝန်ကျေချင်လို့ လာပြတာ။ အခု ကျွန်မ စားပွဲမှာ ဒီသတင်းအတွက် ဆရာ့ကို တွေ့ချင်နေတဲ့ အမှုသည်တစ်ယောက် စောင့်နေလေရဲ့။ ဒီတစ္ဆေမကလေးနဲ့ ဖအေတူမအေကွဲ ညီအစ်မတစ်ဝမ်းကွဲ တော်တဲ့ အစ်မလို့ ပြောတယ်"

"အလို. . . အမှုသည်တောင် ရောက်နေပြီ။ သူက ဘာအကူအညီ လိုချင်လို့တဲ့လဲ"

ပယ်ရီမေဆင်က တအံ့တဩ မေးလိုက်မိသည်။

"ထင်ရတာကတော့ သူ့မိသားစုက ဒီကိစ္စ သူတို့အတွက် ဆရာ အမှုလိုက်ပေးစေလိုပုံ ရတယ် ဆရာ။ တစ္ဆေမ ဆိုတဲ့ မိန်းကလေးမှာ တစ်ခုခု လျှို့ဝှက်ချက် အတွင်းရေး ရှိနေပုံရတယ်။ အကျပ်အတည်းလည်း ကြုံနေရပုံရတယ်။ ဒါကြောင့် ဒီအကျပ်အတည်းကနေ လွတ်အောင် ဆရာ ဆောင်ရွက်ပေးစေချင်ပုံပဲ ဆရာ"

"သူ့အစ်မဝမ်းကွဲ နာမည်က ဘယ်သူတဲ့လဲကွဲ့"

"မစ္စက် ဗီလျံကင်ဆင်တန်ဂျော်ဒန် ပါတဲ့။ အထက်တန်းစားထဲက ဖြစ်ပုံရတယ်"

မေဆင်က နားထောင်ရင်း သွားကို စေ့လျက် ပြုံးလိုက်ကာ-

"ဒယ်လာရေ့ ခုအထိကတော့ မင်းအပြောနဲ့ မင်းအယူအဆက တော်တော်ဟုတ်နေတာပဲ။ ကဲ. . . ဘာပဲဖြစ်ဖြစ် မစ္စက်ဂျော်ဒန်ကိုတော့ တွေ့လိုက်ကြတာပေ့ါ။ ဒါနဲ့ နေပါဦး။ ဒီမစ္စက် ဂျော်ဒန်ကကော ဘယ်လို အချိုးမျိုးလဲဟေ့"





"သပ်သပ်ရပ်ရပ်ပဲ ဆရာ၊ အဝတ်အစားကလည်း အပျံစား၊ ဖိနပ်ကအစ အဖိုးတန် သုံးတဲ့အစား"

"အသက်ကကော ဘယ်အရွယ်လောက်လဲ"

"၂၈-၃၀ လောက်ပဲ ရှိဦးမယ်"

"ကြည့်ပျော် ရှုပျော်ကော ရှိရဲ့လား"

ဒယ်လာက ခေတ္တ စဉ်းစားပြီးမှ ဖြေသည်။

"နှုတ်ခမ်းကလေးတွေတော့ နည်းနည်းပါးတယ် ဆရာ၊ ဒါပေမဲ့ နှုတ်ခမ်းနီနဲ့ ဖြည့်ထားတယ်။ ဒီနှုတ်ခမ်းတွေကြောင့် နည်းနည်းလေး မျက်နှာပေါက် ကသိကအောက် ဖြစ်ရတယ်။ နို့မို့ရင် တော်တော်ချောမယ် ဆရာ၊ မျက်လုံးတွေကတော့ အကင်းပါးပုံရတယ်"

"ကဲ. . . တွေ့လိုက်ကြရအောင်လား။ တို့လည်းသ တစ္ဆေမ အကြောင်းတော့ စိတ်ဝင်စားလာပြီ"

"ဒီလို ဖြစ်လာမယ်လို့ ကျွန်မ သိပါတယ် ဆရာရဲ့"

ဒယ်လာသည် ပြောပြောဆိုဆို မစ္စက်ဂျော်ဒန်ကို သွားခေါ်လာ၏။

အခန်းထဲ ဝင်လျှင် မစ္စက်ဂျော်ဒန်က တံခါး၌ ခေတ္တရပ်ပြီး မေဆင်ကို အကဲခတ်၏။ ဤတွင် ဒယ်လာက မိတ်ဆက်ပေးလိုက်သည်။

"ဟောဒါ မစ္စတာမေဆင်ပါပဲရှင်၊ ဆရာ၊ ဒါ ကျွန်မ ပြောထားတဲ့ မစ္စက်ဂျော်ဒန်လေ"

မစ္စက်ဂျော်ဒန်က မေဆင်ကို စိုက်ကြည့် အကဲခတ်ရင်း-

"မိတ်ဆက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ဒယ်လာကို ကျေးဇူးစကားဆိုခိုက် မေဆင်က လှမ်းနှုတ်ဆက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာပါရဲ့လား။ မစွက်ကျော်ဒန် ခင်ဗျား. . ."

မစွက်ကျော်ဒန်သည် ဌာနတွင်မှ ရှေ့တိုးလာပြီး မေဆင်ကို လက်ကမ်းပေးလျက် နှုတ်ဆက်သည်။

"ဟုတ်ကဲ့၊ ရွှေနေကြီးကော ကျန်းမာပါရဲ့လား။ ခုလို တွေ့ရတာ ဝမ်းသာပါတယ်ရှင်။ ရွှေနေကြီးရဲ့ ဥပမိရုပ်ကိုက အထူးကျော်ကြားမှုနဲ့ တယ်လိုက်ဖက်တာပဲကိုး"

ဒယ်လာတစ်ယောက် ခပ်မြူးမြူး ဖြစ်သွားသည်ကို မမြင်ဟန်ဆောင်လျက် မေဆင်က ကျေးဇူးတင်စကား ဆိုလိုက်ရပြန်၏။

"ကျေးဇူးပါပဲ ခင်ဗျား၊ ထိုင်ပါ ခင်ဗျာ၊ ထိုင်ပါ။ ပြီးတော့ ကိစ္စကလေးလည်း အမိန့်ရှိပါ"

"ဟုတ်ကဲ့သို့ရှင်၊ ရွှေနေကြီး ဒီနေ့ သတင်းစာ ဖတ်ပြီးပါပြီလား"

မေဆင်က ဒယ်လာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပြီးမှ ခေါင်းညိတ်ပြ၏။

"ဒါဆို ဒီတစ္ဆေမအကြောင်း တွေ့ပြီးရောပေါ့နော်။ ဟို. . . လရောင်အောက်မှာ ကိုယ်တုံးလုံးနီးပါးနဲ့ တစ္ဆေမသတင်းဆိုတာလေ"

မေဆင်က ခေါင်းညိတ်ပြီး ဖြေ၏။

"ဟုတ်ကဲ့၊ ဖတ်လိုက်ရပါပြီ။ အခု ခင်ဗျား အပြောအဆို ကြည့်ရတာတော့ တစ္ဆေတွေ၊ သရဲတွေ မယုံကြည်တဲ့ လေသံ ထင်မိပါတယ်"

"အင်း. . . အယ်လီနာနဲ့ ပတ်သက်တဲ့ တစ္ဆေမျိုးဆိုရင် ဆိုပါတော့"

"ဘယ်လိုပါလဲ ခင်ဗျာ၊ အယ်လီနာ ဆိုတာလည်း ဘယ်သူများလဲ"

"ဟို. . . တစ္ဆေမဆိုတာပေါ့။ အဲဒါ ကျွန်မရဲ့ ဝမ်းကွဲညီမပါ"





"ဒီအကြောင်း သက်ဆိုင်ရာတွေကို ခင်ဗျား အကြောင်းကြားပြီးပြီလား"

"မပြောမိသေးပါဘူးရှင့်"

"ဘာကြောင့်. . ."

"ကျွန်မ ဘယ်လို အနေအထားနဲ့ ဒီကိစ္စမှာ ရပ်တည်ရမလဲ မသိနိုင်သေးလို့ပါ"

"ဒါပေမဲ့ ခင်ဗျား ရှင်းပြရင် ပိုကောင်းမယ်"

အမျိုးသမီးသည် အတွင်းစိတ်၌ရှိနေသော သဘောထားကို မဖုံးမဖိနိုင်တော့သော လေသံဖြင့် ပြောလာ၏။

"ဒီလိုရှိပါတယ်။ အယ်လီနာဟာ တကယ်လည်း မိဖော်ကလေးပဲ။ ပြီးတော့ အခွင့်အရေး တစ်ခုခုအတွက် အမြဲတစ်ခုခု လုပ်တတ်ပါတယ်။ အဲ. . . ပြီးတော့ ဒီကိစ္စမှာလည်း တစ်နည်းနည်း လိမ်ညာပြီး မာယာလုပ်နေတယ် ထင်ပါတယ်"

"ဟာ. . . ခင်ဗျားစကားအရ ပြောရရင် ခင်ဗျားဟာ ကိုယ့်ညီမအပေါ် သံသယဇော် သိပ်နည်းပုံ ရနေတယ်။ ဟုတ်ရဲ့လားဗျ"

"အို. . . အို. . . ၊ ကျွန်မကို အထင်မလွဲပါနဲ့ဦး။ ကျွန်မ ပြောနေတာက သူ အခု လုပ်ကိုင်နေတာတွေအကြောင်း ပြောနေတာပါရှင်"

"အင်း. . . ဒါဆိုရင်တော့ ခင်ဗျားဟာ သတင်းစာထဲက ဓာတ်ပုံကို မှတ်မိတယ်။ ပြီးတော့ ဒီမိန်းကလေးဟာ အတိတ်မေ့ရောဂါ စွဲနေသူလို့လည်း ဆိုချင်တယ်။ ဒီလို မဟုတ်လား"

"မဟုတ်ဘူး။ မာယာရှင့် မာယာ။ တစ်ခုတော့ ရှိတယ်။ တစ်ခါတုန်းက ဒီလို အကျပ်အတည်းတစ်ခု သူ တွေ့ခဲ့ဖူးတယ်။ ဒီတုန်းကလည်း ဒီအတိတ်မေ့ရောဂါ ရှိလေဟန် မာယာနှပ် ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပေါက် ရှာခဲ့တယ်။ ဒီနည်းနဲ့ သူ့ကို လူတွေ သနားလာအောင်လုပ်ပြီး ထွက်ပေါက်ရှာပြီး ကျွန်မတို့ မိသားစုထဲ ပြန်တိုးခဲ့ဖူးလေရဲ့"

"ကဲ. . . ဒီအတိုင်း ဆိုရင်တော့ အခြေအနေအားလုံး ကျုပ်ကို ပြောပြရလိမ့်မယ် မစ္စက်ကျော်ဒန်"

"ဟုတ်ကဲ့။ အရင်နှစ်ပတ်လောက်က အယ်လီနာဟာ ဒေါက်ကလပ် ဆိုသူနဲ့ လိုက်ပြေးသွားပါတယ်။

"ဩော်. . . ဩော်၊ ဒါနဲ့ ဒေါက်ကလပ် ဆိုတာကော ဘယ်သူလဲဗျ"

"အင်း. . . ယောင်ခြောက်ဆယ် ဂူတ္တိယ သိုက်သမားလို့ ဆိုရမယ်ထင်တယ်"

"သူနဲ့ ထွက်ပြေးသွားတာပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ် ရှင်"

"လက်ထပ် ယူကြတာလား"

"အယ်လီနာကတော့ လက်ထပ် ယူတယ်လို့ ပြောတာပဲ"

"မင်္ဂလာဆောင်မှာ ခင်ဗျား မရှိဘူးလား"

"ဟုတ်ကဲ့။ မရှိပါဘူး။ သူတို့ ထွက်ပြေးသွားကြတာကိုး။ ဟိုလေ. . . ကျွန်မနဲ့ ခင်ပွန်းရယ်။ အဖေရယ်။ အလုပ်ဗိတ်ရက် အပန်းဖြေခရီး ထွက်နေရာက ပြန်လာတော့ သူတို့ ပျော်ပျော်ရွှင်ရွှင် လက်ထပ်လိုက်ကြပါပြီဆိုတဲ့ ကြေးနန်းကို တွေ့ရတာပဲ"

"ကြေးနန်းကို ဘယ်မြို့က ပို့လိုက်တာလဲ"

"အာရီဇိုးနားပြည်နယ်၊ ယိုးမားမြို့ကပါ"

"အင်း. . .၊ ယိုးမားမြို့က လက်ထပ်မင်္ဂလာလုပ်ဖို့ နာမည်ကြီးပဲ။ လွယ်ပုံရတယ်။ ဒါကြောင့် လူတော်တော်များများ လက်ထက်ဖို့ အဲဒီမြို့ကို သွားလေ့ ရှိတယ်"



"ဟုတ်မယ်။ ဒါကြောင့်လည်း သူတို့ အဲဒီကို သွားခဲ့ကြပုံပါပဲ"

"လက်ထပ်ဖို့သက်သက် သွားတယ်ဆိုချင်တာလား"

"လွယ်တယ်လို့ နာမည်ကြီးတယ် မဟုတ်လား"

"ဒါဆိုရင် သူတို့ တကယ် လက်ထပ်တယ်လို့ ခင်ဗျား မယူဆဘူးပေါ့"

"ဘယ်လို ယူဆရမလဲတောင် မသိတော့ပါဘူးရှင်။ အယ်လီနာနဲ့ ပတ်သက်ရင် ဘာမှ မစဉ်းစားတော့ဘူးလို့ ကျွန်မ ဆုံးဖြတ်ထားတာ ကြာလှပြီ"

"ဒါပေမဲ့ ခင်ဗျားအခု သူ့အကြောင်း ကျုပ်ကို ပြောပြနေရပြန်ပြီလေ"

"ဟုတ်ကဲ့။ ဩော်. . . ကျွန်မ မိန်းနွယ်အမည်က ကော်ဘင်ပါ။ အော်လ်ဂါကော်ဘင်ပါ။ ခုတော့ မစ္စတာကျော်ဒန်နဲ့ လက်ထပ်လိုက်လို့ မစ္စက်ကျော်ဒန်ပေါ့"

"မစ္စတာကျော်ဒန်ဆိုတာက သက်ရှိပဲနော်။ သူနဲ့အတူတူနေတယ် မဟုတ်လား"

"ဟုတ်ကဲ့။ ကျွန်မတို့ ပျော်ပျော်ရွှင်ရွှင် သွားအတူ လာအတူပါပဲ။ ခု ကျွန်မ ဒီလာတော့ တစ်ယောက်တည်းပါ။ ကျွန်မ ယောက်ျားက မအားဘူးလေ"

"ခင်ဗျား ကျုပ်ဆီကို လာမယ်ဆိုတာတော့ သူသိတယ် မဟုတ်လား"

"မှန်ပါတယ်။ ကျွန်မနဲ့ သူနဲ့ကြားမှာ လျှို့ဝှက်ချက် မထားပါဘူး။ ဒါပေမဲ့ ကျွန်မ အဖေကတော့ ဒီအကြောင်း အသေးစိတ် မသိရှာဘူးရှင့်၊ ကျွန်မ ခု ဒီလာတော့ မှာခဲ့တယ်။ ဒီကိစ္စ ဘယ်သူ့ကိုမှ ဘာမှ မပြောသေးဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ။ ဒါနဲ့ ဆိုပါဦး၊ သတင်းစာထဲက ဓာတ်ပုံကို မှတ်မိတယ်နော်"

"ဟုတ်ကဲ့။ တော်တော်လည်း တူနေပါတယ်။ တခြားလူတွေပဲ မှတ်မိနိုင်တယ်။ ဒါကြောင့်လည်း ကျွန်မ ရွှေနေကြီးဆီ အမြန်ဆုံး လာခဲ့တာပါ။ ကျွန်မတို့မှာ အချိန်သိပ်မရတော့ပါဘူး"

"ကဲ-ကောင်းပါပြီ။ ဒီကိစ္စမှာ ကျုပ် ဘာလုပ်ပေးစေချင်သလဲ သာ ပြောပေတော့"

"အယ်လီနာဟာ အရင်လည်း သုံးလေးခါလောက် ချောက် ပေါက် တိုးခဲ့ဖူးပြီးပြီ။ တစ်ယောက်ယောက်က ဝင်ကယ်ခဲ့ရတာချည်းပဲ ရှင့်။ ကျွန်မ အဖေကလည်း သူ့ကိုကျတော့ အသည်းပဲ။ ဒါပေမဲ့ အယ်လီနာဟာ ယောက်ျားတွေအပေါ် အမြင်မှားနေတယ်။ သူ တစ်ချက် မာယာနဲ့ လှည့်လိုက်ရင် လည်ကုန်တာပဲလို့ ယူဆနေပုံ ရတယ်။ အင်းလေ ကိုယ်လုံးကိုယ်ပေါက်ကအစ ဖြောင့်ပြီးလှလည်း လှတာကိုး။ ဒီတော့ ဆွဲဆောင်မှု ရှိတာပေါ့။ ဒါကိုပဲ သူက အသုံးချ တယ်"

"နေဦးဗျ။ ဒီကလေးမက သိပ်များ လွန်လွန်ကဲကဲ ဖွံ့ဖွံ့ဖြိုးဖြိုး ကြီးလား"

"ဒီလိုတော့ မဟုတ်ဘူးရှင့်။ ဒါပေမဲ့ သူနဲ့ တွေ့လိုက်ရတဲ့ ယောက်ျားမှန်သမျှတော့ သူ့အပေါ် ကျသွားကြတာချည်းပဲ။ ဒီအမျိုး သမီးမျိုးတွေအကြောင်း ရွှေနေကြီး သိမှာပါ"

"မိန်းမချင်း ဆက်ဆံမှု အခြေအနေကျတော့ကော ဘယ်လို ရှိပါသလဲ"

"အမလေး. . . မိန်းမချင်း လုံးဝ စိတ်မဝင်စားရုံမက လုံးဝ အဆက်အဆံ မလုပ်ဘူးရှင့်၊ ယောက်ျားတွေကိုသာ ကစားတာ။ ဒီဘက်မှာ ကျွမ်းလည်း ကျွမ်းကျင်တယ်"





"အင်း. . . ခင်ဗျားကတော့ သူ့ကို သဘောမကျသူမို့ မလို တမာ မြင်နေပုံပဲ"

"ဟုတ်တယ်။ ကျွန်မ သူ့ကို သဘောမကျတာ အမှန်၊ ကျွန်မ အဖေအပေါ် ဆို ငါးနှစ်သမီးအရွယ် ငယ်ငယ်ကလေးတည်းက ဒီကောင်မလေးက သိပ်လွှမ်းမိုးလွန်းခဲ့တယ်"

"ခင်ဗျား အမေရှိသေးသလား"

မစွက်ကျော်ဒန်က ခေါင်းခါသည်။

"စောစောက ပြောတော့ အယ်လီနာဟာ ဖအေတူ မအေကွဲ ဆို"

"ကျွန်မ ရှင်းပြပါ့မယ်။ ဒီလိုပါ။ ကျွန်မအဖေ အသက် ၃၀ အရွယ်မှာ ကျွန်မကို မွေးပါတယ်။ ခု ကျွန်မအသက် ၃၀ ရှိပါပြီ။ ကျွန်မအဖေက ၆၀ ရှိနေပြီ။ ကျွန်မ ငါးနှစ်သမီးလောက်မှာ အမေ ဆုံးတယ်။ အဖေက သုံးနှစ်အကြာမှာ 'ဆယ်လီ' ဆိုသူနဲ့ အိမ်ထောင် ပြုရော ဆိုပါတော့၊ 'ဆယ်လီ' ဟာ အဖေ့ အသည်းစွဲဆိုတော့ အဲဒီ အချိန်ကစ ကျွန်မ ဆယ်လီရဲ့ ဒဏ် ခံခဲ့ရတယ် ဆိုပါတော့"

"ဆယ်လီဆိုတာ အယ်လီနာ့ အမေလား"

"ဟုတ်ပါတယ်။ ဆယ်လီဟာ အဖေ့ကို ယူရာမှာ ရသမျှ လိုးဖို့ တစ်ခုပဲ ခေါင်းထဲစွဲထားပုံရတယ်။ ဒါကြောင့်လည်း အဖေ့ကို တုန်နေ အောင် ချစ်ပြတယ်။ ပြီးတော့ အဖေ့သွေးကို ရထားမှ ဖြစ်မယ်ဆိုတဲ့ တွက်ကိန်းနဲ့ ကလေးရအောင် ကြိုးစားတယ်။ ဒီမှာတင် အယ်လီနာကို ကိုယ်ဝန်ဆောင်ပြီး မွေးလာတာပဲ။ ကျွန်မ ရှိနေသမျှ အဖေဟာ ကျွန်မအပေါ် အချစ်ပိုနေမယ်။ ဒါကြောင့် သူနဲ့ သားသမီး ရထားမှ ဖြစ်မယ်လို့လည်း တွက်ပုံရတယ်။ အဲဒီတုန်းက ကျွန်မ ရှစ်နှစ် သမီးပဲ ရှိသေးပေမဲ့ ကျွန်မ သိတတ်နေပြီ။ ဒါကြောင့် အားလုံးကို မြင်လည်း မြင်ခဲ့။ သိလည်း သိခဲ့ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အခု ဆယ်လီ သေပြီ မဟုတ်လား"

"ဟုတ်တယ်။ ရုတ်တရက်မှ တကယ်ချက်ချင်း လောလော လတ်လတ်ကို သေသွားတာပါ။ သူသေတော့ ကျွန်မ ၁၁ နှစ် သမီးရှိပြီ။ တော်တော်လေးလည်း သိတတ်နေပြီ။ ဒါကြောင့် ခုထက် ထိ မှတ်မိနေသေးတယ်။ သူသေသွားတော့ ကျွန်မ ဝမ်းသာခဲ့ပါတယ်။ ခုထိလည်း ဝမ်းသာဆဲပါပဲ"

"ဒါဆို နောက်ပိုင်းမှာ ညီအစ်မနှစ်ယောက် အတူကြီးပြင်း လာရတယ်ဆိုပါတော့"

"ဟုတ်ပါတယ်၊ ကျွန်မက အစ်မ အကြီးဆိုတော့ အစစ တာဝန်ယူခဲ့ရပါတယ်။ အမေက တာဝန်ပေးတယ်လေ။ ကျွန်မလည်း အဖေ့ စိတ်ကြိုက် အတတ်နိုင်ဆုံး အစ်မကြီးအနေနဲ့ နေခဲ့ပါတယ်။ အဲဒီတုန်းကတော့ အယ်လီနာကို ကျွန်မလည်း ချစ်ခဲ့တယ်။ သူ့အမေ ကိုသာ မုန်းတာကိုး"

"နောက်မှ အယ်လီနာကိုပါ မုန်းလာတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဘယ်လောက်ကြီးမှ မုန်းတာလဲ"

"သိပ်မကြာလိုက်ပါဘူးရှင်၊ ကျွန်မ ရှင်းပြပါဦးမယ်။ အယ်လီနာဟာ ငယ်ငယ်ကတည်းက မဖေတူ မိန်းမချော၊ မျက်လုံးပြာကြီး တွေကလည်း ညို့လို့၊ မျက်နှာမြင် ချစ်ခင်ပါစေလို့ ဆုတောင်းပြည့် တယ် ဆိုရပါမယ်။ လူတိုင်းကလည်း ခင်တယ်။ ဒီကြားထဲ မအေမဲ့ သမီးကလေးဆိုတော့ အားလုံးက သူ့ကိုဆို သနားကြတယ်။ ကူညီကြ တယ်။ နောက်ကျတော့ ဒီအချက်ကို အခွင့်ကောင်းယူပြီး ယောက်ျား တွေအပေါ် ကစားတော့တာပဲရှင်၊ ကစားသမှ ဟောတစ်ယောက်၊ ဟောတစ်ယောက် ဆိုပါတော့"





"ဆက်ပါဦး"

"ဒါတွေများ အဖေသိရင် ရင်ကွဲမှာသေချာတယ်။ အသေး စိတ်အကြောင်း ဘယ်တော့မှလည်း အဖေ မသိခဲ့ရဘူး။ ကျွန်မနဲ့ ကျွန်မ ယောက်ျားက အမြဲ ဖုံးဖိထားကြတာကိုး။ တစ်ခါကများဆိုရင် ကျွန်မနဲ့ ကျွန်မယောက်ျား အပန်းဖြေခရီး ထွက်ခဲ့ကြတယ်။ ပြန်ရောက်တော့ အဖေက မေးပါလေရော။ 'ဟဲ့. . . သမီးလေးကော၊ ညည်းတို့နဲ့ ခရီး ထွက်ရတာ ပျော်ပုံရရဲ့လား' တဲ့။ အယ်လီနာဟာ ကျွန်မတို့ဆီ လိုက်သွားမယ်ဆိုပြီး အဖေ့ကို ပြောပြီးတော့မှ သူ သွားချင်ရာ သွားခဲ့ပြီဆိုတာ ကျွန်မ ချက်ချင်းတွေးမိတော့ အဖေ စိတ်မချမ်းမသာ မဖြစ်စေချင်တာနဲ့ ကျွန်မတို့ လင်မယားနှစ်ယောက် စလုံးက ချက်ချင်း လိမ်ပြောခဲ့ကြရတယ်"

"ခင်ဗျားအဖေက သူ့ကို သိပ်ချစ်လွန်းပုံရတယ်"

"အင်း. . . သူ့အမေက အဖေ့ကို အလှနဲ့ ဖမ်းစားခဲ့သလို ဖမ်းစားထားတယ် ထင်ပါရဲ့ရှင်၊ ဒါပေမဲ့ အဖေဟာ အယ်လီနာ အကြောင်း နည်းနည်းရိပ်မိပုံတော့ ရနေပါပြီ"

"ကဲ. . . အခုဒီကိစ္စပြန်ကောက်ရအောင်၊ အခု ဒီတစ္ဆေမ ဆိုတာ အယ်လီနာလို့ ခင်ဗျား ယုံထားပြီဆိုပါတော့"

"ဟုတ်ကဲ့ ကျွန်မ သိနေတာပဲဟာ၊ ဒီနည်းဟာ အယ်လီနာရဲ့ ပရိယာယ်ပဲရှင့်၊ ဒေါက်ကလပ်နဲ့ သူ ထွက်ပြေးတယ်။ ဘာတွေဖြစ်ခဲ့ သလဲတော့ ဘုရားမှပဲ သိတော့မယ်။ တစ်ခုခု ဆိုးဆိုးရွားရွားလို့တော့ ခန့်မှန်းကြည့်ရုံနဲ့ သိနိုင်တယ်။ ဒီတော့ အယ်လီနာဟာ ကျွန်မတို့ မိသားစုကြားထဲ ပြန်ရောက်ချင်တယ်။ တစ်ခုခုကိုလည်း ကြောက်နေပုံ ရတယ်။ ဒီတော့ ဘာလုပ်မလဲ၊ လူတွေက သူ့ကို သနားလာအောင် လုပ်ရမယ်။ ဒီလိုမှလည်း အဖေ့ဆီ ပြန်ချဉ်းကပ်လို့ရမှာ။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လသာတဲ့ ညတစ်ညမှာ ပန်းခြံထဲ ခုနစ်လွှာ ကခဲ့တယ်။ ပြီးတော့ ရဲအဖွဲ့ဝင်တွေ သူ့ကို ဖမ်းမိအောင် အကွက်ဆင်တယ်။ ပြီးတော့ အတိတ်မေ့သူအဖြစ် ရဲတွေ သနားလာအောင် မျက်လုံးပြာကြီးတွေနဲ့ ညှို့ယူတယ်။ ဒီတော့ ရဲအဖွဲ့က သူ့ကို ဆေးရုံပို့ပြီး သူ့ဓာတ်ပုံ သတင်းစာထဲ ထည့်ရော၊ ဓာတ်ပုံ မြင်ရရင် ကျွန်မတို့ မိသားစု သူ့ဆီ အပြေးအလွှား ရောက်လာကြမှာ သူ သိတယ်။ ဒီလိုနဲ့ ကျွန်မတို့နဲ့သူ ပြန်ပြီး အတူနေဖြစ်သွားမယ် မဟုတ်လား။ အတိတ်မေ့တတ်သူ၊ သနားစရာ ကလေးအဖြစ် တွေ့ရတော့ သူ့အပြစ်တွေလည်း အားလုံးက ခွင့်လွှတ်ကြတော့မယ်"

မဆေင်သည် မစွက်ကျော်ဒန်ကို မျက်စိမှေးကြည့်လျက် အကဲခတ်ပြီးမှ ဖြတ်မေး၏။

"ဒါဆိုလည်း ဆေးရုံသွားပြီး ခင်ဗျားညီမဖြစ်ကြောင်း ပြောလိုက်ရုံပေါ့။ ခင်ဗျား ပြောသလိုဆိုရင် ခင်ဗျားလည်း ဘာမှ မတတ်နိုင်တော့ဘူး မဟုတ်လား။ ဒီတော့ ရှေ့နေဆိုတာလည်း ဘာအတွက် လိုတော့မှာလဲ"

"ဟာ. . . မဟုတ်သေးဘူး ရှေ့နေကြီး၊ ကျွန်မ အခုလာတိုင်ပင်နေတာက ကျွန်မအဖေ ဒီကိစ္စ ဘာမှ မသိစေချင်တာရယ်။ မပတ်သက်စေချင်တာရယ်။ ဒါကြောင့် လာခဲ့တာပါ။ အခုတစ်ခါ အယ်လီနာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာလည်း ကျွန်မ စိုးရိမ်ကြီးနေပါတယ်"

"ဘာကြောင့်. . ."

"အယ်လီနာအတွက် တစ်ခုခု ပြဿနာကြီး ရှိနေပြီ ထင်ပါတယ်"

"ဒါဆို ကျုပ်က ဘာလုပ်ပေးစေချင်ပါသလဲ"

"ဒီလိုပါ၊ ကျွန်မနဲ့အတူ ဆေးရုံကို လိုက်ခဲ့ပေးပါ။ ကျွန်မ ညီမပါလို့ ဆေးရုံကို ပြောချိန် ကျွန်မနဲ့အတူ ရှေ့နေကြီး ရှိနေစေချင်ပါ



တယ်။ ကိစ္စတစ်ခုလုံးကိုလည်း ရှေ့နေကြီးလက် အပ်လိုပါတယ်။ ရှေ့နေကြီး တာဝန်ယူပေးပါ။ ပြီးတော့ သတင်းစာတွေ ဘာတွေကိစ္စလည်း ရှေ့နေကြီးက ကိုင်တတ် တွယ်တတ်ပါတယ်။ သတင်းထောက်တွေနဲ့ ဆက်ဆံဖို့ ကိစ္စလည်း ရှေ့နေကြီးက ကျွမ်းကျင်ပြီးသားပါ။ အယ်လီနာနဲ့လည်း ရှေ့နေကြီး တွေ့စေချင်တယ်။ သူ့ဆီက သူ ဘာကြောင့် ဘာတွေ လုပ်ခဲ့တယ်ဆိုတာ ပြောလာအောင် ရှေ့နေကြီး ဆောင်ရွက်ပေးစေချင်ပါတယ်။ ဘာတွေဖြစ်ခဲ့လို့ ခုလို သူလုပ်ရသလဲ ဆိုတာ ရှေ့နေကြီးမေးရင် သိနိုင်မယ် ထင်ပါတယ်"

"ပြီးတော့ကော မစွက်ကျော်ဒန်. . ."

"ပြီးတော့ သတင်းစာတွေထဲ မပါအောင် တတ်နိုင်သမျှ ဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါမှ အဖေ စိတ်မချမ်းမသာ မဖြစ်ရမှာပါ"

"ခင်ဗျားအဖေ ကျန်းမာရေး ကောင်းရဲ့လား"

"ကောင်းပါတယ်။ ဒေါင်ဒေါင်မြည်ပဲ။ ဒါပေမဲ့ အသက်မွေးဝမ်းကျောင်းကိစ္စမှာ နာမည်ထိခိုက်လာရင် လုပ်ငန်းပျက်သွားနိုင်ပါတယ်"

"ဒီလိုဆိုရင် အယ်လီနာဟာ တစ်ခုခုဖြစ်ခဲ့တယ်လို့ ခင်ဗျား ယူဆထားပုံ ရတယ်"

"ဟုတ်ပါတယ်. . . တစ်ခုခုတော့ တစ်ခုခုပါပဲ။ နိုးနိုး ချောက်ပေါက်တောင် မကဘူးထင်ပါတယ်"

ဤတွင် မဆေင်က ခေတ္တရပ်ဆိုင်းပြီးမှ ခပ်အေးအေး ရှင်းပြသည်။

"ဒီကိစ္စမှာ ကျုပ်အထင်ပြောရရင် မစွက်ကျော်ဒန်ဟာ ကိုယ့်ထင်ကြေးနဲ့ကိုယ် တွေးစိုးရိမ်နေတယ်။ ဒီတော့ နည်းနည်း စောင့်ကြည့်ရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဂျော်ဒန်က ခေါင်းခါပြီး ရှင်းပြပြန်၏။

"အချိန်မရှိဘူး ရွှေနေကြီး။ စောင့်လို့မဖြစ်ဘူး။ အယ်လီနာကို လူတော်တော်များများကလည်း သိကြတယ်။ ခုလောက်ဆို ဓာတ်ပုံ တွေ့ပြီးသူတွေ ဆေးရုံကိုတောင် ဖုန်းဆက်ကြပြီလား မပြောနိုင်ဘူး။ ဒါကြောင့် ကျွန်မတို့ မြန်မြန်လုပ်မှ ဖြစ်မယ်"

ပြောပြောဆိုဆို မစ္စက်ဂျော်ဒန်က ပိုက်ဆံအိတ်ထဲမှ တစ်စုံ တစ်ခုကို နှိုက်ထုတ်လျက် ဆက်ပြော၏။

"ရွှေနေကြီး အလုပ်များတာလည်း ကျွန်မသိပါတယ်။ ရွှေနေခ စျေးကြီးမှန်းလည်း သိပါတယ်။ အခု ဒီမှာ ကျွန်မ ဒေါ်လာ ၂၅၀၀ ချက်လက်မှတ် အသင့်ရေးခဲ့ပြီးပါပြီ၊ ဒါဟာ စရန်ပဲ ရှိပါသေးတယ်ရှင်"

ရွှေနေကြီးမေဆင်က မျက်ခုံးပင့်ကြည့်လိုက်ပြီး လှမ်းပြော၏။

"ထုံးစံကတော့ အမှုသည်တွေဟာ ရွှေနေဆီ လာတိုင်ပင်ပြီးမှ ရွှေနေခ ဘယ်လောက်ယူမလဲလို့ မေးကြလေ့ ရှိတယ်။ ခုတော့ တစ်မျိုးပါလား"

"ဟုတ်ပါတယ်ရှင်၊ အခြေအနေက တူမှမတူပဲကိုး၊ ဒါက အရေးပေါ်ကိစ္စလည်း ဖြစ်နေပါတယ်"

"ကောင်းပါပြီ. . . ဒါပေမဲ့ ဆေးရုံ လိုက်လာပြီးတော့ ကျုပ်က ဘာဆက်လုပ်ပေးရမှာပါလိမ့်"

"ကျွန်မက အယ်လီနာဟာ ကျွန်မညီမဖြစ်ကြောင်း ဆေးရုံမှာ ပြောမယ်။ ရွှေနေကြီးက အယ်လီနာနဲ့ ဆက်ပြီး စကားပြောပေါ့။ သတင်းထောက်တွေ လုံးဝ မကြားမသိစေလိုပါဘူး"

"ဒီလိုဆိုတော့ ခင်ဗျားညီမပါလို့ ဆေးရုံမှာ ပြောတော့မယ် ပေါ့"





"အမှန်အတိုင်းပဲလေ။ အင်း. . . ကြားရသူတိုင်းကတော့ သနားကရုဏာသက်ကြမှာ သေချာတယ်။ ဒါကြောင့် အခြေအနေ အတိုင်း လိုအပ်လာသမျှ လုပ်ရတော့မှာပါပဲ"

"ခင်ဗျားအဖေနဲ့ကော တွေ့ခွင့်ပေးမယ်လား"

"ရွှေနေကြီး အကြောင်းစုံ သိပြီးချိန်မှ တွေ့ပေးရမယ်"

"အယ်လီနာက အားလုံးပြောပြမယ် ထင်သလား"

"ထင်တော့ မထင်ပါဘူး။ ဒါပေမဲ့ ရွှေနေကြီး သူနဲ့ စကား ပြောရင်း သဲလွန်စလေး ဘာလေး ပေါ်လာမှာပေါ့။ ဒီအတွက် ရွှေနေကြီး စုံထောက်တွေ ဘာတွေ လိုဦးမှာပဲ။ ကုန်သမျှ ကျွန်မတို့ ကျခံပါ့ မယ်ရှင်"

"အယ်လီနာက ဘာလုပ်မယ်လို့ ခင်ဗျား ထင်ထားသလဲ"

"ဘာလုပ်မလဲဆိုတာ ကျွန်မ တိတိကျကျလောက် ပြောပြနိုင် ပါတယ်။ ကျွန်မတို့ကို တွေ့ရင် လုံးဝမသိခဲ့သလို ခပ်စိမ်းစိမ်း စိုက် ကြည့်မယ်။ ပြီးတော့ သူကိုယ်သူတောင် နာမည်မမှတ်မိတော့တဲ့ ကလေးတစ်ယောက်လို ဟိုကြည့်ဒီကြည့် ကြည့်နေမယ်။ နောက် ကြောင်း ဘာတစ်ခုမှ သတိမရသူလို ဆိုပါတော့။ အဲဒီအချိန်မှာ ကျွန်မက 'အယ်လီနာ-မမကို မမှတ်မိတော့ဘူးလား' လို့ မေးရင် မျက်လုံးပြာကြီးတွေနဲ့ ကျွန်မကို စိုက်ကြည့်လာမယ်။ တဖြည်းဖြည်း မျက်လုံးပြာကြီးတွေ ပြူးကြည့်မယ်။ နောက် မျက်တောင်မှိတ်တုတ် မှိတ်တုတ် ခတ်မယ်။ အဲ နောက်ဆုံးတစ်ချက် ပြူးလိုက်ပြီး ခုမှ တစ်ခုခု ပြန်သတိရသလိုနဲ့ တအံ့တသြ ကျွန်မကို အော်ခေါ်လိမ့်မယ်။ 'အို မမ. . . မမကြီး ဟုတ်ပါတယ်နော်' ဒီလို အော်ခေါ်ရင်း ကျွန်မကို လှမ်းဖက်မယ်။ ရေနစ်တဲ့ လူတစ်ယောက် ကောက်ရိုးတစ်မျှင်ကို အသေ ဆုပ်သလို ကျွန်မကို လွှတ်သွားမှာ ကြောက်တဲ့ဟန်နဲ့ အတင်း ဖက်ထားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ကော"

မေဆင်က ဖြတ်မေးသည်။

"ပြီးတော့ နောက်ကြောင်းတွေ ပြန်စဉ်းစားမိဟန် စဉ်းစားရင်း ဒေါက်ကလပ်နဲ့ ထွက်ပြေးချိန်အထိ ပြန်ပြောပြလိမ့်မယ်။ ထွက်ပြေးချိန်ကနေ အခု တွေ့ရချိန်အထိကိုတော့ ကွက်လပ်ကာလ လုပ်ထားလိမ့်မယ်။ ဒီနှစ်ပတ်အတွင်း သူ ဘယ်ရောက်ပြီး ဘာတွေ လုပ်ခဲ့တယ်။ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ဘာမှ ပြောမှာ မဟုတ်ဘူး။ အမေ့အကြောင်းလည်း သူ မေးလာမယ်။ ဒီနှစ်ပတ် အချိန်ကုန်လွန်လာတာကို မသိသလို နောက်ကြောင်းပြန်မယ်။ ကျွန်မက နှစ်ပတ်လုံးလုံး သူပျောက်နေတဲ့အကြောင်း ပြောရင်၊ ဒီအကြောင်း သူ ဘာမှ မမှတ်မိတော့တဲ့ဟန် တွေ့ရလိမ့်မယ်၊ ကုန်ကုန်ပြောရင် ပန်းခြံမှာ သူကခဲ့ခုန်ခဲ့၊ ဟန်ရေးပြခဲ့တာတွေကိုပါ မသိတော့သလို လုပ်လိမ့်မယ်။ သတင်းထောက်တွေက သူ့အကြောင်း ပြောလာရင် တအံ့တဩ စိုက်ကြည့် နေလိမ့်မယ်။ မယုံနိုင်တဲ့ အမူအရာမျိုး ဆိုပါတော့"

"ဒီလောက်အထိ လုပ်ဇာတ်ခင်းနိုင်ဖို့ဆိုရင် ခင်ဗျားညီမဟာ ဇာတ်တော်ကို ကြိုးစားရလိမ့်မယ် ထင်တယ်။ ဒီလောက် ဟန်ဆောင် လုပ်ဇာတ်ခင်းနိုင်မယ်ကော ခင်ဗျား ထင်လို့လား"

မေဆင်က ထောင်ပေးပြန်၏။

"သြော်. . . ရှေ့နေကြီးကလည်း ကျွန်မ ပြောပြီးပြီပဲ။ အယ်လီနာဟာ ဘယ်သူ့ကိုမဆို အရူးလုပ်နိုင်စွမ်းရှိပါတယ်လို့ဆို။ အင်းလေ သူ လှည့်လို့မရတာ ဒီကမ္ဘာမှာ တစ်ယောက်တည်းပဲ ရှိတယ်"

"အဲဒါ ဘယ်သူလဲဗျ"

"ကျွန်မပေါ့ ရှေ့နေကြီး၊ နောက်ဆုံး ကျွန်မ ကြိုပြောထားပါ့မယ်နော်။ ရှေ့နေကြီးကိုလည်း လှည့်စားလိမ့်မယ်"





မေဆင်က ပြုံးရင်း ဖြေ၏။

"အင်း. . . ရှေ့နေတွေဆိုတာ အပြစ်အနာအဆာကို မြင်တတ်ကြပါတယ်"

"ဘာပဲပြောပြော ရှေ့နေကြီးကိုလည်း သူ လိမ့်မှာ သေချာတယ်။ ပြီးတော့ တစ်ခါ ရှေ့နေကြီး သူ့ဆီလာတာ ဘာအတွက်လို့ သူ သိရပြန်ရင် ရှေ့နေကြီးကိုလည်း သူဖမ်းစားဦးမှာပဲ။ အဲဒီအချိန်မှာ ရှေ့နေကြီးလည်း အခြားယောကျ်ားတွေလို ဖြစ်သွားမှာ သေချာတယ်။ သူ့ဘက်က အကာအကွယ် ပေးချင်လာမယ်။ ကျွန်မကိုတော့ အထင်မလွဲလိုက်ပါနဲ့ဦး ရှေ့နေကြီး၊ ကျွန်မ ဆန္ဒကလည်း ရှေ့နေကြီး သူ့ဘက်က အကာအကွယ် ပေးစေချင်တာပါ။ သူ ရင်ဆိုင်နေရတဲ့ ချောက်ပေါက်ထဲက လွတ်အောင် ကူညီစေချင်တာပါ။ ဒီလိုမှလည်း ကျွန်မအဖေကို ကယ်တင်ရာ ရောက်ပြီး ကျွန်မတို့ မိသားစုတစ်ခုလုံးကို အကာအကွယ်ပေးရာ ရောက်မှာ ဖြစ်ပါတယ်ရှင်"

"ကဲ. . . ကောင်းပါပြီ။ ကျုပ်တို့ ဘယ်တော့ ဆေးရုံသွားကြမလဲ" မေဆင်က စကားလမ်းကြောင်း ပြောင်းပစ်လိုက်၏။

"ခုပဲ သွားကြမယ်ရှင်၊ အချိန်တောင် သိပ်မရှိတော့ဘူး ထင်တယ်" မစွက်ကျော်ဒန်က လက်မှနာရီကို ကြည့်ပြီး ဖြေ၏။

ဤတွင် မေဆင်ကပင် ဒယ်လာထံ ခေါင်းဆတ်ပြရင်း ပြောသည်။

"ဒယ်လာရေ တို့တစ်နာရီလောက် အပြင်သွားရမယ်။ တစ်နာရီထက် ကြာချင်လည်း ကြာမယ်။ လိုက်ခဲ့ပေတော့၊ ကိုင်း-လာ. . . မစွက်ကျော်ဒန် ဆေးရုံသွားကြစို့"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ နှစ် ]

ဆေးရုံတွင် မစ္စကျော်ဒန်က သူနာပြုအုပ် ဆရာမကြီးထံ ချဉ်းကပ်ပြီး အကျိုးအကြောင်း ရှင်းပြလိုက်ရာ. . .

"ဟာ အတော်ပါပဲရှင်၊ ရဲအဖွဲ့က မစ္စက်ကျော်ဒန်နဲ့ ဆက်သွယ်မိဖို့ ကြိုးစားနေတာ ကြာပြီ၊ သိပ်တွေ့ချင်နေကြတယ်။ ဒီကလေးမ ဘယ်သူဘယ်ဝါဆိုတာ မစ္စက်ကျော်ဒန်တော့ ပြောနိုင်လိမ့်မယ်လို့ သူတို့ ယူဆထားကြပါတယ်"

"ဟုတ်ကဲ့ရှင့်၊ ဓာတ်ပုံထဲက အတိုင်းဆိုရင်တော့ ကျွန်မညီမနဲ့ သိပ်ကို တူနေပါတယ်။ သူ ဖြစ်မယ်လို့လဲ ကျွန်မ ထင်နေပါတယ်"

"ဟုတ်မယ်ရှင့် ဟုတ်မယ်။ ဒီကလေးမဟာ အယ်လီနာကော်ဘင်ပါပဲလို့ ဓာတ်ပုံတွေ့ပြီး နောက်ပိုင်း ဆေးရုံကို တယ်လီဖုန်းဆက် အကြောင်းကြားတာ အများကြီးပဲ"

ဆရာမ၏ စကားကို မစ္စက်ကျော်ဒန်က ဖြည့်စွက် ပြင်ဆင်သည်။





"အယ်လီနာကော်ဘင် မဟုတ်တော့ပါဘူးရှင်။ မစ္စတာ ဒေါက်ကလပ်ဟက်ပနာနဲ့ အလျင်နှစ်ပတ်လောက်က အိမ်ထောင်ကျသွားလို့ အယ်လီနာဟက်ပနာ ဖြစ်သွားပါပြီ"

"ကြော်. . . ဟုတ်လား၊ ကဲ မစ္စက်ကျော်ဒန် မပင်ပန်းဘူးဆိုရင် အပေါ်ထပ် သွားတွေ့နိုင်ပါပြီ။ ဟိုမှာ တာဝန်ခံ ဆရာမ တစ်ယောက် စောင့်နေပါတယ်။ ဆရာဝန် ကိုယ်တိုင်ကလည်း မစ္စက်ကျော်ဒန် လာရင် လူနာဆီ လွှတ်လိုက်ပါလို့ မှာထားပြီးပါပြီ။ ကြော် တစ်ခုတော့ ရှိတယ်။ တာဝန်ခံဆရာမ ညွှန်ကြားတဲ့အတိုင်းတော့ လိုက်လျောကူညီပေးပါနော်။ လူနာက မစ္စက်ကျော်ဒန် ရောက်လာတာကို လက်ခံတဲ့ အမူအရာ ပြရင် ဆက်နေပါ။ ဒါပေမဲ့ သဘော မကျရင် ရှောင်ပေးရပါမယ်။ ဒါတွေ ဟိုမှာ ဆရာမက ညွှန်ကြားပါ လိမ့်မယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်မ သဘောပေါက်ပါတယ်ရှင်။ ဒါနဲ့ ဟောဒီမှာ ကျွန်မနဲ့ ပါလာတဲ့ ရှေ့နေကြီး မစ္စတာပယ်ရီမေဆင်ကိုတော့ ကျွန်မနဲ့အတူ ခေါ်သွားရပါမယ်"

ဆရာမက ခေတ္တ ရပ်တန့်သွားပြီးမှ ပြောသည်။

"အင်း၊ မစ္စတာမေဆင် အတူလိုက်ဖို့ ကိစ္စတော့ ကျွန်မကို ဘာမှ ညွှန်ကြားထားတာ မရှိသေးပါဘူး။ ဒါပေမဲ့လည်း. . ."

မစ္စက်ကျော်ဒန်က ဖြတ်ပြော၏။

"ရှေ့နေကြီးကတော့ ကျွန်မနဲ့ လိုက်ရမှ ဖြစ်မယ် ဆရာမ။ လူနာနဲ့ ပတ်သက်တဲ့ ကိစ္စအဝဝ သတင်းစာတွေနဲ့ ဆက်ဆံရေး ကိစ္စအတွက် သူက လုံးဝ တာဝန်ယူမှာမို့ပါ"

"ဟာ ဒါဆို ကောင်းတယ်။ ကျွန်မတို့ကိုယ်တိုင် ဒီမှာ သတင်းထောက်တွေနဲ့ ပြဿနာ ဖြစ်နေရတာ စိတ်ကို ပျက်နေရတယ်။ ကောင်း ပါပြီ ကောင်းပါပြီ၊ ရှေ့နေကြီးကို ခေါ်သွားနိုင်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ဆရာမတစ်ဦး အနီးရောက်လာရာ ပထမ ဆရာမက လှမ်းခေါ်ပြော၏။

"ဆရာမလေးရေ ဟောဒီမှာ စောစောက ပြောထားတဲ့ လူနာကြည့်ဖို့ လူတွေ့ ဟိုအခန်းနံပါတ် (၉၈၁) က လူနာရဲ့ အစ်မနဲ့ ရှေ့နေကြီး မေဆင်တို့ပါပဲ။ ခေါ်သွားပေးလိုက်ပါ"

ဆရာမလေး၏ လမ်းပြမှုဖြင့် မစွက်ကျော်ဒန်တို့ လူနာခန်းရောက်သွားရာ ဆရာမလေးကပင် တံခါးဖွင့်ပေးပြီး ဝင်စေ၏။

"အစ်မကြီး၊ လူနာခုတင်ဘေးအထိသွားပါ။ အစ်မကြီးကို မှတ်မိဟန် ပြလာရင် သူ့နာမည် ခေါ်ကြည့်ပေါ့၊ ဟုတ်ပလား"

မစွက်ကျော်ဒန်နှင့် မေဆင်တို့ လူနာခုတင်နံဘေး ရောက်ချိန်တွင် မျက်နှာကြက်ကိုသာ ကြည့်နေခဲ့သော လူနာက တစ်စုံတစ်ဦး ရောက်လာကြောင်း သတိထားလိုက်မိသဖြင့် စိုက်ကြည့်၏။ ထိုနောက် မမှတ်မိသဖြင့် တစ်ဖက်လှည့်သွားပြန်သည်။ သို့သော် မကြာမီမှာပင် နောက်တစ်ကျော့ ထပ်ကြည့်သည်။ ဤအကြိမ်၌မူ သေချာသည်ကို လူနာ က စိုက်ကြည့်ရင်း မျက်လုံးပြာကြီးများ ပိုမိုတောက်ပြောင်ကာ ပြုံး၍ပင် လာသည်။ တစ်စုံတစ်ရာ မှတ်မိလာပုံ ပြလာသဖြင့် မစွက်ကျော်ဒန်လည်း လူနာအမည်ကို ညင်သာစွာ ခေါ်ကြည့်၏။

"အယ်လီနာ"

အမည်ခေါ်သံ ကြားသည့်တွင် လူနာ၏ မျက်လုံး ပိုမိုတောက်ပြောင်လာပြီး မျက်တောင်များကိုလည်း ကြိမ်ဖန်များစွာ ပုတ်ခတ် ပုတ်ခတ် လုပ်၏။ ထို့နောက် တစ်စုံတစ်ခုကို ပြန်မှတ်မိဟန်ဖြင့် လှဲနေရာမှ ထိုင်လိုက်ပြီး နှုတ်မှလည်း သေချာသည်၏ ငယ်နာမည်ကို ခေါ်သည်။

"အော်လ်ဂါ၊ မမကြီး အော်လ်ဂါ ဟုတ်ရဲ့လား။ ကျွန်မလေ မမကြီးကို သိပ်တွေ့ချင်နေတာ။ ခုတွေ့ရတော့ ဝမ်းသာလိုက်တာ





မမကြီးရယ်" ပြောပြောဆိုဆို လူနာက မစွက်ကျော်ဒန်ဆီ လက်ကမ်းသည်။ ဤတွင် မစွက်ကျော်ဒန်ကလည်း လူနာကို ဖက်လှဲတကင်း ပွေ့ဖက်ထားလိုက်ပြီး နှုတ်မှလည်း ချော့မော့နှစ်သိမ့်ရင်း မေး၏။

"ညီမလေး၊ မမကြီးချစ်တဲ့ ညီမလေး၊ ဘယ်လိုဘယ်လို ဖြစ်ရတာလဲကွယ်"

မေဆင်သည် ထိုအချိန်၌ ခုတင်ခေါင်းရင်း သွားရပ်ရင်း ဆရာမ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေသည်။ ဆရာမက ပါးနပ်စွာ လူနာ သတိရပြီဖြစ်ကြောင်း ခေါင်းညိတ်ပြပြီးနောက် လူနာ မမြင်ရသည့် အခန်းထောင့်ဆီ သွားရှောင်နေလိုက်၏။ နောက်ကြောင်း ပြန်သတိရသော လူနာက ယခုမှ အားရပါးရ စကားပြောတော့၏။

"မမကြီးရယ်၊ မမကြီးကို ခုတွေ့လိုက်ရတော့ နှစ်တွေ လတွေ အများကြီး ကြာပြီးမှ ပြန်တွေ့လိုက်ရသလိုပါပဲလား။ ဒါပေမဲ့ မတွေ့ရတာ တစ်နာရီ နှစ်နာရီလောက်ပဲ ရှိဦးမယ် ထင်တယ်။ ဟုတ်တယ်နော် မမကြီး၊ ဒါနဲ့ နေပါဦး၊ ကျွန်မ အခု ဘယ်ကို ရောက်နေတာလဲဟင်၊ ဒီအခန်းကကော ဘယ်သူ့အခန်း. . ."

လူနာက မေးရင်းမေးရင်း အခန်းတွင်း လှည့်ပတ် ကြည့်လိုက်ရာ ပယ်ရီမေဆင်ကို မြင်သွား၍ စကားပြတ်သွားပြီး ဖြတ်မေး၏။

"ဟင်၊ သူက ဘယ်သူလဲ၊ မမကြီး"

"သြော်၊ အဲဒါ ရှေ့နေကြီး ပယ်ရီမေဆင်လေ ညီမလေးရဲ့။ ညီမလေးကို ကူညီဖို့ လိုက်လာပေးတာ"

"အို. . . ရှေ့နေ ဟုတ်လား မမကြီး၊ ကျွန်မကို ကူညီဖို့ ရှေ့နေ လိုလို့လား မမကြီးရဲ့"

"လိုတယ်ထင်လို့ပေါ့ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်လိုမှာလဲ မမကြီး၊ ကျွန်မအတွက် ရှေ့နေ မလိုဘူး ထင်ပါတယ်"

ပြောရင်း အယ်လီနာက မေဆောင်ဘက် လှည့်သည်။ ပြုံး ပြုံးပြုံး ရင်း ဆက်ပြော၏။

"ဆင်းလေ၊ လိုလာရင်တော့ ဒီက ရှေ့နေကြီး ပယ်ရီမေဆောင် လို ပုဂ္ဂိုလ်မျိုးကို ငှားရမှာပဲ"

မေဆောင်က ယခုမှ စကားတစ်လုံး ဝင်ပြော၏။

"ဟုတ်ကဲ့၊ ဒီလိုပြောတာ ကျေးဇူးတင်ပါတယ်"

"ကဲ. . . မမကြီးရေ ကျွန်မ ဘယ်ရောက်နေသလဲတော့ မသိဘူး။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မအဝတ်လဲပြီး ဒီကနေသွားချင်လှပြီ"

ပြောပြောဆိုဆို အယ်လီနာက လွှမ်းထားသော စောင်များကို ဆတ်ခနဲ ဖယ်ထုတ်ပစ်လိုက်ရာ ပေါင်ဖြူဖြူဖွေးဖွေးကြီးများပင် ပေါ်လာ၏။ ဤကလေးမ၏ အလှမှာ မျက်နှာမှသာမက ခြေထောက်များကပါ အချိုးအဆက် ပြေပြီး အသားရောင်မှာလည်း ဖွေးနေချေသည်။ ဤတွင် မစ္စက်ဂျော်ဒန်က သူ့ညီမကို ပခုံးမှ တွန်းထိန်းထားပြီး ပြောရ၏။

"ညီမလေး၊ ဒီလိုမလုပ်နဲ့ဦးလေ၊ ဒီမှာ ခဏတော့ နေရဦးမှာပေါ့ကွဲ့"

"ဘာလို့ ဒီမှာ ခဏနေရမှာလည်း မမကြီးရဲ့၊ ဒီနေရာကကော ဘာနေရာတဲ့လဲ"

"ဒါဆေးရုံလူနာခန်းတစ်ခုပဲ ညီမလေး"

"ဟင်၊ ဆေးရုံ ဟုတ်လား"

မစ္စက်ဂျော်ဒန်က ခေါင်းညိတ်ပြသည်တွင် လူနာက ထပ်ပြော၏။





ဆေးရုံနဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်မ ဆေးရုံ ဘာဖြစ်လို့ ရောက်နေရတာလဲ မမကြီး၊ ကျွန်မ အိမ်က ထွက်ခဲ့တာ ခုနကလေးက ပဲဟာ၊ ဟင်. . . နေဦး၊ နေဦး၊ ဟော တစ်ခု မှတ်မိပြီ။ ဟို. . . မော်တော်ကား မှောက်သေးတယ်နော်။ ဒါနဲ့ မမကြီး ဒီနေ့ ဘာနေ့လဲ ဟင်"

လူနာက စဉ်းစားရင်း ပြောရင်းမှ သူ့မမကြီးကိုပါ မေးခွန်း ထုတ်၏။

"အင်္ဂါနေ့ ညီမလေး"

"ဒါဆို ကျွန်မတို့ မနေ့က ခရီးထွက်ခဲ့တာပဲ။ မနေ့က တနင်္လာနေ့ဆိုတော့ လဆန်း ၂ ရက်"

အယ်လီနာ တစ်ကိုယ်တည်း ပြောနေခိုက် မစ္စက်ဂျော်ဒန်က ဖြတ်မေးသည်။

"ဒါနဲ့ နေပါဦး ညီမလေး၊ ဒေါက်ကလပ်ကော ဘယ်မှာလဲ"

အယ်လီနာ မျက်လုံးပြူးပြီးဖြေသည်။

"ဒေါက်ကလပ်၊ ဘုရား. . . ဘုရား၊ ဒေါက်ကလပ် ဘယ်မှာ ပါလိမ့်၊ ကားမောင်းတာ သူကိုယ်တိုင်ပဲ မမရဲ့။ ကားမှောက်တယ်။ အဲ. . . ဒေါက်ကလပ် ဒဏ်ရာ ရသွားသလား မမကြီး။ ဟင်. . . ဒေါက်ကလပ် ဒဏ်ရာ ရသွားသလား၊ ကျွန်မကိုတော့ ပြောပြပါ။ ဖုံးဖိမထားကြပါနဲ့။ သူ. . . သူ. . . အခု ဘယ်မှာပါလဲ"

"ညီမလေးရေ. . . သူ့အကြောင်း မမတို့လည်း ဘာမှ မသိရ သေးဘူးကွဲ့။ ပြီးတော့ ညီမလေး ပြောသလို ဒီနေ့ဟာ လဆန်း ၃ ရက် အင်္ဂါနေ့ မဟုတ်တော့ဘူး။ လဆန်း ၁၇ ရက်နေ့ အင်္ဂါနေ့ ညီမလေးရဲ့။ ညည်းတို့ မောင်နှံ ယိုးမားမြို့က ပို့လိုက်တဲ့ ကြေးနန်းရော့ ရတော့ မမတို့ ရထားပြီးပြီ။ ညီမလေးတို့ ဟိုမှာ ပျော်ပျော်ရွှင်ရွှင် နဲ့ ဆိုတာပါ သိထားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒီကြေးနန်းနဲ့ ပို့စကတ်တွေကို ကားမှောက် ဖြစ်ပြီးမှ ဒေါက်ကလပ်က ပို့လိုက်တာ ဖြစ်မယ်။ ဒီအတိုင်းဆိုရင် ဒေါက်ကလပ် တစ်ယောက် ဘာမှမဖြစ်ဘူးပေါ့နော်. . . မမကြီး"

"ညီမလေး ပြောတဲ့ ကားမှောက်မှုဆိုတာ ဘယ်ဟာကို ပြောတာလဲကွဲ့"

"ဟိုတနင်္လာနေ့ညက ဖြစ်ခဲ့တဲ့ ကားမှောက်မှု မမကြီးရဲ့။ အဲ. . . ဒီညက ကျွန်မတို့ ကားမောင်းသွားကြတော့ ရှေ့ဘက် မှောင် ထဲကနေ ရုတ်တရက် ကားမီးလုံးကြီးနှစ်လုံး ပြူးခနဲ ပေါ်လာတယ်။ အဲ. . . ပြီးတော့ ဘာတွေ ဖြစ်ကုန်သလဲ။ အား. . ."

အယ်လီနာသည် ပြောရင်း စကားပြတ်သွားလျက် မျက်နှာကို လက်ဝါးနှင့် အုပ်လိုက်လေသည်။ မစ္စက်ဂျော်ဒန်က သူ့ပခုံးကို ပုတ်ချော့ရင်း နှစ်သိမ့်၏။

"ဒါတွေ မပြောနဲ့တော့ ညီမလေး။ တွေးလည်း မတွေးနဲ့တော့ ခု ဘာမှ စိုးရိမ်စရာလည်း မရှိတော့ဘူး။ ညီမလေးလည်း နေကောင်း လာပြီပဲ"

လူနာက သူဘာမှ မဖြစ်ကြောင်း သူ့မမကြီးကို ပြော၏။

"မမကြီး ကျွန်မ ဘာမှမဖြစ်ပါဘူး။ ဟိုမှာ ဘယ်လိုဟာတွေ ဖြစ်ခဲ့တယ်ဆိုတာသာ သိချင်လို့ ပြန်စဉ်းစားကြည့်မိတာ။ ကျွန်မ အပေါ် ဒီလောက်ကောင်းရှာတဲ့ ခင်ပွန်းတစ်ယောက် ပျားရည်ဆမ်း ခရီးမှာ ဘယ်လို ဖြစ်သွားတယ် ဆိုတာလောက်တော့ သိနေချင်တယ် မမကြီးရဲ့။ သူ့ကို ဆုံးရှုံးရတယ်ဆိုရင် ကျွန်မ သေသွားတာကမှ ကောင်းဦးမယ်"

ပြောပြောဆိုဆို အယ်လီနာက လက်နှစ်ဖက်စုံဖြင့် တစ်ခေါင်း လုံးကို စိတ်ပျက်လက်ပျက် ဖွာလန်ဆွပစ်နေသည်။ ပြီးမှ တစ်စုံတစ်ခု သတိရဟန်ဖြင့် မေဆင်ဘက် လှည့်ပြောသည်။





"ဒီမှာ ရှေ့နေကြီးရှင့်၊ အားတော့နာပါတယ်။ ကျွန်မ အဝတ် အစား လဲချင်လို့ ခဏအပြင်ဖြစ်ဖြစ် ထွက်ပေးပါလား။ ဒါမှမဟုတ်ရင် လည်း ဟိုဘက်ဖြစ်ဖြစ် ခဏလှည့်နေပေးပါနော်"

ဤတွင် မေဆင်က ဖျတ်ခနဲ ဝင်ပြောသည်။

"နေဦး. . . နေဦး. . . ခဏနေဦး ကလေးမ၊ ခဏတော့ ငြိမ် ငြိမ်ကလေး နေလိုက်ဦး။ နောက်ကြောင်းမေ့နေတဲ့ အခြေအနေဆို တော့ ခဏကလေး နားနေလိုက်ပါဦး"

"ဟုတ်မယ်ရှင့်၊ ကျွန်မ ထင်တာတော့ ကျွန်မလည်း ကားတိုက် မှုမှာ တစ်ခုခုကြောင့် သတိမေ့သွားခဲ့တယ် ထင်တယ်။ ဒါလောက်ဟာ ကိစ္စမရှိနိုင်ပါဘူး။ လူတော်တော်များများ ဒီလိုဖြစ်ဖူးခဲ့ကြတာပဲဟာ။ ဟို လက်ဝှေ့သမားတွေကို ကြည့်ပါလား။ အလဲထိုးခံရလို့ မကြာခဏ သတိမေ့သွားတတ်ကြတယ်။ ဒါပေမဲ့ နောက် ပြန်သတိရကြတာပဲ မဟုတ်လား။ ခု ကျွန်မဖြစ်တာက သတိမေ့တာ နည်းနည်း ပိုကြာသွား တယ်ထင်တယ်။ ဒါနဲ့ ရှင် ကားမှောက်မှုအကြောင်း ဘာတွေများ ကြားပါသလဲ။ သတင်းစာတွေထဲမှာကော ကျွန်မတို့ကားကိုလည်း ဘယ်ကားက ဝင်တိုက်လိုက်တာပါလဲ" အယ်လီနာကပင် တစ်ဆက် တည်း မေးနေ၍ မစ္စက်ဂျော်ဒန်ကပင် ဖြေရသည်။

"မမတို့လည်း ကားမှောက်မှုအကြောင်းတောင် မသိရသေး ဘူး ညီမလေးရဲ့"

"ဟင်. . . မဖြစ်နိုင်တာ။ ဒီကားမှောက်မှုအကြောင်း မသိရင် မမကြီးတို့ ဘယ်လိုလုပ်ပြီး ဒီဆေးရုံကို လိုက်လာနိုင်မှာတဲ့လဲ။ သတင်း စာထဲ ပါလို့ ဖတ်ရပြီး သိတာ မဟုတ်လား"

"သတင်းစာထဲမှာ ညီမလေးဓာတ်ပုံ တွေ့ရတာတော့ မှန် တယ်။ ဒါပေမဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မှတ်ပုံ၊ ဟုတ်လား မမကြီး"

ဤတွင် မေဆင်က ကြားဝင်ပြောလိုက်၏။

"ကလေးမဆီက ဘာဖြစ်ခဲ့တယ်ဆိုတာ ကြားရမယ်လို့ တို့ တစ်တွေ မျှော်လင့်ထားကြသကွဲ့"

"ဪ. . . ဒီလိုကိုး။ ကျွန်မ သိသမျှကတော့ ဒေါက်ကလပ်နဲ့ ကျွန်မတို့ နှစ်ယောက် ယိုးမားမြို့မှာ လက်ထပ်ဖို့အတွက် ယိုးမားမြို့ကို ကားနဲ့သွားခဲ့ကြတယ်။ ကားနဲ့ သွားတုန်း လမ်းမှာ ရှေ့က ကားကြီး တစ်စီး ကျွန်မတို့ကားကို အရှိန်နဲ့ ဝင်တိုက်တယ်။ နောက်ပိုင်း ဘာဖြစ်သလဲတော့ ကျွန်မ မမှတ်မိတော့ဘူး။ ခု ကျွန်မ ဆေးရုံပေါ် ရောက်နေတယ်လို့ မမကြီးတို့ ပြောတဲ့အတိုင်း သိရတယ်။ ဒါပဲ ကျွန်မ မှတ်မိတော့တယ်ရှင်"

ဤတွင် မစွက်ကျော်ဒန်က ဝင်ပြောလာ၏။

"နားထောင် ညီမလေး၊ ခုတိုင်းဆိုရင် ဘာဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှ မသိကြရသေးဘူး။ ညီမလေးကလည်း ကိုယ့်သဘောနဲ့ ကိုယ် ထွက်သွားခဲ့တာကိုး။ တစ်ခုလည်း သိရသေးတယ်။ ညက ရဲအဖွဲ့ဝင်တွေ ညီမလေးကို ပန်းခြံမှာ တွေ့လာကြတယ်။ ညီမလေး ကိုယ်ပေါ်မှာလည်း မိုးကာအင်္ကျီကလွဲလို့ အဝတ်မပါဘူးတဲ့။ ပြီးတော့ ပဝါလိုလို ခြုံထည်တစ်ခုကိုလည်း လမ်းလျှောက်ရင်း ဝှေ့ယမ်းနေသတဲ့။ ဒါပဲ သိရသေးသကွဲ့"

"ရှင်. . . မမကြီး၊ ကျွန်မ. . . ကျွန်မ. . . ညက ပန်းခြံထဲမှာ အဝတ်မပါဘဲနဲ့. . ဟုတ်လား။ ဒါတော့ မဖြစ်နိုင်တာဘဲ မမကြီးရယ်"

အယ်လီနာက တအံ့တဩ ပြောပြောဆိုဆို ဟက်ဟက်ပက်ပက်ပင် ရယ်နေသေး၏။ ပြီးမှ မေဆင်ဘက် လှည့်ပြောသည်။





"ဒီမှာ ရှေ့နေကြီး၊ ခု ကျွန်မ သိရသလောက်တော့ ရက်သတ္တ နှစ်ပတ်စာလောက် ကျွန်မဘဝမှာ ခါးဆက်ပြတ်နေတယ်။ ကား မှောက်တဲ့ဒဏ်ကြောင့် ကျွန်မလည်း ဘာမှ မမှတ်မိ ဖြစ်နေပါတယ်။ ဒီတော့ ဒီကိစ္စအတွက် ရှေ့နေကြီးပဲ ကျွန်မကိုယ်စား တာဝန်ယူပြီး ကျွန်မကိုလည်း စောင့်ရှောက်သွားပါရှင်"

ကာယကံရှင် ကိုယ်တိုင်က အမှုထိုးအပ်လာချိန်တွင် မေဆင် တလည်း သူ့သဘောထားကို ပြောပြသည်။

"စောင့်ရှောက်သူအဆင့်အထိတော့ ထားပါဦး ကလေးမ ခင်းကို တို့ တတ်နိုင်သလောက်တော့ ကူညီပါ့မယ်။ ကဲ အခု တစ်ခု စဉ်းစားကြည့်စမ်းပါ။ အရင် ရက်သတ္တပတ် နှစ်ပတ်လောက်က အကြောင်းတွေ နည်းနည်းပါးပါးများ ပြန်ပြီး မှတ်မိနိုင်မလားလို့"

"ဟို ကားမှောက်မှု နောက်ပိုင်း ဘာတွေ ဖြစ်တယ်လို့ ကျွန်မ တစ်ခုမှ မမှတ်မိပါဘူးရှင်"

"နေဦး၊ ဒီကားမှောက်မှုဆိုတာဟာ နှစ်ပတ်လောက်ပဲ ရှိသေးတယ်နော်၊ ဟုတ်လား"

"ကျွန်မ မှတ်မိသမျှတော့ ကျွန်မ ဒီခုတင်ပေါ် ရောက်နေ တယ်။ ပြီးတော့ လူတွေအခန်းထဲ ဝင်ကြထွက်ကြတယ်။ ဒီလူတွေထဲ မှာ မမကြီးကို ခုတွေ့ရတယ်။ ဒီအချိန် ကျွန်မ အိပ်ရာက နိုးလာပြီး အိပ်မှုန်စုံမွှား သတိလည်လာတယ်။ ဒါ ကျွန်မ ခု ဒီရောက်နေတဲ့အထိ သိရသမျှပါပဲရှင်။ အဲ. . . ကားမှောက်မှု ကိစ္စမှာဆိုရင် ရှေ့ကကားကြီး တစ်စီး ကျွန်မတို့ကားဘက် အရှိန်နဲ့ ဝင်လာတာပဲ သိတော့တယ်"

"ကောင်းပါပြီ။ အဲဒီ ကားတိုက်မှုဖြစ်တဲ့နေရာဟာ ဘယ် အနားလောက်မှာပါလဲ"

"ယိုးမားမြို့သွားတဲ့ လမ်းတစ်နေရာမှာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာသို့ အတိအကျ မမှတ်မိတော့ဘူးလား"

"ဟုတ်တယ် မမှတ်မိဘူး။ ခုရွှေနေကြီးမေးလို့ ဘယ်နေရာဖြစ်မယ် ပြန်စဉ်းစားကြည့်တိုင်း ခေါင်းထဲ အုံ့တုံ့တုံ့ကြီး ဖြစ်ဖြစ်လာတယ်။ ကျွန်မ တစ်ခုခုဖြစ်တော့ မလိုတောင် ဖြစ်လာပါတယ်ရှင်"

"ဟာ နောက်ကြောင်းတွေ ဘာမှ ပြန်မစဉ်းစားနဲ့ဦး၊ ခဏလေး အဲဒီခုတင်မှာပဲ လှဲပြီး အနားယူနေလိုက် ဟုတ်လား"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မလည်း ချက်ချင်း နည်းနည်း ပန်းသလိုလို ဖြစ်လာတယ်"

ထိုအချိန်၌ အခန်းတံခါး ညင်သာစွာ ပွင့်လာ၏။ တံခါး၌ တည်တည်ခံ့ခံ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်လာလျက် တည်ငြိမ်စွာ အခန်းထဲ ဝင်လာသည်။

မေဆင်က ဝင်လာသူနှင့် လူနာခုတင်ကြား အရောက်သွားပြီး ဝင်လာသူကို စုံစမ်းမေးမြန်းသည်။

"လူကြီးမင်း ဘယ်သူပါလဲ သိပါရစေ"

ဝင်လာသူက အံ့အားသင့်လျက် မေဆင်ကို စိုက်ကြည့်ပြီး ဖြေရင်း ပြန်မေးသည်။

"ကျုပ်ကတော့ ဒီလူနာကို ကုနေတဲ့ ဆရာဝန်ပဲ။ မိတ်ဆွေကကော ဘယ်သူပါလဲ"

မေဆင်က ဆရာမဆီ ဟုတ်မဟုတ် မေးသောအကြည့်ဖြင့် ကြည့်လိုက်ရာ ဆရာမက ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြသည်။ သည်တော့မှ မေဆင်က စကားစ၏။

"သတင်းထောက်ထင်လို့ မေးမိတာပါ။ ကျုပ်ကတော့ ဒီကိစ္စတစ်ခုလုံး တာဝန်ယူထားတဲ့ ရှေ့နေပါပဲ။ နာမည် ပယ်ရီမေဆင် ခေါ်ပါတယ်"





"ဩော်. . . ဩော်. . . ဟုတ်တယ်။ သတင်းထောက်တွေ ဒီနေ့တစ်နေ့လုံး ခြေရှုပ်နေကြတာပဲ။ ရဲတွေနဲ့အတူ ပွဲတော်ကြီးပေါ့လေ" ဆရာဝန်က မေဆင်ကို ပြောပြီး တစ်ဆက်တည်း လူနာကို ပြော၏။

"အယ်လီနာလေး ကြည်ကြည်သာသာ ပါလား။ တော်တော်နေကောင်းလာပြီ ထင်တယ်"

"ရှင်. . . ဆရာ၊ ကျွန်မ ဘာမှမဖြစ်ပါလား ဆရာ၊ ခုဆို ကျွန်မ ဆေးရုံကတောင် ဆင်းတော့မလို့ ဆရာ"

ဤတွင် မေဆင်ကပင် ကြားဝင် ရှင်းပြမြန်သည်။

"ဒီလိုပါ ဆရာဝန်ကြီး၊ ခုဆို အယ်လီနာခေါ်တဲ့ မစ္စက်ဟက်ပနာဟာ သတိကောင်းကောင်း ပြန်ရပါပြီ။ ခန္ဓာကိုယ်မှာလည်း အနာတရဒဏ်ရာ မရှိတော့ ကာယကျန်းမာရေးလည်း ကောင်းနေပါတယ်။ သူ့ကို ဒီလောက် ဂရုတစိုက် စောင့်ရှောက် ကုသပေးကြတဲ့ ဆရာဝန်ကြီးတို့ တစ်တွေကိုလည်း ချီးကျူး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော့်အမှုသည် အယ်လီနာကို ကျွန်တော်တို့ ဆေးရုံက တိတ်တဆိတ် အမြန်ဆုံး ပြန်ခေါ်သွားလိုပါတယ်။ အဲဒါ. . ."

"ဟာ. . . နေဦး မစ္စတာမေဆင်၊ လူနာက. . ."

"ဆရာဝန်ကြီး ခင်ဗျား၊ ဆရာဝန်ကြီးအနေနဲ့ ဒေါက်တာ အေရီယယ်ကို သိမယ် ထင်ပါတယ်"

ဆရာဝန်က ခေါင်းညိတ်ပြ၏။ ဤတွင် မေဆင်က ဆက်သည်။

"အခု ကျွန်တော် ဒေါက်တာအေရီယယ်ကို ချက်ချင်း ခေါ်လိုက်ပါမယ်။ မစ္စက်ဟက်ပနာကို ဒေါက်တာအေရီယယ်နဲ့ တခြား တစ်နေရာမှာ ကျွန်တော်တို့ ဆက်ကုချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ရဲအဖွဲ့ ကိစ္စကကော"

"ရဲအဖွဲ့က မစွက်ဖက်ပနာအပေါ် ဘာမှ စွဲချက်မှ မရှိဘဲ။ ဒါကြောင့် သူတို့ဘာမှပြောဖို့လည်း မရှိပါဘူး။ ပြီးတော့ အခုဆရာဝန်ကြီး တို့ ပြုစုကုသပေးလိုက်တဲ့အတွက်လည်း ငွေတောင်းလွှာ မစွက်ဖက်ပနာဆီ ပို့လိုက်ပါ။ ကျေးဇူးအများကြီးဆပ်မှာ သေချာပါတယ်"

"ဒါတော့ ဟုတ်ပါပြီ။ ဟို. . . သတင်းထောက်တွေ ကိစ္စကကော"

မေဆင် ခေတ္တစဉ်းစား၏။ ပြီးမှ ဖြေသည်။

"လူနာ ဘယ်သူဘယ်ဝါဆိုတာ သိပါပြီလို့ ပြောနိုင်ပါတယ်။ နေကောင်းသွားလို့ ဆေးရုံကတောင် ဆင်းသွားပြီလို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ ဒီထက် ပိုမပြောဖို့တော့ ကျွန်တော် တောင်းပန်ပါရစေ။ ဒါဆို ကျွန်တော်တို့ကို ကူညီရာရောက်ပါမယ်။ ကူညီမယ်လို့လည်း မျှော်လင့်ပါတယ် ဒေါက်တာ"

ဆရာဝန်ကြီးက အယ်လီနာကို လှေ့လာနေသည်။ ပြီးမှ ပခုံးတွန့်ပြီး အဖြေပေး၏။

"ဒီလိုဆိုလည်း ကောင်းပါပြီလေ"

ဆရာဝန်သည် အခန်းတံခါး ဖွင့်ထွက်ပြီး ဆရာမကို လှမ်းပြော၏။

"ဆရာမရေ ခဏလိုက်ခဲ့ပါဦး။ နည်းနည်း မှာစရာရှိလို့"

ဆရာဝန်နှင့် ဆရာမ ထွက်သွားတော့မှ အယ်လီနာ သက်ပြင်းချရင်း စကားစပြောပြန်သည်။

"ဒီမှာ မမကြီး၊ ကျွန်မ ရွှေနေကြီးကို သိပ်သဘောကျသွားပြီ။ ကျွန်မ ကိစ္စအတွက် လိုအပ်ချိန် ဒီရွှေနေကြီးကိုပဲ ငှားမယ်"

အယ်လီနာ၏ စကားကို မစွက်ဖျော်ဒန်က မကြားဟန်ပြုလျက် မေဆင်ကိုသာ လှမ်းပြော၏။





"ရွှေနေကြီးရှင့်၊ ခုလုပ်တာကိုင်တာတွေအားလုံး ကိုယ့်ဘက်က အပိုင် စီစဉ်ပြီးသားပါနော်။ သေချာပါတယ်နော် ရွှေနေကြီး"

"ဟာ သိပ်သေချာတာပေါ့။ ကဲ တစ်ခု သတိရပြီ။ မစွက်ဖျော်ဒန် ဟိုဘက်က တယ်လီဖုန်းကလေး လှမ်းလိုက်စမ်းဗျာ"

ဖုန်းရလျှင် ဒေါက်တာအေရီယယ်ထံ မေဆင် ဖုန်းဆက်၏။ ထို့နောက် သူ့အမှုသည် အခြေအနေအားလုံးကို ပြောပြသည်။ အယ်လီနာကို ဆိတ်ငြိမ်ရပ်ကွက်တစ်နေရာ၌ ထားပြီး ဆက်ကုသလိုကြောင်း၊ ဧည့်သည် လုံးဝလက်မခံနိုင်ကြောင်း ရှင်းပြသည်။ ဒေါက်တာ အေရီယယ်က လက်ခံမည့် အစီအစဉ်ကို ပြန်ပြောသည်။

"ဟုတ်ပြီ မစ္စတာမေဆင်၊ ကျုပ် အခုပဲ ဆေးရုံကို ဆက်ပြီး အားလုံးစီစဉ်လိုက်မယ်။ ဆိတ်ငြိမ်ရပ်ကွက် ဆေးရုံတစ်ခုကို လူနာတင်ကားနဲ့ ပြောင်းပေးမယ်။ ကောင်းတဲ့ ဆေးရုံကတော့ ထင်းရှူးရိပ်သာ ဆေးရုံပဲ။ ကြိုက်ပါ့မလား။ တခြား ရွေးထားတာများ ရှိသေးလား မစ္စတာမေဆင်"

"မရှိပါဘူး၊ ထင်းရှူးရိပ်သာကို ကြိုက်ပါတယ်"

"ဒါဖြင့် ကောင်းပြီဗျို့၊ ကျုပ် စီစဉ်တော့မယ်နော်။ အထူး ဆရာမတစ်ယောက်လည်း ထားပေးမယ်။ ဒါနဲ့နေပါဦးဗျ။ ရဲနဲ့ ပတ်သက်တဲ့ စွဲချက်တွေ ဘာတွေများ ရှိလား"

"ခုထိတော့ မရှိသေးပါဘူး။ ရှိမယ်လည်း မထင်ပါဘူး။ နောင်ရှိရင်လည်း ကိစ္စမရှိပါဘူး။ ကျုပ် အာမခံ လုပ်လိုက်မှာပေါ့။ ခင်ဗျား လုပ်ငန်းသာ ဆက်ပေတော့။ တစ်ခုတော့ သတိထားဗျို့၊ လူနာဆီ ဘယ်ဧည့်သည်မှ လာခွင့်မပြုရဘူးနော်"

"ဟုတ်ပါပြီ။ သဘောပေါက်ပါတယ်။ ဒါအတွက် လုံးဝ စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



၁၀ မိနစ်ခန့် အကြာတွင် လူနာခန်းတံခါးခေါက်သံ ညင်သာစွာ ထွက်ပေါ်လာ၏။

"ဘယ်သူလဲ"

မေဆောင်က မေးသည်။

"ကျွန်မ အထူးဆရာမပါရှင်။ ဒေါက်တာအေရီယယ်က လွှတ်လိုက်တာပါ။ လူနာကို ဆက်ပြီးစောင့်ရှောက်ဖို့ပါတဲ့"

မေဆောင်ကိုယ်တိုင် တံခါးဖွင့်ပေးလိုက်ရာ အထူးဆရာမ အခန်းထဲ ဝင်လာပြီး ပြုံး၍ နှုတ်ဆက်သည်။ ထို့နောက် မေဆောင်ကို ပြော၏။

"လူနာကို တိုက်ရိုက် စကားပြောတော့မယ်နော်။ ရတယ် မဟုတ်လား"

"ပိုကောင်းတာပေါ့"

ဤတွင် ဆရာမက သွက်လက်စွာ လူနာဆီ ချဉ်းကပ် စကားစ၏။

"နေကောင်းတယ်နော် ညီမ"

"ဟုတ်ကဲ့၊ သက်သာပါတယ်။ နောက်ကြောင်း ပြန်စဉ်းစားမိရင်တော့ တစ်မျိုးဖြစ်ဖြစ်လာတယ်"

"ဒါဆို မစဉ်းစားနဲ့လေ။ အနားယူနေလိုက်။ ဟုတ်လား"

အယ်လီနာက မေဆောင်ကို ကြည့်ပြီး တောင်းပန်ပြော ပြောလာပြန်၏။

"ရှေ့နေကြီး မေးတဲ့ မေးခွန်းတွေ ကျွန်မ ဖြေချင်ပါတယ်။ ကူညီချင်ပါတယ်။ ကူလည်း ကူညီသင့်ပါတယ် ဒါပေမဲ့. . ."

"ဟာ ကိစ္စမရှိပါဘူး ကလေးမ၊ နောက်တော့ တဖြည်းဖြည်း သတိရလာမှာပေါ့ကွယ်"





"ဟုတ်ကဲ့၊ ခုလည်း သတိရနေတာကတော့ ကျွန်မတို့ နှစ်ယောက် လက်ထက်ဖို့ ယိုးမားမြို့ကို ကားနဲ့သွားကြတယ်။ အို. . . ဒါနဲ့. . . ဒေါက်ကာလပ်ရဲ့ အမေအကြောင်း သတိရပြီ။ ဒေါက်ကာလပ်က သူ့အမေဆီ ဖုန်းဆက်တယ်။ ကျွန်မနဲ့တောင် ဖုန်းထဲမှာ စကားပြောဖြစ်လိုက်သေးတယ်။ သူ့အမေရဲ့ အသံက သာယာတယ်။ ပြီးတော့. . ."

မေဆောင်က ဖြတ်မေး၏။

"တယ်လီဖုန်း ဘယ်ကနေ ပြောတာလဲကွဲ့"

"ဓာတ်ဆီ ဝင်ထည့်တဲ့ ဓာတ်ဆီဆိုင်က ဖုန်းပေါ့"

"ဒေါက်ကာလပ် အမေကကော ဘယ်မှာနေသလဲ"

"ဆော့လိပ်မြို့မှာလေ။ လိပ်စာတော့ ကျွန်မ အတိအကျ မသိဘူးရှင့်၊ ဖုန်းဆက်လည်းပြီးရော၊ ကျွန်မတို့ကား ဆက်ထွက်ခဲ့တယ်။ အဲဒီမှာ ရှေ့ကကားကြီး မီးလုံးနီရဲရဲကြီး နှစ်လုံးနဲ့ ကျွန်မတို့ ကားဆီ. . ."

အယ်လီနာသည် ပြောနေရင်း လက်နှစ်ဖက်ဖြင့် မျက်နှာကို အုပ်လိုက်ပြန်၏။ ပြီးမှ လက်နှစ်ဖက်ကြားမှ မေဆောင်ကို ကြည့်ပြီး လှမ်းတောင်းပန်သည်။

"ကျွန်မ ဒီအကြောင်း စဉ်းစားတိုင်း ဒီနေရာရောက်ရင် ဒီလို ဖြစ်ဖြစ်လာတယ်။ အဲဒါ ရှေ့နေကြီး ခွင့်လွှတ်ပါနော်"

ဆရာမက မေဆောင်ဘက် လှည့်ရင်း နှုတ်ခမ်း၌ လက်ညှိုး ပိတ်ပြီး စကားမပြောရန် ညွှန်ကြား၏။ မေဆောင်က အယ်လီနာ၏ အမေးကို ပြေပြစ်အောင် ဖြေ၏။

"အေးပါကွယ် ကိစ္စမရှိပါဘူး။ ကဲ ဒီလိုဆိုရင် ဒီအကြောင်း မစဉ်းစားနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ကျွန်မလည်း မစဉ်းစားချင်ဘူး။ စဉ်းစားတိုင်း အဲဒီနေရာ ရောက်ရင် စိတ်ထဲတစ်မျိုးကြီး ဖြစ်ဖြစ်လာတယ်"

"ကဲ. . . ကဲ. . . မကြာခင် ဆရာ ရောက်လာတော့မယ်၊ ပြီးတော့ ဆေးလေးဘာလေး တိုက်ပြီးရင် ကလေးမကို ဆေးရုံတစ်ခုကို ဒီကနေ ပြောင်းပေးမယ်။ အဲဒီမှာ ငြိမ်ငြိမ်သက်သက် ခဏနားနေလိုက် ဟုတ်လား။ ကိုင်း. . . မစ္စတ်ရော်ဒန်ကျွန်တော်တို့ သွားကြစို့လား"

ဆရာမက မေဆင်၏ စကားကို ဖြည့်၏။

"ကောင်းပါတယ်ရှင်၊ ဆရာဝန်ကလည်း မှာလိုက်ပါတယ်။ လူနာ စိတ်ဂယောက်ဂယက် ဖြစ်လာပုံရရင် စိတ်ငြိမ်ဆေး တိုက်ထားပါတဲ့"

ဤတွင် အယ်လီနာက တစ်စခန်းထပြန်၏။

"ဘာ စိတ်ငြိမ်ဆေးလဲ။ ကျွန်မ ဆေး မသောက်ချင်ဘူး။ ဒီနေရာကသာ အမြန်ဆုံး ထွက်သွားချင်တယ်။ ပေးပါ ကျွန်မ အဝတ်အစားတွေ၊ ဒေါက်ကလပ် ဘယ်ရောက်နေလဲ။ ကျွန်မ ရှာရဦးမယ်"

မေဆင်က လူနာကို နားလည်မှုအပြည့်ဖြင့် ပြုံးကြည့်ရင်း ပြော၏။

"အယ်လီနာ. . . ခဏကလေးတော့ နားနေလိုက်ပါဦး။ ဒေါက်တာအေရီယယ်လာတော့ ဒီဆေးရုံက ဆင်းဖို့ ကိစ္စတွေ လုပ်ပေးပါလိမ့်မယ်။ ဟုတ်ပလား"

"ဒါပေမဲ့ ကျွန်မ ဒီကနေ တခြား ပုဂ္ဂလိက ဆေးရုံကို သွားတက်ရဦးမယ်ဆိုရင်၊ ကျွန်မ သွားပြီး အနားယူနေဖို့ လိုသေးလို့လား။ အနားယူဆေးခန်းဆိုတာ တစ်ခုခုဖြစ်တော့မယ့် လူတွေအတွက်သာ လိုတာပါ။ ကျွန်မက အခု လူကောင်းပကတိပဲဟာ"





လူနာသည် စိတ်မရှည်တော့ဟန်ဖြင့် ခြုံလွှာကို ဆွဲဖယ်ကန်ထုတ်ရင်း ထရန်ပြင်ပြန်သည်။ ဤတွင် အချိုးအဆက် ပြေပြစ်လှသော ပေါင်တံများ ဖွေးခနဲ ပေါ်သွားပြန်၏။ ဆရာမကလည်း လျင်သည်။ စောင့်ဖြင့် ပြန်ဖုံးဖိပေး၏။ မေဆင် မမြင်နိုင်အောင် ကွယ်ပေးခြင်းဖြစ်ပြီး လူနာကိုလည်း ချော့ပြော၏။

"ဒီလို မလုပ်နဲ့လေ၊ ခဏလေး ငြိမ်ငြိမ်သက်သက် နားနေလိုက်၊ ဒေါက်တာအေရီယယ် ခုရောက်လာတော့မှာပဲတာ"

"ဘာ ဆရာဝန်လဲ။ ကျွန်မ ဆရာဝန်ကို မတွေ့ချင်ပါဘူးလို့ ဆိုနေ၊ ကျွန်မ တွေ့ချင်တာက ဒေါက်ကလပ်ရှင့်. . . ဒေါက်ကလပ်"

အယ်လီနာက ငိုတော့မည့်ဟန်ဖြင့် ရန်တွေ့ပြော ပြောသည်။

ဆရာမက ဆေးပစ္စည်းများ ခပ်သွက်သွက် ထုတ်ယူလျက် လူနာကို ဆေးထိုးရန် ပြင်သည်၊ ဆေးမှာ အရက်နှင့် သင်းနေ၏။

"ဘာနဲ့ကြီးလဲ။ ဒီအနံ့ရရင် ကျွန်မ မခံနိုင်ဘူးရှင့်။ ဆေးထိုးရင်လည်း နာဦးမယ်"

"ကဲ. . . ဆရာဝန် မှာထားတဲ့အတိုင်း ဒီဆေးထိုးရမှာပဲ။ ဒီတော့ ခဏလေးနော်"

ဆေးထိုးပြီးချိန် ဆရာမက စိတ်အေးသွားဟန်ဖြင့် မေဆင်ကို ရှင်းပြသည်။

"လူနာ စိတ်ငြိမ်သွားမှာပါ။ ဪ. . . ဒေါက်တာအေရီယယ်က မှာလိုက်တယ်။ ဆေးရုံပြောင်းရင် ကျွန်မ လိုက်သွားရမယ်တဲ့။ ဟိုရောက်ရင် ဧည့်သည် လုံးဝမတွေ့စေရပါဘူး။ စိတ်ချပါရှင်"

ဆရာမက စကားအဆုံး မေဆင်က မစ္စတ်ရော်ဒန်ကို ခေါ်သည်။

"ကဲ. . . မစ္စတ်ရော်ဒန်၊ ကျုပ်တို့ သွားကြစို့"



www.burmeseclassic.com

www.burmeseclassic.com



လူနာခုံနံးပြင် ရောက်ရောက်ချင်း မစ္စက်ဂျော်ဒန်က မေဆင်ကို လှမ်းပြော၏။

"ရှေ့နေကြီး အစီအစဉ် သိပ်ကောင်းတာပဲနော်"

"ဒါတွေအသာထားဦး မစ္စက်ဂျော်ဒန်၊ လုပ်စရာကိုင်စရာတွေ ထပ်လုပ်ကြဦးမယ်"

"ကောင်းပါပြီတဲ့ရှင်။ အော်. . . ဒါနဲ့ အယ်လီနာက သဲလွန်စတော့ ဖော်လိုက်ပြီ တွေ့တယ်မဟုတ်လား။ ကျွန်မတို့ကို သူသိစေချင်တဲ့အချက် အသိပေးလိုက်တာပဲ။ ကားတိုက်မှုတစ်ခု ဖြစ်ခဲ့တယ်။ ဒေါက်ကလစ် ဘယ်ရောက်နေလဲ သူ မသိဘူး။ ကျွန်မတို့ဘာသာ ဒေါက်ကလစ်ကို ရှာကြမှာပဲ။ သူတို့ ဘယ်မှာ လက်ထပ်ခဲ့ကြတယ်ဆိုတာလည်း ကျွန်မတို့ စုံစမ်းကြရမယ်။ ဒေါက်ကလစ်ရဲ့အမေ ဆိုသူကိုလည်း ဆောလ်လိပ်မြို့မှာ ရှာရဦးမယ်။ ဒီမှာ ကျွန်မတစ်ခု အလိုလိုသိနေတာက ကျွန်မတို့ ဘာလုပ်လုပ် မြန်မှ ဖြစ်မယ်ထင်တယ်။ အယ်လီနာက သိပ်သွက်တယ်နော်။ သတိထားမိရဲ့လား မစ္စတာမေဆင်၊ ဒါကြောင့် ကျွန်မတို့က ပိုသွက်ရလိမ့်မယ်"

"ဟုတ်တယ် မစ္စက်ဂျော်ဒန်၊ ဒါပေမဲ့ အလုပ်တစ်ခု မြန်မြန်ဆန်ဆန် လုပ်ရတယ်ဆိုရင် ငွေကုန်ကြေးကျလည်း များတတ်တယ်ဗျ။ ဒါကြောင့် စုံထောက်တွေ ဘာတွေ ငှားတန်ငှားရလိမ့်မယ်။ အကုန်ခံနိုင်ပါ့မလား"

"လိုအပ်လို့ ကုန်ကျတာ မှန်သမျှအတွက် ကျွန်မတို့ အသင့်ရှိနေပါတယ် မစ္စတာမေဆင်၊ ဒီတော့ ဘာပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲကုန်ကုန် မြန်မြန်သာ ဆက်လုပ်ပါတော့"

"ကောင်းပြီလေ။ တစ်ခုတော့ မေးပါရစေဦး၊ ဒေါက်ကလစ်ဟပ်ပနာ ဆိုသူအကြောင်း ခင်ဗျား ဘယ်လောက် ပြောပြနိုင်သလဲ၊ ပြောပြထားပါ"





"ကျွန်မလည်း သိပ်တော့မသိပါဘူးရှင်"

"ဘယ်တုန်းက သူ့ကို စတွေ့ဖူးသလဲ"

"ဥရောပ သွားကြတုန်းကပါပဲ။ အပြန်သင်္ဘောပေါ်မှာ မြင်ဖူးခဲ့တယ်။ သူလည်း သင်္ဘောပေါ် ပါလာတာကိုး"

"သူ့ဓာတ်ပုံကော ရှိသလား"

"အိမ်မှာ ရှိတယ်ထင်တယ်။ ကျွန်မ ရှာပေးမယ်လေ။ ဒါပေမဲ့ အပျော်တမ်း ရိုက်ထားတဲ့ပုံပဲ ရနိုင်မှာနော်"

"ဖြစ်ပါတယ်။ ရတဲ့ပုံပဲပေးပါ။ အမြန်ဆုံး ကျုပ်ရုံးကို ပို့ပေးနော်။ ကဲ. . . သူ့ပုံပန်းသဏ္ဌာန် ပြောပြပါဦး"

"အရပ် ထောင်ထောင်မောင်းမောင်း၊ ၆ ပေလောက်ရှိတယ်။ ဆံပင်က အနက်ရောင်၊ နှာတံပေါ်ပေါ်၊ အမြဲတမ်းလိုလို ပြုံးပြုံးရွှင်ရွှင် ရှိနေတတ်တယ်။ ဆွဲဆောင်မှုရှိတယ် ဆိုပါတော့ရှင်"

"အသက်ကကော. . ."

"၂၇-၂၈ လောက် ရှိဦးမယ်"

"ဥရောပကအပြန် သင်္ဘောခရီးမှာ ဒီလူ တော်တော်ခြေသွက်လက်သွက် ရှိခဲ့လိမ့်မယ် ထင်တယ်"

"အင်း. . . ဒါ သိပ်မှန်နိုင်တယ်။ ဒီခေတ် အပျော်ခရီးသွားတွေကို ကြည့်ပါလား။ ယောက်ျားတွေက အိမ်နဲ့အလုပ်၊ အလုပ်နဲ့အိမ် မအားမလပ်ကြတော့ မိန်းမသားတွေပဲ ခရီးအထွက်များကြတယ် မဟုတ်လား။ ဒါကြောင့် အပျော်ခရီးစဉ်တွေမှာ သားသားနားနား ယောက်ျားရယ်လို့လည်း ရှားတယ်။ ဒီတော့. . ."

"မစ္စက်ဂျော်ဒန်က မစ္စတာဟက်ပနာကို သိပ်လိုအားပုံမရဘူး။ နာကြည်းနေပုံပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဉရောပဘက် မကြာခဏ ခရီးထွက်နေရတော့ ဒါမျိုးတွေ အမြဲလိုလို တွေ့နေသိနေတာပေါ့။ အဖေ့အလုပ်ကလည်း စိန်တုန်သည် မဟုတ်လား"

"ဒါနဲ့ တစ်ခုမေးပါရစေဦး။ ခင်ဗျားက အိမ်ထောင်နဲ့ဆိုတော့ ခင်ဗျားအဖေ ခရီးထွက်ရင် ခင်ဗျားရော၊ ခင်ဗျားယောကျ်ားကိုရော ခေါ်သွားလေ့ ရှိသလား"

"ကျွန်မ ယောကျ်ား လိုက်ချင်ရင်တော့ အဖေက အမြဲခေါ်တယ်။ ဒါပေမဲ့ သူက အိမ်မှာ နေကျန်ခဲ့ချင်တာက များတယ်ရှင့်၊ ကလပ် သွားလိုက်၊ တင်းနစ်ရိုက်လိုက်၊ ဂေါက်သီးကစားလိုက်၊ ဒါတွေ သူ သိပ်ဝါသနာပါတယ်။ ဒီတော့ ဉရောပခရီးကို သူ သိပ်စိတ် မဝင်စားလှဘူး"

"ဒီတော့ သူ့ကို ထားခဲ့ပြီး ခင်ဗျားက အဖေနဲ့အတူ ခရီးထွက် တယ်ပေါ့"

"ဟုတ်ပါတယ်။ ဖေဖေက ညီအစ်မနှစ်ယောက်လုံးကို သူ့ လုပ်ငန်းမှာ ကူခိုင်းတတ်တယ်"

"ဒီတော့ အယ်လီနာလည်း လိုက်လေ့ ရှိတယ်ပေါ့"

"ဉရောပခရီးမှန်သမျှ သူ ဘယ်တော့မှ မလွတ်ဘူး ဆိုပါတော့ ရှင်၊ ၁၀ နှစ်အတွင်း အမြဲတမ်းလောက် ပါနေခဲ့တယ်။ ဒါပေမဲ့ ကျွန်မ တို့နဲ့ ခွဲပြီး ဘယ်မှ မသွားဘူးရှင့်၊ ဒါတော့ အထင်မလွဲလိုက်ပါနဲ့ရှင်"

"ဒေါက်ကလပ်ကို သူ ဘယ်မှာ စတွေ့ခဲ့တာလဲ"

"သင်္ဘောပေါ်မှာပေါ့"

"ဒေါက်ကလပ်က ဘာအလုပ်အကိုင် လုပ်သလဲ"

"ဘာအလုပ်မှ လုပ်ဟန်မတူဘူး။ ငွေကြေး အထုပ်အထည် ရှိနေတဲ့ လူကြီးလူကောင်းတစ်ယောက် အပျော်ခရီး ထွက်နေတဲ့ ပုံစံပဲ။





သူ့အကြောင်းလည်း သိပ်မပြောဘူး။ နောက်ကြောင်းလည်း ပြောတာ မကြားဖူးဘူး။ ကျွန်မအဖေ သူ့ကို မကြိုက်တာ အဲဒီအချက်ပဲ။ ကြည့်ရ တာ ဟန်ပဲရှိတယ်။ အဆန်ရှိပုံ မရပါဘူး"

"ဒါပေမဲ့ လူတွေ စိတ်ဝင်စားအောင်တော့ ဆွဲဆောင်နိုင်စွမ်း ရှိတယ်မဟုတ်လား"

"အင်း. . . သူ့မှာ ထူးခြားချက် တစ်ခုတော့ ရှိတယ်။ သူ့ဥပဓိ ရုပ်နဲ့ ကိုယ်ဟန် အမူအရာက တော်တော့်ကို ဆွဲဆောင်အား ကောင်း ပါတယ်။ ဥပမာကို ဆိုကြပါတော့။ သူနဲ့အတူ ပိုကာဒေါင်းကြတယ် ဆိုရင် ကိုယ်ဟန်အမူအရာကလည်း သိပ်ယဉ်ကျေး သိမ်မွေ့တယ်ရှင်၊ ဒါပေမဲ့ ကစားနေရင်း သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရင်တော့ ခဲတွေအပေါ်က ကျော်ပြီး ညို့ကြည့်ကြည့်နေတာ တွေ့ရလိမ့်မယ်။ ဒါကြောင့်လည်း အယ်လီနာဟာ သူ့အပေါ် စိတ်ဝင်စားခဲ့တယ် ထင်ပါ တယ်။ ကျွန်မတို့ကတော့ ဩော်. . . သူတို့တစ်တွေ သင်္ဘောခရီးစဉ် အတွင်းလောက် တွဲနေကြတာပဲလို့ဆိုပြီး လွှတ်ထားခဲ့ပါတယ်။ အယ်လီနာတို့ ဘယ်လောက်အထိ တွဲသလဲတော့ ဘုရားမှပဲ သိတော့ မယ်"

"ဒီတုန်းက ကိစ္စဟာ ခုတော့ ကြီးထွားလာခဲ့ပြီ မဟုတ်လား မစ္စက်ဂျော်ဒန်"

"အင်း. . . ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ယိုးမား မြို့ကို လက်ထပ်ဖို့ မသွားမီအထိ သူ့ကို ဘယ်လောက်တွဲပြီး ဘယ်အခြေ ရောက်ခဲ့တယ်လို့လည်း မပြောနိုင်လောက်အောင် ဖြစ်နေ တယ်"

"သင်္ဘောခရီးစဉ်က ဘယ်လောက်ကြာခဲ့ပြီလဲ"

"သုံးလလောက်တော့ ရှိရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့အတွဲ သင်္ဘောပေါ်တုန်းကကော ကတောက်ကဆတ် များ ဖြစ်ဖူးခဲ့သလား"

"ဖြစ်တယ်ထင်တယ်။ ဒေါက်ကလပ်ကတော့ ပျော်ပျော်သမား ပဲ၊ သူနဲ့မတွဲတဲ့အချိန် တခြားဟာတွေနဲ့ တွဲဖို့လည်း မရှားဘူးလေ။ ဒေါက်ကလပ်ရဲ့ ထူးခြားချက်ကတို့ အဲဒီလိုလူ၊ ပြီးတော့ အပေါင်း အသင်းကလည်း ဆိုတယ်။ မိတ်ဖြစ်လွယ်တယ်၊ ဒါကြောင့် သင်္ဘော တစ်စင်းလုံး သူနဲ့မသိတဲ့လူ မရှိသလောက်ဘဲ"

"နေဦး၊ ဒီပြန်ရောက်တော့ကော သူတို့ ဆက်တွဲကြသေးလား"

"တစ်လလောက် တွဲတာ မတွေ့ခဲ့ရဘူး။ နောက်တော့လည်း ပြန်ချဉ်းကပ်တယ် ထင်တယ်။ အယ်လီနာနဲ့ တတွဲတွဲ ပြန်ဖြစ်ကြပြန် ရော၊ ပထမတော့ ခါတိုင်းလိုပဲမို့ ဘယ်သူမှ သတိမထားကြပါဘူး။ အဲ. . . နောက် အဖြစ်သည်းလွန်းလာကြတော့မှ သတိပြုမိကြတယ်"

"ခင်ဗျားအဖေက ဘာမှ မပြောဘူးလား"

"ဖေဖေကတော့ ဒေါက်ကလပ်ကို အစကတည်းက သဘော မကျခဲ့ဘူးလေ"

"ဒါပေမဲ့ ဒေါက်ကလပ်နဲ့ အယ်လီနာ လက်ထပ်ဖို့တောင် ယိုးမားအထိ ထွက်ပြေးနိုင်ခဲ့ကြတယ် မဟုတ်လား"

"ဘာတတ်နိုင်တော့မှာလဲ။ ခုတော့ အရှိအရှိအတိုင်း ကိုင်ကြ ရတော့မှာပေါ့။ စောစောက အယ်လီနာ တစ်ခု မှတ်မိတာ ရှိတယ်။ သူတို့ လဆန်း ၂ ရက် တနင်္လာနေ့တုန်းက ထွက်ပြေးတယ်။ ယိုးမား က သူတို့ ပို့လိုက်တဲ့ ကြေးနန်းကို ကျွန်မတို့ လဆန်း ၃ ရက် မနက်မှာ ရတယ်။ ပြီးတော့ ပို့စကတ်တွေလည်း ရထားတယ်။ တစ်ခုက ယိုးမား က ပို့တဲ့ ကတ်၊ တစ်ခုက လာ့စ်ဗေးဂတ်က ပို့တာ။ အဲဒီနောက် လုံးဝ အဆက်ပြတ်သွားတယ်"





"ဒါတွေ တွေးကြည့်ရရင် သူတို့အတွဲဟာ ယိုးမားကနေ လာ့စ်ဗေးဂတ်ကို သွားခဲ့ကြပုံ ရတယ်"

"ပို့စ်ကတ်ကတော့ ဒီအတိုင်း ပြနေတာပဲရှင့်"

"ပို့စ်ကတ်ပေါ်က စာတိုက်တံဆိပ်ကိုတော့ ကြည့်မိရဲ့လား"

"ယိုးမားက တစ်ခုနဲ့ လာ့စ်ဗေးဂတ်က တစ်ခုလေ"

"အဲဒါတွေ ခင်ဗျား သိမ်းထားရဲ့လား"

"ကြေးနန်းပဲ သိမ်းထားမိတယ်ရှင်"

"ကဲလေ ရှိတာပဲပေါ့။ ဒေါက်ကလပ် ဓာတ်ပုံတွေရယ်၊ တခြား အထောက်အထား ဖြစ်နိုင်မယ့်ဟာတွေရယ်၊ ကျုပ်နဲ့ကို အမြန် ပို့ပေး လိုက်ပေတော့၊ စုံထောက်တွေနဲ့ ဒီကိစ္စ ဆက်လုပ်ရဦးမယ်"

"စကားမစပ် ရွှေနေကြီးကို ဖြတ်မေးပါရစေ၊ ဟို. . . ဆရာ ဝန် ဒေးရိုယယ်ဟာ စိတ်ချရပါတယ်နော်"

"လုံးဝ ယုံကြည်ရပါတယ်"

"အယ်လီနာကို ဘယ်သူမှ လာမတွေ့နိုင်အောင်လည်း သူ တတ်နိုင်ပါတယ်နော်"

မဆောင်က ခေါင်းညိတ်ပြရင်း ရှင်းပြ၏။

"ဒါလည်း စိတ်ချ၊ တစ်ခုတော့ ရှိသပေါ့။ သတင်းစာတွေက လည်း လျှင်တော့ သတင်းအစအနလောက်တော့ ရကြမှာပေါ့။ ဟို. . . ကျုပ်တို့ ဆေးရုံ ရောက်စက ပထမတွေ့ရတဲ့ ခုတင်ဘေးက ဆရာမကို မှတ်မိတယ်မို့လား။ သူက ဘယ်လောက်သိထားသလဲ မသိဘူး။ သူ့ဆီကလည်း သတင်းထွက်စရာ ရှိတယ်"

"အဲဒါ အယ်လီနာ ဆင်ထားတဲ့ အကွက်တစ်ကွက်ပေါ့၊ ရွှေနေကြီးရဲ့၊ အယ်လီနာ ပြောသမျှ အားလုံးဟာ သူကိုယ်တိုင် သတင်းစာတွေထဲ ပါစေချင်တဲ့ အကြောင်းအချက်တွေပဲ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီး သူ့ကို မေးခွန်းတွေ စမေးကတည်းက ရွှေနေကြီးကို သူ ကြောက်သွားပုံရတယ်။ မေးခွန်းတွေ ဖြတ်ဖြတ်မေးနေတော့ အဖြစ်မှန် ပေါ်သွားမှာ သူ သိပ်စိုးရိမ်နေတယ်။ ဒါကြောင့် ခေါင်းမူးသလို၊ ဘာလိုလို မာယာလုပ်လာတာပေါ့။ ပြီးတော့ စောင်ကို ခွာချလိုက်တာလည်း တွေ့တယ် မဟုတ်လား။ အယ်လီနာဟာ ဇာဒီလောက်ကို မှုယာမာယာ ကြွယ်တယ် ရွှေနေကြီး"

"ဒီတော့ ကျွန်ုပ်ပါ သူ့ကွန်ရက် မိသွားခဲ့တယ်လို့ ခင်ဗျား ဆိုချင်သလား"

"ဟာ. . . မဟုတ်ပါဘူးရှင်၊ သူ့စရိုက်ကို ပြောပြတာပါ"

* * *



## အခန်း [ သုံး ]

ဗယ်ရီမေဆင်သည် လမ်းဘေး အများဆုံး တယ်လီဖုန်းရုံတစ်ခုတွင် ဝင်ပြီး သူ့လက်စွဲစုံထောက် ပေါ်လ်ဒရိတ်ရုံးသို့ ချက်ချင်း ဖုန်းဆက်၏။

"ပေါလ်ရောက်နေပြီလား ဟေ့"

"ဟုတ်ကဲ့ ရောက်ပါပြီ၊ မစ္စတာမေဆင် ထင်ပါတယ်"

တယ်လီဖုန်းစာရေးက ပြန်မေး၏။

"ဟုတ်တာပေါ့"

ဖုန်းကို ခဏသာ ကိုင်ထားရ၏။ ဒရိတ်အသံ ပေါ်လာသည်။

"ကဲ. . . ပေါလ်ရေ မေဆင် စကားပြောနေတယ်။ ကိုယ့်လူ အတွက်တော့ အလုပ်တစ်ခု ပေါ်လာပြန်ပြီ။ အရေးပေါ် ဆောင်ရွက်ပေးရမှာနော်"

"အလိုလေး ရွှေနေကြီး၊ ခင်ဗျားဆီက လာလိုက်သမျှ အရေးကြီးတာ ဘာရှိလို့လဲဗျ။ ကဲ. . . ဆို၊ ဒီတစ်ခါတော့ ဘယ်လို အရေး ပေါ်မှိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ သတင်းစာ ဖတ်ပြီးပလား"

"ကျွန်တော့် အလုပ်ကိုက သတင်းစာမဖတ်ရင် မဖြစ်တဲ့ အလုပ်ပဲလေ"

"ဒါဆိုရင် ဟိုပန်းခြံထဲမှာ ညက မြှုပ်သွားတဲ့ တစ္ဆေမသတင်း ဖတ်ပြီးပလား"

"လုံးတီးနီးပါး တစ္ဆေမအကြောင်းက စိတ်ဝင်စားစရာပဲဗျ"

"ဟုတ်တယ်၊ အဲဒီသတင်းပဲ"

"စုံထောက်ဆိုတာ အဲဒီသတင်း နောက်ဆက်တွဲမျိုး သိပ်လိုက်ချင်တာပေါ့ဗျ။ အထူးသဖြင့် ဒီလို လသာသာ ညမျိုးမှာ ဒီလို လုံးတီးနီးပါး မြူးမြူးကြွကြွ တစ္ဆေမမျိုးကို ပန်းခြံနားမှာ သွားစောင့်ရင်း မှုခင်းအနံ့ ခံရမယ်ဆိုရင် အားကောင်းကောင်း မှန်ဘီလူးကလေး တစ်လက်လောက်တော့ ယူသွားလိုက်ချင်သဗျို့"

"ဒါဆို သိပ်ကောင်းပေါ့ကွာ။ ကဲ အဲဒီသတင်း နောက်ဆက်တွဲကိစ္စ ကိုယ့်လူလိုက်ပေတော့။ သတင်းထဲက တစ္ဆေမရဲ့နာမည်က အယ်လီနာကော်ဘင်တဲ့။ ဒီလဆန်း ၂ ရက်နေ့က ဒေါက်ကလပ်ဟပ်ပနာ ဆိုသူနဲ့ လိုက်ပြေးပြီး ယိုးမားမြို့မှာ လက်ထပ်ခဲ့ကြသတဲ့။ အဲဒီကိစ္စ ကိုယ့်လူ ဆက်လိုက်ရမှာက သူတို့လက်ထပ်တာ ဘယ်နေ့ ဘယ်အချိန်နဲ့ ဘယ်မှာလဲ၊ ပြီးတော့ အထောက်အထား တရားဝင် စာရွက်စာတမ်း အပြည့်အစုံပါ လိုချင်တယ်။ သူတို့စုံတွဲဟာ ယိုးမားကို အသွားလမ်းမှာ သူတို့ကားကို တခြားကားတစ်စီးက ဝင်တိုက်သတဲ့။ တိုက်သွားတဲ့ကား ဘယ်သူ့ကားလဲ၊ ကားပေါ် ဘယ်သူတွေပါသလဲ။ စုံနိုင်သမျှ စုံစုံသိချင်တယ်။ ပြီးတော့ သူတို့ လက်ထပ်ပြီးချိန်မှာ လာ့စ်ဗေးဂတ်မြို့ဘက် ခရီးဆက်ထွက်သတဲ့၊ ဟိုတယ်တွေ၊ တည်းခိုခန်းတွေ လိုက်ပြီး သူတို့မောင်နှံအကြောင်း သတင်းစုံစမ်းပေတော့။





တစ်ခါ ဒေါက်ကလပ်ဟက်ပနာ ဆိုတဲ့လူ ဘယ်ရောက်နေသလဲ၊ ဒီလူမှာက နိုင်ငံကူးလက်မှတ် ရှိနေတယ်။ နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ ရုံးမှာ သူ့အကြောင်း မှတ်တမ်း စုံစမ်းခဲ့၊ သူ့ ဓာတ်ပုံတွေကို တစ်နာရီအတွင်း ကိုယ့်လူရဲ့ ရုံးကို ပို့ပေးလိုက်မယ်။ ကိုယ့်လူရဲ့ တပည့်တွေလည်း သုံးပါ။ ဒေါက်ကလပ်ဟက်ပနာဆိုတာ ဘယ်လိုလူမျိုးလဲ၊ ဘာလုပ်သလဲ၊ ဘယ်လောက် ချမ်းသာသလဲ၊ ဝင်ငွေ ဘယ်လို ရနေတဲ့လူလဲ၊ တတ်နိုင်သမျှ သတင်းစုံပေ့စေနော်၊ လဆန်း ၂ ရက်နေ့ညက ဆော့လိပ်မြို့က သူ့ အမေဆီကို ဖုန်းဆက်သတဲ့။ ယိုးမားမြို့ကို သွားတဲ့ ကားလမ်းပေါ်က ဓာတ်ဆီဆိုင်မှာ ဓာတ်ဆီ ထည့်ရင်း အဲဒီဆိုင်ကနေ ဖုန်းဆက်တယ်လို့ ပြောတယ်။ အဲဒါ ဘယ်ဆိုင်မှန်းလည်း တို့မသိရသေးဘူး။ ခန့်မှန်းကြည့်ရင် သူတို့ ကား ဓာတ်ဆီအပြည့်နဲ့ ခရီးရထွက်တယ်ဆိုပါစို့။ ဆီကုန်လို့ ထပ်ဖြည့်ရမယ့် နေရာဟာ အင်ဒီယို သို့မဟုတ် အင်ဒီယို အနီးတစ်ဝိုက် ဖြစ်နိုင်စရာ ရှိတယ်။ ဒီတော့ လဆန်း ၂ ရက်နေ့ညက အဲဒီအင်ဒီယိုတစ်ခွင်ကနေ ဆော့လိပ်မြို့တော်ကို ဆက်တဲ့ တယ်လီဖုန်းစာရင်းမှာ ရှာကြည့်ပြီးတော့မှ ဒေါက်ကလပ်ရဲ့အမေကို ဆက်ရှာ၊ ဒေါက်ကလပ် ဘယ်မှာ ရှိနေသလဲဆိုတာလည်း သူ့အမေဆီမှာပဲ စုံစမ်း၊ ဒေါက်ကလပ်နဲ့ အယ်လီနာတို့ ညားပြီးပြီးချင်း ဘာကြောင့် လူချင်းကွဲသွားတယ် ဆိုတာလည်း စုံစမ်းပါ။ ရဲအဖွဲ့ရုံးချုပ်နဲ့လည်း ဆက်သွယ်ပြီး အယ်လီနာအကြောင်း နောက်ထပ်သူတို့ ဘာတွေ စုံစမ်းရရှိထားတယ် ဆိုတာ စနည်းနာ၊ ရဲအဖွဲ့က အယ်လီနာကို အရေးယူမယ် မယူဘူး ဆိုတာ စုံစမ်း၊ အယ်လီနာ့ဆီတော့ မသွားနဲ့၊ သူ့ကို တို့ဇာတ်လမ်းထဲမှာ ခဏမြှုပ်ထားရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်၏ ရှည်လျားသော ညွှန်ကြားချက် ပြီးသွားလျှင် ဒရိတ်က တိုတိုပင် ပြန်မေးလိုက်၏။

"ကဲ. . . အဲဒီအချက်အလက်တွေ ဘယ်တော့လောက် လိုချင်သလဲ၊ ပြော. . ."

"ဘယ်လောက် မြန်မြန်ရအောင် လုပ်ပေးနိုင်မလဲ၊ လိုချင်တာတော့ အမြန်ဆုံးပဲ"

မေဆင်က ပြောပြီးပြီးချင်း ဖုန်းချလိုက်၏။

* * *



အခန်း [ လေး ]

မစ္စက်ဂျော်ဒန်သည် ဒေါက်ကလပ်၏ ဓာတ်ပုံနှင့် ယိုးမားမှ ကြေးနန်းကို မေဆင်၏ ရုံးသို့ ချက်ချင်းလာပို့၏။ ထိုသို့ လာခဲ့ရာ၌ သူ့အဖေပါ ပါလာသည်။ မူလပြောထားသည်ထက် မိနစ် ၂၀ ခန့် နောက်ကျသွားသဖြင့် မစ္စက်ဂျော်ဒန်က မေဆင်ကို တောင်းပန်သည်။ ပြီးမှ သူ့အဖေနှင့် မိတ်ဆက်ပေး၏။

"နောက်ကျတဲ့အတွက် ကျွန်မ တောင်းပန်ပါတယ် ရှေ့နေကြီးရှင့်၊ ထုံးစံအတိုင်းဆိုရင် အသိမ်းအဆည်း ကျွန်မ သေချာတတ်ပါတယ်။ ဒါကြောင့် ဓာတ်ပုံအတွက် မကြာပါဘူး။ ဒါပေမဲ့ ဖေဖေက နဂ္ဂတစ်ဆိုရင် ပိုကောင်းတယ်ဆိုလို့ နည်းနည်း ပိုကြာသွားပါတယ်"

"ဟာ. . . ကိစ္စမရှိပါဘူး မစ္စက်ဂျော်ဒန်၊ နဂ္ဂတစ် ရတာ ပိုကောင်းသေးတယ်"

မေဆင်က မစ္စက်ဂျော်ဒန်ကို ပြောနေသော်လည်း မျက်လုံးမှာမူ အဘိုးကြီးထံ စိုက်၍ လှေ့လာနေသည်။ အဘိုးကြီး၏ အမည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုမှာကော်ဘင် ဖြစ်၏။ ပုံပန်းသဏ္ဌာန်မှာ ခံ့ခံ့ထည်ထည် ရှိသည်။ မုတ်ဆိတ်ကို သပ်သပ်ရပ်ရပ် ညှိထားသည်။ မျက်ခုံးမွေးကလည်း ထူ၏။ မျက်လုံးများမှာ တည်ငြိမ်လှသည်။ မေဆင် လေ့လာနေမှန်း သိဟန်ဖြင့် ကော်ဘင်ကပင် စကားစပြောသည်။

"ဒီဓာတ်ပုံက သိပ်ကောင်းလှမယ်မထင်ဘူး။ အသုံးပြုနိုင်မယ်တော့ ထင်ပါတယ် မစ္စတာမေဆင်၊ ဒီကိစ္စမှာ ဝင်ပြီး ဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော် ဝမ်းသာပါတယ်။ ကျွန်တော့်အထင် ပြောရရင် ဒီအဖြစ်အပျက် အားလုံးရဲ့ သော့ချက်ဟာ ဒေါက်ကလပ် ဖြစ်ပါလိမ့်မယ်။ သူ့ကို တွေ့ရင် အားလုံး သိနိုင်ဖို့ ရှိတယ်"

"ဟုတ်ကဲ့၊ မစ္စတာကော်ဘင် အမြင်မှာ တစ်ခုခု ဖြစ်ပျက်ခဲ့တယ်လို့ ယူဆထားပါသလား"

"ဟုတ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာ ပြင်းပြင်းထန်ထန် ခံစားရမှု တစ်ခုခုလည်း ပါနေတာမို့ ဒီလောက်အထိ အတိတ်မေ့လောက်အောင် ဖြစ်ခဲ့ရတယ် ထင်ရပါတယ်"

"အင်း. . . တွေ့ထားရသမျှမှာတော့ စိတ်ပိုင်းတွင် မကဘူး။ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ချက်တစ်ခုခုလည်း ခံစားခဲ့ရပုံ ရှိပါတယ်။ ကားတိုက်မှုဆိုတာလည်း ဖြစ်နိုင်လောက်တယ် ထင်ပါတယ်" မေဆင်၏ ထင်မြင်ချက် ပြောပြ၏။

"ဟုတ်ကဲ့၊ ဒါလည်း ဖြစ်နိုင်တယ်။ ဒါပေမဲ့ ဖောဒီသမီးအကြီး အော်လ်ဂါ (မစ္စက်ဂျော်ဒန်) ကျတော့ သူ့ညီမအကြောင်း သူက နောကျေနေတော့ ညီမရဲ့ စိတ်အတွင်း အခြေအနေကိုပါ သိနေတယ်။ ဘာကြောင့်လဲဆိုတော့ အယ်လီနာရဲ့ အစ်မကြီးလည်း ဟုတ် အမေလည်း ဟုတ်၊ အယ်လီနာကို ထိန်းကျောင်းခဲ့ရတာကိုး"

"ဟုတ်ကဲ့၊ ကျွန်တော့်ကိုလည်း ဦးရဲ့ သမီးက ရှင်းပြပြီးပါပြီ"





ဤတွင် မစ္စတာကော်ဘင်က သူ့သမီးငယ်အကြောင်းကို ထပ်ရှင်းပြရင်း စိုးရိမ်မှုကို ပြောလာ၏။

"ခုအတိုင်းဆိုရင် အတ်လီနာတစ်ယောက် နောက်ထပ် စိတ်ဒုက္ခ ရောက်ရမယ့် အခြေအနေမျိုး ပေါ်လာနိုင်တယ်။ နောက်ထပ် ကျွန်တော်တို့ တွေ့မယ့် အကြောင်းတွေကြောင့် ဆိုပါတော့ မစ္စတာမေဆင်၊ အယ်လီနာဟာ သူ့အဖေအပေါ် သိပ်ကြွင်နာတယ်၊ သံယောဇဉ် ကြီးရှာသူကလေးပါ။ ဒါကြောင့် ဟိုင်နဲ့ ဒေါက်ကလပ်နဲ့ သူ လက်မထပ်ရသေးဘူးလို့လည်း ကျုပ်ထင်တယ်။ တကယ်လို့များ လက်ထပ်ပြီးပြီဆိုရင်လည်း ခုအယ်လီနာရဲ့ အတိတ်မေ့ရောဂါဟာ ကျုပ်တို့အတွက် တရားဥပဒေ အကြောင်းဆိုင်ရာ အခွင့်အရေးတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဆိုလိုတာက အဲဒါကြောင့် လက်ထပ်မှု တရားမဝင်ဘူးလို့ ပြောနိုင်ပါတယ်။ ကားမှောက်မှု ဖြစ်ပြီးကတည်းက သူ ဘာမှ မမှတ်မိတော့တာလည်း သေချာနေတာကိုး"

"ဒါပေမဲ့ ကားမှောက်မှု ဖြစ်ပြီးတဲ့ အချိန်လောက်မှာ သူ့ကိုယ်သူ ဘယ်သူဆိုတာ သိနေတယ်နော်။ လက်ထပ်ပြီးချိန်မှာလည်း သိနေတယ်။ ဒီကြေးနန်း သူပို့တာ မဟုတ်လား"

"အင်း. . . ဒါတော့လည်း ဟုတ်ပါတယ်"

"ပို့စကတ်တချို့လည်း ရှိသေးတယ် မဟုတ်လား"

"ဟုတ်ပါတယ်။ တစ်ခုက ယိုးမားမြို့ကနေ ပို့လာတာ၊ နောက်တစ်ခုက လာ့စ်ပေးဂတ်မြို့က ပို့တာ"

ဤတွင် မေဆင်က သေချာအောင် အချက်တစ်ချက် ဖျတ်ခနဲ မေးလိုက်ပြန်သည်။

"ပို့စကတ်တွေမှာ ဘယ်သူ့လက်ရေးလဲ၊ အယ်လီနာရဲ့လက်ရေးလား"



www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကော်ဘင်သည် ထိုမေးခွန်းကိုကား တော်တော်နှင့် မပြောနိုင်၊ နဖူးကို လက်နှင့်ရိုက်ပြီး မုတ်ဆိတ်ကိုလက်နှင့် သပ်ရင်း အတန်ကြာ စဉ်းစားနေ၏။ ပြီးမှ ပြောလာသည်။

"အဲဒါမှ ဒုက္ခပဲဗျို့၊ လက်ရေးကို ဂရုမစိုက်လိုက်မိခဲ့ဘူး။ သမီး လက်ရေးလို့ပဲ သာမန် ယူဆလိုက်တာကိုး၊ အယ်လီနာ့ လက်ရေးနဲ့ ဆင်ဆင်တူတယ်လို့တော့ ကျုပ်ပြောနိုင်တယ်။ သေတော့မသေချာဘူး။ ဒါဆိုရင် တစ်ဆက်တည်း တွေးနိုင်တာ ရှိလာပြန်ပြီ၊ ဥပမာ-ကြေးနန်း ဆိုတာလည်း ဘယ်သူကပို့ပို့ ပို့နိုင်တာပဲ။ ဒါကြောင့် ဖြစ်နိုင်တာက ဒေါက်ကလပ်ဟာ အယ်လီနာ အတိတ်မေ့နေချိန်မှာ အခွင့်ကောင်းယူပြီး လက်ထပ်တဲ့ကိစ္စ အပြတ်လုပ်လိုက်တယ် ထင်တယ်။ ပြီးတော့မှ အယ်လီနာ စိတ်အခြေအနေ ဒီလို ဖြစ်နေတာကို ကျုပ်တို့ တစ်တွေ မသိနိုင်အောင် အယ်လီနာ ကိုယ်တိုင် ပို့ဟန်ဆောင်ပြီး ဒီကြေးနန်းနဲ့ ပို့စ်ကတ်တွေ ပို့လိုက်တာလည်းဖြစ်နိုင်တယ်။ ပို့စ်ကတ်မှာ ထူးခြားတာက ထိန်းထိန်းသိမ်းသိမ်း အရေးအသားမျိုး ဖြစ်နေတယ်။ အယ်လီနာက စိတ်ထဲရှိတာ ရေးတတ်တယ်။ စိတ်ထဲ ရှိတဲ့အတိုင်း ပျော်ရင်ပျော်တယ် ဘာညာပေါ့၊ ဒါလည်း ထူးခြားသဗျ"

မစ္စက်ဂျော်ဒန်က တစ်စုံတစ်ခု ပြောရန် စ၏။ ပြီးမှ စိတ်ပြောင်းလိုက်သည်။ ထို့ကြောင့် မေဆင်ကပင် မေးခွန်းဆက်ထုတ်၏။

"တစ်ခုတော့ မေးပါရစေဦး။ ဒေါက်ကလပ်က လူကြီးမင်းရဲ့ သမီးကို လက်ထပ်ယူတာဟာ ဘာရည်ရွယ်ချက်နဲ့လို့ ထင်ပါသလဲ"

"ကျုပ်အထင်တော့ ဒီငနဲဟာ ဣတ္ထိယ သိုက်သမား တစ်ယောက်ပဲ"

"အယ်လီနာမှာ အမွေအကြီးအကျယ်ရဖို့ ရှိတယ်လို့ ယူဆရမှာပေါ့"





ကော်ဘင်က မေဆင်ကို တစ်ချက် ကြည့်လိုက်ပြီးမှ မစ္စက်ဂျော်ဒန်ဘက် လှည့်ကြည့်၏။ ထို့နောက် မေဆင်ဘက် ပြန်လှည့်လျက် ဖြေသည်။

"ဟုတ်ကဲ့၊ ကျုပ် ကွယ်လွန်ချိန်မှာ အမွေ တော်တော်များများ ရဖို့ ရှိပါတယ်။ ကျုပ်သမီး နှစ်ယောက်စလုံး မျှမျှတတ ရကြမှာပါ"

"ကောင်းပါပြီ ခင်ဗျား. . . ကျွန်တော်တို့ သူ့ဓာတ်ပုံကို ခဏ လေ့လာကြရအောင်လား"

မစ္စက်ဂျော်ဒန်က ဓာတ်ပုံများကို ထုတ်ပြရင်း ရှင်းပြ၏။

"ကျွန်မ ဓာတ်ပုံ စာအုပ်ထဲက ကတိုက်ကရိုက် ဖြုတ်ယူလာတဲ့ ဓာတ်ပုံတွေ၊ ဒေါက်ကလပ်ရဲ့ပုံကို လူစုလူဝေး ဓာတ်ပုံတွေထဲမှာ မင်နဲ့ ဝိုင်းပြထားပါတယ်။ ဒီပုံထဲမှာဆို ဒေါက်ကဟာ အယ်လီနာရယ်။ တခြား မိန်းကလေးတစ်ယောက်ရယ်။ နှစ်ယောက်တွဲပြီး ဓာတ်ပုံ အရိုက်ခံထားတယ်။ ဟောဒီမှာကျတော့ အုပ်စုပုံပဲ၊ ဒီမှာတစ်ခါ အယ်လီနာနဲ့ သင်္ဘောလက်တန်းမှီရင်း စကားပြောနေတယ်။ ဒီပုံက ဒေါက်ကလပ် တစ်ယောက်တည်းပုံ၊ အယ်လီနာကိုယ်တိုင် ကျွန်မ ကင်မရာနဲ့ ရိုက်ခဲ့တာ၊ ဘယ်မိန်းမနဲ့မှ မတွဲတဲ့ ရှားရှားပါးပါး အချိန်ကလေးလို့ ဆိုရမယ်၊ ဟောဒီမှာက နဂ္ဂတစ်တွေ၊ ကဲ. . . ရှေ့နေကြီး ချက်ချင်း အလုပ်စနိုင်ပါပြီ"

မစ္စက်ဂျော်ဒန်၏ စကား နောက်ဆုံးဝါကျကြောင့် မေဆင် ထောင်းခနဲ ဖြစ်သွားသည်။

"ဗျာ. . . ချက်ချင်း အလုပ်စနိုင်ပါပြီ။ ဟုတ်လား၊ မြတ်စွာဘုရား ကျုပ်အလုပ်စခဲ့တာ တစ်နာရီခွဲလောက်တောင် ကြာခဲ့ပြီဗျ၊ ဒရိုက်စုံထောက်အဖွဲ့ဝင်တွေဆို အနှံ့သွားကုန်ကြပြီ၊ ကားမှောက်မှုကိစ္စ၊ ဆော့လိပ်မြို့က ဒေါက်ကလပ် အမေဆီ အဆက်အသွယ်လုပ်ဖို့ ကိစ္စ အားလုံး စီစဉ်ပြီးသွားပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ရှေ့နေကြီး အယ်လီနာတို့ ဆော့လိပ်မြို့ကို ဘယ်နေရာကနေ ဖုန်းဆက်တယ်ဆိုတာ မသိသေးဘူး မဟုတ်လား"

"ဒါက အလွယ်ကလေးပါ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှန်းဆတွက်ချက်ယူရင် ရနိုင်ပါတယ်။ ဥပမာ-အယ်လီနာတို့ ဒီမြို့ကနေ ယိုးမားကို ကားနဲ့ သွားတယ်ဆိုတော့ ကားထဲမှာ ဓာတ်ဆီအပြည့် ထည့်သွားမှာ သေချာတယ်။ ကားထဲက ဓာတ်ဆီကုန်လောက်တော့မှ ထပ်ဖြည့်မှာဆိုတော့ အကွာအဝေး တွက်လိုက်ရင် အင်ဒီယို အနီးတစ်ဝိုက် ဖြစ်နိုင်တယ်။ ဒါတွင် ဘယ်ကမလဲ လဆန်း ၂ ရက်နေ့ညက ကားမှောက်မှု ကိစ္စမှာ သတင်းဆက်လိုက်နေပါပြီ။ ကားနံပါတ်ကအစ ဆိုပါတော့၊ ဪ. . . နေပါဦး ဒေါက်တာလပ် ကားအမျိုးအစား ခင်ဗျား မှတ်မိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ်၊ အိုးလ်မိုဘိုင်းလ် အအေးစက်တပ်ကား အကြီးစားပဲ။ ဒါကြီးနဲ့ သူသိပ်ဂုဏ်ယူပြီး ကြွားကြွားနေတာ"

-ထိုအချိန်၌ ဒယ်လာနှင့် ဒရိတ်တို့နှစ်ဦးတည်းသာ သိသော မေဆင်၏ စားပွဲပေါ်မှ ဖုန်းအသံ မြည်လာ၏။ ဒယ်လာကို ဖုန်းကိုင်ရန် ခေါင်းဆတ်ပြလိုက်သည်။

"ဆရာ ပေါလ်ဒရိတ်ဆီကပဲ။ ဆရာ့ကို တိုက်ရိုက်ပြောချင်ပါသတဲ့"

မေဆင် ဖုန်းကိုင်ပြီး အသံပြုလိုက်ရာ ဒရိတ်က အစီရင်ခံ၏။ မေဆင်က အခြေအနေကို ပြောပြသည်။

"ကဲ. . . ပေါလ်ရေ. . . ဒီမှာ အမှုသည်ပါ ရောက်နေတယ်။ သိသမျှသာ ပြောပေတော့"

"သိသမျှဆို ခင်ဗျား တွေးတာတွေ အားလုံး မှန်တယ်။ ဒေါက်ကလပ်သို့ ဖုန်းဆက်တယ်ဆိုတာ အင်ဒီယိုက ပြောတာ ဟုတ်တယ်။





ဩဂုတ်လဆန်း ၂ ရက်နေ့ည ၉ နာရီ ၃၅ မိနစ်မှာ ဆော့လိပ်မြို့ကို ဆက်တယ်။ ဒေါက်ကလပ်ဟက်ပနာက သူ့မိခင် ဆာဒီဟက်ပနာဆီ ဆက်တာလည်း မှန်တယ်။ ဆာဒီရဲ့ ဖုန်းနံပါတ်က ၉၈၃၂၂၆"

"ဒေါက်ကလပ် အမေဆီကို လူလွှတ်ပြီး မစုံစမ်းရသေးဘူးလား"

"အချိန်မရသေးဘူးလေ။ ပြီးတော့ ခင်ဗျား ဘာဆက်လုပ်ချင်သလဲ၊ အဲဒီ ညွှန်ကြားချက်ကိုပါ စောင့်နေတာပါ"

"တို့ ဖုန်းပြန်ဆက်မယ်၊ စောင့်နေ"

မေဆင်သည် ဖုန်းချလိုက်ပြီး မစ္စတာကော်ဘင်ဘက် လှည့်ပြော၏။

"ဒေါက်ကလပ် အမေရဲ့ အိမ်ကို ရှာလို့ရပြီ၊ လူကြီးမင်းက အမှုကိစ္စ အမြန်ဆုံး ဆောင်ရွက်ပေးစေချင်တယ်ဆိုရင် အခုပဲ ဒေါက်ကလပ်အမေဆီ ဖုန်းဆက်မယ်။ ပြီးတော့ သူ့သား ဒေါက်ကလပ် ဘယ်မှာလဲဆိုတာ စုံစမ်းမယ်၊ ဒါမှမဟုတ် ဖြည်းဖြည်းမှ အသေးစိတ် သိချင်ရင်တော့ ဟိုမှာ ရှိနေတဲ့ စုံထောက်တစ်ယောက်ယောက်ကို သွယ်ဝိုက် ချဉ်းကပ် စုံစမ်းခိုင်းလိုက်မယ်။ ဘယ့်နှယ်လဲ"

ကော်ဘင်တို့ သားအဖနှစ်ယောက် အကြည့်ဖြင့် တိုင်ပင်ကြသည်။ ထို့နောက် မစ္စက်ဂျော်ဒန်က သဘောထား ပြောပြ၏။

"ခု ဖုန်းဆက်ရင် ပိုကောင်းမယ် ထင်တယ်"

"ဒယ်လာရေ. . . ဆော့လိပ်မြို့က ဖုန်းနံပါတ် ၉၈၃၂၂၆ ကို ဆက်ကွာ၊ ပြီးတော့ မစ္စက်ဆာဒီဟက်ပနာနဲ့ ကိုယ်တိုင်ပြောချင်တယ်လို့ တောင်း၊ ရလို့ တို့စကားပြောကြရင်လည်း ပြောသမျှအားလုံး လိုက်မှတ်ထားနော်"

ဒယ်လာက သွက်သည်။ မိနစ်ပိုင်းအတွင်း တစ်ဖက်နှင့် အဆက်အသွယ်ရ၍ မေဆင်ထံ ဖုန်းလှမ်းပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို. . . မစ္စက်ဆာဒီဟက်ပနာလား"

"ဟုတ်ပါတယ်၊ မစ္စက်ဆာဒီဟက်ပနာ ပြောနေပါတယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ခုစကားပြောနေတာ ပယ်ရီမေဆင် ဖြစ်ပါတယ်။ မစ္စက်ဆာဒီရဲ့သား ဒေါက်ကလပ်နဲ့ အဆက်အသွယ် ရချင်လို့ပါ။ သူ့ကို ဘယ်မှာ တွေ့နိုင်မယ်ဆိုတာ သိရင် တစ်ဆိတ် ကူညီပါ ခင်ဗျား"

"လာ့စ်ဗေးဂတ်မြို့ကို ဖုန်းဆက်ကြည့်ပြီးပြီလား"

"သူ ဟိုမှာ သေချာတယ်နော်"

"နေဦး၊ လျှင် ၃-၄ ရက်လောက်က ဘာစတိုမြို့ကနေ သူ ဖုန်းဆက်လာသေးတယ်။ လာ့စ်ဗေးဂတ်ကို သွားမလို့တဲ့၊ နေ့စွဲအတိအကျ ပြောရရင် ဟို. . . ၁၃ ရက်နေ့ညကပေါ့"

"လာ့စ်ဗေးဂတ်မြို့ ဘယ်နေရာမှာတည်းတယ်၊ နေတယ်ဆိုတာကော သိပါသလား ခင်ဗျား။ အဲဒီမှာ ဘယ်သူနဲ့ ဘာလုပ်နေတယ်ဆိုတာပါ သိရင် ပြောပြပေးစေချင်ပါတယ်"

"ဟာ. . . ဒါတော့ မသိဘူး မစ္စတာမေဆင်၊ ဒါ ဆက်မေးပါရစေဦးရှင်၊ သူ့ကို ဘာကြောင့် ဒါလောက် စိတ်ဝင်စားနေတာပါလဲ"

"ဟုတ်ကဲ့၊ ပြောပါ့မယ်။ ဒါပေမဲ့ တစ်ခုလေးတော့ ပြောပါဦး၊ ဒေါက်ကလပ်ဟာ အိမ်ထောင်ရှိသလား၊ လူလွတ်လား"

"လူလွတ်ပါ"

"ဒါပေမဲ့ အယ်လီနာဆိုတဲ့ မိန်းကလေး သူနဲ့အတူပါတယ် မဟုတ်လား"

"ဟာ. . . ဟုတ်တယ်၊ ဟုတ်တယ်။ ဒါပေမဲ့ အဲဒါက နှစ်ပတ်လောက် ကြာခဲ့ပြီပဲ။ ဒါဟိုတုန်းက ဖုန်းဆက်တာကို ပြောတာ၊ ခု ဘာစတိုမြို့က ဖုန်းဆက်တော့ အယ်လီနာနဲ့အတူ မဟုတ်တော့ဘူး။





ဖုန်းထဲကနေ မိတ်ဆက်ပေးတဲ့ ကလေးမ နာမည်က ဆူဆန်တဲ့၊ နေပါဦးရှင့်၊ ရှင်. . . ဘာကြောင့် ကျွန်မသားကို ဒီလောက် စိတ်ဝင်စားပြီး လိုက်ရှာနေရတာလဲ၊ သိပါရစေ။ ပြီးတော့ ကျွန်မ ဖုန်းနံပါတ်ကော ရှင် ဘယ်လိုလုပ် သိသလဲ"

"ဩော်. . . ဒီလိုပေါ့ ခင်ဗျာ၊ သူ့ကို တွေ့ချင်တော့ သူ့ အဆက်အသွယ်တွေကို လိုက်ရတာပေါ့"

"ကျွန်မ ဖုန်းနံပါတ်ကော ဘယ်နည်းဘယ်ပုံ ရထားတာပါလဲ ရှင်"

"ဒေါက်ကလပ်ဟာ သူ့အမေဆီ အမြဲတမ်း ဖုန်းနဲ့ အဆက်အသွယ် လုပ်တယ် မဟုတ်လား"

"ဒီလောက်နဲ့ မသိနိုင်သေးပါဘူး"

"သိနိုင်ပါတယ် ခင်ဗျ၊ သူ့မိတ်ဆွေတချို့နဲ့ ကျွန်တော် သိနေတာပဲဟာ"

"ရှင်က ဘာလုပ်သလဲ၊ သတင်းထောက်လား"

"မဟုတ်ပါဘူး။ ရှေ့နေပါ"

"ရှေ့နေ. . .၊ ဟုတ်လား၊ ကျွန်မသားအတွက် လိုက်ပေးနေရတဲ့ ရှေ့နေလား"

"မဟုတ်ပါဘူး။ သူ့အပေါ် စိတ်ဝင်စားလို့ပါ"

"ဒီလိုဆိုလည်း သူနဲ့ပဲ ဆက်သွယ်ပေတော့ မစ္စတာမေဆင် ကျွန်မက သူ့မိတ်ဆွေလားလို့၊ ဂွတ်ဘိုင် မစ္စတာမေဆင်"

တစ်ဖက်မှ ဖုန်းချသွားချိန် မေဆင်က ဒယ်လာကို ညွှန်ကြားသည်။

"ဒယ်လာရေ. . . ပေါလ်ဒရိတ်ရဲ့ ရုံးကို ပြောပေတော့၊ ဆော ယိမ်က မစ္စက်ဆာဒီကို နောက်ယောင်ခံပါလို့ပြော၊ သူ့ စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



တွေထဲက အသုံးကြီးကြီး အပြောအဆို ကောင်းတဲ့ အမျိုးသမီး တစ်ဦးကို သုံးပါလို့လည်း ပြော၊ ချဉ်းကပ်တဲ့အခါ သွယ်ဝိုက်ချဉ်းကပ် ပြီး မစ္စဆာဒီရဲ့ ယုံကြည်မှုကိုပါ ရအောင်ယူ၊ ပြီးတော့မှ ကိုယ်လိုချင် တာတွေ သိအောင် လုပ်လို့မှာ"

"ဆရာ. . . စောစောက မှတ်ထားတာတွေပါ ပေါ်လ်ဒရိတ်ကို ပြောပြလိုက်ရမှာလား"

"အေးပေါ့. . . အားလုံး ပြန်ပြောပြဖို့ လိုတယ်လေ"

ဤတွင် မစ္စက်ကျော်ဒန်က ဖြတ်ပြော၏။

"ခုန ပြောတာတွေ ကျွန်မတို့ကော မသိရဘူးလား"

"သိရပါတယ်။ ကျွန်တော် ပြန်ပြောပြပါ့မယ်"

ဒယ်လာ ထွက်သွားချိန် မေဆင်က မစ္စက်ဆာဒီနှင့် ပြောသမျှ အကုန် ပြန်ပြောပြသည်။ ဆူဆန်ဆိုသော မိန်းကလေးနှင့် တွဲနေ ကြောင်း ရောက်လာသောအခါ မစ္စက်ကျော်ဒန်နှင့် သူ့အဖေ မစ္စတာ ကော်ဘင်တို့ အကြည့်ချင်း ဖလှယ်မိကြ၏။ ထိုအချိန်၌ မေဆင်ကပင် ဖြတ်မေးလိုက်၏။

"ဆူဆန်ဆိုတဲ့ နာမည်နဲ့ မိန်းကလေး တစ်ယောက်ယောက်ကို သိများ သိကြပါသလား၊ ဟို. . . သင်္ဘောပေါ် တုန်းက ခရီးသည်တွေ ထဲမှာ မှတ်မိသလောက် ဒေါက်ကလပ်နဲ့ တွဲတဲ့ မိန်းကလေးတွေထဲ ဒီနာမည် ရှိမရှိ"

မစ္စက်ကျော်ဒန်က တစ်ချက်စဉ်းစားပြီး တွေးမိဟန် အမူအရာ ပေါ် လာရာ မေဆင်က ဖြတ်မေး၏။

"တွေ့ပြီလား"

မစ္စက်ကျော်ဒန်က ဖခင်ကို လှမ်းကြည့်ပြီးမှ ဖြေသည်။

"တစ်ယောက်တော့ ရှိလေရဲ့။ ဆူဆန်ဂရင်ဂါတဲ့"





မစ္စတာကော်ဘင်ကလည်း မျက်ခုံးများပင့် စဉ်းစားနေရာမှ ဝင်ပြော၏။

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဆူဆန်ဂရင်ဂါဆိုတဲ့ ကလေးမ တစ်ယောက် ရှိတယ်"

"ဒီမိန်းကလေးက ဘယ်သူလဲ၊ ဘယ်ကလဲ"

"နာမည်လောက်ပဲ ကျွန်မတို့ သိခဲ့ရတယ်။ အယ်လီနာ ကတော့ ပိုသိလိမ့်မယ်။ သူတို့ တတွဲတွဲ သင်္ဘောပေါ်မှာ ရှိနေခဲ့ကြဖူး တာကိုး၊ ဒီမြို့ထဲမှာပဲ နေတယ်လို့ ထင်ပါတယ်"

"သူ့လိပ်စာများ တစ်နည်းနည်း ရနိုင်ပါ့မလား"

"ကျွန်မမှာတော့ မရှိဘူး။ ဒါပေမဲ့ ဟို. . . အယ်လီနာဆီမှာ မိတ်ဆွေတွေရဲ့ လိပ်စာ မှတ်စုစာအုပ် ရှိတယ်။ အဲဒီမှာများ ပါမလား မသိဘူး။ အဲဒီစာအုပ် အိမ်က သူ့အခန်းထဲမှာ ရှိရင်တော့ ရှာကြည့် နိုင်မယ်ထင်တယ်၊ ကျွန်မအိမ်ကို ဖုန်းဆက်မေးလိုက်မယ်လေ ဘယ့် နှယ်လဲ"

အားလုံးက သဘောတူကြသဖြင့် မစ္စက်ကျော်ဒန်က ဖုန်းဆက် ၏။

"ဘီလ်လား. . .၊ အော်လ်ဂါ စကားပြောနေပါတယ်။ အရေး နည်းနည်းကြီးလို့၊ အယ်လီနာ အခန်းထဲသွားပြီး သူ့စားပွဲမှာ လိပ်စာ မှတ်စုစာအုပ် ရှာကြည့်စမ်းပါ။ စာအုပ်ထဲ ဆူဆန်ဂရင်ဂါရဲ့ လိပ်စာ မတွေ့ရင် ခုနောက်ဆုံးခေါက် ဥရောပ အပြန်ခရီး ခရီးသည်စာရင်းထဲ မှာ အဲဒီနာမည်နဲ့ လိပ်စာ ရှာကြည့်စမ်းပါ။ အော်တိုစာအုပ်လည်း ရှိလိမ့်မယ်"

မစ္စက်ကျော်ဒန် ဖုန်းကိုင်စောင့်နေစဉ် မေဆင်က အခြား တစ်နည်း တွေးမိပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ခရီးသည် လက်မှတ်ရုံးမှာလည်း ရှိနိုင်တာပဲ၊ တို. . . ဖုန်းနံပါတ် အညွှန်းမှာလည်း ရှိနိုင်တယ်၊ ကဲ. . . ရှာကြစမ်းကွာ"

မေဆင်က သူ့ဖုန်းစာရေးမကို ရှာခိုင်း၏။ အတန်ကြာ ရှာပြီးနောက် မတွေ့ကြောင်း ပြောလာ၏။ ထိုအချိန်တွင် မစ္စက်ရော်ဒန်က လှမ်းပြောသည်။

"ရပြီ. . . ရပြီ. . .၊ ကျွန်မဆီက ရမယ်၊ ရွှေနေကြီး ဘီလင်ဒါ အဆောက်အအုံလို့ လိပ်စာတွေ့ရသတဲ့၊ ဒါပေမဲ့ ရွှေနေကြီး သူ့ဆီ တိုက်ရိုက် ဝင်မေးလို့တော့ မကောင်းဘူး ထင်တယ်"

ဤတွင် ဖခင်မစ္စတာကော်ဘင်က ကြားဝင်၏။

"သမီးကြီး၊ ဒါက ရွှေနေတွေရဲ့ ပညာနဲ့ မစ္စတာမေဆင် လုပ်တတ်ပါတယ်ကွယ်"

"ဟုတ်ပါတယ်၊ ကျုပ် ဆောင်ရွက်သွားပါမယ်"

ထိုအချိန်၌ မစ္စတာကော်ဘင်တစ်ယောက် ပြန်ရန်ပြင်သည်။ ထိုနောက် မှာဖွယ်ရာများ ထပ်မှာသည်။

"ဩော်. . . မစ္စတာမေဆင် တစ်ခု ပြောပြရဦးမယ်။ အယ်လီနာ ခရီးထွက်မယ် စီမံတုန်းက အဖိုးတန်ပစ္စည်းတွေနဲ့ ထူးခြားတန်ဖိုးကြီးတဲ့ ခရီးဆောင်အိတ်ကြီးတွေ ပါသွားပါတယ်။ ဒီလိုဗျာ၊ ကျုပ်တို့က ပင်လယ်ခရီးဝေး ခဏခဏ ထွက်နေရတော့ ခရီးသည်ပစ္စည်းချင်း မမှားရအောင် ငွေကုန်ကြေးကျ ခံပြီး အကောင်းဆုံး ခရီးဆောင်အိတ်တွေ သမီးတွေအတွက်ပါ လုပ်ထားတယ်။ အဲဒီခရီးဆောင်အိတ်နဲ့ အယ်လီနာ ခရီးသွားတာပဲ။ အော်လ်ဂါရဲ့ အိတ်ကတော့ လိမ္မော်ရောင်နဲ့ အဖြူကျား၊ အယ်လီနာမှာ အဲဒီ လက်ဆွဲသေတ္တာမျိုး နှစ်လုံးနဲ့ အိတ်တစ်လုံး ပါတယ်။ ဒါကြောင့် ယိုးမားမြို့နဲ့ လာ့စ်ဗေးဂတ်မြို့မှာ





အဲလွန်စ ရှာချင်ရင် ဒါတွေက အထောက်အကူ ရနိုင်မယ် ထင်ပါ-တယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာကော်ဘင်၊ အများကြီး အသုံးဝင်ဖို့ ရှိပါတယ်။ ကဲ. . . ကျွန်တော်လည်း ဆုဆန်နဲ့ တစ်နည်းနည်း ဆက်သွယ်ကြည့်လိုက်ဦးမယ်"

အခန်းထဲမှ ထွက်ခွာစ ပြုနေသော မစ္စတာကော်ဘင်က ထပ်မှာသေး၏။

"ရွှေနေကြီး. . . ကုန်ချင်သလောက် ကုန်ပါစေ၊ လိုအပ်သလောက် စုံထောက်တွေကို လွှတ်ပါ၊ သုံးပါ"

မေဆင်က ခေါင်းညိတ်ပြ၏။ မစ္စတာကော်ဘင်က ထပ်မှာပြန်၏။

"ကုန်ဖို့ကျဖို့ ကိစ္စဆိုတာ ဘာမှတွက်ဆမနေဘဲ ပုံအောသုံးနိုင်တယ်နော်၊ ရွှေနေကြီး"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ငါး |

ဘီလင်ဒါ အဆောက်အအုံမှာ လူကုံထံများ နေထိုင်သော တိုက်ကြီး ဖြစ်သည်။ အနီးအနားမှာ တိုက်ခန်းများနှင့် အတန်းအစားချင်း များစွာ ကွဲပြား၏။

မေဆင်နှင့်ဒယ်လာတို့ တိုက်ကြီးမှ ဧည့်ချပ်ရေးမှူး ရုံးခန်းထဲ ဝင်သွားသောအခါ စာရေးကြီးက လေးလေးစားစား ကြိုဆိုသည်။ မေဆင်ကပင် စမေး၏။

"မစ္စဆူဆန်ရဲ့ အခန်းကို တစ်ဆိတ်ညွှန်ပါ"

"လူကြီးမင်း နာမည်. . ."

"ပယ်ရီမေဆင်ပါ"

စာရေးကြီးသည် ပယ်ရီမေဆင်ဆိုသူကို အဘယ်ကဲ့သို့သော ပုဂ္ဂိုလ်ဟု ကြိုသိထားသည် မသိ၊ အမူအရာတစ်ချက် ပျက်သွား၏။ ပြီးမှ တယ်လီဖုန်းဖြင့် တိုက်ခန်းတစ်ခုသို့ ဆက်စုံစမ်းပေးသည်။ ထို့နောက် အကြောင်းပြန်၏။





"မစ္စဆူဆန် အခန်းမှာ လောလောဆယ် မရှိပါဘူးတဲ့ ခင်ဗျာ"

"ဘယ်တော့ ပြန်ရောက်မလဲ"

"ကျွန်တော် မပြောနိုင်ပါဘူး ခင်ဗျာ"

"မစ္စဆူဆန် ဒီမြို့ထဲမှာပဲ ရှိမလား၊ တခြားမြို့များ သွားနေသလားဗျ"

"ဒါလည်း ကျွန်တော် မသိပါဘူး ခင်ဗျာ"

"ဒါဆိုရင် ဒီလောက်တော့ ကူညီပါ။ စာကလေးတစ်စောင် ရေးခဲ့ပါရစေ၊ သူ့စာပုံး ထည့်ထားပေးပါလား"

"ဒါတော့ ဖြစ်ပါတယ်"

မေဆင်က စာရေးဆီမှ စာရွက်နှင့် စာအိတ်တောင်းလျက် စာတစ်စောင် ကောက်ရေး၏။ စာကို စာရေးမမြင်အောင် ရေးခြင်း ဖြစ်သည်။ စာမှာကား-

ဒယ်လာ. . .ခု ဆရာတို့ လာတဲ့ကိစ္စမှာ ဒီစာရေးကို ကြည့်ရတာ မရိုးသားဘူးကွ၊ တို့နာမည် ပြောလိုက်ကတည်းက မျက်နှာတစ်ချက် ပျက်သွားခဲ့ပြီးပြီ၊ အခု တို့စာတစ်စောင် ဟိုဘက်နား သွားရေးမယ်၊ ဒယ်လာက ဒီကစောင့်ပြီး ဖုန်းအော်ပရေတာရဲ့ ဖုန်းခုံကို ကြည့်ထားနှင့်၊ ဘယ်သူ ဘယ်ကို ဖုန်းဆက်တယ်ဆိုတာလည်း မှတ်ထားနော်။

မေဆင်က စာကို ဒယ်လာထံ လှမ်းပေးလိုက်၏။ ပြီးမှ စာရေးကြီးဆီ စက္ကူတစ်ရွက် ထပ်တောင်းပြန်သည်။

"ဒီမှာ စာရေးကြီး၊ ဟိုစာလောက်နဲ့ မလုံလောက်ဘူးဗျာ၊ အသေးစိတ် လုပ်ငန်းအကြောင်း စာရေးမှာခဲ့ချင်လို့ပါ"

စာရေးကြီးက အသင့်ပင် နောက်စာရွက်တစ်ခု ထုတ်ပေးသည်။ မေဆင်က စာရွက်ကိုယူပြီး စာရေးစားပွဲဘက် သွားကာရေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤတွင် ဒယ်လာကလည်း မသိမသာ နေရာရွှေ့လျက် တယ်လီဖုန်းခုံဘက် ကပ်သွား၏။ စာရေးကြီးကမူကား အတွင်းပိုင်းရှိ လေလုံမှန်ခန်းငယ်အတွင်း ဝင်သွားပြီး တစ်နေရာသို့ ဖုန်းဆက်သည်။ မေဆင်သည်လည်း ၃ မိနစ်ခန့် စာရေးဟန်ဆောင်နေပြီး နောက်ဆုံး အချိန်တွင် စာနှစ်ကြောင်းခန့်သာ အမှန်ရေးလိုက်၏။

မစ္စဆူဆန်-

အခန်းကို ပြန်ရောက်ရောက်ချင်း ကျုပ်နဲ့ အမြန်ဆုံး ဆက်သွယ်ပါ။ ခင်ဗျားရဲ့ အကျိုးစီးပွားအတွက် ဖြစ်ပါတယ်။ မြန်နိုင်သမျှ မြန်ပါစေ။

စာရေးပြီးနောက် လက်မှတ်ထိုးလျက် စာအိတ်ထဲ ထည့်ပိတ်သည်။ စာအိတ်ပေါ်တွင် 'သို့-မစ္စဆူဆန်ဂရင်ဂါ' ဟု ရေး၏။

ထိုအချိန်၌ ဒယ်လာက လေသံဖြင့် မေဆင်ကို မကြည့်ဘဲ ပြော၏။

"ဆရာရေ. . . စာရေးကြီး လေလုံခန်းထဲကနေပြီး အခန်းနံပါတ် ၃၆၀ ကို ဖုန်းဆက်နေတယ်။ ခုလည်း ပြောနေတုန်းပဲ"

စကားပြောပြီးချိန်တွင် စာရေးကြီး ရှေ့ဘက် ပြန်ထွက်လာပြီး မေဆင်ထံမှ စာကို လှမ်းယူ၏။ မေဆင်က စာလှမ်းမပေးသေးဘဲ စာအိတ်ပေါ်၌ လိပ်စာ ဆက်ရေးရန် ပြင်ရင်း မေး၏။

"မစ္စဆူဆန်ရဲ့ အခန်းနံပါတ်က ဘယ်လောက်လဲဗျာ စာရေးကြီး. . ."

မပြောချင် ပြောချင်ဖြင့် စာရေးကြီးက ဖြေသည်။

"အခန်းနံပါတ် မလိုပါဘူးလေ။ ရေးချင်လည်း နံပါတ် ၃၅၈ လို့ ရေးလိုက်ပေါ့။ အခန်းနံပါတ် မပါလည်း မစ္စဆူဆန် ဒီစာကို ရမှာပါပဲ"





"ကဲ. . . စာရေးကြီး၊ သူ့လက်ထဲ ဒီစာအမြန်ဆုံး ထည့်ပေးပါနော်"

စာအိတ်ပေးပြီးချိန် မေဆင်သည် ဒယ်လာကို လက်တွဲလျက် တိုက်အပြင် ထွက်ခဲ့သည်။

"ဘယ်လိုလဲဆရာ၊ ဆရာ့ကို ပြောတော့ အခန်းနံပါတ် ၃၅၈ သူ ဖုန်းဆက်တာက နံပါတ် ၃၆၀၊ တစ်ခုခုတော့ တစ်ခုခုနဲ့တူတယ် ဆရာ"

"ဒါပေါ့ ဒယ်လာ၊ အဲဒီတစ်ခုခု ဘာလဲဆိုတာ ဆရာတို့ သိအောင် လုပ်ကြရမှာပေါ့။ ကဲ. . . လာ၊ ဒီအနားတစ်ဝိုက် ခဏ တို့လမ်းလျှောက်ကြရအောင်လား"

"ဘာရယ် ဆရာ၊ လမ်းလျှောက်ရအောင်၊ ဟုတ်လား"

"ဟုတ်တယ် ဒယ်လာ၊ ကားကို ဒီအတိုင်း ဆရာတို့ ထားထားမယ်၊ လာ. . . လာ. . ."

မေဆင်သည် တိုက်ပြင်ထွက်ရင်း နောက်ဘက်သို့ လှေလာ လိုက်ရာ နောက်ဘက်တွင် ဓာတ်လှေကားတစ်ခုရှိကြောင်း တွေ့လိုက် ရသဖြင့် ထိုဓာတ်လှေကားဖြင့်ပင် အပေါ် တတိယထပ် တက်ရန် ပြင်သည်။ ဓာတ်လှေကားမောင်းက နောက်ဘက်ဓာတ်လှေကား သုံးသူများကို အံ့အားသင့်နေသည်။ ဤတွင် မေဆင်က ငွေစက္ကူ တစ်ရွက် လက်ထဲ ထည့်ပေးလိုက်ပြီး ရှင်းပြ၏။

"ဒါ အမှိုက်သိမ်း အမှိုက်သွန် လှေကားဆိုတာ သိပါတယ်။ တို့အလုပ်ကလည်း အမှိုက်အလုပ်မျိုးမို့ နောက်ဘေးက လာခဲ့ရတာပါကွာ"

ဓာတ်လှေကား မောင်းသမားက မောင်းပို့ရင်း စောစောက စာရေးကြီးအကြောင်း အတင်းပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလူကြီးက ဘယ်သူနဲ့မှ မတည့်ဘူးဗျာ"

မေဆင်က ဘာမှ ပြန်မပြောတော့ဘဲ ဒယ်လာကို ခေါ်လျက် အခန်းနံပါတ်များ အနေအထားကို လေ့လာပြီး အခန်းနံပါတ် ၃၆၀ ရှိရာ တန်းသွားကြ၏။ တံခါးညာဘက်ရှိ လူခေါ်ခလုတ်ကို မေဆင်က နှိပ်လိုက်ရာ အပြင်ထွက်ရန် အသင့်ဝတ်စားထားပြီး ဖြစ်သော အမျိုးသမီးတစ်ဦး တံခါးလာဖွင့်၏။

မေဆင်နှင့် ဒယ်လာကို တွေ့လိုက်ရသည်တွင် အလွန်အံ့အားသင့်လျက် နောက်တစ်လှမ်း ပြန်ဆုတ်ရင်း ပြောလာ၏။

"အြော်. . . ရှင်ကိုး. . ."

"ဟုတ်ပါတယ်၊ ထင်တဲ့အတိုင်းပါပဲ"

"ကျွန်မ. . . ကျွန်မ. . . အိုလေ. . . ရှင် ဘာလာလုပ်တာလဲ၊ ပြောပါ"

"အင်း. . . အောက်က စာရေးကြီး တစ်ခုခု ပြောထားပြီ ထင်တယ်"

အမျိုးသမီးက ထပ်မေးပြန်၏။

"ရှင် ဘာလိုချင်လို့လဲ"

မေဆင်က သူ့အမေးကို မဖြေ။ မေးခွန်းတစ်ခုသာ ပြန်မေးလိုက်၏။

"ကျုပ်ဘယ်သူဆိုတာ သိနေတယ်ထင်တယ်၊ ဟုတ်ရဲ့လား"

"ဓာတ်ပုံထဲမှာ တွေ့ဖူးနေတော့. . . သိပါတယ်၊ ဟိုဟာက အတွင်းရေးမှူး ဒယ်လာစထရိ မဟုတ်လား"

မေဆင်ကပင် ဖြေသည်။

"ဟုတ်တယ်၊ ခင်ဗျားနဲ့ စကားပြောချင်လို့ လာတာ"

မိန်းမပျိုက မျက်ခုံးပင့်ကြည့်နေခိုက် မေဆင်နှင့် ဒယ်လာတို့ အခန်းထဲ ဝင်လိုက်ကြသည်။ အခန်းထဲ အကဲခတ်လိုက်သောအခါ-





ကြမ်းပေါ်တွင် ပြန့်ကျဲနေသော ထိုနေ့နံနက်ထုတ် သတင်းစာများ၊ ထိုသတင်းစာများမှ 'ပန်းခြံတစ္ဆေမအကြောင်း' သတင်းများကို မောင်တိန်ဖြင့် ဝိုင်းမှတ်ထားကြောင်း တွေ့ရ၏။ ထို့ကြောင့် ထိုသတင်းကို တစ်စုံတစ်ဦး အထူးစိတ်ဝင်စားကြောင်း အကဲခတ်မိနိုင်၏။ သုံးဦးသား အခန်းထဲအရောက်တွင် မိန်းမပျိုက စကားစ၏။

"ကျွန်မ နာမည်က အေသယ်ဘီလန် ဖြစ်ပါတယ်။ မစ္စတာ မေဆင် ကြားတောင်ကြားဖူးမယ် မထင်ပါဘူး။ ဒါကြောင့် တခြား တစ်စုံတစ်ယောက်နဲ့ လွဲနေမှာစိုးလို့ ပြောရတာပါ"

မေဆင်က ဒယ်လာကို ကြည့်လိုက်ရာ အကြည့်ချင်း ဆုံသွားသဖြင့် ထိုင်ရန် ဒယ်လာကို ညွှန်လိုက်၏။ ကိုယ်တိုင်လည်း ကုလားထိုင်၌ နေသားတကျ ထိုင်လိုက်သည်။ ပြီးမှ စကားပြောသည်။

"ဟုတ်ကဲ့ မစ္စအေသယ်၊ လူ မမှားပါဘူး။ ကျုပ် စကားပြောချင်တာလည်း ခင်ဗျားပါပဲ၊ ကျုပ်ဟာ ခင်ဗျား ဟိုသတင်းစာထဲမှာ ဖတ်လိုက်ရတဲ့သတင်းထဲက ကလေးမလေးရဲ့ ရှေ့နေပါပဲ"

မေဆင်က သတင်းစာများကိုပါ ညွှန်ပြ၏။

အေသယ်က တစ်စုံတစ်ခုပြောရန် ပြင်သေး၏။ သို့သော် စိတ်ပြောင်းသွားပုံရပြီး မပြောတော့။ ငြိမ်သက်နေသဖြင့် မေဆင်ကပင် စကားပြန်စသည်။

"ခင်ဗျား အခန်းကျယ်ကြီးက သိပ်အဆင်ပြေတာပဲနော်။ ဒီပြတင်းတွေကနေကြည့်ရင် ဟို. . . ဆီယာရာဗစ္စတာ ပန်းခြံကို အပေါ်စီး တွေ့နေရတယ်။ နှစ်ခန်းတွဲကြီးပါလားဗျ။ တစ်ဦးဦးနဲ့ ဖက်စပ် ငှားနေတယ် ထင်တယ်။ ဟုတ်လား"

မေးခွန်းကို မဖြေသေးဘဲ မည်သို့ ဖြေရမည်ကို စဉ်းစား အချိန်ယူလျက် အေသယ်က အခန်းထဲ ဟိုကြည့်သည်ကြည့် လုပ်နေ၏။ ထို့နောက် တယ်လီဖုန်းရှိရာသို့ ထလျှောက်သွားပြီးမှ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငှားတာတော့ အတော်ကြာကတည်းက ကျွန်မတစ်ဦးတည်း ငှားခဲ့တာပါ။ ဒါပေမဲ့ ခုတော့ တခြားမိန်းကလေးတစ်ယောက် ကျွန်မနဲ့ အတူ တွဲနေပါတယ်။ ခု သူပြောင်းသွားတော့ ဘယ်သူမှ မရှိတော့ပါဘူး"

မေဆောင်က ခေါင်းညိတ်နားထောင်ရင်း ဆေးလိပ်ထုတ်တည်သည်။

"ဆေးလိပ်သောက်ပါလား ခင်ဗျာ"

"ကျေးဇူးတင်ပါတယ်၊ မသောက်တတ်ပါဘူး"

"ဒါဆို. . . ကျွန်တော့်ကိုတော့ သောက်ခွင့်ပြုပါနော်"

အော်သယ်က ယခုမှ လိုရင်းကို ဖွင့်ပြောတော့သည်။

"ကျွန်မ. . . စောစောကတည်းက အပြင်ထွက်မလို့ ပြင်ဆင်ထားပါတယ်။ အဲဒါ မစ္စတာမေဆောင် ဘာလိုချင်လို့ပါလဲရှင်၊ ကျွန်မ တိုတိုမေးပါရစေတော့"

မေဆောင်က အံ့အားသင့်ဟန်ဖြင့် တည့်တိုး ပြန်မေး၏။

"ခင်ဗျား တကယ်မသိဘူးလားဗျ"

"တကယ် မသိရိုးအမှန်ပါ မစ္စတာမေဆောင်၊ ပြောပြမှ သိရမှာပဲ"

"ဒီလိုရှိပါတယ် ခင်ဗျာ၊ အမှုတစ်ခုအတွက် ရှေ့နေလိုက်ရင်း အခုလို သက်ဆိုင်မယ်ထင်တဲ့ လူတွေ နေရာတွေ လိုက်စုံစမ်းတဲ့အခါ မျိုးမှာ ကျွန်တော်တို့ဘက်က စပြောရင် အတိမ်းအစောင်းရှိတတ်ပါတယ်။ ဒါကြောင့် ဒီကိစ္စမှာ တစ်ဖက်ကပဲ သိသမျှ စပြောတာ ပိုကောင်းပါတယ်"

"အဲ. . . မစ္စတာမေဆောင် ကျွန်မမှာတော့ ရှင့်ကို ပြောပြစရာ ဘာမှ မရှိတာ အမှန်ပဲ"





အော်သယ်၏ စကားကို နားထောင်ခိုက် မေဆောင်၏ မျက်လုံး တစ်နေရာသို့ ရောက်သွားလျက် ချက်ချင်း မေးခွန်းထုတ်လိုက်တော့၏။

"ဟို. . . ဟို. . . မိုးကာအင်္ကျီဟာ အယ်လီနာ ဝတ်သွားတဲ့ ခင်ဗျားပိုင် မိုးကာ မဟုတ်လား"

"ဘာကြောင့် ဒီလိုမေးတာလဲ၊ ဪ. . . ဟိုမိုးကာကို ရှင် တွေ့သွားပြီကိုး၊ ဒါကြောင့် ရှင် ကျွန်မအခန်းကို ရောက်လာတာပေါ့၊ ဟုတ်လား၊ နေပါဦးရှင် အယ်လီနာကော်ဘင် ကိုယ်တိုင်က လွှတ် လိုက်တာလား၊ ဒါမှမဟုတ် မိုးကာကြောင့် လာတာလား"

"ကျွန်တော်တို့ အယ်လီနာရဲ့ ပစ္စည်းတွေကို သယ်သွားချင် ပါတယ်။ ဖြစ်နိုင်ပါ့မလား"

"ကျွန်မမှာ အချိန် မရှိ. . ."

"အို. . . အို. . . ကျွန်တော့်အတွင်းရေးမှူး ပါပါတယ်။ ထုပ်ပိုးဖို့လိုရင် တာဝန်ယူဖို့ အတွက်ပါ"

"အင်း. . . ကျွန်မတော့ တကယ် အံ့ဩနေရပြီ မစ္စတာ မေဆောင်၊ အယ်လီနာရဲ့ ပစ္စည်းတွေ ဒီမှာ ရှိနေတယ်လို့ကော ရှင် ဘယ်လိုလုပ် သိထားပါလိမ့်"

မေဆောင်က ခေါင်းခါပြသည်။ အော်သယ်ကပင် ဆက်ပြော၏။

"ကျွန်မ သိထားသလောက်တော့ အယ်လီနာကော်ဘင်ဟာ အလျင်နှစ်ပတ်လောက်ကတည်းက အတိတ်မေ့ရောဂါ ခံစားခဲ့ရ တယ်။ ဒါကြောင့် နှစ်ပတ်အတွင်း သူဘာမှ မမှတ်မိရှာဘူး။ သူ ဘယ်မှာ နေခဲ့မှန်းတောင် သိမှာ မဟုတ်ဘူး"

မေဆောင် ပြုံးနားထောင်နေခိုက် အော်သယ်ကပင် ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီတဲ့ရှင်၊ မစ္စတာမေဆင် ဆိုတာကလည်း နှယ်နှယ်ရရ ရှေ့နေမှ မဟုတ်ဘဲ။ အယ်လီနာကော်ဘင် လွှတ်လိုက်လို့ ဒီကို လာတာပဲ ဖြစ်ပါလိမ့်မယ်။ ကဲ. . . သူ့ပစ္စည်းတွေ ယူသွားချင်ရင် ဒီဘက်ခန်းထဲမှာပါတဲ့ရှင်၊ ကြွပါ ကြွပါ၊ ကြည့်ပါ၊ ယူပါ"

မေဆင်တို့နှစ်ယောက် သူ့လမ်းညွှန်ချက်အတိုင်း သူ့နောက်မှ လိုက်သွားကြ၏။ အိပ်ခန်းတစ်ခုထဲအရောက် ဗီရိုတစ်ခုကိုပါ ဖွင့်ပေးသည်။

"ဒါတွေအားလုံး သူ့ပစ္စည်းတွေပါပဲ။ ဟို. . . ခရီးဆောင်သေတ္တာနှစ်ခုရယ်၊ ဒီလက်ဆွဲအိတ်ရယ်၊ အဲဒါတွေလည်း သူ့ဟာတွေပါပဲ"

အနီနှင့်အဖြူအိတ်ကြီးတစ်လုံးကိုလည်း မေဆင်က ညွှန်ပြရင်း အယ်လီနာ၏အိတ် ဟုတ်မဟုတ်မေးရာ ဟုတ်ကြောင်း ဖြေ၏။

"ကဲ. . . ဒယ်လာရေ၊ ပစ္စည်းတွေ တတ်နိုင်သလောက် သလောက် သိမ်းပေတော့"

ဒယ်လာက ခေါင်းညိတ်ပြပြီး သိမ်းဆည်း၏။

"ကဲ. . . ကျွန်တော်တို့ အပြင်က ခဏထိုင်စောင့်လိုက်ကြရအောင်လား။ ဒယ်လာ သိမ်းဆည်းပြီး အပြင်ယူလာပါလိမ့်မယ်"

မေဆင်၏ စကားကို အေသယ်က အကြောင်းပြဖြေ၏။

"မစ္စတာမေဆင်၊ ကျွန်မမှာ အချိန်းအချက်တစ်ခု အရေးတကြီး ရှိနေပါတယ်။ ဒါကြောင့် မြန်မြန် အပြင်သွားချင်နေပါပြီ။ မြန်မြန်ပြီးအောင် မစ္စဒယ်လာကို ကျွန်မပါကူပြီး လုပ်ပေးလိုက်ပါမယ်ရှင်"

မေဆင် ခေါင်းညိတ်ပြပြီး ဧည့်ခန်းဘက် ထွက်လာ၏။ ပစ္စည်းအားလုံး သိမ်းပြီးချိန် မေဆင်က ပြော၏။





"ကျွန်တော်တို့ မစ္စအေသယ်ရဲ့ ဂုဏ်သိက္ခာကို ယုံကြည်ပါတယ်။ ပစ္စည်းစုံပြီ ထင်ပါတယ်နော်"

"ဟုတ်ကဲ့ ကုန်ပါပြီ။ ဒါပေမဲ့ တစ်ခုတော့ ရှိသေးတယ် မစ္စတာမေဆင်၊ အယ်လီနာကော်ဘင်ဟာ ခုအပတ်အတွက် အခန်းခ တစ်ပြားမှ မပေးရသေးပါဘူးရှင်"

"ဪ. . . ဒါလား၊ ရမှာပေါ့။ ကျွန်တော် ရှင်းခဲ့ပါ့မယ်။ ဘယ်လောက်ကျသလဲ"

"၈၅ ဒေါ်လာပါ"

မေဆင်က အနည်းငယ် တုံ့ဆိုင်းသွား၏။

"ဒါ. . . ကျွန်မ တကယ်ပေးရတဲ့ အခန်းခတစ်ဝက် မရှိသေးပါဘူးရှင်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါပြီ"

မေဆင်သည် ၈၅ ဒေါ်လာ ရေတွက် ပေးချေလိုက်၏။ ထို့နောက် ပြေစာပေးနိုင်က ပေးရန် တောင်းသည်၊ ရှေ့နေအဖြစ် ကုန်ကျစရိတ် ပြရန်ဟု ပြောသည်။ အေသယ်ကလည်း အလွယ်တကူပင် လက်မှတ်ပါ ရေးထိုးပေးလိုက်၏။ ဩဂုတ် ၁၆ မှ ၂၃ ရက်အထိ အတိအကျ ပြေစာ၌ ဖော်ပြထား၏။

"ကဲ. . . ဒယ်လာရေ မင်းက အိတ်ကိုပဲ ဆွဲခဲ့၊ ဆရာ သေတ္တာနှစ်လုံး ယူခဲ့မယ်"

ဤတွင်မှ အေသယ်က သူ အံ့ဩနေရသော အချက်တစ်ခု အကြောင်း မေး၏။

"မစ္စတာမေဆင်၊ ရှင်တို့ ဒီအထပ်အထိ ဘယ်လိုရောက်အောင် တက်လာခဲ့ကြသလဲ၊ ကျွန်မ အံ့ဩနေတယ်"

"စာရေးက ခင်ဗျားဆီ ဖုန်းဆက်ပြီးချိန် ကျုပ်တို့ ဒူဆီက အကူအညီ မရနိုင်တော့မှန်း သိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ရှင် ကျွန်မနာမည် စုံစမ်းတာလဲ မဟုတ်ဘဲနဲ့"

"ဩော်. . . ဒါလား၊ ဒါကတော့ဗျာ။ ရှေ့နေဆိုတာ ရှေ့နေလို တွေး၊ ရှေ့နေလို လုပ်ရတာပါပဲ"

"ဩော်. . . ဩော်၊ ရှေ့လျှောက်လည်း ဒီကိစ္စနဲ့ ပတ်သက်သမျှ ကျွန်မအပေါ် စဉ်းစဉ်းစားစား လုပ်ပါနော်။ ကဲ. . . ကျွန်မသွားစရာ ကိစ္စ သွားပါရစေ။ ကျွန်မက မြို့ထဲ စတိုးဆိုင်ကြီးတစ်ခုရဲ့ တာဝန်ခံပါ။ ခုနေ့လယ်နားချိန် ပြန်နားတုန်း ရှင်တို့ ရောက်လာတာ ပါပဲ"

"တစ်ခုတော့ မှာခဲ့ပါရစေ မစ္စအေသယ်၊ ကျွန်တော်တို့ အခု ဒီကို ရောက်လာတာ ဘယ်သူ့မှ မပြောပါနဲ့နော်"

"ရှင်တို့ လူမသိအောင် ဒီပစ္စည်းတွေ ကားဆီ ဘယ်လို သယ်မလဲ"

"ဒါတော့ ကျွန်တော် စီစဉ်ပါ့မယ်။ ကဲ. . . ခင်ဗျား ငါးမိနစ်လောက်တော့ စောင့်ပေးပါဦးလား"

"ဟာ. . . မဖြစ်တော့ဘူး ထင်တယ်။ ကျွန်မ သိပ်နောက်ကျနေပြီရှင့်"

ပြီးမှ တစ်စုံတစ်ခု စဉ်းစားဟန်ဖြင့်. . .

"ဟုတ်သားပဲ၊ ကဲ. . . စီစဉ်ပေတော့"

မေဆင်သည် ဒယ်လာကို ခေါ်လျက် ပစ္စည်းတင် လှေကားဘက် လျှောက်သွား၏။ အေသယ်ကမူ လူစီးဓာတ်လှေကားဆီ သွားနှင့်သည်။ ဤတွင်မှ ဒယ်လာက သူ့ဆရာကို သတိပေး၏။

"ဆရာရေ. . . အောက်က စာရေးကိုတော့ အေသယ်က သတင်းပို့ပြီး ဖြစ်လိမ့်မယ် ထင်တယ်"

"ကွာ. . . ပြောလည်း ဂရုစိုက်စရာ မလိုတော့ပါဘူး။ တို့လက်ထဲ အယ်လီနာ့ပစ္စည်းတွေ ရောက်နေပြီပဲ"



သည်တော့မှ ဒယ်လာတစ်ယောက် သက်ပြင်းရှည်ကြီး တစ်ချက်ချပြီး သူ့ဆရာကို ပြောလည်းပြော မေးလည်းမေးတော့သည်။

"နေပါဦးဆရာ၊ ကျွန်မတော့ ဦးနှောက်ခြောက်သွားပြီ။ အေသယ်ကလည်း ဆူဆန်မဟုတ်ဘူးတဲ့။ ဘယ်လိုလဲ၊ တစ်ခါတို့. . . မိုးကာအကျီကိစ္စ ဆရာ လှမ်းပြောတုန်းကလည်း ကျွန်မလန့်သွားတာပဲ။ အဲဒါကော ဘယ်လိုလဲဆရာ"

"ဒီမိုးကာဟာ အေသယ်ရဲ့ မိုးကာ ဖြစ်ရမယ်။ ဘာကြောင့်လဲဆိုတော့ အယ်လီနာ ခရီးထွက်ချိန်က ရာသီဥတု ပူတယ် မဟုတ်လား။ ဒီတော့ မိုးကာ ဘယ်ယူခဲ့ပါ့မလဲ။ ပါတယ်ဆိုရင်လည်း အဝတ်သေတ္တာ အောက်ဆုံးလောက်မှာပဲ ရှိနေလိမ့်မယ်။ လတ်တလော လိုတဲ့ပစ္စည်းမှ မဟုတ်ဘဲ"

"ဒီလိုဆိုရင်လည်း အယ်လီနာတစ်ယောက် ဘာကြောင့် အဝတ်အစားအားလုံး ဒီအခန်းထဲ ချတ်ခဲ့ပြီး အလွယ်တွေ့တဲ့ မိုးကာနဲ့ ပန်းခြံထဲ လျှောက်နေခဲ့တာလဲ ဆရာ၊ အေသယ်ကလည်း ဘာကြောင့် သူ့မိုးကာကို ပေးလိုက်ရတာလဲ"

"ဒယ်လာရေ. . . မင်း တစ်ခု မေ့နေပြီ ထင်တယ်။ သတိထားဖို့တစ်ချက်က အယ်လီနာကို အေသယ်က သူ့မိုးကာ ပေးချင်မှလည်း ပေးမယ်။ သူ့ဘာသာသူ ယူဝတ်သွားတာလဲ ဖြစ်နိုင်တယ်။ ဘာပဲပြောပြော ဒီမိုးကာဟာ အေသယ်ရဲ့ မိုးကာအမှန်၊ ဘယ့်နှယ်လဲ။ အေသယ်တလည်း သူ့မိုးကာလို့သာ ပြောတယ်၊ တခြားမပြောဘူး"

"ဒါတော့ ဟုတ်တာပေါ့ ဆရာရယ်"

"နောက်ပြီး အေသယ် ဒီလို ပြောတာလည်း တို့တစ်တွေ ဒီမိုးကာအကြောင်း သိပြီးသားလို့ သူယူဆပုံရတယ်။ ပြီးတော့ တစ်ခု မှတ်ထားဦး၊ ဒီပြေစာဟာ ဩဂုတ် ၁၆ ရက်ကနေ ၂၃ အထိ



www.burmeseclassic.com

www.burmeseclassic.com



ရက်ပိုင်းအတွက်နော်၊ ဒီကနေ့မှ ၁၇ ရက်ပဲ ရှိသေးတော့ အေသယ် ဆိုတဲ့ မိန်းမဟာ ငွေရေးကြေးရေးကိစ္စမှာ သူ့ဘက်က ဘယ်တော့မှ အထိမခံဘူး။ တွေ့တယ် မဟုတ်လား အခန်းငှားခ နေ့စွဲပြန်တွက်ရင် တစ်ပတ်တစ်ခါ စနစ်ဆိုတော့ အယ်လီနာ ဒီအခန်းစငှားတာ လဆန်း ၂ ရက်၊ သို့မဟုတ် ၉ ရက်နေ့ ဖြစ်ရမယ်ကွဲ့"

"အယ်လီနာ အိမ်က ထွက်တာ လဆန်း ၂ ရက်နေ့ဆို မဟုတ်လား ဆရာရဲ့"

"ဟုတ်တယ်၊ ဒီတော့ ၉ ရက်နေ့က စငှားတယ်လို့ ယူဆနိုင်တယ်။ ဒီတော့ လဆန်း ၂ ရက်နေ့ကနေ ၉ ရက်နေ့ ကြားထဲမှာ အယ်လီနာ ခြေရာပျောက်နေပြီ။ ဒါဟာ ပြဿနာတစ်ခုပဲ"

"ဪ. . . ဆရာတစ်ခုကော သတိထားမိလိုက်ရဲ့လား။ ဟို. . . အေသယ်က အယ်လီနာကော်ဘင်လို့ပဲ သုံးတယ်။ အယ်လီနာဟက်ပနာလို့ မသုံးဘူးနော်"

"သိပ်ဟုတ်တာပေါ့။ ဒါကြောင့် သိပ်သတိထားလိုက်မိတယ်"

"ကဲ. . . ဆရာ၊ ဒီလိုဆိုရင် ၉ ရက်နေ့တနေ ၁၆ ရက်နေ့ အထိ အယ်လီနာဟာ ဒီအခန်းထဲမှာ ဘာလုပ်နေခဲ့မယ် ထင်သလဲ"

ထိုအချိန်၌ ကုန်တင်ဓာတ်လှေကား ရပ်လာ၏။ ပစ္စည်းများ ဓာတ်လှေကားပေါ် တင်ပြီးချိန် မေဆင်က လှေကားမောင်းသူကို ပြောရ၏။

"အေးကွာ၊ သေတ္တာတွေ ပြင်ဖို့ အပ်လိုက်တာ ပစ္စည်းတင်ဓာတ်လှေကားဆီပဲ တို့ကို ညွှန်လိုက်တယ်။ လူစီးဓာတ်လှေကားမှာ ဧည့်သည်တွေ များနေလို့တဲ့"

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဒီကောင်တွေ တစ်ခေါ်လာလောက် ဆို့လိုက်ရင် ပြီးတာပဲ"





ခဏအကြာ၌ မြေညီထပ် ရောက်လာကြ၏။

"ဒယ်လာရေ၊ တို့ ဒီက စောင့်နေမယ်။ ကားသွားမောင်းယူခဲ့ပေတော့"

"ဆရာကလည်း ကျွန်မ စောင့်ပေးပါ့မယ် ဆရာရဲ့"

"ရပါလိမ့်မယ်။ ညည်းစောင့်ပေးလို့ သေတ္တာတွေက ကောင်းပါတီသနဲ့ ဆွဲသွားလို့ ခက်နေဦးမယ်"

ကားရောက်လာချိန် ပစ္စည်းတင်အပြီး မေဆင်က ကိုယ်တိုင် မောင်း၏။

"ဘယ်သွားကြမလဲ ဆရာ"

"စဉ်းစားနေတယ်။ ဒါကြီးတွေက ဆရာ့ရုံးယူသွားရင်လည်း ဟိုသူသိ ဒီလူသိ ဖြစ်ကုန်ဦးမယ်။ သတင်းစာတွေထဲ ပါချင်လည်း ပါသွားလိမ့်မယ်။ ဒီတော့ ဒယ်လာ့အခန်းမှာ ခဏထားကြရအောင် ဘယ့်နှယ်လဲ"

"ဖြစ်ပါတယ် ဆရာရဲ့"

မောင်းသွားရင်း လမ်းတစ်နေရာတွင် သတင်းစာ လက်ပွေ့ရောင်းသမားကလေးရှေ့ ထိုးရပ်ပြီး ညနေသတင်းစာ ဝယ်၏။ မေဆင် မောင်းနေစဉ် ဒယ်လာက သတင်းစာ ဖတ်လာသည်။ တစ်နေရာအရောက်-

"ဆရာရေ၊ ဒီမှာ ဆေးရုံသတင်း ပါလာပြီ။ ကြည့်ပါဦး"

"ဖော်ပြချက် ပြည့်စုံရဲ့လား"

"အရေးအသား ကြည့်ရတာကတော့ ဆရာ့ဘက် မြှားဦးလှည့်ထားတယ်။ ဆရာက ရှေ့က ကာဆီးကာဆီး လုပ်ထားလို့ ဖြစ်မှာပေ့ါ။ ဖတ်လို့တော့ ကောင်းတယ် ဆရာ၊ တစ္ဆေကလေးဆီ သူ့အိမ်က လိုက်လာကြတယ်။ မျိုးနွယ်က လူချမ်းသာတွေ၊ ဒါကြောင့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သတင်းစာတွေထဲ အကြီးအကျယ် မပါနိုင်အောင် ရွှေနေကြီးတစ်ယောက်ကို ကြေးကြီးကြီး ပေးငှားထားတယ်။ တစ္ဆေမကလေးအတွက် ကိစ္စအရပ်ရပ် ဆောင်ရွက်ပေးဖို့ပါ ဒီရွှေနေကြီးကိုပဲ ငှားထားတယ်။ ဘယ့်နှယ်လဲ ဆရာ၊ ပြည့်စုံတယ် မဟုတ်လား"

မေဆင်က ခေါင်းညိတ်ပြ၏။

"အင်း. . . ဒါကြောင့်လဲ ဒီကိစ္စကလေးလောက်ကို ဒီလောက် ဒေါ်လာ ၂၅၀၀ စရန်ပေးပြီး ငှားကြတာကိုး။ ဒီလို ရွှေနေခမျိုးက လူသတ်မှုကြီးတွေမှာမှ ပေးတတ်ကြတာမျိုး မဟုတ်လား ဆရာ"

မေဆင်က ခေါင်းပင် ညိတ်ပြ၏။

"ဒါပေမဲ့ ဆရာ၊ ဒီလို ဖုံးဖိထားတော့ သတင်းစာတွေက ပို မရေးဘူးလား။ ပိုရေးတော့ ပိုပြီး 'ကျော်' ရော မဟုတ်လား ဆရာ"

မေဆင်က ခေါင်းခါ ညိတ်ပြ၏။

"ဆရာ. . . ဆရာဟာ ဒီအတိုင်းဆိုရင် ဒီမိသားစုအတွက် အကြီးအကျယ် အထောက်အကူပဲနော်။ ဆရာ့ကြောင့် ပို 'ကျော်' ဦးတော့မှာပဲ"

"ဟုတ်ပါ့. . . ဒေါ်ဒယ်လာ ခင်ဗျား။ ကျွန်တော် ဒီလိုပဲ ယူဆပါ့"

မေဆင်က ငြင်း၏။ ဒယ်လာက မျက်စောင်းထိုးပြီး ဆက်ပြန်၏။

"ဆရာကလည်း ပြောတော့မယ်။ ကျွန်မက ကောင်းကောင်း ပြောတဲ့ဥစ္စာ၊ သူတို့ ဆရာ့ဆီ ချဉ်းကပ်တုန်းက သတင်းစာထဲ ဟိုးလေး တကျော် မဖြစ်ချင်လို့ မဟုတ်လား၊ ခုတော့ ဆရာ့ကြောင့် ပိုပြီး ဟိုးလေးတကျော် ဖြစ်ကုန်ရော၊ အသေးအဖွဲကလေးက အကြီးကြီး ဖြစ်သွားရော။ ကဲ. . . မဟုတ်ဘူးလား ဆရာ"





ဤတစ်ကြိမ်၌ မေဆင်က ဘာမှမပြော၍ ဒယ်လာက ဆက်ပြန်၏။

"ဒီမှာ နားထောင်ဆရာ၊ ချမ်းသာတဲ့ မိသားစုက ဒီကိစ္စမှာ လူသတ်မှုဆိုင်ရာ နာမည်ကြီးရွှေနေ ပယ်ရီမေဆင်ကို ငှားတယ်။ ပယ်ရီမေဆင်က ဆေးရုံမှာ ဆရာဝန်ကို ပထုတ်ပြီး လူနာကို သူကြိုက်တဲ့ ပုဂ္ဂလိက ဆေးခန်းတစ်ခုကို ရွှေ့သွားတယ်။ ရွှေ့သွားပုံကလည်း ပုဂ္ဂလိက လူနာတင်ကားကြီးနဲ့ဆိုတော့ ဘာမီးပွိုင့်မှ စောင့်မနေရတော့ဘဲ ဥသြမှုတ်ပြီး တစ်နာရီ မိုင် ၆၀ နှုန်း မောင်းသွားတယ်။ ဘယ်ကားမှ လိုက်မမီတော့ လူနာကို ဘယ်ပို့လိုက်သလဲလို့ ဘယ်သူမှ မသိရတော့ဘူး။ ပြီးတော့ ချမ်းသာတဲ့ မိသားစုအကြောင်း ဖော်ပြထားတာမှာလည်း ကြည့်ပါဦးတော့။ ဥရောပနဲ့ အိမ်ဦးကြမ်းပြင် သွားနေတဲ့ သူ့ငွေးတွေ၊ အယ်လီနာ့အဖေရဲ့ ဓာတ်ပုံလည်း ပါလိုက်သေး။ ဒေါက်ကလပ်နဲ့ ခိုးရာ လိုက်ပြေးခဲ့တာလည်း ပါတယ်။ ကောင်းကုန်ရော ဆရာ၊ မပေါ်စေချင်ကာမှ 'ကျော်' ပါလေရောလား။ သတင်းကလည်း မျက်နှာဖုံး သတင်းကြီး"

မေဆင်က ခေါင်းညိတ်ရုံမျှ ညိတ်ပြန်သည်။

"ဆရာ. . . တစ်ခုတော့ မေးပါရစေ ဆရာရယ်။ ဆရာ ဒီအကွက်တွေ ဘယ်တုန်းကလောက်တည်းက မြင်ထားသလဲ၊ ကျွန်မ ဒါတွေ မတွေးမိခဲ့ဘူး။ ခုမှ တွေးမိတယ်"

"ဒေါ်လာ ၂၅၀၀ ပေးကတည်းကပေါ့"

"သူတို့ ဘာကြောင့် ဒီလိုလုပ်ယူတယ်ထင်သလဲ ဆရာ"

"ဒါတော့ မစွက်ဂျော်ဒန်ရဲ့ ထပ်တလဲလဲ စကားကို ပြန်ကြည့်လေ။ အယ်လီနာဟာ အလျင်တစ်ခါလည်း ဒီလို ချောက်ကျဖူးပြီးပဲ၊ ဒီတစ်ခါက ပိုဆိုးမယ် ဆိုတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ခုအတိုင်းဆို ဆူဆန်ကို တွေ့ရရင် သိပ်စိတ်ဝင်စားဖို့ ကောင်းလာမယ်နော် ဆရာ၊ ဆူဆန်ဟာ ဒီကိစ္စမှာ ကြိုဂံထောင့် တစ်ထောင့်ဖြစ်မယ် ထင်တယ်"

"ဖြစ်နိုင်တယ်"

ထိုမှ နောက်ပိုင်း စကားပြတ်သွား၏။ မကြာမီ ဒယ်လာ၏ အခန်းရှေ့ ရောက်လာကြသည်။

"ဆရာ. . . ပစ္စည်းသယ်ဖို့ အလုပ်သမားခေါ်မလား"

"မခေါ်နဲ့၊ တို့နှစ်ယောက် ခွဲသယ်သွားကြတာပေ့ါ။ ဒါဆို ညည်း အလုပ်ကိစ္စ ခရီးထွက်ရာက ပြန်လာတဲ့ပုံ ဖြစ်သွားမယ်။ ထူးထူးခြားခြား မဖြစ်စေချင်ဘူးလေ"

အခန်းထဲ ရောက်ချိန် ဒယ်လာကပင် စမေးပြန်၏။

"ကဲ. . . အိမ်တော့ ရောက်ပြီ။ ဒါကြီးတွေနဲ့ ကျွန်မ ဘာဆက်လုပ်ရမလဲ ဆရာ၊ ပစ္စည်းတွေ ဒီအတိုင်းထားရ မလားဆရာ၊ ဗီရိုထဲပြောင်း ထည့်ထားပေးရမလား"

"ဒီအတိုင်းပဲ ထားပေတော့၊ ဩ. . . ပစ္စည်းတွေ ထည့်တုန်းက စစ်စစ်ဆေးဆေး ကြည့်ခဲ့သေးတယ် မဟုတ်လား"

"ဟုတ်ကဲ့. . . ကြည့်ပါတယ်၊ ဆရာ မှန်းထားတဲ့အတိုင်း အဝတ်အစားတွေပါပဲ။ ဒါပေမဲ့ တချို့ဆို အသစ်ကျပ်ချွတ် အကောင်းစား အဖိုးတန်တွေ ဆရာ၊ လူသုံးပစ္စည်းတွေကတော့ ဟို. . . လွယ်အိတ်ကြီးထဲမှာ ရှိလိမ့်မယ်ထင်တယ်"

"ကြည့်ကြရအောင်၊ တို့လက်ထဲမှာ ရှိနေတာ ဘာတွေလည်းတော့ တို့သိထားဖို့ လိုလိမ့်မယ်"

"သော့ခတ်ထားရင်ကော"

"သော့ဆရာ ခေါ်ပြီး ဖွင့်ရမှာပေ့ါ"





ဒယ်လာ အိတ်ကို ဖွင့်ကြည့်ရာ ပွင့်သွား၏။ အထဲရှိ ပစ္စည်းများကို ကြည့်ချိန်တွင်ကား-

"ဆရာရေ. . . ကောင်းလိုက်တဲ့ လက်ဆွဲအိတ်ကြီး၊ အထဲမှာ လူသုံးပစ္စည်း ထည့်ဖို့ စီစဉ်ထားတာကလည်း ပျံနေတာပဲ"

ခရီးသွားချိန် လူနှင့်မကွာ ယူနိုင်သော လက်ဆွဲအိတ် ဖြစ်သဖြင့် အရေးပေါ် လိုအပ်သော ပစ္စည်းအားလုံး ပါ၏။ ကြည့်မှန်မှ အစ ညဝတ် အင်္ကျီအထိ စုံလှသည်။ ညဝတ်အင်္ကျီကို ဆွဲထုတ်ပြီး ဒယ်လာက ကိုယ်၌ ကပ်ကြည့်၏။

"ဟာ. . . ဆရာ၊ ကောင်းတော့ကောင်းတယ်၊ တိုတိုကလေး ရယ်။ ခါးထိလောက်ပဲ ရှိတယ်နော်"

"အင်း. . . သူ့ အစီမံှာယ်နဲ့သူပေ့ါလေ။ တို့လည်း အခုမှ မသိတာတွေ အများကြီး ရှိနေပြီလို့ ကိုယ့်ကိုယ်ကိုယ် ခေတ်နောက်ကျနေမှန်း သတိထားမိတယ် ဒယ်လာရေ"

ထို့နောက် ဒယ်လာက မိတ်ကပ်ဘူးများ တွေ့၍ ဆွဲထုတ်လိုက်ပြန်၏။ အသားလှ လိမ်းဆေးဆီဘူးကြီးမှာ အဖိုးတန် တန်ဖိုးကြီး အမျိုးအစား ဖြစ်၏။

"ဆရာရေ. . . အယ်လီနာဟာ အသားလှအောင်လည်း တော်တော် သတယ် ဆရာ၊ ဒီမှာ ကြည့်ပါဦး၊ ဆေးရုံမှာတုန်းက စောင်ခွာချလိုက်တော့ ဆရာ သူ့ပေါင်သားတွေ တွေ့လိုက်တယ် မဟုတ်လား ။ ဘယ်လောက် ချောမွေ့သလဲ၊ အဲဒီတုန်းက ဆရာ အနားမှာ ရှိနေမှန်း သူ သတိမထားမိဘူး ထင်တယ်နော် ဆရာ"

"အင်း. . . ထားပါတော့"

ဒယ်လာသည် အလှဆီဘူးကြီးအတွင်း လက်ခလယ်နှင့် နှိုက်ကြည့်၏။ ထို့နောက် ရုတ်တရက် ကြက်သေသေလျက် ပြောလာသည်။



www.burmeseclassic.com

www.burmeseclassic.com



၄

"ဆရာ အထဲမှာ တစ်ခုခု ထည့်ထားတယ်ထင်တယ်။ ခပ်မာမာ တစ်ခု စမ်းမိနေတယ်"

ပြောပြောဆိုဆို ထိုပစ္စည်းကို နှိုက်လိုက်ရာ ရေခံစက္ကူဖြင့် ထုပ်ထားသည့် အထုပ်ငယ်တစ်ခု ထွက်လာ၏။ စက္ကူဖြေလိုက်သည်တွင် မေဆင်ကိုယ်တိုင် နှုတ်မှ တအံ့တသြ ဘုရားတမိသွားသည်။

"အလိုဘုရား"

မေဆင် တွေ့လိုက်ရသည်မှာ အဖိုးတန် စိန်ကြီးတစ်လုံး။

"နောက်ထပ်ရှိသေးလား။ နှိုက်ရှာကြည့်ပါဦး ဒယ်လာ"

ဒယ်လာ နောက်တစ်ကြိမ် ယူထုတ်လိုက်သည်မှာ အဖိုးတန် မြကြီးတစ်လုံး။

"ဆရာ အထဲမှာ ရှိဦးမယ် ထင်တယ်၊ ထပ်နှိုက်ကြည့်မယ် နော်"

မေဆင်က ခေါင်းညိတ်ပြ၏။

သို့ဖြင့် နှိုက်လိုက် ဆွဲထုတ်လိုက် ပြုရာ နောက်ဆုံးတွင် အလှဆီဘူးကြီးထဲမှ စိန်ကြီး ၁၅ လုံး၊ မြတုံးကြီး သုံးတုံးနှင့် ပတ္တမြား နှစ်လုံး တွေ့ကြရသည်။

"ဆရာ၊ ဒီအိတ်ထဲမှာ နောက်ထပ်ဘူးတွေ ပုလင်းတွေလည်း ရှိသေးတယ်။ ရှာကြည့်ဦးမလား"

"ကြည့်ရမှာပေါ့"

"အယ်လီနာ မသိဘဲ ကြည့်လို့ တစ်ခုခု ပြောလာရင်ကော ဆရာ"

"ဒီတော့လည်း သူဘာပြောလာမလဲ ကြည့်တာပေါ့"

"သူကတော့ ကြိုက်မှာ မဟုတ်ဘူး ဆရာ"

"တို့က သူ့ရှေ့နေပဲ"





"ဒါပေမဲ့ ဆရာ သူကိုယ်တိုင်က ငွားတာမှ မဟုတ်တာ"

"အေး ဒါတော့ ဟုတ်တယ်။ ဒါပေမဲ့ ကြည့်တာတော့ ကြည့်ရလိမ့်မယ် ဒယ်လာ"

မိနစ် ၂၀ ခန့် ကြာချိန်တွင် သူတို့ရှေ့၌ စိန်နှင့် ကျောက်သံ ပတ္တမြား အတော်များများ ရှိလာသည်။

"ဆရာရေ. . . နည်းနည်းနောနော မဟုတ်ဘူးနော်၊ ကျွန်မတို့ ဒါတွေ ဘာဆက်လုပ်ကြမလဲ"

"အတိအကျ ရေတွက်စာရင်းယူပြီး တစ်ခုစီ ပြန်ထုပ်ထားမယ်"

"ဒါပဲလား။ ပြီးတော့ကော"

"လုံခြုံတဲ့တစ်နေရာမှာ သိမ်းထားရမှာပေါ့"

"လုံခြုံတဲ့နေရာဆိုတော့ ဆရာ ဘယ်နေရာမျိုး ရွေးမလဲ"

"စဉ်းစားရဦးမယ်။ ဒါမေးထိုက်တဲ့ မေးခွန်းပဲ"

"ဆရာရယ်. . . ရုံးက မီးခံသေတ္တာကော"

မေဆင်က ခေါင်းခါသည်။

"ဟို. . . ဘဏ်တိုက်က အာမခံသေတ္တာကော"

"ထူးခြားနေမှာပေါ့"

"ဘာဖြစ်လို့လဲ ဆရာ"

"ကွယ်. . . ဒီကျောက်မျက်ရတနာတွေက ဘယ်လိုရထားတာ တွေ့မှန်းမှ မသိတာ။ သူပိုင်ဖြစ်ချင်လည်း ဖြစ်မယ်။ ခိုးရာပါတွေလည်း ဖြစ်နိုင်တယ်။ မှောင်ခိုပစ္စည်းတွေလည်း ဖြစ်နိုင်တယ်။ အထူးသဖြင့် ဒါတွေဟာ သူ့ကို သိပ်ထိခိုက်နိုင်တဲ့ သက်သေခံ ပစ္စည်းတွေတောင် ဖြစ်လာနိုင်တယ်"

"ဒီလိုဆိုရင် ဆရာ ဘယ်လို စီစဉ်ချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကိုယ်တိုင်လည်း တော်တော် စဉ်းစားရခက်နေတယ်။ ဒါပေမဲ့ တစ်ဖက်က ကြည့်ပြန်တော့ အမှုသည်ရဲ့ အကျိုးစီးပွား ကာကွယ်ပေးရမည့် တာဝန်ကလည်း ရှိနေပြန်တယ်"

"ကော်ဘင်မိသားစုအားလုံး သိက္ခာမပျက်အောင် ကာကွယ်ပေးဖို့လည်း ပါသေးတယ် မဟုတ်လား ဆရာ၊ ဆရာ့ကို ရှေ့နေခစရန်ပေးတုန်းက ဒါကိုလည်း ထည့်ပြောသွားတယ်လေ"

မေဆင်က ခေါင်းညိတ်ပြန်၏။

"ဒီတော့. . . ဆရာ"

မေဆင်က စဉ်းစားပြီး ပြော၏။

"ကဲ. . . တို့ ပေါလ်ဒရိတ်ဆီ ဖုန်းဆက်ပြီး မင့်အတွက် ကိုယ်ရံတော် စုံထောက်တစ်ယောက် လွှတ်နိုင်းလိုက်မယ်။ သူ့အစောင့်အရှောက်နဲ့ ညည်းကိုယ်တိုင် ဒီမြို့ထဲက အကောင်းဆုံး ဟိုတယ်တစ်ခုကို သွားရမယ်။ ပြီးတော့ အဲဒီမှာပဲ ညည်းခဏ တည်းခိုနေပေတော့"

ဒယ်လာက မျက်ခုံးချီပြီး သူ့ဆရာကို ကြည့်သည်။ မေဆင်က မရပ်ဘဲ ဆက်ပြော၏။

"နာမည် အမှန်အတိုင်းနဲ့ အခန်းငှားလိုက်ပေါ့။ မသင်္ကာစရာ မရှိရအောင်လို့၊ ဒါတွေ ညည်းနဲ့အတူပါသွားမယ်။ ဟိုရောက်ရောက်ချင်း စာရေးကို ချဉ်းကပ်ပြီး အဖိုးတန်ပစ္စည်းတွေ ပါလာလို့ ဟိုတယ်မီးခံသေတ္တာထဲမှာ သိမ်းထားပါရစေလို့ပြော၊ သူက အာမခံသေတ္တာတစ်ခု ပေးလိမ့်မယ်။ အဲဒီအထဲ ဒီပစ္စည်းတွေ ထည့်ပြီး သူ့ကိုအပ်လိုက်၊ ညည်းရှေ့မှာတင် သော့ခတ်ပြီး ညည်းကို သော့တစ်ချောင်း ပေးလိမ့်မယ်"

"ပြီးတော့ ကျွန်မက ဘာဆက်လုပ်ရမလဲ ဆရာ"



"ပြီးတော့လား. . .၊ အဲဒီနောက်ပိုင်းကစပြီး ဆရာ့တပည့် ဒယ်လာလေး နှစ်ဘဝ ကပြအသုံးတော်ခံရတော့မှာပေါ့။ တစ်ဘဝက ခါတိုင်းလိုပဲ ရုံးချိန်မှာ ရုံးကိုလာ၊ ရုံးပြီးလို့ ပြန်တော့ ဟိုတယ်မှာ ဇိမ်နဲ့နေပေါ့ကွဲ့၊ ဟိုတယ်ကြီးတွေမှာ ဇိမ်ခံတည်းခိုလေ့ရှိတဲ့ အထက်တန်းစား မိန်းမပျိုတစ်ယောက်အတိုင်း နေထိုင်သွားလာ လှုပ်ရှားနေလိုက်ရုံပေါ့၊ ညည်းကို လာရစ်တဲ့ ငနဲတွေလည်း တွေ့ရလိမ့်မယ်နော်၊ တို့အလုပ်မှာ အကူအညီရမယ်ထင်ရင် ဆက်ဆံသွား၊ ဒါမှမဟုတ်ရင်တော့ ခပ်မှန်မှန် ဆက်ဆံ၊ ကုဋေ္ဌယသိုက်သမားတွေတော့ ညည်း အများဆုံး တွေ့ရလိမ့်မယ် ထင်တယ်"

"ဟို. . . အာမခံသေတ္တာသော့ကို ဘယ်မှာ ထားရမလဲ ဆရာ"

"သော့ရရချင်း ဆရာ့ကို ပေးထားလေ၊ တော်ကြာ ခါးပိုက်နှိုက်နောက် ပါသွားရင် ဘယ့်နှယ်လုပ်မလဲ"

"အမယ်. . . ဆရာရေ ဒီအတိုင်းဆိုရင်တော့ ဒယ်လာတို့ ခဏတဖြုတ် ထီပေါက်တာပဲနော်။ ဇိမ်ခံဟိုတယ်ကြီးမှာ အမှုသည်ရဲ့ စရိတ်နဲ့ တည်းခိုပြီး ဖြုန်းရသုံးရမှာကိုး"

"ကဲ. . . ဒီတော့ ကိုယ်ရံတော်ကိစ္စ ဆရာ စီစဉ်တော့မယ်နော် ဒယ်လာ"

ပြောပြောဆိုဆို မေဆင်က ပေါလ်ဒရိတ်ထံ ဖုန်းဆက်၏။

"ပေါလ်လား ဟေ့. . .၊ မေဆင် စကားပြောနေတယ်။ ဒီမှာ ကိုယ်လူ၊ အရေးတကြီး သက်တော်စောင့် ကိုယ်ရံတော်တစ်ယောက် ချက်ချင်း လိုချင်တယ်။ ယုံကြည်စိတ်ချရမယ့်၊ အားကိုးရမယ့် ဖျတ်ဖျတ်လတ်လတ် လူမျိုးနော်"

"ရမယ်လေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်မြန်မြန် ကိုယ့်ဆီလွှတ်ပေးနိုင်မလဲ"

"သိပ်အရေးကြီးနေရင် နာရီဝက်ကျော်ကျော်အတွင်း လွှတ်လိုက်မယ်လေ"

"ဟုတ်တယ်၊ သိပ်အရေးကြီးနေတယ်"

"ဘယ်ကို လွှတ်လိုက်ရမလဲ"

"ဒယ်လာရဲ့ အခန်းကို"

"ကောင်းပါပြီ ဘယ်သူ့ကိုယ်ရံတော်အဖြစ် တာဝန်ယူပေးရမှာလဲဗျ"

"ဒယ်လာအတွက်ပေါ့"

"ဗျာ. . . ဒယ်လာအတွက်. . .၊ ဟုတ်လား"

"အေးပါကွာ၊ ကောင်းတာတော့ ကိုယ်ခံပညာကလေး ဘာလေးပါ တတ်တဲ့လူမျိုး၊ ဟိုတယ်မှာ ဒယ်လာက အထက်တန်းစားတစ်ယောက်အဖြစ် တည်းခိုနေမှာဆိုတော့ မျက်ခြည်မပြတ် စောင့်ပေးရမှာနော်"

"နေပါဦး. . . ခုနပြောတာ ဖိမ်ခံဟိုတယ်ကြီးမှာဆို"

"ဟုတ်တယ်"

"ဟာ. . . ဟိုမှာ လူခံစုံထောက်တွေ ရှိတတ်တယ်။ အဲဒီလူတွေက ကျွန်တော်နဲ့ သိတဲ့ လူတွေ ဖြစ်မှ ကျွန်တော့်ဆီက လူလွှတ်လို့ရမှာ၊ နို့မို့ရင် လုပ်လို့ မဖြစ်ဘူးဗျို့"

"မင်း. . . ဘာကို ဆိုလိုတာလဲကွ ပေါလ်ရ"

"ဟိုမှာ လူခံစုံထောက်တွေ ရှိရင် ကျွန်တော့်ဆီက စုံထောက်ကို သီးခြားလွှတ်လို့ မရဘူး။ သူတို့လက်ခံမှာ မဟုတ်ဘူး"

"ဒါဆို ဒီလိုကော မဖြစ်ဘူးလား၊ ဥပမာ-မင်းလူကိုလည်း ဧည့်သည်အဖြစ် တည်းခိုနိုင်းကွာ"





"စရိတ်ကတော့ သိပ်ကြီးမယ်နော်"

"ဒါတွေ မပူစမ်းပါနဲ့ကွာ"

"ဒီလိုဆိုလဲ ပြီးတာပဲ"

"ကောင်းပြီ၊ မင်းလူနှစ်ယောက်ကို ဧည့်သည်အဖြစ် ခုပဲ တည်းခိုင်းလိုက်တော့၊ တစ်ယောက်က လူငယ်ဖြစ်ပစေ၊ ဒယ်လာ သွားတဲ့လာတဲ့အခါ ခေါ်သွားလို့ရမယ့် လူငယ်၊ နောက်တစ်ယောက်က အသက်ကြီးကြီး ကောင်မလှလှလေးအပေါ် စိတ်မဝင်စားဘဲ ငွေရဖို့ အဓိကလူမျိုးကွာ၊ လိုရင် နောက်ထပ် လူထပ်တိုး တာဝန်ပေးနိုင်တယ်နော်"

"ရည်ရွယ်ချက် သိရပါစေလား"

"နေဦးကွာ၊ ခုမပြောနိုင်သေးဘူး။ ဒါနဲ့ မင်းဘက်က ငါ့ကိစ္စ ဘယ်အခြေအနေထိ သိရပြီလဲ"

"ဟာ. . . ပြောမယ်. . . ပြောမယ်၊ ဒါပေမဲ့ ပယ်ရီ. . .၊ ခင်ဗျား ဒီနေ့ သတင်းစာတွေကော ဖတ်ပြီးပြီလား"

"ဒယ်လာပြောတော့ တို့အကြောင်းကို သိပ်သယ်ထားတယ်ဆိုပဲ၊ ပိုပြီး ကြော်ငြာပြီးသား ဖြစ်သွားတယ်လို့လည်း ဆိုတယ်"

"သူပြောတာ တစ်ဝက်လောက်ပဲ ရှိဦးမယ်ဗျ။ ဒါထားတော့၊ ဟို. . . ဟက်ပနာအကြောင်း ဆက်ကြရအောင်၊ ဒီငနဲနဲ့ အယ်လီနာ လက်ထပ်ခဲ့တဲ့ နေရာ ခုထိ ရှာလို့ မရသေးဘူးဗျာ၊ ယိုးမားမြို့မှာလို့ ဆိုထားလို့ အဲဒီတစ်ဝိုက် ကျုပ်တို့ ပိုက်စိပ်တိုက်ပြီးပြီ၊ တခြားနာမည်နဲ့များ လက်ထပ်ထားသလားလို့လည်း ရှာကြည့်ပြီးပြီ။ ဩဂုတ် ၂ ရက်နဲ့ ၃ ရက်နေ့ လက်ထပ် မှတ်ပုံတင်အားလုံး အဲဒီ ဒေသတစ်ဝိုက်မှာ စစ်ဆေးပြီးပြီ၊ ပြီးတော့ အဲဒီတစ်ဝိုက် ယာဉ်တိုက်မှုအားလုံးလည်း လိုက်ပြီးပြီ၊ ဩဂုတ် ၂ ရက်နေ့ည ယိုးမားမြို့သွားလမ်း ယာဉ်တိုက်မှု



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဆိုပါတော့၊ ဘာဆိုဘာမှ မတွေ့ရဘူး၊ ဟက်ပနာကိုလည်း အစအနတောင် စုံစမ်းလို့ မရဘူး"

"ဟို. . . ဆော့လိပ်မြို့က သူ့အမေဆိုတာကော စုံစမ်းကြည့်သေးလား"

"အဲဒါကတော့ ထူးခြားသဗျို့၊ ဒေါက်ကလပ်ဟက်ပနာရဲ့ မိခင်ဆိုတဲ့ မိန်းမက မိန်းမပျို ခပ်ငယ်ငယ်တစ်ယောက်ပဲဗျ။ အသက် ၂၇ နှစ်လောက် ရှိဦးမယ်။ လှတာ၊ ချောတာ၊ တောင့်တာ အရည်အချင်း အပြည့်၊ အဲဒီအခန်းမှာတော့ နေတာအမှန်ပဲ။ အမြဲတော့ မရှိဘူး။ နွေဦးကာလဆို ပျောက်ပျောက်သွားတတ်သတဲ့"

"အဲဒီအမျိုးသမီးက ဒေါက်ကလပ်ရဲ့မိခင်အဖြစ် အရောင်ပြခံယူထားတယ်ဆိုပါတော့"

"အင်. . . တယ်လီဖုန်းထဲမှာပဲ မိခင်လို့ အရောင်ပြ ခံယူပုံရပါတယ်။ အခန်းငှားထားတဲ့ နာမည်ကတော့ ဆာဒီဟက်ပနာပါပဲ"

"မြတ်စွာဘုရား. . . တခြားမယားတစ်ယောက်နဲ့ တူတယ်"

"မပြောနိုင်ဘူး"

"အမျိုးသမီးကကော ဘာပြောသလဲ"

"ခင်ဗျား သူ့ဆီဖုန်းဆက်တဲ့အချိန် တစ်နေရာ ခရီးထွက်တော့မလို့ ပြင်နေတဲ့အချိန်ပဲတဲ့၊ ခင်ဗျားလည်း ဖုန်းဆက်ပြီးရော သူလည်း လက်ဆွဲသေတ္တာတော်တော်များများနဲ့ သူ့လင်ကွန်းကားကြီး မောင်းပြီး ထွက်တော့တယ် ဆိုပဲ။ ကားဂိုဒေါင်စောင့်ကို ပြောသွားတာကတော့ ဒင်ဗာမြို့ သွားမလို့တဲ့"

"အေးပေါ့. . .၊ ဒင်ဗာမြို့ဘက်ကရော ဆန်ဖရန်စစ္စကိုဘက်ရော အနံ့သာလိုက်ခြေရာခံကွာ"

"အင်း. . . ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလိုတော့ ဖြစ်နေပြီ၊ အင်းလေ သူ့ကားနံပါတ်တော့ သိထားပြီပဲ၊ ကာလီဖိုးနီးယား ပြည်





နယ် နယ်စပ်စခန်းမှာ တစ်ချက်ထောက်ရမှာပေါ့၊ ဒါပေမဲ့ဗျာ ဒင်ဗာကို သွားတယ်ဆိုရင်ကော. . ."

"ဒင်ဗာလို့ ပြောရင် ကာလီဖိုးနီးယားဖြစ်နိုင်တယ်။ ဆက်လိုက်ပေါ့ကွာ၊ ဒါနဲ့နေဦး၊ ဟို. . . ယိုးမားမြို့က ကြေးနန်းဆိုတာကောကွ၊ ဘာထူးသေးလဲ"

"ကြေးနန်းရုံးကို လူကိုယ်တိုင်တောင် မလာဘဲ အများသုံးဖုန်းတစ်ခုကနေ ကြေးနန်းရုံးကို အကြောင်းကြား ကြေးနန်းရိုက်တာတဲ့၊ ဒါမျိုးက တစ်နေ့တစ်နေ့ အများကြီးပဲတဲ့ဗျ"

"ကောင်းပြီကွာ၊ ရသမျှ သဲလွန်စနောက် ဆက်သာလိုက်ထားပါ"

"ပြီးတော့. . . ရှိသေးတယ်၊ လာ့စ်ဗေးဂတ်မှာ လိုက်ခိုင်းထားတာလေ၊ ဟို နဂ္ဂတစ်ပုံတွေ ကိစ္စပေါ့။ လူတစ်ယောက် လေယာဉ်နဲ့တောင် လွှတ်လိုက်တယ်။ အဲဒီမြို့က လက်ထပ် မှတ်ပုံတင်စာရင်း ကြည့်ခဲ့ဖို့လည်း မှာထားတယ်။ ဒီည ညဉ့်နက်ချိန် နောက်ထပ်သတင်းတွေ ထပ်ပေးနိုင်ဖို့ ရှိပါတယ်"

"အေးပါကွ. . . ဆက်သာလိုက်ထားပါ"

"လိုက်လာကတော့ ဟုတ်ပါတယ်၊ ဘာအတွက် လိုက်နေရမှန်း သိရင် ပိုအလုပ် တွင်မယ်ဗျာ၊ ဒီတော့ နည်းနည်းပါးပါး အရိပ်အမြွက်တော့ အသိပေးထားဦးမှပေါ့"

"ဘာအတွက်လဲ ဆိုတာကတော့ လွယ်ပါတယ်ကွာ၊ ခု လိုက်ခိုင်းထားတဲ့ လူတွေအကြောင်း သတင်းရဖို့အတွက်ပဲပေါ့"

"ကောင်းပါ့ဗျာ. . ."

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း | ခြောက် |

ပေါလ်ဒရိတ်၏ ရုံးခန်းထဲ ပယ်ရီမေဆင် ဝင်သွားချိန်မှာ ည ၁၀ နာရီကျော်ချေပြီ။ ဒရိတ်တစ်ယောက် လက်တစ်ဖက်က ဖုန်းကိုင်ထားရင်း တစ်ဖက်က ကော်ဖီပန်းကန် ကိုင်လျက် အလုပ် များနေ၏။ မေဆင် ဝင်လာသည်ကို တွေ့လျှင် ခေါင်းညိတ် နှုတ်ဆက်ရင်း ဖုန်းဆက်နားထောင်နေရာမှ ကော်ဖီပန်းကန်ကို ချလိုက်ပြီး မေဆင်ကို လှမ်းပြော၏။

"လာ့စ်ဗေးဂတ်က ဖုန်းလာနေတာဗျ။ ဟိုမှာ ကျွန်တော့်လူတွေ အများကြီး ဆက်လိုက်နေတုန်းပဲ၊ လက်ထပ်မှတ်တမ်းတော့ မတွေ့ရသေးဘူး၊ အေးဗျာ. . . ခင်ဗျားကို ဘာတွေပြောပြပြီးပြီ၊ ဘာတွေ ပြောမပြရသေးဘူးတောင် မမှတ်မိတော့ဘူး"

ပြောနေစဉ် ဖုန်းဝင်လာသဖြင့် ဖုန်းဆက် နားထောင်ပြန်၏။

"ဟဲလို. . . ဟဲလို. . .၊ ဘယ်လိုကွ၊ အေး. . . အေး. . . ဟုတ်ပြီ၊ ဆက်ကြိုးစားဦးကွာ"





ဒရိတ်သည် ယခုမှ ဖုန်းကိုချလိုက်ပြီး လွတ်လွတ်လပ်လပ် စကားပြောနိုင်တော့သည်။

"ဆိုပါဦး ပယ်ရီ. . .၊ ဟို. . . ဒယ်လာကို ဇိမ်ခံဟိုတယ်မှာ တည်းခိုင်းထားတာကကော ဘာသဘောလဲဗျ"

"ခြော်ကွာ. . . အထက်တန်းစားလောကထဲ ဝင်ပြီး နည်းနည်းပါးပါး စနည်းနာခိုင်းထားတာပါ"

"ဒါနဲ့ နေပါဦး၊ ဒီလိုဆိုတော့ ဒယ်လာကို ရုံးကော တက်နိုင်သေးသလား"

"အေးပေါ့၊ နေ့လယ်ပိုင်း ရုံးတက်၊ ညကျတော့ ဟိုတယ်မှာ ဇိမ်ခံတယ်၊ မင်းလူတွေက သူ့ကို စောင့်ရှောက်ပေးထားတယ်"

"ထောင်ချောက်တစ်ခု ထောင်နေတာပေါ့၊ ဟုတ်လားဗျ"

"ဆိုပါတော့ကွာ၊ ဒါနဲ့ ဒေါက်ကလပ်အကြောင်း ဘာထပ်သိရသေးသလဲ"

"အား. . . သိရတယ် သိရတယ်၊ မယုံနိုင်စရာတောင် ဖြစ်နေသဗျို့၊ ကျွန်တော့်လူတစ်ယောက်ကို ဒေါက်ကလပ် ဓာတ်ပုံတွေနဲ့အတူ လာ့စ်ဗေးဂတ်ကို လွှတ်လိုက်တယ်"

"ဒါတွေ မင်းပြောပြီးပါပြီကွာ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ပိုရှင်းအောင် ပြန်ပြောပြတာပါဗျ၊ ဒါနဲ့ ကျွန်တော့်လူက သူ့ဓာတ်ပုံ ကိုင်ပြီး ဟိုမြို့က ကျွန်တော့် လူခံဟောင်းတွေနဲ့ တွဲပြီး စုံစမ်းတယ်၊ ဒါနဲ့ လောင်းကစားဒိုင် တစ်ဦးနဲ့ ဆက်မိတော့ ဒေါက်ကလပ်ကို သူသိသတဲ့၊ ဒေါက်ကလပ်ဟာ ကြေးစား လောင်းကစားသမားတစ်ဦး ဆိုပဲဗျ၊ ခုမတွေ့တာ တစ်နှစ်လောက်ရှိပြီတဲ့၊ ဖဲကစားလည်း တော်တော် ကျွမ်းကျင်တယ် ဆိုပဲ၊ ၂၁ ပေါက်တို့၊ ပိုကာတို့ ဆိုပါတော့၊ ကစားဖို့ နေရာသာအစ သူပဲ



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ပေးသတဲ့၊ ပြီးတော့ ဒီလူက စိတ်ချရတယ်၊ လျှင်တယ်၊ ထက်တယ်၊ အသံခြဲဗလည်း ကောင်းတယ်၊ ဉပမိရုပ်လည်း ကောင်းတယ်၊ ဒါအလျှင် ၃-၄ နှစ်လောက်က သူ့အလုပ်အကိုင်ပဲ၊ ခုတော့ မယုံနိုင်စရာပဲဗျ၊ ဥရောပ မှောင်ခိုသမားတွေကို အစိုးရဆီ သတင်းပေးတဲ့ အလုပ် လုပ်နေသတဲ့"

"သူ့လုပ်ငန်းသဘော ပြောပြပါဦး"

"ဒီလိုဗျာ၊ ဥရောပက ပြန်တဲ့ ခရီးသည် မိန်းမတွေထဲမှာ သုံးယောက်ဆို တစ်ယောက်က မှောင်ခိုသမားဆိုပဲဗျ၊ မှောင်ခိုပစ္စည်း ဖမ်းမိအောင် သတင်းပေးနိုင်ရင် အမေရိကန် အစိုးရ အကောက်ခွန်ဌာနက ၂၀ ရာခိုင်နှုန်း ဆုချီးမြှင့်တယ်လေ၊ ဥပမာ-မိန်းမတစ်ယောက် ဒေါ်လာတစ်သောင်းတန် စိန်တစ်လုံး မှောင်ခိုယူလာတာ သတင်းပေးသူရှိလို့ ဖမ်းမိပြီဆိုပါတော့၊ သတင်းပေးတဲ့သူကို ဒေါ်လာ ၂၀၀၀ ဆုပေးတယ်၊ အစိုးရက စိန်ကို သိမ်းပြီး မှောင်ခိုသမားကိုလည်း ဒဏ်ရိုက်တယ်၊ သူ့ပစ္စည်းသူ ပြန်လိုချင်ရင် မှောင်ခိုသမားက တန်ရာတန်ကြေးနဲ့ ပြန်ဝယ်တယ်၊ ဒေါက်ကလပ်ဟာ ဒီလိုနဲ့ သတင်းပေးအဖြစ် အလုပ်ဖြစ်နေခဲ့တယ်တဲ့၊ အလျှင်နှစ်နှစ်လောက်က သူ ဥရောပကို သွားခဲ့တယ်။ ရည်ရွယ်ချက်ကတော့ သင်္ဘောပေါ်မှာ ကြေးကြီးဖဲဝိုင်းကလေး လုပ်ပြီး အဝိုင်ကစားလိုက်မယ်ပေါ့၊ ဒါပေမဲ့ သင်္ဘောအာဏာပိုင်တွေ ကိုယ်တိုင်က ဒီလို လောင်းကစားသမားမျိုးကို သင်္ဘောပေါ် မပါစေချင်ကြဘူး။ ဒါကြောင့် ဖဲဝိုင်းနဲ့ အလုပ်မဖြစ်ဘူးဆိုပါတော့၊ ဒီမှာတင် ဒေါက်ကလပ်က လူရည်လည်သူပီပီ မျက်စိဖွင့်နားစွင့်ရာက စိန်ပွဲစား၊ ကျောက်ပွဲစား ဗဟုသုတတွေ ရလာတယ်၊ စိန်အကြောင်း ကျောက်အကြောင်း နားလည်လာတယ်၊ ဒါနဲ့ ဥရောပမှာလည်း အဆက်အသွယ်တွေ လုပ်လိုက်ရော ရက်ပေါင်း ၃၀ အတွင်းမှာပဲ အမေရိကန် ခရီးသည်တွေ ဥရောပကနေပြီး စိန်တွေ





ကျောက်တွေ ဘယ်လောက်ဖိုး တစ်ခေါက်ကို ထွက်ဝယ်ကြတယ် ဆိုတာကအစ သိလာရော၊ ဝယ်တဲ့ခရီးသည်တွေ ဆိုတာက ဘယ်သူ အကောက်ခွန်ဆောင်ပြီးမှ တရားဝင်သွင်းယူမှာလဲ၊ ဘယ်သူမှ အကောက်ခွန် မဆောင်ဘဲ မှောင်ခိုတာပေါ့၊ ဒီလိုနဲ့ ဒေါက်ကလပ် တစ်ယောက် အဲဒီခရီးတစ်ခေါက်ထဲမှာပဲ သတင်းပေးရင်း အလုပ်တော်တော် ဖြစ်လိုက်တော့ နောက်ပိုင်း ဥရောပနဲ့ အမေရိကန်တာ သူ့အတွက် အိမ်ဦးနဲ့ ကြမ်းပြင် ဖြစ်သွားတော့တာပေါ့"

"ကဲ၊ ဒါနဲ့ အယ်လီနာနဲ့ သင်္ဘောပေါ် အလျှင် သုံးလလောက်က ဥရောပက အပြန်မှာ တွေ့တယ်ဆိုပါတော့"

"သိပ်မှန်တာပေါ့"

"အယ်လီနာ ကိုယ်တိုင် နည်းနည်းပါးပါး ရတနာ မှောင်ခိုတယ်လို့ကော မင်းယူဆသလား"

"လုပ်မယ်ဆို လုပ်နိုင်တဲ့ အခြေအနေပါပဲ၊ အယ်လီနာကိုယ်တိုင်လည်း ချောက်ချခံရတာ အတော်များများ ခံရဖူးတယ်ဆိုပဲ"

"ဆိုပါဦး၊ တစ်ယောက်ယောက်က သတင်းပေးလို့ အယ်လီနာ တစ်ယောက် မှောင်ခိုပစ္စည်းတွေ့မှုနဲ့ အရေးယူခံရတယ်လား"

"ဒီလိုတော့ မဟုတ်ဘူးဗျ"

"ဆက်ပြောကွာ၊ ပိုစိတ်ဝင်စားစရာ ကောင်းလာပြီ"

"အယ်လီနာဟာ သင်္ဘောပေါ်မှာ ဒေါက်ကလပ်နဲ့ သိပ်ရင်းနှီးသွားတယ်၊ ကဲ. . . မစ္စတာမေဆင်ကို ကျွန်တော် မေးခွန်းထုတ်ကြည့်မယ်၊ ဒေါက်ကလပ်ဟာ အယ်လီနာနဲ့ ရင်းနှီးသွားအောင် ဂုပ်ယူတာဟာ သတင်းကိစ္စအတွက်ပဲလား၊ ဒါမှမဟုတ် တခြားရည်ရွယ်ချက်နဲ့လား၊ ပြီးတော့တစ်ခါ ဒေါက်ကလပ်ဟာ အယ်လီနာ ရတနာမှောင်ခိုလာတာ သိပေမဲ့ တစ်ကြောင်းကြောင်းကြောင့် သတင်းမပေးဘဲ ထားသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဒါတော့ တို့ ဘယ်ဖြေနိုင်ပါ့မလဲ"

"ဒီမေးခွန်းဟာ ဒေါ်လာ ၁၀၀ တန် မေးခွန်းမျိုးပဲဗျ။ ခုဆိုရင် ဒီမေးခွန်းအတွက် အဖြေကို သိချင်နေတဲ့လူ တော်တော်များများ ရှိနေတယ်"

"ဟေ. . . ဘယ်သူတွေလဲကွ ပေါ်လ်ရ"

"ဟို. . . သတင်းထောက်တွေပေါ့ဗျ။ ဒါသိရင် သူတို့ သတင်းကောင်း တစ်ပုဒ် ကောင်းကောင်း ရေးပြနိုင်ကြမှာကိုး၊ ထောင့်ပေါင်းစုံကကို ရေးနိုင်ကြမှာဗျ။ ဥပမာ-သတို့သမီးတစ်ယောက်အကြောင်း အစချီပြီး ဒီသတို့သမီးခမျာ သူ့လက်ထပ်တဲ့အကြောင်းနဲ့ သူ့ပျားရည်ဆမ်းခရီး အကြောင်းတောင် လုံးဝမမှတ်မိရှာတဲ့ သတို့သမီး ဖြစ်နေကြောင်း၊ ဘာညာနဲ့က တစ်မျိုး။

"နောက်တစ်ခါ ဒီသတို့သမီးဆိုသူဟာ သူဌေးသမီး ဖြစ်နေပြီး ဒေါက်ကလပ်နဲ့ လက်ထပ်ထားပါတယ်လို့ ကိုယ်တိုင်က အစစ်ခံတယ်၊ ဒါပေမဲ့ ဒေါက်ကလပ်က ပြောတော့ သူနဲ့လက်ထပ်တာ မဟုတ်ပြန်ဘူးတဲ့၊ သတို့သမီး လက်ထဲမှာကတော့ လက်ထပ်လက်စွပ်က ရှိနေတယ်။ ဒါပေမဲ့ သတို့သမီးဟာ အတိတ်လုံးဝ မေ့နေတယ်။

"တစ်ခါ နောက် ထောင့်တစ်ထောင့်ကနေ ရေးနိုင်သေးတယ်၊ မိန်းကလေးတစ်ယောက် ခပ်ဖြောင့်ဖြောင့် အမျိုးသားတစ်ယောက်နဲ့ ရုံးပိတ်ရက် အပန်းဖြေခရီး အတူထွက်တယ်၊ ဒီလူကလည်း သူ့သင်္ဘောပေါ်မှာ တွေ့ခဲ့တဲ့လူ၊ ပြီးတော့ လမ်းခရီးမှာ ပြဿနာတစ်ခုခု ဖြစ်ခဲ့တယ်"

"အေးကွ၊ မှောင်ခိုကိစ္စကတော့ ဒီကိစ္စမှာ မြင်ကွင်းသစ်ပဲ"

"ဒါကြောင့်လည်း ရှုပ်ထွေးလာတာပေါ့၊ သတင်းပေးအလုပ်မျိုး လုပ်တဲ့သူဟာ ၂၀ ရာခိုင်နှုန်းကို သိပ်မက်တာပေါ့။





ဒါကြောင့် သတင်းရဖို့အတွက် လူတိုင်းနဲ့ မိတ်ဖွဲ့တတ်တယ်။ အထူးသဖြင့် အာကောင်းသူဆိုတော့ သက်လတ်ပိုင်း မိန်းမတွေကြားမှာ ကျော်နှာပွင့်မယ်၊ ဒါကြောင့် တွဲကကြရင်း ခင်မင်ရင်းနှီးလာမယ်၊ ဒီမှာတင် သူ့မိတ်ဆွေ အမျိုးသမီးက သူ့ညီမအတွက် လက်ဆောင်ပစ္စည်းတစ်ခု သယ်ခဲ့ပေးပါလို့ ပြောမယ်၊ ပစ္စည်းက ဈေးပေါပေါဆိုတော့ အကောက်ခွန် ဆောင်ပြီးတာတောင် သိပ်များမှာ မဟုတ်ဘူး။ ဒီတော့ တီကလည်း သူ့နာမည်နဲ့ပဲ ဝယ်ပြီး စာရင်းလုပ်လိုက်မယ်၊ ကဲ. . . ဒီမှာတင် ၂၀ ရာခိုင်နှုန်း ကိစ္စက ဘယ်လောက် သေချာနေပြီလဲဗျ"

"ဒီအကြောင်း ထိမ်ချန်ပြီး ငွေညှစ်လို့လည်း ရနိုင်တာပေါ့၊ နှစ်ဖက်လွှလည်း လုပ်နိုင်တာပေါ့။ ဟုတ်လား"

"ဆိုပါတော့"

ဤတွင် မေဆင်က သူ့ တွေးမိပုံတစ်ခုကို ပြောပြ၏။

"ဒီလိုကော မဖြစ်နိုင်ဘူးလား၊ ယောက်ျားတစ်ယောက် ဆိုပါတော့၊ သူကလည်း မှောင်ခိုသမားတစ်ယောက်ပေါ့၊ မှောင်ခိုပစ္စည်းကို ချိုင်းထောက်အတုထဲ ဝှက်ထည့်ယူလာမယ်၊ ဒါကို အကောက် ခွန်ဌာနက ရှာမတွေ့နိုင်ခဲ့ဘူး။ ဒါပေမဲ့ ဒေါက်ကလပ်က ဒီကိစ္စကို သိနေတယ်၊ ဒီတော့. . ."

"ဒါပေါ့၊ ဒီလိုဟာမျိုးတွေလည်း ရှိနိုင်တာပေါ့"

"နည်းနည်း မဟုတ်ဘူး၊ ဒီမှောင်ခိုမှုမျိုးတွေ အများကြီး ရှိနိုင်တယ်"

"ဟုတ်တယ်"

မေဆင်ကပင် သူ့အယူအဆတစ်ခုကို ဆက်ပြောပြန်၏။

"ဒီတော့ ဥပမာတစ်ခု တို့ တွေးကြည့်ရအောင်၊ ဥပမာ-မှောင်ခိုရတနာ ကိစ္စတစ်ခုမှာ ဒေါက်ကလပ်က ဆုငွေရာခိုင်နှုန်း ၂၀



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ဖို့အတွက် သတင်းပေးလိုက်ပြီ ဆိုပါတော့၊ ဒေါက်ကလပ် သတင်းပေးတာလို့ ပစ္စည်းရှင်တွေက သိသွားရင် ဒေါက်ကလပ်ကို ဘာလုပ်ကြမလဲ၊ တချို့က သူ့ကို သတင်းမပေးခင် လာဘ်ထိုးမယ်၊ တချို့ကတော့ ယာယီထွက်ပြေး တိမ်းရှောင်နေမယ်၊ ဒါပေမဲ့ တချို့ကျ တော့ ဒေါက်ကလပ်ကို တစ်နည်းနည်း နှုတ်ပိတ်ပစ်ဖို့ သေချာတယ်။ အဲ. . . တစ်ခု ရှိသေးတယ်၊ ဥပမာ-နှုတ်ပိတ်ပစ်ဖို့ကလည်း မလွယ်၊ ပစ္စည်းကလည်း တန်ဖိုး သိပ်များတာတွေဆိုရင် ဒေါက်ကလပ်က လည်း သတင်းအတိအကျ သိထားပြီဆိုရင် ဘာလုပ်ကြမလဲ"

မေဆင်က ပြောရင်း ပခုံးတွန့်ပြ၏။

ထိုအချိန်၌ ဒရိတ်စားပွဲပေါ်မှ တယ်လီဖုန်းအသံ မြည်လာ၏။

"ဟုတ်ကဲ့. . . ပေါလ်ဒရိတ် ပြောနေပါတယ်၊ ကောင်းပြီ ဆက်ပြောပေတော့"

ဤအချိန်၌ စားပွဲပေါ်မှ အခြားဖုန်းတစ်ခု အသံမြည်လာပြန် သည်။ ဤတွင် ဒရိတ်က ပထမဖုန်းသမားကို ခဏကိုင်ထားရန် ပြောပြီး ဒုတိယဖုန်းကို ကောက်နားထောင်၏။

"ပေါလ်ဒရိတ် ပြောနေပါတယ်။ ဟုတ်လား"

ဒရိတ်သည် နားထောင်ရင်း စက္ကန့် ၂၀ ခန့် ငြိမ်ကျသွား၏။ ပြီးမှ သူ့ဘက်မှ လှမ်းပြောလိုက်သည်။

"ဒီကိစ္စ အရေးကြီးတယ်ဟေ့၊ ဆက်လိုက်ပြီး ငါ့ဆီ မပြတ် သတင်းပို့နော်"

ထိုဖုန်းကိုချပြီး အခြားဖုန်းတစ်ခု ကောက်ကိုင် ပြောပြန်၏။

"အေးဟေ့၊ သိပ်အရေးပေါ် အရေးကြီးနေပြီကွာ၊ ၁၅ မိနစ် အတွင်း ငါ့ဆီက ဖုန်းမလာရင် မင်းဆီက လှမ်းဆက်လိုက်ကွာ"

ထိုဖုန်းကို ဆောင့်ချလိုက်ပြီးချိန် ဒရိတ်သည် မျက်နှာ အမူ အရာပါ အရေးကြီးဟန် ပေါ်လာလျက် မေဆင်ကို ပြော၏။





"သတင်းကြီး တစ်ခု သိလိုက်ရပြီ မစ္စတာမေဆင်"

"ဟေ. . . ဘယ်လို သတင်းမျိုးလဲကွ"

"ဟိုပန်းခြံနားမှာ ယောက်ျားအလောင်းတစ်ခု တွေ့တယ်တဲ့၊ အယ်လီနာ ခုနစ်လွှာကတဲ့နေရာနဲ့ သိပ်မဝေးတဲ့ နေရာပဲတဲ့"

"ဘယ်သူ့အလောင်းတဲ့လဲ"

"မသိရသေးဘူး၊ ရဲတွေတောင် မသိကြသေးဘူး။ အလောင်း မှာ တွေ့ရတဲ့ ဒဏ်ရာက ဦးခေါင်းနောက်ဘက် အလယ်တည့်တည့်မှာ ကျည်ဆန် ဝင်သွားတာဆိုပဲ၊ ကျည်ဆန်က ထုတ်ချင်းပေါက် မဟုတ် ဘူး"

"ဘယ်တုန်းက အသတ်ခံရတာတဲ့လဲ"

"လွန်ခဲ့တဲ့ ၂၄ နာရီ၊ ဒါမှမဟုတ် ၃၆ နာရီလောက်လို့ ယူဆကြတယ်"

"အလောင်းကို ရဲက တွေ့တယ်လား"

"မဟုတ်ဘူး၊ မှောင်ရိပ်ကြိုက်တဲ့ စုံတွဲတစ်တွဲ ကားပေါ်က ဆင်းပြီး မှောင်ရိပ်ထဲအသွား ချုံတစ်ခုထဲမှာ အလောင်းတွေ့တာတဲ့၊ လူသွားလမ်းကလေးတစ်ခု ဘေးနားက ချုံထဲမှာလို့ ဆိုတယ်"

"ဒေါက်ကလပ် အလောင်းပဲတဲ့လား"

"ခုချိန်ထိတော့ ဘယ်သူလို့ မသိကြရသေးဘူး"

မေဆင်က ချက်ချင်း ဖုန်းကောက်ကိုင်ပြီး ဒေါက်တာ အေရီ ယယ်ထံ အရေးတကြီး ဖုန်းဆက်၏။

"ဒေါက်တာအေရီယယ်လား၊ ကျုပ် ပယ်ရီမေဆင်ပါ၊ ဟို စိတ္တဇ လူနာကိစ္စဟာ ခုသိပ်အရေးကြီး လာပါတယ်"

"အယ်လီနာကို ပြောတာလား"

"ဟုတ်ပါတယ် ဒေါက်တာ"

"လူနာအခြေအနေလည်း သိပ်ကောင်းလာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒေါက်တာ၊ ဒီလိုလူနာမျိုးကို ဆရာဝန်တွေက ကုတဲ့အခါ လူနာ စိတ်မထိခိုက်ဖို့ သိပ်အရေးကြီးတယ် မဟုတ်လား၊ လူနာစိတ်ထိခိုက်မယ့် ကိစ္စမျိုးဆို ရှောင်ရမယ်နော်၊ တစ်ခုခု စိတ်ထိခိုက်စရာရှိရင် အခြေအနေ သိပ်ဆိုးသွားမယ် မဟုတ်လား ဆရာ"

"သိပ်မှန်တယ် မစ္စတာမေဆင်"

"ခုနေ သူ့ကို စိတ်ထိခိုက်စေရင် သိပ်ဆိုးသွားမယ်၊ ဟုတ်တယ်နော် ဒေါက်တာ"

"ဟုတ်ပါတယ် မစ္စတာမေဆင်"

"ဒီတော့ ခုအချိန်မှာ သူ့ကို တွေ့ချင်တဲ့လူတွေ ရှိနေတယ်၊ သူတို့ တွေ့သွားရင် လူနာ သိပ်စိတ်ထိခိုက်ဖို့ ရှိနေတယ်"

"ဘယ်သူတွေလဲ၊ သတင်းထောက်တွေလား"

"သတင်းထောက်တွေတင် မကဘူး တခြားတွေ့ချင်တဲ့ လူတွေလည်း ရှိနေတယ်"

"တခြားလူတွေဆိုတာ လူနာရဲ့ ဆွေမျိုးတွေလား"

"မဟုတ်ဘူး ဒေါက်တာ၊ မဟုတ်ဘူး"

"ဒါဆိုရင် ရဲအဖွဲ့ကိုများ ပြောတာလား၊ မစ္စတာမေဆင်"

"အင်း. . . ဖြစ်နိုင်တယ် ဒေါက်တာ၊ အတိအကျတော့ မပြောနိုင်ဘူးပေါ့"

"ဒီအတွက်တော့ မပူနဲ့ဗျို့၊ ဒီလူနာကို ရဲအဖွဲ့က ဘာအမှုနဲ့မှ အရေးယူစရာ မရှိနိုင်ဘူး၊ လသာသာမှာ ပန်းခြံဘေး သူ့ဘာသာသူ လျှောက်လာနေတာပဲ၊ ကိုယ်တုံးလုံးတီးလည်း မဟုတ်ဘူး၊ ဒါကြောင့် ဒီလူနာရဲ့ ကိစ္စကို ရဲစခန်းမှတ်တမ်း သင်ပုန်းမှာတောင် ဖျက်လိုက်ပြီးပါပြီ"

"မှတ်တမ်းသင်ပုန်းမှာ ဖျက်လိုက်ပြီဆိုတော့ သင်ပုန်းပေါ် ရေးထားတာ ဘာကြောင့် ပြန်ဖျက်တာလဲ ဒေါက်တာ"





"ရေးထားပြီးသားတွေ ဖျက်သွားအောင်လို့ပေါ့"

"မဟုတ်ဘူး ဒေါက်တာရေ၊ အဟောင်းကို ဖျက်လိုက်တာဟာ အသစ်ရေးမှတ်ဖို့လည်း ဖြစ်နိုင်တယ်။ ကဲ. . . ဒီတော့ ဒေါက်တာ၊ ကျုပ်တို့ လူနာကို ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်အောင် နေရာသစ် ပြောင်းကြရအောင်. . ."

"အေးဗျာ၊ ဘာဖြစ်လာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘဲကိုး"

"ဒါကြောင့် ကျုပ်တို့က လူနာဘက်က ကြိုတင်ကာကွယ်ဆောင်ရွက်ထားရလိမ့်မယ် ဒေါက်တာ"

"ကောင်းပြီ မစ္စတာမေဆင်၊ ကျွန်တော် စီစဉ်လိုက်ပါ့မယ်"

"ဘယ်သူမှ အနှောင့်အယှက် မပေးနိုင်တဲ့ နေရာမျိုးနော် ဒေါက်တာ"

"စိတ်ချပါ"

"ခုချက်ချင်း ရွှေ့ရမှာနော်"

"ကဲ. . . ဒေါက်တာရေ. . . ချက်ချင်း အလုပ်စပေတော့၊ ကျုပ်မှာလည်း ကျုပ်အမှုသည် ကျန်းမာရေးအတွက် ပူနေရတယ်"

"ကျုပ်လည်း ဒီလိုပဲပေါ့ မစ္စတာမေဆင်၊ ဒါပဲနော်"

ဖုန်းချပြီး တစ်ဆက်တည်း မေဆင်က ဒရိတ်ကို လှမ်းပြောပြန်၏။

"ပေါလ်ရေ. . . မင်း ရဲဌာနချုပ်နဲ့ အဆက်အသွယ် ရှိရဲ့မဟုတ်လား"

"သတင်းထောက်တွေက ဒါမျိုးဆို ပိုသိတတ်တယ်ဗျ၊ ရဲကမသိသေးတာတောင် သူတို့ သိနေတတ်တယ်၊ သတင်းစာထဲတွေ့ရေးချင်မှ ထည့်ရေးတာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ မင်းအဆက်အသွယ် အားလုံးကို အသုံးချပါ။ ငွေလိုသလောက် ကုန်ပါစေ၊ ဒီအလောင်းကိစ္စသတင်း ဆက်လိုက်ကွာ၊ အသေးစိတ် ရနိုင်သမျှယူ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာမျိုး ဖြစ်နိုင်မဖြစ်နိုင်ကအစ အသေးစိတ်ပေတော့၊ လက်နက်က ဘာအမျိုးအစားလဲ၊ ခု ဒီလက်နက် ဘယ်မှာလဲ၊ ဒီလူသေနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ၊ ဘယ်သူ့ အလောင်းလဲ၊ ဒေါက်ကလပ်ကော ဘယ်မှာနေသလဲ၊ သူ့ကားကော ဘယ်မှာလဲ၊ သူ့လှုပ်ရှားမှုအားလုံး စုံစမ်း၊ ဟုတ်လား"

"ဒါတွေ ရဲအဖွဲ့က လိုက်နာနေတော့ ကျုပ်တို့ ဘယ်ဝင်ရှုပ်လို့ ရမလဲဗျ"

"မင်းတို့ ကိုယ်တိုင် ဝင်လိုက်ဖို့ ပြောတာ မဟုတ်ဘူးကွ၊ သတင်းရဖို့ ပြောနေတာပါ။ သတင်းဘယ်ကရရ၊ သူများက မင်းထက် အလျင်ရရည်း အဲဒီသတင်းကို မင်း သူ့ဆီက ရအောင်ယူပေါ့ကွာ၊ ငါလိုချင်တာက သတင်းပဲဟာ"

"ကောင်းပါပြီဗျား၊ ကျုပ်ခုတောင် အိမ်တန်းပြန်မလို့ လုပ်နေတာ၊ ခင်ဗျား ဘယ်မှာ ရှိနေမလဲ ပြောထားဦး"

"အင်း. . . ကိုယ်လား၊ လောလောဆယ် ကိုယ့်ကို ဘယ်သူမှ မတွေ့နိုင်တဲ့ နေရာမှာပဲ ရှိနေဦးမယ်၊ အယ်လီနာကို နေရာ ပြောင်းရွှေ့ပြီးချိန် အလောင်း ဘယ်သူဆိုတာ သိပြီးချိန်ကျမှ အတွေ့ခံတော့မယ်၊ မနက်ဖြန်မနက်ထိ ကိုယ့်ကို မရှာနဲ့၊ မနက်တော့ ထုံးစံအတိုင်း ရုံးတက်မပေါ့။ ဒီကြားထဲ မရှာနဲ့၊ ကြားလား၊ အလကား အချိန်ကုန်ရုံပဲ ရှိမယ်"

* * *



## အခန်း | ခုနစ် |

မေဆင်က ဒရိတ်ရုံးခန်းမှ ထွက်အလာ နာရီကြည့်လိုက်ရာ ၁၀ နာရီ ၁၀ မိနစ် ရှိပြီဖြစ်ကြောင်း တွေ့လိုက်ရ၏။ ဓာတ်ဆီဆိုင် ဝင်ပြီး တိုင်ကီအပြည့် ဆီဖြည့်နေခိုက် ဓာတ်ဆီဆိုင် တယ်လီဖုန်းဖြင့် ဘီလင်၏ အဆောက်အအုံသို့ ဖုန်းဆက်သည်။ ဖုန်းစာရေးမကို တောင်းပန်ပြီး အခန်း ၃၅၈ ကို တောင်းသည်။

"ကလေးမရယ်၊ ညဉ့်နက်နေတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သိပ်အရေးကြီးလို့ အခန်း နံပါတ် ၃၅၈ က ဆူဆန်အခန်းထဲ လိုင်းဆက် ပေးစမ်းပါ၊ နေ့လယ်ကတည်းက သူ့ဆီ ဖုန်းဆက်မယ် ပြောထားပြီးသားပါ"

ဖုန်းစာရေးမက ခေတ္တစောင့်ရန် ပြောပြီး ဆက်ပေးသည်။

"ဟုတ်ကဲ့. . . ဟဲလို. . ."

"ဟယ်လို. . . ဒီအချိန် ဖုန်းဆက်ရလို့ အားတော့ နာပါတယ်၊ ဒါပေမဲ့ ဒေါက်ကလပ် အကြောင်းမို့ ဆက်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဒေါက်ကလပ် အကြောင်းလား၊ ဟုတ်ကဲ့ရှင့် ပြောပါ၊ ဒါပေမဲ့ ခုဆက်တာကကော ဘယ်သူလဲ"

"ကျုပ် နည်းနည်းပါးပါး မေးချင်လို့ပါ"

"ဒါပေမဲ့ စကားပြောတာ ဘယ်သူပါလဲ"

"ဪ. . . ဒါလား၊ ပယ်ရီမေဆောင်ဆိုတဲ့ ရွှေနေပါ ခင်ဗျား၊ စာတစ်စောင်တောင် ခင်ဗျားနာမည်နဲ့ စာဘူးထဲ ထည့်ထားခဲ့ပါတယ်"

"ဪ. . . ဟုတ်ကဲ့. . . ဟုတ်ကဲ့၊ ရပါတယ်"

"ကဲ. . . ဒါဆို ပြောတော့မယ်နော် မစ္စဆူဆန်၊ ခင်ဗျား အမေးအဖြေ တစ်ခုခုအတွက် အစမ်းဖြေကြည့်ထားသင့်တယ် ထင်တယ်"

"ဘာ အမေးအဖြေ အစမ်းလုပ်ရမှာလဲ မစ္စတာမေဆောင်"

"ခင်ဗျား ဇာတ်လမ်းနဲ့ ပတ်သက်လို့ပေါ့"

"ဘယ်ဇာတ်လမ်းပါလဲရှင်"

"ဟိုဇာတ်လမ်းဗျာ၊ ခင်ဗျား တစ်ချိန်ချိန်မှာ ရဲအဖွဲ့နဲ့ သတင်းထောက်တွေကို ပြောပြရမယ့် ဇာတ်လမ်းလေ၊ အခု ကျုပ်ကို အစမ်းပြောပြပါ၊ ကျုပ်က မေးခွန်းတွေ မေးပြီး အချိတ်အဆက်မိအောင် ထောက်ပြပေးမယ်"

"မစ္စတာမေဆောင်၊ ရှင့်. . .၊ ရှင် ကျွန်မကို ခြိမ်းခြောက်နေတာပါလား"

"လုံးဝ မဟုတ်ရပါဘူး"

"ဒါဖြင့် ဘာကြောင့် ကျွန်မက ဇာတ်လမ်းတစ်ခုကို ရဲအဖွဲ့တွေရှေ့ ပြောပြရမှာလဲရှင့်"

"ခင်ဗျား အစစ်ဆေးခံရတော့မှာကိုး"

"ဒေါက်ကလပ် အကြောင်းပဲလား"





"သိပ်ဟုတ်တာပေါ့"

"ခု ရှင် ဘယ်က ဖုန်းဆက်နေတာလဲ"

"ခင်ဗျား တိုက်ခန်းနဲ့ သိပ်မဝေးပါဘူး"

ဆူဆန် ခေတ္တ တွေနေပုံ ရ၏။ ပြီးမှ ရယ်ရယ်မောမောဖြင့် စကားဆက်သည်။

"ကဲ. . . ရွှေနေကြီး မစ္စတာမေဆောင်၊ ရှင်လည်း ကျွန်မကို စိတ်ဝင်စားနေတယ် ဆိုပါတော့၊ ကျွန်မကလည်း ရှင့်အကြောင်း ဖတ်ဖူးထားပါတယ်။ တရားခွင်မှာ ရှင့်ရဲ့ ပြန်လှန် မေးခွန်း မေးနည်းတွေ အကြောင်းကိုလည်း မှတ်မိနေပါတယ်။ အင်း. . . ရှင့်ကို ရင်ဆိုင်ပြီး ဖြေရမှာ တွန့်တော့ ခပ်တွန့်တွန့်ပဲ၊ ကိစ္စ မရှိပါဘူးလေ၊ ကျွန်မ အခန်းကို လာခဲ့ပါ"

"မကြာခင် ကျုပ် ရောက်လာပါ့မယ်"

ဘီလင်ဒါ အဆောက်အအုံသို့ ရောက်သောအခါ တံခါးစောင့်နှင့် ရင်ဆိုင်ရ၏။ မေဆောင်က ပြုံးပြီး နှုတ်ဆက်ရင်း စုံစမ်းသည်။

"ဟို. . . အခန်း ၃၅၈ က ဆူဆန်ဂရင်ဂါနဲ့ တွေ့ချင်လို့ပါ။ ချိန်းထားပါတယ်"

"ဪ. . . ဟုတ်ကဲ့၊ သူကလည်း ဖုန်းနဲ့ မှာထားတယ်၊ အပေါ် ထပ်ကို တက်သွားပါ၊ စောင့်နေပါတယ်"

အခန်း ၃၅၈ ရှေ့ အရောက် လူခေါ် ခေါင်းလောင်း နှိပ်လိုက်ရာ တံခါး ချက်ချင်း ပွင့်သွားပြီး ဆွဲဆောင်အား အပြည့်ရှိသော မိန်းမပျိုတစ်ဦးက စိန်ခေါ်သော မျက်လုံးပြာကြီးများဖြင့် ကြိုဆိုနေသည်။

"မစ္စတာမေဆောင်၊ ကျွန်မ ရှင့်ကို ခိုက်ကျူးပါရစေ၊ ကဲ. . . အထဲ ဝင်နိုင်ပါတယ်ရှင်"

မေဆောင်က အခန်းထဲ ဝင်လိုက်ပြီး ချက်ချင်း မေးခွန်းထုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို ဘာကြောင့် ချီးကျူးလိုပါသလဲ"

ဆူဆန်က ထိုင်ရန် နေရာပြရင်း မြေ၏။

"ရှင် အသုံးပြုတဲ့ နည်းပရိယာယ်ကိုပေါ့"

"ဘယ်လို. . . ဘယ်လို"

"သြော်. . . ကျွန်မကို ခုနပြောတယ် မဟုတ်လား၊ တခြားလူတွေ စစ်လား ဆေးလား မလုပ်ခင် အစမ်းသဲဘော အစစ် အဆေး အမေးအမြန်းခံ ကြည့်လို မကြည့်လို ရှင်ပြောခဲ့တဲ့ စကားပေါ့"

"သြော်. . . ဒါလား"

"ဟုတ်ပါတယ် ရှင်၊ ဒီနည်းဟာ သိပ်ထိရောက်တဲ့ နည်းပါပဲ၊ ဒီနည်း ရှင်အမြဲ သုံးတယ်နဲ့ တူပါတယ်"

"ဟုတ်ကဲ့၊ ဒါ ကျုပ်အကြိုက်ဆုံးထဲက တစ်နည်းပါ၊ အကျိုးလည်း ရှိတတ်ပါတယ်"

"အင်း. . . ဒီနည်းက ရန်လိုသလိုတော့ ရှိရဲ့နော်၊ ဒါပေမဲ့လည်း ဒါ ခြိမ်းခြောက်မှု ပါသလားဆိုတော့လဲ မဟုတ်ပြန်ဘူး"

"ဒီနည်းကို ချီးမွမ်းတဲ့အတွက် ဝမ်းသာပါတယ်ဗျာ"

ဆူဆန်က စီးကရက် တည်သည်။ တည်သော စီးကရက်ကို မယူဘဲ မေဆင်က ပြော၏။

"သောက်နေကျ ဆေးလိပ်ကိုပဲ သောက်ပါတယ်၊ ကျေးဇူးတင်ပါတယ်"

မေဆင် စီးကရက် မီးခြစ်ထုတ်ပြီးချိန်၌ ဆူဆန်က မေဆင် မီးညှိပေးရာဘက် လှမ်းပြီး မီးညှိဖွာသည်။ ပြီးနောက် မီးခိုးလုံးများ ဖွာထုတ်လျက် စဉ်းစားရင်း ပြောသည်။

"ကဲ. . . မစ္စတာမေဆင်၊ ကျွန်မတို့နှစ်ယောက် လက်ဝှေ့ကျင့်သလို အမြန်အလှန် စမ်းမေးကြမှာလား၊ ဒါမှမဟုတ် လက်ဝှေ့





စကားထဲက နမူနာနဲ့ ပြောရပြန်ရင် ကျွန်မကို ချက်ချခင်းပဲ အလဲထိုးတဲ့ မေးခွန်းမျိုး မေးမလား"

"ခင်ဗျားအပေါ် မူတည်ပါတယ်ဗျာ"

"ဒီလိုဆို မစ္စတာမေဆင်ကပဲ စမေးပါရှင်"

"နေဦး. . . ကျုပ်တစ်ခု ပြောမယ်၊ ကျုပ်တို့ချင်း ပွင့်ပွင့်လင်းလင်း သဘောထားကြရအောင်၊ ဒီတော့ ခင်ဗျားက ခင်ဗျား ဇာတ်လမ်းကို ပြော၊ ကျုပ်က ဖြတ်မေးမယ်၊ ဘယ့်နှယ်လဲ"

"အဲဒီနည်း ကျွန်မ မကြိုက်ဘူး၊ ဒီလိုလုပ်ပါလား၊ မစ္စတာမေဆင်ကပဲ မေးခွန်းတွေ မေးလေ၊ ကျွန်မက ဖြေသွားမယ် ဟုတ်ပလား"

"ဒါလည်း ကောင်းတယ်၊ ကဲ. . . စမေးတော့မယ်၊ ဓါက်ကလပ်ကို ခင်ဗျား သိသလား"

"ဟုတ်ကဲ့. . . သိပါတယ်"

"ဘယ်လောက်ကြာပြီလဲ"

"ဥရောပအပြန် သင်္ဘောပေါ်မှာ အရင် ၃-၄ လလောက်တုန်းက စသိခဲ့ပါတယ်"

"ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်ခဲ့ပြီလား"

"ဟုတ်တဲ့၊ သင်္ဘောပေါ်မှာတုန်းကပါ"

"သင်္ဘောပေါ်မှာတင်ပဲလား၊ ပြန်ရောက်ပြီး နောက်ပိုင်းမှာကော"

"ကျွန်မ. . . ဒီလိုဖြေပါရစေ၊ ဟို. . . သင်္ဘောပေါ်မှာတုန်းကလည်း ခင်ခင်မင်မင်ပါပဲ၊ နောက်ပိုင်းမှာလည်း ခင်ခင်မင်မင်ပါပဲ၊ ဒါပေမဲ့ နောက်ပိုင်း ကျွန်မ သူ့ကို တော်တော်ကြာကြာ မတွေ့ခဲ့ရပါဘူး။ တစ်နေ့ အနုပညာပစ္စည်းဆိုင်ထဲမှာမှ ပက်ပင်းပြန်တွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီမှာပြန်ပြီး ဆက်သွယ်ဆက်ဆံလာခဲ့ကြပြန်တယ်။ ပထမ စားသောက်ဆိုင်မှာ သူက တကာခံပြီး ညစာစားဖို့ရက်ချိန်းတယ်။ ကျွန်မ သူချိန်းတဲ့နေ့က မအားပေမဲ့ သူနဲ့အတူ ညစာသွားစားခဲ့ပါတယ်။ ကဲ. . . အခု ကျွန်မက မေးပါရစေဦး ရှင်က ဘာကြောင့် ဒီမေးခွန်းတွေ မေးနေရပါသလဲ၊ ပြီးတော့ ရဲအဖွဲ့ကလည်း ဒီအကြောင်း စိတ်ဝင်စားလာလိမ့်မယ်လို့ ဘာကြောင့် ကျွန်မကို ပြောတာလဲ"

"သြော်. . . ဒါက ဒီလိုကြောင့်ပါ၊ ကျုပ်က အတိတ်မေ့နေတဲ့ အမျိုးသမီး အမှုသည် တစ်ယောက်ကို ကိုယ်စားပြုနေလို့ပါပဲ"

"ဟာ. . . ဒါဆို ကျွန်မ နားလည်ပါပြီ၊ ဟိုမိန်းမ ဖြစ်မယ်၊ သူ့ကိုယ်သူ မစ္စက်ဒေါက်ကလပ်ဟာက်ပနာလို့ ပြောနေတဲ့ မိန်းမ မဟုတ်လား၊ စိတ်ဝင်စားစရာပေပဲ၊ ဒါနဲ့ ကျွန်မ ထွက်ချက်တွေက ဒီမိန်းမအတွက် အထောက်အထားကောင်း ဖြစ်နိုင်ပါ့မလားရှင်၊ ဒီနေ့ ညနေ သတင်းစာတွေထဲမှာတောင် ဒီအမှုနဲ့ ရှင့်အကြောင်း ဖတ်လိုက်ရပြီးပါပြီ"

"ဟုတ်ကဲ့။ ဇဲဒီလို ကျုပ်အကြောင်း ပုံကြီးချဲ့ ရေးထားတယ်လို့ ဖတ်ပြီးသူတွေက ပြောတာ ကြားခဲ့ရပါပြီ၊ အဲ. . . အခု ဆက်ပါဦး။ ချိန်းတဲ့နေ့စွဲကလေးနဲ့ သူနဲ့ တွဲနေခဲ့တဲ့ ရက်စွဲကလေးတွေပေါ့၊ ဒီလို ဗျာ. . . ဒေါက်ကလပ်ကို ခင်ဗျား ပြန်တွေ့တာနဲ့ ပြန်တွဲတာ မကြာခင် ကမှပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ရှင်"

"ဘယ်လောက်ကြာတဲ့ မကြာခင်ကလဲ၊ ဘယ်တော့လောက် ကလဲ"

"အင်း. . . ကျွန်မ နောက်ဆုံးသူ့ကို တွေ့လိုက်ရတာ ဩဂုတ်လ ၁၅ ရက်နေ့ ညနေကပဲ"



"အဲဒီတုန်းက သူလက်ထပ်ပြီးသားပါလို့ ပြောဖူးသလား"

"လုံးဝ မပြောဖူးပါဘူးရှင်"

"သူ လူပျိုပါလို့ကော ပြောဖူးသလားဗျာ"

"သူနဲ့ စကားပြောဖူးသလောက်မှာတော့ ဒီလိုလည်း မပြောဖူးဘူး ထင်ပါတယ်၊ ဒီမှာ မစ္စတာမေဆင်၊ ဒီမေးခွန်းမျိုးတော့ ကျွန်မ မဖြေပါရစေနဲ့၊ သူ့ကိုပဲ မေးရင် ပိုကောင်းမယ်၊ ခုတိုင်းဆို သတင်းစာ ဖတ်ရရှင် ဒေါက်ကလပ်ကိုယ်တိုင် တအံ့တဩ ဖြစ်သွားမှာပဲနော်၊ သတင်းစာထဲမှာက ဒီအတိတ်မေ့နေတဲ့ မိန်းကလေးက သူနဲ့ ဒေါက်ကလပ် လက်ထပ်ထားပါတယ် ပြောကြောင်း ပါနေတာကိုး"

"ကျုပ် ဆက်မေးပါရစေဦး၊ ဟိုညက အတူစားဖို့ ချိန်းတဲ့ နောက်ပိုင်းလည်း ဒေါက်ကလပ်နဲ့ မကြာခဏ တွေ့တယ်နော်"

"ဟုတ်ပါတယ်"

"ဒီအခန်းကိုလည်း လာဖူးတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်လိုလုပ်ပြီး သူ ဒီအခန်းကို လာနိုင်ရတာလဲ"

"ဟာ. . . ဒီအခန်းက ကျွန်မ ငှားနေတဲ့ အခန်း၊ ကျွန်မ အခန်းကို ကျွန်မက ဖိတ်ရင် သူ ရောက်လာရမှာပေါ့ရှင့်"

"ဒီကို ဘယ်နှခါလောက် လာခဲ့ဖူးသလဲ"

"ဒါတော့ ကျွန်မ မှတ်မထားလို့ မသိဘူးရှင့်"

"ပြန်စဉ်းစားကြည့်ရင်ကောဗျာ"

"အကြာကြီး စဉ်းစားယူရမှာ"

"လုပ်ပါ. . . ကြာချင်ကြာပါစေ၊ စဉ်းစားကြည့်စမ်းပါလား"

"ခုတော့ မစဉ်းစားပါရစေနဲ့ရှင်"

"ကဲ. . . ဒါဖြင့် ဒါထားတော့၊ ဒေါက်ကလပ်ရဲ့ မိသားစုကို တော့ ဆူဆန် သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မသိပါဘူးရှင်"

"ဒါ ဟုတ်ရဲ့လား ဆူဆန်၊ ကျုပ် ဒေါက်ကလပ် အမေဆီ ဖုန်းဆက်တော့ ခင်ဗျားနဲ့ ဖုန်းထဲမှာ စကားပြောဖူးသတဲ့၊ အဲဒါ. . ."

"ဟာ. . . မစ္စတာမေဆင်၊ အဲဒီမေးခွန်းကတော့ ကျွန်မကို အလဲထိုးလိုက်တဲ့ မေးခွန်းပဲရှင့်၊ ဘယ်တော့ အလဲထိုးမေးခွန်း ရောက်လာမလဲ စောင့်နေတာ၊ ခုရောက်လာပြီပေါ့၊ ကောင်းပါပြီ၊ ကျွန်မ ဖြေပါ့မယ်။ ကျွန်မတို့ လာ့စ်ဗေးဂတ်ကို သွားခဲ့ကြတယ်။ ကျွန်မ အရွယ်ရောက်ပြီး မိန်းမသားပဲ။ အုပ်ထိန်းမှုက လွတ်နေပါပြီရှင်၊ ကျွန်မ အဲဒီတုန်းက နည်းနည်းပါးပါး ငွေလိုနေတော့ လောင်းကစားကလေး ဘာလေး လုပ်ချင်နေတယ်။ ဒေါက်ကလပ်ကလည်း သူ လာ့စ်ဗေးဂတ်ကို သွားဖို့ အစီအစဉ် ရှိသတဲ့၊ ဒါနဲ့ သူက ဖိတ်တော့ ကျွန်မလည်း လိုက်သွားတာပေါ့"

"ပြီးတော့ ဘာတွေ လုပ်ကြသလဲ၊ ဆက်ပြောပါဦးဗျ"

"လာ့စ်ဗေးဂတ်အသွား ဘာစတိုကို ရောက်တော့ ဓာတ်ဆီဝင်ထည့်နေတုန်း ဆိုင်က ဖုန်းနဲ့ သူ့အမေဆီ ဆော့လိပ်မြို့ကို ဖုန်းဆက်တယ်။ ဖုန်းဆက်ရင်း သူ့မှာ အဖော်ပါတယ်၊ သိပ်ချစ်ဖို့ကောင်းတဲ့ မိန်းကလေး ဘာ ညာနဲ့ပေါ့၊ တယ်လီဖုန်းထဲကနေ ဒီမိန်းကလေးနဲ့ စကားပြောကြည့်ဖို့လည်း ပြောတယ်။ ဒီမှာတင် ဘာမှကြိုမသိရဘဲ ကျွန်မလက်ထဲ ဖုန်းထည့်လိုက်တော့ စကားပြောခဲ့ရတာပေါ့"

"ခင်ဗျားက ဖုန်းထဲမှာ ဘာတွေ ပြောခဲ့သလဲ"

"ဒေါက်ကလပ် အိမ်ထောင်ရေးကိစ္စတွေပါ၊ သူ့အမေကို ဘာတွေ ပြောထားသလဲ မသိဘူး။ ကျွန်မကို ဖုန်းပြောခိုင်းတော့ သိမ်သိမ်မွေ့မွေ့ ပြောနော်လို့ သတိပေးတယ်"





"ဪ. . . သူက ဆူဆန် ဘယ်သူဆိုတာ ပြောထားသတဲ့လား"

"ဟုတ်တယ်၊ ပြောသမျှ ကျွန်မ အလှအပ၊ ကိုယ်လုံး ကိုယ်ပေါက်ကအစ၊ အသေးစိတ် ချီးမွမ်းတာတွေတောင် ပါနေတယ်၊ သူ ပြောနေတုန်းက နားထောင်နေရတာများ ကျွန်မ အလှမယ် ရွေးပွဲအတွက် စာရင်းပေးခံနေရသလား အောက်မေ့တယ်။ စုံလို့. . . စုံလို့"

"ဆူဆန်ရဲ့ လိပ်စာကိုလည်း ဒေါက်ကလပ် အမေ သိနေတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မ အကြောင်း အစုံပါပဲ"

"ဒါနဲ့ ဆူဆန်က ဖုန်းထဲမှာ ဘာတွေ ပြောလိုက်သလဲ"

"ကျွန်မက တွေ့ရတာ ဝမ်းသာပါတယ်။ ဘာညာလောက်ပဲ ပြောပါတယ်။ သူ ပြန်ပြောလာတာက တစ်မျိုးကြီးရှင့်။ သူ့သားက ပြောသတဲ့၊ ကျွန်မ သူနဲ့အတူ လာ့စ်ဗေးဂတ်ကို အတူချိန်းပြီး လိုက်လာတာဆိုပဲ၊ ဒီလို ကြားရတော့ ကျွန်မ သိပ်ဒေါပွသွားတယ်။ အဲဒီကတည်းက ကျွန်မ တစ်ခု ဆုံးဖြတ်လိုက်ပြီးပြီ၊ လာ့စ်ဗေးဂတ် ရောက်ရင် သူတစ်ခန်း ကိုယ်တစ်ခန်း သီးခြား အခန်းငှားပြီး ကျွန်မကို တကာခံခိုင်းမယ်၊ တကယ်ပဲ တစ်ခန်းစီ ကျွန်မ ငှားခဲ့တယ်"

"အင်း. . . ဒေါက်ကလပ်ရဲ့ ချဉ်းကပ်နည်းအကွက် မှားသွားတာပေါ့ ဟုတ်လား"

"ထားပါတော့၊ ကျွန်မကတော့ ရည်ရွယ်ချက်အတိုင်း ပျော်ပျော်ပါးပါး ရှိခဲ့ပါတယ်"

"အဲဒီနေ့ကိုကော မှတ်မိပါ့မလား"

"မှတ်မိတာပေါ့ရှင်၊ အဲဒီနေ့မှာ ကျွန်မ အခန်းအဆောက် ခံရတာဆိုတော့ ဘယ်မေ့မလဲ၊ ကျွန်မ ခရီးထွက်နေတုန်း အခန်း



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ခံရတယ်လေ၊ အခန်းထဲက ကျွန်မ အမြတ်တနိုးထားတဲ့ ပစ္စည်းတွေကိုလည်း မလိုတမာ ဖျက်ဆီးသွားတယ်။ ဘယ်သူ ဝင်ဖျက်သွားတယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ဘာ့ကြောင့် လုပ်သွားတယ်ဆိုတာလည်း သိတယ်။ ဒါပေမဲ့ ကျွန်မ ရဲအဖွဲ့ကို မတိုင်ခဲ့ပါဘူး"

"ဘယ်လို ပစ္စည်းတွေကို ဖျက်ဆီးသွားတာပါလဲ"

"ကျွန်မက အနုပညာသည် ပန်းချီဆရာမပါ၊ ဒါပေမဲ့ ထူးထူးခြားခြား တီထွင်နိုင်စွမ်းရှိတဲ့ ပညာရှင်တော့ မဟုတ်ပါဘူး။ ကျွန်မ ဝါသနာက ဥရောပ ရှေးဟောင်း ပန်းချီခေတ်တစ်ခေတ်ကို လေ့လာနေတာ၊ ကျွန်မအဖို့ ပန်းချီပညာနဲ့တော့ ပန်းချီလောကမှာ ထွန်းထွန်းကားကား ကျော်ကြားပြနိုင်မှာ မဟုတ်ပါဘူး၊ ကျွန်မက ရှေးဆရာကြီးတွေ သုံးခဲ့တဲ့ အရောင်သဘော၊ အလင်းသဘောတွေကို အထူးပြု လေ့လာတယ်။ အဲဒီမှာ သုံးထားတဲ့ အလင်းသဘောတွေဟာ နက်နဲတယ်။ ဒါကြောင့် နောင်ကာလ ပန်းချီကျောင်းတွေမှာတောင် ဒါကို ပြန်ဖော်ရင်း ပညာရဲ့ အလေးအနက်ပိုင်းကို လိုက်နိုင်မယ် ထင်ပါတယ်၊ ဩော်. . . မစ္စတာမေဆင်၊ ရှင်က အချစ်ဇာတ်လမ်းအကြောင်း၊ သတိမေ့ရောဂါအကြောင်း ပြောချင် နားထောင်နေချင်တဲ့လူ၊ ကျွန်မက ဥရောပ ပန်းချီပညာအကြောင်း ပြောနေတော့ ပျင်းစရာကြီး ဖြစ်နေတော့မှာပဲ"

"နေဦး၊ ဆူဆံန် ပြောတဲ့အထဲမှာ ပစ္စည်းတွေကို ဖျက်လိုဖျက်ဆီး လုပ်သွားတယ်ဆိုတာ ပါတယ်နော်၊ အဲဒါ ဘယ်လို လုပ်သွားတာလို့ ပြောတာလဲ"

"ဩော်. . . ဒီလိုပါ၊ ကျွန်မ ရှင်းပြပါ့မယ်၊ ကျွန်မက ဒီလို လေ့လာဖို့ တိစ္စအတွက် ခရီးတော်တော် ထွက်ခဲ့ပါတယ်၊ ဥရောပကို ဆိုရင် တစ်နှစ် သုံးခေါက်လောက် သွားတယ်။ ကျွန်မက ပန်းချီပညာ





နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ် ရေးနေတယ်လေ၊ အပြင်လောကကအတွက်တော့ တွင်ကျယ်ဖို့ မရှိပါဘူး၊ ဒါပေမဲ့ အနုပညာလောကကတော့ အသိအမှတ်ပြု ခံရဖို့ ရှိမယ်ထင်ပါတယ်။ အဲဒီလိုလည်း ကျွန်မက မျှော်လင့်ထားတယ်။ နောက်ဆုံးရှင်. . .၊ အဲဒီစာအုပ်ဟာ ဥရောပ ရှေးဟောင်းပန်းချီ ခေတ်တစ်ခေတ်အကြောင်း မှတ်တမ်းအဖြစ် ခိုင်လုံတဲ့ ကျမ်းတစ်ခု ဖြစ်လာအောင် ကျွန် ကြိုးစားထားတယ်၊ ရှေးဟောင်း ဥရောပလက်ရာ အတော်များများကို ကျွန်မ ဖော်ပြထားတယ်၊ ဒါပေမဲ့ ကျွန်မ အာရုံစိုက်ထားတာက ပန်းချီကား မဟုတ်ဘူး၊ အဲဒီခေတ် ဆရာကြီးတွေရဲ့ ပန်းချီသဘောတရားပါပဲ"

"အင်း. . . ဒါနဲ့မှာ၊ ဟိုအခန်းထဲ ဝင်ဖျက်ဆီးသွားတယ်ဆိုတဲ့ကိစ္စကကော"

"တစ်ယောက်ယောက် ကျွန်မ အခန်းထဲ ခိုးဝင်ပြီး တန်ဖိုးဒေါ်လာရာပေါင်းများစွာ တန်တဲ့ ပန်းချီပစ္စည်းတွေကို ဖျက်ဆီးသွားတယ်လေ"

"ဘယ်လို ဘယ်လို ဖျက်သွားပါသလဲ"

"ကျွန်မ ဆေးဘူးတွေကို ဖင်ပိုင်းကနေ ဖြတ်ပြီး ညှစ်ထုတ်သွန်ပစ်ခဲ့တာ တစ်ခန်းလုံးကို ဆေးတွေ ဖွေးနေတာပဲရှင့်၊ ရေချိုးခန်းကနေ ဧည့်ခန်းအထိ ဆေးတွေ ပြန့်ကျဲနေတာပဲ"

"ရဲကို မတိုင်ဘူးလား"

"ခုထိတော့ မတိုင်သေးဘူး၊ ဘယ်သူ လုပ်တယ်ဆိုတာ သိနေတာပဲ"

"ဘယ်သူ လုပ်သွားတာလဲ၊ သိပါရစေ"

"ရှင့်အမှုသည် အယ်လီနာပေါ့၊ သတင်းစာထဲ ပါတာတော့ မမှုပါဘူး၊ ဒါပေမဲ့ ကျွန်မ ဝတ်တိုင်ရင် ရှင့်အမှုသည် လည်ပင်းကြိုးကွင်း စွပ်နေတော့မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် အယ်လီနာ လုပ်တာပဲလား"

"ဟုတ်တယ်"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

ထိုအချိန်၌ တယ်လီဖုန်းအသံ မြည်လာသည်။

"ခဏ နေဦးနော်"

ဖုန်းကိုင်ပြီး စကားပြောသည်။

"ဟဲလို. . . ဟဲလို. . . ဟုတ်ပါတယ်"

ထို့နောက်တွင်ကား အတော်ကြာ ငြိမ်သက်စွာ ဆက်နားထောင်နေ၏။ ခဏနေမှ ဖုန်းထဲကလူကို ပြန်မေး၏။

"သေချာရဲ့လား"

တစ်ဖက်မှ ဖြေနေစဉ် ငြိမ်သက်စွာ ဆက်နားထောင်နေပြန်၏။ ထို့နောက်မှ ဖုန်းပြောပြီး၍ ဖုန်းကို ချလျက် ဖုန်းတင်ခုံနားတွင်ပင် ရပ်နေ၏။ မေဆင်ရှိရာသို့ မလာသေး။ ခဏစဉ်းစားပြီးမှ လျှောက်လာလျက် သက်ပြင်းချရင်း မေဆင်ကို ပြောသည်။

"ကဲ-မစ္စတာမေဆင်၊ ပြည့်စုံပြီ ထင်တယ်၊ လာ့စ်ပေးဂတ် ခရီးစဉ် အကြောင်းလည်း ရှင်အားလုံး သိရပြီပဲ"

ဆူဆန်က တံခါးဆီ လျှောက်သွားပြီး တံခါးဖွင့်ပေးသည်။ ၎င်းတွင် မေဆင်က နှုတ်ဆက်စကား ဆို၏။

"ကဲ မစ္စဆူဆန် ဒီဇာတ်လမ်းအကြောင်း ခင်ဗျား ရဲအဖွဲ့ကိုတော့ ပြောရလိမ့်မယ် ထင်တယ်"

"ရှင် ကျွန်မကို အခု မေးမြန်းသွားပြီးပြီပဲ၊ ရဲအဖွဲ့နဲ့ တွေ့ရလည်း ကျွန်မအတွက်ကတော့ သိပ်မဆန်းတော့ပါဘူး၊ ကဲ သွားပေတော့၊ ကောင်းသော ညပါရှင်"

မေဆင်က ကုလားထိုင်ပေါ်မှ ထလိုက်၏။ သို့သော် တံခါးဆီ မသွားသေး။ စကား တစ်လုံးနှစ်လုံး ပြောနေသေး၏။





"ကျုပ် ခုလို လာမေးတာအတွက်တော့ စိတ်မရှိပါနဲ့နော်"

"ကဲ မစ္စတာမေဆင် မြန်မြန်သွားပါတော့၊ ကျွန်မ. . . ကျွန်မ. . ."

"ကောင်းပါပြီ၊ ခင်ဗျားဆိုလိုချင်တာက ခုန တယ်လီဖုန်းလာတာက ဟိုလူ ဒေါက်ကလပ်အလောင်း တွေ့ပြီဆိုတဲ့အကြောင်း လာပြောတာ မဟုတ်လား"

"မစ္စတာမေဆင်၊ ရှင် ဒီအကြောင်း သိပြီးမှ ကျွန်ကို လာတွေ့စုံစမ်းတာပေါ့၊ ဟုတ်လား၊ ဒါဆိုရင်တော့ ရှင့်ကို ကျွန်မ ဒေါသ ဖြစ်ရတော့မှာပဲ"

မေဆင်က ဆူဆန်၏ မျက်နှာကို ခပ်ကြာကြာ စိုက်ကြည့်ပြီးမှ အခန်းပြင် ထွက်သွား၏။ မေဆင်က နောက်ဘက်သို့ နားစွင့်လိုက်ရာ တံခါးဆောင့်ပိတ်သံ ကြားလိုက်ရသည်။

* * *



www.burmeseclassic.com

## အခန်း [ ရှစ် ]

နောက်တစ်နေ့နံနက် ဒယ်လာတစ်ယောက် ရုံးသို့ ရောက်လာချိန်တွင် မေဆင်မှာ အလျှင်ရောက်နှင့်နေပြီး ဖြစ်၏။ ဒယ်လာတစ်ယောက် ရုံးတံခါး သော့ဖွင့်ပြီး သီချင်းတအေးအေး ညည်းလျက် ရုံးခန်းထဲ ဝင်လိုက်ချိန် မေဆင်ကို အလုပ်စားပွဲ၌ တဖုံ့တဖြ တွေ့လိုက်ရသည်။ မေဆင်ကပင် လှမ်းနှုတ်ဆက်၏။

"ဘယ်လိုလဲ ဒယ်လာရေ ဘာတွေ ထူးသေးလဲ"

"ဆရာကကော ဘယ့်နှယ်အစောကြီး ရုံးလာပြီး ဘာလုပ်နေ တာလဲ"

"ဩော်. . . ထူးခြားချက်တွေ ထပ်တွေ့တွေ့လာနေရတော့ အကုန်လုံး ပြန်ဆက်စပ်နေရတာပေါ့"

"ဘာတွေ ထူးလာလို့လဲ ဆရာရဲ့"

"သတင်းစာတွေထဲတော့ မပါသေးပါဘူး၊ ဒါပေမဲ့ ပန်းခြံ မှာ တွေ့တဲ့ အလောင်းဟာ ဒေါက်ကလပ်ဟက်ပနာ့ပဲလို့ ပေါ်သွား ကွဲ့"





"ဩော်. . .၊ ဒေါက်ကလပ် သေပြီပေါ့နော်"

"ဟုတ်တယ်၊ ခေါင်းကို နောက်တနေ သေနတ်နဲ့ ပစ်သတ် တာ၊ ကျည်ဆန် အပြင်ထွက်တော့ ရဲအဖွဲ့အတွက် ကျည်ဆန်ထိပ်ဖူး ရနိုင်သွားတာပေါ့။ လက်နက်ပါရဂူနဲ့ စစ်ကြည့်ရင် ဘယ်သေနတ်မျိုးနဲ့ ပစ်သတ်တယ်ဆိုတာပါ ပေါ်လာဖို့ ရှိတယ်၊ အင်း. . . သေနတ်တွေ့ဖို့ တော့ လိုသေးပေါ့လေ၊ ဒါနဲ့ ညည်းဆီကကော ဒီနေ့ ဘာထူးသေးသလဲ"

"အင်း. . . ညက နည်းနည်း ထူးတယ်လို့ ဆိုရမယ်၊ စိတ်ဝင် စားစရာ ညနေခင်း ဆိုပါတော့ ဆရာ"

"ငနဲတွေ ချဉ်းကပ်တာလား"

"ဟုတ်တယ်၊ ငနဲတော်တော်များများပဲ ဆရာ"

"ထူးခြားတဲ့ ချဉ်းကပ်မှုမျိုးကော ရှိသလား"

"ဒီလိုတော့ မဟုတ်ဘူး ဆရာ၊ မိုးမိုး အတွဲရှာတဲ့ ငနဲတွေပါ၊ ချဉ်းကပ်လာနည်းတွေက ယဉ်တော့ ယဉ်ပါတယ်၊ အထက်တန်းစား ဆိုတယ် မဟုတ်လား၊ ဒါပေမဲ့ ရည်ရွယ်ချက်တွေကတော့ အောက် တန်းစား အထက်တန်းစား မကွဲပြားပါဘူး၊ အတူတူချည်းပါပဲ"

"အတွေ့အကြုံကလေး ပြန်ပြောပြပါဦး"

"တစ်ယောက်က တွဲကခွင့် တောင်းတယ်၊ နောက်တစ်ယောက် ဆိုရင် စားပွဲထိုးကနေတစ်ဆင့် စာကလေးတစ်စောင်ပေးပြီး သူ့ဆီလိုပါက တစ်ဖက်စားပွဲ၌ လူကြီးလူကောင်းများ အသင့်ရှိပါတယ် ဆိုတောင် ကမ်းလှမ်းတယ်"

"အလိုလေး၊ လူကြီးလူကောင်းတွေ၊ တစ်ယောက်ချင်းတောင် မဟုတ်တော့ပါလား"

"နှစ်ယောက်ထဲပါ ဆရာ"

"ညည်းက ဘာအကြောင်း ပြန်လိုက်သလဲ"

www.burmeseclassic.com



"တွဲကပစ်လိုက်တာပေါ့"

"ကရုံပဲလား"

"ဆက်မှာပေါ့ ဆရာရဲ့၊ ကရင်း ကရင်း ချစ်ကြောင်း ကြိုက်ကြောင်း ကမ်းလှမ်းတာပေါ့"

"ဒီတော့ ချစ်လိုက်ရောလား"

"အိုး. . . ဆရာကလည်း ဆရာ မှာထားတဲ့အတိုင်း လုပ်တာပေါ့၊ တစ်ကြိမ်တွေ့ တစ်ခါတည်း ကြိုက်လို့ မဖြစ်နိုင်တဲ့အကြောင်း ဟို-မဂ္ဂနေ့ ခံတပ်ကြီးကို ဥပမာ ပေးလိုက်တယ်။ မဂ္ဂနေ့ ခံတပ်ကို တစ်ကြိမ်လောက် သေနတ် တစ်ချက် နှစ်ချက်ပစ် တိုက်ခိုက်ရုံနဲ့ မအောင်နိုင်ပါဘူး၊ ဘာညာပေါ့၊ ကြိုးရှည်ရှည် ထားတယ်လေ၊ ဒါ ဆရာ့အကြိုက် မဟုတ်ဘူးလားလို့"

"အေးပါ ခုထိတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ ရွေ့လျောက် တစ်မျိုး ခြေလှမ်း ပြောင်းရလိမ့်ဦးမယ် ထင်တယ်"

"ဘယ်လို ဖြစ်လို့လဲ ဆရာ"

"အခြေအနေ တစ်မျိုး ပြောင်းလာတယ်လေ၊ အယ်လီနာ အကြောင်း ကွင်းဆက်ပြတ်နေတာ နှစ်ပတ်လောက် ရှိနေတယ် မဟုတ်လား၊ သူ့ကို တွေ့ကြရတုန်းက ဟို. . . ပန်းခြံမှာ လသာသာ ညတည ကိုယ်တုံးလုံးနီးပါး အခြေအနေ၊ သူ့အသားအရေကဆိုရင် ပြောစမှတ် ပြုရလောက်အောင် ချောမွေ့ဖြူဖွေးနေတယ်"

"ဟုတ်တယ်၊ ဒါကို ဆရာညွှန်းတာလည်း သုံးလေးခါမက တော့ဘူး ထင်တယ်"

"ညွှန်းလောက်အောင်လည်း အမှုမှာ အရေးကြီးသကွဲ့၊ ဥပမာကွာ အဲဒီညက ဆိုပါတော့၊ ဒီကလေးမ အဝတ်မပါဘဲ အချိန် အကြာကြီး ပန်းခြံမှာ လျှောက်ပတ်နေတယ်ဆိုရင် သူ့အသားအရေ





ဟာ နည်းနည်းတော့ လေဒဏ်နေဒဏ်ကြောင့် အရောင်နီစပ်စပ် ဖြစ်နေရမှာပေါ့၊ ခုတော့ ဖြူဖွေးနေတုန်းပဲလို့ ဆိုကြတယ် မဟုတ်လား၊ ဒါဆိုရင် အဝတ်တွေ သူချွတ်ပစ်လိုက်တာ မကြာသေးလို့ပေါ့ကွ"

"ဟာ. . . ဆရာ၊ ဒီနေရာမှာတော့ ဆရာဟာ စုံထောက် ကောင်းတစ်ယောက် မျက်စိနဲ့ စုံထောက်ကောင်း တစ်ယောက် အတွေးအခေါ် ရှိလို့ ဒီအချက် တွေးမိတာ ဖြစ်မယ်"

"မျက်စိလျှင်ရင် ဖြစ်ပါတယ်"

"အဲဒီ သူ့အသားအရေကိစ္စ ကျွန်မတို့ နည်းနည်းပါးပါး လောက် ထပ်ပြောပြဦးမလား ဆရာ"

"အဲဒီနေ့က သူ့အသားအရေဟာ နည်းနည်းကလေးမှ နေလောင်တာ၊ လေဒဏ်မိထားတာ မတွေ့ရဘူး"

"အိပ်ခန်းထဲက မီးလုံး အလင်းရောင် ဒဏ်လောက်တော့ မိထားမှာပေါ့ ဆရာ"

ဒယ်လာ၏ ဟာသကို မေဆင်က ဂရုမစိုက်ဘဲ ဆက်ပြော၏။

"ဒါကြောင့် တွက်လိုက်မိတာက ဒီကလေးမဟာ ဒီပန်းခြံနားမှာပဲ နေတာ ဖြစ်ရမယ်၊ ဒီလိုတွေးပြီး အေသယ်ကို တို့ ဖြီးဖြန်း မေးလိုက်တော့ ပေါ်လာတာပဲ မဟုတ်လား၊ ဘာကြောင့် အဲဒီမှာ နေတယ်လို့တော့ တို့မသိရသေးဘူး၊ အေသယ် ကိုယ်တိုင်လည်း ဘာကြောင့်ဆိုတာ သိဟန် မပေါ်ဘူး၊ ဒါပေမဲ့ ခုတော့ တို့သိလာပြီ"

"ဘာကြောင့် အဲဒီမှာ လာနေတာလဲ ဆရာ"

"ဆူဆန်ကြောင့် အယ်လီနာ အဲဒီမှာ လာနေတာပဲကွဲ့၊ ဒါကြောင့်လည်း အယ်လီနာ လက်မထပ်ရသေးဘူးလို့ တွေးစရာ ရှိနေပြန်တယ်"

"ဘာဖြစ်လို့လဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားကြည့်လေ၊ သူတို့ ပြောသလို လက်ထပ်ပြီးစဆိုရင် ပျားရည်ဆမ်း ကာလမှာ သူလင်ကကော သူမယား ပူပူနွေးနွေးနဲ့ ခွဲနေပြီး ဟိုဆူဆန်နဲ့ သွားပွေနေတယ် ဆိုတာကကော ယုံနိုင်စရာ ရှိရဲ့လား။ ခုတွေ့လာရတာက အယ်လီနာဟာ ဆူဆန်ရဲ့ ခြေလှမ်းကို စောင့်ကြည့်လို့ရအောင် အေသယ်နဲ့ အတူသွားနေတယ်၊ အဲဒီအချိန်မှာ ဆူဆန်ကလည်း ဒေါက်ကာလပ်နဲ့ လာ့စ်ဗေးဂတ်ကို ရုံးပိတ်ရက် ခရီးထွက်နေတယ်၊ ဆူဆန်မရှိတုန်း အယ်လီနာက ဆူဆန်ရဲ့ အခန်းထဲ ခိုးဝင်ပြီး ပန်းချီပစ္စည်းတွေ ဖျက်ဆီးပစ်တယ်၊ ယောက်ျားနဲ့ ပတ်သက်ပြီး မနာလို ဖြစ်နေတဲ့ မိန်းမတစ်ယောက် လုပ်တတ်တဲ့ အပြုအမူမျိုးပဲ"

"ဘယ်လို နစ်နာအောင် ဖျက်ဆီးခဲ့တာလဲ ဆရာ"

"ပန်းချီ ဆီဆေးတောင့်ဘူးတွေကို ဖျက်ဆီးပစ်ပြီး ဆေးတွေကိုလည်း အခန်းအနှံ့ ပက်ထားသတဲ့"

"ဒါ အယ်လီနာ လုပ်တာ ဟုတ်ရဲ့လား၊ ဆရာရဲ့"

"ဆူဆန်က အဲဒီလိုပဲ ထင်သတဲ့"

"ဘာကြောင့် လုပ်တယ်လို့ကော ဆူဆန်က ထင်မြင်ချက် ပြောမပြဘူးလား"

"ပြောနေတုန်း စကားပြတ်သွားကြတယ်ကွာ"

"စိတ်ဝင်စားစရာပဲ ဆရာ၊ ဒီလိုဆို အခု ကျွန်မတို့ ဘယ်အနေအထား ရောက်နေပြီလဲ"

"အခြေအနေကောင်းပဲ၊ အယ်လီနာရဲ့ပုံကြမ်း တို့ထပ်သိလာရတာပေါ့"

"လက်မထပ်ရသေးတဲ့ အယ်လီနာနော် ဆရာ"

အယ်လီနာ ဟက်ပနာနှင့် အယ်လီနာကော်ဘင် ကွဲကွဲပြားပြား ဖြစ်အောင် ဒယ်လာက ဝင်ထောက်၏။





"အယ်လီနာ စောင့်ကြည့်နေတယ်ဆိုတဲ့ ဆူဆန်အကြောင်း ဆက်ပါဦး ဆရာ"

"ဆူဆန်က အံ့ဩစရာပဲကွဲ့၊ ကိုယ်တိုင်က ပန်းချီအနုပညာရှင်၊ ပညာကိုလည်း စိတ်ဝင်တစား လိုက်စားနေဆဲ၊ ရှေးဆရာကြီးတွေရဲ့ လက်ရာတွေကို သိပ်ဝါသနာတကြီး လေ့လာနေတာ၊ ပြီးတော့ အဲဒီအကြောင်း စာအုပ်တစ်အုပ်လည်း ရေးနေသတဲ့"

"နေပါဦး ဆရာ၊ ဆူဆန်ကကော ဘယ်အရွယ်လောက် ရှိမလဲ"

"၂၄-၂၅-၂၆ လောက် ရှိပြီ ထင်တယ်"

"အမယ် ဒါဆို ၂၉-၃၀.သေချာတယ်၊ ကြည့်ပျော်ရှုပျော်လည်း ရှိတယ် မဟုတ်လားဆရာရဲ့"

"အေးပေါ့၊ သိပ်ကို ကြည့်ပျော်ရှုပျော်ပဲ"

"သူ့ အသားအရေကျတော့ကော အယ်လီနာနဲ့ ဘယ့်နှယ်လဲ"

"ကွယ်. . . ဆရာက မျက်နှာနဲ့ လက်တွေလောက်ပဲ မြင်ခဲ့ရပါတယ်"

"အင်း. . . ဒါဆို ဆရာ အတွင်းကျကျ မသိခဲ့ရသေးဘူးပေါ့"

"ဟာ. . . ဒယ်လာလေး၊ ညည်းက ညည်းတွေးချင်တာတွေ ဆွဲတွေးနေတာပဲ၊ မူရင်းအကြောင်း ပျောက်နေပြီကွဲ့"

"မပျောက်ပါဘူး ဆရာရဲ့"

"ကောင်းပါပြီ မူလအကြောင်း ပြန်ကောက်ရအောင်၊ ဆူဆန်လက်ခံထားတာက သူ မရှိတုန်း သူ့အခန်းကို အယ်လီနာ ဝင်မွှေတယ်၊ ပြီး. . . ပစ္စည်းတွေကို ဖျက်လိုဖျက်ဆီး လုပ်ပစ်တယ်၊ ဆီဆေးတောင့်ဘူးတွေ ဖင်က ဖြတ်ပြီး ညှစ်ထုတ်သွန်ပစ်တယ်"

"အဲဒါတွေ ကျွန်မကို ဆရာ ပြောပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လာက သူ့ဆရာကို အထက်စီး ပြောမိလိုက်သည်ကို သတိထားမိပြီး ချက်ချင်းတောင်းပန်၏။

"ဆရာရေ. . . ကျွန်မ စကားပြောတာ မှုပြောင်းသလို ဖြစ်နေတယ်၊ ခွင့်လွှတ်ပါနော်၊ ဘာကြောင့် မှုပြောင်းနေသလဲဆိုတော့ ခု အလုပ်လာတော့သာ ဆရာ့အတွင်းရေးမှူး မဟုတ်လား၊ ဒါပေမဲ့ ညညကျတော့ ကျွန်မက သူဌေးမလေးဘဝ ခံယူပြီး ဗိမ်ခံ ဟိုတယ်ကြီးမှာ နေနေတော့ ချဉ်းကပ်လာတဲ့ ငနဲတွေနဲ့ ပြောဆိုဆက်ဆံတဲ့ အကျင့်ပါနေလို့ပါနော်"

"ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး၊ တို့ကလည်း အဲဒီလို ညည်းပြုမူနေထိုင်စေချင်ပါတယ်၊ ဒါ တို့လိုချင်တဲ့ အချက်ပဲဟာ၊ ကဲ. . . ပြန်ဆက်မယ်၊ ဟို ဆီဆေးတောင့်ဘူးတွေ ဖျက်ဆီး မခံရဘူးဆိုရင်ကော ဘယ်လို အဖြေထွက်လာကြမလဲ"

"ဖျက်ဖို့ အခန်းထဲ ခိုးဝင်ခဲ့တာပဲဟာ၊ ဒါတွေ မဖျက်ရင် တခြား သူဘာလုပ်ဖို့ ရှိလို့လဲ ဆရာ"

"ဒယ်လာလေး၊ ဒီနေရာမှာတော့ ဒယ်လာဟာ ဆူဆန် ပြောတဲ့အတိုင်း လိုက်ယုံထားတာ ပေါ်နေပြီ"

"အယ်လီနာ ပြောတာကို ဆရာ မယုံဘူး မဟုတ်လား"

"ဒီအချိန်မှာ အယ်လီနာအကြောင်း မဝေဖန်ချင်သေးဘူး၊ ဆူဆန်အကြောင်းပဲ ဆွေးနွေးကြရအောင်၊ ကဲ. . . ဆူဆန်ဟာ ငယ်ငယ်ရွယ်ရွယ် လှလှပပ ဆွဲဆောင်အား အပြည့်ရှိတဲ့ မိန်းမရွယ် တစ်ယောက်၊ ပန်းချီအနုပညာအကြောင်း အလေးအနက် ကျမ်းကြီး တစ်အုပ် ရေးနေတယ်၊ ဒီတော့ အချက်အလက် စုဆောင်းလေ့လာဖို့ ဥရောပကိုလည်း အိမ်ဦးနဲ့ကြမ်းပြင် ခရီးထွက်နေတယ်၊ ဥရောပ ပန်းချီ အနုပညာ ခန်းမဆောင်တွေကိုလည်း မပြတ်သွားနေတယ်၊ ပြီးတော့





ပန်းချီဆွဲဖို့အတွက် ဆီဆေးတောင့်ဘူးတွေ အများအပြား အမြဲ သယ်ဆောင်သွားလေ့ ရှိတယ်။ ဒီတော့ ဒီအခြေအနေကို အခြေခံပြီး စဉ်းစားရင် ဆူဆန်ဟာ သူ့ကိုယ်သူ ပန်းချီအနုပညာရှင်အဖြစ် အယောင်ပြထားပြီး အကောက်ခွန် အရာရှိတွေကိုလည်း ဒီလိုပဲ သူ့ကို ယုံနေအောင် လုပ်ထားရင်. . ."

"ဟာ. . . ဖြစ်နိုင်တာပေါ့၊ ဆက်ပါဦး ဆရာ"

"ကဲ. . . ဒီလိုနဲ့ ဆူဆန် ဥရောပက ပြန်တိုင်း ပြန်တိုင်း အကောက်ခွန်ဌာနမှာ အစစ်ခံတဲ့အခါ သူ့ကို ပန်းချီအနုပညာရှင် အဖြစ် သိထားတဲ့ အကောက်ခွန်အရာရှိတွေကလည်း ဝတ်ကျေ တန်းကျေ သူ့သေတ္တာတွေလောက်ပဲ ဟိုလှန်ဒီလှန် ကြည့်မှာပေါ့၊ ဟို. . . ပန်းချီဆွဲတဲ့ ဆီဆေးတောင့်ဘူးတွေကျတော့ သေသေချာချာ ဘယ်စစ် နေတော့မှာလဲ"

"ဟုတ်ပြီ ဆရာ၊ ဒီဆီဆေးတောင့်ဘူးတွေထဲမှာ အဖိုးတန် ရတနာတွေ ဝှက်ယူလာရင် ရတာပေါ့နော်"

"ဒါပေါ့၊ ဒယ်လာ ခုညည်းတွေးမိလာပြီ၊ ဟော အဲဒီဆူဆန်ဟာ တစ်ဖက်မှာကျတော့ ဒေါက်ကလပ်နဲ့ တွဲပြီး လာ့စ်ဗေးဂတ်မြို့ကို သွားပြန်လေရော"

"ဒေါက်ကလပ်က လိုက်ဖြစ်အောင် ခေါ်တာ မဟုတ်လား ဆရာ"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒေါက်ကလပ်က လာ့စ်ဗေးဂတ်အသွား ဘာစတိုမြို့ကနေ ဆော့လိပ်မြို့မှာရှိတဲ့ သူ့ချစ်မေမေဆိုသူဆီ ဖုန်းဆက်ပြန်တယ်၊ ဆူဆန်ဆိုတဲ့ အမျိုးသမီးနဲ့ အနားယူ အပန်းဖြေ ခရီးထွက်လာတယ်လို့ ပြောတယ်"

"ဒီလို ပြောတာကို ကြားရတဲ့အခါ ဆူဆန်တစ်ယောက် သိပ် သဘောကျမယ် ထင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့ ဒယ်လာ၊ ဒါပေမဲ့ ဆရာတို့ သိထားတာက ဒေါက်ကလပ်ရဲ့ အမေဆိုတာလည်း ခပ်ယော်ငယ် ခပ်တောင့်တောင့်၊ နေပုံထိုင်ပုံ အနေအထားက ပဟေဠိဆန်ဆန် လျှို့လျှို့ဝှက်ဝှက် မဟုတ်လား၊ ဆူဆန့်တစ်ယောက် ခရီးထွက်နေလို့ သူ့အခန်းမှာ မရှိချိန် အခန်းထဲ ခိုးဝင်ခဲ့ပြီး ဆီဆေးတောင့်ဘူးတွေ ဖင်ကဖောက် ဖျက်ဆီးခဲ့ရတယ်နော်၊ မှတ်မိလား၊ ကဲ. . . အယ်လီနာရဲ့ အလှဆီ ပုလင်းတွေထဲမှာလည်း တို့ ရတနာတွေ တွေ့ထားတယ် မဟုတ်လား၊ အခုတစ်ခါ ဆူဆန်ကလည်း သူ့အခန်း ခိုးဝင်ခံရပြီး ဖျက်ဆီးခံရတာ တောင် ရဲကို မတိုင်ပြန်ဘူး ဆိုတော့ ဒါတွေ ဆက်စပ် စဉ်းစားရင် ပုံကြမ်း ဘာထွက်လာမလဲ ဒယ်လာ"

ခေတ္တနားပြီး မေဆင်ကပင် ဆက်ပြော၏။

"ဒေါက်ကလပ်နဲ့ အပန်းဖြေခရီး စထွက်နေတုန်း ကာလမှာ ဆူဆန်တစ်ယောက် ဘယ်လောက် ပျော်နေလိုက်မလဲ၊ အနည်းဆုံး တော့ သုံးရက်လောက် ကြာမှာပဲ၊ ခရီးစဉ်အတွင်း ဘာစတိုမြို့ ရောက်တော့ ဒေါက်ကလပ်က ဖုန်းဆက်တယ်၊ ဆူဆန်ကလည်း ဟိုမှာ တည်းမယ့်နိမယ့် ဟိုတယ် အခန်းကိစ္စတို့ ဘာတို့ ထင်တော့ ပျော်နေမှာပေါ့၊ ဒါပေမဲ့ ဒေါက်ကလပ် ဖုန်းပြောတာက သူ့အမေဆီ ပြီးတော့ ပြောတဲ့ အကြောင်းအရာကလည်း ဆူဆန်ရဲ့အကြော်း၊ အလှအပ အချိုးအဆက်က အစ နေရပ်လိပ်စာအထိ အပြည့်အစုံ၊ ဒီမိန်းကလေးနဲ့ အမေနဲ့ ရင်းနှီးထားဖို့ လိုတယ်။ နောင် အမြဲ ဆက်ဆံ သွားရမှာ ဘာညာဆိုပြန်တော့ အမိပွယ်က တစ်မျိုးကလေး၊ ဒီလို လည်း ပြောပြီး ချက်ချင်း ဆူဆန်ဆီ ဖုန်းလှမ်းပေးတယ်၊ 'မေမေ- ဆူဆန်နဲ့ စကားပြောကြည့်ပါလား' ဆိုတော့ ဆူဆန်ကလည်း ဖုန်း ကိုင်ပြီး စကားပြောရတာပေါ့"





"ဒီအချိန်မျိုးမှာ ဆူဆန် ဘယ်လောက် ပျော်နေမယ်ဆိုတာ ကျွန်မ စာနာမိပါတယ် ဆရာ"

"ဒါပေမဲ့ ဒယ်လာ၊ ညည်း ထင်သလို မဟုတ်ဘူး၊ ဆူဆန် ဒေါပွသွားတယ်၊ ဒါနဲ့ပဲ ဒေါက်ကလပ်ဟာ ဟိုတယ်မှာ အခန်းတစ်ခန်း စီ သီးသန့် ငှားပေးရတော့တယ်"

"ဟုတ်ပြီ ဆရာ၊ ဒီလိုနဲ့ ဆူဆန်လည်း ယော့စ်ဗိန်ဂျယ် ပြန်ရောက်ရော၊ သူ့အခန်း ခိုးဝင်ခံရတာတွေ့ရော ဆိုပါတော့၊ အယ်လီနာကိုလည်း ဒေါက်ကလပ်ဟာ ဒီနည်း ချဉ်းကပ်တယ် ထင်တယ်နော် ဆရာ"

မေဆင်က ခေါင်းညိတ် ပြော၏။

"အယ်လီနာလည်း ဒီအတိုင်း ကြုံရတယ် ထင်တယ်"

"မဟုတ်ဘူး၊ အယ်လီနာကျတော့ သူ့အိမ်သူ ပြန်ရောက် မလာဘူးလေ"

"ဒါနဲ့ပဲ ဒေါက်ကလပ်တစ်ယောက် နောက်တည့်တည့်ကနေ ခေါင်းကို သေနတ်နဲ့ ပစ်သတ်ခံလိုက်ရရော ဆိုပါတော့၊ ချစ်ခရီး အစကောင်းပြီး ခရီးနှောင်းကျတော့ သေဘေးနဲ့ တိုးခဲ့ရတာပေါ့၊ ဒီလို လား ဆရာ"

"အေးလေ. . . ညည်းကလည်း ဟိုဖိမ်ခံ ဟိုတယ်မှာ လွတ် လွတ်လပ်လပ် မိန်းမပျိုတစ်ယောက်အဖြစ် တည်းနေသူဆိုတော့ ဒီလို ပဲ တွေးတော့မှာပေါ့၊ ကဲ. . . ကဲ. . . တို့ အလုပ်ကလေး လုပ်လိုက်ကြ ဦးစို့"

မေဆင်တို့ ရုံးလုပ်ငန်း စမည် စီစဉ်ဆဲ တံခါးခေါက်သံ ပေါ်လာ၏။ ပေါလ်ဒရိတ်၏ အချက်ပေး တံခါးခေါက်သံ ဖြစ်သဖြင့် ဒယ်လာကို သွားခေါ်ခိုင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရေ . . . ရုံးလုပ်ငန်း ကိစ္စတွေတော့ ကြာကုန်တော့မှာ ပဲ၊ မြန်စရာ တတွေလည်း မမြန်ဖြစ်သေးဘူး"

ဖျစ်တောက် ဖျစ်တောက် ပြောရင်း ဒယ်လာသည် ဒရိတ်ကို သွားခေါ်လာ၏။ ဒရိတ်က ဒယ်လာအကြောင်း အလျင်စပြော၏။

"ဒယ်လာ-ညည်း . . . ညက ဟိုတယ်မှာ နေထိုင်ပြုမူခဲ့ပုံ အားလုံးတို့ လူနှစ်ယောက်က အစီရင်ခံတယ်၊ ညည်း တယ်စွံနေပါလား ဟေ့"

"သူတို့ ပုံကြီးချဲ့လွန်းတာပါ"

"ကဲ ပယ်ရီ . . .၊ ဒယ်လာကို ဟိုတယ်မှာ သွားတည်းခိုင်းတာ က ဘာအဓိပ္ပာယ်လဲ၊ ကျုပ် စဉ်းစားလို့ မရဘူးဗျာ"

"စဉ်းစား မရတာပဲ ကောင်းပါတယ်ကွာ၊ ကဲ . . . လာ . . . လာ . . . ဟိုအလောင်းကိစ္စ ဘယ်သူဘယ်ဝါဆိုတာ သိရပြီလား"

"အသေအချာ သိရပြီ၊ ဒေါက်ကလပ် အလောင်းပဲ၊ ဒသမ ၃၈ ခြောက်လုံးပြူး ကျည်ဆန်တစ်ချက်တည်းနဲ့ ပစ်သတ်သွားတာ၊ ဒါထားဦး၊ ခင်ဗျားအတွက် သတင်းဆိုးတစ်ခု အခုပါလာတယ်"

"ဘယ်လောက်တောင် ဆိုးတဲ့သတင်းမျိုးလဲကွ"

"ဟို အေသယ်ကို မှတ်မိတယ် မဟုတ်လား၊ ဘီလင်ဒါ အဆောက်အအုံ အခန်း နံပါတ် (၃၆၀) ကလေ၊ အဲ သူက သိသမျှ အားလုံး ရဲအဖွဲ့မှာ အစစ်ခံလိုက်ပြီတဲ့၊ ဒီတော့ ဝမ်းသာတဲ့ လူတွေ ဝမ်းသာကုန်ပြီပေါ့"

"ဒီမိန်းမ ဘယ်လောက် သိလို့လဲ"

"ဒါတော့ မသိပါဘူး၊ ဟိုလူတွေကတော့ ကြက်ပေါင်ကြော် ဝှက်ထားတဲ့ ကြောင်အိမ်ဖွင့်နိုင်တဲ့ ကြောင်ကြီးတွေလိုပဲ မြူးနေကုန်ကြ ပြီဗျ"





"မင်း ဒီမိန်းမနဲ့ စကား ပြောလိုက်ရသေးသလား"

"ရဲအဖွဲ့က အေသယ်ကို အလုံခြုံဆုံး နေရာမှာ အစောင့် အရှောက် အပြည့်နဲ့ ထားထားပြီဗျ၊ ဘယ်သူမှ တွေ့ခွင့်လည်း မရှိတော့ဘူး၊ ဟိုတယ်ကနေ တစ်မိုင်အတွင်းတောင် ခင်ဗျား ချဉ်းကပ် ဖို့ မလွယ်ဘူး၊ ဟိုတယ်တစ်ခုမှာ အခန်းငါးပြေတော့ကို ဝှက်ထားတယ်၊ ဘေးအခန်းတွေမှာလည်း အမျိုးသမီးရဲ အပြည့် ချထားတယ်၊ ပြီးတော့ စင်္ကြံအစွန်ဆုံး အခန်းတွေကိုတော့ တည်းတခြားကို ဖြစ်နေအောင် စီစဉ်ထားတာ၊ မျက်နှာချင်းဆိုင် အခန်းမှာကျတော့ လက်ထောက် အစိုးရရှေ့နေ နှစ်ဦးတစ်ခန်းစီ သွားနေကြတယ်။ ပြီးတော့ အလှည့်ကျ စစ်ဆေးမေးမြန်းနေကြတယ်၊ စင်္ကြံမှာတင်မက ပတ်လည်မှာလည်း အရပ်ဝတ်နဲ့ စုံထောက်တွေ ခြေချင်းလိမ်အောင် အစောင့်ချထား သတဲ့၊ ကဲ . . . ကောင်းရော၊ သူ့ကို ဒီလို ထိန်းသိမ်းပြီး ဒီလို ထားလိမ့် မယ်လို့ ခင်ဗျား တွေးထားမှာ သေချာတယ်၊ ဒါကြောင့် အမှန်အတိုင်း ရှင်းပြတာပဲ"

"နေပါဦးကွ၊ တို့က တွေးထားမယ်ဆိုတာ ဘာကိုပြောတာလဲ"

"ဒါလား၊ ဒါက ဒယ်လာကို အဲဒီဟိုတယ်မှာ ခင်ဗျား သွားတည်းခိုခိုင်းတာနဲ့ တိုက်ဆိုင်နေလို့ပါ။ ရဲအဖွဲ့ဝင်တွေ ဟိုတယ်ခန်း မငှားခင်ကလေးတင် ဒယ်လာကို ခင်ဗျား အဲဒီ ဟိုတယ်ကို ပို့ထားတာ မဟုတ်လား၊ တစ်ခါ တိုက်ဆိုင်နေပြန်တာက အေသယ်ကို ထားတဲ့ အထပ်နဲ့ ဒယ်လာနဲ့ တစ်ထပ်တည်းပဲ"

ဒရိတ်က ဒယ်လာကို အကဲခတ်လိုက်ရာ အကြည့်ချင်း ဆုံနေကြ၏။ ပြီးမှ တစ်ဖန် ဆက်ပြန်၏။

"ဒီတော့ အေသယ် အစစ်ခံမယ့် အစစ်ခံချက်တွေဟာ သိပ်ကို အရေးကြီးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ ဖြစ်ကုန်တာလဲ၊ မင်း ထင်မြင်ချက်ကလေး ဘာလေး ပြောပါဦး"

"အင်း . . ပြောရရင်တော့ ခရိုင်အစိုးရ ရွှေနေကြီးက ဂျူရီ စုံညီပါတဲ့ ခုံရုံးကို အမှုအမြန်ဆုံး တင်နိုင်အောင် လုပ်လိမ့်မယ် ထင်တယ်၊ ချက်ချင်းတင် ချက်ချင်း စစ်ပေါ့လေ"

"တိုင်ချက်တွေ ဘာတွေတောင် မလုပ်တော့ဘူးတဲ့လား"

"တိုင်ချက်ဖွင့်တာတို့၊ အစီရင်ခံစာ တင်တာတို့၊ ပဏာမ ကြားနာတာတို့တွေကို တစ်ခါတည်း အပြတ်လုပ်ပြီးကြရောပေါ့၊ ဒီကြားထဲ သက်သေတွေနဲ့လည်း ခင်ဗျား တွေ့ခွင့်ရမှာ မဟုတ်ဘူး၊ ဂျူရီတွေ ရွေးကျမှပဲ ပြန်လှန်မေးခွန်း မေးခွင့်ရတော့မှာပဲ၊ သူတို့ဘက် က သိပ်ခြေမြေးနေပြီနော"

မေဆင်က ခဏ စဉ်းစားပြီး ထပ်မေး၏။

"ဆိုပါဦး၊ နောက်ထပ် ဘာတွေ သိထားသေးသလဲ"

"အယ်လီနာမှာ ၁သမ ၃၈ ခြောက်လုံးပြူး လိုင်စင်လည်း ရှိသတဲ့၊ ဒါပေမဲ့ အဲဒီသေနတ်ကိုတော့ ခုထိ ရှာမတွေ့သေးဘူး၊ အိမ်က ထွက်မပြေးခင်အထိ ဒီသေနတ် သူနဲ့အတူ ရှိနေတယ်၊ အိမ်က ထွက်ပြေးတုန်းကလည်း ဒီသေနတ် ပါသွားသေးတယ်၊ ခု ဒီသေနတ် ဘယ်မှာလဲလို့ ရဲတွေတောင် မသိနိုင်ကြသေးဘူး"

မေဆင်က နားထောင်ပြီး စဉ်းစားနေပြန်သည်။ ဤတွင် ဒရိတ်ကပင် ဆက်ပြော၏။

"ခု အယ်လီနာကို ခင်ဗျား ဖာတ်မြှုပ်ပေးထားတယ် မဟုတ် လား၊ အင်း . . ခင်ဗျား မကြာခင် ရဲလက် အပ်ရတော့မယ့် အခြေ အနေ ရှိနေတယ်၊ ဒါမှ မဟုတ်ရင်တော့ လူသတ်မှု တရားခံ တစ် ယောက်ကို ဖွက်ထားသူအဖြစ် ခင်ဗျားကို တိုင်လိမ့်မယ်၊ လောလော ဆယ်တော့ ခင်ဗျား နိုင်နေသလို ထင်ရတယ်နော၊ ဒါပေမဲ့ ဒီနေ့ညနေ



၂ နာရီခွဲနဲ့ ၃ နာရီလောက်မှာ ခင်ဗျားထက် သူတို့က သာသွား တော့မယ်၊ ခင်ဗျား အယ်လီနာကို ထုတ်ပေးရတော့မှာပဲ ပယ်ရီ"

မေဆင်တစ်ယောက် မျက်ပေါက် ကျဉ်းသွားသည်အထိ မျက် မှောင်ကုပ် စဉ်းစားရင်း ဒရိတ်ကို ဆက်ပြောခိုင်း၏။

"ဆက်ပါဦးကွာ"

"ခုဆိုရင် ဒေါက်ကလပ်ရဲ့ ကားကိုလည်း ရဲအဖွဲ့တွေက တွေ့ထားပြီ၊ တော်တော် ပျက်စီးနေတယ်၊ ခေါင်းချင်းဆိုင် ကားတိုက်မှု ဖြစ်ထားတဲ့ပုံပဲ။ ဘယ်မှာ တိုက်ခဲ့တာလဲလို့ ရဲအဖွဲ့ကတောင် မသိရ သေးဘူး၊ ကားတိုက်မှု ဖြစ်တုန်းက ဒီကား ဘယ်ကနေ ဘယ်သွားနေ တယ်ဆိုတာလည်း မသိသေးဘူး"

"ဒါတော့ နည်းနည်း ဆန်းနေတယ်။ ကားတိုက်မှု ဘယ်မှာ ဖြစ်တယ်လောက်မှ ရဲအဖွဲ့က မသိနိုင်ဘူးလားကွ"

"အင်းလေ၊ ယာဉ်တိုက်မှု အစီရင်ခံစာထဲမှာ ပါမှမပါတာကိုး"

"ကားကို ဘယ်မှာ တွေ့ခဲ့တာလဲ"

"ကားပြင်စက်ရုံတစ်ခုမှာ၊ တနင်္ဂနွေနေ့ည ညဉ့်နက်ပိုင်း လောက်မှာ စက်ပြင်ကားက ဆွဲယူလာတာ၊ ၂၄ နာရီအတွင်း ဒေါက် ကလပ်က သူ့ကား ပြင်နေတဲ့ အခြေအနေကို လာကြည့်မယ် ပြော သတဲ့၊ မူလအတိုင်း ပြန်ဖြစ်အောင် ဘော်ဒီတွေပါ ပြန်ထုပေးပါလို့ လည်း မှာသတဲ့"

"စက်ပြင်ကားကိုရော နောက်ကြောင်း မေးလို့ မရဘူးလား"

"စက်ပြင်ကားနံပါတ်တောင် မသိလိုက်ကြဘူးဆိုပဲဗျ"

"ခု ဒီကားရှိနေတာ ဘယ်စက်ပြင်ရုံလဲ"

"နေ့ည အရှေ့ပေါ် ကားပြင်ကုမ္ပဏီရဲ့ စက်ရုံလေ"

"ရဲတွေကော စက်ရုံမှာ စစ်ဆေးမေးမြန်းတာ မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရဲတွေတင် မကဘူး၊ ကျုပ်လူတွေပါ သွားမေးပြီးပြီ၊ တကယ် နှုတ်လုံတဲ့ လူတွေဗျာ၊ တစ်ခုခုတော့ သူတို့သိထားပုံ ရတယ်၊ ဒါပေမဲ့ မပြောဘူး၊ ကရိန်းစက်ပြင် ကားတစ်စီးက ဆွဲလာပြီး သူတို့အလုပ်ရုံမှာ အပ်သွားသတဲ့၊ ကားရှေ့ပိုင်း လုံးလုံး ပျက်စီးသွားတယ်၊ နောက်ပိုင်းကတော့ ဘာမှ မဖြစ်ဘူးတဲ့၊ ကားပြင်ရုံ ထုံးစံကလည်း ကားပိုင်ရှင် လိုက်လာမှ ပြောဆိုပြီး ပြင်ပေးတာ မဟုတ်လား၊ ဒါကြောင့် ပိုင်ရှင် ဒေါက်ကလပ်ကို စောင့်နေကြတယ်၊ ဒေါက်ကလပ်ကလည်း ပေါ် မလာဘူး"

"ကားကို ရဲတွေ စစ်ဆေးပြီးပြီ မဟုတ်လား"

"မှန်ဘီလူးနဲ့တောင် စစ်ဆေးပြီးပြီ၊ တွေ့ရှိချက်အားလုံးကို ဒီနေ့ မွန်းလွဲပိုင်းမှာ စုံညီကျူရီတွေရှေ့မှောက် တင်နိုင်အောင် ကတိုက်ကရိုက်ကို လုပ်သွားကြတာ၊ ဒေါက်ကလပ်ရဲ့ ကားဟာ အနက်ရောင် ကုန်တင်ကားလို့ ယူဆပြီး ဆက်လိုက်နေကြတယ်၊ တစ်မြို့လုံးအနှံ့ စက်ပြင်ရုံတွေ အကုန်အထိ လိုက်နေတယ်"

"တခြားကော ဘာတွေ သိထားသေးလဲ"

"တခြား ပြောစရာတော့ မကျန်တော့ဘူး၊ တစ်ခုတော့ ရှိတယ်၊ ညကလည်း တစ်ညလုံး မအိပ်ရသေးဘူး၊ ဖားလိုက်တာလည်း လွန်နေပြီ၊ ဒီတော့ ခဏနားပြီး အိပ်မြန်လိုက်ချင်တယ်။ ဪ. . . ပြီးတော့ တစ်ခုတော့ မှာချင်တယ် ပယ်ရီ ခင်ဗျားလုပ်စရာ ကျန်တာတွေကို ဒီနေ့ နေ့လယ် ၂ နာရီခွဲနဲ့ ၃ နာရီကြားမှာ ပြီးအောင် လုပ်ပေတော့ ခင်ဗျားအတွက် အချိန်မရှိတော့ဘူး၊ အဲဒီအချိန်လောက်မှာ ခင်ဗျား မိတ်ဆွေကြီး အစိုးရရှေ့နေဆီက ခင်ဗျားဆီ ဖုန်းဆက်လိမ့်မယ်၊ အယ်လီနာကို ရဲလက်အပ်ဖို့လည်း ပြောလိမ့်မယ်၊ ဒါမှမဟုတ် အယ်လီနာကို ဘယ်မှာ ထားသလဲ မေးလိမ့်မယ်၊ ခင်ဗျားက မအပ်ရင် ခင်ဗျား ပြဿနာ ပေါ်တော့မယ်"





"အစိုးရရှေ့နေက တို့ကို ရှာမတွေ့ရင်ကောကွာ"

"ဒီလိုဆိုရင် ညနေသတင်းစာတွေထဲမှာ သတင်းတစ်ပုဒ် ပါလာတာ တွေ့ရမှာပေါ့၊ အယ်လီနာဟာ တရားခံအဖြစ် ယူဆထားရသူ ဖြစ်တယ်၊ ခုပျောက်နေတယ်၊ ဒါကြောင့် တွေ့ရမှာ ဖမ်းဖို့ အမိန့်ထုတ်ထားပြီးပြီ ဘာညာပေါ့၊ ခင်ဗျား ဆရာဝန်လည်း အဲဒီအချိန်မှာ ဒုက္ခတွေ့ဖို့ ရှိတယ်"

မေဆင်က နားထောင်ပြီး သဘောပေါက်ကြောင်း ခေါင်း ညိတ်ပြရာ ဒရိတ်က မေးလိုက်သည်။

"ကဲ. . . ဒီတော့ ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ခဏတော့ ဆက်စောင့်ပေးပါဦး၊ သူတို့ ဖမ်းမိန့်ထုတ်ပြီ ဆိုတဲ့ အချိန်ကျတော့မှ ပြန်အိပ်လိုက်တော့၊ နောက်ထပ် သတင်း ရနိုင်သမျှ ဆက်စုထားပါဦး၊ လာ့စ်ဗေးဂတ်မှာရှိတဲ့ မင်းလူတွေကိုလည်း တည်းခိုခန်း စာရင်းတွေ အားလုံး ဆက်လိုက်နိုင်းပါဦး၊ ၁၃ ရက်၊ သောကြာနေ့ က ဒေါက်ကလပ်နဲ့ ဆူဆန်တို့ တစ်ခန်းစီ ငှားပြီး တည်းခိုသွားတယ် ဆိုတဲ့ ဟိုတယ်မှာလည်း သူတို့ နာမည်တွေ စာရင်း မှတ်ပုံတင်ထဲ ရှိမရှိ ကြည့်နိုင်းပါ"

"၁၃ ရက် သောကြာနေ့ကနေ့၊ တစ်ခန်းစီမှာ တည်းတဲ့ စာရင်း ဟုတ်လား"

"ဟုတ်ပါတယ်ကွာ"

"နေပါဦးဗျာ၊ ဒေါက်ကလပ်က တကာခံ ခေါ်သွားတာ မဟုတ် လား၊ ပြီးတော့မှ တစ်ခန်းစီငှား တည်းခိုတယ်ဆိုတော့ ဒီအတိုင်းပဲနော်၊ မစွတာမေဆင်"

"အဲဒီလို ပြောတာပဲ၊ အဲဒါ ပြောတိုင်းတဲ့အတိုင်း မှန်မမှန် သိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ လောင်းရဲတယ်ဗျာ၊ မဖြစ်နိုင်ပါဘူး"

"ဟ. . . ပေါလ်ရ တို့အသေအချာ သိထားရတာပါကွ၊ မင်း လုပ်မှာသာ ဆက်လုပ်ပါ၊ ဒီအတိုင်း တွေ့ရပါလိမ့်မယ်"

"အင်း. . . နားရှိလို့သာ ကြားရပါတယ်ဗျာ"

ပြောပြောဆိုဆို ဒရိတ်က ဒယ်လာကို ကြည့်လိုက်ရာ ဒယ်လာ က ဝင်ပြော၏။

"ဆရာ ပြောသလို ဖြစ်နိုင်ပါတယ်"

မေဆောင်က ကြားဖြတ်မေးပြန်သည်။

"ကဲ. . . ပေါလ်၊ ဘယ်တော့လောက် အဲဒီကိစ္စ သိရမလဲ"

"နှစ်နာရီ ထိုးလောက်ပေါ့"

"ကဲ. . . အလုပ်စပေတော့"

ဒရိတ် ထွက်သွားချိန် ဒယ်လာက မေဆောင်ကို မေး၏။

"ဆရာ၊ အခြေအနေ ဘယ်လိုလဲ"

"တို့ အကျပ်တွေ့နေရပြီကွဲ့၊ မင်း တည်းနေတဲ့ ဟိုတယ်မှာ လည်း အစိုးရ စုံထောက်တွေ ခြေချင်းလိမ်နေကြပြီ၊ မင်း. . . ဟိုတယ် ပြန်သွားရင် ရောက်ရောက်ချင်း မင်းနောက် လိုက်ကြတော့မှာ သေချာ တယ်၊ ဟိုတယ်မှာ မင်းအပ်ထားတဲ့ ပစ္စည်းတွေ ကိစ္စလည်း တွေ့သွား တော့မယ် ၊ တရားရုံး အမိန့်နဲ့ကို ဒီပစ္စည်းတွေ သူတို့ ကြည့်ခွင့်ရှိ နေတယ်"

"ဒါဆို ကျွန်မတို့အပေါ်. . .'

"အင်း. . . မင်း အဝတ်အစားတွေလည်း ဟိုတယ်မှာပဲနော် ဒယ်လာ"

"အင်းပေါ့၊ ကျွန်မမှာ ရှိသမျှ အကောင်းဆုံးတွေ ဟိုတယ် အခန်းထဲမှာ"





မေဆောင်က ခေတ္တခဏ စဉ်းစားနေသည်။ ထို့နောက်မှ ဆက်၏။

"ကိစ္စမရှိပါဘူးကွာ၊ ဒီကိစ္စ နောက်ပြီးမှ ရှင်းမယ်၊ ခု တို့ အချိန်လုရတော့မယ်၊ ဒီတော့ ဒေါက်တာအေရိုယယ်ဆီ တယ်လီဖုန်း ဆက်ကွာ"

နှစ်မိနစ်၊ သုံးမိနစ်ခန့်ကြာမှ ဖုန်းဆက်၍ရသည်။ မေဆောင်က ဒေါက်တာကို တည့်တည့်ပင် ပြောရတော့၏။

"ဒေါက်တာရေ. . . နှောင့်ယှက်ပေးသလိုတော့ ဖြစ်နေပါ ပါတယ်၊ ဒါပေမဲ့ ဒေါက်တာ၊ ဟို. . . အတတ် မေ့နေတဲ့ လူချော ကလေးမကိစ္စ အရေးသိပ်ကြီးလာလို့ပါ၊ သူ့ကို ဒီနေ့ ရုံးမှာ လူသတ်မှု တရားခံအဖြစ် အမှုတင်မယ်၊ ဒါကြောင့် သူ့ကို ကျုပ်တို့ ရဲလက် အပ်ဖို့ ရှိပါတယ်၊ ဒီတော့ ဒီနေ့ညနေ သတင်းစာတွေ ထွက်လာပြီး သူ့အမှု သတင်း ပါလာတာနဲ့ ဒေါက်တာက နီးရဲစခန်းကို ဖုန်းဆက်လိုက် ပေတော့၊ ဒါပေမဲ့ ရဲစခန်းကို ပြောရမှာက ဒီလူနာဟာ အတိတ် မေ့နေတဲ့ လူနာမို့ ရုတ်တရက် စိတ်မထိခိုက်စေသင့်ကြောင်း၊ သူဟာ ဒေါက်တာ့ဆီမှာ ဒီရောဂါအတွက် ဆေးကုသမှု ခံယူနေကြောင်း စသဖြင့် ပြောပေးပါ။ အခု လူနာကို ဒေါက်တာ ဘယ်မှာထားသလဲ"

"ထင်းရှူးရိပ်သာ ဆေးခန်းမှာပါ"

"ဒေါက်တာ ရဲစခန်းကို ဖုန်းဆက်တုန်း အနားမှာ သက်သေ တော့ ရှိပါစေနော်"

"ကောင်းပါပြီ မစ္စတာမေဆောင်"

မေဆောင် ဖုန်းချလိုက်ပြီး နာရီ ကြည့်သည်။ ဒယ်လာက ရုံးလုပ်ငန်းများ တစ်နေ့တာအတွက် ကြည့်ရန် ပြော၏။

"မကြည့်နိုင်တော့ဘူးကွာ၊ မင်းလည်း တခြား ကိစ္စ လုပ်စရာ ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမလဲ ဆရာ"

"မင်း ဟိုတယ်ကို ဖုန်းဆက်ရမယ်၊ ပြီးတော့ စာရေးကိုပြော၊ မင်း အခု မိတ်ဆွေတွေနဲ့အတူ မက္ကဆီကိုကို လေယာဉ်နဲ့ အရေးတကြီး ခရီးထွက်ရမယ်၊ ဟိုတယ်ခန်းကိုတော့ ဆက်ယူထားမယ်၊ ကျသင့်တဲ့ အခန်းခအတွက် ဒေါ်လာ ၂၅၀ ပို့ပေးလိုက်မယ်"

"ဆရာ. . . ဒေါ်လာ ၂၅၀ တောင်လား"

"အေးပါ၊ လုပ်ငန်းအသုံးစရိတ် စာရင်းထဲ ထည့်လိုက်ပေါ့၊ အေးကွာ. . . တို့ ဟိုစာယ်ရွေး ကံဆိုးသွားတယ် ဆိုပါတော့"

"ဆရာရေ၊ ကျွန်မ ဝိမ်ခံဘဝကလည်း ပြီးသွားပြီပေါ့၊ ဟုတ်လား၊ အင်း. . . ဒီညနေ ကဖော် ကဖက်တွေ ကျွန်မကို မေးနေကြတော့မှာပဲနော်"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ စာရေးက မင်း မက္ကဆီကိုကို လေယာဉ်နဲ့ သွားတယ်ပြောရင် သူတို့ မက္ကဆီကို အထိတော့ မလိုက်တန် ကောင်းပါဘူးနော်"

"မလိုက်ပါဘူး ဆရာရဲ့၊ ဒါပေမဲ့ မနေ့ညက လက်မသွက်လိုက်ရလားလို့ တက်တစ်ခေါက်ခေါက် ဖြစ်နေကြမယ် ထင်တယ်။ ပြော်. . . ဒါနဲ့ဆရာ၊ အယ်လီနာကတော့ ကံကောင်းတယ် ဆိုရမယ်နော်၊ ဘာကြောင့်လဲဆိုတော့ သူ့အစ်မက ဆရာ့ကို မူလက တခြားကိစ္စအတွက် ရှေ့နေငှားခဲ့တာ၊ ခုတော့ လူသတ်မှုအတွက်ပါ ဆရာ့လို ရှေ့နေမျိုး ငှားပြီးသား ဖြစ်နေပြီလေ၊ အလောင်းမတွေ့ခင် လူသတ်မှု ဆိုတာ မသိရခင်ကတည်းကတောင် ကြိုပြီး ငှားပြီး ဖြစ်နေတာကိုး"

"အေးပေါ့ကွာ၊ ထူးထူးခြားခြား တိုက်ဆိုင်တယ်လို့ပဲ ဆိုရမှာပေါ့"

* * *



## အခန်း | ကိုး |

နောက်တစ်နေ့ မေဆင် ရုံးခန်းတွင်း အလုပ်လုပ်နေစဉ် မနက်ထုတ် သတင်းစာများကို ဒယ်လာက ယူလာပေး၏။ မေဆင် သတင်းစာ ဖတ်နေစဉ် ဒယ်လာက ပြောသည်။

"ဆရာ၊ ဒရိတ်ဆီက ဖုန်းလာတယ်၊ ဒေါက်ကလပ်နဲ့ ဆူဆန်တို့ လာ့စ်ဗေးဂတ်မှာ တစ်ခန်းစီ တည်းခဲ့တာ ဟုတ်သတဲ့၊ နေ့ရက်ကလည်း လဆန်း ၁၃ ရက်၊ သောကြာနေ့။ ဒါဆို ဆူဆန် ဆရာ့ကို ပြောတဲ့အတိုင်း မှန်တာပေါ့နော်"

"ကဲ. . . ဒါဆို ခု တို့ ဘာဆက်လုပ်ရမလဲဆိုတာ လမ်းစပေါ်လာပြီကွ"

သတင်းစာတစ်စောင်ကို လှမ်းကြည့်ရင်း မေဆင်ကို ပြောသည်။

"ဆရာရေ. . . အယ်လီနာ့ ဓာတ်ပုံကို ကြည့်ပါဦး"

ဒယ်လာက သတင်းစာထဲတွင် အယ်လီနာကို ညွှန်ထောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့် ရဲမေတစ်ဦး ခြံရုံလျက် ရုံးထုတ်လာပုံကို ဖော်ပြထားခြင်း ဖြစ်သည်။

"အေးကွဲ့၊ အဝတ်သစ် အစားသစ်တွေ လဲလို့ပါလား။ ဪ. . . သူ့အစ်မ ယူလာပေးတာ ဖြစ်မယ်"

"ဒီလိုတော့လည်း သပ်သပ်ရပ်ရပ် ဝတ်နိုင်လောက်အောင် စိတ်မှန်နေတယ်နော်"

"ကြည့်လို့ကော မကောင်းဘူးလားကွဲ့"

"အသားအရေကကော ဆရာ၊ ဆရာ ပြောတဲ့ ဖြူဖြူဖွေးဖွေး ကြီးနော၊ မှတ်မိသေးရဲ့လား"

"ဒီအချက် ဘယ်မေ့လို့ ဖြစ်မလဲ ဒယ်လာ"

"ခုထိ နောက်ကြောင်း မမှတ်မိသေးဘူးတဲ့လား ဆရာ"

"အေးလေ၊ သတင်းစာတွေထဲလည်း ဒီလိုပဲ ရေးထားတယ်"

"သေနတ်အကြောင်းကော ဘယ်လို ရေးထားသလဲ ဆရာ"

"သူ့မှာ သေနတ်ရှိခဲ့ဖူးတယ်တဲ့၊ ပျောက်နေတာ တော်တော် ကြာပြီလို့ အစစ်ခံသတဲ့၊ ဒေါက်ကလပ်နဲ့ လိုက်ပြေးဖို့ စိစဉ်တုန်းက ရှာကြည့်တော့ ပျောက်နေပြီတဲ့၊ ပြီးတော့ သူ့ပစ္စည်း သေတ္တာတွေ ခု ဘယ်ရောက်နေကြောင်း သူလုံးဝ မသိ၊ သတိမရပါဘူးတဲ့"

"ဒီပစ္စည်းတွေအကြောင်း ရဲတွေများ သိနေပြီလား"

"ဒရိတ် ပြောတာကတော့ အေသယ်က အဲဒီပစ္စည်းတွေ တို့ ယူသွားတာကအစ ရဲဆီမှာ အစစ်ခံပြီးပြီတဲ့"

ထိုအချိန် တယ်လီဖုန်း လာ၏။ ဒယ်လာ ကောက်နားထောင် ပြီး မေဆင်ကို ပြောသည်။

"ဆရာ၊ ကျွန်မနဲ့ ပြောချင်လို့တဲ့၊ ခဏနော် ဆရာ"





ဒယ်လာတစ်ယောက် အတန်ကြာ ဖုန်းပြောနေသည်။ မှတ်စု စာအုပ်တွင်လည်း လက်တစ်ဖက်က ရေးမှတ်နေ၏။ တယ်လီဖုန်း ချလိုက်ပြီး မေဆင်ကို ပြန်ပြော၏။

"ဆရာရေ. . . ကျွန်မ အခန်းပိုင်ရှင်ဆီကပဲ ဆရာ၊ ကျွန်မ အခန်းကို ရှာဝရမ်းနဲ့ အခုပဲ တက်ရှာသွားသတဲ့၊ အေသယ် အစစ်ခံ လိုက်ပြီ ထင်တယ်၊ အယ်လီနာရဲ့ ခရီးသွားသေတ္တာတွေ ရှိမရှိ ရှာတာပဲ၊ သုံးခုလုံး တွေ့လို့ သိမ်းသွားကြပြီတဲ့"

'ဥပဒေအရ ဆောင်ရွက်ကြတာပဲလေကွာ၊ ဘယ်တတ်နိုင် မလဲ"

မေဆင်က မှတ်ချက်ချလိုက်ရာ ဒယ်လာက မေးသည်။

"ဆရာ ဘာဆက်လုပ်မလဲ"

မေဆင်က ပခုံးတွန့်ပြ၏။

"ဟို. . . ရတနာတွေ ကိစ္စလေ ဆရာရဲ့"

"မေးစရာ မေးခွန်းပါပဲ၊ ဘယ်လို ဖြေရမှန်းတောင် မသိသေး ဘူးကွ"

"ဆရာတောင် မသိရင် ဘယ့်နှယ် လုပ်ကြမလဲ"

မေဆင်က ဘာမှ မပြောသေးသည့်အတွက် ဒယ်လာကပင် ဆက်ပြော၏။

"သက်သေခံပစ္စည်းဆရာ၊ ဝှက်ထားလို့ ဖြစ်ပါ့မလား။ ဥပဒေနဲ့ ငြိတယ် မဟုတ်လား၊ ဆရာ"

"ဘာသက်သေခံ ပစ္စည်းလဲကွဲ့၊ ဒယ်လာရဲ့"

"အင်း. . . မှောင်ခိုကိစ္စ သက်သေပစ္စည်းပဲ ဖြစ်လာမလား၊ ဒါမှမဟုတ်. . ."

"မှောင်ခိုမှု သက်သေခံပစ္စည်းလို့ မင်း ဘာကြောင့် စဉ်းစားမိ သလာသလဲ ဒယ်လာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို လူသတ်မှုနဲ့ ပတ်သက်တဲ့ သက်သေခံပစ္စည်းဆိုရင်တော့ ဆရာ"

"ဒါကော ညည်း ဘယ်လိုစဉ်းစားယူတာလဲ ဒယ်လာ၊ တို့သိထားရမှာက ဆရာဟာ အမှုသည်တစ်ယောက် အပေါ်မှာ တာဝန်ရှိနေတယ်နော်၊ ရဲတွေက ဒီရတနာတွေကို လူသတ်မှု သက်သေခံပစ္စည်းလို့ ဆိုလာရင် ဒီတော့လည်း တစ်မျိုးပေါ့၊ ဒီပစ္စည်းတွေက တို့လက်ထဲမှာကိုး၊ အမှုသည်ရဲ့ ရှေ့နေလက်ထဲမှာ ဆိုပါတော့၊ အင်းလေ၊ ဒါတွေဟာ တစ်ခုခုအတွက် သက်သေခံပစ္စည်းတွေ ဖြစ်ကောင်း ဖြစ်လာနိုင်တယ်"

"ဆရာက ဒီပစ္စည်းတွေကို ဒီအတိုင်း ကိုင်ထားမှာပဲလား"

"ဒါပေါ့၊ အခြေအနေက ဒီလိုပဲ ကိုင်ထားရဦးမှာကိုး"

"ဆရာ့ဆီမှာ တွေ့ပြီး ဆရာ့ကို ဖမ်းရင်ကော"

"မပူပါနဲ့ကွာ၊ ဒီအခြေအနေမျိုး ရောက်လာရင်လည်း ထွက်ပေါက်ရှိနေပါတယ်"

"ဒါပေမဲ့ ဆရာ၊ ဒရိတ်က ပြောတယ်၊ ဒီအမှု ကိစ္စမှာ ရဲတွေ လက်ခမောင်းခတ်နေကြသတဲ့၊ ဆရာ့ အပေါ် အောင်ပွဲခံရတော့မယ်ဆိုပြီး သွေးနားထင် ရောက်နေသတဲ့"

"ခုတော့ ဒီအတိုင်းပေါ့၊ အချိန်မှ မကျသေးပဲ၊ စောင့်ကြည့်ဦးဒယ်လာ"

"ဒါနဲ့ ဆရာ၊ ဒီအတိုင်းဆို ဆရာ ရတနာတွေကို ကိုင်မထားသင့်တော့ဘူး ထင်တယ်"

"ဘယ်လိုလဲ၊ ရဲလက် အပ်လိုက်စေချင်တယ်လို့ ပြောတာလား"





"မဟုတ်ပါဘူး ဆရာ"

"ဒါဖြင့် ဘာလုပ်ရမလဲ"

"အမှုသည်နဲ့ ဆရာ တွေ့မေးပြီး ဒီရတနာတွေ ကိစ္စ ပြောခိုင်းရင်"

"ဟာ. . . ဒယ်လာကလည်းကွာ၊ တို့အမှုသည်က ဘာတစ်ခုမှ သတိမရဘူး ပြောနေတဲ့ ဥစ္စာ"

"အို. . . ဆရာ့အမှုသည်က အလိမ်မကလေးပဲဟာ၊ ဒါကို ဆရာလည်း သိတယ်၊ သူကိုယ်တိုင်လည်း သိတယ်၊ ပြီးတော့ ဆရာ ဒီလို သိနေမှန်းလည်း သူရိပ်မိနေတယ်"

"ဒါပေမဲ့ ဒယ်လာရေ၊ ခုအချိန်မှာ သူက ဒီရတနာတွေအကြောင်း အမှန်အတိုင်း ဘာမှ သိမထားဘူးလေ"

"ဘာပဲဖြစ်ဖြစ် ဆရာ၊ သက်သေခံပစ္စည်းတွေ အဖြစ်နဲ့ ကနေတော့ ခုမဟုတ်တောင် တစ်နေ့နေ့ တင်ပြရမှာပဲ မဟုတ်လား။ ကျွန်မကတော့ ဆရာ့အပေါ် ဟို. . . ဟင်မီတန် အနိုင်ယူသွားမှာကို နည်းနည်းမှ လက်မခံနိုင်ဘူး"

"တို့လည်း ဒီလိုပါပဲကွယ်၊ ခုလည်း သူ မနိုင်သေးပါဘူး ဒယ်လာရဲ့၊ အမှု အမြန်ဆုံး စစ်နိုင်ဖို့ ကြိုးစားနေတုန်း ရှိပါသေးတယ်၊ တို့ကလည်း ဒါကို လိုချင်နေတာပါပဲ"

"ဒါဆို ဆရာ စောင့်ကြည့်နေဖို့ ကောင်းတာပေါ့"

မေဆင်က ခေါင်းခါရင်း ဖြေသည်။

"ဘယ်ဟုတ်မလဲ ဒယ်လာ၊ ဟင်မီတန်အကြောင်း ဆရာ သိပါတယ်။ သူ ဉာဏ် ဒီလောက် မထက်ပါဘူး၊ ဒီကြားထဲ ဒီလောက် အလောသုံးဆယ် ရုံးတင်နိုင်အောင် ကတိုက်ကရိုက် လုပ်လာရင် အားနည်းချက် တစ်နေရာမဟုတ် တစ်နေရာမှာ ရှိလာမှာ သေချာ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ခု ဒီအတိုင်း သူ့အရှိန်နဲ့သူ သွားနေတာ ကောင်းတယ်၊ တို့က ဘီးတပ်ပေးလိုက်ရုံပဲ”

“ဆရာက သူကျွမ်းပစ်သွားမယ် ထင်ထားလို့လား”

“ဆိုကြပါစို့၊ ဒီလို ပြောကြရအောင်၊ ကျွမ်းပစ်သွားဖို့ ရှိလာနိုင်တယ်”

* * *



## အခန်း [ တစ်ဆယ် ]

ရှေ့နေကြီး ပယ်ရီမေဆင်သည် ပရိတ်သတ်အပြည့် ရှိနေသော တရားရုံး ခန်းမဆောင်ကြီးကို တစ်ချက် အကဲခတ် ကြည့်လိုက်၏။ သူ့ဘေးတွင် တရားခံအဖြစ် တိုင်ချက်ဖွင့်ထားခြင်း ခံထားရသူ အယ်လီနာ ကော်ဘင်ခေါ် မစ္စက်အယ်လီနာဟက်ပနာ ထိုင်နေသည်၊ သူတို့ရှေ့ ခုံတန်းတွင် အယ်လီနာ၏ ဖခင်ကြီး မစ္စတာ ဟိုးမားကော်ဘင် ထိုင်နေ၏။ သပ်သပ်ရပ်ရပ် ဝတ်စားတတ်သူ ဖြစ်သဖြင့် ဥပမိရုပ်ကလည်း ခံ့ညားနေသည်။ မစ္စတာဟိုးမားကော်ဘင်မှာ ရတနာကုန်သည်ကြီးတစ်ဦး ဖြစ်နေသော အချက်နှင့် ယခု အသတ်ခံရသူမှာ ရတနာမှောင်ခိုမှုများအတွက် အစိုးရ သတင်းပေး ဖြစ်နေသော အချက်မှာ တိုက်ဆိုင်လွန်းနေ၏။ ထိုအချက်ကို အစိုးရရှေ့နေများ သိနေချေပြီလား၊ ထို့ကြောင့် မစ္စတာဟိုးမားကော်ဘင် သူ့သမီးကိုစွ သက်သေအဖြစ် ကျွမ်းကျင်ထွက်ဆိုချိန်၌ ထိုအချက်ကို သိထားပါက အစိုးရရှေ့နေကြီးက ကသိကအောက် မေးခွန်းများ ထုတ်ချေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"မစ္စတာကော်ဘင် ခင်ဗျား၊ ခု အသတ်ခံရတဲ့ ဒေါက်ကာလပ်ဟာ ရတနာမှောင်ခိုကိစ္စတွေကို သတင်းပေး ၂၀ ရာခိုင်နှုန်းစား အဖြစ် ဆောင်ရွက်နေသူ ဖြစ်ကြောင်း သိပါသလား"

ထိုသို့ မေးပြီးနောက် အောင်မြင်သော အသံဖြင့် ထပ်ဆင့် မေးလာဖွယ်လည်း ရှိသေး၏။

"ပြီးတော့ ခုအသတ်ခံရသူကို ခုတစ်ခေါက် ဥရောပကအပြန် သင်္ဘောပေါ်မှာ မစ္စတာကော်ဘင် သိခဲ့တာ မဟုတ်လား"

ထိုမေးခွန်းနှင့် တစ်ဆက်တည်း ဖမ်းဆီးရန်ပြန်သော သက်သေ မစ္စတာကော်ဘင်ကို ထက်ဆင့် မေးလာဦးမည်မှာကား-

"ပြီးတော့ မစ္စတာကော်ဘင်ရဲ့ လုပ်ငန်းက ရတနာကုန်သည် မဟုတ်လား၊ ဥရောပကို ခရီးထွက်ခဲ့တာလည်း ရတနာ အရောင်း အဝယ်ကိစ္စအတွက်ပဲ မဟုတ်လား"

ဤမေးခွန်းများကို မြားပစ်သကဲ့သို့ ဆက်တိုက် မေးလိုက်ခြင်းအားဖြင့် ဂျူရီလူကြီးများ၏ စိတ်ထဲတွင် လူသတ်မှုအကြောင်း ပုံစံတစ်မျိုး ထင်မြင်လာစေနိုင်ရန် အစိုးရရှေ့နေကြီးက ရည်ရွယ်ဆောင်ရွက်ပေတော့မည်။

မစ္စတာကော်ဘင်၏ ဘေးတွင် အယ်လီနာ၏ အစ်မ မစ္စက်ဂျော်ဒန်ခေါ် အော်လ်ဂါ ရှိနေ၏။ အော်လ်ဂါ၏ ခင်ပွန်း ဂျော်ဒန်လည်း အော်လ်ဂါနှင့်အတူ ထိုင်နေသည်။

တရားရုံး စသည်နှင့် တစ်ပြိုင်နက် အစိုးရရှေ့နေကြီး ဟင်မီတန်ဘာဂါက အမှုအကြောင်း စတင်လျှောက်လဲတင်ပြ၏။

"ဒီအမှုမှာ တရားခံအဖြစ် တင်ပြခံရတဲ့ အယ်လီနာဟာ တခြား မိန်းမတစ်ဦးနဲ့ ဒေါက်ကာလပ်ခေါ် သေသူ သူ့ခင်ပွန်းလို့ သူ အစစ်ခံထားတဲ့ ဒေါက်ကာလပ်နဲ့ တွဲခုတ်နေတာကို မနာလိုဖြစ်ပြီး





ပစ်သတ်လိုက်တာ ဖြစ်ပါတယ်လို့ ကျွန်တော်တို့က တင်ပြသွားမှာ ဖြစ်ပါတယ်။ အယ်လီနာဟာ ဧည့်သည်ရဲ့ အခန်းကို အဆမတန် ငွေပေး ခေတ္တငှားရမ်း အသုံးပြုပြီး ဒေါက်ကာလပ်နဲ့ သူ မသက်ဘာ ဖြစ်နေတဲ့ ဆူဆန်ရဲ့ အခန်းကို ချောင်းပြီး စောင့်ကြည့်နေခဲ့တယ်၊ အဲဒီကာလ ကတည်းက အယ်လီနာဟာ ပွိုင့် ၃၈ ခြောက်လုံးပြူး အသင့်ကိုင်ဆောင်ထားတယ်၊ ဒီလူကို တခြားမိန်းမနဲ့ တွဲတာ မကြိုက်ဘူး။ ဒါကြောင့် ဒီလူကို လက်လွှတ်ရမယ်ဆိုရင် ဒီသေနတ်နဲ့ ပစ်သတ်မယ်လို့လည်း အယ်လီနာက ဆူဆန်ကို ပြောခဲ့တယ်၊ ဒီလိုနဲ့ပဲ နောက်ဆုံးတော့ ဒေါက်ကာလပ်တစ်ယောက်ကို ခေါင်းမှာ သေနတ်ဒဏ်ရာနဲ့ သေနေတာ တွေ့ရပါတယ်။ ဒီသေနတ်ကျည်ဆန်ကလည်း အယ်လီနာ ကိုင်ဆောင်တဲ့ သေနတ်နဲ့ ပစ်တဲ့ ကျည်ဆန် ဖြစ်ပါတယ်၊ အဲဒီအချိန်မှာပဲ ခုတရားခံအဖြစ် တင်ပြထားတဲ့ အယ်လီနာက အတိတ်မေ့ရောဂါ စွဲကပ်ဟန်ဆောင်လာပါတယ်၊ ဒီရောဂါ တကယ် သူ ခံစား မခံစားဆိုတာကိုလည်း စိတ်ပညာ ဆရာဝန်ကြီးတွေက နောက်ပိုင်းမှာ အစစ်ခံကြမှာ ဖြစ်ပါတယ်"

ဟင်မီတန်၏ လျှောက်လဲချက် ထိုနေရာအရောက်တွင် ပယ်ရီမေဆင်က ကြားဖြတ်လိုက်၏။

"ဂျူရီလူကြီးမင်းများခင်ဗျား၊ ခေတ္တလောက် ကြားဖြတ်ပြောခွင့် ပြုပါ၊ စိတ်ပညာ ဆရာဝန်ကြီးတွေရဲ့ ထွက်ချက်ဆိုတာကို ကျွန်တော် တရားခံရှေ့နေကလည်း စိန်ခေါ်သွားပါမယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကနေ့အထိ ဆေးသိပ္ပံပညာမှာ လူတစ်ယောက်ရဲ့ အတိတ်မေ့ရောဂါဖြစ်တဲ့ စိတ်ရောဂါအကြောင်း အတိအကျ ပြောနိုင်ဖို့ ဆိုတဲ့ အခြေအနေ မရှိသေးပါဘူး၊ ဒါကြောင့်. . ."

မေဆင်၏ စကားမဆုံးမီ ဟင်မီတန်က ပြန်ဆက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဂျူရီလူကြီးများ ခင်ဗျား၊ ကျွန်တော့် လျှောက်လဲချက်ထဲမှာ ဒါပါတယ်ဆိုရင် ကျွန်တော် ရုပ်သိမ်းပါတယ်၊ ကျွန်တော် တရားလိုပြ သက်သေအဖြစ်သာ ရုံးမှာ တင်ပြပါမယ်၊ အဲဒီ ဆရာဝန်ကြီးတွေ အစစ်ခံတော့မှ တရားခံရှေ့နေကြီးပဲ မေးခွန်းထုတ်ပေတော့၊ တရားရုံးကလည်း အဲဒီအချိန်မှာ ကြားနာပြီး ဆုံးဖြတ်ပါခင်ဗျား"

အစိုးရရှေ့နေကြီးက ဆက်လက်လျှောက်ထားသည်။

"အခု ကျွန်တော် လျှောက်ထားတင်ပြသွားတာဟာ အမှုရဲ့ ကျောထောက်နောက်ခံ အခြေအနေတွေ ဖြစ်ပါတယ်၊ ဒါတွေကို ကျွန်တော် နောက်ပိုင်း အထောက်အထားတွေနဲ့ တင်ပြသွားပါ့မယ်"

ဟင်မီတန်က အမှုအကြောင်း ပုံကြမ်းဖော် တင်ပြသွားပြီးနောက် ကုလားထိုင်တွင် ထိုင်ချလိုက်သည်။

မေဆင်က သူ့အနီးရှိ ဒရိတ်ကို လှမ်းပြော၏။

"ပေါ်လ်ရေ. . . သတိထားလိုက်ရဲ့လား၊ ဟိုသေနတ် ကျည်ဆန်ဟာ တရားခံရဲ့ သေနတ်က ပစ်တဲ့ ကျည်ဆန်တဲ့ကွ"

"အဲဒီလို ပြောသွားလို့လားဗျ. . ."

မေဆင် ခေါင်းညိတ် ပြသည်။

"လျှော့ချော်ပြီး ဒီလူ ပြောမိသွားတာပဲ"

ဤအချိန်တွင် တရားသူကြီး မိုရန်းက မေဆင်ကို လှမ်းမေးသည်။

"ဘယ့်နှယ်လဲ တရားခံရှေ့နေကြီး၊ တစ်ခုခု တင်ပြချင်တာများ ရှိပါသလား"

မေဆင်က ချက်ချင်းဖြေသည်။

"မရှိပါဘူး ခင်ဗျား. . . နောက်မှ ကျွန်တော်တို့ရဲ့ ပဏာမ တင်ပြချက်ကို လျှောက်ထားပါမယ်၊ တရားလိုရှေ့နေရဲ့ တာဝန်က





တရားခံအပေါ်မှာ အပြစ်ရှိတယ်လို့ သံသယ ကင်းကင်း အထောက်အထားတွေ ပြသွားရမှာပါပဲ၊ ဒါကြောင့် ဒီလို မတင်ပြနိုင်ရင် အဲဒီအပေါ် အခြေပြုပြီး ကျွန်တော်တို့ လျှောက်လဲသွားပါမယ်၊ ကျွန်တော်တို့ဘက်က အထောက်အထားတောင် တင်ပြချင်မှ တင်ပြပါမယ်"

မေဆင်၏ စကားကြောင့် ဟင်မီတန် ချက်ချင်း စကားပြောသာရသည်။

"ဒါဟာ တရားခံရှေ့နေကြီးရဲ့ ပဏာမ လျှောက်လဲချက်ပါလား"

"မဟုတ်ပါ၊ ရုံးတော်ကို အကျိုးအကြောင်း တင်ပြခြင်းသာ ဖြစ်တယ်"

"ဒီလိုဆိုရင် တရားခံရှေ့နေကြီးက တရားခံအတွက် အထောက်အထား ဘာမှမတင်ပြတော့ဘူးလို့ ဆိုလိုပါသလား"

"ဒီလိုရှိပါတယ်၊ တရားခံလို့ ယူဆခံရသူဟာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်နိုင်မချင်း အပြစ်ကင်းစင်သူသာ ဖြစ်ကြောင်း ဥပဒေကြောင်းက ယူဆထားပါတယ်၊ ဒါကြောင့် တရားလိုရှေ့နေကြီး တင်ပြချက် အထောက်အထားတွေ ခိုင်လုံတယ်ဆိုတဲ့အခါမှ ကျုပ်တို့ဘက်က အထောက်အထားတွေ တင်ပါမယ်၊ မခိုင်လုံရင် မခိုင်လုံတဲ့ အပေါ်မှာပဲ ချေပလျှောက်ထားသွားဖို့ ရှိပါတယ်"

မေဆင်၏ စကားအဆုံးတွင် တရားသူကြီး မိုရန်းက ဝင်တားဖြစ်သည်။

"တော်လောက်ပါပြီ တရားခံရှေ့နေကြီး၊ ရုံးတော်မှာ ရှေ့နေချင်း တိုက်ရိုက် စကားပြောနေတာကို မလိုလားအပ်ပါဘူး၊ ဒါကြောင့် ရုံးတော်ကိုပဲ ဦးတိုက်လျှောက်စေလိုပါတယ်၊ ကဲ. . . တရားလိုရှေ့နေကြီးလည်း ကြားပြီးပါပြီ၊ ခုဆိုရင် တရားခံရှေ့နေကြီးက ပဏာမ



www.burmeseclassic.com

www.burmeseclassic.com



တင်ပြချက် မတင်သေးဘူး ဆိုနေပါတယ်၊ ဒါကြောင့် တရားလို သက်သေကို စပြီးခေါ်ပါတော့"

ဤတွင် ဟင်မီတန်က ပထမဆုံး တရားလိုသက်သေကို စ၍ တင်သွင်းသည်။

"ရုံးမင်း ခင်ဗျား. . . ကျွန်တော် အခု မစ္စတာရေမွန်ဒော်လာ ဆိုသူကို တရားလို သက်သေအဖြစ် စတင်ပါမယ်"

ရေမွန်သည် ရုံးထုံးစံအတိုင်း ကျမ်းကျိန်ပြီးနောက် စတင် အစစ်ခံ၏။

"ကျွန်တော်ဟာ လူသတ်မှုဆိုင်ရာ စစ်ဆေးရေး ဒုတိယ တာဝန်မှူး ရေမွန် ဖြစ်ပါတယ်၊ ဩဂုတ် ၁၇ ရက်က ပန်းခြံထဲမှာ ဒေါက်ကာလစ်ရဲ့ အလောင်းတွေ့ရချိန် ည ၉ နာရီ ၁၅ မိနစ်က ပန်းခြံ အထိ ကိုယ်တိုင် သွားရောက် စစ်ဆေးပေးဖို့ တာဝန်ပေးခံရသူ ဖြစ်ပါတယ်၊ ဓာတ်ပုံရိုက်တာကအစ အသေးစိတ် ကိစ္စတွေ ကျွန်တော် တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်"

ယင်းသို့ အစစ်ခံပြီးနောက် ရိုက်ယူထားခဲ့သော ဓာတ်ပုံများကို တစ်ခုချင်း တင်ပြရှင်းလင်းသည်။ အလောင်းကို ရင်ခွဲရုံ ယူသွားပြီး ကိုယ်တုံးတီး စစ်ဆေးကြည့်ရှု ဓာတ်ပုံရိုက်ယူချက်များနှင့် ရင်ခွဲစဉ် ရိုက်ချက်များကိုလည်း တင်ပြ၏။ ထိုဓာတ်ပုံများမှာ အရုပ်ဆိုးလွန်း သဖြင့် ဂျူရီများ မကြည့်လိုက မကြည့်ဘဲ နေနိုင်ကြောင်း၊ တရားခံ ရှေ့နေကြီးမှာ မူကား အချိန်မရွေး ကြည့်နိုင်ကြောင်း၊ အစိုးရ ရှေ့နေကြီး ဟင်မီတန်က ဝင်ရောက်ရှင်းလင်းရင်း မေဆင်ကို ဆက် ပြောသည်။

"ကျွန်တော့် သက်သေ အမှတ် (၁) ကတော့ ဒါလောက်နဲ့ ပြီးပါပြီ၊ တရားခံရှေ့နေကြီး မေးခွန်းထုတ်ချင်ရင် ထုတ်နိုင်ပါတယ်"





"ကြော်. . . ဟုတ်ကဲ့၊ မေးခွန်း တစ်ခု နှစ်ခုလောက်တော့ မေးချင်ပါတယ်၊ သေသူရဲ့ အဝတ်အစားတွေ ဘယ်မှာ ရှိပါသလဲ"

"ရင်ခွဲရုံက ဗီရိုထဲမှာ စနစ်တကျ သိမ်းထားပါတယ်"

ဤတွင် တရားလိုရှေ့နေက လောကွတ်ဝင်လုပ်၏။

"ဒါတွေကို တရားခံရှေ့နေကြီး အချိန်မရွေး သွားကြည့်ခွင့် ရှိပါတယ်၊ ကျွန်တော် ပြောပြထားပါ့မယ်"

"ဟုတ်ကဲ့၊ နောက်တစ်ခု မေးပါရစေဦး၊ သေသူရဲ့ ကိုယ်ပိုင် ပစ္စည်းအဖြစ် သူ့ကိုယ်ပေါ်က အကျႌထဲမှာ၊ ဘောင်းဘီအိတ်တွေထဲမှာ အရာတွေ တွေ့ပါသလဲ"

"ကျွန်တော့်မှာ စာရင်း ရှိပါတယ်"

သက်သေက ဖြေရင်း အိတ်ထဲမှ မှတ်စုစာအုပ်တစ်ခု ထုတ် လိုက် စာရင်းကို ဖတ်ပြသည်။

"မှတ်စုစာအုပ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ဖောင်တိန် တစ်ချောင်း၊ သော့ လေးချောင်းပါတဲ့ သော့တွဲ၊ လက်ကိုင်ပဝါ တစ်ထည်၊ ငွေတစ်ဒေါ်လာနဲ့ ၉၆ ဆင့်၊ ငွေရောင်စီးကရက်ဘူး တစ်ဘူး အထဲမှာ စီးကရက် ၆၀ လိပ် ရှိပါတယ်"

"ဒါပဲလား၊ တခြား ပစ္စည်းတွေကော"

"ဒါအကုန်ပါပဲ ခင်ဗျား"

"ဒီပစ္စည်းတွေကော ဘယ်မှာ ရှိနေပါသလဲ"

"ကျွန်တော့်ရုံးမှာ ပါပဲ"

"သက်သေခံပစ္စည်းတွေအဖြစ် တင်ပြစေလိုပါတယ်"

ဤတွင် တရားလို ရှေ့နေကြီးက ဝင်ပြောပြန်၏။

"ဒါတွေက အမှုအတွက် အရေးပါတဲ့ ပစ္စည်းတွေ မဟုတ်ပါ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာကြောင့် ဒီလို ပြောနိုင်ပါသလဲ"

မေဆင်၏ မေးခွန်းကြောင့် တရားလိုခံရှေ့နေကြီး လျှော့ချသွား၏။

"ကောင်းပါပြီ၊ တရားခံရှေ့နေကြီးက တင်စေချင်ရင် သက်သေခံ ပစ္စည်းတွေအဖြစ် တင်ပြပါမယ်၊ ခင်ဗျားရဲ့ သက်သေခံ ပစ္စည်းနော်၊ ကျုပ်ရဲ့ သက်သေခံပစ္စည်းအဖြစ် မဟုတ်ဘူး"

ဤတွင် မေဆင်က ရုံးတော်သို့ လျှောက်ထားပြန်၏။

"မှတ်စုထဲမှာ ဘာမှ ရေးထားတာ မပါဘူး"

"ဗျာ. . . ဘာမှ မပါဘူး၊ ဟုတ်လား"

"ဟုတ်ပါတယ်၊ စာရွက်တွေအားလုံး အလွတ်တွေချည်းပါပဲ၊ စာအုပ်က သားရေဖုံးစာအုပ်ပါ၊ အထဲမှာ ယာဉ်မောင်းလိုင်စင် ထည့်နိုင်စရာ သီးသန့်ရှိတယ်၊ စာရွက်ဖြည့်ချင်ရင်ဖြည့်၊ ဖြုတ်ချင်ရင် ဖြုတ်နိုင်တဲ့ စာအုပ်မျိုးပါ၊ တစ်ခု ရှိပါတယ်၊ သေသူ မသေမီကလေးမှာ အထဲက စာရွက်ဟောင်းတွေ ဖြုတ်ထုတ်ပြီး စာရွက်အသစ်တွေ ထပ်ဖြည့်ခဲ့ပုံ ရပါတယ်၊ စာရွက်အသစ်တွေကတော့ ဖောင်တိန်မင်ရာ တစ်ချက်မရှိသေးပါဘူး"

"ယာဉ်မောင်း လိုင်စင်ကကော"

"မှတ်စုစာအုပ်မှာ ယာဉ်မောင်းလိုင်စင် ထည့်တဲ့ အိတ်ငယ်ကလေး ရှိပါတယ်၊ အဲဒီအထဲမှာ ယာဉ်မောင်းလိုင်စင် ရှိနေပါတယ်"

ဤတွင် မေဆင်က ရုံးတော်သို့ လျှောက်လိုက်ပြန်၏။

"ရုံးမင်းခင်ဗျား. . . ရုံးတော်က ခွင့်ပြုရင် ဒီပစ္စည်းတွေကို သက်သေခံ ပစ္စည်းတွေ အဖြစ် အခု တင်ပြစေချင်ပါတယ်၊ ကျွန်တော့်ဘက်က တင်ပြတဲ့ သက်သေခံ ပစ္စည်း အဖြစ်လည်း ကျွန်တော် လက်ခံပါတယ်"

မေဆင်၏ စကားအဆုံး၌ အစိုးရရှေ့နေကြီးက ဝင်ပြော၏။

"သက်သေတွေကို အလျင် စစ်ဆေးချင်ပါတယ် ခင်ဗျား၊ ပြီးတော့မှ တရားခံရှေ့နေကြီးဘက်က တင်ပြပါ၊ အခုအတိုင်း ဟိုဟာ တစ်ပိုင်း ဒီဟာတစ်ပိုင်း တင်ပြနေရတာ မကောင်းပါဘူး"

မေဆင်က ဝင်ထောက်၏။

"အခု ပေါ်ပေါက်လာတဲ့ အခြေအနေအရ ဒီပစ္စည်းတွေကို ခုပဲ တင်ပြစေလိုကြောင်းကို ပြန်လှန်မေးခွန်းထဲမှာ ကျွန်တော် ထည့်လျှောက်ထားပါရစေ"

"ခင်ဗျား ဒါကို ပြန်လှန်မေးခွန်း တစ်စိတ်တစ်ဒေသအဖြစ် လုပ်ခွင့် မရှိပါဘူး"

"ဟုတ်ကဲ့၊ ကျုပ်က ဒီသက်သေကို အဲဒီပစ္စည်းတွေ ရုံးတော် ယူလာတင်ပြဖို့တော့ ပြောနိုင်ပါတယ်"

ဤတွင် တရားသူကြီးကပင် ကြားဝင်ပြော၏။

"ကဲ သက်သေကို မေးပါမယ်၊ ဒီပစ္စည်းတွေဟာ သေသူရဲ့ ပစ္စည်းတွေနော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"သေသူရဲ့ အိတ်ထဲက ရတာနော်"

"မှတ်ပါတယ်"

"သေသူရဲ့ အိတ်ထဲက ကိုယ်တိုင် ထုတ်ယူခဲ့တာလား"

"ဟုတ်ပါတယ်"

"ကောင်းပြီ၊ ဒီပစ္စည်းတွေကို တရားခံရှေ့နေဘက်က သက်သေခံပစ္စည်းအဖြစ် မှတ်သားပြီး ရုံးတော်မှာ တင်ထားပေးပါ။ ခုချိန်မှာ ဒါတွေကို သိမ်းထားပြီး သက်သေကိုပဲ ဒီပစ္စည်းအကြောင်း မေးခွန်းမေးပါ၊ နောက်ပိုင်းကျတော့ သက်သေခံပစ္စည်းအဖြစ် တင်ထားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ခုံမင်းခင်ဗျား"

မေဆင်က ကျေးဇူးတင်စကားပြောပြီး ဆက်လက် တင်ပြသည်။

"တရားခံ ရှေ့နေအဖြစ် ဓာတ်ပုံတွေကိုလည်း ရယူလိုပါတယ်"

ဤတွင် တရားလိုရှေ့နေက ဝင်ပြော၏။

"တရားခံ ရှေ့နေကြီးအတွက် ဓာတ်ပုံအားလုံး အစုံရှိပါတယ်"

ပြောပြောဆိုဆို ရှိရှိသေသေပင် ၁၀×၈ လက်မ ဓာတ်ပုံကြီးများကို ကမ်းပေး၏။ ဂျူရီလူကြီး အားလုံးက သူ့အား မျှမျှတတ ဆောင်ရွက်ပေးသူအဖြစ် ထင်မြင်လာစေလိုသည်မှာ ပေါ်လွင်နေသည်။

"ကျေးဇူးတင်ပါတယ်၊ မေးခွန်းမေးလို့ ပြီးပါပြီ"

မေဆင် မေးပြီးချိန် ဒုတိယတရားလိုပြ သက်သေအဖြစ် ဒေါက်တာ ဂျူးလီးယပ်ဖိုဘာရွန် ဆိုသူကို တင်ပြ၏။ ဒေါက်တာက သက်သေအဖြစ် စင်မြင့်ပေါ် တက်လျက် စတင် ရှင်းပြသက်သေခံသည်။

"ကျွန်တော်ဟာ ရာဇဝတ် မှုခင်းဆိုင်ရာ အရာရှိရဲ့ သေမှုသေခင်းဆိုင်ရာ ဆရာဝန် ဖြစ်ပါတယ်"

ယင်းသို့ အစချီရင်း ထိုနေ့က သေသူကို ရင်ခွဲစစ်ဆေးကြောင်း သေသူ၏ ခေါင်းထဲမှ ဗို့ ၃၈ သေနတ်ကျည်ဆန်တစ်ခု တွေ့ကြောင်း၊ ထိုကျည်ဆန်ကြောင့် ဒေါက်ကလပ် သေရခြင်းဖြစ်ကြောင်းနှင့် ဒဏ်ရာအခြေအနေအကြောင်းကို အသေးစိတ် တင်ပြ၏။ သေသူသည် စစ်ဆေးရချိန်၌ သေဆုံးသည်မှာ ခန့်မှန်းခြေ ၂၄ နာရီနှင့် ၃၆ နာရီအတွင်း ကြာခဲ့ပြီ ဖြစ်ကြောင်း တင်ပြသွားသည်။ ထို့နောက် ဟင်မီတန်က စတင်မေးမြန်းသည်။





"သေသူရဲ့ ခေါင်းထဲက ဒီကျည်ဆန် ထုတ်ယူပြီးတော့ ကျည်ဆန်ကို ဘာလုပ်ပါသေးသလဲ"

"လက်နက် ပါရဂူထံသို့ တင်ပြပါတယ်"

"ဒါပါပဲ ခင်ဗျာ၊ ကဲ. . . တရားခံရှေ့နေကြီး ပြန်လှန်မေးခွန်းများ မေးနိုင်ပါပြီ"

မေဆင်က ဆရာဝန်ကို လှမ်းကြည့်လိုက်ပြီး အကဲခတ်ရာ ဆရာဝန်ကလည်း ဖြေရန် အသင့်အနေအထားဖြင့် ပြန်ကြည့်သည်။

"ကဲ. . . ဒေါက်တာ၊ ဒေါက်တာ စောစောက အစစ်ခံခဲ့ရာမှာ ဒေါက်ကလပ်ဟာ ဒီကျည်ဆန်ကြောင့် ချက်ချင်း သေဆုံးသွားတယ်လို့ ပြောခဲ့ပါတယ်နော်"

"ဟုတ်ပါတယ်"

"ဘယ်အချက်ပေါ် အခြေပြုပြီး ဒီလို ပြောနိုင်ပါသလဲ"

"ဒဏ်ရာရဲ့ အနေအထားနဲ့ ဦးနှောက်ကို ထိမှန်ထားတဲ့ အနေအထား ဖြစ်ပါတယ်"

"ဒီဒဏ်ရာဟာ လူတစ်ယောက်ကို ချက်ချင်း သတိလစ်စေနိုင်တာ မှန်တယ်နော်"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ သေချင်မှတော့ သေမယ်ပေါ့"

"ဗျာ. . . အဲဒါ ဘာကို ဆိုလိုပါသလဲ"

"ဒီလိုပါ ဒေါက်တာ၊ ဒေါက်တာလည်း ကြုံဖူးမယ် ထင်ပါတယ်၊ ဥပမာ-ဦးနှောက် ဒဏ်ရာရသွားရင် သွေးအကြီးအကျယ် ထွက်တတ်တယ် မဟုတ်လား"

"ဒါ. . . မှန်ပါတယ်၊ ကျွန်တော် အများအပြား ကြုံဖူးပါတယ်"

"ဘာကြောင့် သွေးဒီလောက် ထွက်ရတာပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလည်း ရှင်းပါတယ်၊ ကိုယ်ထဲမှာရှိတဲ့ သွေးတွေဟာ ဒဏ်ရာကနေ အပြင်ကို စီးထွက်တတ်လို့ပါပဲ"

"ဒီလို သွေးထွက်တာ နှလုံးက တွန်းထုတ်ပေးတာပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် သွေးထွက်နေတုန်းအချိန်ဟာ အသက်မထွက်သေးဘူးလို့ ပြောနိုင်တာပေါ့။ သတိတော့ လစ်နေမယ်လေ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါလည်း မှန်ပါတယ်"

"ခု အမှုမှာကော ဒီလိုပဲလား"

"မဟုတ်ဘူးခင်ဗျ၊ သွေးထွက်တာ သိပ်နည်းတယ်"

"သေသူအလောင်း မြေကြီးပေါ်မှာကော သွေးကွက်တွေဘာတွေ တွေ့မိပါသလား"

"တွေ့တော့ တွေ့တယ်၊ ဒါပေမဲ့ နည်းတယ်"

"ခေါင်းမှာကော သွေးထွက်အများကြီးလား"

"ခေါင်းမှာလည်း သွေးထွက်နည်းပါတယ်"

"ဒါကြောင့်လည်း ဒီလူ ဒဏ်ရာကြောင့် ချက်ချင်း သေတယ်လို့ ဒေါက်တာ ဒီအမှုမှာ အစစ်ခံတာ မဟုတ်လား"

"သွေးထွက်နည်းတဲ့ အခြေအနေတစ်ခုထဲပေါ် အခြေခံပြီး ပြောတာ မဟုတ်ပါဘူး၊ ဒဏ်ရာရဲ့ အနေအထားနဲ့ ဦးနှောက်ထိတဲ့ အခြေအနေ ပေါ်လည်း ကြည့်ပြောခဲ့တာပါ"

"ဒီလို ဒဏ်ရာမျိုး ရထားပြီး သွေးအများကြီး ထွက်တဲ့ အမှုမျိုး ကြုံဖူးမယ်ထင်ပါတယ်၊ ဒီအမှုမျိုးမှာဆိုရင် သေသူဟာ ဒဏ်ရာ ရပြီးပေမဲ့ အသက်မထွက်သေးဘဲ ခဏလောက် အသက်ရှင်နေသေးဆိုင်တဲ့ အခ်ပွာယ်မျိုး မဟုတ်လား"





"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် ဒေါက်တာ၊ ဒီလိုကော မယူဆနိုင်ဘူးလား၊ သေသူကို တခြားတစ်နေရာမှာ သတ်ခဲ့ပြီးတော့မှ ဒီနေရာကို အလောင်းရွှေ့ယူလာတာမျိုး"

"ယူဆနိုင်ပါတယ်၊ မှန်ပါတယ်"

"ကဲ. . . ခုအမှုမှာ အဲဒီလို ဖြစ်နိုင်တာ ဒေါက်တာ မငြင်းပါဘူးနော်"

"ဟုတ်ကဲ့၊ မငြင်းပါဘူး"

"ဒေါက်တာ၊ ခုလို တွေးမိနိုင်တာဟာ ဘယ်လိုအကြောင်းတွေပေါ် အဆင့်ဆင့် အခြေခံပါသလဲ"

"ဒဏ်ရာ ရရာ ရကြောင်း သဘောသဘာဝရယ်၊ ဒဏ်ရာရဲ့ အခြေအနေရယ်၊ ဦးနှောက်ကို ထိမှန်ဖျက်စီးစေပုံရယ်၊ သွေးထွက်ပုံ အနေအထားရယ်၊ သွေးတွက်တွေ ရှိနေတဲ့ အနေအထားရယ်၊ ထောင်လိုက်တျနေတဲ့ သွေးစီးကြောင်း မတွေ့ရတာရယ်၊ အလောင်းရဲ့ အနေအထားရယ်၊ ဒါတွေပေါ် အခြေပြုပါတယ်"

"ဒီလိုဆို ဒေါက်တာ၊ ဒီအမှုမှာ ဒေါက်တာရဲ့ ထင်မြင်ချက်က သေသူရဲ့ နောက်ကျောမှာ လူတစ်ယောက်က မတ်တတ်ရပ်ပြီး ၅ွှင့် ၃၈ ခြောက်လုံးပြူးနဲ့ ခေါင်းရဲ့နောက်ဘက်ကို ပစ်ထည့်လိုက်တယ်ပေါ့။ ဒါကြောင့် လူနာချက်ချင်း အသက်ထွက်သွားတယ်ပေါ့"

"ဟုတ်ပါတယ်၊ ခြွင်းချက်တစ်ခုတော့ ရှိပါတယ်"

"ဟုတ်ကဲ့၊ အဲဒီခြွင်းချက်က ဘယ်လိုလဲ"

"သေသူဟာ သေဆုံးချိန်မှာ ထိုင်လျက် အနေအထား ရှိနိုင်ပါတယ်၊ ဒီအနေအထားမျိုးမှာ ရှိနေမယ်လို့ကို ကျွန်တော် ပြောရပါတယ်၊ စစ်ဆေးတွေ့ရှိရတဲ့ အတိုင်းဆိုရင် အလောင်းကို ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုအသူ မသေခင် သူ့ကို နေရာတကျ ထိုင်လျက်ပုံသဏ္ဌာန် နေရာချထားပေးလိမ့်မယ်ထင်တယ်၊ ထိုင်လျက်ဆိုတော့ ခြေထောက်နှစ်ချောင်းကလည်း ဒူးချိတ်ထားသလို အနေအထား ရှိလိမ့်မပေါ့။ တစ်ခုတော့ ရှိတယ်၊ နည်းနည်းယိုင်ယိုင်ဆိုတော့ ဘယ်ဘက်လက်က ခြေပေါ်မှာ ထောက်ထားလိမ့်မယ်၊ အဲဒီတော့ ကျည်ဆန်ဝင်သွားတဲ့ အနေအထားကို ကြည့်ရခြင်းအားဖြင့် အပေါ်စီးပစ်တာ မဟုတ်ဘူး၊ နောက်ကနေ တည့်တည့် ပစ်တာ၊ ပစ်တဲ့ လူကလည်း သေသူရဲ့ နောက်မှာ နေရာအတိအကျ ယူပြီး သေသေချာချာ ချိန်ပစ်တာပဲ၊ အတိုချုံးလိုက်လျှင် သေသူကို နောက်ကနေပြီးတော့ သေနတ်နဲ့ ပစ်သတ်တာပဲ ဒါကြောင့် ကျည်ဆန်သွားလမ်းရယ်၊ သေနတ် အနေအထားရယ် ချိန်ကြည့်ရင် မျဉ်းဖြောင့်ဖြောင့် တိတိကျကျ ဖြစ်နေတာ တွက်ဆနိုင်တယ်"

"ဟုတ်ကဲ့. . . ဒေါက်တာ၊ ခုလို အစစ်ခံပေးတာ ကျေးဇူးတင်စကား ပါတယ် ခင်ဗျာ၊ ကျွန်တော် မေးချင်တာ ဒါလောက်ပါပဲ"

အစိုးရဲ့ ရှေ့နေကြီးက ဤတွင် တစ်စခန်းထပြန်သည်။

"နောက်ထပ် ပြန်ခေါ်သက်သေတွေ ဘာတွေ မရှိရတော့ဘူးနော်၊ အခု ကျုပ် နောက်ထပ် သက်သေတစ်ယောက် ခေါ်မယ်၊ ကဲ. . . မစ္စတာအမ်စီဘို့စလာ ကြွပါခင်ဗျား"

မစ္စတာဘို့စလာဆိုသူ သက်သေစင်မြင့်ပေါ်သို့ တက်ပြီး သူမည်သူဖြစ်ကြောင်း စတင်၍ အစစ်ခံသည်။ သူသည် လက်နက် ပါရဂူတစ်ဦးဖြစ်ကြောင်း၊ အလောင်းကို ခွဲစိတ်ပြီး ကျည်ဆန်ထုတ်ယူစဉ် သူပါရှိနေကြောင်း၊ ထိုကျည်ဆန်ကို ဒေါက်တာအိုဘာရွှန်က သေချာအောင် အမှတ်အသားများ ပြုလုပ်ကြောင်း၊ ထိုနောက်တွင် မိမိလက်သို့ ပေးအပ်ပြီး စစ်ဆေးစေကြောင်း စသည်ဖြင့် အတိအကျ အစစ်ခံ





သွား၏။ သူ့အစစ်ခံချက်များအပေါ် အခြေခံလျက် အစိုးရရှေ့နေကြီး ဟင်မီတန်က မေးခွန်းများ ထုတ်သည်။ ရှေ့နေကြီးက သူလိုချင်သော အချက်အလက်များအတွက် အထောက်အထားအဖြစ် မေးခွန်းထုတ်ခြင်းဖြစ်၏။ မေဆင်က အစိုးရရှေ့နေကြီးအား အကဲခတ်ကြည့်လိုက်ရာ နာရီတကြည့်ကြည့်ဖြင့် အားလုံးကို အချိန်ကိုက် ဆောင်ရွက်နေမှန်း သိသာနေသည်။

ဘို့စလာ၏ အစစ်ခံချက်တွင် ထိုကျည်ဆန်မှာ ပွိုင့် ၃၈ ခြောက်လုံးပြူး စမစ်အင်ဝက်ဆင် ကုမ္ပဏီထုတ် ဖြစ်ကြောင်း အတိအကျပင် အစစ်ခံ၍ ထိုကျည်ဆန်နှင့်အတူ ရင်ခွဲရုံ မှတ်တမ်းဓာတ်ပုံများကိုပါ ဂျူရီလူကြီးများ အားလုံးက ကြည့်ရှုကြ၏။ ထိုနောက်ပိုင်းတွင်ကား အစိုးရရှေ့နေကြီးကပင် ဘို့စလာကို မေးခွန်းထပ်ထုတ်၏။

"ကဲဗျာ. . . စောစောက ဟာတွေကတော့ ဟုတ်ပါပြီ ခု. . . နည်းနည်း မေးပါရစေ၊ အဲဒီနေ့က သေနတ်ကို အနီးအနားမှာကော ရှာမကြည့်ဘူးလား"

"ဟုတ်ကဲ့. . . ကျွန်တော်လည်း ကူရှာပေးခဲ့ပါတယ်"

"အလောင်းအနီးအနားမှာ သေနတ်တွေ့ရဲ့လား"

"အဲဒီတုန်းက မတွေ့ဘူးဗျ"

"ဒီလိုဆို ခင်ဗျားတို့ အနီးအနားမှာ သေနတ် ရှိလို့ရှိငြား လျှပ်စစ် ကိရိယာတွေနဲ့ ရှာမကြည့်ဘူးလား"

"ဟုတ်ကဲ့. . . နောက်ပိုင်းမှာ ရှာကြည့်ပါတယ်"

"ဒီတော့ ဘာတွေ့သလဲ"

"ဟုတ်ကဲ့. . . တခြားသံပစ္စည်း အသေးအမွှားတွေပဲ အနီးအပါးမှာ တွေ့တယ်၊ သံတိုသံစတွေပါ။ အဲ. . . နောက်ဆုံးပွိုင့် ၃၈ ခြောက်လုံးပြူးတစ်လက်ကိုပါ တွေ့တယ်၊ သေနတ်ထဲမှာ ပစ်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ကျည်ခွံတစ်ခုလည်း တွေ့တယ်၊ သေနတ်နံပါတ်ကတော့ စီ ၄၈၈၀၉ ပါပဲ"

"အဲဒီသေနတ်ကိုကော ပစ်ခတ် စမ်းသပ်ကြည့်ပါသေးသလား"

"ဟုတ်ကဲ့ စမ်းပါတယ်"

"ဘယ်လို တွေ့ရပါသလဲ၊ တွေ့ရှိချက် ပြောပြပါ"

"သေသူရဲ့ ခေါင်းထဲကရတဲ့ ကျည်ဆန်ဟာ ဒီသေနတ်နဲ့ ပစ်တာလို့ အတိအကျ သိပါတယ်"

"ဒီတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းကော တင်ရဲ့လား"

"ဟုတ်ကဲ့၊ မှတ်တမ်းတင်ထားပါတယ်"

"ဒီဓာတ်ပုံတွေ အခုတင်ပြနိုင်ပါ့မလား"

ဘိုစလာသည် ၈ လက်မ × ၁၀ လက်မ ဓာတ်ပုံတစ်ခုကို အထောက်အထားအဖြစ် တင်ပြ၏။ ဂျူရီလူကြီးများ သဘောပေါက်အောင်လည်း ရှင်းပြ၏။ ထိုနောက် အစိုးရရှေ့နေကြီးက ဆက်မေးသည်။

"အဲဒီ သေနတ်ကို ဘယ်နေရာမှာ တွေ့ပါသလဲ"

"သေသူနဲ့ သိပ်မဝေးတဲ့နေရာ၊ မြေကြီးထဲ ထိုးထည့်ထားတယ်၊ ပြီးတော့မှ အပေါ်ကနေ သစ်ရွက်တွေ၊ မြေမှုန့်တွေ ဖုံးပြီး ဖုံးထားတယ်ဗျ၊ အမှတ်တမဲ့ ကြည့်ရင် မသိနိုင်ပါဘူး"

"ဒါကို ခင်ဗျားတို့က လျှပ်စစ်ဓာတ်လိုက် ကိရိယာနဲ့ ရှာလို့ တွေ့ရတာပေါ့"

"ဟုတ်ပါတယ်"

"အလောင်းနဲ့ ဘယ်လောက်ဝေးသလဲ"

"အရှေ့မြောက်ဘက် ၅၆ ပေ အကွာမှာပါ"





"ခင်ဗျားနဲ့ အတူစစ်ဆေးတုန်း တခြားလူတွေလည်း ရှိတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ လူတော်တော်များများ ရှိနေပါတယ်"

"အကွာအဝေး တိုင်းတဲ့ထွားဗဲ့လူကရော ဘယ်သူလဲ"

"မစ္စတာစတီဖင်ပါ"

"ကဲ. . . ဒါပြီးပါပြီ၊ နောက်တစ်ခု မေးပါရစေ၊ တွေ့တဲ့ သေနတ် ဘယ်သူပိုင်လဲလို့ကော စစ်ဆေးစုံစမ်းပါသလား"

"ဟုတ်ကဲ့၊ တစ်ပြည်လုံးမှာရှိတဲ့ စာရင်းတွေပါ စစ်ကြည့်ခဲ့ပါတယ်"

"ပိုင်ရှင် ဘယ်သူလို့ တွေ့ပါသလဲ"

"အယ်လီနာကော်ဘင် ဖြစ်ပါတယ်"

"ခု အမှုမှာ တင်ပြထားတဲ့ တရားခံလား"

"ဟုတ်ပါတယ်"

"အဝယ်စာအုပ် မှတ်တမ်းမှာ သူ့လက်မှတ်ကော တွေ့ရဲ့လား"

"ဟုတ်ကဲ့ တွေ့ပါတယ်"

"လက်မှတ်ကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ထားပါသလား"

"ဟုတ်ကဲ့၊ တင်ထားပါတယ်"

အစိုးရရှေ့နေကြီးက မေးမြန်းပြီးပြီဖြစ်၍ ရုံးတော်သို့ ဦးတိုက်လျှောက်၏။

"ရုံးမင်း ခင်ဗျား. . . ခုဆိုရင် မွန်းလွဲပိုင်း ရုံးနားချိန် နီးနေပါပြီ၊ ခုပြောခဲ့တဲ့ ဓာတ်ပုံတွေကို ခုပဲ ရုံးတော်တင်ပြစေဖို့ ကျွန်တော် ဆန္ဒရှိနေပါတယ်၊ သေနတ်ဝယ်တဲ့ လက်မှတ်တော့ မနက်ဖြန်မှပဲ တင်ပြနိုင်ပါမယ်၊ လက်ရေး ပါရဂူကလည်း ဒါဟာ အယ်လီနာရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးအစစ်ဖြစ်ကြောင်း အစစ်ခံထားပါတယ်၊ ခုတော့ ဒီဓာတ်ပုံကို ပဲ တင်ပြနိုင်ပါသေးတယ်၊ ဒါလည်း အမှန်တော့ ခိုင်လုံပါတယ်"

မေဆင်က ကန့်ကွက်ရန် မရှိကြောင်း တင်ပြလိုက်၏။ တရားသူကြီးကလည်း ဓာတ်ပုံကို လက်ခံကြောင်းနှင့် ရုံးတော်ကို နောက်တစ်နေ့ထိ ရွှေ့ဆိုင်းကြောင်းပါ ကြေညာလိုက်၏။

ရုံးဆင်းပြီဖြစ်၍ အခြား နားထောင်သော ပရိသတ်များ ပြန်ကြသော်လည်း မေဆင်တို့ အဖွဲ့မှာမူ ကျန်နေသေး၏။ မေဆင်က တရားခံ ဖြစ်နေသူ အယ်လီနာကို တိုးတိုးသက်သာ မေး၏။

"အဲဒီသေနတ် မင်းရဲ့ သေနတ် မှန်ရဲ့လား"

"ဟုတ်ပါတယ်၊ ကျွန်မ သေနတ်ပါရှင်"

"ပန်းခြံထဲကို ဒီသေနတ် ဘယ်လို ရောက်သွားရတာလဲ ကလေးမရဲ့"

"ကျွန်မ သိသမျှ မှတ်မိသမျှ အမှန်အတိုင်း အားလုံး ပြောပြီးပါပြီ၊ ဒီသေနတ်ကို လိုရမယ်ရ ကျွန်မ ဆောင်ထားခဲ့တာပါ"

"ဟန်းနီးမွန်း ထွက်တုန်းကကော သေနတ်ပါ ယူသွားသလား"

"ဟုတ်ကဲ့၊ ယူသွားပါတယ်၊ အင်း. . . ကျွန်မ ခုအမှန်အတိုင်း အစစ်ခံရရင်တော့ ကျွန်မ ထောက်ချောက် အထောင်ခံရတာ ပါပဲ"

"ပန်းခြံမှာ ရဲတွေ တွေ့တော့ ကလေးမဆီမှာ သေနတ် မရှိတော့ဘူးနော်"

"ဟုတ်ကဲ့၊ သေနတ်တွင်မကဘူး၊ အဲဒီအချိန်က ကျွန်မကိုယ်ပေါ်မှာ အဝတ်အစားတောင် မရှိဘူးလို့ သတင်းစာတွေကတောင် ရေးကြတာပဲ"

"တယ်. . . ဒီကလေးမ ရှုတ်နောက်နောက် လုပ်မနေနဲ့၊ ဒီသေနတ်ကြောင့် မင်း လူသတ်တရားခံ ဖြစ်သွားနိုင်တယ် ဆိုတာ





နားလည်ထား၊ မင်းဟာ ဒေါက်ကာလပ်နဲ့အတူ အိမ်က ထွက်သွားတယ်၊ ပြီးတော့ ဒေါက်ကာလပ် အသတ်ခံရတယ်၊ ပစ်တဲ့ ကျည်ဆန်က မင်းပိုင်သေနတ်က. . ."

"ဒါပေမဲ့ရှင်၊ အဲဒါက ကျွန်မ အိမ်က ထွက်ပြီး နောက်ပိုင်း နှစ်ပတ်ကြာမှ မဟုတ်လား၊ နှစ်ပတ်အတွင်း ဖြစ်ချင်သလို ဖြစ်နိုင်တာပဲ တာ. . ."

"ဒါတွေက ဒီကိစ္စမှာ ထည့်ပြောလို့ မရဘူး၊ ဩဂုတ်လ ၁၆ ရက်နေ့က ဒေါက်ကာလပ် အသတ်ခံရတယ်၊ ပစ်သတ်ခံရတာက မင်းပိုင်သေနတ်နဲ့၊ ပြီးတော့ အဲဒီအချိန်မှာ မင်းကလည်း အလောင်းရှိတဲ့ ပန်းခြံနားမှာ ကိုယ်တုံးလုံးနီးပါးနဲ့ လရောင်အောက်မှာ ကနေတယ်"

"ရှေ့နေကြီး ကျွန်မကို ဒေါသ ဖြစ်နေပုံရတယ်၊ စိတ်မဆိုးပါနဲ့ရှင်"

"တို့ လိုချင်တာက တကယ့်အဖြစ်မှန်ဟာ ဘာလဲ၊ ဘာတွေဖြစ်ခဲ့သလဲ၊ ကလေးမ တို့ကိုတော့ အမှန်အတိုင်း ဖွင့်ပြောစေချင်တယ်၊ ဒါမှလည်း မင်းသေဒဏ်နဲ့ တစ်သက်တစ်ကျွန်းဒဏ် မခံရအောင် တို့တတ်နိုင်သမျှ ဆောင်ရွက်ပေးလို့ရမယ်၊ တကယ်လို့ မင်း သူ့ကို တကယ် ပစ်သတ်ပါတယ်ဆိုရင်လည်း အမှန်အတိုင်း တို့ကို ပြောပြ၊ တို့က မင်းဟာ မင်းကို ရန်မူလို့ ကာကွယ်ရပါတယ်၊ ဘာညာဆိုပြီး မင်းကို ကယ်နိုင်မယ်"

"ဒါပေမဲ့ရှင် ကျည်ဆန်က သူ့ခေါင်းကို နောက်ကနေ တည့်တည့် ဝင်တယ်ဆိုတော့ အန္တရာယ် ကာကွယ်တာတို့ ဘာတို့ ဘယ်ဖြစ်နိုင်တော့မှာလဲ"

ထိုအချိန်၌ အမျိုးသမီးရဲက အနားတိုးလာ၏။ သို့သော် မေဆင်ကမူ စိတ်ဆိုးမာန်ဆိုး ပြောနေဆဲပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မေဆင် စကားမဆုံးမီ သတင်းထောက်တစ်ဦး ချဉ်းကပ်လာသဖြင့် စကားဖြတ်လိုက်ရသည်။

သတင်းထောက်က မေဆင်ကို မေးသည်။

"ရွှေနေကြီးခင်ဗျား၊ ဒီအမှုနဲ့ ပတ်သက်ပြီး တစ်ခုခုများ ပြောချင်ပါသလား"

"ခုမပြောသေးပါဘူးကွာ၊ တစ်ခုပဲ ရှိတယ်။ တို့အမှုသည်ဟာ တကယ့် အပြစ်ကင်းစင်သူပါ"

"ကလေးမ ဘာမှ ပြန်သတိမရလောက်အောင် သတိမေ့ရောဂါ စွဲနေတယ်ဆိုတာ ဟုတ်သလားဗျ"

"အေးကွ. . .၊ ဒီရောဂါကို အမ်နက်ဆီးယားလို့ ခေါ်တယ်၊ ဒါပေမဲ့ ပါရဂူတွေသာ နားလည်တာပါ၊ သူတို့ စစ်ဆေးကြည့်ကြပါလိမ့်မယ်၊ အသေးစိတ် သိချင်ရင်တော့ အဲဒီပါရဂူတွေကိုပဲ မေးပေတော့၊ ခုတော့ ဒီလောက်ပဲ တို့ပြောနိုင်သေးတယ်"

"ဒီအတိုင်းဆို ရွှေနေကြီး လျှောက်လဲတဲ့အခါ ဒီရောဂါကိုပဲ အကြောင်းပြမှာလား"

"ဒါကို ခုအချိန် ဘာမှ မပြောလိုသေးပါဘူး၊ တစ်ခုတော့ ပြောနိုင်တယ်၊ အမှုမပြီးခင် အစိုးရရှေ့နေကြီး အံ့ဩသွားအောင်တော့ ပြနိုင်နေပါပြီ"

မေဆင်သည် သတင်းထောက်နှင့် စကားပြောပြီးသည်နှင့် ပစ္စည်းများကို သိမ်းလျက် ဒယ်လာနှင့်အတူ ရုံးထဲမှ ထွက်လာ၏။ ဒရိတ်ကိုပါ ခေါ်လျက် စားသောက်ဆိုင်တစ်ခုသို့ သွားကြသည်။

ဒရိတ်က စကားစသည်။

"ကဲ. . . ပယ်ရီ ခင်ဗျား ဘာတတ်နိုင်သေးသလဲ၊ ဘယ်လိုချေပမလဲ"





မေဆင်က ပခုံးတွန့်ပြသည်။

"ဒါပဲပေါ့၊ ဒါကြောင့်လည်း အစိုးရ ရှေ့နေကြီးက အမှုကို တက်သုတ်ရိုက်တင်နေတာပဲ၊ ဒီတစ်ချည်တော့ ခံရပြီ ထင်တယ်"

"အေးကွ၊ အယ်လီနာက ငါ့ကို အမှန်အတိုင်း ထုတ်ပြောလိမ့်မယ် မျှော်လင့်ရတာပဲ"

"အမှန်အတိုင်း ပြောမဖြစ်လို့ မပြောတာ ဖြစ်မှာပေါ့၊ တကယ်လည်း သူကိုယ်တိုင်က ဒေါက်ကလပ်ကို သတ်ခဲ့တာ ဖြစ်မှာပဲ"

ခုချိန်ထိ ငြိမ်နေခဲ့သော ဒယ်လာက ယခုမှ ဝင်အကြံပေး၏။

"ဆရာရယ်၊ ဒီသေနတ်ကိစ္စ၊ ဆရာ ငြင်းချက် မထုတ်နိုင်တော့ဘူးလား၊ အယ်လီနာ့ သေနတ်ဆိုတာကတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒီသေနတ်ကို တစ်ယောက်ယောက်က ခိုးသွားတယ် ဆိုရင်ကော ဆရာ"

"သေနတ်ကို တစ်ယောက်ယောက် ခိုးသွားတာ ဘယ်လိုဆိုတာ အကြောင်းပြရတော့မှာပဲကွဲ့၊ ဒီအချက်ပဲ တို့ဘက်မှာ ရှိတော့တယ်၊ ဒါပေမဲ့ ဒယ်လာရေ ဟင်မီတန် ဆင်ထားတဲ့ ထောင်ချောက်ကို ညည်း ထည့်မစဉ်းစားဘဲကိုး"

"ဘယ်လို ထောင်ချောက်လဲ ဆရာ"

"အဲဒီလို သေနတ်ကို တစ်ယောက်ယောက်က ခိုးသွားတယ်လို့ ဖြစ်လာအောင် ဟင်မီတန်တ တို့ကို မေးစေချင်တယ်ကွဲ့၊ ဒီတော့မှ သူက သူ့အထူး သက်သေ တစ်ယောက်ကို ရုံးတင်လာမှာ"

"အဲဒါ ဘယ်သူလဲ ဆရာ"

"အေသယ်လေကွာ"

"အေသယ်က ဘာထွက်ချက် ထွက်နိုင်လို့လဲ ဆရာရဲ့"

"ဒါတော့ ဘုရားမှ သိမယ်၊ ဖြစ်နိုင်တာတော့ သူ့အခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



နေတုန်းက အဲဒီသေနတ်ကို အယ်လီနာဆီမှာ တွေ့တယ်၊ လူသတ်မှု မဖြစ်ခင် အချိန်ပိုင်းအထိလည်း တွေ့နေတယ် စသဖြင့် ထွက်နိုင်တာ ပေါ့။ ဒါကြောင့်လည်း အေသယ်ကို အစိုးရရှေ့နေကြီးက ဒီလောက် အတုန်အကျခံပြီး ဟိုတယ်မှာ အစောင့်အပြည့်နဲ့ လူမတွေ့နိုင်အောင် ဝှက်ထားတာပေါ့"

ဒရိတ်က ဟုတ်နိုင်ကြောင်း ဝင်ပြော၏။

"ဒီလိုဆိုလည်း အစိုးရရှေ့နေကြီးနဲ့ အပေးအယူ နည်းနည်း လုပ်ကြည့်ပါလား ပယ်ရီ"

"ဘာ. . . ဘယ်လိုလုပ်ရမှာလဲ"

"ဥပမာဗျာ၊ သေဒဏ်ကနေပြီး တစ်သက်တစ်ကျွန်းလေး ဘာလေး ဖြစ်အောင်ပေါ့။ ကလေးမလေး သနားပါတယ်၊ တစ်သက် တစ်ကျွန်းဆိုလည်း သူ့အရည်အသွေးကလေးနဲ့ဆို လျှော့ရက်ကလေး ဘာလေး ရဦးမှာပေါ့"

"ဒါမျိုးတော့ တို့တစ်သက် မလုပ်ဘူးဟေ့"

မေဆင်၏ စကားမှာ ပြတ်သားသည်။

"ဘာဖြစ်လို့လဲဗျ"

"အယ်လီနာက သူ တကယ် သတ်ပါတယ်လို့မှ မပြောတဲ့ဟာ တကယ်မကျူးလွန်တဲ့ ကလေးမတစ်ယောက်၊ အပြစ်မရှိတဲ့ ကလေးမ တစ်ယောက်ကို ဘယ့်နှယ် တစ်သက်တစ်ကျွန်းဒဏ် ခံစေရမှာလဲကွ"

ငြိမ်နေသော ဒယ်လာက မှတ်ချက် ဝင်ပေး၏။

"ဟုတ်တာပေါ့ဆရာ၊ ဒီလောက် ချမ်းသာပြီး ဒီလောက် စည်းစိမ်ခံနိုင်တဲ့ ကလေးမကတော့ တစ်သက်တစ်ကျွန်း ဘယ်ကျခံ မှာလဲ၊ ချက်ချင်း သေသွားတာမှ ကောင်းဦးမယ်လို့ တွေးမှာပေါ့ ကျွန်မဆိုလည်း ဒီအတိုင်းနေမှာပဲ ဆရာ"





"ဒါဖြင့်လည်း ပယ်ရီ၊ ကျုပ်တို့ ဒီအတိုင်းနေလို့တော့ ဘယ်ရ မလဲ၊ ဒီတော့ တစ်ခုခုတော့ လုပ်ရမယ်ထင်တယ်"

ဒရိတ်၏ အဆိုပြုချက်ကို မေဆင်တ ထောက်ခံ၏။

"ဒါပေါ့ကွ၊ ဒါကြောင့် ငါလည်း တစ်ခုခု လုပ်ဖို့ အစီအစဉ် ရှိပါတယ်၊ အထူးသဖြင့် တရားလိုရှေ့နေတွေ မသိသေးတဲ့ ဒီအမှု နောက်ကြောင်းနဲ့ အခြေအနေကို တို့ သိအောင် လုပ်ရမယ်၊ မြန်မြန် လုပ်ရမှာနော်၊ ပြီးတော့မှ အမှန်တကယ် ဖြစ်ခဲ့တာက ဘယ်လိုဆိုတာ လဲ၊ တို့အထောက်အထား ပြကြရမယ်"

"ပယ်ရီ. . . တကယ် ဖြစ်ခဲ့တာကတော့ ခင်ဗျား အမှုသည် ဟာ တကယ်ပဲ ဒေါက်ကလပ်ကို သတ်ခဲ့တယ်ဗျ"

ဒရိတ်က ပြောသည်။

"ဒီလိုဆိုလည်း ဆရာရယ်၊ အယ်လီနာရဲ့ အလှမာယာနဲ့ ဖြစ် ဖြစ်၊ ဂျူရီလူကြီးတွေ သနားလာအောင် လုပ်ပြီး လွှတ်လမ်းရှာရင် ကော. . ."

"ဒယ်လာရေ. . . ညည်း တစ်ခု မေ့နေပြီလား၊ ရှေ့နေ ရှေ့ရပ် ဆိုတဲ့ ဥပဒေသမား တစ်ယောက်ဟာ ရုံးတော်ကို တာဝန်ခံရတဲ့ အရာရှိတစ်ဦးပဲကွဲ့၊ သူ့တာဝန်က တရားမျှတမှုဘက် ရပ်တည်ရမယ်၊ တရားဥပဒေဘက်ရပ်တည်ရမယ်၊ တရားဥပဒေကို ကိုယ်စားပြုရမယ်၊ ဒါကြောင့် တို့ကတော့ အလွဲသုံးစား ဘယ်တော့မှ မလုပ်နိုင်ဘူး၊ ဥပဒေအရ တို့အကာအကွယ်ပေးဖို့ တာဝန်ရှိနေတယ်"

မေဆင်သည် ဒယ်လာကို ပြောနေရင်း တစ်စုံတစ်ခု သတိရ တာနဲ့ဖြင့် ဒရိတ်ကို လှမ်းပြော၏။

"ပေါလ်ရေ ခုမှ တို့ သတိရလာတယ်၊ ကဲ. . . မင်းအိတ်ထဲမှာ အခု ဘာတွေရှိသလဲ၊ ထုတ်ပြစမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒရိုက်က အံ့ဩဟန်ဖြင့် ပါသမျှ ထုတ်၍ စားပွဲပေါ် တင်သည်။ အိတ်ထဲမှ ထွက်လာသော ပစ္စည်းများမှာ ခဲတံတစ်ချောင်း၊ ဖောင်တိန်၊ မှတ်စုစာအုပ်၊ မောင်းချဓား၊ စီးကရက်ဘူး၊ မီးခြစ်၊ သော့တွဲ၊ လက်ကိုင်ပဝါ၊ ပိုက်ဆံအိတ်၊ ယာဉ်မောင်းလိုင်စင်၊ စာအချို့၊ လေယာဉ်အချိန်စာရင်းနှင့် ချွင်းဝမ်းခေါ် ပီကေတစ်ထုပ် ဖြစ်သည်။

မေဆင်က အားလုံးကို တစ်ခုစီ လှော့လာ၏။ ပြီးမှ ခေါင်းညိတ်သည်။

"ကဲ. . . ပယ်ရီ ဘယ်များ အထူးရှိလို့လဲဗျ"

"ဘာထူးသလဲဆိုတော့ တို့စဉ်းစားကြရအောင်၊ ခုမင်းအိတ်ထဲက ထွက်လာတာဟာ ယောကျ်ားတစ်ယောက် ကိုယ်မှာ အမြဲ ပါတတ်တဲ့ ပစ္စည်းတွေနော်၊ ကောင်းပြီ၊ ဒါတွေနဲ့ ဒေါက်ကလပ် အလောင်းက တွေ့တယ်ဆိုတဲ့ ပစ္စည်းတွေ ယှဉ်ကြည့်စမ်း"

ဒရိုက်က အဓိပ္ပာယ် သိပ်မရှင်း။

"ဒီလို စဉ်းစားကြည့်ရအောင်၊ ဒေါက်ကလပ်ဟာ ဆေးလိပ်သောက်တတ်တယ်၊ ဘာကြောင့်လဲဆိုတော့ သူ့အိတ်ထဲက စီးကရက်ဘူး တွေ့တာကိုး၊ ဒါပေမဲ့ ဘယ်မလဲ သူ့မီးခြစ်၊ အိတ်ဆောင်မောင်းချဓားဆိုတာလည်း ယောကျ်ားတိုင်း ဆောင်တယ်၊ အခု ဘယ်မှာလဲ သူ့ဓား၊ ဒီလိုပဲ ယာဉ်မောင်းလိုင်စင်ပါတယ်၊ ဒါပေမဲ့ တခြားလူမှုရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း ပါသင့်တာတွေ မပါဘူး၊ ဥပမာ ကလပ်အသင်းဝင်ကတ်ပြားတို့၊ လိပ်စာကတ်ပြားတို့ပေါ့"

ဒရိုက်က စဉ်းစားနေစဉ် မေဆင်က ဆက်မေးသည်။

"ကဲ. . . ဒေါက်ကလပ် လိပ်စာကကော၊ ပေါလ်. . . မင်းသိသလား၊ သူဘယ်မှာနေသလဲ"

"ဟို. . . ရဲတွေတောင် မျက်စိလည်နေတယ်လေ၊ ဒစ်ဆီတရက် အဆောက်အအုံမှာ အခန်း ငှားနေတယ် ဆိုတယ်၊ ဒါပေမဲ့





အမြဲတမ်း မဟုတ်ဘူးတဲ့၊ အခန်း သန့်ရှင်းရေး အလုပ်သမား အပြောတော့ ဒီအခန်းက လူမရှိတာ များသတဲ့၊ အဝတ်လျှော်တာလည်း မတွေ့ဘူး၊ ပင်းမင်းပေးတာလည်း မတွေ့ဘူးတဲ့"

ဒရိုက်စကား ထိုအနားရောက်ချိန် မေဆင် တစ်စုံတစ်ခု သတိရဟန်ဖြင့် ပြော၏။

"ဟော့. . . ပေါလ်၊ ပင်းမင်းဆိုလို့ ငါတစ်ခု သတိရပြန်ပြီ၊ လာကွာ ဟိုရင်ခွဲရုံက မှုခင်းအရာရှိရုံးကို သွားကြရအောင်၊ ဒေါက်တလပ် သေတုန်း ဝတ်ထားတဲ့ အဝတ်မှာ ပင်းမင်း အမှတ်အသားတော့ ရှိမှာပဲ၊ တို့လည်း စစ်ဆေးခွင့် ရထားတယ်လေ"

"ဟုတ်တယ်. . . ဟုတ်တယ်၊ ဒါပေမဲ့ ရဲအဖွဲ့က တွေ့ပြီး ဖျောက်ဖျက်ပစ်ရင်ကောဗျာ"

"ဒါတော့ ကံပေါ့ကွာ"

"ကံပေါ့တွေ များနေပြီ၊ ခင်ဗျားကို အစိုးရရှေ့နေကြီးက ဒီတစ်ချည် အပိုင်အနိုင်ယူတော့မှာပဲ၊ ကံတရားက အပုံ သန်း ၅၀ မှာ တစ်ပုံပဲ ခင်ဗျားဘက်က ရှိတော့တယ်၊ ဘာကြောင့်လဲ သိလား၊ အယ်လီနာ အတိတ်မေ့တယ်ဆိုတာ ဟန်ဆောင်တယ်လို့ တရားလိုရှေ့နေကြီးက ဆရာဝန်နဲ့ ထောက်ပြတော့မှာ၊ လိမ်မှန်းလည်း သိနေပြီ၊ ဒါကြောင့် တရားခွင်မှာ အယ်လီနာက သူ အတိတ်မေ့နေပါတယ် ဆိုရင် တရားလိုရှေ့နေကြီးက ပြန်လှန်မေးခွန်းတွေ အကြီးအကျယ် မေးလိမ့်မယ်၊ ပြီးတော့မှ လိမ်နေကြောင်း ဆရာဝန် အတော်များများနဲ့ ထောက်ပြလိမ့်မယ်"

"အယ်လီနာ လိမ်နေတယ်ပဲ ထားပါတော့၊ လိမ်လိမ် မလိမ်လိမ်၊ တို့ကတော့ အယ်လီနာကို သက်သေအဖြစ် မတင်နိုင်ဘူးဗျ၊ တင်မှာလည်း မဟုတ်ဘူး၊ အင်း. . . အယ်လီနာ လိမ်နေတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာလည်း အထောက်အထား ရှာရဦးမယ်၊ ဒါနဲ့. . . ပေါလ်ရေ. . . မင်းမှာ ခရမ်းလွန်ရောင်ခြည် လက်နှိပ်ဓာတ်မီး ရှိတယ်မဟုတ်လား"

"လက်နှိပ်ဓာတ်မီးတော့ မဟုတ်ဘူး၊ အေစီလျှပ်စစ်အားသုံး မီးသီးတော့ ရှိတယ်"

"အဲဒါ ယူခဲ့ကွာ၊ တို့ ဒေါက်ကလပ်ရဲ့ အဝတ်အစားတွေသွားကြည့်ရအောင်၊ ပင်းမင်းအမှတ်အသား တချို့က အဲဒီမီးနဲ့ကြည့်မှ တွေ့ရမှာ၊ အပ်ချုပ်ဆိုင် အမှတ်အသားတွေကတော့ ရဲတွေထုတ်ပစ်ကြရောမယ်၊ ဪ. . . ပြီးတော့ ဟိုသော့ လေးချောင်းဆိုတာလည်း ရှိသေးတယ်၊ ဘာသော့တွေဆိုတာ ရဲအဖွဲ့ဝင်တွေသိသွားကြပြီလား"

"တစ်ခုတော့ သိပြီ၊ ဒစ်ဆီကရက် အဆောက်အအုံက အခန်းသော့ပဲ၊ တခြားသော့တွေ အကြောင်းတော့ မသိရသေးဘူး"

"ဒီလိုဆိုရင် ဖယောင်းတုံးတစ်ခုပါ ယူခဲ့ပေတော့၊ ဟိုရောက်ရင် တို့က တခြားပစ္စည်းတွေ ကြည့်ဟန်ဆောင်နေတုန်း မင်းကသော့တွေရဲ့ ဖယောင်းပုံတူကို ရအောင် ယူခဲ့ပေတော့"

"ဗျာ. . . သော့တူဖယောင်းပုံတူ ယူရမယ်၊ ဟုတ်လားမစ္စတာမေဆင်"

"အေးလေကွာ၊ ဘာပြုလို့လဲ၊ ဒီလိုမလုပ်ရလို့ ဥပဒေရှိလို့လားကွ"

"ကျုပ်က ဥပဒေကို ခင်ဗျားလို နားလည်တာမှ မဟုတ်ပဲဗျ"

"ဒီလိုဆိုလည်း ငါပြောသလို လုပ်ရုံပဲ ရှိတာပေါ့ကွာ၊ အခြေအနေက မနက်ဖြန် မနက်ဆိုရင် အစိုးရရှေ့နေ ဟင်မီတန်က တို့ကိုအင်နဲ့အားနဲ့ ဖိတော့မှာ"





"အေသယ်ကို အားကိုးပြီးတော့လား"

"ဟုတ်တယ်၊ သူ့ထွက်ချက်ဟာ ဟင်မီတန်အတွက် သိပ်အဖိုးတန်မှာ သေချာတယ်၊ တို့ ခံရမှာလည်း သေချာတယ်၊ ဟင်မီတန်ရဲ့ ခြေလှမ်းတွေက အချိန်ကိုက်တွေ လုပ်နေတာတွေကွ၊ ဒီနေ့ညဆိုရင် တို့ကို သေနတ်ကိစ္စ ဦးနှောက်ခြောက်ခိုင်းထားတယ်၊ သေနတ် အခိုးခံရပါတယ်လို့ တို့ဘက်က မနက်ဖြန် တင်ပြလိုက်ရင် သူက အေသယ်ရဲ့ထွက်ချက်နဲ့ တို့ကို ကိုင်ပေါက်ပစ်မှာလဲ သေချာတယ်၊ ပြီးတော့မှ အစိုးရရှေ့နေက 'ဟုတ်ကဲ့. . . ကျွန်တော့်ဘက်က ပဏာမ လျှောက်ထားချက် ပြီးပါပြီ ခင်ဗျား' ဆိုပြီး ခပ်ပြုံးပြုံး ဝင့်ဝင့်ကြွားကြွား ထိုင်ချလိုက်မှာ၊ အမှုက တို့အပေါ် ပုံချပြီးသား ဖြစ်သွားပြီကိုး၊ အဲ. . . တစ်ခါ အဲဒီအခြေအနေမှာ တို့က အယ်လီနာကို သက်သေအဖြစ်တင်ပြပြန်ရင်လည်း ဟင်မီတန်တို့ တစ်တွေက ဖိချေပစ်လိုက်မှာ သေချာတယ်၊ မတင်ပြန်ရင် တစ်ခါ အယ်လီနာတစ်ယောက် အပြစ်စီရင်ခံရတော့မယ်၊ ဒါကြောင့် ဘယ်လိုလုပ်လုပ် တို့ကတော့ ခံရမှာပဲ၊ ဒါကြောင့် တစ်ခုခု လုပ်ရလိမ့်မယ်၊ ကဲ. . . လာ သွားကြစို့"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ တစ်ဆယ့်တစ် ]

ရင်ခွဲရုံသို့ မေဆင်တို့ ရောက်သွားသောအခါ အစောင့်က အစိုးရ ရှေ့နေထံ၊ သို့မဟုတ် ရဲအဖွဲ့ထံ တင်ပြရဦးမည် ဖြစ်ကြောင်း ဆီးပြော၏။ ဤတွင် မေဆင်က ပရိယာယ် သုံးရပြန်သည်။

"ဒီအချိန်မျိုးမှာ အစိုးရရှေ့နေကြီးကို ဘယ်လို တွေ့နိုင်တော့မှာလဲ၊ ဒီနေ့ပဲ သူကိုယ်တိုင်က ရုံးမှာ ပြောသွားပြီးသားပါ၊ သေသူ ဒေါက်ကလပ်ရဲ့ အဝတ်အစားတွေကို အချိန်မရွေး သွားကြည့်နိုင်ပါတယ်တဲ့"

"ကြော်. . . ဒါဆို တစ်ခု သတိရပြီ၊ ကျုပ်တို့ အရာရှိ ရှေ့နေလည်း ဒီနေ့ ရုံးမှာ အစစ်ခံတယ်မို့လား၊ သူ့အိမ် တယ်လီဖုန်း နံပါတ် ဒီမှာ ရှိတယ်။ သူ့အိမ်ကိုဆက်ပြီး ခွင့်တောင်းလိုက်ပါမယ်"

"ကောင်းပါတယ်"

ဖုန်းဆက်ပြီးနောက် ခွင့်ပြုချက်ရသဖြင့် မေဆင်တို့ကို အတွင်းခန်းထဲသို့ ခေါ်သွားပြီး ကြည့်စေသည်။





မေဆင်တို့က ဒေါက်ကလပ်၏ ကိုယ်ပိုင် အသုံးအဆောင် ပစ္စည်းများကိုပါ ကြည့်ခွင့်တောင်း၍ ကြည့်ရှု၏။

အစောင့် အခြားတစ်ခန်း သွားနေစဉ် ဒရိတ်က သော့လေးချောင်းကို ဖယောင်းပုံကူးယူ၏။

အဝတ်အစားများကို စစ်ဆေးနေသော မေဆင်သည် ဒေါက်ကလပ်၏ ဝတ်စုံအတွင်းခံမှ ပင်းမင်းအမှတ်အသားကို ခရမ်းလွန်မီးဖြင့် ရှာရာ အမှတ်အသား တွေ့ရသည်၊ အမှတ်အသားမှာ အင်န ၄၄၆၄ ဖြစ်သည်။

ခဏအကြာ အစောင့် ပြန်ရောက်လာချိန် မေဆင်တို့က ဒေါက်ကလပ် ဝတ်စုံကို စေ့စေ့စပ်စပ် ကြည့်ဟန်ဆောင်နေကြရာ အစောင့်က မေး၏။

"ဘာတွေ ဒါလောက် စေ့စေ့စပ်စပ် ရှာနေတာလဲဗျ"

"ဟို. . . အကျႌချုပ်ဆိုင် တံဆိပ်ပါ၊ မရှိတော့ဘူးဗျ၊ ရဲတွေ ဖြုတ်ယူသွားတယ် ထင်တယ်"

"ဗျာ. . . ပစ္စည်း ဒီရောက်လာတုန်းက တံဆိပ်တွေ ရှိတယ်ဗျ ခုက္ခပါပဲ"

"ကျုပ်တို့ တံဆိပ်ကို လုံးဝမတွေ့ရပါဘူးနော်၊ ကျုပ်တို့ ဖြုတ်တာ မဟုတ်ဘူးဗျ၊ ခင်ဗျားဘာသာ ရဲနဲ့ ပြောပေတော့"

ဒရိတ်က ထိုအချိန်၌ သော့တွဲကို ကိုင်ဟန်ဆောင်နေပြန်ရာ အစောင့်သည် ဒရိတ်ဘက် လှည့်မေးလိုက်ပြန်၏။

"ဟိုလူကကော သော့တွဲကို ဘာလုပ်နေတာလဲ"

"အမှတ်အသားများ ပါမလားလို့ ရှာကြည့်တာပျို့"

"အေးဗျ. . . ရဲတွေလည်း သော့တွဲကို အဲဒီလို စစ်ဆေးသွားဖူးတယ်၊ မှန်ဘီလူးနဲ့တောင် ကြည့်တယ်၊ ဒါပေမဲ့ ဘာအမှတ်အသားမှ တွေ့မသွားကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . . ဒီလိုဆို ကျုပ်လည်း ရှာနေလို့ အပိုပဲ၊ ရှေ့ဖျ ခင်ဗျား သော့တွဲ"

ဟန်ဆောင်ကောင်းသော ဗရိတ်တ သော့တွဲ ပြန်ပေးရင်း ပြော၏။

"ဩော် . . . ဗိနပ်တွေ ကြည့်ချင်သေးတယ်ဗျ"

မေဆင်က အစောင့်ကို ပြောရာ အစောင့်က လေရှည်ချေ တော့၏။

"ဟာ. . . ဗိနပ်ဆိုရင် ထူးခြားတာ ကျုပ်ပြောပြမယ်ဗျို့၊ ကျုပ် ပြောတယ်လို့တော့ မပြောနဲ့နော်၊ မြို့လယ် စတိုးဆိုင်ကြီးက လက်ငင်း ဝယ်တာ၊ ဒီလူမှာ လဆိုင်း ဝယ်ခွင့် လက်မှတ် ရှိပုံမရဘူး၊ ဗိနပ်တ အလျင် သုံးလလောက်က သင်္ဘောနဲ့ ရောက်လာတဲ့ ဖိနပ်ပဲ၊ ရဲတွေ ကလည်း တစ်ခုခု သဲလွန်စ ရှာနေပုံပဲ၊ ဒါပေမဲ့ တွေ့မသွားပါဘူးဗျာ၊ ဒီလူမှာ အခန်းတော့ ရှိသတဲ့၊ အဲဒီအခန်းမှာ သူက သိပ်အနေ နည်းတယ်။ ဒါကြောင့် ဒီလူ ဘယ်မှာ နေသလဲလို့ ရဲတွေကလည်း သိချင်နေလို့ သဲလွန်စ ရှာနေကြတာ"

"ခရီးထွက်သွားလို့ အခန်းမှာ အနေနည်းတာ ဖြစ်မှာပေါ့"

မေဆင်က ဝင်ထောက်ရာ အစောင့်ကြီးက ဆက်ပြောပြန်၏။

"အဲဒီလိုပဲ အကြောင်းပြရတော့မှာပေါ့၊ ကဲ. . . ခင်ဗျားတို့ ကိစ္စ ပြီးပြီလား"

"ပြီးပါပြီဗျား"

အစောင့်ကြီး ပစ္စည်းများ ပြန်သိမ်းရင်း ဒယ်လာကို အချိုးသုံး ပြုံးပြ၍ မေးနေသေး၏။

"ကျွန်တော် ဘာများ လုပ်ပေးရဦးမလဲ ခင်ဗျာ"

"ခုတော့ မလိုသေးပါဘူး၊ ကဲ. . . သွားပါဦးမယ်"





မေဆင်တို့ အလောင်းနဲ့ သင်းသော ရင်ခွဲရုံမှ ထွက်ခဲ့ပြီးချိန် တွင် ဒရိတ်က စကားစ,၏။

"ကဲ. . . ဘာဆက်လုပ်ကြဦးမလဲ"

"မင်းအတွက် အလုပ်ရှိပြီလေကွာ၊ ဟို. . . ပင်းမင်း အမှတ် အသားအတိုင်း လိပ်စာရအောင် လုပ်ပေတော့၊ လုပ်ဆို ခုမြန်မြန်ပော့"

"ဗျာ. . . ပယ်ရီ. . . ကျုပ် သိပ်ဆာနေပြီဗျ"

"ဆာလည်းဆာပေါ့၊ ကိစ္စကလည်း အရေးကြီးနေတယ်ကွာ၊ လုပ်လိုက်ပါဦး၊ ရဲတွေဆီမှာ ဒီအမှတ်အသားအကြောင်း မှတ်တမ်း တွေ ရှိတတ်ပါတယ်"

"အင်း. . . ရဲတွေက အကူအညီ အားကြီးပေးပါလိမ့်မယ်"

"ကွာ. . . ဒီလိုဆိုလည်း၊ ပင်းမင်းလုပ်ငန်း အစည်းအရုံး အတွင်းရေးမှူးတို့ဘာတို့ဆီကို မင်းအဆက်အသွယ်တွေက တစ်ဆင့် လိုက်ရင် ရပါတယ်"

"အင်း. . . ကျုပ် တစ်ညလုံး လိုက်ရဦးတော့မှာပဲ"

"ဒီကိစ္စ တို့အတွက် တကယ်အရေးကြီးလို့ပါကွ၊ ဟင်မီတန် ဆိုရင် သိပ်သေချာနေပြီလို့ တွက်နေပြီမို့လား၊ ကဲ. . . လုပ်ပါကွာ မြန်မြန်"

"လုပ်တော့ လုပ်ပါ့မယ်၊ ဟို. . . ဖယောင်းပုံတူသော့ကိစ္စ ဘယ်လိုလုပ်မလဲ"

ဒယ်လာက ဝင်တာဝန်ယူ၏။

"ကျွန်မ အခန်းနားမှာ သော့ပြင်ဆရာတစ်ယောက် ရှိပါတယ်၊ ဆရာ့အကြောင်းတွေ သတင်းစာထဲက ဖတ်ပြီး ဆရာ့ကို ကြည်ညိုနေ တဲ့သူပါ၊ ဆရာ့အတွက်ဆို ကူညီချင်တယ်လို့တောင် ပြောထားပါတယ်၊ ဆရာက အခု ရုံးကိုသွားနှင့်၊ ကျွန်မ ကားယူသွားပြီး သော့လုပ်ခိုင်းလာ ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်၊ ဒါပေမဲ့ သော့ဆရာ နှုတ်လုံပစေနော်"

"စိတ်ချပါ ဆရာ၊ ယုံရပါတယ်။ ဆရာ့ကိုတောင် ကူညီချင်နေတဲ့သူပါ"

မေဆင်တို့ တာဝန်အရ လူစုခွဲလိုက်ကြသည်။

မေဆင်သည် ရုံးပြန်အရောက် ထုံးစံအတိုင်း အခန်းတွင်းခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားခန်း ဝင်၏။ နာရီဝက်ခန့်အကြာ၌ လျှို့ဝှက်တယ်လီဖုန်း အသံမြည်လာသည်။

မေဆင် ကောက်နားထောင်လိုက်ရာ ဒရိတ်အသံ ပေါ်လာ၏။

"လိပ်စာ သိရတော့မယ်ဗျို့၊ အဖွဲ့အတွင်းရေးမှူးဆီက သဲလွန်စရတာပဲ၊ အမှတ်အသားရဲ့ ရှေ့နှစ်လုံးက. . .၆၄ က ၂၄ နာရီပင်းမင်းဆိုင်ကြီးရဲ့ အမှတ်အသား၊ အင်န် ၄၄ က ဒေါက်ကာလပ်လိပ်စာ၊ မှတ်ပုံတင်ထားတဲ့ ဖောက်သည်တွေကို အင်န်နဲ့ စမှတ်ပြီး ၄၄ က အမှတ်စဉ်ပဲတဲ့၊ ဒီတော့ ပင်းမင်းဆိုင် မန်နေဂျာ လိပ်စာလည်း ရထားပြီ၊ မကြာခင် ဒေါက်ကာလပ်ရဲ့ လိပ်စာအပြည့်အစုံ ရတော့မယ်၊ ကဲ. . . ကျုပ်တို့ ဘယ်မှာ ဘာစားကြမှာလဲ"

"ရအောင် လုပ်ပါဦးကွာ၊ ရပြီးရင် ကျွေးပါ့မယ်၊ ဖယ်လာ ပြန်ရောက်လာတာတောင် အလုပ်မပြတ်သေးရင် တစ်ခုခု အခန်းထဲမှာ စားကြတာပေါ့၊ ဟုတ်ပလား"

"ကောင်းပါပြီဗျား၊ ဒါနဲ့ နေဦးဗျို့၊ ပင်းမင်း မှတ်ပုံတင်မှာ ဒေါက်ကာလပ် ဟက်ပနာအမည် အတိုကောက်ကို ဘာလို့ အင်န်နဲ့ မှတ်ရတာလဲ၊ ဒီလူမှာ တခြားနာမည် ရှိသေးတယ် ထင်တယ်"

"ဖြစ်နိုင်တယ်၊ နောက်ကြောင်းကလည်း တော်တော် ပဟေဠိဆန်တဲ့လူ"





ဒရိတ် နှုတ်ဆက်ပြီး ဖုန်းချသွားသည်။

၁၀ မိနစ်အကြာတွင် ဖယ်လာတစ်ယောက် မေဆင်၏ အခန်းထဲသို့ သော့တွဲတစ်ခု လှုပ်ယမ်းရင်း ဝင်လာ၏.။

"ညည်းလူ နှုတ်လုံပ့ါမလား ဖယ်လာရဲ့"

"အသက်နဲ့လဲပြီး စောင့်ထိန်းမယ့် လူမျိုးပါ ဆရာ၊ နောင်ကိုလည်း အချိန်မရွေး ကူညီသွားလိုပါသတဲ့၊ ဆရာ့ကို ကြည်ညိုတဲ့လူပါ"

"ဖယ်လာလေး၊ ညည်းကလည်း ဒီသော့ရပြီးရင် အားလုံးအဆင်ပြေတော့မယ် ထင်နေတာလား"

"ဒီလို မဟုတ်သေးဘူးလား၊ ဆရာ ဒီသော့တွေကို အသုံးချမှာ မဟုတ်ဘူးလားတဲ့"

"သုံးတာတော့ သုံးမှာပေါ့ကွာ၊ ဒါပေမဲ့. . . ကဲ. . . လာပါ၊ တို့ ပေါလ်ဒရိတ် ရုံးကို တစ်ခါတည်း သွားကြရအောင်"

သူတို့ ဒရိတ် ရုံးခန်းအရောက် ညဝိုင်း တယ်လီဖုန်းစာရေးက လှမ်းပြော၏။

"မစ္စတာဒရိတ် အရေးတကြီး ဖုန်းဆက် အလုပ်များနေပါတယ်၊ ဝင်သွားပါ"

ဒရိတ်က ဖုန်းပြောရင်း တန်းလန်းမှ လှမ်းနှုတ်ဆက်ပြီး ထိုင်ခိုင်း၏။ ဖုန်းဆက်ပြောနေဆဲ ဖြစ်သည်။

"အေး. . . အေး. . . ကိုယ်မှတ်နေပါတယ်၊ ဘယ်သူလဲကွ၊ ဖရင့်တွမ်စကီ နယူးဘတ် ဟုတ်လား၊ ဇီတာရင်တန် အဆောက်အအုံမှာ နေတယ်၊ အခန်း ၇ ရပ်ကွက် ဟုတ်လား၊ အဲဒီမှာ နေတာ ဘယ်လောက်ကြာပြီလဲတဲ့၊ ဩော်. . . ခုတုံစမ်းတာလား၊ အဝတ်အစား သေတ္တာတစ်ခု ပျောက်သွားလို့ပါ၊ ဩော်. . . ကျုပ်လား၊ ဒရိတ် စုံထောက်အဖွဲ့ရုံးကပါ၊ လိုတဲ့ အကူအညီ ရှိရင်လည်း ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒရိုက် ဖုန်းချပြီး မေဆင်ကို ပြောသည်။

"ဒေါက်ကလပ် လိပ်စာရပြီဗျို့၊ ဇီတာရင်တန် အဆောက် အအုံ အခန်းတစ်ခုမှာ နေတဲ့ ဖရင့်အွမ်စကီ နယူးဘတ်တဲ့၊ ဒါ သူ့ နာမည်ဝှက်ပဲ"

"ကောင်းတယ်ကွာ၊ သွားကြရအောင်လား"

"စားရတော့မလားဗျာ"

"နေပါဦးကွာ၊ မင်းကလည်း အချိန်လုနေရတဲ့အထဲ"

"တစ်မိနစ်လောက် ကြာမှာပါဗျ"

"ခက်လိုက်တာ ပေါလ်ရာ၊ တို့အတွက် အလုပ်လုပ်စရာ ဘယ်နှမိနစ်ပဲ ကျန်တော့သလဲ၊ မင်းသိရဲ့လား၊ အချိန်လုနေရတယ်၊ ရဲတွေကို ပြိုင်နေရတယ်၊ ရင်ခွဲရုံက အစောင့်ကိုလည်း ယုံရတာ မဟုတ်ဘူး၊ တို့ လာသွားတာ ပြောလိုက်ရင် အခက်"

* * *



## အခန်း [ တစ်ဆယ့်နှစ် ]

ဇီတာရင်တန် အဆောက်အအုံအခန်းများမှာ သုံးထပ်တိုက်ကြီးတစ်ခု ဖြစ်သည်။ ပေ ၁၀၀ ခန့် မြင့်၏။ ညစောင့်မရှိ။ အခန်းငှား စာရင်းကို ကားအဝင်အပေါက်ဘေးတွင် ချိတ်ထားပေး၏။ တစ်ခန်းချင်းသို့ လှမ်းပြောနိုင်သော စကားပြောခွက်နှင့် ခလုတ်လည်း ရှိသည်။

နယူးဘတ်အမည်ကို ရှာကြည့်ရာ အခန်း နံပါတ်(၂၂၀) ဟု တွေ့ရသဖြင့် မေဆင်က ထိုအခန်းခလုတ်ကို နှိပ်လိုက်၏။ အထဲမှ ပြန်ထူးမလာ၊ နောက်တစ်ခါ ထပ်နှိပ်၏။ အလားတူပင် ပြန်ထူးသံ မပေါ်လာ။ ဤတွင် ဒယ်လာဘက် လှည့်ကြည့်လိုက်ရာ ဒယ်လာက အလိုက်တသိ သော့လေးချောင်းတွဲကြီး ကမ်းပေး၏။ မေဆင်က အဝင်တံခါးမကြီး၏ သော့ပေါက်ထဲ သော့တစ်ချောင်း ထည့်ဖွင့်ကြည့် ၏။ မရ။ ဒုတိယသော့ ထည့်ဖွင့်သောအခါတွင်တား ပွင့်သွား၏။

"ကဲ. . . လာဟေ့၊ အထဲဝင်ကြရအောင်"

ဒရိုက်က တုံ့ဆိုင်းဆိုင်းဖြင့် မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလားဗျ ပယ်ရီ၊ ပြဿနာတက်နေမယ် ထင်တယ်"

"တက်မှာတကော့ အမှန်ပဲ၊ ဒါပေမဲ့ကွာ၊ တို့အခု စုံစမ်းနေတာက ဒီသော့ဒီတံခါးအတွက် ဟုတ်မဟုတ် မဟုတ်လား"

"အခန်းထဲကော ဝင်ဦးမှာလားဗျ"

"အခြေအနေ ကြည့်လို့ပေါ့"

အထဲဝင်ပြီးချိန် မန်နေဂျာ အခန်းအမှတ် (၁၀၁) ဟူသော အညွှန်းကို တွေ့ရ၏။ မေဆောင်က ထိုဘက် မသွား။ အခန်းအမှတ် (၂၂၀)ရှိရာကိုသာ ဦးတည်သည်။ အခန်းရှေ့အရောက် လူခေါ်ခလုတ် နှိပ်လိုက်၏။ ဤတွင် ဒရိတ်ကပင် လှမ်းပြောမြန်၏။

"ပယ်ရီ. . . ဖြစ်ပါ့မလားဗျာ၊ မန်နေဂျာနဲ့ အလျင် တွေ့ရင် ကောင်းမယ်ထင်တယ်"

"မန်နေဂျာနဲ့ မတွေ့ရခင် ဒီအခန်းအကြောင်း သူ့ကို ဘာတွေ မေးရမလဲလို့ ကြိုသိထားချင်လို့ပါကွာ"

"ကျွန်တော်တို့ အထဲ ဝင်မလိုက်ချင်ဘူးဗျာ"

"ကဲ. . . ဒီလိုဆို ဒီသော့ ဒီအခန်းက ဟုတ်မဟုတ် တို့ စမ်းကြည့်တာလောက်ကိုတော့ မင်း ကန့်ကွက်စရာ မလိုပါဘူး ထင်တယ် ပေါ်လ်. . ."

"ဒီထဲ လုံးဝ ကျူပ်မပါချင်ဘူးဗျို့"

"တို့ကိုယ်တိုင်လည်း မကြိုက်ပါဘူးကွ၊ ဒီလို မလုပ်ချင်ပါဘူး၊ အထောက်အထား ကြိုးစားရှာနေရတာပဲ"

အခန်း(၂၂၀) အရှေ့အရောက် မေဆောင်က ရပ်ပြီး သော့တစ်ချောင်းဖြင့် ဖွင့်စမ်းကြည့်၏။ မရ။ ပြန်ထုတ်ပြီး နောက်တစ်ချောင်း စမ်းပြန်သည်။ အလားတူပင် မရ။ သို့ဖြင့် နောက်ဆုံးတစ်ချောင်းဖြင့် စမ်းလိုက်ရာ တံခါးပွင့်သွားသည်။ ဒရိတ်က တအံ့တသြ အသံထွက်သလောက်ပင် ဖြစ်သွား၏။





"အလို. . . အလို. . . ပွင့်သွားပြီဗျို့"

မေဆောင်က သတိကြီးစွာဖြင့် လက်ကို လက်ကိုင်ပဝါ အုပ်ပြီး ခင်းတုပ်ဖွင့်ဝင်သည်။

ဒရိတ် မကျေမနပ် ဖြစ်နေစဉ်မှာပင် မေဆောင် အထဲရောက် သွားချေသည်။

အခန်းတွင်း အနေအထားမှာကား တစ်ခန်းတည်း တွက်ပြီး လေဆင်နှာမောင်း မှုတ်သွားသည့်အလား စက္ကူများ၊ စာရွက်စာတမ်းများအကြား ပစ္စည်းများ ရှုပ်ထွေးနေ၏။ အခြေအနေကို ကြည့်ပြီး မေဆောင်က ဝေဖန်လိုက်သည်။

"တို့ထက် လက်ဦးတဲ့လူ ရှိသွားပြီနဲ့တူတယ်"

ထိုအချိန် ဓာတ်လှေကား ထိုအထပ် ဆိုက်လာပြီး တံခါးဖွင့်သံ ထွက်လာသံများကို ကြားရသည်။ ဤတွင် မေဆောင်က အထဲဝင်နိုင်း ၍ ဒရိတ်ရော ဒယ်လာပါ အခန်းထဲ ဖျတ်ခနဲ ဝင်လိုက်ကြပြီး တံခါး ပြန်ပိတ်ထားလိုက်၏။

"ဘာပစ္စည်းကိုမှ မကိုင်ကြနဲ့နော်"

ငြိမ်ပြီးနားထောင်နေကြစဉ် စင်္ကြံလမ်းပေါ် လမ်းလျှောက်သံ များ ကြားရ၏။

ဒရိတ်က စကားတိုးတိုးပြောလိုက်ရာ ဒယ်လာက နှုတ်ခမ်းနား ထတ်တော့လျက် သတိပေး၏။

တဖြည်းဖြည်း ခြေသံများ နီးလာသည်။ နီးသည်ထက် နီးလာသောအခါ စကားပြောသံများကိုပါ ကြားလာရ၏။ စကားသံကို နားစိုက်ထောင်သည်တွင် မြို့တော်မှုခင်းတပ်ဖွဲ့မှ ရဲကြပ်ကြီး ဟိုဘွင်း၏ အသံမှန်း သိလိုက်ကြ၏။

"ဟုတ်ကဲ့ မဒမ်၊ သူ့ဓာတ်ပုံကိုတော့ မှတ်မိမယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မှတ်မိတာပေါ့ ကျွန်မရဲ့ အခန်းငှားတစ်ယောက်ပဲ ဟာ၊ သတင်းစာထဲက ဓာတ်ပုံကြည့်ရတာလည်း သူပါပဲ၊ အဲ. . . နာမည်ကတော့ ဖရင့်အွမ်စကီနယူးဘက်လို့ ဒီမှာ ပေးထားတယ်"

အိမ်ရှင်အမျိုးသမီးကြီး၏ ရှင်းလင်းချက်ကို ရဲကြပ်ကြီးက ထောက်ခံ၏။

"ဟုတ်ကဲ့၊ ဒါဆို သေချာတာပေါ့၊ ဒါပေမဲ့ အခန်းထဲ ဘယ်သူများ ကျန်ဦးမလဲ ကြည့်ချင်ပါတယ်"

ရဲကြပ်ကြီး ဟိုးကုမ်းက ပြောပြောဆိုဆို အခန်းအမှတ် (၂၂၀) ရှေ့မှ လူခေါ်ခေါင်းလောင်းခလုတ်ကို နှိပ်လိုက်၏။

အခန်းထဲတွင် ထိုအသံကြောင့် ဒရိုတ်တစ်ယောက် မျက်လုံးပြူးသွားချေ၏။

"ပယ်ရီ. . . ကျုပ်တို့တော့ ဒုက္ခပဲ၊ နောက်ဘေးမှာ ထွက်ပေါက်ရှိရင် လစ်စို့ဗျာ"

မေဆင်က ချက်ချင်း အခြေအနေကို နားလည်လိုက်သဖြင့် အရေးပေါ် အစီအစဉ် လုပ်သည်။

"ပေါလ်. . . မင်း ပြောသလို ထွက်ပေါက်ရှာဖို့ အချိန် မရှိတော့ဘူး၊ သူတို့မှာက သော့ပိုလည်း ရှိနေတယ်၊ ကဲ. . . ဒီတော့ ဒယ်လာရေ. . . မှတ်စုစာအုပ်ဖွင့်ကွာ၊ ပြီးတော့ တို့ပြောတာ လိုက်ရေးနေပေတော့"

ထိုအချိန် လူခေါ်ခေါင်းလောင်း ထပ်မြည်လာပြန်၏။

မေဆင် ပြောနေသည်ကို ဒယ်လာက လိုက်ရေးနေချေပြီ။

ထိုအချိန် တံခါးကို ခပ်ပြင်းပြင်း ခေါက်လာ၏။ ရဲကြပ်ကြီး ဟိုးကုမ်း၏ အသံလည်း ပေါ်လာသည်။

"ကဲ. . . တို့ သော့တူနဲ့ပဲ ဝင်ကြရအောင်"





ဤတွင်မှ မေဆင်က တံခါးလက်ကိုင်ဖု လှည့်လျက် တံခါးဖွင့်ပြီး အပြင်မှ လူများကိုပါ နှုတ်ဆက်ကြိုဆိုလိုက်သည်။

"ဟာ. . . ရဲကြပ်ကြီး ဟိုးကုမ်းပါလား၊ မင်္ဂလာညနေခင်းပါ ရဲကြပ်ကြီး၊ ခင်ဗျားနဲ့မှ တိုက်တိုက်ဆိုင်ဆိုင်ဗျာ"

ဟိုးကုမ်း၏ မျက်နှာမှာကား နီရဲနေသည်။

"အလို. . . ခင်ဗျားတို့က ဒီမှာ ဘာလာလုပ်နေကြတာလဲ"

မေဆင်က ခပ်အေးအေးပင်. . .။

"အမှုအတွက် အထောက်အထား ယူနေတာပဲ"

"ခင်ဗျား ဘာ အထောက်အထားယူဖို့ လိုသလဲဗျ၊ ခင်ဗျား ဒီအခန်းထဲတော ဘယ်လို ရောက်နေတာလဲ၊ ဘာအထောက်အထား ရှာတာလဲ"

"အင်း. . . အခန်း အကြောင်းရယ်၊ အဆောက်အအုံ အကြောင်းရယ် ဆိုပါတော့"

ဟိုးကုမ်းက ပြောစရာစကား ရှာမရ ဖြစ်နေခိုက် မေဆင်ကပင် ဆက်ပြောသည်။

"ကျုပ်ရဲ့ အမှုသည် အယ်လီနာဟာ သေသူဒေါက်ကလပ်ရဲ့ ဇနီးဖြစ်ခဲ့တဲ့အတွက် ပိုင်ခွင့်ကိစ္စတွေက ရှိနေတယ်၊ ဒါကြောင့် ဒီအခန်းရဲ့ အဆောက်အအုံကိုပဲ လာကြည့်ရမယ် ရဲကြပ်ကြီး၊ လူသတ်မှု တရားခံအဖြစ် ခုအချိန်မှာ တင်ပြထားခံရပေမဲ့ အယ်လီနာဟာ အပြစ်မရှိလို့ လွတ်လာတာနဲ့ တစ်ပြိုင်နက် ပိုင်ဆိုင်ခွင့်ကိစ္စ ရှိလာတော့မယ်၊ ဒါကြောင့် ခုပဲ ဒီအခန်းကိစ္စ ပြောစရာ ဆိုစရာ ရှိရင် တရားဝင် အယ်လီနာပဲ ဆိုင်နေတာမို့ အယ်လီနာရဲ့ ရှေ့နေအဖြစ် ကျုပ် ဒီကို ရောက်လာရတာပါပဲ"

မေဆင်က တစ်ဆက်တည်း ဒယ်လာကို ပြောလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ. . . ဒယ်လာရေ လိုက်မှတ်ဦးကွာ၊ ရှပ်အင်္ကျီ ငါးထည်၊ အားကစား စပို့ရှပ် ခုနစ်ထည်"

ရဲကြပ်ကြီးက ကြားဖြတ်ပြောသည်။

"နေဦး၊ နေဦး၊ ခဏ၊ ခု မစ္စတာမေဆင် ပြောနေတာက ဒီမရှင့်အွမ်စတီနယူးဘတ်ဟာ ဒေါက်ကာလပ်ဟက်ပနာလို့ ဆိုချင်တာလား"

"ဆိုချင်တာ မဟုတ်ဘူး၊ ဆိုနေတာပါ ရဲကြပ်ကြီး၊ ဒါကို မသိသေးဘူးလား"

"ဘယ်လိုလုပ် သိနိုင်မလဲဗျ၊ ဒီအိမ်ရှင် မိန်းမကြီးက သတင်းမှာပါတဲ့ ဓာတ်ပုံကို တွေ့ပြီး ဒေါက်ကာလပ်ဆိုတာ နယူးဘတ်နဲ့ သိပ်တူတယ်လို့ ရဲအဖွဲ့ကို ဖုန်းဆက် အကြောင်းကြားတာဗျ၊ ဒါကြောင့် ကျုပ်တို့ ဒီကို ရောက်လာတာ"

"ဒီလိုဆိုလည်း ဘာလို့ မေးနေသေးလဲဗျာ"

"အင်း. . . မေးရမယ်ဗျ မေးရမယ်၊ ခုလည်း ထပ်မေးရမယ်၊ ခင်ဗျား ဒီအခန်းထဲကို ဘယ်နည်း ဝင်သလဲ"

"သော့နဲ့ ဖွင့်ဝင်တယ်"

"ဘယ်ရိုသော့နဲ့လဲ"

မေဆင်က ထုံထိုင်းလှသော ကလေးငယ်ကို မိဘလုပ်သူက အတတ်နိုင်ဆုံး သည်းခံပြီး စိတ်ရှည်စွာ ထပ်ရှင်းပြသည့်ဟန်ဖြင့်-

"ရဲကြပ်ကြီးကို ကျုပ် ရှင်းပြပြီးပါပြီ၊ ကျုပ်ရဲ့ အမှုသည် အယ်လီနာဟာ ဒေါက်ကာလပ်ဟက်ပနာရဲ့ ဇနီး မုဆိုးမ ဖြစ်နေပါတယ်၊ ဒါကြောင့် အယ်လီနာဟာ သူ့ယောက်ျားအခန်းသော့ သူ့ရထားတယ်၊ သူကိုယ်တိုင် ဟန်းနီးမွန်းကာလမှာ ဒီအခန်းထဲ ပျော်ပျော်ရွှင်ရွှင် နေခဲ့မှာပေါ့၊ ဒါကြောင့် ဒီသော့လည်း သူ့ဆီရှိတာပေါ့"





"ဒါပေမဲ့ ကျုပ်ကို သူ လက်ထပ်တဲ့အကြောင်း နယူးဘတ်က ဘာမှ မပြောဘူးရှင့်"

မေဆင်က ပြုံးပြီး ဖြေရှင်း၏။

"ဒါကြောင့် ကျုပ်ကတော့ ဒီနယူးဘတ်ဆိုတဲ့ ဒေါက်ကာလပ်ဟာ တော်တော် အသိရခက်တဲ့ ပဟေဠိ ပုဂ္ဂိုလ်လို့ ယူဆလိုက်တော့တယ်၊ ဟုတ်ကော မဟုတ်ဘူးလားဗျ"

"သိပ်ဟုတ်တာပေါ့ရှင်၊ ဒီလူဟာ ဒီအခန်းကို အချိန်မဟုတ် အခါမဟုတ် အချိန်မျိုးမှ ပြန်လာတတ်တယ်၊ ပြီးတော့ ပျောက်သွားပြန်ရော၊ နောက် ပြန်ရောက်လာပြန်ရော၊ ဒါကြောင့် ကျွန်မတို့မှာ အပတ်စဉ် အခန်းရှင်းဖို့တောင် အခက်အခဲ ကြုံရပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်၊ အယ်လီနာက ဒီအကြောင်း ပြောဖူးတယ်၊ ဒါပေမဲ့ ဒါထားပါတော့၊ သူကိုယ်တိုင် သက်သေ ဖြစ်လာချိန် အစစ်ခံတာကို စောင့်ရမှာပဲ"

"မစ္စတာမေဆင်၊ ခင်ဗျား ကျွန်တော့်ကိုတော့ ပြောပြပါ၊ အထူးသဖြင့် ဒီအခန်းထဲ ဘာဖြစ်လို့ ဒီလောက် ကပြောင်းကပြန် ဖြစ်ရတာလဲဆိုတာ"

"အင်း. . . မျက်မြင် အနေအထားအတိုင်း သိတာကတော့ ဒီအခန်းထဲမှာ တစ်ခုခုကို တစ်ဦးဦးက ဝင်ရှာသွားတယ်၊ ခု ကျုပ် ကြည့်ပြီးသမျှ သုံးသပ်အဆိုပြုရရင် ရဲတွေ လက်ဗွေရာကို အခန်းထဲမှာ အခု ယူသင့်ပြီထင်တယ်၊ ကျုပ်တို့ တစ်ခုမှ မကိုင်သေးဘူးနော်"

မေဆင်က ဒယ်လာကို တစ်ဆက်တည်း ပြောပြန်သည်။

"ဒယ်လာရေ. . . ဗီရိုထဲမှာ ယောကျ်ားဝတ်စုံတွေ ရှိလေရဲ့၊ ဗီရိုကို လက်နဲ့မဖွင့်နဲ့၊ ခြေထောက်က ဖိနှပ်နဲ့ဖွင့်၊ အထဲကဟာတွေ စာရင်းယူကွာ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး၊ နေဦး၊ ဒီပစ္စည်းတွေကို ဘာမှ မလုပ်နဲ့၊ ဒါတွေဟာ သက်သေခံပစ္စည်းတွေ"

ရဲကြပ်ကြီးက အော်ပြော၏။

"ဘာစာတွက် သက်သေခံပစ္စည်းလဲ"

"ဒါ ကျုပ်မသိဘူး မစ္စတာမေဆင်၊ သက်သေခံပစ္စည်းတွေ မှန်တယ်၊ ဒီအခန်းထဲ တစ်စုံတစ်ယောက် ဝင်သွားခဲ့တယ် မဟုတ် လား"

"အင်း. . . တကယ့် သက်သေခံ ပစ္စည်းကို ခင်ဗျားက သက် သေခံ ပစ္စည်းဆိုသကိုး"

မေဆင်၏ စကားကြောင့် ရဲကြပ်ကြီး ဒေါပွသွား၏။

"ခင်ဗျား ကျုပ်ကို နောက်လားပြောင်လား ရယ်စရာ ဘာတွေ ပြောစရာ မလိုပါဘူး၊ ခင်ဗျားက ဒီအခန်းပိုင်ရှင် နယူး ဟာ ဒေါက်ကလပ် ဖြစ်တယ်လို့ ဝန်ခံမယ်နော်"

"သိပ်ဟုတ်တာပေါ့"

"ကောင်းပြီ၊ သူ ဘယ်မှာ နေတယ်ဆိုတာ ကျုပ်တို့ စုံစမ်း တာ၊ ဒီမှာ ဒီလို လျှို့ဝှက်ခန်းအဖြစ် လုပ်ထားတာ တွေ့ရလို့ ကျုပ် ကျေနပ်တယ်"

"ရဲကြပ်ကြီး ခင်ဗျား၊ ကျုပ်ကို ကောင်းကောင်း မေးရင် ဒီထက်တောင် ခင်ဗျား အလွယ်တကူ ကျေကျေနပ်နပ် သိနိုင်ပါ တယ်"

"နေပါဦး၊ ခင်ဗျား ဒီကို ကိုယ့်ဘာသာ သိပြီး ရောက်လာ ကတော့ ထင်ရှားနေပြီ"

"ဒါ ဟုတ်တယ်လေ၊ ကျုပ် ဒီမှာ လာအလုပ်များနေ ခင်ဗျား အတွေ့ပဲ"





"အင်း. . . ဒါကိုပဲ ကျုပ်တို့တ စုံစမ်းချင်သေးတာ၊ ခု ရဲဌာန ချုပ်နဲ့ ကျုပ်အဆက်အသွယ် လုပ်လိုက်ပြီး လက်ဗွေပါရဂူတွေ ခေါ်မယ်၊ သဲလွန်စ မရရအောင် ဗိုက်စိပ်တိုက် ရှာရမှာပဲ၊ ဒါကြောင့် ဒီအထဲက ဘယ်သူမှ ခြေရာလက်ရာ ဝင်မရှုပ်ကြပါနဲ့"

မေဆင်တစ်ယောက် တွေဆိုင်းနေသေး၏။ ပြီးမှ ဆက်ပြော သည်။

"ကောင်းပြီလေ၊ ကျုပ် အမှုသည် မုဆိုးမကလေးတလည်း ဒါကိုတော့ ကန့်ကွက်မှာ မဟုတ်ပါဘူး၊ တစ်ခုပဲ ရှိတယ်၊ သူရှေ့နေ အနေနဲ့ ကျုပ် ပန်ကြားချင်တာက ပစ္စည်းတွေတော့ မပျောက်မရှအောင် အကာအကွယ် လုပ်ထားပေးပါ၊ ဒေါက်ကလတ် ရဲ့ အမေဆိုတာကလည်း ရှိနေသေးတော့ သူကလည်း သူ့သား သေရတာ မွေးမ တရားခံလို့ ဆိုချင်ဆိုလာမှာ"

"ဟာ. . . အတော်ပဲ၊ ဒေါက်ကလပ် အမေဆိုတာ ဘယ်မှာ နေသလဲ၊ သိရင်ပြောဗျာ၊ ကျုပ်တို့ ခြေရာခံလို့မရ ဖြစ်နေတယ်"

"ကျုပ်လည်း ခင်ဗျားလိုပါပဲ၊ ခြေရာ လုံးလုံးပျောက်နေတယ်၊ ဒီအချက်ကို သက်သမကင်းစရာအဖြစ် ခင်ဗျားတို့ ထည့်မစဉ်းစားဘူး လားဗျ"

"မစ္စတာမေဆင်၊ ခင်ဗျားဆီက ဘာအကြံမှ ကျုပ်တို့ မလိုဘူး၊ ဒါပေမဲ့ ဒေါက်ကလပ် အမေ ဘယ်မှာလဲဆိုတာတော့ သိချင်တယ်"

"ကျုပ်လည်း မသိဘူး"

"ဒီအခန်းသော့တော့ ခင်ဗျားမှာ ရှိတယ်နော်"

"ဟုတ်တယ်၊ ရှိတယ်"

"အဲဒီသော့ ကျုပ် လိုချင်တယ်"

မေဆင်က ခေါင်းခါရင်း အဖြေပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသော့ကိုတော့ မပေးနိုင်ဘူး၊ အိမ်ရှင်ဆီက သော့တူနဲ့ ခင်ဗျားအခန်းထဲ ဝင်နိုင်တာပဲ၊ ကျုပ်ဆီက သော့ကို ကျုပ် အမှုသည် လက် ပြန်အပ်ရမယ်၊ ဒါကို ရဲကြပ်ကြီး နားလည်ပါတယ်နော်"

"ဒီမှာ တစ်ခုခု ရှုပ်ရှုပ်ထွေးထွေး ဖြစ်ထားတယ်လေ၊ ဒီတော့"

ရဲကြပ်ကြီး၏ ဆင်ခြေကို မေဆင်က ဆက်ရှင်းပြပြန်သည်။

"ဟုတ်တယ်၊ တစ်ယောက်ယောက်ဟာ တစ်ခုခု လိုချင်လို့ ဒီအခန်းထဲ ဝင်မွှေသွားပြီးပြီ၊ ရဲတွေ ဝင်ရှာတာလို့ မူလက ကျုပ် ယူဆခဲ့တာ ခင်ဗျားနဲ့ တွေ့မှ မဟုတ်ကြောင်း သိရတယ်၊ ဒါကြောင့် ကျုပ်လည်း အံ့ဩခဲ့ရတယ်"

ရဲကြပ်ကြီးက မေဆင်၏စကား ဆုံးသွားသောအခါ ဒယ်လာ ကို လှမ်းမေးသည်။

"ဟေ့ တလေးမ၊ မင်းတို့ ဒီကို ရောက်နေတာ ဘယ်လောက် ကြာပြီလဲကွ"

မေဆင်က သည်းမခံတော့ဟန်ဖြင့် ဝင်ဖြေ၏။

"မကြာသေးဘူး၊ တရားရုံးမှာ အလုပ်များခဲ့တယ်၊ အမှုအစစ်ခံ ဖို့အတွက်လည်း အလုပ်ရှုပ်နေတယ်၊ ဒါကြောင့် ဒီအမှုမှာ ရာဇဝတ်မှု လို့ပဲ မြင်နေမိတော့ တရားမကြောင်းဘက် နည်းနည်း သတိမေ့သွား တယ်၊ ဒါပေမဲ့ ခုတော့ အမှုသည် မုဆိုးမဟာ ဒီအခန်းကိစ္စ ဆက်စပ်သူ ဖြစ်ကြောင်း ရုံးတော်ကို လျှောက်ရတော့မှာပေါ့"

ရဲကြပ်ကြီးက ခပ်မာမာ ပြောလာသည်။

"ဒီမှာ မစ္စတာမေဆင် ကျုပ်ပြောမယ်၊ နားထောင်ပါ၊ ဒါတွေ ခင်ဗျား ဖြေစရာမလိုဘူး၊ ခင်ဗျား အတွင်းရေးမှူးကို ကျုပ်က မေးတာ ဆိုတော့ သူဖြေရမယ်"

"ခင်ဗျား လိုချင်တဲ့အဖြေ ကျုပ်က ရှင်းပြတာပဲ"



"ဒါ ကျုပ် မလိုချင်ဘူး၊ ကဲ. . . ခင်ဗျားတို့ ဒီအခန်းထဲက ထွက်သွားပါ၊ ကျုပ် ရဲဌာနချုပ်ကို ဖုန်းဆက်ဖို့ ရှိနေတယ်၊ ကျုပ် ပြန်လာခိုင်းမှ ပြန်ဝင်လာပါ"

"ဒါကတော့ ရဲကြပ်ကြီးစကားက ရင့်လွန်းတယ်ထင်တယ်၊ ကျုပ်ဟာ ကျန်ရစ်သူ မုဆိုးမရဲ့ ရှေ့နေ. . ."

"ထွက်ဆို ထွက်ဗျာ"

ရဲကြပ်ကြီးသည် တစ်ဆက်တည်းပင် အိမ်ရှင်၏ မန်နေဂျာကို လှမ်းပြော၏။

"ကဲ. . . မန်နေဂျာကြီး၊ ဒီအခန်းကို ကျုပ် ချိပ်ပိတ်ချင်တယ်၊ ဘယ်သူမှ မဝင်စေဘူး၊ ကျုပ်ကို သော့တူတစ်ချောင်း ပေးထားပါ၊ ကျုပ် ရဲဌာနချုပ်ကို ခု ဖုန်းဆက်မယ်"

မန်နေဂျာ အခန်းအပြင် ရောက်ချိန်၌ ဇရိုတ်လည်း အခန်း ပြင် ထွက်၏။ မေဆင်ကမူကား ဒယ်လာကို ညွှန်ကြားနေသေးသည်။

"ဒယ်လာရေ. . . မှတ်တမ်း တင်ထားစမ်းကွာ၊ တို့ ဒီနေ့ ဒီအခန်းမှာ အထောက်အထား ခြေရာလက်ရာ သဲလွန်စ ရှာနေတဲ့ အချိန် ရဲကြပ်ကြီး ရောက်လာပြီး တို့ကို နှောင့်ယှက်တယ်၊ ဒီအခန်း အဖောက်ခံရမှုအတွက် သူ စစ်ဆေးဖို့ တို့ကို အခန်းထဲထွက်ခိုင်းတယ်၊ အချိန်လည်း အတိအကျ မှတ်တမ်းတင်ထားနော်"

"ဒယ်လာကို ညွှန်ကြားပြီးချိန် ရဲကြပ်ကြီးကို မေဆင်က လှမ်းပြောလိုက်ပြန်၏။

"ကဲ. . . ရဲကြပ်ကြီး၊ ခင်ဗျားမှာ တာဝန်ရှိတယ်နော်၊ အခု ခင်ဗျား စစ်ဆေးပြီးရင် ဒီအခန်းထဲ ကျုပ်တို့ ပြန်ဝင်ပြီး အထောက် အထား သဲလွန်စ ရှာရဦးမယ်၊ ဒီတော့ ပြီးရင် အကြောင်းကြားပါ ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ပြတ်ပြတ် ပြောပြီးနောက် ဒယ်လာကိုပါ ခေါ်လျက် မေဆင်တို့ အခန်းထဲမှ ထွက်ခဲ့ကြ၏။

သုံးဦးသား ဓာတ်လှေကားထဲ ရောက်ပြီးချိန် ဒရိုက်က ဝင်ပြော၏။

"ဘယ်လိုလဲဗျာ. . . ပယ်ရီ သိပ်အရုပ်ဆိုးတဲ့ ကိစ္စမျိုးတော့ ခင်ဗျား လုပ်မိပြီထင်တယ်"

ဒယ်လာကလည်း ဝင်ထောက်ပြန်သည်။

"ပြီးတော့လည်း ဆရာ၊ ဟို. . . ဟို. . . အယ်လီနာ တစ် ယောက် အတိတ်မေ့နေပါတယ်လို့ အလျင်ရဲတွေဆီ အစစ်ခံထား တယ်လည်း ဆိုရဲ့၊ ဟော. . . ခုတော့ အဲဒီ အယ်လီနာကပဲ ဒေါ် ကလပ်နဲ့သူ ဒီအခန်းမှာ ဟန်းနီးမွန်း ကာလအတွင်း နေခဲ့တယ်လို့ ဆရာကို ပြောပြီး အခန်းသော့လည်း ဆရာကို ပေးလာတယ်လို့ ဆရာ က ပြောလိုက်ပြန်ပြီ"

မေဆင်က ရိုးရိုးကလေး ဖြေသည်။

"ဒီအတွက် သူတို့ ကိုင်လာရင် တို့အလွယ်ကလေးနဲ့ ကျော် သွားနိုင်ပါတယ်ကွ၊ မပူပါနဲ့"

ဒရိုက်က သဘောမကျ။

"ဘာဗျ. . .၊ ကျော်နိုင်မယ် အားကြီး၊ ခင်ဗျား ခုန်ပျံကျော်သွား လုပ်နိုင်ရင်တောင် ဒီအကွက်ကို ကျော်နိုင်မှာ မဟုတ်ဘူးဗျ"

* * *



## အခန်း [ တစ်ဆယ့်သုံး ]

နောက်တစ်နေ့နံနက် တရားရုံး စထိုင်ချိန် ရုံးခန်းအတွင်း အခြေအနေ တစ်မျိုး ထူးခြားနေ၏။ ခါတိုင်း ပယ်ရီမေဆင် အမှုရက်ချိန်းများ ဆိုပါက ရုံးခန်းတစ်ခန်းလုံး အပြည့်မျှ လူကျပ်နေတတ်သော်လည်း ယနေ့မှာမူကား ပရိသတ် နည်းပါးလှ၏။ အစီပွာယ်မှာကား ဤအမှု တွင် အစိုးရရှေ့နေများဘက်မှ တပန်းသာလွန်နေပြီဖြစ်ရာ နား ထောင်၍ပင် ကောင်းတော့မည် မဟုတ်၊ စိတ်ဝင်စားဖွယ်လည်း ရှိမည် မဟုတ်ဟု ဖော်ပြနေခြင်း ဖြစ်သည်။

အစိုးရရှေ့နေကြီးက သုံ့ရသော အမှုများ၌ ရုံးပြည့်နေသော် လည်း ယခု သူနိုင်တော့မည်ဟု သူ ထင်ထားသော အမှုတွင် ပရိသတ် နည်းနေ၍ စိတ်ထဲ မကျေမနပ် ဖြစ်နေပုံရသည်။

အမှု စစ်သည်နှင့် တစ်ပြိုင်နက် အစိုးရရှေ့နေကြီးဘက်က စတင် လျှောက်လဲသည်။

"ရှုံးမင်းခင်ဗျား. . . ကျွန်တော့်သက်သေ မစ္စဒေသယ် ဘီလင်ကို ခေါ်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ မစ္စအေသယ် စင်မြင့်ပေါ် လာပြီး ကျမ်းကျိန်ပါ"

တရားသူကြီး၏ ခွင့်ပြုချက်ရသည်နှင့် အေသယ်ကလည်း ခပ်တင်းတင်း ယုံကြည်ချက် အပြည့်ဖြင့် သက်သေစင်မြင့်ပေါ် တက်လာသည်။ ရှေ့နေကြီးမေဆင်ကို ရဲရဲ ရင်ဆိုင်သွားမည့်ဟန်လည်း ပေါ်နေ၏။ ကျမ်းကျိန်ပြီးနောက် ရုံးတော်၏ ထုံးတမ်းစဉ်လာ မေးခွန်းများကို မှန်မှန်ဖြေသွား၏။

ဤတွင် အစိုးရရှေ့နေကြီးက တစ်ရုံးလုံး အံ့ဩသွားစေမည့် မျက်လှည့်ကွက်မျိုး ပြတ်ဲ့သော မျက်လှည့်ဆရာကြီး၊ တစ်ဦးဟန်ဖြင့် အေသယ်ကို မေးခွန်းထုတ်လိုက်သည်။

"မစ္စအေသယ်၊ ခင်ဗျားဟာ ဘီလင်ဖ်ါ အဆောက်အအုံ အခန်းနံပါတ် ၃၆၀ မှာ နေတယ်နော်"

"မှန်ပါတယ်ရှင်"

"ခင်ဗျား အခန်းတောင်ဘက် ကပ်ရက် အခန်းမှာ ဘယ်သူ နေပါသလဲ"

"အော်. . . အဲဒီ အခန်းနံပါတ် ၃၅၈ မှာ မစ္စဆူဆန်ဂရင်ဂါ နေပါတယ်"

"မစ္စဆူဆန်နဲ့ ခင်ဗျား ရင်းနှီးသလား"

"ဟုတ်ကဲ့ ရင်းနှီးပါတယ်"

"မစ္စဆူဆန် အဲဒီအခန်းမှာနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ"

"ကျွန်မ သိသမျှတော့ နှစ်နှစ်လောက် ရှိပြီ"

"ခင်ဗျားကကော အခန်း ၃၆၀ မှာ နေခဲ့တာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်ကျော်လောက်ပဲ ရှိပါသေးတယ်"





"ခု ဒီအမှုမှာ တရားခံလို့ ယူဆရတဲ့ အယ်လီနာနဲ့ကော ရင်းနှီးပါသလား"

"ဟုတ်ကဲ့ ကျွန်မ ရင်းနှီးပါတယ်"

"အယ်လီနာကို ဘယ်တုန်းက တွေ့ဖူးတာလဲ"

"ဩဂုတ် ၉ ရက်နေ့ကပါ"

"ဒီနှစ် ဩဂုတ်လား"

"ဟုတ်ပါတယ်ရှင့်"

"ဘယ်လို တွေ့ ဘယ်လို သိခဲ့တာပါလဲ"

"အယ်လီနာက ကျွန်မဆီ လာတွေ့တာပါ။ ကျွန်မနဲ့ တွေ့ပြီး ဆွေးနွေးတင်ပြချင်တာ ရှိလို့ပါ"

"ဒီနောက် အယ်လီနာက အဲဒီကိစ္စ ဆွေးနွေးတင်ပြ အဆိုပြုတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"အဆိုပြုချက်ကို စာနဲ့ရေးပြီးတင်ပြတာလား၊ နှုတ်နဲ့ ပြောတာလား"

"နှုတ်နဲ့ပါပဲ၊ စကားပြောရင်း ပြောပြသွားခဲ့တာပါ"

"ဘယ်မှာ ခင်ဗျားတို့ စကားပြောခဲ့ကြသလဲ"

"ကျွန်မ အခန်းထဲမှာပါ"

"စကားပြောနေတုန်း ဘယ်သူတွေ ရှိနေသေးသလဲ"

"ကျွန်မနဲ့ သူနဲ့ နှစ်ယောက်တည်းပါ"

"ကဲ. . . ကောင်းပါပြီ၊ နှစ်ယောက်တည်း စကားပြောကြတော့ အယ်လီနာက ဘာကို အဆိုပြု ဆွေးနွေးခဲ့ပါသလဲ"

"ကျွန်မ အခန်းနီးချင်း ဆူဆန်အပေါ် သူ စိတ်ဝင်စားနေပုံ ပါ. . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လို့ကော ပြောပြသလား"

"ဟုတ်ကဲ့ . . . ပြောပါတယ်၊ ဆူဆန်ဟာ သူ့အတွဲ ယောက်ျား လေး မိတ်ဆွေကို နိုးသွားပါသတဲ့"

"အယ်လီနာက သူ့ယောက်ျားလို့ သုံးသလား"

"ယောက်ျားလေး မိတ်ဆွေလို့ သုံးပါတယ်"

"သူ့နာမည်ကော ပြောပြသေးသလား"

"ပြောပြပါတယ်"

"ဘယ်လို ခေါ်ပါသတဲ့လဲ"

"ဒေါက်ကလပ်ဟက်ပနာပါတဲ့"

"ကောင်းပါပြီ၊ အယ်လီနာက ခင်ဗျားကို ဘာအဆိုပြု ဆွေး နွေးခဲ့ပါသလဲ"

"ကျွန်မနဲ့အတူ ကျွန်မ အခန်းမှာ လာနေလိုပါသတဲ့၊ ဒေါက် ကလပ်ဟာ အမှန်တကယ်ပဲ ဆူဆန်ဆီ လာတွေ့တာ ဟုတ်မဟုတ် စောင့်ကြည့်ချင်လို့ပါတဲ့၊ ဒီလို တွေ့တာဟာ အလုပ်ကိစ္စ တစ်ခု အတွက်လို့ ဒေါက်ကလပ်က သူ့ကို ပြောကြောင်း အယ်လီနာက ကျွန်မကို ရှင်းပြတယ်၊ ဒါပေမဲ့ ဒေါက်ကလပ်ဟာ တစ်ချိန်တည်းမှာ ငါးရံ့နှစ်ကောင် ဖမ်းနေတယ်လို့ အယ်လီနာက ခံစားမိကြောင်း။ ဒါကြောင့် ဟုတ်မဟုတ် ကိုယ်တိုင် သိလိုကြောင်း ပြောပြီး အယ်လီနာ က ကျွန်မကို လာနေခ တစ်ပတ် ၈၅ ဒေါ်လာနှုန်းနဲ့ အပိုကြေးအဖြစ် ဒေါ်လာ ၂၀ ပေးမယ်လို့ ကမ်းလှမ်းတယ်"

"ဒီအဆိုပြုချက်ကို ခင်ဗျားက ဘယ်လို သဘောထားခဲ့ပါ သလဲ"

"ရှင်. . .၊ ကျွန်မကတော့ လက်ခံလိုက်တာပဲပေါ့၊ ကျွန်မ အခန်းကလည်း ငှားခ သိပ်ဈေးကြီးတော့ အရင်တွဲနေတဲ့ တစ်ယောက်





ပြောင်းသွားပြီး နောက်ပိုင်းတစ်ဦးတည်း အခန်းခပေးနေရတာ သိပ် များနေတယ်လေ၊ ၁၈ လလောက် အရင် အခန်းဖော်က အတူနေ သွားပါတယ်၊ ဒါကြောင့် သူပြောင်းသွားချိန် ကျွန်မတလည်း အခန်း ဖော် လူသစ်ရှာချိန် အယ်လီနာနဲ့ တွေ့ပြီး အယ်လီနာတလည်း ကျွန်မ တွဲနေနိုင်မယ့် လူစားမျိုးမို့ လက်ခံလိုက်တာပေါ့"

"ဒါနဲ့ပဲ အယ်လီနာ အဲဒီကို ပြောင်းလာရော ဆိုပါတော့"

"ဟုတ်ပါတယ်ရှင်"

"ကဲ. . . အခု ဟောဒီမှာ ခင်ဗျားအခန်း အနေအထား ပုံကြမ်းတစ်ခု ကျုပ်မှာ ရှိတယ်၊ အခန်းနီးချင်း ဆူဆန်အခန်းရဲ့ ပုံကြမ်း လည်း တွဲလျက် ပါတယ်၊ သေသေချာချာ ကြည့်စမ်းပါ"

အေသယ် ကြည့်ပြီးချိန်၌ တရားလို ရှေ့နေကြီးက မေးခွန်း ထုတ်၏။

"အဲဒီ ပုံကြမ်းအတိုင်း ခင်ဗျား အခန်းအနေအထား အမှန်ပဲ လား"

"ကျွန်မ အခန်း ပုံကြမ်းကတော့ မှန်ပါတယ်၊ ဒီအတိုင်းပါပဲ၊ ဆူဆန် အခန်းကတော့ ကျွန်မ မရောက်ဘူးလို့ မှန်မမှန် မသိပါဘူး ရှင်"

"အို. . . ကိစ္စမရှိပါဘူး၊ ဆူဆန်ရဲ့ အခန်းအနေအထား ကိစ္စ တခြားတစ်ယောက်ကို မေးပြီး အတည်ပြု ယူပါမယ်၊ ခုမေးနေတာက ခင်ဗျား အခန်း အနေအထားပါ၊ ဒီအတိုင်း မှန်တယ်နော်"

"ဟုတ်ပါတယ်ရှင်"

"အယ်လီနာက အခန်းဝင်လာနေတော့ သူ ဘယ်နေရာမှာ နေရာယူပါရစေလို့ကော ပြောပြီး တောင်းဆိုသလား"

"ဟုတ်ကဲ့. . . တောင်းဆိုပါတယ်၊ ကျွန်မ အိပ်ခန်းက ဟိုဒီရှိ အရှည်ကြီးနဲ့ အခန်းပါ၊ ဆူဆန်ရဲ့ အခန်း၊ ဆူဆန်ရဲ့ ခုတင်နဲ့ အုတ်



www.burmeseclassic.com

www.burmeseclassic.com



ထရံ့ပဲ ခြားပါတယ်၊ အဲဒီကျွန်မရဲ့ အိပ်ခန်းထဲမှာ သူနေပါရစေလို့ အယ်လီနာက တောင်းဆိုပါတယ်။ ကျွန်မကိုလည်း ဟိုဘက်က ဗီရို အငယ်နဲ့ အိပ်ခန်းထဲ ပြောင်းပေးဖို့ တောင်းဆိုပါတယ်"

"ဒီလိုဆိုရင် နောက်တစ်ခု မေးပါမယ်"

အစိုးရရှေ့နေကြီး ဟင်မီတန်က ဝင့်ကြွားသော အမူအရာ၊ အောင်မြင်သော အသံဖြင့် ဆက်မေးသည်။

"'သက်သေခံပစ္စည်း အမှတ် ဂျီနဲ့ တင်ပြထားတဲ့ စမစ်ဇင်နှ်ဝက်ဆန် ကုမ္ပဏီထုတ် ခြောက်လုံးပြူးသေနတ် အမှတ်စီ ၄၈၈၀၉ ကို မြင်ဖူးခဲ့ပါသလား"

ဤနေရာတွင် မေဆင်က ကြားဖြတ်၍ ကန့်ကွက်လိုက်သည်။

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းမျိုးဟာ လမ်းကြောင်းပေးတဲ့ နိမိတ်ပြ မေးခွန်း ဖြစ်နေပါတယ်"

"ဒါက မြင်ဖူးခဲ့တယ်၊ မမြင်ဖူးခဲ့ဘူး ပြောရုံလောက်ပါဗျ"

အစိုးရရှေ့နေကြီးက အကြောင်းပြသည်။

"ဒီလို ပြောရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ခင်ဗျား မေးပုံမျိုးက ခင်ဗျားလိုချင်တဲ့ အဖြေကို တစ်ခါတည်း လမ်းကြောင်းပေးပြီးသား ဖြစ်နေတယ်၊ ဥပမာ-ဘယ်သေနတ်မျိုးလဲလို့ မြုံမေးရင် မေးနိုင်ပါတယ်၊ ဒါပေမဲ့ သေနတ်ကိုပြပြီး မေးတာမျိုးတို့ ဘာတို့ မလုပ်သင့်ပါဘူး"

ဟင်မီတန်က ချက်ချင်း ချေပသည်။

"ရုံးမင်း ခင်ဗျား. . . ခုလို ကန့်ကွက်တာဟာ ရှေ့နေကြီး မေဆင်ရဲ့ ရည်ရွယ်ချက်က. . ."

သူ့ချေပချက် မဆုံးမီ ရုံးမင်းက ဝင်ရောက် အဆုံးအဖြတ်ပေးသည်။





"ကန့်ကွက်ချက်ဟာ လုပ်ငန်းသဘောအရ လက်ခံသင့်တယ်၊ ဒါကြောင့် ရုံးတော်က လက်ခံပါတယ်"

"ကောင်းပါပြီ ခင်ဗျား၊ ကျွန်တော် ဒီလိုဆို တစ်မျိုး ပြန်မေးပါမယ်"

"အယ်လီနာမှာ သေနတ်ရှိပါသလား"

"ဟုတ်ကဲ့ရှင့် ရှိပါတယ်"

"ဘယ်လို သေနတ်မျိုးပါလဲ"

"ပွိုင့် ၃၈ ခြောက်လုံးပြူးပါ"

"အဲဒီ သေနတ်အကြောင်း အတိအကျ ပြောပြနိုင်ပါ့မလား"

"ဟုတ်ကဲ့. . . သံမဏိ ပြောင်းတိုနဲ့ စောစောက ပြတဲ့ သေနတ်မျိုး ဖြစ်ပါတယ်"

အစိုးရရှေ့နေကြီးက အောင်မြင်သော အကြည့်မျိုးဖြင့် မေဆင်ကို လှမ်းကြည့်သည်။

ပြီးမှ ဆက်မေး၏။

"အဲဒီသေနတ်ကို အယ်လီနာက ထုတ်ပြသလား"

"သူကိုင်နေကျ လွယ်အိတ်ထဲမှာ တွေ့ရတာပါ"

"ဪ. . . ဟုတ်ပါပြီ၊ ဒါနဲ့ အယ်လီနာရဲ့ လွယ်အိတ်တို့ အဝတ်သေတ္တာတို့ကို သိပါတယ်နော်၊ ခင်ဗျားအခန်းကို ပြောင်းလာတုန်းက ဘယ်လို သေတ္တာမျိုးတွေ ပါလာပါသလဲ"

"စောစောက လွယ်အိတ်ရယ်၊ အဝတ်အစား သေတ္တာရယ်၊ လက်ဆွဲသေတ္တာ နှစ်ခုရယ်၊ ပစ္စည်းတွေက အနီကျား ဆေးသုတ်ထားတော့ သိသာပါတယ်"

"အဲဒီပစ္စည်းတွေ ခု ဘယ်လို အခြေအနေ ရှိပါသလဲ"

"အယ်လီနာက ကျွန်မဆီ တယ်လီဖုန်းဆက် မေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အယ်လီနာဆိုတာ ခုတရားခံ ဖြစ်နေသူလား"

"ဟုတ်ပါတယ်"

"သူနဲ့ ဖုန်းထဲမှာ စကားပြောရတယ်ပေါ့"

"ဟုတ်ပါတယ်"

"အဲ်လီနာရဲ့ အသံကို ခင်ဗျား မှတ်မိသလား"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"သူ့ကို ခင်ဗျားက နာမည်ခေါ်ပြီး စကားပြောသလား"

"ဟုတ်ပါတယ်"

"သူကကော ခင်ဗျားကို အမည်ခေါ် စကားပြောတာပဲလား

"ဟုတ်ပါတယ်"

"ဒီလိုဆို စကားပြောကြတာ ဘယ်နေ့ကလဲ"

"ဩဂုတ်လ ၁၇ ရက်နေ့ကပါ"

"ဖုန်းထဲမှာ အယ်လီနာက ဘာပြန်ပြောပါသလဲ"

"သူပြောတာက ဒီလိုပါ. . . 'အေသယ်. . . ကျွန်မကို ကူညီပါဦး၊ ကျွန်မ အခု အတိတ်မေ့ရောဂါ စွဲကပ်နေတယ်လို့ ဟန်ဆောင်နေပါတယ်၊ ဒါကြောင့် အေသယ်နဲ့အတူ နေပါတယ်လို့ ဘယ်သူ့မှ မပြောပါနဲ့နော်၊ ရဲနဲ့လည်း အဆက်အသွယ် မလုပ်ပါနဲ့၊ သတင်းထောက်တွေနဲ့လည်း အဆက်အသွယ် မလုပ်ပါနဲ့ နှုတ်ပိတ်နေပေးပါ၊ ကျွန်မ ပစ္စည်းတွေကို စိတ်ချရတဲ့အချိန် လူလွှတ် ယူခိုင်းလိုက်ပါ့မယ်'၊ အဲဒီလို ပြောလာပါတယ်ရှင်"

"ဒီလို ပြောတယ်ဆိုတာ သေချာတယ်နော်"

"ဘာဖြစ်လို့ပါလဲ၊ သေချာပါတယ်ရှင်"

"အယ်လီနာက သူ အတိတ်မေ့ရောဂါ စွဲကပ်နေတယ်လို့ ဟန်ဆောင်နေကြောင်း တကယ်ပြောတယ်နော်"



"ဟုတ်ပါတယ်ရှင်"

"ဒီလို ပြောတာလည်း ဩဂုတ်လ ၁၇ ရက်နေ့ဆိုတာ သေချာတယ်နော်"

"ဟုတ်ကဲ့"

"ဘယ်အချိန်လောက် ဖြစ်မလဲ"

"မနက် ၈ နာရီခွဲလောက်မှာပါ"

"ဒီလိုဆိုရင် ဘာကြောင့် အတိတ်မေ့ရောဂါ ရှိဟန်ဆောင်နေတာလဲ၊ ဘာကြောင့် လျှို့ဝှက်နေတာလဲလို့ကော ခင်ဗျားက မမေးလိုက်ဘူးလား"

"မေးပါတယ်ရှင်"

"ဒီတော့ ဖြေပါသလား"

"ဟုတ်ကဲ့ ဖြေပါတယ်"

"ဖြေတော့ အကြောင်းပြပါသလား"

"ဟုတ်ကဲ့၊ သူ့စကားအတိုင်း ပြန်ပြောပြရရင် 'အေသယ်. . . ကိုယ်တော့ ထောင်ချောက်တစ်ခုထဲမှာ မိနေပြီ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရလိမ့်မယ်' တဲ့"

အစိုးရရှေ့နေကြီးက ဂျူရီလူကြီးများဘက် လှည့်လိုက်ပြီး ထိုအချက်ကို အထူး အလေးအနက်ထားဟန် အမူအရာ ပြုလုပ်နေ၏။

ထိုအမူအရာကို နားလည်လိုက်သဖြင့် တရားသူကြီး မိုရန်းက အြားဖြတ်ပြောလိုက်၏။

"ဆက်မေးပါ. . . မစ္စတာဟင်မီတန်၊ ပြီးရင်လည်း ပြီးကြောင်း တရားခံရှေ့နေကြီးကို မေးခွန်းထုတ်ချင် ထုတ်ဖို့ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ရုံးမင်းခင်ဗျား. . . ဒါပေမဲ့ ကျွန်တော့် မေးခွန်း မပြီးသေးပါဘူး၊ ရှေ့ဆက်မေးဖို့အတွက် နောက်ကြောင်းခဏ ပြန်စဉ်းစားနေတာပါ"

"ကဲပါ၊ ဆက်မေးပါ"

ဟင်မီတန်က ဆက်မေးသည်။

"အယ်လီနာဟာ ဒီအကြောင်းတွေ ပြောချိန်တုန်းက ဒေါက်ကလပ်ရဲ့ အလောင်း မတွေ့ရသေးဘူးနော်၊ ဒါမှန်သလား"

မေဆင်က ကန့်ကွက်သည်။

"ဒီမေးခွန်းဟာ သက်သေကို ဆုံးဖြတ်နိုင်းသလို ဖြစ်နေပါတယ်၊ နိမိတ်ပြ မေးခွန်းဖြစ်လို့ ကန့်ကွက်ပါတယ်"

"ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံတယ်"

ဤတွင် ဟင်မီတန်က အခြားတစ်မျိုးတစ်ဖုံ နည်းပရိယာယ်သုံး မေးပြန်၏။

"အယ်လီနာရဲ့ ပစ္စည်းတွေကို ခင်ဗျား ဘာလုပ်လိုက်ပါသလဲ"

"သူ့ရှေ့နေကို ပေးလိုက်ပါတယ်"

"သူ့ရှေ့နေဆိုတာ မစ္စတာပယ်ရီမေဆင်ကို ပြောတာလား၊ ခုရုံးထဲမှာ ရှိနေတဲ့ ရှေ့နေကြီးလေ"

"ဟုတ်ပါတယ်ရှင်"

"ဘယ်နေ့က ပေးလိုက်တာလဲ"

"ဩဂုတ် ၁၇ ရက်နေ့ မွန်းလွဲပိုင်းကပါ"

"ဘာဖြစ်လို့ သူ့ရှေ့နေကို ပေးလိုက်ရတာလဲ"

"သူ့ ရှေ့နေက ကျွန်မ အခန်း ရောက်လာတယ်လေ၊ ရှေ့နေ မစ္စတာမေဆင်နဲ့အတူ အတွင်းရေးမှူး ဒယ်လာလည်း ပါလာတယ်၊ အယ်လီနာ ကျွန်မနဲ့ နေတယ်ဆိုတာ မစ္စတာမေဆင် သိနေတယ်၊





အယ်လီနာ့ ပစ္စည်းတွေ ယူသွားမယ်ဆိုတော့ ကျွန်မလည်း ပေးလိုက်တယ်"

"ပေးလိုက်တဲ့ ပစ္စည်းတွေဆိုတာ အယ်လီနာ ခင်ဗျားအခန်း ရောက်လာတုန်းက ယူလာပြီး ထားခဲ့တဲ့ ပစ္စည်းတွေပဲပေါ့၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

ဟင်မီတန်က အိတ်တစ်ခုကို ပြရင်း မေးပြန်၏။

"ကဲ. . . ဒီလွယ်အိတ်ကို သူကြည့်စမ်းပါ၊ အမှတ်အသားနာမည် အတိုကောက် အီးစီလို့ ပါတယ်၊ အဲဒီအိတ်ကို အရင်တုန်းက မြင်ဖူးပါသလား"

"ဟုတ်ကဲ့၊ မြင်ဖူးပါတယ်"

"ဘယ်မှာ မြင်ဖူးတာလဲ"

"ကျွန်မ အခန်းထဲမှာပါ"

"ဘယ်တုန်းကလဲ"

"အယ်လီနာ အခန်းပြောင်းတုန်း ယူစဉ်ကရယ်၊ ရှေ့နေကြီး မေဆင် ပေးလိုက်စဉ်ကရယ်"

"ဒီလိုဆိုရင် ဒီပစ္စည်းဟာ မေဆင်ကို ခင်ဗျား ပေးလိုက်တဲ့ ပစ္စည်းတွေထဲက တစ်ခုလို့ ရုံးတော်ကို ပြောချင် သိစေချင်တာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

"အယ်လီနာ ခင်ဗျားအခန်းထဲ ယူလာတာ ဒီအိတ်ပဲနော်၊ သေချာတယ်နော်"

"ဟုတ်ပါတယ်"

"အဝတ်သေတ္တာကို ပြပါမယ်၊ အဲဒါကော မှတ်မိပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း မှန်ပါတယ်၊ မစ္စတာမေဆင်ကို ပြန်ပေးလိုက်တာလည်း အဲဒီပစ္စည်းပဲ"

"ဒီသေတ္တာကြီး နှစ်ခုကကော"

"ဒါတွေလည်း ဟိုပစ္စည်းတွေလိုပါပဲ"

ဤတွင် ဟင်မီတန်က ရုံးတော်သို့ လျှောက်ထား၏။

"ရုံးမင်းခင်ဗျား. . . ဒီပစ္စည်းတွေကို သက်သေခံအဖြစ် တင်ပြ ချင်ပါတယ်"

ရုံးမင်းက မေဆင်ကို မေး၏။

"မစ္စတာမေဆင် ကန့်ကွက်ဖို့ ရှိပါသလား"

"အိတ်တွေကို ကန့်ကွက်ဖို့ မရှိပါဘူး၊ အထဲ ဘာတွေ ပါတယ် ဆိုတာတော့ မသိရပါလား"

ဟင်မီတန်က ခပ်ပြုံးပြုံး ဝင်ပြော၏။

"ဟုတ်ကဲ့၊ ခုတော့ အိတ်တွေထဲ ဘာမှ မရှိတော့ဘူး ဒါကြောင့် တရားခံရှေ့နေကြီးက ကန့်ကွက်မယ်လို့ မျှော်လင့်ထားပါ တယ်"

"ဒီလိုဆို ကန့်ကွက်စရာ မရှိပါဘူး"

ဤတွင် ဟင်မီတန်က တရားခံရှေ့နေကြီး မေးခွန်း မေးနိုင် ဖြစ်ကြောင်း လှမ်းပြောလာ၏။

မေဆင်ကလည်း ချက်ချင်းပင် အစိုးရရှေ့နေကြီးကို ပြန်မေး ၏။

"အစိုးရရှေ့နေကြီး ခင်ဗျား. . . အိမ်ခန်းတွေရဲ့ ပုံကြမ်း ကော သက်သေခံအဖြစ် တင်ပြဖို့ ရည်ရွယ်ပါသလား"

"ဟုတ်ကဲ့၊ ရည်ရွယ်ပါတယ်"





"စောစောက ပြောသွားတာ တစ်ခုရှိပါတယ်၊ ဆူဆန်ရဲ့ အခန်းကိစ္စအတွက် နောက်ထပ် သက်သေတစ်ယောက် တင်ပြဦးမယ် ဆိုတာ"

"ဟုတ်ပါတယ်"

"ဒီသက်သေ ခုရှိနေရင် သူ့ကို တင်ပြပြီးမှ ပေါင်းပြီး မေးခွန်း ထုတ်လိုပါတယ်"

"ကောင်းပါပြီ၊ နောက်သက်သေကို တင်ပါ့မယ်"

ဟင်မီတန်က မစ္စအေသယ်ဘီလင်ကို ပြန်ထိုင်ခိုင်းပြီး သက်သေ ရစ်ချီကို ခေါ်လိုက်၏။

ထိုသက်သေကို မေဆင်က လှမ်းကြည့်လိုက်ပြီး ဒယ်လာကို တိုးတိုးပြောသည်။

"ဟော့. . . ဒယ်လာ၊ ကြည့်စမ်း၊ ဘယ်သူလဲလို့၊ တို့ ဟိုနေ့က သွားတုန်းက တွေ့တဲ့ စာရေးကြီးပဲကွဲ့၊ တို့ကို မလိုတမာ ဆက်ဆံလိုက် တဲ့ စာရေးလေ"

မကြာခင်၌ပင် အစိုးရရှေ့နေကြီးက သူ့သက်သေကို မေးခွန်း စထုတ်သည်။

"ဘီလင်ဒါ အဆောက်အအုံက စာရေးကြီးနော်"

"ဟုတ်ပါတယ်"

"အဲဒီမှာ အလုပ်လုပ်တာ ဘယ်လောက် ကြာပြီလဲ"

"နှစ်နှစ်ကျော်ပါပြီ"

"တတိယအထပ်က အခန်းတွေအကြောင်း နှံ့နှံ့စပ်စပ် သိတယ်နော်"

"ဟုတ်ကဲ့၊ သိပါတယ်"

"အခန်း ၃၅၈ က အခန်းငှား ဆူဆန်ဂရင်ဂါကို သိသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သိပါတယ်"

"ပြီးတော့ ခုပဲ အစစ်ခံသွားတဲ့ အေသယ်ကိုကော သိသလား"

"သူ့ကိုလည်း သိပါတယ်"

"သူတို့နှစ်ယောက် ငှားနေကြတဲ့ အခန်းတွေရဲ့ အနေအထား တွေကိုကော သိပါသလား"

"ဟုတ်ကဲ့၊ ဒါလည်း သိပါတယ်"

"အခု အခန်း ၃၅၈ နဲ့ ၃၆၀ ရဲ့ ပုံကြမ်းကို ပြပါမယ်၊ အဲဒီ ပုံကြမ်းတွေ မှန်မမှန် ပြောနိုင်ပါ့မလား"

သက်သေက ပုံကြမ်းများကို လှမ်းကြည့်ပြီး ဖြေသည်။

"ဟုတ်ကဲ့ မှန်ပါတယ်၊ နှစ်ခန်းလုံး အနေအထားတွေ ခပ်ဆင်ဆင်ပါပဲ၊ တစ်ခုပဲ ရှိတယ်၊ အခန်း ၃၆၀ ထဲက အဝတ်ဗီရိုတစ်ခုက ၃ ပေခွဲ မြင့်တယ်"

"ဒီပုံကြမ်းဟာ ကြမ်းပြင်အနေအထားအတိုင်း အချိုးကိုက် ဆွဲထားတာပါလား"

"ဟုတ်ပါတယ်"

"ဘယ်သူ ပုံကြမ်းဆွဲသလဲ"

"ကျွန်တော် ဆွဲထားတာပါ"

"ဘယ်သူက ဆွဲခိုင်းလို့ပါလဲ"

"ခုမေးနေတဲ့ ရှေ့နေကြီး ဆွဲခိုင်းလို့ပါ"

"ဒါဆိုရင် ဒီပုံကြမ်းဟာ တစ်ပုံစံတည်းပဲနော်"

"ဟုတ်ပါတယ် ခင်ဗျ"

ဟင်မီတန်က ကျေနပ်သွားဟန်ဖြင့် ရုံးတော်သို့ သက်သေခံ အဖြစ် လက်ခံရန် လျှောက်ထားလိုက်၏။ ဤတွင် မေဆင်က နေရာမှ ထလိုက်သည်။





"ခဏနေပါဦး၊ တစ်ခု မေးချင်ပါတယ်၊ ဒီသက်သေရဲ့ နောက် ကြောင်းကလေးတွေ အနည်းအပါးပါ"

ရုံးမင်းက မေးခွင့်ပြုလိုက်၏။

တရားလိုပြသက်သေ ရစ်ချီသည် မေဆင်ကို ရဲရဲဝံ့ဝံ့ပင် ရင် ဆိုင်၏။ အပေါ်စီးဟန်လည်း ပေါ်လွင်နေ၏။ မေဆင်က စမေး သည်။

"ဩဂုတ်လ အတွင်းက ခင်ဗျား ကျုပ်ကို စတွေ့ဖူးတာ မှတ်မိ ပါသလား"

"ကောင်းကောင်းမှတ်မိပါတယ်"

"အဲဒီတုန်းက မစ္စဆူဆန်ဂရင်ဂါ ရှိမရှိ ကျုပ်က ခင်ဗျားကို မေးကြည့်ခဲ့တယ်၊ အဲဒါ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"မစ္စဆူဆန် အပြင်သွားနေတယ်၊ ကျုပ် ဘယ်ကို ဆက်သွယ် ရမှန်း မသိပါဘူးလို့တောင် ခင်ဗျား ဖြေခဲ့တယ်၊ ဒါကော မှတ်မိပါ သလား"

"မှတ်မိပါတယ်"

"ကျုပ် ဘယ်သူဆိုတာ အဲဒီတုန်းက ခင်ဗျားကို ပြောပြပြီး မစ္စဆူဆန်အတွက် စာတစ်စောင် ပေးခဲ့ချင်တယ်လို့ ပြောခဲ့တာကို ကော"

"ဟုတ်ကဲ့၊ ဒါလည်း ဟုတ်ပါတယ်"

ဤတွင် အစိုးရရှေ့နေကြီး ဟင်မီတန်က ဝင်ပြော၏။

"ရုံးမင်း ခင်ဗျား. . . ဒီသက်သေကို အခန်း အနေအထား အကြောင်း အစစ်ခံဖို့သာ ကျွန်တော် တင်ပြခဲ့တာပါ၊ အခန်းပုံစံကြမ်း မှန်တယ်လို့ သက်သေကလည်း အစစ်ခံသွားပါပြီ၊ တရားခံရှေ့နေကြီး



www.burmeseclassic.com

www.burmeseclassic.com



တလည်း ဒါကို မကန့်ကွက်ခဲ့ပါဘူး။ ဒါကြောင့် ခုမေးခွန်းဟာ မဆိုင်တဲ့ မေးခွန်း ဖြစ်နေပါတယ်"

နှုံမင်းကလည်း သူ့သဘောထားကို တစ်ခါတည်း ထုတ်ပြော၏။

"ရှေ့နေကြီး မစ္စတာမေဆင်၊ ကျုပ်လည်း ဒီလိုပဲ ထင်မြင်ပါတယ်၊ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော် နည်းနည်း ရှင်းလင်းလျှောက်လဲပါရစေ၊ ခု မေးနေတဲ့ မေးခွန်းတွေရဲ့ ရည်ရွယ်ချက်က ဒီသက်သေဟာ ဘယ်လောက်အထိ ဘက်လိုက်ထွက်ဆိုတဲ့ သက်သေဖြစ်ကြောင်း ပြချင်လို့ ဖြစ်ပါတယ်"

"ကောင်းပါပြီလေ၊ လုပ်ငန်းသဘောအရ မေးပိုင်ခွင့် ရှိပါတယ်၊ ဆက်မေးပါ၊ မေးခွင့်ပြုပါတယ်"

မေဆင်က ဆက်မေးပြန်သည်။

"ဆူဆန် ရှိမရှိ အဲဒီနေ့က ကျုပ်မေးလိုက်တော့ ခင်ဗျားဟာ မှန်လုံခန်းတစ်ခုတည်း ဝင်သွားပြီး အေသယ်ဆီ ဖုန်းဆက်ခဲ့တယ်၊ ဒါဟုတ်ပါသလား"

"ကျွန်. . . ကျွန်. . . ကျွန်တော် ဒီအခန်းတွေကို ခဏခဏ ဖုန်းဆက်ရလေ့ ရှိပါတယ်"

သက်သေ အမူအရာ ပျက်ကြောင်း တွေ့ရပြီဖြစ်၍ မေဆင်က ဖိမေးတော့သည်။

"ကျုပ် မေးနေတာက အဲဒီအချိန်မှာ ခင်ဗျားဟာ မှန်လုံခန်းထဲ ဝင်မဝင်၊ ပြီးတော့ အေသယ်ဆီ ဖုန်းဆက်မဆက်၊ ဒီမေးခွန်းကို ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးလို့ ပြောနိုင်ပါတယ်"





အစိုးရရှေ့နေကြီးသည် တရားလိုသက်သေ အကျပ်အတည်း တွေ့နေသည်ကို တွေ့သဖြင့် သက်သေဆီ လျှောက်သွားရင်း နှုတ်မှလည်း လှမ်းပြော၏။

"ဒီသက်သေက မှတ်မိရင်ပေါ့လေ"

သက်သေက တရားလိုရှေ့နေကြီးကို ကျေးဇူးတင်စွာဖြင့် လှမ်းကြည့်ရင်း မေဆင်၏ မေးခွန်းကို ဖြေ၏။

"ကျွန်တော် မမှတ်မိတော့ပါဘူး"

မေဆင်သည် ထိုအဖြေကြောင့် ပြုံးလိုက်၏။ ပြီးမှ ဆက်ပြောသည်။

"ခင်ဗျား မှတ်မိပါတယ်ဗျာ၊ တရားလိုရှေ့နေကြီးကသာ ခုလို ဝင်မပြောရင် ခင်ဗျား မှတ်မိတယ် ဖြေမှာပါ၊ ဟုတ်တယ် မဟုတ်လား"

ဤတွင် ဟက်မီတန်က ကန့်ကွက်သည်။

"နှုံမင်းခင်ဗျား၊ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

သို့သော် နှုံမင်းက ဝင်ရှင်းလိုက်၏။

"ဒီမေးခွန်းမျိုးလောက်တော့ သက်သေက ဖြေရမှာပေါ့၊ ခုဆို ဂျူရီလူကြီးတွေကိုယ်တိုင် ဒီသက်သေရဲ့ အမူအရာ မမှန်တာတွေ့ကြရပါပြီ၊ ကဲ. . . ဒီတော့ မစ္စတာရစ်ချ် မေးခွန်းကို ခင်ဗျား ဖြေဖို့လိုတယ်"

"အေသယ်ကို ဖုန်းဆက်တယ် ဆိုတာ၊ ကျွန်. . . ကျွန်. . . ကျွန်တော် တကယ် မမှတ်မိလို့ပါ"

"ဩော်. . . အေသယ်ဆီ ဖုန်းဆက်တာကိုတော့ မမှတ်မိဘူးနော်"

"ဟုတ်ပါတယ်၊ ထုံးစံအတိုင်း ကျွန်တော်က အဆောက်အအုံထဲက အခန်းတွေကို အမြဲတမ်းလို ဖုန်းဆက်နေတာကိုး. . . ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"မမှတ်မိနိုင်ဘူးဆိုတာ ဘယ်ဟာကိုပါလဲ"

"အဲဒီအချိန်က တယ်လီဖုန်းဆက်တယ် ဆိုတာကို ပြောတာပါ"

"မှန်လုံခန်းထဲ ဝင်သွားတာကိုကော မှတ်မိပါသလား"

"မမှတ်မိပါဘူး"

"ကျုပ်နဲ့ စကားပြောတာကိုကော မှတ်မိပါသလား"

"အဲဒါတော့ မှတ်မိပါတယ်"

"အဲဒီလို စကားပြောပြီးပြီးချင်း ခင်ဗျား ဘာလုပ်တယ်ဆိုတာကိုကော မှတ်မိပါသလား"

"ဒါလည်း မမှတ်မိတော့ပါဘူး"

"ကျုပ် ပြန်မေးပါမယ်၊ အဲဒီနေ့က တစ်ချိန်ချိန်ကော အေသယ်ဆီ ဖုန်းဆက်ပြီး ပယ်ရီမေဆင် လာနေပါတယ်လို့ ပြောခဲ့ပါသလား၊ မေဆင်က ဆုဆန်အကြောင်း မေးနေတယ်၊ ဘာညာပေါ့ဗျာ၊ တကယ်ပြောခဲ့တာဆိုရင် မှတ်မိရမှာပေါ့၊ ပြောမိတယ်၊ မပြောမိဘူး သာပြောပါ"

"ကျွန်တော် မပြောခဲ့ဘူး ထင်ပါတယ်"

"အပေါ်က အမိပ္ပာယ်မျိုး ဆောင်တဲ့ စကားမျိုးနဲ့ကော ပြောမိပါသလား"

"ကျွန်. . . ကျွန်. . . ကျွန်တော် တကယ်မမှတ်မိတာ ခင်ဗျ"

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်၊ ခု ဒီပုံကြမ်းကို သက်သေခံအဖြစ် လက်ခံပါပြီ၊ ရုံးမင်းခင်ဗျား. . . အေသယ့်ကို သက်သေ ပြန်ခေါ်ဖို့ ရှိပါသေးတယ်"

အေသယ်က သက်သေခံစင်မြင့်သို့ ပြန်တက်လာ၏။ သို့သော် မေဆင်ကို စိန်ခေါ်ကြည့်ဖြင့် ကြည့်၏။ မေဆင်ကလည်း ချက်ချင်းပင် မေးခွန်းထုတ်သည်။





"အယ်လီနာ ခင်ဗျားအခန်းမှာရှိတုန်းက သူ့မှာ သေနတ်ရှိတာ သေချာတယ်နော်"

"ဟုတ်ကဲ့၊ သိပ်သေချာပါတယ်ရှင်"

"သံမဏိပြောင်းနဲ့ ခြောက်လုံးပြူးနော်"

"ဟုတ်ပါတယ်"

"သေနတ်ကလည်း ပွိုင့် ၃၈ ခြောက်လုံးပြူးလား"

"အဲဒါလည်း ဟုတ်ပါတယ်"

"ကဲ. . . ကောင်းပါပြီ၊ ခြောက်လုံးပြူးဆိုတာ ဘယ်လို အမျိုးအစားအဖြစ် ယမ်းအား ပြောင်းအရွယ် ခွဲခြားထုတ်လုပ်ပါသလဲ"

"ရှင်. . . ဒါတော့. . . ဒါတော့၊ ကျွန်မက သေနတ် ပါရဂူမှ မဟုတ်ဘဲရှင့်၊ ဘယ်သိမလဲ"

ဒီလိုဆို ပွိုင့် ၃၈ ခြောက်လုံးပြူးဆိုတာ ဘာကို ပြောတာပါလဲ"

"ဒါ. . . ဒီသေနတ်မျိုးကို ခေါ်တာလို့ပဲ သိပါတယ်"

"ဟုတ်တာပေါ့၊ ဒီလိုခေါ်ကြတာကိုး၊ ဒါပေမဲ့ဗျာ ပွိုင့် ၃၈ ယမ်းအားဆိုတာက ဘာကို ဆိုလိုတာလဲဗျ"

"ကျည်ဆန်ရဲ့ အလေးချိန်ကို ပြောတာ ထင်ပါတယ်"

"ကျည်ဆန်ရဲ့ အလေးချိန်ကို ပြောတာနော်"

"ဟုတ်ပါတယ်"

"အဓိပ္ပာယ်ကော၊ ကျည်ဆန် ရှည်ရှည်သေးသေး အမျိုးအစားဟာ တိုတိုကြီးကြီး အမျိုးအစားထက် အလေးချိန် ပိုစီးနေရင် ရှည်ရှည်သေးသေးက ယမ်းအား ပိုပြင်းတယ်ပေါ့၊ ဒီလိုလား"

ဤတွင် အစိုးရရှေ့နေကြီးက ကြားဝင်ပြန်သည်။

"ရုံးမင်း ခင်ဗျား. . . ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ သက်သေကို လမ်းမှားဘက် ဆွဲခေါ်နေပါတယ်၊ ဒီသက်သေကလည်း သေနတ်ပါရဂူ မဟုတ်ပါဘူး၊ ပြီးတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ရုံးမင်းက ချက်ချင်း အဆုံးအဖြတ် ပေးသည်။

"သက်သေက ထွက်ထားတယ်ဗျ၊ အယ်လီနာရဲ့ သေနတ်ဟာ ပွိုင့် ၃၈ ခြောက်လုံးပြူးပါတဲ့၊ ဒီတော့ ပွိုင့် ၃၈ ဆိုတာ သက်သေက ဘာကို ပြောချင်တာလဲလို့ တရားခံရှေ့နေမှာ မေးခွင့် ရှိပါတယ်"

ထို့ကြောင့်ပင် မေဆင်က ပြန်ဆက်မေး၏။

"ကဲ. . . ခုနမေးခွန်းကို ဖြေပါဦး"

"ဟုတ်. . . ဟုတ်ကဲ့၊ ယမ်းအား ပိုပြင်းမယ်ထင်ပါတယ်"

"ယမ်းအားဆိုတာ ခင်ဗျား ဒါကိုပဲ ပြောချင်တာပေါ့၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆိုရင် ပွိုင့် ၃၈ ယမ်းအား ခြောက်လုံးပြူးလို့ ခင်ဗျား ပြောတာဟာ ကျည်အလေးချိန် အနည်းအကျဉ်း ရှိတဲ့ ကျည်ဆန်မျိုး ပစ်ခတ်နိုင်တဲ့ ခြောက်လုံးပြူးမျိုး ဆိုပါတော့"

ဤတွင် ဟင်မီတန်က ကန့်ကွက်ပြန်၏။

ရုံးမင်းကလည်း ကန့်ကွက်ချက်ကို ပယ်ချပြန်၏။

သက်သေ အေသယ်ကလည်း တရားလိုရှေ့နေကြီးဆီ မလုံမလဲ လှမ်းကြည့်ပြီးမှ မေးခွန်းကို ဖြေသည်။

"ဟုတ်. . . ဟုတ်ကဲ့. . .၊ ကျွန်မ အဲဒီလို ထင်ပါတယ်"

"ဒီတော့ တစ်ခါ ပွိုင့် ၃၈ ယမ်းအားလို့ ခင်ဗျားပြောတဲ့အခါ အဓိပ္ပာယ်က ကျည်ဆန်ရဲ့ အလေးချိန်ကိုပဲ ပြောတာပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီတော့ ပွိုင့် ၃၈ ကျည်ဆန်ဟာ ၃၈ ဂရိန် လေးတယ် ဆိုချင်တာပေါ့"

"ဒီလိုပဲ ထင်ပါတယ်"





"အဲဒီသေနတ်ဟာ ပွိုင့် ၃၈ သေနတ်လား၊ ပွိုင့် ၃၂ သေနတ်လား၊ ပွိုင့် ၄၄ သေနတ်လား၊ ခင်ဗျား မသိဘူး မဟုတ်လား"

"အင်း. . . ဒီသေနတ်ဟာ ပွိုင့် ၃၈ သေနတ်လို့ ကျွန်မကို ပြောထားတာကိုး"

အေသယ်တစ်ယောက် ခေါင်းရှုပ်ဟန်ဖြင့် ယင်းသို့ ပြောလာခြင်း ဖြစ်သည်။ မေဆင်က ထိုအချက်ကို သေချာအောင် ထပ်မေးပြန်၏။

"ဒါဟာ ပွိုင့် ၃၈ သေနတ်လို့ ခင်ဗျားကို ပြောထားတာနော်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုပြန်တော့၊ ပွိုင့် ၃၈ သေနတ် ဖြစ်ပါတယ်လို့ ခင်ဗျား ပြောပေမဲ့ အဲဒီသေနတ်ဟာ တကယ်ပွိုင့် ၃၈ လား၊ ပွိုင့် ၃၂ လား၊ ပွိုင့် ၄၄ သေနတ်လား၊ ခင်ဗျား မသိဘူး မဟုတ်လား"

"ဒီလို ယူဆချင်ရင် ယူဆနိုင်ပါတယ်ရှင်၊ ကျွန်မ မသိတာတော့ အမှန်ပါ"

"ဟုတ်ပါတယ်၊ ကျုပ်ကလည်း ဒီလိုပဲ ဆိုချင်ပါတယ်၊ အခုအခါ ခင်ဗျား ရစ်ချီထက် မှတ်ဉာဏ် ကောင်းမကောင်း၊ တစ်ခု မေးချင်ပါတယ်၊ ဟို. . . ရစ်ချီက ရှေ့နေ ပယ်ရီမေဆင် ရောက်နေပါတယ်လို့ ခင်ဗျားဆီ ဖုန်းဆက်တာကိုကော မှတ်မိပါသလား၊ ဆူဆန်ကို တွေ့ချင်တယ် ပြောကြောင်းလည်း ခင်ဗျားကို ရစ်ချီက ဖုန်းနဲ့ ပြောတာပေါ့၊ ရစ်ချီပြောတဲ့အတိုင်း အတိအကျတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ဒီအဓိပ္ပာယ်ပဲ၊ ကဲ. . . အဲဒီလို ပြောတာကို ခင်ဗျား မှတ်မိတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အေသယ်သည် မေဆင်၏ မေးခွန်းကို ပထမပိုင်း၌ ကိုယ်ကို တောင့်ခနဲ ဖြစ်အောင် အားတင်းလျက် မျက်လုံးဖြင့်လည်း မေဆင်ကို ပမာမခန့် စိုက်ကြည့်၏။ သို့သော် မေဆင်၏ အကြည့်မှာလည်း အနိုင်အစာ အကြည့်မျိုး ဖြစ်နေသဖြင့် နောက်ပိုင်း စိတ်လျှော့လိုက်ပြီး မျက်နှာပါ အောက်ချ အဖြေပေးလာသည်။

"ဟုတ်ကဲ့ရှင့်၊ ကျွန်မ မှတ်မိပါတယ်"

"နေ့ရက်နဲ့ အချိန်ကိုကော ခင်ဗျား မှတ်မိသလား"

"ဟုတ်ကဲ့၊ ဩဂုတ် ၁၇ ရက်နေ့ မွန်းလွဲပိုင်း ထင်ပါတယ်၊ အချိန် အတိအကျတော့ မမှတ်မိတော့ပါဘူး ရှင်"

"ကျုပ် ခင်ဗျား အခန်း လာမတွေ့ခင် မဟုတ်လား"

"ခန့်မှန်းလို့ မရနိုင်ပါ"

"ဒီလိုဗျာ၊ ကျုပ် လာမတွေ့ခင် ၁၀ မိနစ် ၁၅ မိနစ်လောက်က ဆိုတော့. . ."

"ဆိုမယ်ဆို ဆိုနိုင်မယ် ထင်ပါတယ်"

"ခင်ဗျားက ဆိုရမှာနော်၊ ကျုပ်က ဆိုရမှာ မဟုတ်ဘူး ပြီးတော့ အမှန်ကို ပြောရမှာ၊ တရားသူကြီးနဲ့ ဂျူရီတွေကလည်း အမှန်ကိုပဲ သိချင်ကြတာ"

"ဟုတ်ကဲ့၊ ကျွန်မဆီ ဖုန်းဆက်ပြီး စောစောကလို ပြောပါတယ်"

"ရစ်ချီနဲ့ ခင်ဗျားနဲ့ကကော ဘယ်လိုကိစ္စအတွက် ဆက်ဆံမှု ရှိနေတာပါလဲ"

ထိုမေးခွန်းကို ဟင်မီတန်က ကန့်ကွက်၏။

တရားသူကြီးက ခေတ္တစဉ်းစားပြီးမှ ကန့်ကွက်မှုကို လက်ခံကြောင်း ကြေညာသည်။





မေဆင်သည် ထိုအဆုံးအဖြတ်ကို ကြားရသည်နှင့် စိတ်မသက်မသာ ဖြစ်သွားဟန်ဖြင့် ထိုင်ချလျက် ဘေးရှိ ဒယ်လာကို စကားတိုးတိုး ပြောနေသည်။

"ဒီနေရာမှာ တို့ ပရိယာယ် မာယာကို သုံးလိုက်တာပဲ၊ ဟင်မီတန်ရဲ့ ကန့်ကွက်ချက်ရယ်၊ ရုံးက ဒါကို လက်ခံတာရယ်၊ ဒါတွေဟာ တို့ကို ကြိုးနဲ့ တုပ်လိုက်သလို ခံစားလိုက်ရပုံ ဂျူရီတွေ ထင်မြင်လာအောင် လုပ်လိုက်တာ၊ ဒါကြောင့် အခု ဆရာထိုင်ချလိုက်တာပဲကွဲ့၊ ပြီးတော့ တစ်ခါ ဒီမေးခွန်းဟာ ဂျူရီလူကြီးတွေ သိချင်လောက်အောင် အရေးကြီးပါလျက် အခု သိခွင့်မရ ဖြစ်ရတယ်လို့ ဂျူရီလူကြီးတွေ ကိုယ်တိုင် ထင်မြင်လာအောင် ရည်ရွယ်တယ်၊ ဒါကြောင့် ဆရာ အခု မမေးတော့ဘဲ ထိုင်ချလိုက်တာ၊ အခုပဲ မင်းကို တိုးတိုးလေး ပြောနေတာဟာ ဒီအခြေအနေအကြောင်း တို့တိုးတိုး တိုင်ပင်နေတယ်လို့ သူတို့ ထင်မှာ သေချာတယ်၊ ဒါကြောင့် အခု ဆရာ ပြောပြီးတာနဲ့ မင်းက စိတ်ထိခိုက်တဲ့ အနေမျိုး ခေါင်းခါ. . ."

ဒယ်လာက မေဆင်၏ အစီအစဉ်အတိုင်း စိတ်ထိခိုက်ဟန်ဖြင့် ခေါင်းခါပြ၏။

ဤတွင် မေဆင်ကလည်း စိတ်ထိခိုက်ဟန်ဖြင့် သက်ပြင်းချလျက် ရုံးတော်သို့ လျှောက်၏။

"ရုံးမင်းခင်ဗျား. . . အခု ကျွန်တော် မေးတဲ့ မေးခွန်းဟာ အမှုမှာ တစ်စိတ်တဒေသ အရေးပါတယ်လို့ တရားခံရှေ့နေအနေနဲ့ သတ်မှတ်ပါတယ်"

ပြောပြောပြီးချင်း ဒယ်လာကို တစ်ဖန်လှည့်ကြည့်လျက် ပခုံးတွန့်ပြသေး၏။ ပြီးမှ ဆက်လက် လျှောက်ထားသည်။

"ဒါကြောင့် တကယ်လို့ ရုံးတော်က ဒီမေးခွန်းကို ကန့်ကွက်တယ်ဆိုရင် ကျွန်တော် နောက်ထပ်မေးစရာ မလိုတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် တရားသူကြီး မိုရန်း အကျပ်ရိုက်သွားတော့၏။ ထို့ကြောင့် တရားသူကြီးက ချက်ချင်း ရှင်းလင်း ပြောဆိုသည်။ မေဆောင်က တရားသူကြီးအပေါ် မေးခွန်းကိစ္စ အပြစ်ပုံချလာမည့် အခြေအနေဟု နားလည်လိုက်ပြီး ရှင်းရခြင်း ဖြစ်သည်။

"ဒီလိုလည်း မဟုတ်ဘူးလေ မစ္စတာမေဆောင်၊ တရားရုံးက မေးခွန်းကိစ္စမှာ တံခါးပိတ်လိုက်တဲ့ အဓိပ္ပာယ် မဟုတ်ပါဘူး၊ ရှေ့နေကြီးအတွက် လွတ်လပ်ခွင့်အပြည့် ရှိနေပါတယ်၊ ဒါကြောင့် ခုဒီမေးခွန်းကို ပုံစံတစ်မျိုးနဲ့ မေးနိုင်ပါသေးတယ်"

သည်တော့မှ မေဆောင်က မေးခွန်းဆက်ထုတ်သည်။

"မစ္စအေသယ်. . . ခင်ဗျားကကော အယ်လီနာနဲ့ ခင်ဗျားတို့ရဲ့ အခန်းငှားတဲ့ ကိစ္စအကြောင်း ရစ်ချီကို ဖအားလုံး ထုတ်ပြောဖူးပါသလား"

ထိုမေးခွန်းကိုလည်း ဟင်မီတန်က ကန့်ကွက်ပြန်၏။ သို့သော် တရားသူကြီးက သက်သေ ဘက်လိုက် မလိုက် သိရန် လိုအပ်သဖြင့် မေးခွန်းပြု၍ မေဆောင်က ဆက်မေးသည်။

"ကဲ. . . ခုန မေးခွန်းကိုပဲ ဖြေပါ"

"ဟုတ်ကဲ့၊ ပြောမိဖူးပါတယ်လို့ ဖြေရပါမယ်"

"ဒါဆို ရစ်ချီကကော ခင်ဗျားကို အကြံကလေး ဘာကလေး မပေးဘူးလားဗျ"

တရားလိုရှေ့နေကြီးက ကန့်ကွက်ပြန်ချေ၏။ ရုံးမင်းက ရှင်းရပြန်သည်။

"ဟုတ်တယ် မဟုတ်ဘူးလောက်ဘဲ ဖြေနိုင်ပါတယ်"

အေသယ်သည် မနေသာတော့ဘဲ ဖြေရတော့၏။

"ဟုတ်. . . ဟုတ်ပါတယ်၊ အကြံပေးပါတယ်"





"ဘာလုပ်ဖို့ အကြံပေးပါသလဲ"

ဟင်မီတန်က ကန့်ကွက်ပြန်သည်။

"ရုံးမင်းခင်ဗျား. . . ဒါဟာ တစ်ဆင့်ကြား သက်သေခံချက် အကြောင်းအရာကို မေးသလို ဖြစ်နေပါတယ်"

"ဟုတ်တယ်၊ ကျုပ်လည်း ဒီလိုပဲ ထင်တယ်၊ ဒါဆို တန့်ကွက်ချက်ကို ရုံးတော်က လက်ခံပါတယ်"

သို့ဖြင့် မေဆောင်က တစ်မျိုး လှည့်မေးပြန်၏။

"အယ်လီနာ အဖမ်းမခံရမီကကော ရစ်ချီဆီက အကြံတောင်းဘူးသလား၊ ရစ်ချီကလည်း အကြံများ ပေးဖူးသလား"

တရားလိုရှေ့နေက ကန့်ကွက်ပြန်ရာ တရားသူကြီးက မေဆောင်တို့ လှမ်းမေးရ၏။

"တရားခံရှေ့နေကြီး တခြားနည်းနဲ့ ပြန်မေးလို့ မရဘူးလားဗျ"

"မရပါဘူး ရုံးမင်း ခင်ဗျား"

ဤတွင် တရားသူကြီးက တရားလို ရှေ့နေကြီးကို သံသယ ဖြည့် လှမ်းကြည့်သည်။ ဟင်မီတန်ကလည်း ပါးနပ်၏။ ထို့ကြောင့် ချက်ချင်းပင် လျှောက်လဲ ရှင်းလင်းသည်။

"ကျွန်တော့်အထင်မှာတော့ တရားခံရှေ့နေကြီးဟာ မေးခွန်း ထုတ်ရင်း ခုမှ ထောက်ကွက် တွေ့လို့တွေ့ငြား ထောင်ချောက် မေးခွန်းတွေ မေးနေတယ်လို့ ထင်ပါတယ်၊ ဒါကြောင့် ရုံးတော်က လည်း ကျွန်တော့် ကန့်ကွက်ချက်ကို လက်ခံတယ်လို့ ကျွန်တော် ယူဆပါတယ်"

မေဆောင်ကလည်း ချက်ချင်းတုံ့ပြန်၏။

"ကျုပ် မေးခွန်းတွေဟာ ကျယ်ကျယ်ပြန့်ပြန့် ရည်ရွယ်ပြီး မေးမြန်းထားခြင်း ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျယ်ပြန့်လွန်းနေပါတယ်၊ ဒါကြောင့် ဒီမေးခွန်းမျိုး မမေးသင့်ဘူးလို့ ကန့်ကွက်တာပါ၊ ဒီကိစ္စ ရုံးမင်းက အဆုံးအဖြတ်ဖြတ်ထုံး ပြုပေးပါ ခင်ဗျား"

"ကောင်းပါပြီ၊ ကန့်ကွက်ချက်ကို ရုံးတော်က လက်ခံပါတယ်"

တရားသူကြီးက ဆုံးဖြတ်ပေး၏။

ဤတွင် မေဆင်က တိုတိုတုတ်တုတ်ပင် တင်ပြ၏။

"ကျွန်တော် မေးစရာ ကုန်ပါပြီ"

"ဗျာ. . . မမေးတော့ဘူး၊ ဟုတ်လား"

တရားလိုရှေ့နေကြီးက လှမ်းထောင်သေး၏။

ထိုအချိန်၌ သက်သေမှာလည်း သက်သေစင်မြင့်မှ ဆင်းသွားပြီဖြစ်ရာ တရားလိုရှေ့နေကြီးသည် ယခုမှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် ရုံးတော်သို့ ရုတ်တရက် လျှောက်လဲပြန်၏။

"ရုံးမင်း ခင်ဗျား၊ ကျွန်တော် တစ်ခု မေ့သွားပါတယ်၊ တရားခံရှေ့နေကြီးကလည်း ဒီကိစ္စ ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန်တော် ဒီသက်သေကို တစ်ခု မေးဖို့ ကျန်ပါသေးတယ်၊ မေးခွင့်ပြုပါ"

ရုံးမင်းက မေးခွင့်ပြု၍ အေသယ်လည်း သက်သေစင်မြင့်ပေါ်ပြန်တက်ရပြန်၏။

"အယ်လီနာရဲ့ လက်ဝယ်မှာ အဖိုးတန်ပစ္စည်းအဖြစ် ဒီခသီနတ်အပြင် တခြားပစ္စည်း ရှိနေတာ မြင်ဖူးတွေ့ဖူးပါသလား"

"ဟုတ်ကဲ့ မြင်ဖူးပါတယ်"

"ဘာပစ္စည်းတွေပါလဲ"

"အဖိုးတန် ကျောက်မျက်ရတနာတွေ တော်တော်များများ သူ့လက်ဝယ် ရှိပါတယ်"

"ဗျာ. . . အဖိုးတန် ကျောက်မျက်ရတနာတွေ ဟုတ်လား ခင်ဗျား ဒီလို ဖြေတာပါနော်"





"ဟုတ်ပါတယ်"

ဤမေးခွန်းနှင့် ဤအဖြေကြောင့် ဂျူရီလူကြီးများပါ သက်သေကို စူးစိုက်လာကြသည်။

"ခင်ဗျား ဘယ်လိုဘယ်လို မြင်ရတာလဲ ပြောပြစမ်းပါလား"

"အယ်လီနာရဲ့ အခန်းထဲ တစ်နေ့ ကျွန်မ ဝင်အသွား တံခါးကလည်း ဆီအမြဲထည့်ထားတော့ အသံမမြည်ပါဘူးရှင်၊ အထဲလည်း ကျွန်မ ရောက်သွားရော အယ်လီနာဟာ ကျွန်မဘက် ကျောခိုင်းပြီး စက္ကူပါးကလေးတွေနဲ့ ထုပ်ထားတဲ့ ကျောက်မျက်ရတနာ တော်တော်များများကို ကြည့်နေပါတယ်၊ စိမ်းပြေနပြေ ရေတွက်နေပုံ ရပါတယ်"

"ကျောက်ဘယ်နှလုံးလောက် ရှိမယ်ထင်သလဲ"

"တော်တော်များများပါပဲရှင့်"

"ခင်ဗျား၊ အဲဒီလို မြင်တာတွေ့တာကို အယ်လီနာကတော့ သတိထားမိလိုက်သလား"

"သူ မသိပါဘူး၊ ကျွန်မလည်း အခန်းထဲ ရောက်ပြီး သူ ကျောက်တွေ ရေတွက်နေတာ မြင်လိုက်တာနဲ့ တိတ်တိတ်ကလေး ပြန်ထွက်ခဲ့ပါတယ်၊ သူ လုံးဝ မသိလိုက်ပါဘူး"

"သိတာ မသိတာလည်း အရေးမဟုတ်ဘူးဗျ၊ ခင်ဗျား ကျောက်တွေကို တကယ်မြင်လိုက်ရတယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ဒီကျောက်တွေ ခု ဘယ်ရောက်သွားသလဲလို့တော့ ခင်ဗျား မသိဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ မသိပါဘူး"

"အယ်လီနာ့ လက်ဝယ်မှာ ဒီကျောက်တွေ ရှိခဲ့တာတော့ ခင်ဗျား တကယ်မြင်ခဲ့တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ မြင်လိုက်ပါတယ်"

"ကဲ. . . ဒီလိုဆိုရင် ဒီကျောက်တွေဟာ ရှေ့နေကြီး ပယ်ရီမေဆင်ကို ခင်ဗျား အပ်လိုက်ရတဲ့ အယ်လီနာရဲ့ သေတ္တာတွေထဲ ပါသွားတယ်လို့ မဆိုနိုင်ဘူးလားဗျ"

ဤမေးခွန်းကိုကား မေဆင်က ကန့်ကွက်၏။

"ဦးဆောင်မေးခွန်း၊ နိမိတ်ပြမေးခွန်း ဖြစ်နေလို့ ကန့်ကွက်ပါတယ်"

တရားသူကြီးက ကန့်ကွက်ချက်ကို လက်ခံလိုက်သဖြင့် ဟင်မီတန်က သူမေးပြီးကြောင်း၊ ထို့ကြောင့် တရားခံရှေ့နေကြီး ကြားဖြတ်မေးခွန်းထုတ်နိုင်ပြီဖြစ်ကြောင်း ပြောလာသည်။

မေဆင် ခေတ္တ ခပ်ဆိုင်းဆိုင်း ရှိနေပြီး ဒယ်လာကို တိုးတိုးတလေး ပြောလေသည်။

"ဒယ်လာရေ. . . ဒါထောင်ချောက်ပဲကွ၊ တို့ကို သူ ထောင်ထားတယ်၊ ဒါပေမဲ့ တို့ကတော့ ရင်ဆိုင်ရတော့မှာပဲ၊ ဒီကျောက် ထိုတင်ပြလာရင် တို့ကြောက်သွားမယ်လို့ သူ တွက်ထားပုံရသတဲ့၊ ဒီထိုဂျူရီလူကြီးတွေ မသိအောင် တို့က ဖုံးဖိထားတယ်လို့လည်း သူက ယူဆပုံရတယ်၊ ကဲ. . . တို့က သူ့ထောင်ချောက်ကို ဒီလိုဝင် နင်းချေဖျက်မယ်ဟေ့"

မေဆင်သည် ဒယ်လာကို ပြောအပြီး မေးခွန်းမေးရန် သက်သေ စင်မြင့်အနီးအထိ လျှောက်သွားလျက် သက်သေကို စိုက်ကြည့် မေးလိုက်၏။

"ခင်ဗျားက အယ်လီနာရဲ့ အခန်းတံခါးဝမှာ ရပ်နေခဲ့တာ နော်၊ ဟုတ်လား"

"ဟုတ်ပါတယ်"





"အင်း. . . အဲဒီနေရာကနေ ခုတင်ပေါ်မှာရှိတဲ့ ကျောက်မျက်ရတနာတွေကို မြင်ရတာနော်"

"အင်း. . . ဒါလည်း ဟုတ်ပါတယ်"

"ဘယ်လောက် ကွာဝေးပါသလဲ"

"၁၀ ပေလောက် ရှိပါလိမ့်မယ်"

"၁၀ ပေကွာကနေ ခင်ဗျား ကြည့်လိုက်တော့ အဲဒါတွေဟာ အဖိုးတန် ကျောက်မျက်ရတနာတွေလို့ ခင်ဗျား သိလိုက်တယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ဘယ်လို ကျောက်မျက်ရတနာမျိုးပါလဲ"

"စိန်တွေရယ်၊ မြတွေရယ်၊ ပတ္တမြားတွေရယ်"

ဤတွင် မေဆင်က မေးခွန်းတစ်မျိုး လှည့်မေးလာသည်။

"စကားမစပ် တစ်ခု ဖြတ်မေးပါမယ်၊ ခင်ဗျား တစ်သက်တာမှာ အဖိုးတန် ကျောက်မျက်ရတနာအစစ် ဘယ်နှခုလောက် ကိုယ်ပိုင်အဖြစ် ပိုင်ဆိုင်ခဲ့ဖူးပါသလဲ"

"ဟို. . . ဟို. . . ကျွန်မမှာ စိန်စကလေးတွေတော့ ရှိဖူးပါတယ်"

"ဟိုဗျာ. . . စနစ်တကျ သွေးထားတဲ့ စိန်မျိုးကော ဘယ်နှခုလောက် ပိုင်ခဲ့ဖူးပါသလဲ"

သက်သေက မျက်စိလွှဲလိုက်၏။ ထို့ကြောင့် မေဆင်က ထပ်မေးပြန်၏။

"ဘယ်နှခုလဲလို့ ကျွပ်မေးနေပါတယ်"

"ကိုယ်ပိုင် မရှိခဲ့ဖူးပါဘူး ရှင်"

"ဒီလိုဆို ပတ္တမြား အစစ်ကော ဘယ်နှခု ပိုင်ဖူးခဲ့သလဲ"

"တစ်ခု ပိုင်ဆိုင်ဖူးပါတယ်၊ ကျွန်မကို လက်ဆောင်ပေးတာပါ၊ အဲဒါ ကျွန်မကတော့ အစစ်လို့ပဲ ထင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပတ္တမြား ခင်ဗျား လက်ထဲ ရောက်နေတာ ဘယ်လောက် ကြာပါပြီလဲ"

"ခုထိ ကျွန်မဆီမှာ ရှိနေပါတယ်"

"ဘယ်တုန်းက ခင်ဗျား လက်ဆောင်ရခဲ့တာလဲ"

"၁၀ နှစ်လောက် ရှိပါပြီ"

"အဲဒီပတ္တမြားဟာ အစစ်လား"

"အစစ်လို့ ကျွန်မ ယူဆထားခဲ့ပါတယ်၊ ကျွန်မကို လက်ဆောင် ပေးလာတာဆိုတော့ အစစ်လို့တော့ ကျွန်မ မပြောရဲဘူးပေါ့"

"ကဲ. . . ဒါဆို အယ်လီနာရဲ့ ခုတင်ပေါ်က ပတ္တမြားဆိုတာ တွေကော အစစ်တွေလား၊ အတုတွေလား"

"အဲဒါတွေကတော့ ပတ္တမြားတွေပါရှင်"

"အစစ်တွေလား၊ အတုတွေလားဗျ"

"အစစ်တွေပါ၊ အစစ်တွေလို့ပဲ ထင်မိပါတယ်၊ ကျွန်မ အခု အစစ်ခံနေတာဟာလည်း ကျွန်မ သိသမျှ အစစ်ခံနေတာပါရှင်"

"ဒါ သိပ်ဟုတ်တာပေါ့ဗျာ၊ ဒါနဲ့ နေပါဦး၊ အစိုးရရှေ့နေကြီး ဆီမှာလည်း ဒီကိစ္စ ခဏခဏ အစစ်ခံပြီးပြီ မဟုတ်လား"

"ဟိုမှာ ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ကျွန်မ ပြောပြခဲ့တာပါ ထွက်ချက်အစစ်ခံတာ မဟုတ်ပါဘူး"

"ဘာတွေ သက်သေအဖြစ်နဲ့ ထွက်ရမယ်ဆိုတာ ခင်ဗျား မျှော်လင့်ထားတဲ့ ထွက်ချက်မျိုး မဟုတ်လား"

"ဆိုနိုင်ပါတယ်"

"အယ်လီနာနဲ့ ပတ်သက်ပြီး အဖြစ်အပျက်အားလုံး ခင်ဗျား ရှေ့နေကြီးကို ပြောပြီးပြီနော်"

"ဟုတ်ပါတယ်၊ ပြောပြီးပါပြီ"





"ဟိုကျောက်တွေဟာလည်း အစစ်တွေလို့ ခင်ဗျားပြောပြခဲ့ တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကောင်းပါပြီ၊ ဒီကျောက်တွေ ခင်ဗျား မြင်ရတာဟာ ၁၀ ပေကွာကနေနော်"

"ဟုတ်ပါတယ်"

"ဒီထက်များ ပိုမနီးဘူးလား"

"မနီးပါဘူးရှင်"

"တံခါးပေါက်မှာ ခင်ဗျား အချိန်ဘယ်လောက်ကြာကြာ ရပ်ကြည့်နေခဲ့ပါသလဲ"

"အင်း. . . ၁၀ စက္ကန့်လောက် ရှိမယ်ထင်ပါတယ်"

"ဟုတ်ပြီ၊ ခင်ဗျား ပိုင်ဆိုင်တဲ့ ခင်ဗျား ပတ္တမြားကို ဘယ်မှာ ထားသလဲ၊ လက်စွပ် ဝတ်ထားသလား၊ အိမ်မှာ သိမ်းထားသလား"

"လက်စွပ်ဝတ်ထားပါတယ်ရှင်"

"ဒါဟာ ခင်ဗျားပိုင် ပတ္တမြားနော်၊ ခင်ဗျား ကိုယ်နဲ့မကွာဘဲ အမြဲ လက်မှာ ရှိနေတယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ဒီခင်ဗျားပိုင် ပတ္တမြားကို ခင်ဗျား သံယောဇဉ် တွယ်စရာ အကြောင်းလည်း ရှိမှာပေါ့"

"ဟုတ်ကဲ့၊ ရှိပါတယ်"

"ဒီပတ္တမြားလက်စွပ်ကို ခင်ဗျား အမြဲဝတ်ထားတော့ အမြဲ နီးပါးလည်း ကြည့်မိမှာပဲနော်"

"မှန်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်မိတယ် ဆိုတာမှာလည်း ခင်ဗျား မျက်လုံးတွေနဲ့ ပတ္တမြားဟာ လက်မပိုင်းလောက်ပဲ ဝေးမယ်ထင်တယ်၊ အနီးကပ် မြင်တွင်းကို ပြောတာပါ"

"ဒါလည်း မှန်ပါတယ်"

ဤတွင် မေဆင်က ကန့်လန့်မေးခွန်းတစ်ခု မေးထည့်လိုက်တော့၏။

"ကဲ. . . ခင်ဗျားစကားနဲ့ ခင်ဗျားကို ထပ်မေးရရင် ဒီလောက် နီးနီးကလေး အမြဲတမ်း နီးပါး ကြည့်မိလေ့ရှိတဲ့ ခင်ဗျားလက်စွပ်က ပတ္တမြားကိုတောင်မှ အစစ်လားအတုလား ခွဲခြားမသိနိုင်တဲ့ ခင်ဗျားက ဟို အယ်လီနာရဲ့ ခုတင်ပေါ်က ကျောက်မျက်ရတနာ တော်တော် များများကို ၁၀ ပေကွာကနေ ၁၀ စက္ကန့်လောက် ကြည့်မိပြီး ကျောက် မျက်ရတနာ အားလုံးဟာ အစစ်တွေပါလို့ မတုံ့မဆိုင်း အစစ်ခံ ထွက်ဆိုပြန်တယ်၊ ဂျူရီလူကြီးတွေ လက်ခံယုံကြည်လာအောင် ခင်ဗျား ထွက်ဆိုနေတာပဲ၊ ဒီတော့ ဒီထွက်ဆိုချက်ဟာ အမှန်ပါပဲလား"

"ဟုတ်. . . ဟုတ်. . . ဟုတ်ကဲ့ ရှေ့နေကြီး ဒီလို တင်ပြလာ ပြန်တော့လည်း ကျွန်မ ထွက်ချက်ဟာ ကမောက်ကမလို ဖြစ်ပြီး အရှုပ်ဆိုးသလို ဖြစ်နေပါတယ်"

"ဒါပေါ့ဗျ၊ အစကတည်းက ကမောက်ကမ ဆိုတော့ ထွက်ချက်ဟာလည်း ကမောက်ကမပဲ ဖြစ်တော့မှာပေါ့၊ ခင်ဗျားတော့ ကျောက်မျက်ရတနာ ပါရဂူလည်း မဟုတ်ပါဘူး၊ ဒါနဲ့တောင် ခင်ဗျား က အလိုအလျောက် အစစ်တွေမှန်း သိပါတယ်လို့ ပြောချင်တယ် ပြီးတော့ အရောင်တောက်လွန်းလို့လည်း အစစ်ပါလို့ ပြောချင်တယ် ဒါပေမဲ့ ၁၀ နှစ်လောက် ခင်ဗျားနဲ့ ကိုယ်နဲ့မကွာ ရှိနေတဲ့ ပတ္တမြားကျ တော့ ခင်ဗျား စိတ်ထဲက အလိုအလျောက် အစစ်ပါလို့ မပြောနိုင်ပြန်



ဘူး၊ ဒါဟာ အစစ်ပဲလို့ ယူဆရုံပဲ ယူဆထားခဲ့တယ် ပြောပြန်တယ်၊ ခင်ဗျားပိုင် ဒီပတ္တမြားဟာ အတုလား အစစ်လား၊ ဒါမှမဟုတ် ဘယ်လို ကျောက်မျိုးလဲဗျ"

"အယ်လီနာဆီမှာ မြင်လိုက်ရတဲ့ ကျောက်တွေနဲ့ မတူဘူးရှင့်"

"ဘယ်လို ခြားနားတာလဲ"

"အယ်လီနာရဲ့ ပတ္တမြားတွေက အရောင် ပိုတောက်ပါတယ်"

"ဒီတော့ ခင်ဗျား ၁၀ နှစ်လောက် ပိုင်လာတဲ့ ပတ္တမြားဟာ အတုလို့ ခင်ဗျား ယူဆပြီပေါ့"

"ဒါတော့ ကျွန်မ မသိဘူးရှင့်"

"အယ်လီနာရဲ့ ခုတင်ပေါ်မှာ ကျောက်မျက်ရတနာ ဘယ်နှခု လောက် မြင်လိုက်ရသလဲ"

"၅၀ လောက် ရှိမယ် ထင်ပါတယ်"

"ဒီထက် မပိုနိုင်ဘူးလား"

"ပိုနိုင်ပါတယ်၊ ၇၅ လောက်တောင် ရှိနိုင်တယ်"

"အင်း. . . ဒီလောက်များတဲ့ ကျောက်မျက်ရတနာ ၇၅ လုံးကို ၁၀ စက္ကန့်အတွင်း ခင်ဗျား ခွဲခြားမြင်နိုင်တယ် ဆိုတော့ အင်းလေ. . . ခင်ဗျားဟာ တစ်စက္ကန့်ကို ကျောက်ခုနစ်လုံးတောင် ခွဲခွဲခြားခြား၊ စစ်နိုင်ဆေးနိုင်စွမ်းတာပဲကိုး၊ ဒါမှန်ပါသလား"

"ဟုတ်ကဲ့၊ ဒီလို ပြောနိုင်မယ် ထင်တယ်"

"ဒါပေမဲ့ဗျာ ကျောက်မျက်ရတနာ ပါရဂူတွေတောင် ကျောက် တစ်လုံး စစ်မစစ် စစ်ဆေးကြည့်တဲ့အခါ ရိုးရိုးမျက်စိနဲ့တောင် မဟုတ်ဘဲ မှန်ဘီလူးကြီးနဲ့ စက္ကန့် အတော်များများ ကြာအောင် စစ်ရဆေးရ တတ်တယ်၊ ဒါဟုတ်သလား မဟုတ်ဘူးလား"

"ဟုတ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့တောင်ဗျာ၊ ကျောက်မျက်ရတနာအကြောင်း ဘာမှမသိဘဲ ခင်ဗျားက ကျောက်မျက်ရတနာသည်း ကိုယ်ပိုင် မကိုင်တွယ်ဖူးပါဘဲနဲ့ အင်း. . . လက်ထဲမှာ အမြဲ ဝတ်ထားတဲ့ ပတ္တမြားလက်စွပ်ကိုလည်း ပတ္တမြားစစ်မစစ် မသိပါဘဲနဲ့ ခင်ဗျား ဒီရုံးတော်မှာ ကျမ်းကျိန်ပြီး ကျောက် ၇၅ လုံးလောက်ကို ၁၀ ပေကွာကနေ ၁၀ စက္ကန့် ကြည့်ပြီး ဒီကျောက် တစ်လုံးချင်းတွေဟာ အစစ်တွေပါပဲလို့ အခု အစစ်ခံ ထွက်ဆိုနေပါတယ် ဆိုတာကိုကော ခင်ဗျား သိပါသလား"

"ကျွန်မ ဒီကျောက်အားလုံး တစ်လုံးချင်း စစ်ပါတယ်လို့ မပြောခဲ့ပါဘူးရှင်"

"ဒီလိုဆို ဘယ်နှလုံးက အစစ်တွေလဲဗျ"

"ဒါတော့ ကျွန်မ မသိပါဘူး"

"ရာနိုင်နှုန်း ဘယ်လောက်လောက် အစစ် ဖြစ်မလဲဗျာ"

"ဒါလည်း မသိပါဘူး"

"ဘယ်နှခုလောက်ကော အစစ်ပါမလဲဗျ"

"ဒါလည်း မသိပါဘူး"

"တစ်ခုလောက်ဖြစ်ဖြစ် အစစ်မပါဘူးလားဗျ"

"အင်း. . . တစ်ခုလောက်တော့ အစစ်ဖြစ်နိုင်ပါတယ်"

"နှစ်ခုလောက်ကောဗျာ"

"ကျွန်မ ပြောပြီးပါပြီ၊ ကျွန် မသိပါဘူး"

"သိပ်ဟုတ်တာပေါ့၊ အဲဒီ ကျောက်တွေထဲမှာ ဘယ်လောက် အစစ်ပါတယ်၊ မပါဘူးဆိုတာ ခင်ဗျား မသိဘူးလို့ ပြောခဲ့ပါတယ် ဒါဟာ ဟုတ်ပါသလား"

"စစ်တယ်လို့ ကျွန်မ ထင်ခဲ့တာပါ"

"စိတ်ထဲက ထင်လို့ အစစ်လို့ ပြောတာဆို"





"ဟုတ်ပါတယ်"

"အရောင်အသွေး သိပ်တောက်ပနေတဲ့ ကျောက်တွေအဖြစ် မြင်လိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ကဲ. . . ကဲ. . . တော်ပါပြီ၊ မေးခွန်း မေးပြီးပါပြီ"

မေဆင်က ဂျူရီလူကြီးများကို ပြုံးကြည့်ရင်း ပြောလိုက်ခြင်း ဖြစ်သည်။

မေဆင် မေးပြီးချိန် မျက်နှာ ပျက်နေပြီး ဖြစ်သော အစိုးရရှေ့နေ ဟင်မီတန် ထလာပြီး ပြန်ရှင်းမေးသေး၏။

"ဆိုကြပါစို့ ဒေါက်ကလပ်ဟာ ဩဂုတ် ၁၆ ရက်မှာ အသတ်ခံရတယ်ဆိုတော့ ဒီကျောက်မျက်ရတနာတွေကို အေသယ် မြင်လိုက်ရတာ ဒေါက်ကလပ် သေပြီမှလား၊ မသေခင်လား"

မေဆင်က ထိုမေးခွန်းကို ကန့်ကွက်လိုက်၏။ ရုံးတော်က ကြိုတင် ထင်မြင်ခံယူစေလိုသော အမြင်ရှိစေနိုင်သဖြင့် ကန့်ကွက်ခြင်း ဖြစ်၏။ ရုံးမင်းကလည်း ကန့်ကွက်ချက်ကို လက်ခံရုံမျှမက ထိုအချက်ကို ဂျူရီလူကြီးများ မှတ်မထားရန်အထိ အဆုံးအဖြတ် ပေးလိုက်၏။ ဟင်မီတန်က တစ်မျိုးဆက်မေးပြန်၏။

"ခင်ဗျား. . . ဘယ်နေ့က မြင်ရတွေ့ရတာလဲ"

"ဩဂုတ်လ ၁၆ ရက်နေ့ကပါ"

"ဘယ်အချိန်လောက်မှာလဲ"

"ညနေ ၆ နာရီလောက်မှာပါ"

"မေးခွန်းမေးလို့ ပြီးပါပြီ"

ဟင်မီတန်က ထိုသို့အပြော မေဆင်က လှမ်းမေးသေး၏။

"တကယ် နောက်ထပ် မမေးတော့ဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ နောက်ထပ် သက်သေတစ်ယောက်ဖြစ်တဲ့ မစ္စ ဆူဆန်ဝရင်ဝါတို့ ခေါ်ပါမယ်"

ဆူဆန်ရှေ့သို့ ထွက်လာပြီး စင်မြင့်ပေါ် တက်၍ ကျမ်းကျိန်၏။ တရားလိုရှေ့နေကပင် ပထမမေးခွန်း ထုတ်၏။

"ခင်ဗျားဟာ ဘီလင်ဒါ အဆောက်အအုံ အခန်း နံပါတ် ၃၅၈ မှာ နေတဲ့ ဆူဆန်ဂရင်ဂါပါနော်"

"ဟုတ်ပါတယ်ရှင်"

"အိမ်ထောင်နဲ့လား၊ လူလွတ်လား"

"အိမ်ထောင် မရှိပါဘူးရှင်"

"တစ်ဦးတည်းနေတယ်လား"

"ဟုတ်ပါတယ်"

"ဥရောပကို မကြာခဏ သွားဖူးတယ်နော်"

"ကျွန်မက အနုပညာဘက် စိတ်ဝင်စားပါတယ်၊ ဒါကြောင့် ကျွန်မ တတ်နိုင်သမျှ ဥရောပ အနုပညာ ပြတိုက်ကြီးတွေ သွားပြီး လေ့လာပါတယ်၊ ရှေးဆရာကြီးတွေရဲ့ ပန်းချီလက်ရာတွေကို လေ့လာပြီး အချက်အလက် စုဆောင်းနေပါတယ်။ စာအုပ်တစ်အုပ် ရေးနေတာပါ၊ အဲဒီအကြောင်း စာအုပ်မထွက်သေးခင်မှာ အခု ကြိုတင် အစစ်ခံဖို့ ဝန်မလေးပါဘူး"

"ခင်ဗျား. . . ဥရောပက ပြန်လာတာ မကြာသေးဘူးနော်"

"ဟုတ်ပါတယ်"

"သင်္ဘောပေါ်မှာ ဒေါက်ကလပ်ကို တွေ့ခဲ့ပါသလား"

"ဟုတ်ကဲ့"

"ခုဆို ဒေါက်ကလပ်နဲ့ အတော်ရင်းနှီးနေပြီနော်"

"အင်း. . . သင်္ဘောပေါ် တွေ့တဲ့ မိတ်ဆွေအနေနဲ့ ရင်းနှီးခင်မင်တာပါ"





"နောက်တော့ကော တွေ့ကြသေးသလား"

"နောက် ရက်အတော်ကြာကြာ သူနဲ့မတွေ့ဖြစ်ဘူး၊ တစ်နေ့ တစ်နေရာမှာ သွားဆုံကြတယ်၊ ဒီတော့ သူက မိတ်ဟောင်းအဖြစ် ပြန်တွေ့ကြရအောင်လို့ သူက ချိန်းတယ်"

"အဲဒီလို ချိန်းတာ ဘယ်တော့လောက်ကလဲ"

"ဇူလိုင်လကုန် ရက်ပိုင်းမှာပါ"

"ဒီနောက်တော့ကော"

"နှစ်ခါသုံးခါလောက် ဆိုင်တွေမှာ ညစာ အတူစား အတူ လည်ပတ်ခဲ့ကြပါတယ်၊ အဲဒီတုန်းက သူက ကျွန်မကို ပြော. . ."

ဆူဆန် စကားမဆုံးမီ ဟင်မီတန်က ဖြတ်ပြော၏။

"သူပြောတာကို ကျုပ် အထောက်အထားအဖြစ် တင်ပြခွင့် မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားနဲ့ ရင်းနှီးမှု အခြေအနေအကြောင်း သိစေရုံ တော့ ပြောနိုင်ပါတယ်"

ဥပဒေဘက်က တိတိကျကျ ရပ်သယောင် ပြောလာခြင်း ဖြစ်သည်။

"ကျွန်အပေါ် ယုံကြည်စိတ်ချလာတဲ့အထိ ကျွန်မနဲ့ ရင်းနှီးခဲ့ပါ တယ်"

"သူနဲ့အတူ မကြာခဏ လည်ပတ်ဖူးတယ်ပေါ့"

"ဟုတ်ပါတယ်"

"တစ်ခါတလေ ခင်ဗျားအခန်းကိုလည်း လိုက်လာဖူးမှာပေါ့"

"ဟုတ်ကဲ့. . . ကျွန်မကို ပြန်ပို့ရတာကိုး"

"တစ်ခါတလေ ခင်ဗျား အခန်းမှာကော လာပြီး ညအိပ် တည်းဖူး၊ ခိုဖူးမှာပေါ့"

"လာဖူးပါတယ်၊ ကျွန်မကလည်း သူ့ကို သူယုံသလို ယုံကြည် စိတ်ချတဲ့သဘော ပြရတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . . တစ်ခု မဆီမဆိုင် မေးပါရစေ၊ အယ်လီနာ အကြောင်း ဒေါက်ကလပ်က ခင်ဗျားနဲ့ တိုင်ပင်ဖူးသလား"

"တိုင်ပင်ဖူးပါတယ်ရှင်"

"တိုင်ပင်တဲ့အခါတွေမှာ အယ်လီနာဟာ သူ့ရူးနေပါလို့ သုံးနှုန်း ပြောဖူးတာများ ရှိခဲ့ဖူးပါသလား"

"မပြောဖူးတာ အမှန်ပါရှင်၊ မပြောရုံတင်မကသေးဘူး. . ."

"တော်ပြီ တော်ပါပြီ၊ ဒီမေးခွန်းကို ဒီလောက်ပဲ ဖြေပါ၊ ဒီထက် ချဲ့မဖြေပါနဲ့၊ ဥပဒေဘောင်နဲ့ လွတ်သွားမှာ စိုးရတယ်၊ ခု ကျုပ်မေးတာက အယ်လီနာဟာ သူ့ရူးနေလို့ ပြောနေကြလို့ ဒီလိုများ သုံးနှုန်းပြောဆိုခဲ့ဖူးသလား သိချင်တာပါပဲ၊ မပြောဘူး မသုံးဘူးလို့ ခင်ဗျား ပြောတယ်နော်၊ ကဲ. . . ခု ဆက်မေးပါဦးမယ်၊ အယ်လီနာနဲ့ကော တွေ့ပြီး ဒေါက်ကလပ်အကြောင်း ပြောဖူးဆိုဖူးပါသလား"

"ဟုတ်ကဲ့. . . ပြောဖူးပါတယ်"

"ဘယ်နေ့လောက်ကပါလဲ"

"ဩဂုတ် ၁၅ ရက်လောက်ကပါ"

"ဘာတွေ ပြောကြပါသလဲ"

"ဒေါက်ကလပ် ကျွန်မဆီ လာနေကျဆိုတော့ သူပြန်သွားတိုင်း အခန်း ၃၆၀ တံခါး ဖွင့်ခနဲ ဟသွားတတ်ပြီး အယ်လီနာက ဒေါက်ကလပ် ပြန်သွားတာကို ချောင်းကြည့်လေ့ရှိတာ ကျွန်မ တွေ့ရတယ်"

"အယ်လီနာလို့ ဘယ်လိုလုပ် သိနိုင်သလဲ"

"အေသယ်ဆီ သူလာနေတာကိုက ကျွန်မ အခြေအနေတို့ တိတ်တဆိတ် အကဲခတ်ဖို့ပဲ ရှင်"





"အင်း. . . အင်း. . . ခင်ဗျား အယူအဆကို ရုံးတော်မှာ အစစ်မခံရဘူး၊ ရုံးမင်း ခင်ဗျား. . . အဲဒီလို မထွက်ဆိုရဘူးလို့ သက်သေကို ညွှန်ကြားပေးပါခင်ဗျား၊ မေးခွန်းကိုပဲ ဖြေခိုင်းပေးပါ"

အစိုးရရှေ့နေကြီးက ရုံးမင်းကိုပင် တိုင်တည်လိုက်ချေသေးသည်။

သက်သေက စိတ်တိုတိုဖြင့် သဘောပေါက်စွာ ထွက်ဆိုအဖြေပေး၏။

"ဟုတ်ကဲ့ ကောင်းပါပြီရှင်၊ အေသယ်ရဲ့ အခန်းကို အယ်လီနာ ပြောင်းလာတာ ကျွန်မ သိပါတယ်၊ ဒေါက်ကလပ် ကျွန်မအခန်းက ပြန်သွားတိုင်း အေသယ်ရဲ့ အခန်းတံခါး ဟသွားလေ့ ရှိတာကိုပဲ ကျွန်မ သိပါတယ်၊ ဒေါက်ကလပ် ဘယ်အချိန် ပြန်မယ်ဆိုတာ သာမန်နည်းနဲ့ မသိနိုင်ပါဘူး၊ ကျွန်မ အခန်းထဲ ပြောတာဆိုတာတွေကို တစ်နည်းနည်း ခိုးပြီး နားထောင်ပါမှ သိနိုင်မယ်လို့ ကျွန်မ နားလည်ထားပါတယ်"

"အင်း. . . အဲဒီနေ့က ဒေါက်ကလပ် ပြန်သွားတော့ ဘာတွေ ဖြစ်ခဲ့ကြပါသလဲ"

"ဟုတ်ကဲ့. . . ဒေါက်ကလပ် ဓာတ်လှေကားထဲ ဝင်သွားပြီးချိန် ကျွန်မက ဟနေတဲ့ အခန်းနံပါတ် ၃၆၀ ရဲ့ တံခါးကို တွန်းဝင်လိုက်ပါတယ်၊ အဲဒီအချိန်မှာ အယ်လီနာဟာ တံခါးဟပြီး ချောင်းကြည့်နေတုန်းမို့ ကျွန်မကလည်း သူ့အခန်းတံခါးကို တွန်းပြီး သူ့အခန်းထဲ ဝင်လိုက်တယ်"

"တံခါးဝမှာ ဘယ်သူရပ်နေသလဲ"

"အယ်လီနာ ရပ်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီအမှုမှာ တရားခံအဖြစ် တင်ပြခံရသူ အမျိုးသမီးကို ပြောတာလား"

"ဟုတ်ပါတယ်ရှင်"

"ပြီးတော့ ဘာတွေ ဆက်ဖြစ်သလဲ၊ ပြောပြပါဦး"

"ကျွန်မက ရန်တွေ့တာပေါ့၊ နင်ဟာ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး တော်တော် မနာလို ဝန်တိုဖြစ်နေတဲ့ ကောင်မ ဒီယောက်ျား ငါ့ဆီ အလုပ်ကိစ္စနဲ့ သွားတာလာတာ ပြောတာဆိုတာ အစ နင်က ခိုးပြီး နားထောင်နေတယ် မဟုတ်လား။ ညည်း အခုလို ဆက်လုပ်နေရင် ငါ့ရဲ့စခန်းကို တိုင်ရလိမ့်မယ်။ ဘာညာနဲ့ ကျွန်မက သူ့ကို အကြီးအကျယ် ရန်တွေ့ပစ်လိုက်ပါတယ်"

"ဒီတော့ သူက ဘာပြောသလဲ"

"ကျွန်မကို ပြန်ရန်တွေ့တယ်လေ၊ ကျွန်မက သူ့ယောက်ျား လေး မိတ်ဆွေကို သူ့လက်ထဲက ခိုးယူဖို့ ကြိုးစားနေသတဲ့၊ ဒီလူ လည်း တခြားယောက်ျားတွေလိုပဲ အခွင့်အရေးသမားတဲ့၊ ကျွန်မ လည်း ဒေါက်ကလပ်ကို မြူဆွယ်နေသတဲ့"

"ဒီလို ရန်တွေ့တုန်းမှာကော ဒေါက်ကလပ်နဲ့ သူနဲ့ဟာ လက်ထပ်ထားတဲ့ လင်မယားဆိုတဲ့ စကားလုံး သုံးခဲ့ဖူးသလား"

"ဒေါက်ကလပ်ကို သူ လက်ထပ်လိုသတဲ့၊ ဒါကြောင့် ဒေါက် ကလပ်ကိုမှ သူမရရင် ဒီမြင် ဘယ်သူမှလည်း ဒေါက်ကလပ်ကို မရစေ ဘူးတဲ့"

"ခြိမ်းခြောက်တာတွေ ဘာတွေကော ရှိသလား"

"သူပြောတာ အားလုံးတော့ ကျွန်မ မမှတ်မိတော့ပါဘူး၊ ခြိမ်း ခြောက်တာတွေတော့ ပါတယ်။ ဒေါက်ကလပ်ကို ကျွန်မက လုယူသွား





ရင် ကျွန်ကိုလည်း သတ်မယ်၊ ဒေါက်ကလပ်ကိုလည်း သတ်ပစ်မယ် လို့ ပြောပါတယ်"

"ဒီလို ရန်တွေ့နေကြတာကို ကြားရသူ တစ်ဦးဦးများ ရှိ သလား"

"အဲဒီတုန်းက ကျွန်မတို့ နှစ်ယောက်တည်း ရှိနေတာပဲ"

"နေဦး၊ ခြိမ်းခြောက်ရုံပဲလား၊ ခြိမ်းခြောက်တဲ့အတိုင်း ဘယ့် နှယ် ဘယ်လို လုပ်မယ်တို့ ဘာတို့ကော မပြောဘူးလား"

"ဟာ. . . ပြောတာပေါ့၊ ရန်တွေ့ရင်း သူ့လက်ပွေ့အိတ်ကို ဖွင့်ပြီး အထဲမှာ ထည့်ထားတဲ့ ခြောက်လုံးပြူးကို ပြတယ်၊ ပြီးတော့ ပြောသေးတယ်။ ငါဟာ ကြံရာမရ ဖြစ်နေတဲ့ မိန်းကလေးနော်၊ ဒီတော့ ငါ့ကို လာမစမ်းနဲ့၊ အဲ. . . အဲဒီလို အစိမ့်ယှာယ်မျိုးနဲ့လည်း ကြိမ်းပါသေး တယ်"

"ဟို. . . လက်ပွေ့အိတ်ထဲက ဘာကို ပြတာလဲ"

"ခြောက်လုံးပြူးပါရှင်"

"ခုတရားလို သက်သေခံပစ္စည်း အမှတ် ၇ကို ကြည့်ကြည့်ပါ ခင်ဗျာ၊ အဲဒီသေနတ်ကို အရင်က တွေ့ဖူးသလား"

"ဟိုသေနတ်လားတော့ မသိဘူး၊ အဲဒီသေနတ်နဲ့ တူတာမျိုး တွေ့တာ တစ်ကြိမ်တွေ့ဖူးပါတယ်"

"ဘယ်မှာ တွေ့ဖူးတာလဲ"

"အယ်လီနာရဲ့ လက်ပွေ့အိတ်ထဲမှာပါ"

"ရန်တွေ့ကြပြီးနောက်ပိုင်း ဘာတွေဖြစ်ကြသေးသလဲ"

"သူ့ကို ကျောခိုင်းလိုက်ပြီး ကျွန်မအခန်းထဲ ပြန်လာခဲ့ပါတယ်"

အစိုးရရှေ့နေကြီး ဟင်မီတန်က မေးပြီးပြီ ဖြစ်၍ မစ္စတာ မေဆင်ကို ပြန်လှန်မေးခွန်း ထုတ်နိုင်ပြီ ဖြစ်ကြောင်း လှမ်းပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြောပြီးပြီးချင်း အားရတျေနပ်ဟန်ဖြင့် ကုလားထိုင်တွင် ပြန်ထိုင်၏။ အလှည့်ရောက်လာပြီ ဖြစ်သဖြင့် မဆောင်က မေးခွန်း ထုတ်သည်။

"မစ္စဂရင်ဂါ. . . စောစောကရန်တွေ့ပွဲမှာ ခင်ဗျားက အရင်စ ရန်ထောင်တာနော်"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက စတာပါ၊ ကျွန်မ အခန်းကို ချောင်းပြီး စုံစမ်းခံ၊ ချောင်းကြည့်ခံနေရတဲ့အတွက် ကျွန်မ ဒေါပွပြီး ဒီလိုမလုပ်တော့တောင် ကျွန်မ စပြောခဲ့တာပါ"

"ခင်ဗျားတို့ နှစ်ယောက် ရန်တွေ့နေကြတာကို တခြား တစ်ယောက်ယောက်များ ကြားမသွားဘူးလား၊ ဟို. . . အေသယ် ကော အခန်းမှာ မရှိဘူးလား"

"မရှိပါဘူးရှင်၊ အပြင်သွားနေပါတယ်။ အယ်လီနာ တစ်ယောက်တည်း အခန်းထဲ ရှိပါတယ်"

"ဒီလိုဆိုတော့ ခု ခင်ဗျား ပြောတာ ထွက်ဆိုနေတာတွေဟာ အယ်လီနာ ဆန့်ကျင်ရေး ခင်ဗျားတစ်ဦးတည်းရဲ့ စွဲဆိုထွက်ချက်တွေ ဖြစ်မနေဘူးလား"

မဆောင်က ပြုံးရင်း မေးလိုက်ခြင်း ဖြစ်သည်။

"ကျွန်မ အမှန်အတိုင်း အစစ်ခံနေတာပါရှင်"

"ဒါပေမဲ့ ခက်နေတဲ့အချက်က ခင်ဗျား အခုလို ပြောခဲ့တယ် ဆိုတာကို ကြားရပါတယ် ဆိုတဲ့ သက်သေမရှိဘူးဗျ"

"ဟာ. . . ဒါတော့ ရှေ့နေကြီး မှားနေပါပြီ၊ ကျွန်မနဲ့ အယ်လီနာ နှစ်ယောက် ပြောဆိုရန်တွေ့နေကြတာကို ရစ်ချီက တစ်ခွန်းတစ်စ ကြားသွားလို့ ဒီအဆောက်အအုံဟာ အထက်တန်းစား တွေ နေထိုင်တာဖြစ်လို့ ဒီလို ရန်မဖြစ်သင့်ကြကြောင်း လာပြောတယ် လေ"





"တခြားလူက ခင်ဗျားကို ပြောတာ ဘယ်လိုလုပ် အထောက် အထားလို့ ယူဆရမှာလဲ၊ အခု ကျုပ် မေးနေတာက ခင်ဗျားတို့ ရန်ဖြစ် နေတုန်း တစ်စုံတစ်ယောက် အဲဒီမှာ ရှိနေသလား"

"မစ္စတာရစ်ချီဟာ ကပ်နေတဲ့ အခန်းထဲမှာ ရှိနေခဲ့ပါတယ်၊ အခန်းတံခါးကလည်း ပွင့်နေတယ်၊ ဒါကြောင့် ပြောတာဆိုတာတွေ အားလုံးကို သူကြားပါတယ်"

"ဟုတ်ကဲ့၊ တော်လောက်ပါပြီ"

မဆောင် မေးခွန်းရပ်လိုက်ချိန် တရားလိုရှေ့နေကြီး ဟင်မီတန် က ဝင်ဆက်၏။

"ဒီမှာ မစ္စဂရင်ဂါ. . . ခင်ဗျားတို့ စကားပြော ရန်ဖြစ်နေတာ ကို ရစ်ချီ ကြားတယ်လို့ ကျုပ်ကို ခင်ဗျား မပြောပါလားဗျ"

"ရှေ့နေကြီးက မမေးလို့ပါ"

ဤတွင် မဆောင်က ကြားဝင်ပြန်၏။

"အဲဒါကိုပဲ ကြည့်ပါတော့၊ ဒီသက်သေ ဆူဆန်ဟာ ရစ်ချီ ကြားတယ်ဆိုတာ အမှန်မသိပါဘူး"

"ဪ. . . ရစ်ချီက နောက်ပိုင်း သူကြားရတယ်လို့ ကျွန်မဆီ လာပြောပြပါတယ် ရှင်"

ဟင်မီတန်က ဝင်ထောက်ပြန်သည်။

"ဒါဆို လုံလောက်ပါပြီ၊ ရှုံမင်းခင်ဗျား. . . ခု ဒီအချက်ဟာ အမှုသွား အမှုလာအတွက် စိတ်ဝင်စားစရာ အခန်းတစ်ခန်း ဖွင့်လိုက် သလို ဖြစ်ပါတယ်၊ ဒီအချက်အကြောင်း ကျွန်တော် အရင်က မသိခဲ့ ပါဘူး၊ မစ္စဆူဆန်ဂရင်ဂါ ခင်ဗျားကလည်း ကျုပ်ကို ဘာကြောင့် မပြောခဲ့တာလဲဗျ"

"ဘာကို ပြောရမှာပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ဖြစ်နေတုန်းက တစ်စုံတစ်ယောက် ရှိနေတယ်ဆိုတာလေ"

"သူ ရှိနေတာ မဟုတ်ပါဘူးရှင်၊ ကြားရုံ ကြားတာပါ၊ ကျွန်မ တလည်း မှန်တာကိုပဲ ပြန်ပြောတတ်ပါတယ်"

"ဒါပေမဲ့ မစ္စဆူဆန်ဂရင်ဂါ ရုံးတော်မှာ ရုံးဆိုင်ရာ ဥပဒေကြောင်းတစ်ရပ် ရှိနေတယ်ဗျ"

ဟင်မီတန်က ယင်းသို့ ပြောသည်တွင် ဆူဆန်ကလည်း ထပ်ပြော၏။

"ကျွန်မကလည်း ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ အမှန်အတိုင်း သက်သေထွက်တာပါပဲ"

"ကောင်းပါပြီ၊ မေးခွန်းထုတ်ပြီးပါပြီ"

ဟင်မီတန်က၊ မေးခွန်းထုတ်ပြီးချိန်တွင် နာရီကြည့်လိုက်ပြီး လျှောက်ထား၏။

"ရုံးမင်းခင်ဗျား. . . အချိန်စောသေးပေမဲ့ ကျွန်တော့်ဘက်က နောက်ထပ် တိုင်ပင်စရာတွေ ရှိနေသေးလို့ ခေတ္တရပ်နားချင်ပါတယ်၊ ၂ နာရီခွဲအထိ အချိန်ယူလိုပါတယ်"

"ကောင်းပါပြီ မွန်းလွဲ ၂ နာရီခွဲထိ ရုံးတော်ကို ရပ်နားပါတယ်"

ရုံးမင်းက ကြေညာလိုက်၏။

မေဆင်သည် အယ်လီနာကို စောင့်ရသော အမျိုးသမီး ရဲမေတစ်ဦးအနီး ချဉ်းကပ်လျက် ခွင့်တောင်း၏။

"တရားခံ အယ်လီနာနဲ့ နည်းနည်း စကားပြောပါရစေ"

"မိနစ် ၂၀ လောက်တော့ ခွင့်ပြုပါမယ် မစ္စတာမေဆင်"

ဒယ်လာနှင့်အတူ မေဆင်က အယ်လီနာကို သက်သေခန်းထဲ ခေါ်သွားလျက် တံခါးပိတ်ပြီး မေးမြန်း၏။





"ကဲ. . . အယ်လီနာ၊ ကျုပ်ကလည်း မျက်လှည့်ဆရာ မဟုတ်တော့ သူတို့ အစီအစဉ်တွေကို မျက်လှည့်ပညာနဲ့ လှည့်မပြတတ်ဘူး၊ မင်းရဲ့ ရပ်တည်ချက် အားလုံးကိုလည်း သူတို့က ဖြိုချတော့မယ်၊ ဒီတော့ အမှန်တကယ် ဘာဖြစ်ခဲ့တယ်ဆိုတာ ကျုပ်သိရမှ ဖြစ်တော့မှာ"

"နေပါဦးရှင်၊ တရားလိုရှေ့နေကြီးက ခုချိန်မှ ဘာကြောင့် အမှုကို အချိန်ရွှေ့ဆိုင်းချင်ရတာလဲ"

"ရစ်ချီကို ထပ်မေးချင်လို့ပေါ့၊ ရစ်ချီဟာ မင်းတို့နှစ်ယောက် ရန်ဖြစ်နေတာကို တကယ်ကြား မကြား ထပ်စစ်ချင်လို့ပေါ့၊ ဆူဆန် ထွက်ချက်နဲ့ ရစ်ချီကြားတာ တူနေရင် ရစ်ချီကို ပြန်ခေါ် သက်သေလုပ်မှာ သေချာတယ်"

"ကျွန်မ အမှန်အတိုင်း မပြောသေးဘူး၊ သတိပြန်မရသေးဘူးလို့ ထင်နေပါသလား မစ္စတာမေဆင်"

မေဆင်က သူ့ထုံးစံအတိုင်း ပုခုံးတွန့်ပြ၏။

"ဒါကတော့ မင်းက ကိုယ့်သေတွင်း ကိုယ်တူးနေတာပဲ၊ ကျုပ်အမှန်ကို ပြောနေတာ၊ ခုဆိုရင် မင်းဟာ သေဒဏ်ခံရဖို့ များနေပြီ၊ တရားရုံးကလည်း မင်းကို လျှပ်စစ်ကုလားထိုင်ပေါ် ပို့မယ့် စီရင်ချက်မျိုး ချလိုက်မှာ သေချာနေတယ်၊ အေးပေ့ါလေ လျှပ်စစ်ကုလားထိုင်ပေါ်ပဲ ကြွပေတော့"

မေဆင်က ခပ်ရိုရို ပြောသည်။

ဤတွင် အယ်လီနာ အမူအရာ ပျက်လာလျက် အော်တော့၏။

"ဒီလိုတော့ ကျွန်မ မဖြစ်ပါရစေနဲ့ရှင်၊ ကျွန်မမှာ လျှပ်စစ်ကုလားထိုင်ကြီးကိုပဲ ညတိုင်းလောက်ကို မျက်စိထဲ မြင်ယောင်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါကြောင့် ကျုပ် ပြောနေတာ၊ ဒါဟာ မင်းအတွက် နောက်ဆုံး အခွင့်အရေးပဲ၊ အဲဒီတော့ ပြောပေတော့ မင်းပြောဖို့ပဲ ကျန်တော့တာ"

အယ်လီနာ့သည် ဒယ်လာကိုလည်း လှမ်းကြည့်၏။ ထောင်ချောက်တွင်း မိနေသော တိရစ္ဆာန်တစ်ကောင်၏ အကြည့်မျိုးဖြစ်သည်။ ဒယ်လာက သနားသော အသိဖြင့် အယ်လီနာကို စီးကရက် တည်သည်။ စီးကရက် တစ်ရှိုက်ဖွာလိုက်ပြီး မီးခိုးများကို ကြည့်ရင်း အယ်လီနာ စဉ်းစားနေသည်။

"ရွှေနေကြီးရှင့်၊ ကျွန်မ အမှန်အတိုင်း မှန်တာကို ပြောလိုက်ရင် ကျွန်မအတွက် အမှုဆက်မလိုက်တော့ဘူးလို့များ ဖြစ်သွားမလားရှင်"

"ပြောသာ ပြောပါ"

"ဟိုဟာတွေဟာ အမှန်တွေပါပဲရှင်"

"ဘယ်ဟာတွေလဲ"

"သူတို့ ပြောတာဆိုတာ ထွက်ဆိုကြတာတွေလေ"

"ဒီလိုဆို အယ်လီနာ သတ်တာ ဟုတ်တယ်ပေါ့"

"ဒါတော့ မဟုတ်ဘူး။ ကျွန်မ မသတ်ဘူး၊ မသတ်ဘူး ပြောလို့လည်း ခုမှတော့ ဘာထူးတော့မှာလဲ ရှင်"

ဤတွင် မေဆင်က ကြင်နာစွာ ပြောရတော့၏။

"ဟုတ်ပြီ၊ ကဲ. . . အမှန်အတိုင်း အကျဉ်းချုပ် ပြောပေတော့။ အချိန်လည်း မရှိတော့ဘူး။ တို့ သိချင်တာကို မေးခွန်းအဖြစ် မေးမယ် ဟုတ်လား၊ ဖြေပေတော့"

"ကျွန်မဘဝမှာ ခဏခဏ ဒီလို အကျပ်အတည်းမျိုး တွေ့ကြုံရပါတယ်၊ ကျွန်မ အဖေကလည်း ရှေးရိုးတစ်ယူသန်၊ နာမည်ပျက်





မခံလိုဘူး၊ သိက္ခာဦးစားပေးတယ်၊ မျိုးရိုးဂုဏ်သိက္ခာ အစွန်းအထင်း မခံလိုဘူး၊ အဲဒီလို လူမျိုး ဥရောပက ပြန်လာတော့ သင်္ဘောပေါ်မှာ ဒေါက်ကာလပ်နဲ့ ကျွန်မ စတွေ့တယ်၊ ဖေဖေက ဒေါက်ကာလပ်ကို သဘောမကျဘူး။ ဒါကြောင့် ဒေါက်ကာလပ်ကို ကျွန်မ ယူရင် အမွေပြတ်ပဲတဲ့၊ ကျွန်မ ဘဝတစ်လျှောက်လုံးမှာ ဖေဖေဟာ ကျွန်မအတွက် အများကြီး ပေးခဲ့တယ်၊ ဒါပေမဲ့ မပေးဘဲ ရပြီလို့လည်း မကြာခဏ အရင်တုန်းက ကြိမ်းဖူးခဲ့တယ်၊ ခုတစ်ခါ ကြိမ်းတာကျတော့ အမွေပြတ်တဲ့"

"ဟုတ်ပြီ၊ ဘာတွေ ဆက်ဖြစ်သလဲ"

"ဒေါက်ကာလပ်နဲ့ ကျွန်မက ချစ်နေကြပြီ၊ သင်္ဘောပေါ်ထဲက ဆိုပါစို့ အာကလည်းကောင်း၊ သင်္ဘောပေါ်မှာ ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့၊ ဒီတော့ လက်ထပ်ဖို့ ကျွန်မတို့ ဆွေးနွေးကြတယ်၊ ဖေဖေကတော့ ပြတ်ပြတ်ပဲ၊ ဒေါက်ကာလပ်ကို ယူရင် လက်ချည်းဆင်းသွား အမွေပြတ်တဲ့"

"ဒေါက်ကာလပ်က သူ့အလုပ်အကိုင်အကြောင်း ပြောမပြဘူးလား"

"ပြောပြပါတယ်"

"ဘယ်တုန်းကလဲ"

"လက်ထပ်ဖို့ ဆွေးနွေးတဲ့ အချိန်မှာ ပြောတာ၊ နောက်ထပ် သူ့အကြောင်းလည်း အများကြီး ပြောတယ်၊ အဲ. . . အဲ. . . ဒိမိန်းမ ဆူဆန်အကြောင်းပါတယ်၊ ဒီမိန်းမကို ကျွန်မ သိပ်မုန်းတယ်၊ အင်း ဆူဆန်ဟာ မှောင်ခိုဂိုဏ်း ခေါင်းဆောင် ဖြစ်မယ်လို့ ဒေါက်ကာလပ်က အစောကြီးတည်းက ယူဆတယ်၊ ဘာအထောက်အထား ရှိသည်းတော့ မမေးနဲ့၊ ကျွန်မလည်း မသိဘူး၊ အကောက်ဘက် အရာရှိတွေ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဆူဆန်ကို မသက်သမဖြစ်ကြပါဘူး၊ အင်း. . . ဒေါက်ကလပ်က တစ်နေ့မှာ ပြောလာတယ်၊ ဆူဆန် ခေါင်းဆောင်တဲ့ မှောင်ခိုဂိုဏ်းကို ဖြိုလိုက်နိုင်ရင် ဆုကောင်းကောင်း ရမယ်၊ ရတဲ့ငွေနဲ့ သွင်းကုန်တုပ္ပဏီလုပ်ငန်း ထောင်ရမယ်၊ သူ့မှာ အဆက်အသွယ်ရှိတော့ လုပ်ငန်း ကြီးပွားလာနိုင်တယ်လို့လည်း ပြောတယ်"

"ဆူဆန်ဟာ မှောင်ခိုသမားလို့ ဒေါက်ကလပ်က ထွက်တယ်နော်"

"ခေါင်းဆောင်၊ ဒါမှမဟုတ် မှောင်ခိုဂိုဏ်းနဲ့ အဆက်အသွယ်ရှိသူလို့ ယူဆတယ်၊ ကျွန်မ အထင်ကတော့ ဂိုဏ်းခေါင်းဆောင်လို့တောင် ဒေါက်ကလပ်က သတ်မှတ်ပုံ ရတယ်"

"ဒီတော့ ဒေါက်ကလပ်က ဘာဆက်လုပ်သလဲ"

"ဆူဆန်ကို ချိန်းတွေ့ပါရစေလို့ ကျွန်မဆီ ခွင့်ပန်တယ်၊ လုပ်ငန်းသဘောအတွက်လို့ ပြောပါတယ်၊ ဆူဆန်ရဲ့ အခန်းထဲ ဝင်နိုင်ထွက်နိုင်တဲ့ အခြေအနေအထိ သူ ဖန်တီးယူပြီး စုံစမ်းပါရစေတဲ့၊ ဒီလိုနဲ့ ဆူဆန်ရဲ့ အခန်းကို သတင်းပေးပြီး ရှာခိုင်း နိုင်မယ် ယူဆသတဲ့၊ ဒေါက်ကလပ်မှာ အသံဖမ်းကိရိယာလေး တစ်ခု ရှိတယ်၊ ဒီဘက်အခန်းက ခုတ်ထရံမှာ ကပ်ထားလိုက်ရင် ဟိုဘက်ခန်းမှာ ဘာပြော ဘာဆိုနေတာ အားလုံး ကြားနိုင်တယ်၊ ဒီလိုနဲ့ ဒေါက်ကလပ်နဲ့ ကျွန်မတို့ အစီအစဉ်တစ်ခု လုပ်ပါတယ်၊ ကျွန်မက မနာလိုဝန်တိုတဲ့ မိန်းကလေးအဖြစ် သရုပ်ဆောင်ရမယ်၊ အေသယ်အခန်းမှာ သွားနေနိုင်အောင် စီစဉ်ပြီး ချောင်းနားထောင်ရဖို့ ဖြစ်တယ်၊ ဆူဆန်ကလည်း ဒီလို ကျွန်မ ခိုးနားထောင်တာ သိသွားတယ်၊ ကျွန်မ အေသယ်နဲ့ လာနေကြောင်း ဆူဆန်ဟာ ဒေါက်ကလပ်ကို ပြောပုံရတယ်၊ ဒီတော့ ဒေါက်ကလပ်က ကျွန်မ အပြင်ကို ကြာကြာထွက်လျှောက်လည်နေပါ





ဒါမှ မှောင်ခိုကျောက်တွေ သူ့ကို ထုတ်ပြချိန်ရမယ် ဆိုလာတယ်၊ အေသယ်က ကုန်တိုက်ကြီးမှာ အလုပ်လုပ်နေတော့ နေ့တိုင်း အလုပ်သွားရတယ်၊ ကျွန်မကလည်း ဒေါက်တာလပ် ပြောတဲ့အတိုင်း အပြင်ထွက်လည်တယ်၊ ကျွန်မ အပြင်ထွက်တုန်း ဒေါက်တာလပ် အတွင်းစာတ်လှေကားသမားကို လာဘ်ထိုးပြီး ဘယ်သူမှ မသိအောင် ကျွန်မအခန်းကို သွားနိုင်တယ်"

"ဆူဆန် အခန်းလည်း သွားနိုင်တယ်ပေါ့"

"ဟုတ်တာပေါ့၊ သူသွားချင်ရင် သွားလို့ရတာပေါ့"

"သွားလည်း သွားတယ် မဟုတ်လား"

"ဒီလို သွားချင်ရင်လည်း ကျွန်မကို အေသယ် အခန်းပြောင်းနေခိုင်းဖို့ မလိုဘူးလေ"

မေမဆင်က ထိုအချက်ကို ထည့်စဉ်းစား မှတ်သားလိုက်၏။

"ဒေါက်ကလပ်မှာ သော့ရှိသလား"

"ဟုတ်ကဲ့၊ ကျွန်မ အခန်းသော့ ပေးထားတယ်၊ သော့တူလုပ်ထားနိုင်တာပေါ့၊ သူသေပြီဆိုတော့ သူ့ဆီမှာ တွေ့တဲ့ သော့တွဲမှာ အဲဒီအခန်းသော့ပါမှာ သေချာတယ်"

"ရဲအဖွဲ့က ဒါကို မသိဘူး မဟုတ်လား"

"ခုထိတော့ မသိသေးဘူးနဲ့ တူတယ်"

"ဆူဆန်ရဲ့ အခန်းကို ဒေါက်ကလပ် ဒီဘက်ခန်းက ခိုးနားထောင်တတ်တာ အခန်းရှင် အေသယ် မသိဘူး မဟုတ်လား"

"မသိဘူး၊ အေသယ် မသိအောင်လည်း လုပ်ရတာပေါ့၊ ဒါတောင် အေသယ်က သင်္ကာမကင်း ဖြစ်လာပုံ ရတယ်၊ ဒေါက်တာလပ်ဟာ သူမရှိတုန်း ကျွန်မဆီ လာတတ်တယ်လို့ သူတွက်တယ်၊ ဆူဆန်ကိုလည်း အေသယ်က ဒီကိစ္စ ပြောပုံရတယ်၊ ဒီလိုဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဆူဆန်တလည်း အစီပွာယ် တွက်ယူတတ်မှာပေါ့၊ တစ်နေ့တော့ ဒေါက်တာလယ်က သင်ပေးတယ်၊ ဆူဆန်နဲ့ ရန်ဖြစ်နိုင်တဲ့ အခြေအနေမျိုး ဖန်တီးယူ၊ ပြီးတော့ ဆူဆန်ကိုလည်း သေနတ်ပြ ခြိမ်းခြောက်ဖို့၊ ဒေါက်တာလယ်ကို မနှောင့်ယှက် မလုယူဖို့ ပြောရင်း သေနတ်နဲ့ ခြိမ်းခြောက်ရမယ် ဆိုပါတယ်၊ ကျွန်မကလည်း သင်တဲ့အတိုင်း လုပ်ခဲ့တယ်၊ အလုပ်လည်း ဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ရန်ထောင်ပြီး နာရီဝက်လောက်လည်း ကြာရော ဒေါက်ကလယ် ရောက်လာပြီး ဆူဆန် အခန်းထဲ အခြေအနေကို နှိုးနှားထောင်တော့ အခြေအနေတစ်မျိုး ဖြစ်လာရာယ်၊ ကြားရတဲ့အတိုင်းဆိုရင် ဒေါက်ကလယ်အတွက် အသက်ဘေးတောင် ရှိသတဲ့၊ ဒါကြောင့် ကျွန်မ သေနတ် သူ့ခဏပေးလိုက်၊ ခုသူ အပြင်သွားမယ်ဆိုပြီး ထွက်သွားလိုက်တာ. . ."

"သေနတ် ပေးလိုက်တယ်ပေါ့"

"သူ့အတွက်ဆို ဘာမဆို ကျွန်မ ပေးမှာပဲ"

"လက်မထပ်ရသေးဘူး မဟုတ်လား"

"ဒါပေမဲ့ ကိစ္စဝိစ္စတွေ ပြီးရင် လက်ထပ်တော့မှာပါ"

"အမှန်တကယ် လက်မထပ်ရသေးဘူးနော်"

"စောင့်ရဦးမယ်လို့ ဒေါက်ကလယ်က ပြောတယ်၊ ဒါပေမဲ့ ယိုးမားမြို့နဲ့ လာ့စ်ဗေးဂတ်ကို ခရီးထွက်တုန်းကတော့ တရားဝင် လင်မယားအဖြစ် ခရီးထွက်ခဲ့ကြတယ်"

"လက်ထပ်ပြီးပါပြီလို့ မင်းက ဘာကြောင့် ပြောဆိုခဲ့သလဲ"

"ဒီလို တရားဝင် လင်မယားအဖြစ် ခရီးထွက်တာကိုက လက်ထပ်ပြီးတဲ့ အိမ်ထောင်ပါပဲလို့ ဒေါက်ကလယ်က ပြောတယ်၊ ဒါကြောင့် ယိုးမားကနေ ပြေးနန်းရိုက်ဖို့လည်း သူကပဲ ပြောတယ်"

"ကားတိုက်မှုဖြစ်ပြီး ကားပျက်စီးသွားတယ် ဆိုတာကတော့"

"အဲဒါ ကျွန်မရဲ့ လုပ်ဇာတ်"

"သူကား တကယ်ပျက်ခဲ့တာပဲ"

"ဟုတ်တယ်၊ အဲဒါ ကျွန်မလည်း သိတယ်၊ ဒါကြောင့်လည်း ကားတိုက်မှု ဖြစ်တယ်လို့ လုပ်ဇာတ် ဆွင်းဖို့ ကျွန်မ သတိရခဲ့တာပေါ့၊ ကျွန်မ သတိမေ့ရောဂါ စွဲတယ်ဆိုဖို့အတွက် အကြောင်းပြချက် ဖြစ်လာတယ်လေ"

"သူကား ဘယ်တုန်းက ပျက်ခဲ့သလဲ"

"တနင်္ဂနွေနေ့ ညဦးပိုင်းကပဲ၊ မသေခင် တစ်ညကပေါ့၊ တွေ့ တစ်ခုမှာ ကားကြီးတစ်စီးက ဝင်တိုက်တာ၊ သူမသေတာ ကံကောင်းလွန်းလို့ပဲ၊ အမှန်ကတော့ ဒေါက်ကလယ်ကို ကားနဲ့ တိုက်သတ်တာ၊ ဒါဟာ ပုံမှန်မှောင်ခိုဂိုဏ်းတစ်ခုရဲ့ လက်ချက်ပေါ့၊ ဒါကြောင့် ဒေါက်ကလယ် ဒီအလုပ် စွန့်စေချင်ခဲ့တာပေါ့၊ အသက်အန္တရာယ် ရှိနေပြီကိုး၊ ဒါကြောင့်လည်း သူ့ကို ကျွန်မ သေနတ်ပေးလိုက်တာ၊ နောက်ရက်နည်းနည်း ကြာတဲ့အထိ မှောင်ခိုဂိုဏ်းကို ဖမ်းမမိနိုင်ရင်တောင် ဒီအလုပ် သူစွန့်ပါမယ်တဲ့၊ မိမယ်၊ ဆုရမယ်၊ ကျွန်မတို့ လုပ်ငန်းသစ် ထူထောင်နိုင်မယ်လို့တော့ သူက ကျိန်းသေ တွက်ထားတယ်"

"သေနတ်တောင်းတော့ ပေးလိုက်ပြီး မင်းကကော ဘာဆက်လုပ်သလဲ"

"ကျွန်မ အပြင်ထွက်လည်တယ်လေ"

"ဘယ်အချိန် ပြန်ရောက်သလဲ"

"တော်တော်ကြီး ကြာပြီးမှ"

"ပြန်ရောက်တော့ အခန်းမှာ ဒေါက်ကလယ် ရှိနေသလား"

"မရှိဘူး"

"ဒေသယ်ကော"





www.burmeseclassic.com

www.burmeseclassic.com



"သူလည်း မရှိဘူး၊ နံ့ပိတ်ရက် အပန်းဖြေ ခရီးထွက်နေတယ်၊ တနင်္လာနေ့မှ ပြန်လာမှာ"

"ထဲ. . . ဟိုကျောက်မျက်ရတနာအကြောင်း ပြောပါဦး၊ ဘယ်လိုလုပ်ပြီး မင်းရဲ့ လက်ထဲ ရောက်လာတာလဲ"

"ဒီကိစ္စ ကျွန်မ လုံးဝမသိတာ အမှန်ပါ ရွှေနေကြီး၊ တစ်ယောက်ယောက်က တစ်ခုခုအတွက် တမင်လုပ်တာ ဖြစ်မယ်၊ ကျွန်မမှာ ကျောက်မျက်ရတနာ မရှိခဲ့ပါဘူး၊ မြင်လည်း မမြင်ခဲ့ဘူး ဟို အေသယ် နံ့မှာ အစစ်ခံ ထွက်ဆိုတာဟာ လိမ်တာပါ"

ဤတွင် မေဆင်၏ မျက်လုံး အမူအရာ အေးတိအေးစက် ဖြစ်သွားရင်း မေး၏၊

"ကျောက်တွေ မင်းရဲ့ပစ္စည်းထဲ ဝှက်ထားတာ လုံးဝမသိဘူး နော်"

"ယုံပါ ရွှေနေကြီး၊ ကျွန်မ မလိမ်ပါဘူး"

"အရင်လည်း ဒီလိုပဲ ပြောခဲ့တာ"

"ကျွန်မ အမှန်အတိုင်း ပြောတာ ယုံပါ"

"မယုံနိုင်ဘူး ဖြစ်နေတယ်၊ ထွက်ချက်တွေရယ်၊ အထောက်အထားတွေရယ်၊ မင်းအတွက် လုံးဝမကောင်းဘူး၊ ဒါကြောင့် ကျွန်အတော်ကြိုးစားရမှာ၊ ကောက်လျှောက် လိမ်လာတယ်ဆိုတာလည်း မင်းကို သူတို့မိထားပြီ၊ ပြီးတော့ ဒေါက်ကလယ် သေတာဟာ မင်းရဲ့ သေနတ်က ထွက်တဲ့ ကျည်ဆန်ကြောင့်လို့လည်း သူတို့ အထောက်အထားတွေ ရထားတယ်၊ သူ မသေခင်ကလေးတင် မင်းပြောခဲ့တဲ့ စကားလည်း ရှိတယ်၊ မင်းဟာ ဒေါက်ကလယ်နဲ့ မိတ်ဆွေ၊ ဒေါက်ကလယ်ဟာ မင်းရဲ့ ယောက်ျားလေး မိတ်ဆွေ၊ ဆူဆန်ဟာ ဒေါက်ကလယ်ကို မင်းလက်က လုနေတယ်၊ ဒါကြောင့် ဒေါက်ကလယ်ကို





ဆုံးရှုံးရရင် ဒေါက်ကလက်ကို ဘယ်သူ့လက်မှ အရောက်မခံဘူး သတ်ပစ်မယ်၊ ဘာညာနဲ့လဲ ပြောခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မအမှန်အတိုင်း ပြောရရင် ဒေါက်ကလယ်က တောင်းပန်ပြီး အဲဒီလို သရုပ်ဆောင် ပြောပါဆိုလို့ ကျွန်မကလည်း ပြောခဲ့တာပါပဲ"

"အင်း. . . မင်းကို သေဒဏ်က လွတ်အောင် သက်သေထွက်ပေးနိုင်တာက ဒီကမ္ဘာမှာ တစ်ယောက်တည်းပဲ ရှိတော့တာကိုး"

"ရှင်. . . အဲဒါ ဘယ်သူပါလဲ"

"ဘယ်သူရမလဲ ဒေါက်ကလယ်ပဲပေါ့၊ သူကလည်း သေပြီ၊ ဒါကြောင့် အမှန်အတိုင်း ပြောရရင်တော့ ကံကြမ္မာက နည်းနည်းလည်နိုင်လိမ့်ဦးမယ်၊ ဒီလိုမှ မဟုတ်ဘဲ အမှန်အတိုင်း မပြောရင်တော့. . ."

"ခု ကျွန်မ ပြောနေတာ အမှန်တွေပါရှင်"

"ကျောက်တွေ ကိစ္စတော့ လိမ်နေတယ်ထင်တာပဲ"

"မလိမ်ပါဘူးရှင်၊ အဲဒါလည်း အမှန်တွေပါပဲ"

"ဒီလိုဆိုရင် ဟိုကျောက်တွေကို မင်းရဲ့ အသုံးအဆောင် သေတ္တာထဲမှာ သူတို့တွေ့သွားရင် ဘာဖြစ်သွားနိုင်တယ် ထင်သလဲ"

"ဟုတ်ကဲ့ရှင်၊ လျှပ်စစ် ကုလားထိုင်ပေါ် တက်ရတော့မှာပေါ့၊ ဟုတ်ပါရဲ့ရှင်၊ ဒေါက်ကလယ်ဟာ ဟိုကျောက်တွေကို ပြန်တွေ့တယ်၊ ဒါပေမဲ့ ကျွန်မက သူ့ဆီက ယူလိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့"

"ဒီတော့ ဘယ်လိုမှ လွတ်လမ်းမရှိတော့ဘူး"

"ကျွန်မကိုယ်တိုင် လျှောက်လဲရင်တောရှင်၊ ဥပမာ-ဒေါက်ကလယ်က အဲဒီလို လုပ်ခိုင်းလို့ ကျွန်မ လုပ်ရပါတယ်လို့ လျှောက်ရင် ဒေါက်ကလယ်ဟာ အစိုးရအကောက်ခွန်ဌာနရဲ့ ထောက်လှမ်းရေး



www.burmeseclassic.com

www.burmeseclassic.com



သမား ဒီလိုတုတ်မှန်ကြောင်း အကောက်ခွန်အရာရှိတွေကို သက်သေတင်မပြနိုင်ဘူးလား၊ ပြီးတော့ ဆူဆန်ဟာလည်း မှောင်ခိုမယ်တစ်ဦးဖြစ်တယ်လို့ကော မတင်ပြနိုင်ဘူးလား၊ ဥပမာ-ဆူဆန် လာ့စ်ဖေးဂတ်မြို့ဆီ သွားလည်နေတုန်း သူ့အခန်းကို ဝင်မွှေသွားတယ်ဆိုတာ ကျွန်မလည်း ကြားထားတယ်၊ အဲဒီ သူ့ပန်းချီဆေးဘူးတွေထဲမှာကော ကျောက်တွေ မရှိနိုင်ဘူးလား၊ ကျောက်တွေ ရှိမယ်ထင်လို့ ဝင်မွှေသွားတာကော မဟုတ်ဘူးလား"

"အင်း. . . ရှိမယ်ဆို ရှိနိုင်တာပါပဲ၊ ဒါပေမဲ့ ဆူဆန်နဲ့အတူ လာ့စ်ဖေးဂတ်ကို ဘယ်သူပါသွားသလဲ"

"အဲဒါ ကျွန်မ မသိနိုင်တော့ဘူး"

"အေသယ်ရဲ့ အစစ်ခံထွက်ချက်အတိုင်းဆိုရင် ဆူဆန်မရှိတုန်း သူ့အခန်း ဝင်ပြီး ဆေးဘူးတွေ ဖောက်သွားတာဟာ အယ်လီနာပဲ ဖြစ်မယ်လို့ပြနေတယ်၊ ဒီကျောက်ကိစ္စကြောင့်ပဲ ဒေါက်ကာလပ်နဲ့ ရန်ဖြစ်ပြီး မင်းက ဒေါက်ကာလပ်ကို သတ်လိုက်တာလို့ ဂျူရီတွေကပါ ယုံကြည်ဖို့ ရှိနေတယ်"

"ဒါပေမဲ့ အေသယ်ဟာ ကျောက်ကိစ္စ လိမ်ပြီး ထွက်ဆိုနေတာပဲဟာ"

"ကဲ. . . ဒါ ခဏထား၊ နောက်တစ်ခု အမှန်အတိုင်း သိပါရစေဦး။ ဟို. . . လသာတဲ့ ညတစ်ည ပန်းခြံဘေးမှာ ကပြီး ယောက်ျားတွေကို မြူဆွယ်နေတယ် ဆိုတာကတော့ အဲဒါဘာလုပ်တာလဲ"

"ကျွန်မ ရည်ရွယ်ချက်က အဲဒီမိန်းမ ကျွန်မနောက် လိုက်လာစေချင်တယ်"

"လိုက်လာတော့လည်း မင်းက ဖော်ပြေးတယ်ဆို"





"နိုးနိုးလိုက်လာတာမှ မဟုတ်ဘဲ၊ ကားစက်နှိုးတဲ့ ကိုင်ပြီး နိုက်မလို့ လိုက်လာတာဆိုတော့ ဖော်ပြီး ပြေးရတာပေါ့ရှင်"

"နေပါဦး၊ ဘာကြောင့် အဲဒီမိန်းမ မင်းနောက် လိုက်လာစေချင်တာလဲ"

"ဒေါက်ကာလပ်အလောင်း တွေ့သွားစေချင်လို့ပါ"

"ဒေါက်ကာလပ် အဲဒီမှာ သေနေပြီလို့ မင်းက သိနေတယ်ပေါ့"

"ဟုတ်ပါတယ်"

"ဘယ်လိုလုပ်သိသလဲ"

"ကျွန်မနဲ့ 'ဒေါက်ကာလပ် ပန်းခြံထဲမှာ တွေ့ကြဖို့ အမြဲတမ်း အချိန်းအချက် လုပ်လေ့ရှိတယ်၊ တစ်ခုခုအတွက် တွေ့ကြပြောကြဖို့ ရှိရင် ပန်းခြံကို လာကြတာပဲ"

"အဲဒီနေ့ည ပန်းခြံထဲ ကျွန်မ သွားတော့ ဒေါက်ကာလပ်ဟာ သေနေပြီ၊ ပြီးတော့ သူ့ဘေးမှာက ကျွန်မသေနတ်ကို တွေ့နေရတယ်"

"ကဲ. . . ဆက်ပါဦး"

"တွေ့တွေ့ချင်း ကျွန်မ တုန်လှုပ်သွားပါတယ်၊ ပြီးတော့မှ သတိရလိုက်တာက ကျွန်မ အဲဒီအချိန်၊ အဲဒီနား ရောက်နေတာ အန္တရာယ်ကြီးကြောင်း သတိပြုလိုက်မိတာပါပဲ၊ အဲဒီနေ့ မတိုင်မီ တစ်ရက်ကလည်း ကျွန်မက ဆူဆန်ကို ကြိမ်းခဲ့ဖူးတယ် မဟုတ်လား၊ ဒေါက်ကာလပ် ပြောခိုင်းတဲ့အတိုင်း ကြိမ်းခဲ့တာလေ၊ ဒါကြောင့် ကျွန်မတော့ ထောင်ချောက်ထဲ မိနေပြီလို့ တစ်ခါတည်း သိလိုက်တယ်၊ အဲဒီ ညက ပန်းခြံထဲကို ဒေါက်ကာလပ် သွားတဲ့အခါ တစ်စုံတစ်ယောက်က သူ့နောက်က လိုက်နေလိမ့်မယ်၊ ပန်းခြံထဲမှာ တွေ့တော့ ဆိုးကြ



www.burmeseclassic.com

www.burmeseclassic.com



ကြိတ်ကြရင်း ဒေါက်ကာလပ် သေနတ်ကို ရန်သူက ရသွားလိမ့်မယ်၊ ဒီမှာတင် သူ့သေနတ်နဲ့ သူ့ကို ပစ်သတ်သွားတော့တာပေါ့”

“ကျုပ်ကတော့ သဘောပေါက်ပါပြီ၊ ကဲ. . . ဆက်ပါဦး နောက် ဘာတွေ ဆက်လုပ်ခဲ့သလဲ၊ အမှန်အတိုင်း ပြောနော်”

“ကျွန်မ သေနတ်ကို ကောက်ယူပြီး ဖွက်လို့ရမယ့် တစ်နေရာ ရှာတယ်၊ မနီးမဝေးမှာ မြေတွင်းကလေးတစ်ခု တွေ့တော့ အဲဒီအထဲ မြှုပ်ပစ်ခဲ့တယ်၊ သေနတ်ကို ကြာကြာလည်း ကိုင်မထားရဲတော့ အမြန်ဆုံး ဖွက်လိုက်တာပါပဲ၊ တွင်းပေါ်မှာ မြေကြီးတွေ၊ သစ်ရွက် ခြောက်တွေတောင် ပြန်ဖုံးခဲ့ပါသေးတယ်”

“ပြီးတော့ကော. . .”

“ဘာလုပ်ရ ဘာကိုင်ရမှန်း မသိ ဖြစ်နေခဲ့ပါတယ်၊ တကယ်ပါ အဲဒီမှာတင် ကြံရာမရ ဖြစ်နေတုန်း တစ်ခု စဉ်းစားမိတယ်၊ ပန်းခြံထဲမှာ ကျွန်မကို တစ်ယောက်ယောက်က ကိုယ်တုံးလုံးကြီး တွေ့သွားရင် ကျွန် လံကြုပ်ဇာတ်လမ်းတစ်ခု ပြောပြမယ်ပေါ့၊ ဥပမာ-ကျွန်မနဲ့ ဒေါက်ကာလပ် ပန်းခြံထဲ စကားပြောနေတုန်း တစ်ယောက်ယောက် ဒေါက်ကာလပ်ကို ရိုက်နှက်ပြီး ကျွန်မကို စော်ကားဖို့ ကြံတယ်၊ ဒီတင် ဒေါက်ကာလပ်နဲ့ အဲဒီရန်သူနဲ့ ထိုးကြိတ်ကြရာက ရန်သူက ဒေါက် ကာလပ်ကို ပစ်သတ်ပြီး ကျွန်မကို စော်ကားဖို့ ဆက်ကြိုးစားတယ်လို့ ပြောမယ် စိတ်ကူးရခဲ့တယ်၊ ဒါပေမဲ့ ကျွန်မက သူနဲ့ လုံးထွေးသတ်ပုတ် လွတ်မြောက်လာပြီး ခုလို ကိုယ်တုံးလုံးနီးပါး ဖြစ်နေတာလို့ ပြောလိုက် ရုံပေါ့”

“ဆက်ပါဦး”

“ဒါနဲ့ ကျွန်မ အခန်းကို ပြန်ပြေးပြီး အဝတ်တွေကို ကျွန်မ ကိုယ်ပေါ်မှာပဲ ဆုတ်ဖြဲလိုက်တယ်၊ ပြီးတော့ အေသယ်ရဲ့ မိုးကာကို





ယူခဲ့ပြီး ပန်းခြံပြန်လာတယ်၊ ပန်းခြံထဲ မြေကြီးတချို့ကိုလည်း ဟိုလူနဲ့ လုံးထွေးသတ်ပုတ်တဲ့ပုံ ပေါက်အောင် ခြေနဲ့ဆောင့်ခဲ့ရသေးတယ်၊ အဝတ်စုတ်ကိုလည်း အဲဒီနားမှာ ပစ်ချထားခဲ့တယ်၊ ပြီးတော့ မိုးကာကို ဖွက်ထားလိုက်ပြီး ပန်းခြံပြင် ထွက်ခဲ့တယ်၊ အဲဒီမှာတင် ဟို. . . မိန်းမ ပါလာတဲ့ကားနဲ့ တွေ့တော့တာပါပဲ၊ ဒါနဲ့ ကျွန်မ ထွက်ပြေးပြီး အခန်း ပြန် တစ်ခုခု စဉ်းစားဖို့ အကြံရတယ်၊ ဒါနဲ့ စောစောက ဖွက်ထားတဲ့ မိုးကာပါ ပြန်ယူ၊ အဝတ်စုတ်တွေ မြေကြီးထဲ မြှုပ်ပြီး အခန်းဘက် ပြန်လှည့်တာပေါ့”

“ခု အဲဒီအဝတ်တွေ ဘယ်မှာလဲ”

“မြှုပ်ခဲ့တဲ့နေရာမှာပဲ ရှိလိမ့်မယ်”

“ဆက်ပါဦး”

“အိမ်ခန်းအပြန်လမ်းမှာ ပုလိပ်နဲ့ တိုးတော့တာကိုး၊ ဟိုတုန်း ကလည်း ဒီလို အကျပ်အတည်းမျိုး တွေ့ဖူးတယ်၊ အဲဒီတုန်းက အတိတ်မေ့သူအဖြစ် ဟန်ဆောင်ပြီး လွတ်ခဲ့ဖူးတယ်၊ ဒါကြောင့်လည်း ဒီနည်းပဲ သုံးခဲ့တာပါ”

“အယ်လီနာရေ ဒီဇာတ်လမ်းကို လူတွေကို ယုံမယ်ထင်သလား၊ တရားလိုရှေ့နေက မေးခွန်းပေါင်းစုံနဲ့ ချေဖျက်ပစ်လိုက်မှာပဲ၊ ခုအတိုင်း အမှန်အတိုင်း ပြောပါတယ်လို့ ဆိုရင်လည်း အရင်က လိမ်ခဲ့ ဖူးတော့ မင်းမလွယ်ဘူး၊ ဒီလိုနဲ့ လူသတ်မှု တရားခံ ဖြစ်သွားဖို့ ရှိနေပြီ”

“ခုအတိုင်းဆိုတော့ ဟို. . . အေသယ်ရဲ့ ကျောက်ကိစ္စ ထွက်ချက်ကိုပဲ ရမယ်ထင်ပါတယ်၊ သူ့ထွက်ချက်အတိုင်းဆိုရင် ကျောက်တွေ ရဖို့အတွက် ဒေါက်ကာလပ်ကို ကျွန်မ သတ်တာ ဖြစ်နေ တာကိုး”



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဟုတ်တာပေါ့၊ တရားလိုရှေ့နေရဲ့ မေးခွန်းထဲမှာ ဒေါက်ကလပ် အလုပ်အကိုင် ကိစ္စကလည်း ပါလာမှာပဲ၊ ဒီတော့ မင်းကို သက်သေအဖြစ် တင်လို့ကို မရနိုင် ဖြစ်နေမယ်၊ ကျုပ်ဘက်ကလည်း သက်သေခံတစ်ခုမှ မတင်ချင်ဘူး"

"မတင်ရင် ကျွန်မကို တရားလိုရှေ့နေက သက်သေအဖြစ် မခေါ်နိုင်ဘူး မဟုတ်လား"

"ဟုတ်တယ်၊ လိုလည်း မလိုတော့ဘူးပေါ့၊ ဒါကြောင့် မင်းကို ကျုပ်ပြောခဲ့တာ အမှန်အတိုင်း ပြောပါ၊ ဒါဟာ မင်းအတွက် နောက်ဆုံး အခွင့်အရေး ဖြစ်နေပြီ"

"ကျွန်မ ပြောပြီးပါပကော"

"ကဲ့ . . ကျုပ်တို့ သွားမယ်"

မေဆင်က နှုတ်ဆက်ပြီးနောက် ဒယ်လာကို ခေါ်လျက် ရုံးခန်းထဲမှ ထွက်ခဲ့တော့သည်။

* * *



အခန်း | တစ်ဆယ့်လေး |

မေဆင်၊ ပေါလ်ဒရိတ်နှင့် ဒယ်လာတို့သုံးဦး ဟိုတယ် စားသောက်ခန်း တစ်ခုတွင် စားရင်းသောက်ရင်း တိုင်ပင်နေကြသည်။

ဒရိတ်က မေး၏။

"ကဲ. . . ပယ်ရီ၊ ဘာဆက်လုပ်ကြမလဲ"

"အင်း. . . တစ်ခုခုတော့ လုပ်ရမှာပေါ့၊ လုပ်ဆိုလည်း မြန်မြန် လုပ်ရမှာ၊ ခုအတိုင်းဆိုရင်တော့ တို့အတွက် အခွင့်အလမ်း သိပ် မကောင်းဘူးကွ"

"ခင်ဗျားကို ကြည့်ရတာ ဟင်မီတန်က တရားခွင်မှာ အနိုင်ယူ သွားတော့မယ်ဆိုတာတောင် မသိသလို ဖြစ်နေပါလား"

ဒယ်လာက သူ့ဆရာကို ဝင်နှောက်၏။

"ဒါလောက် ဖြစ်နေတာတောင် ဆရာတို့များ အစား အသောက် မပျက်ဘူး၊ ကြည့်ပါဦး၊ ခုလည်း စားလိုက်တာမျှ



www.burmeseclassic.com

www.burmeseclassic.com



"ဒယ်လာရယ်. . . အစားအသောက် ဘယ်အပျက်ခံလို့ ရမလဲကွ၊ ဒါပေမဲ့ တို့စားတာ များများမဟုတ်ပါဘူး၊ အာဟာရဖြစ်ရုံပါ၊ ဒီညနေ ရုံးရောက်ရင် အားလေးဘာလေး ပြည့်နေရုံလောက်ပါကွဲ့"

"ခင်ဗျား အယ်လီနာကို သက်သေအဖြစ် မတင်ရဲဘူးလား၊ အမှန်အတိုင်း ပြောခိုင်းပေါ့"

"ဒီလိုဆိုလည်း ဆူဆန်ကို မှောင်ခိုမယ်အဖြစ် ဖော်မထုတ်နိုင်ဘူးလား၊ ဟိုပန်းချီဆေးဘူးတွေဆိုတာဟာ ကျောက်မျက်ရတနာ ၄က် ထည့်လာတဲ့ ပစ္စည်းတွေ ဘာညာဆိုပြီး ဖော်မထုတ်နိုင်ဘူးလားဗျ၊ ဥပမာ-အယ်လီနာက ဒီကျောက်တွေ ရထားတယ်ဆိုရင် ဆူဆန်က ပြန်ရအောင် လုပ်မှာပဲ၊ အယ်လီနာလည်း ဒီကျောက်တွေကို ဖေါက်ကလပ် လက်ထဲ ဖေးလိုက်တယ်ဆိုရင် တရားခံ ပေါ်ရောပေါ့"

ထိုသို့လည်း မဖြစ်နိုင်ကြောင်း မေဆင်က ခေါင်းခါပြပေး၏။

"ဘာဖြစ်လို့လဲဗျ"

"အဖြစ်မှန် မဟုတ်လို့ပေါ့ကွာ"

"ခင်ဗျားကလည်းဗျာ၊ ရာဇဝတ်မှုရှေ့နေ တော်တော်များများဟာ အမှန်အတိုင်း မလိုက်ကြပါဘူး၊ အဖြစ်မှန်က အမှုသည်အတွက် အခြေအနေ မကောင်းရင် တစ်နည်းနည်း ကြံဆကြတာပဲ မဟုတ်လား"

"ဒါပေမဲ့ ပေါလ်ရေ၊ အဖြစ်မှန် မဟုတ်သရွေ့ တို့ လန့်တယ်ကွ၊ ခုလည်း တို့အမှုသည်က အဖြစ်မှန်ကို ပြောတော့ပြောတယ် ဘယ်သူမှ မယုံနိုင်အောင် ဖြစ်နေတယ်၊ ဒါကြောင့် သူ့ရှေ့နေအဖြစ် သူ့ထွက်ဆိုချက်အတိုင်း လိုက်ဆောင်ရွက်ရင် ရှေ့နေတစ်ဦးအဖြစ်





မှန်မယ်၊ အင်း. . . ခုဟာက အမှန်ဆိုပေမဲ့ တို့က လိမ်နေတယ်ပဲ ထင်နေတယ်၊ လိမ်တာ ဟုတ်မဟုတ်တော့ မသိဘူး၊ လုပ်ဇာတ်တစ်ခု အစားထိုးရအောင် ဆိုတော့လည်း ရှေ့နေအလုပ်ကို သစ္စာဖောက်ရာကျနေပြန်တယ်၊ ရှေ့နေဆိုတာ အမှန်တရားကို ရှာဖွေသူကိုးကွ"

"ခင်ဗျား အမှုသည် ထွက်ချက်တော့ အမှန်မဟုတ်နိုင်ဘူးလို့ ကျုပ်လည်း ထင်တယ်"

"ဒီတော့ အမှန်ကို ရှာဖို့ တို့တာဝန် ဖြစ်လာတာပေါ့"

"အယ်လီနာ လိမ်နေတာကိုက အမှန်တရားကို သူ ရင်မဆိုင်ရဲလို့ ဖြစ်နေမှာပေါ့ဗျ"

"သူသတ်တယ် ထင်လို့လားကွ"

"ဖြစ်နိုင်တာပေါ့ဗျ၊ ဒါမှမဟုတ် အခြေအနေက သူသတ်တယ်လို့ ဖြစ်အောင် တွန်းပို့နေတယ် ဆိုနိုင်တယ်"

"အင်း. . . သူသတ်တယ် ဆိုရင်တော့ ဒါဟာ သူ့သေလမ်းပဲပေါ့၊ မသတ်ရင်တော့ အမှန်တရားက သူ့ကို ကယ်နိုင်ကောင်းပါရဲ့"

"ဒီတော့ ခင်ဗျား လုပ်ရမှာက အေသယ်ဟာ မမှန် သက်သေဖြစ်တယ်၊ ဆူဆန်ကတော့ မှောင်ခိုမယ် စသဖြင့် ပေါ်အောင် ဖော်ပေးရမှာပေါ့"

ဒရိတ်က နာရီကြည့်ပြီး ဆက်ပြောလိုက်သည်။

"အင်း. . . ပယ်ရီ ဒီတစ်ချီတော့ ခင်ဗျားခံရပြီ ထင်တယ်"

"အေးကွ၊ ဟင်မီတန်အတွက် အဘက်ဘက်က ပြည့်စုံနေတာကိုး၊ ဒီလိုဖြစ်အောင်လည်း သူ့ခမျာ နှစ်ပေါင်းများစွာ ကြိုးစားရပါတယ်၊ ခုမှ ဒီအခြေအနေမျိုး သူ့ခမျာ ရောက်လာရတာ"

ဒယ်လာက ကြားဖြတ်မေးသည်။

"ဟင်. . . ဒီလိုဆို ဆရာ ဘာမှမလုပ်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှန်း မသိ ဖြစ်နေတယ် ဒယ်လာရယ်၊ ဒါပေမဲ့ အယ်လီနာက တို့အမှုသည်၊ ခုလည်း ရုံးပြန်ခေါ်ရင် ဟင်မီတန်က ရစ်ချီကို ပြန်ခေါ်သက်သေအဖြစ် မေးတော့မယ်၊ ဒီတော့မှပဲ. . ."

"ဒါပေမဲ့ ဆရာ၊ ဆရာရစ်ချီကို မေးခွင့်ရရင်လည်း တစ်မိနစ် နှစ်မိနစ်ပဲ ရမယ် မဟုတ်လား"

"ရသလောက်မှာ အားနည်းကွက် ရှာရမှာပေါ့၊ ရစ်ချီကို ပြန်ခေါ်သက်သေအဖြစ် ဟင်မီတန်မခေါ်ရင် တို့အတွက် မျှော်လင့်ချက် ရှိတယ်၊ ပြန်ခေါ်ရင်တော့ ဆူဆန်ရဲ့ ထွက်ချက် တစ်နေရာရာမှာ မှားလို့ ဖြစ်ရမယ်၊ ပြန်ခေါ်ရင် အယ်လီနာအတွက် မျှော်လင့်ချက် မရှိတော့ဘူး၊ ဒါကြောင့် ရစ်ချီဟာ ပြဒါးတိုင်ပဲကွ"

သူတို့ ရုံးထဲ ဝင်လာသောအခါ ဂျူရီလူကြီးများကအစ မေဆင်ကို တင်းမာစွာ စိုက်ကြည့်နေ၏။ ဒယ်လာက ထိုအခြေအနေ အကြောင်း သူ့ဆရာကို တိုးတိုးလေး ပြော၏။

"ဆရာရေ. . . ဂျူရီတွေ တင်းမာလှချည်လား"

"အေး. . . တို့လည်း သတိထားမိတယ်ကွဲ့"

ထိုအချိန်၌ ဟင်မီတန်ကမူကား အောင်မြင်သောဟန်ဖြင့် ရုံးထဲဝင်လာ၏။

လူစုံသောအခါ ရုံးမင်းက ရုံးတော် ပြန်စကြောင်း ကြေညာလိုက်၏။ ဤတွင် အစိုးရရှေ့နေကြီးက ခပ်သွက်သွက် မတ်တတ်ရပ်လိုက်ပြီး လျှောက်ထားသည်။

"ရုံးမင်းခင်ဗျား. . . ကျွန်တော်တို့ ပြန်ခေါ်သက်သေ တင်လိုပါတယ်" ဟု ပြောလျက်-

"မစ္စတာရစ်ချီ. . . နောက်ထပ်သက်သေခံဖို့ ကြွပါ"

ရစ်ချီမှာ ကျင်းကိုင်ပြီးသူဖြစ်၍ သက်သေစင်မြင့်သို့ တိုက်ရိုက် သွားအစစ်ခံရန် ပြင်၏။ ဟင်မီတန်က စမေး၏။





"ဩဂုတ်လ ၁၅ ရက်နေ့လောက်က ဆူဆန်နဲ့ အယ်လီနာတို့ ရန်ဖြစ်ခဲ့ကြတဲ့ စကားပြောသံကို ခင်ဗျား ကြားခဲ့ပါသလား"

"ဟုတ်ကဲ့၊ ကြားခဲ့ပါတယ်"

"ဘယ်မှာ စကားများကြတာလဲ"

"အခန်းအမှတ် ၃၆၀ တံခါးပေါက်မှာပါ"

"ဘယ်သူတွေ ရှိနေကြပါသလဲ"

"သူတို့နှစ်ဦးထဲပါ"

"ဘာတွေ ပြောကြတယ်ဆိုတာ ကျူမ်တို့ကို ပြောပြပါလား"

မေဆင်က ကြားဖြတ်ပြောသည်။

"ပြန်လှန်မေးခွန်း မေးချင်ပါတယ်"

ဟင်မီတန်က ပြေ၏။

"မေးခွင့်မရှိဘူးထင်တယ်၊ ကန့်ကွက်ချင်ရင် ကန့်ကွက်ပါ"

"ဒီလိုဆို ကန့်ကွက်ပါတယ်၊ ဒီမေးခွန်းက သက်သေကို ကောက်ချဆွဲနိုင်းတဲ့ မေးခွန်း ဖြစ်နေလို့ပါပဲ၊ သက်သေက ထွက်ပြီးပါပြီ၊ စကားပြောနေချိန် နှစ်ဦးတည်း ရှိပါတယ်တဲ့၊ ဒါကြောင့် ဒီအချိန်က သူ့အဲဒီမှာ မရှိပါဘူး"

တရားသူကြီးက ဝင်ပြောသည်။

"ဒါပေမဲ့ သူကြားတာကိုတော့ ထွက်ဆိုနိုင်တယ်လေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အသံတွေကို ဘယ်သူ့အသံ ဘယ်သူ့အသံလို့ သူပြောနိုင်ရပါမယ်"

မေဆင်၏ စကားကြောင့် ဟင်မီတန်က မေးခွန်းပြောင်းသွားသည်။

"မစ္စတာရစ်ချီ ခု တရားခံဖြစ်နေတဲ့ အယ်လီနာကို သိပါသလား'



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ သိပါတယ်"

"သူနဲ့ကော စကားပြောဖူးသလား"

"ကြုံကြိုက်တဲ့အခါမျိုးမှာ ပြောဖူးတာပါ"

"သူ့အသံကို ခင်ဗျား မှတ်မိပါ့မလား"

"ဟုတ်ကဲ့"

"ဒီလိုဆိုရင် ဟိုနေ့က ရန်ပွဲမှာ အယ်လီနာ ပါခဲ့ပါသလား"

"ဟုတ်ကဲ့. . . ပါခဲ့ပါတယ်"

"တခြားတစ်ယောက်ကကော"

"တခြားတစ်ဦးက ဆူဆန် ဖြစ်ပါတယ်"

"သူ့အသံကော မှတ်မိသလား"

"ဟုတ်ကဲ့"

"ဒီလိုဆို အဲဒီရန်ပွဲမှာ ဘာတွေ ပြောခဲ့သလဲ၊ ပြန်ပြောပြပါ"

"ဆူဆန်က ပြောတယ်၊ သူ့အခန်းကို ပုန်းလျှိုးကွယ်လျှိုး ချောင်းကြည့်ချောင်းနားထောင်တာ မကြိုက်ဘူးလို့ ပြောပါတယ်"

"ဒီတော့ အယ်လီနာက ဘာပြန်ပြောသလဲ"

"ဆူဆန်ဟာ သူ့ရည်းစားကို လုယူဖို့ ကြိုးစားနေတယ်လို့ ပြန်ပြောလာတယ်"

"ရည်းစားလား၊ ခင်ပွန်းလား"

"ရည်းစားပါတဲ့"

"ဆက်ပြောပြပါ"

"အယ်လီနာက ဆက်ပြောတယ်၊ ဒီလို ရည်းစားကို လုရင် ငြိမ်မခံနိုင်ဘူး၊ ဆူဆန် ဆက်ကြိုးစားရင် ပစ်သတ်မယ်၊ ဒေါက်တာယင်ကို သူမရနိုင်ရင်လည်း ဒေါက်တာလင်ကိုပါ ပစ်သတ်မယ်လို့ ကြိမ်းပါတယ်"





"အယ်လီနာက လက်နက်တစ်ခုခုကိုကော ထုတ်ပြပါသေးသလား"

"ပြတာပေါ့၊ ဒါပေမဲ့ ကျွန်တော်က ကြားရရုံပဲ ကြားရပါတယ်၊ မြင်တော့ မမြင်ပါဘူး"

ဤတွင် ဟင်မီတန်က မေဆင်ဘက် လှည့်ပြီး ပြန်လှန်မေးခွန်း ထုတ်နိုင်ပြီဖြစ်ကြောင်း ပြောလိုက်၏။

မေဆင်ကလည်း ချက်ချင်းဝင် နာရီကို တစ်ချက်ကြည့်လျက် အချိန်ကိုဆပြီး မေးခွန်းစထုတ်၏။

"ဒီလို ခင်ဗျား ကြားရကြောင်း ဝတ်သက်သူ တစ်ယောက်ယောက်ကို ပြောပြခဲ့တယ် မဟုတ်လား"

"ဆူဆန်နဲ့ ဒီအကြောင်း ပြောမိပါတယ်"

"အဆောက်အအုံ တာဝန်ခံအဖြစ် ပြောပြတာလား"

"ဟုတ်ပါတယ်"

"အဲဒီအချိန်က အဆောက်အအုံ တာဝန်ခံတရေး ဖြစ်နေတော့ အဆောက်အအုံ ပရိုဂျက်ရဲ့ ဂုဏ်သိက္ခာ ထိန်းပေးဖို့ တာဝန်ရှိသူ မဟုတ်လား"

"မှန်ပါတယ်"

"ဒီလို ဆူဆန်ကို ပြောတော့ တကယ်ပြောကြ ဆိုကြတုန်းက အတိုင်း ပြန်ပြောတာလို့ သူ့ကပြောတယ်နော်"

"ဟုတ်ပါတယ်"

"ဒီတော့ ခင်ဗျားက ဘာပြန်ပြောခဲ့သလဲ"

"ဘီလင်ဒါ အဆောက်အအုံဟာ အဆင့်တန်းစားရပ်ကွက် ဖြစ်တဲ့အကြောင်း ဒီလို စကားများ ရန်မဖြစ်သင့်ကြောင်း ပြောပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အယ်လီနာ့ကိုကော ခင်ဗျား ဘာပြောခဲ့သေးသလဲ"

"ဘာမှမပြောလိုက်ပါဘူး၊ ချက်ချင်း အပြင်ထွက်သွားလို့ပါပဲ"

"နောက်တော့ကော ဘာကြောင့် မပြောသလဲ"

"တရားဝင် စကားပြောရရင် အယ်လီနာဟာ တရားဝင် အိမ်ငှား မဟုတ်ပါဘူး၊ အိမ်ငှားတစ်ဦးရဲ့ ဧည့်သည်ပဲ၊ အေသယ်နဲ့ တစ်စုံတစ်ရာ စီစဉ်ပြီး အယ်လီနာ အဲဒီမှာ နေနေတာလို့ သိရတယ်"

"ဒီအစီအစဉ်အကြောင်း ခင်ဗျားကို ဘယ်သူက ပြောပြသလဲ"

"အေသယ်က ပြောပါတယ်"

"အယ်လီနာက ပြောတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး"

"ဒီလိုဆိုရင် အယ်လီနာနဲ့ ခင်ဗျား စကားလုံးဝ မပြောဖူးဘူး ပေါ့"

"မကြာခဏတော့ တွေ့တွေ့နေတာပါပဲ"

"စကားပြောဖို့ မကြိုးစားမိဘူးပေါ့"

"အခန်းငှား မဟုတ်တော့ ပြောစရာ အကြောင်းမရှိဘူးလေ"

"လုံးဝ စကားမပြောဖူးဘူး ဆိုပါတော့"

"ဟုတ်ကဲ့၊ ဆိုနိုင်ပါတယ်"

"ဒီလိုဆိုရင် ခင်ဗျား သူ့အသံကို ဘယ်လိုလုပ် မှတ်မိမှာလဲ"

ရစ်ချီတစ်ယောက် ခေတ္တတွဲဆိုင်းဆိုင်း ဖြစ်သွားပြီးမှ ဖြေသည်။

"ကျွန်. . . ကျွန်တော် သူ့အသံ ကြားဖူးနေလို့ပါ"

"ဘယ်လို ကြားဖူးတာပါလဲ"

"သူ စကားပြောတာဆိုတာ ကြားဖူးနေတာပါ"

"သူပြောတာ ဘယ်နေရာမှာ ကြားဖူးသလဲ"





"ဒါတော့ မမှတ်မိတော့ပါဘူး"

"တယ်လီဖုန်းထဲမှာလား"

"ဟုတ်တယ်. . . ဟုတ်တယ်"

"တစ်ခါတစ်ရံ တယ်လီဖုန်းခုံကို ခင်ဗျားကိုင်တယ် မဟုတ်လား၊ နားထောင်တာလေ"

"ဟုတ်ကဲ့၊ တစ်ခါတလေပါ"

"ကိုယ်တိုင်တော့ ဖုန်းလိုင်းတွေပါ ဆက်မပေးပါဘူးနော်"

"မလုပ်ပေးပါဘူး"

"စက်ခလုတ်ခုံကို ကိုင်တော့ ကိုင်တတ်တယ် မဟုတ်လား"

"မလုပ်တတ်ပါဘူး ဆိုပါတော့"

"ဒီလိုဆိုရင် ခင်ဗျားပြောတဲ့ ဖုန်းခေါ်သံတွေကို နားထောင် တယ်ဆိုတာ အားလုံးကို နားထောင်တာပေါ့"

သက်သေအနည်းငယ် တွန့်သွားပြီးမှ ဖြေသည်။

"ဒါက ဒီလို ရှိပါတယ်၊ အားလုံးကိုတော့ နားထောင်တယ်လို့ ပြောမရပါဘူး၊ နားထောင်သင့်တာကို နားထောင်တယ် ဆိုပါတော့"

"အဲဒါက ဘာကို ဆိုလိုပါသလဲ"

"ဥပမာ-အဝေးပြောဖုန်းက လာနေတာ ဆိုပါတော့၊ ဒီမှာ လည်း ဒီလူက မြို့ထဲ ဖုန်းပြောနေတယ်ဆိုရင် နားထောင်ပြီး အနီးဖုန်း လိုင်း ဖြတ်သင့်ရင် ဖြတ်ပေးရတာမျိုးပေါ့"

"ဒါဆို တော်တော် စဉ်းစားပြီးမှ ဆုံးဖြတ်ချက်ချပြီး အနီးဖုန်း လိုင်း ဖြတ်ပေးရတာပေါ့နော်"

"ဟုတ်ပါတယ်"

"ဒီလိုဆိုတော့ ဒီမှာရှိတဲ့ လူတွေရဲ့ စရိုက်တွေကို ခင်ဗျား သိထားတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"သူတို့ တယ်လီဖုန်း ပြောတဲ့ အလေ့အထကို ပြောတာလား"

"ဟုတ်ပါတယ်"

"ဒီတော့ အဝေးပြေးဖုန်းခေါ်တဲ့ သူတို့ရဲ့ အလေ့လည်း သိထားတာပေါ့"

"ဟုတ်ကဲ့"

"ဒီလိုသိအောင်အတွက် သူတို့ ပြောတာတွေ မကြာခဏ နားထောင်ရမှာပဲ"

"ဒါတော့ ဒီလို ကျွန်တော် မပြောလိုပါဘူး"

"နားမထောင်ရင် ဘယ်လိုလုပ် သိမလဲ"

"မသိနိုင်ပါဘူး၊ ဒါပေမဲ့ ကျွန်တော် အတပ်သိနေတာတွေ ရှိတယ်"

"ဖုန်းပြောတာတွေကို နားထောင်တာတော့ ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"နားထောင်လေ့ ရှိတယ် မဟုတ်လား"

"လုံးဝ မဟုတ်ပါ ခင်ဗျား"

"စက်ခလုတ်ခုံကတစ်ဆင့် ပြောတာတွေကို ခင်ဗျား အခန်းကနေ နားထောင်နိုင်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကဲ. . . ဒီလိုဆို သူများပြောတာတွေ ဆိုတာတွေ ဒီလို နိုးနား ထောင်တဲ့အတွက် ခင်ဗျား မရှက်ဘူးလား"

"မဆိုင်ပါဘူး"

"အင်း. . . ဒီအတိုင်းဆိုတော့ မေးခွန်းကို ရှောင်နေတာပဲ"

ထိုအချိန်တွင် အစိုးရရှေ့နေကြီး ဟင်မီတန် နေရာမှ ထပြောသည်။





"ဒီမှတ်ချက်ဟာ မသင့်လျော်ပါ၊ သက်သေဟာလည်း မေးခွန်းကို မရှောင်ပါ၊ ရုံးမင်း ခင်ဗျား. . ."

မေဆင်က ပြုံးပြီး ရှင်းပြ၏။

"ဒီကိစ္စ ကျွန်တော် စောဒက မတက်လိုပါ၊ ဂျူရီလူကြီးတွေရဲ့ ဆန္ဒအတိုင်းပါပဲ"

"ဒါပေမဲ့ ဒီမှတ်ချက် မှတ်တမ်း မဝင်စေလိုဘူးဗျ"

ဟင်မီတန်က ဆက်ပြောသည်။

ရှေ့နေနှစ်ဦးကြား ရုံးမင်း ကြားဝင်ဖျန်၏။

"ကဲ. . . ရှေ့နေကြီးတို့ တော်ကြပါ၊ မစ္စတာမေဆင် မေးခွန်း ဆက်မေးပါတော့"

"ကောင်းပါပြီ ခင်ဗျား၊ ကဲ. . . မစ္စတာရစ်ချီ၊ ခင်ဗျား ထွက်ချက်အရ စကားများကြချိန်မှာ ဆူဆန်ဟာ တကယ့်လူကြီး လူကောင်း ပီသတယ်၊ ခြိမ်းခြောက်ခြင်း မရှိဘူးလို့ ယူဆမယ်လား"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ဆူဆန်က အယ်လီနာကို သေနတ်တွေ ဘာတွေနဲ့ မချိန်ဘူး မဟုတ်လား"

"လုံးဝ မချိန်ပါဘူး"

"ပစ်သတ်မယ်လို့ ဆူဆန်က မပြောဘူးနော်"

"ဟုတ်ကဲ့. . . မပြောခဲ့ပါ"

"ဒေါက်ကလပ်ကို ပစ်သတ်မယ်လည်း မပြောဘူးနော်"

"ဟုတ်ကဲ့. . ."

"စကားများချိန် တစ်လျှောက်လုံး လူကြီးလူကောင်းဆန်ဆန် ပြုမူတယ်နော်"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဆူဆန်ကို ဘာဖြစ်လို့ ခင်ဗျားက ပြန်ပြောခဲ့ရတာလဲ"

"သူက စသူဖြစ်လို့ပါ"

"ဒီတုန်းက ခင်ဗျားဟာ ကပ်ရက်အခန်းထဲမှာ ရှိတယ်လို့ ပြောခဲ့တယ်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်"

"ဒီလိုဆို ပြောကြဆိုကြတာတွေကို ဘယ်နည်းနဲ့ ရှင်းရှင်းလင်းလင်း ကြားနိုင်ပါသလဲ"

"အခန်းတံခါး ပွင့်နေလို့ပါ"

"ကပ်ရက်အခန်းထဲမှာ ခင်ဗျား ရှိနေခဲ့တာဟာ တာဝန်အရနော်"

"ဟုတ်ပါတယ်"

"ဒီလိုဆို သူတို့ စကားများနေတုန်းက ခင်ဗျား ဘာဖြစ်လို့ ထွက်ပြီး မတားပါသလဲ"

သက်သေ ရစ်ချီ ဤမေးခွန်းကို မဖြေနိုင်၊

"ဖြေပါ မစ္စတာရစ်ချီ၊ ခင်ဗျား ဘာကြောင့် ထွက်ပြီး မတားနိုင်ခဲ့ရတာလဲ"

"အင်း. . . စိတ်ဆိုးနေတဲ့ မိန်းမနှစ်ယောက် စကားများနေကြတဲ့အခါမျိုးမှာ ဝင်ဖျဉ်ဖို့က. . ."

"ဘယ်လို. . . ဘယ်လို စိတ်ဆိုးဒေါသ ဖြစ်နေတဲ့ မိန်းမနှစ်ယောက် ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ"

"ခင်ဗျား စောစောက ပြောပုံတောက်တော့ မိန်းမနှစ်ယောက်မှာ တစ်ယောက်က ဒေါပွစိတ်ဆိုးနေတယ်၊ ဒါပေမဲ့ တစ်ယောက်ကတော့ ဣန္ဒြေသိက္ခာနဲ့တဲ့"





"ဆူဆန်ဟာ စ,စကား ပြောကတည်းက စိတ်ဆိုးဒေါပွနေတယ် ထင်ပါတယ်"

"ဆူဆန်က တံခါးတွန်းဖွင့်ပြီး ရန်တွေ့တာ မဟုတ်လား"

"တံခါးတွန်းမတွန်းတော့ ကျွန်တော် မမြင်ရလို့ မသိပါဘူး၊ ကျွန်တော်က ကြားရုံကြားရတာ"

"ဆူဆန်ကတော့ စိတ်ဆိုးနေတယ် မဟုတ်လား"

"အင်း. . . စိတ်ထိခိုက်နေတယ် ထင်ပါတယ်"

"မစ္စတာရစ်ချီ၊ ခင်ဗျား ထွက်ချက်မှာ မိန်းမနှစ်ယောက် စိတ်ဆိုးဒေါပွနေတယ်၊ ကျန်တစ်ယောက်ကတော့ စိတ်ထိခိုက်နေတယ်တဲ့၊ ပြီးတော့ ခင်ဗျား ဝင်မဖျဉ်တာက စိတ်ဆိုးနေတဲ့ မိန်းမနှစ်ယောက် စကားများနေကြလို့တဲ့"

"ရှေ့နေကြီး ယူဆချင်သလို ယူပါ၊ ကျွန်တော် ငြိုင်မငြင်းလိုပါဘူး"

"ငြင်းဖို့ မဟုတ်ဘူးဗျ၊ အမှန်တကယ် ဘာဖြစ်တယ်ဆိုတာ သိရအောင် မေးနေတာပဲ"

ဤတွင် ဟင်မီတန်က ကြားဝင်မေး၏။

"ဒီအချက်က အရေးကြီးပါသလား"

"ဒါအရေးကြီးတာပေါ့၊ ဒီအချက်ဟာ သက်သေရဲ့ သဘောထားကို ပြနေတာကိုး"

"ဒီသက်သေဟာ လုံးဝ ဘက်မလိုက်တဲ့သက်သေပါဗျ"

ဟင်မီတန်က အကြောင်းပြသည်။

"ဟုတ်ရဲ့လားဗျ ကဲ. . . မစ္စတာရစ်ချီ ခင်ဗျား ထွက်ချက်ထဲမှာ ခင်ဗျားဟာ ကပ်ရက်အခန်းထဲမှာ ရှိနေခဲ့တယ်နော်"

"မှန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တံခါးတလည်း ပွင့်နေတယ်နော်"

"မှန်ပါတယ်"

"အခန်းတံခါး ပွင့်နေတယ်ဆိုတာကလည်း စကြံဘက်ကို ပွင့်နေတာနော်"

"ဒါလည်း မှန်ပါတယ်"

"စကားများနေကြတာကို ခင်ဗျား ကြားရတယ်နော်"

"ဟုတ်ပါတယ်"

"ကောင်းပါပြီ၊ ခင်ဗျား ဘယ်အခန်းထဲမှာ ရှိနေခဲ့ပါသလဲ"

"ကပ်ရက်အခန်းထဲမှာပါ"

"ဘာနဲ့ ကပ်ရက်လဲ၊ ဘယ်အခန်းနဲ့ ကပ်ရက်လဲ"

"ကပ်ရက်မဟုတ်ပါဘူး၊ အနီးအနားက အခန်းပါ"

"ခင်ဗျား စောစောက ကပ်ရက်အခန်းလို့ အကြိမ်ပေါင်းများစွာ ပြောခဲ့တယ်နော်၊ ကပ်ရက်အခန်း ဟုတ်ရဲ့လား"

"အနီးအနားက အခန်းပါ"

"ကပ်ရက်အခန်း မဟုတ်ဘူးပေါ့"

"မစ္စတာမေဆင်. . . ခုမှ ကျွန်တော် ပြန်ပြောရတော့. . . ဘယ်အခန်းလို့ မမှတ်မိတော့ပါဘူး"

"အင်း. . . စကားများတဲ့အကြောင်း အသေးစိတ်တော့မှတ်မိတယ်၊ အခန်းတော့ မမှတ်မိဘူး၊ ဟုတ်လားဗျာ"

"ဒီကိစ္စ သိပ်ဂရုမထားမိလို့ပါ"

"ကဲ. . . အခု ဂရုထားလိုက်ကြရအောင်လား၊ ပြန်စဉ်းစားကြည့်စမ်းပါ၊ ခင်ဗျား အဲဒီအချိန်က ဘယ်အခန်းထဲမှာ ရှိနေခဲ့ပါသလဲ"

"ကျွန်တော် မမှတ်မိတော့တာ သေချာပါတယ်"

"ကပ်ရက်အခန်းပဲ မဟုတ်လား"





"ကပ်ရက်ဆိုတာ ဘာနဲ့ ကပ်ရက်ပါလဲ မစ္စတာမေဆင်"

"ဒီစကား ခင်ဗျား သုံးခဲ့တာပဲ၊ ကပ်ရက်ဆိုတာ ဘာကို ဆိုလိုခဲ့တာလဲ"

"ကျွန်တော် ဘာကိုဆိုလိုခဲ့တယ် ဆိုတာတောင် မသိနိုင်တော့ပါဘူး"

"ဒီတော့ ကပ်ရက်ဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ကို ခင်ဗျား မသိဘဲ သုံးခဲ့တယ် ဆိုပါတော့"

"ကျွန်တော် အဓိပ္ပာယ်တော့ သိပါတယ်ဗျာ"

"ဒီလိုဆို ကပ်ရက်ဆိုတဲ့ စကားလုံး သုံးခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"ကဲ. . . ဒီလိုဆိုရင်လည်း ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ ဒီစကားလုံးကို သုံးခဲ့တာလဲ"

"ဟို. . . ဟို. . ."

"ဒီမှာ မစ္စတာရစ်ချီ၊ ခင်ဗျား ကျမ်းကျိန် အစစ်ခံနေတာနော်"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒီမှာ. . . ခင်ဗျားဟာ ကပ်ရက်ဆိုတဲ့ စကားကို သုံးတော့ အဓိပ္ပာယ်တော့ သိတယ်၊ ဒါပေမဲ့ တိုတုန်းက ကပ်ရက်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ခင်ဗျား မစဉ်းစားမိဘူး ပြောပြန်တယ်"

"အင်း. . . ကျွန်တော် မမှုမတ အဓိပ္ပာယ် ဖြစ်သွားမှာ စိုးလို့ပါ"

"ဒီလိုဆိုလည်း မှုမှုတတ စကားလုံး သုံးပါလေ"

"ဤတွင် ဟင်မီတန် ကြားဝင်ပြန်၏။

"ရှုံမင်းခင်ဗျား၊ ဒါသက်သေကို အကျပ်ကိုင်နေတာပါ"

ထိုစွဲချက်ကို မေဆင်က ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အကျပ်မကိုင်ပါ။ ခု ဒီသက်သေက ကပ်ရက် အခန်းမှ ရှိခဲ့ပါတယ်ဆိုပြီး အကြိမ်ပေါင်းများစွာ ပြောခဲ့တယ်၊ ဒါကြောင့် သူတကယ် အဲဒီမှာ ရှိနေရှိမနေ ကျွန်တော် မေးနေတာပါ"

"ကောင်းပါပြီ ရှေ့နေကြီးခင်ဗျား၊ ကပ်ရက်အခန်းဆိုတာ အခန်းတစ်ခုမှာ ဟိုဘက်ဒီဘက် ကပ်ရပ်နှစ်ခန်းပဲ ရှိမှာပေါ့"

ရစ်ချီက စိတ်မရှည်သကဲ့သို့ ဖြေ၏။

"ဒါ ကျွန်ုပ်လိုချင်တဲ့ အဖြေပါပဲ၊ ကပ်ရပ်ဆိုတဲ့ စကား ခင်ဗျား သုံးခဲ့တယ်နော်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မစဉ်းစားဘဲ သုံးခဲ့တာပါ"

"ဗျာ၊ ဒီလိုဆို ခုသက်သေခံ ထွက်ဆိုနေတာတွေကော မစဉ်းစားဘဲ ထွက်ဆိုတဲ့ ထွက်ချက်တွေလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး"

"အင်း. . . ကပ်ရက် တံခါးပွင့်နေတဲ့ အခန်းဆိုတာ အခန်း နံပါတ် ၃၅၈ ပဲ ရှိတယ်၊ အဲဒါဟာလည်း ဆူဆန်ရဲ့ အခန်းပဲ၊ ဆူဆန် ဟာ အဲဒီအချိန်က ဒေါပွပြီး အခန်းထဲက ဝုန်းခနဲ ထွက်သွားခဲ့တာ၊ ဒီတော့ တံခါးက ပွင့်နေတာပေါ့၊ ကဲ. . . မစ္စတာရစ်ချီ ခင်ဗျား အဲဒီအချိန်က ဆူဆန်ရဲ့ အခန်းထဲမှာ မဟုတ်လားဗျ"

"ကျွန်တော် မမှတ်မိတော့ပါဘူး"

"တကယ်မမှတ်မိတော့ဘူးလား"

"ဪ. . . သတိရပါပြီ ဟုတ်ပါတယ်၊ ဆူဆန်ရဲ့ အခန်းထဲ မှာပါ"

"ဘာဝန်အရလား"

"ဟုတ်ပါတယ်၊ အလုပ်ကိစ္စအတွက်ပါပဲ"

"ဆူဆန်အခန်းက ဝုန်းဝုန်းဒိုင်းဒိုင်း ထွက်သွားချိန် ခင်ဗျား အခန်းထဲမှာနော်"





"ဟုတ်ပါတယ်"

"ဒေါက်ကလပ်လည်း အဲဒီအခန်းထဲကပဲ အဲဒီအချိန်က ထွက် သွားခဲ့တာနော်"

"ဟုတ်ပါတယ်"

"ဆူဆန်ဟာ အခန်း ၃၆၀ ဘက် သွားတာနော်"

"ဟုတ်ပါတယ်"

"အဲဒီအချိန်မှာ ဒေါက်ကလပ် ဓာတ်လှေကားထဲဝင် တံခါး ပိတ်သွားတာလဲ ကြားတယ်နော်"

"ဟုတ်ပါတယ်"

"ဆူဆန် ဒီမှာတင် ဝုန်းဝိုင်းဒိုင်းဒိုင်း အခန်းထဲက ထွက်တယ် နော်"

"ဝုန်းဝုန်းဒိုင်းဒိုင်း ထွက်သွားတယ်ဆိုတာ ကျွန်တော် အဓိပ္ပာယ် မရှင်းပါဘူး မစ္စတာမေဆင်"

"ဒီလိုဗျာ၊ ကတိုက်ကရိုက် ဆိုပါတော့"

"ဟုတ်ပါတယ်"

"စိတ်ဆိုးမာန်ဆိုး မဟုတ်လား"

"ဟုတ်ပါတယ်"

"အဲဒီအချိန် အခန်းထဲကနေ ခင်ဗျားက သူတို့စကားများတာ ကို ကြားခဲ့တယ်"

"ဒါလည်း မှန်ပါတယ်"

"ကဲ. . . ဒီလိုဆိုရင် ဆူဆန်ရဲ့ အခန်းထဲမှာ ခင်ဗျား ရှိနေ တယ်ဆိုတာ ဘာကြောင့် ဖုံးထားချင်တာလဲ"

"မဖုံးပါလား၊ ကပ်ရက်အခန်းထဲမှာလို့ ဖြေခဲ့ပါတယ်"

"ဒါနဲ့များ ဘယ်အခန်းထဲမှာလို့ ဘာလို့ ရှင်းရှင်းမပြောဘဲ ဘယ်အခန်းဆိုတာ ပြောရမှာ ခက်ပါတယ်လို့ ထွက်ခဲ့ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အရှည်ကြီး မပြောချင်လို့ပါ"

"ပြီးတော့ ပထမ မမှတ်မိနိုင်ဘူး၊ နောက်တော့မှ တစ်ခါ မှတ်မိပြီလို့ ပြောတာကော ဟုတ်လား"

"ကျွန်တော် ခေါင်းရှုပ်နေလို့ပါ"

"အမှန်တကယ်တော့ ခင်ဗျား မှတ်မိနေတယ် မဟုတ်လား၊ ဒီတော့ ခင်ဗျား လိမ်နေတာပဲ။ လိမ်လည်ထွက်ဆိုချက် ဖြစ်နေပြီ"

"မလိမ်ပါဘူး၊ ခေါင်းရှုပ်နေလို့ပါ"

"နေပါဦး၊ ဆူဆန်ရဲ့ အခန်းထဲမှာလို့ ပြောရမှာ ဘာကြောင့် ခက်နေခဲ့ပါသလဲ"

"အခြေအနေအရ အထင်သေးစရာ ဖြစ်မှာစိုးလို့ပါ"

"ဘယ်သူ့ကို အထင်သေးစရာလဲ"

"ဆူဆန်ကိုပါ"

"အင်း. . . ဆူဆန်ကို ထိခိုက်မှာစိုးလို့ ခင်ဗျားဟာ မေးခွန်းကိုတောင် အမှန်အတိုင်း မဖြေဘဲ ရှောင်ချင်တာကိုး"

"မဟုတ်ပါဘူး၊ ကျွန်တော် လူကြီးလူကောင်း ဆန်ချင်လို့ပါ"

"ဒီလိုဆို ဆူဆန့် အခန်းထဲ ခင်ဗျား ရှိမနေသင့်တဲ့ အကြောင်း ရှိသလား"

"တာဝန်အရဆိုရင်တော့ မရှိပါဘူး"

"ခု ဟိုမှာရှိခဲ့တာ တာဝန်အရ မဟုတ်လား"

"မှန်ပါတယ်"

"ဆူဆန်ရဲ့ အခန်းထဲမှာ ခင်ဗျား ဘာလုပ်နေခဲ့ပါသလဲ"

"ဆူဆန်နဲ့ ကိစ္စတစ်ခု ဆွေးနွေးနေခဲ့တာပါ"

"အခန်းငှားနဲ့ အဆောက်အအုံ တာဝန်ခံ စာရေးအဖြစ်နဲ့လား"





"ဟုတ်ပါတယ်"

"ဘာတွေ ဆွေးနွေးခဲ့ကြပါသလဲ"

ဤတွင် ဟင်မီတန်က ကြားဝင်ပြန်၏။

"ဒီမေးခွန်းကို ကန့်ကွက်ပါတယ်"

မေဆင်က ရှင်းပြသည်။

"ဒါ အရေးကြီးတဲ့ မေးခွန်းပါ၊ သက်သေရဲ့ စိတ်ထားကို သိနိုင်မှာ ဖြစ်ပါတယ်"

နိုးမင်းက ယခုအခြေအနေ၌ လိုအပ်သော မေးခွန်း ဖြစ်သည်ဟု ဆုံးဖြတ်လျက် ကန့်ကွက်ချက်ကို ပယ်ချလိုက်သည်။

"ကဲ. . . ဖြေပါ၊ ခင်ဗျား ဘာတွေ ဆွေးနွေးခဲ့ပါသလဲ"

"မမှတ်မိတော့ပါဘူး"

"ပြောရမှာ ခက်တာ မဟုတ်ဘူးနော်၊ မမှတ်မိတာနော်"

"ဟုတ်ကဲ့. . . မမှတ်မိတာပါဗျာ"

"ဆူဆန်နဲ့ အယ်လီနာ စကားများတုန်းက ပြောတာတွေကိုတော့ မှတ်မိတယ်ပေါ့"

"ဟုတ်ပါတယ်"

"စကားတစ်လုံးစီတောင် မှတ်မိနေတယ် ထင်တယ်"

"ဟုတ်ကဲ့. . . ပြောတာတွေကို မှတ်မိတာပါ"

"ဒါပေမဲ့ အဲဒီမတိုင်မီကလေးက ဆူဆန်နဲ့ ခင်ဗျားနဲ့ ပြောကြဆိုကြတာတွေကျတော့ မမှတ်မိပြန်ဘူး ဟုတ်လား"

"မှန်ပါတယ်၊ မမှတ်မိတော့ပါဘူး"

"ဒါဆိုရင် ဆူဆန်နဲ့ ခင်ဗျားနဲ့ ပြောကြဆိုကြတာတွေဟာ အလုပ်တာဝန် ကိစ္စလို့တော့ ဘယ်လိုလုပ် မှတ်မိနေပါသလဲ"

"ဒါကတော့ အလုပ်တာဝန်ကိစ္စကလွဲပြီး သူ့အခန်း ကျွန်တော် ရောက်လေ့မရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါသေချာတယ်နော်"

"သိပ်သေချာပါတယ်"

"အလုပ်တာဝန်အတွက် မဟုတ်ရင် ဆူဆန်ရဲ့ အခန်းထဲ ဘယ်တော့မှ မရောက်ဘူးနော်"

ဤတွင် သက်သေ ရစ်ချီ ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြန်သည်။ ထိုအခြေအနေကြောင့် အစိုးရရှေ့နေ ဟင်မီတန်က ဝင်ပြောလိုက်ပြန်၏။

"နုံမင်း ခင်ဗျား၊ မေးခွန်းများတွေက ကျယ်ပြန့်လွန်းနေပါတယ်၊ ဒါဟာ ဒီသက်သေအပြင် တခြားသက်သေကို သိက္ခာချိုး ဖြစ်အောင် လုပ်နေတာပါ"

မေဆင်က ချက်ချင်းရှင်းသည်။

"ဟုတ်ကဲ့. . . ခုမေးခွန်းတွေအရ ဒီသက်သေဟာ ဘက်လိုက် ထွက်ဆိုနေကြောင်း သိသာနေပါပြီ၊ ဒါပေမဲ့ တခြားသက်သေကို ထိခိုက်ဖို့ဆိုတာတော့ ကျွန်တော် မမြင်ပါဘူး"

နုံမင်းက မေဆင်၏ မေးခွန်းများဘက်မှ ရပ်တည်ပြောဆိုသည်၊ ဟင်မီတန်က မေဆင်ကို ပုတ်ခတ် မှတ်ချက်ချ ပြောဆို၏။ ထိုမှတ်ချက်ကိုကား နုံမင်းက လုံးဝသဘောမကျ။ ခုံတော်၌ တစ်ဖက်ရှေ့နေကို ထိုသို့ မပုတ်ခတ်အပ်ဟုပင် ဆုံးဖြတ်ပြောဆိုလာ၏။

ဤတွင် ဟင်မီတန်က သူ့မှတ်ချက်ကို ရုတ်သိမ်းသွား၏။ ထို့ကြောင့် နုံမင်းက မေဆင်ကို ဆက်မေးခွင့် ပြုလိုက်သည်။

"ဆူဆန် အခန်းထဲကို အလုပ်ကိစ္စတစ်ခုလို့ ရောက်ဖူးပါ သလား"

"အပျင်းပြေ နေ့လယ်ပိုင်းမှာ ဝင်ဖူးတာတွေ ရှိပါတယ် စကားစမြည် ပြောရင်းဆိုရင်းပေါ့"



"တကယ်လို့များ အနီးပါးက တစ်ဦးဦးက ခင်ဗျား ဆူဆန် အခန်းကို ခဏခဏ ရောက်ဖူးတာ တွေ့ရကြောင်း အစစ်ခံရင် မမှန်ဘူးလို့ ခင်ဗျား ငြင်းမယ်လား"

ဤမေးခွန်းကို ဟင်မီတန်က ကန့်ကွက်ပြန်၏။ ဤတစ်ခါတွင်ကား နုံမင်းက မေးခွန်းသည် ရှည်လျားဖွယ်ရှိသဖြင့် ကန့်ကွက်ချက်ကို လက်ခံ၏။ ထို့ကြောင့် မေဆင်က လှည့်မေးသည်။

"ဆူဆန်ရဲ့ အခန်းကို အကြိမ်ပေါင်းများစွာ ရောက်ဖူးတယ် မဟုတ်လား"

သက်သေသည် အမူအရာပျက်သွားသဖြင့် နာချေဟန်ဆောင် လျက် နေရာရွှေ့ထိုင်၏။ တော်တော်နှင့် မဖြေ။

"ကိစ္စမရှိပါဘူး၊ ဖြည်းဖြည်း စဉ်းစား ဖြေနိုင်ပါတယ်"

"ဖြေဖို့မှာ မကြာခဏ ဆိုတဲ့ စကားအဓိပ္ပာယ် ရှင်းပါဦး"

"ဘယ်လိုရှင်းရမှာလဲ"

"မကြာခဏဆိုတာ အကြိမ်ပေါင်း ဘယ်လောက် မကြာခဏ" ကို ရည်ရွယ်ပါသလဲ ခင်ဗျား"

"ဒါကတော့ ခင်ဗျားဘာသာ ပြောပါ။ ကဲ. . . အကြိမ်ပေါင်း ဘယ်လောက်များများ ရောက်ဖူးပါသလဲ"

"ကျွန်တော် မမှတ်မိတော့ပါဘူး"

"အကြိမ် ၆၀ လောက်လား"

"ဒီလောက်မရှိဘူး ထင်တယ်"

"ဒါဆို. . . အခါ ၅၀ လောက်လား"

"မရှိနိုင်ပါဘူး"

"၄၀ လောက်တော့"

"ဖြစ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တောင်းပါပြီ ဒီလိုဆို ဘာကြောင့် ခင်ဗျားက အလုပ်တာဝန် တိစ္စတလွဲပြီး ဆူဆန်ရဲ့အခန်းကို ရောက်လေ့မရှိပါဘူးလို့ ခုန အစစ်ခံခဲ့သလဲ"

သက်သေ ရုစ်ချိ ခေတ္တတုံ့သွားပြန်သည်။ ပြီးမှ အကြံရဟန်မြင့် ခပ်ရှည်ရှည် ပြောသည်။

"မစ္စတာမေဆောင် မေးတဲ့နေ့က အခြေအနေကို ပြောတာပါ။ အဲဒီနေ့က သူတို့နှစ်ယောက် စကားများတဲ့ ဩဂုတ်လ ၁၅ ရက်နေ့လေ၊ အဲဒီနေ့က အလုပ်ကိစ္စအတွက်ပဲ ရောက်ခဲ့ပါတယ်လို့ ပြောတာပါ ခင်ဗျား"

"အဲဒီနေ့ တစ်နေ့တည်းနော်"

"ဟုတ်ကဲ့"

"အဲဒီနေ့က ဆူဆန့်အခန်းထဲ ရောက်နေတာ ဘယ်အချိန်ကတည်းကလဲ"

"အင်း. . . လည်း မမှတ်မိတော့ပါဘူး ခင်ဗျား"

"ဒေါက်ကာလပ် အခန်းထဲက ထွက်သွားပြီးမှ ခင်ဗျား ဆူဆန် အခန်းထဲ ဝင်တာ မဟုတ်ပါဘူးနော်"

"ဟုတ်ကဲ့. . . ကြိုရောက်နေခဲ့တာပါ"

"ဒေါက်ကာလပ်ကိုတော့ ဆူဆန် အခန်းထဲမှာ ခင်ဗျား တွေ့ရ မြင်ရခဲ့သလား"

"မမြင်ရပါဘူး၊ အသံပဲ ကြားရပါတယ်"

"ကျုပ်လည်း ဒီလိုပဲ ထင်ပါတယ်၊ ကဲ. . . ကျုပ်တို့ ပွင့်ပွင့် လင်းလင်း မေးကြဖြေကြရအောင်"

မေဆောင်သည် ပြောပြောဆိုဆို ရှေ့နေစားပွဲပေါ်ရှိ စာရွက်စာတမ်းများကို လှန်လှော် တစ်ခုခု ရှာသည်။ တွေ့တော့မှ သက်သေအနီး လျှောက်သွားရင်း ရင်ဆိုင်မေး၏။





"ဒေါက်ကာလပ် ဘာတွေ ပြောသလဲ ကြားချင်လို့ ပုန်းပြီး နားထောင်နေတာ မဟုတ်လား"

သက်သေ ရုစ်ချိ တစ်ယောက် အတော်မသက်မသာ ဖြစ်သွားချေသည်။ မေဆောင်က ဆက်ပြောရင်း မေးသည်။

"ဒီမှာ မစ္စတာရုစ်ချိ၊ ခင်ဗျားတာ ဆူဆန်ရဲ့ အခန်းထဲမှာ ပုန်းနေပြီး ဒေါက်ကာလပ် ဘာပြောသလဲ ခိုးနားထောင်နေခဲ့တယ် မဟုတ်လား"

"ဟုတ်. . . ဟုတ်. . . ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ နားထောင်မိခဲ့ပါတယ်"

"ကဲ. . . ဘာကြောင့် ခိုးနားထောင်ရတာလဲ"

"တာဝန်အရ သိသင့်သိထိုက်တယ် ထင်လို့ပါ၊ ဆိုးဆိုးရွားရွား အခြေအနေ ရောက်တော့မယ်ထင်လို့လည်း နားထောင်တာပေါ့"

"ဆူဆန်နဲ့ ဒေါက်ကာလပ်တို့အကြား ပြဿနာကို ပြောတာလား"

"ဘာတွေ လုပ်နေကြတယ်ဆိုတာ သိချင်တာလည်း ပါတယ်၊ အယ်လီနာလည်း အဲဒီအခန်းနားက အခန်းမှာ ဘာလုပ်နေတာလဲ သိချင်နေခဲ့ပါတယ်"

ထိုအချိန်တွင် ဆူဆန်တစ်ယောက် ဒေါပွသွားပြီး ဒေါသတကြီး နေရာမှ ခုန်ထပြောဆို၏။

"ဒီလူ လိမ်နေတာပါ၊ အဲဒီအချိန်က သူ ကျွန်မအခန်းထဲမှာ မရှိပါဘူး"

ဤတွင် အစိုးရရှေ့နေ ဟင်မီတန်က ကြားဝင်ပြန်သည်။

"ခဏကလေး. . . ခဏကလေး မစ္စဆူဆန်"

ပန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟင်မီတန်က ဒေါသတကြီးဖြင့် ဆူဆန်ကို စိုက်ကြည့်ရင်း ပြော၏။

သို့သော် ရုံးမင်းက ဆူဆန်ကို တိုက်ရိုက် လှမ်းပြောလိုက်သည်။

"ဒီမှာ မစ္စဆူဆန်ဂရင်ဝါ ပြန်ထိုင်နေပါ၊ ရုံးတော်မှာ အမှုစစ်နေတုန်း ဒီလို မပြောရဘူး"

"ရုံးမင်းရှင့်၊ သူလိမ်ပြီး ထွက်ဆိုနေလို့ပါ"

ရုံးမင်းက ဤတစ်ကြိမ်တွင် ခပ်ထန်ထန် ပြောလာ၏။

"မစ္စဆူဆန်ဂရင်ဂါ၊ ရုံးတော်တွင်းထွက်ဆိုချက်ကို ခင်ဗျား ဘာမှဝေဖန်ခွင့် မရှိပါဘူး။ ပြောစရာရှိရင် တရားလိုရှေ့နေ သို့မဟုတ် တရားခံရှေ့နေကို ပြောချင်ရင် ပြောပြနိုင်ပါတယ်၊ ရုံးတော်ကိုတော့ မနှောင့်ယှက်သင့်ပါဘူး၊ ဒါမျိုး အစဉ်အလာလည်း မရှိပါဘူး၊ ဒါမှ မဟုတ်ရင်တော့ ရုံးခန်းထဲက ထွက်သွားခိုင်းရလိမ့်မယ်၊ မစ္စဆူဆန် ဂရင်ဂါ နားလည်ပါတယ်နော်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ရုံးမင်းရှင့်၊ ကျွန်မကို ရုံးတော်ခေါ်ပြီး ဒီလို ကျွန်မ သိက္ခာ ထိခိုက်တဲ့ စကားတွေ နားထောင်ခိုင်းတဲ့အဖြစ်မျိုးထ တော့ မကောင်းပါဘူးရှင်၊ ခုသက်သေက ဒီမနက် ကျွန်မကို ပြော တယ်၊ ဇာပ်ရက်အခန်းမှာ သူရှိနေပါသတဲ့၊ ဒါကြောင့် ဒီနေ့မနက်ပိုင်း မှာ ကျွန်မလည်း အဲဒီလို အစစ်ခံခဲ့တာပါ"

"ဒီမှာ မစ္စဆူဆန်ဂရင်ဂါ. . . ရုံးတော်တွင်း ဂျူရီလူကြီးတွေ ရှေ့မှာ ဒီလိုဆင်ခြင်လဲလို့ မရပါဘူး၊ လုပ်လည်း မရပါဘူး၊ အဲဒီတော့ ထိုင်နားထောင်နေပါ"

ရုံးမင်း၏ စကားကြောင့် ဆူဆန်တစ်ယောက် ထိုင်ချလိုက်သည်။ ဤတွင် ရုံးမင်းက ဆက်ရှင်းပြ၏။





"ခင်ဗျား တစ်စုံတစ်ရာ ပြောချင် ရုံးနားချိန်မှာ တရားလို တရားခံ ကြိုက်ရာနဲ့ ဒီအကြောင်း တွေ့ပြီး ပြောပြနိုင်ပါတယ်၊ ဒါအတွက် ရုံးတော်က မဟန့်တားပါဘူး"

ထို့နောက် တစ်ဆက်တည်းပင် မေဆောင်ကို မေးခွန်းဆက်ထုတ် ခိုင်း၏။ မေဆောင်က ဆက်မေးသည်။

"ဆူဆန်ရဲ့ အခန်းထဲမှာ ဆူဆန် မသိဘဲ ရောက်နေတာလည်း ဖြစ်နိုင်မယ် ထင်ပါတယ်၊ ဟုတ်ပါသလား"

"ကျ. . . ကျွန်တော်"

ရစ်ချီ ထစ်ငေါ့နေပြီး စကားမစနိုင်မီ တရားလိုရှေ့နေ ဟင်မီ တန်က ကြားဖြတ်ပြောသည်။

"ဆူဆန် သိတယ် မသိဘူး ဒီသက်သေကို အစစ်ခံခိုင်းရာ ရောက်ပါတယ်၊ သက်သေကို ဒီကိစ္စ ဆုံးဖြတ်ခိုင်းရာလည်း ရောက်နေ ပါတယ်၊ ဒါကြောင့် ကန့်ကွက်ပါတယ်"

ရုံးမင်းက ကန့်ကွက်ချက်ကို လက်ခံလိုက်သည်။ ထို့ကြောင့် မေဆောင်က တစ်မျိုးလှည့်မေးရ၏။

"ဒီလိုကော မဖြစ်နိုင်ဘူးလား၊ သူ့အခန်းထဲ ခင်ဗျားရှိနေတာ ကို ဆူဆန် မသိအောင် ခင်ဗျား ဝင်ခဲ့တယ် မဟုတ်လား"

"ဒါလည်း ကျွန်တော် မမှတ်မိလို့ မပြောနိုင်ပါဘူး"

"မမှတ်မိတာလား၊ ပြောဖို့ ခက်နေတာလား"

"ဆူဆန် သိ မသိ ကျွန်တော် မပြောနိုင်တာပါ ခင်ဗျာ"

"အခန်းထဲကို ခင်ဗျား ဘယ်လို ဝင်ခဲ့တာလဲ"

"ရုံးမှာ အခန်းသော့တူ ရှိပါတယ်"

"ခင်ဗျား အခန်းထဲ ဝင်လိုက်ချိန်မှာ ဆူဆန် အခန်းထဲမှာ ရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး"

"နောက်မှ ရောက်လာတာလား"

"ဟုတ်ပါတယ်"

"ခင်ဗျားအခန်းထဲ ဝင်တော့ ဒေါက်တာလပ်ကော အခန်းထဲမှာ ရှိနေပါသလား"

"မရှိပါဘူး"

"ဆူဆန်ကို တွေ့ဖို့ ခင်ဗျား သွားခဲ့တာလား"

"မဟုတ်ပါ"

"ဆူဆန်ခေါ်လို့ကော သွားတာလား"

"ဒါလည်း မဟုတ်ပါဘူး"

"ဒီလိုဆို ခင်ဗျား ဘာကြောင့် သူ့အခန်းထဲ ဝင်ရတာလဲ"

"တစ်စုံတစ်ရာ စုံစမ်းချင်လို့ပါ"

"ဘာအကြောင်း စုံစမ်းချင်တာလဲ"

"ဆူဆန်က တိုင်ထားတာ ရှိပါတယ်၊ သူ့အခန်းထဲ ခိုးဝင်မွှေနှောက်ခံထားရပါသတဲ့၊ ဖျက်လိုဖျက်ဆီး လုပ်သွားပါတယ်လို့ ပြောပါတယ်"

"ဘယ်လို ဖျက်လိုဖျက်ဆီး လုပ်တာမျိုးလဲ"

တရားလိုရှေ့နေက ထ,ကန့်ကွက်၏။

ရှုံးမင်းက လက်မခံရုံမျှမက အခြေအနေမှန် သိနိုင်ရန် မေးခွန်းကို ဖြေခိုင်းသည်။

"ဟုတ်ကဲ့၊ ဆူဆန်က သူ့ရုံးပိတ်ရက် ခရီးထွက်နေတုန်း အခန်းဖောက်ခံရပြီး ပန်းချီဆေးဘူးပစ္စည်းတွေ ဖျက်ဆီးခံရပါသတဲ့"

တရားလိုရှေ့နေက တန့်ကွက်ပြန်၏။

ဤတွင် ရုံးမင်းက အခြေအနေမှန် သိလိုသဖြင့် သက်သေကို ကိုယ်တိုင်မေးမည်ဟု ပြောလျက် ကိုယ်တိုင် မေးတော့သည်။





"မစ္စတာရစ်ချီ၊ ခင်ဗျား ဒီလို ဖျက်လိုဖျက်ဆီး လုပ်ထားတဲ့ကိစ္စ စုံစမ်းဖို့ ဆူဆန် အခန်းထဲ ကိုယ်တိုင် ဝင်ခဲ့တာလား"

"ဟုတ်ပါတယ်"

"ပန်းချီဆေးဘူးတွေ ဖျက်ဆီးခံရပြီး ကြမ်းပေါ် ပြန့်ကျဲ ဖြစ်နေတာကိုကော တွေ့ခဲ့ရသလား"

"ဟုတ်ပါတယ်၊ တစ်ခန်းလုံး အနံ့ပါပဲ"

"ဆေးဘူး ဘယ်နှဘူးလဲဗျ"

"ဒါတော့ အတိအကျ ကျွန်တော် မသိဘူး၊ တော်တော်များတယ် ထင်ပါတယ်"

"အဲဒီအခန်းကို ဘယ်သူ ဆေးကြောပေးသလဲ"

"သန့်ရှင်းရေး အလုပ်သမားပါ"

"အဲဒီအကြောင်း ရဲကိုကော တိုင်ပါသလား"

"တိုင်တယ် မထင်ပါဘူး"

"ဘာကြောင့်ပါလဲ"

တရားလိုရှေ့နေက ရုံးမင်း၏ မေးခွန်းကိုပင် ကန့်ကွက်စကား ထပြောလာသည်။

"ရုံးတော်ရဲ့ မေးခွန်းကို မကန့်ကွက်လိုပါဘူး၊ ဒါပေမဲ့ ဝေး ရောက်နေပြီ ထင်ပါတယ်"

ဤတွင် ရုံးမင်းက ပြော၏။

"ကောင်းပြီလေ၊ ကိစ္စက ဆက်စပ်မှု ရှိနေတယ်ဆိုပေမဲ့ ကျယ်ပြန့်လွန်းလာပြီ ထင်တယ်၊ ဒါကြောင့် နောက်ဆုံးမေးခွန်းကို ရုံးတော်က ရုတ်သိမ်းပေးပါတယ်"

မေဆင်က ဝင်၍ လျှောက်လဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှုမင်းခင်ဗျား . . တရားခံရှေ့နေကိုတော့ ဒီကိစ္စ စနည်းနာရှာစမ်းခွင့် ပြုစေလိုပါတယ်၊ ဆူဆန်ရဲ့ အခန်းထဲမှာ ဖြစ်ပျက်ခဲ့တာနဲ့ အေဒသယ်ရဲ့ အခန်းထဲမှာ ဖြစ်ပျက်ခဲ့တာတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်နေတယ် ထင်ပါတယ်၊ ပြီးတော့ တစ်ခါ အေဒသယ်ရဲ့ အခန်းထဲမှာ ဘာတွေ ဖြစ်ပျက်ခဲ့ကြောင်း တရားလိုဘက်ကို တင်ပြခွင့်ပြုခဲ့တော့ တရားခံရှေ့နေကိုလည်း ဆူဆန် အခန်းထဲ ဘာဖြစ်ခဲ့တယ်ဆိုတာ ဖော်ထုတ်ခွင့်ပြုစေလိုပါတယ်"

ဆူဆန်သည် နေရာမှထရန် ပြင်ပြန်၏၊ ဤအကြိမ်၌လည်း နှုမင်း မိုရန်းက ဝင်ပြောရပြန်သည်၊

"မစ္စဆူဆန်ဝရင်ဂါ ထိုင်နေပါ၊ စကားမပြောပါနဲ့၊ နှုတော်ကို ဘာမှလှမ်းမပြောပါနဲ့၊ ဒါမှမဟုတ်ရင်တော့ နှုထဲက ထွက်ခိုင်းရပါလိမ့်မယ်"

ဆူဆန် ဒေါပွသွားသော်လည်း နှုတ်ခမ်း တင်းနေအောင် ကိုက်ထားပြီး ထိုင်ချလိုက်ရသည်၊ နှုမင်းက ဆက်ပြော၏။

"တဲ့ . . . ရုံးတော်က မေးခွန်းဆက်မထုတ်တော့ပါဘူး၊ မစ္စတာမေဆင်တာပဲ ဆက်ပြီး မေးပါ၊ တရားလိုရှေ့နေက ကန့်ကွက်လိုတဲ့ မေးခွန်းကိုလည်း ကန့်ကွက်ပါ၊ နှုတော်က အဆုံးအဖြတ် ပေးပါမယ်"

တရားလိုရှေ့နေ ဟင်မီတန်သည် စိတ်ပျက်သွားပြီးနောက် နာရီ လှမ်းကြည့်သည်၊ စိတ်ရှုပ်နေပုံရသော သူ့သက်သေသ ရစ်ချီကိုလည်း ကြည့်သည်၊ ထို့နောက် နှုတော်သို့ လျှောက်လိုက်သည်၊

"နှုမင်းခင်ဗျား . . . ခု ဒီမေးခွန်းတွေဟာ တိုက်ရိုက် မပတ်သက် မသက်ဆိုင်ဘူး ထင်လို့ ကျွန်တော် ထပ်တန့်ကွက်ပါတယ်"

နှုမင်းက ဝင်ဖြေ၏၊





"နှုတော်က ဒီလို မယူဆပါဘူး၊ ဒါကြောင့် မစ္စတာမေဆင် ဆက်မေးနိုင်ပါတယ်"

ဤတွင် မေဆင်က ဆက်မေးသည်၊

"မစ္စတာရစ်ချီ . . . ဆူဆန်ရဲ့ အခန်းကို ခင်ဗျား သွားတယ်၊ ပြီးတော့ နှုံးသော့တူနဲ့ ဖွင့်ဝင်တယ်၊ ဒါဟာ လုံခန်းသဘော တရားဝင် ဆောင်ရွက်တာလား"

"ဒီလိုပဲ ကျွန်တော် ထင်ပါတယ်"

"အထဲမှာ စစ်ဆေးကြည့်ရှုခဲ့နော်"

"ဟုတ်ပါတယ်"

"ဒါဟာ ဩဂုတ် ၁၅ ရက် တနင်္ဂနွေမှာနော်"

"ဟုတ်ပါတယ်"

"ဒီမတိုင်ခင်က ဆူဆန့်အခန်း ဝင်မွှေ ဖျက်ဆီးခံရတဲ့ အကြောင်း ခင်ဗျားကို တိုင်ထားတယ်နော်"

"မှန်ပါတယ်"

"ဘယ်အချိန်လောက်က ခင်ဗျားကို တိုင်ထားတာလဲ"

"မွန်းလွဲပိုင်း တစ်နာရီလောက်မှာပါ"

"အဲဒီ ဩဂုတ် ၁၅ ရက်နေ့ပဲနော်"

"ဟုတ်ပါတယ်"

"ဘယ်သူက တိုင်တာလဲ"

"မစ္စဆူဆန်က တိုင်တာပါ"

"ဆူဆန်က ဘယ်လိုပြောပြီး တိုင်တာပါလဲ"

"လော့စ်ဗေးဝတ်ကို နှုံဝိတ်ရက်မှာ သွားလည်နေတုန်း . . . "

"နေဦး ဘယ်သူနဲ့ သွားတယ်လို့ ပြောသလဲ"

ဤမေးခွန်းကို တရားလိုရှေ့နေက ကန့်ကွက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရုံးတော်က ကန့်ကွက်ချက်ကို လက်ခံသဖြင့် မေဆင်က တခြားမေးခွန်း ထုတ်မေးသည်။

"ဩဂုတ် ၁၅ ရက်နေ့က ဆူဆန်အခန်းကို ခင်ဗျား သွားတာ နော်"

"ဟုတ်ပါတယ်"

"ရုံးမှာရှိတဲ့ သော့တူနဲ့ ဝင်တာမဟုတ်လား"

"မှန်ပါတယ်"

"အဲဒီနေ့က အဲဒါ ဆူဆန်ရဲ့ အခန်းကို ပထမဆုံးအကြိမ် သွားခဲ့တာလား"

"မဟုတ်ပါဘူး"

"စောစောပိုင်း ဘယ်အချိန်က ရောက်သေးသလဲ"

"အခန်းဝင်မွေခံရတယ် တိုင်တုန်းက လိုက်ကြည့်ခဲ့တာပါ"

"အဲဒီအချိန်မှာ ပန်းချီဆေးဘူးတွေ မွှေနှောက် ဖျက်ဆီးခံထားရတာ ခင်ဗျား တွေ့တာပေါ့"

"ဟုတ်ပါတယ်"

"အဲဒီအချိန်က အခန်းတွင်း အခြေအနေအကြောင်း နည်းနည်း ပြောပြပါ"

၎င်းမေးခွန်းကိုလည်း ဟင်မီတန်က ကန့်ကွက်ပြန်သည်။ ရုံးမင်းက လက်မခံ။ ထို့ကြောင့် မေဆင်က ဆက်မေးသည်။

"ခုန မေးခွန်းကို ဖြေပါ"

"အင်း. . . တစ်ခန်းလုံး ပစ္စည်းတွေ မွှေနှောက်ခံထားရတယ်"

"ဘယ်လို မွှေနှောက်ထားတာလဲ"

"အဲသေးစိတ် အနှံ့အပြား မွှေနှောက်ရှာဖွေထားတဲ့ ပုံစံမျိုးပါ၊ အံဆွဲထဲမကျန် ရှာထားတယ်"





၎င်းတွင် ဟင်မီတန်က ကန့်ကွက်ပြန်၏။ ရုံးတော်က လက်မခံတော့။ ကန့်ကွက်ချက် နောက်ကျနေပြီဖြစ်၍ ဆက်အစစ်ခံထွက်ဆိုရန် ညွှန်ကြား၏။

"ခင်ဗျားကို ဆူဆန်က အဆောက်အအုံပိုင်ရှင် ကိုယ်စားလှယ် အဖြစ် သူ့အခန်းကို ခေါ်ပြတာနော်"

"ဟုတ်ပါတယ်"

"ဒီတော့ အခန်းထဲ ရှုပ်ပွေနေတာတွေ ရှင်းပစ်ဖို့ ခင်ဗျားတာပဲ အမိန့်ပေး ရှင်းခိုင်းတာနော်"

"ဟုတ်ပါတယ်"

"ခင်ဗျား ရဲအဖွဲ့ဝင်တွေကို မခေါ်ဘူးလား"

"မခေါ်ခဲ့ပါဘူး"

"ဆူဆန်ကကော ရဲတွေကို မခေါ်ဘူးပေါ့"

၎င်းမေးခွန်းကို ကန့်ကွက်ခံရပြန်၏။

ရုံးတော်က ကန့်ကွက်ချက်ကို လက်ခံသည်။ သက်သေကို ကောက်ချက်ချခိုင်း သကဲ့သို့ ဖြစ်နေသည်ဟု တရားလို ရှေ့နေက ကန့်ကွက်ခြင်း ဖြစ်၏။

"ရဲတွေကို မခေါ်တာ ဘာကြောင့်လို့ကော ဆူဆန်က ခင်ဗျားကို ပြောသလား"

၎င်းမေးခွန်းကိုလည်း ကန့်ကွက်၏၊ သို့သော် ရုံးတော်က လက်မခံ။ ထို့ကြောင့် ရစ်ချီက ဖြေရ၏။

"ဟုတ်ကဲ့. . . ပြောပြပါတယ်"

"ဘယ်လို ပြောပြပါသလဲ"

"ကျွန်တော်က ရဲအဖွဲ့ အကြောင်းကြားဖို့ ပြောတော့ မလိုပါဘူးတဲ့၊ ဘာကြောင့် ဘယ်သူ ဝင်လုပ်သွားတယ်ဆိုတာ သူ သိပါသတဲ့"



www.burmeseclassic.com

"ဒါနဲ့ ခင်ဗျားက သန့်ရှင်းရေး အလုပ်သမားခေါ်ပြီး ရှင်းခိုင်းလိုက်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ပြီးတော့ ခင်ဗျား ရုံးခန်း ပြန်တယ်ပေါ့"

"သန့်ရှင်းရေးသမား မရောက်ခင်ကတည်းက ကျွန်တော် ပြန်ခဲ့ပါတယ်"

"အင်း. . . သန့်ရှင်းရေးသမားတွေ ဆေးကြောပြီးချိန်၊ ဆူဆန်လည်း အပြင်သွားချိန် ခင်ဗျား ဆူဆန်ရဲ့ အခန်းထဲ ပြန်ပြီး ဝင်ခဲ့တယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ဆူဆန် အထဲမှာ မရှိဘူးနော်"

"မရှိပါဘူးလို့ ကျွန်တော် ခဏခဏ ပြောခဲ့ပါပြီ"

"ဆူဆန် အခန်းထဲမှာ မရှိဘူးဆိုတာ ခင်ဗျား သိနေတယ် မဟုတ်လား"

"ဆူဆန် အပြင်ထွက်သွားတာ တွေ့လိုက်ပြီးပြီပဲ"

"အခန်းထဲ ရောက်တော့ ခင်ဗျား ဘာလုပ်သလဲ"

"တစ်ခန်းလုံး လိုက်ကြည့်ပါတယ်"

"အပျက်အစီးတွေကို စစ်တာ ဆေးတာလား"

"ဟုတ်ပါတယ်"

"ဒါပေမဲ့ ခင်ဗျား ပြန်ရောက်ချိန် အပျက်အစီးတွေ အားလုံး ရှင်းပြီးနေပြီ မဟုတ်လား"

"မှန်ပါတယ်"

"ဒါဖြင့် ခင်ဗျား ဘာကြောင့် အခန်းထဲ ပြန်သွားရတာလဲ"

"အပျက်အစီးတွေ ရှင်းပြီးမပြီး သွားကြည့်တာပါ"





"အဲဒီအချိန် ဆူဆန် အခန်း ပြန်ရောက်လာရော ဆိုပါတော့"

"ခင်ဗျား အခန်းထဲမှာ ရှိနေကြောင်း ဆူဆန်ကို အသိပေးသလား"

"အသိမပေးပါဘူး"

"ခင်ဗျား ဘယ်လို ပုန်းရှောင်ခဲ့သလဲ"

"ဆူဆန် ပြန်လာသံ ကြားတော့ ကျွန်တော် အဝတ်ဗီရိုကြီး တစ်ခုထဲ ဝင်ပုန်းနေလိုက်ပါတယ်"

"ပြန်ရောက်လာတော့ ဆူဆန် ဘာလုပ်သလဲ"

"ရေကြီးသုတ်ပြာ ပြန်ရောက်လာပြီး အဝတ်အစား ချွတ် ရေမိုးချိုးတာ တွေ့ရတယ်၊ ရေချိုးပြီးတော့ မှန်တင်ခုံဆီ လာပါတယ်"

"ဒါဆို ခင်ဗျားက ဆူဆန် လှုပ်ရှားတာတွေ စောင့်ကြည့်နေခဲ့ တာပေါ့"

"ဟုတ်ပါတယ်၊ ဗီရိုကို ဟထားတာတိုး"

"အားလုံးကို မြင်နေရတာပေါ့နော်"

"မှန်ပါတယ်"

"ဘာကြောင့် ဒီလို ကြည့်နေရတာလဲဗျာ"

"အခန်းထဲ ပိတ်မိနေတော့ ခိုးပြီး ထွက်လို့ ရလိုရငြား အခွင့် အရေး ချောင်းနေတာပါ"

"ဆူဆန် အဝတ်အစား ဘယ်လို ဆင်ရင်ထားသလဲ"

"ရေချိုးခန်းထဲက ထွက်လာစ အခြေအနေအတိုင်းပါပဲ"

"ဗျာ. . . ဒါဆို ဆူဆန်ဟာ အဲဒီအချိန်မှာ ကိုယ်တုံးလုံးပေါ့ ဟုတ်လား"

"ဟုတ်. . . ဟုတ်ကဲ့၊ အဲလိုပဲ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဗျ၊ အဲဒီလိုပဲ ထင်ပါတယ်. . . ဟုတ်လား၊ အမှန်က ခင်ဗျား ချောင်းကြည့်နေခဲ့တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ မှန်ပါတယ်"

"ဒီလိုဆို အဲဒီအချိန်က ဆူဆန် အဝတ်အစား ဝတ်ထား သလား၊ ဘာမှ ဝတ်မထားဘူးလား"

"ဝတ်မထားပါဘူး"

"ဒီတော့ ခင်ဗျားကလည်း လွတ်ရာလွတ်ကြောင်း အခွင့် အရေးရဖို့ပဲ အခြေအနေကို စောင့်ကြည့်နေခဲ့တယ် ဆိုပါတော့၊ ဟုတ် ပါသလား"

"မှန်ပါတယ် ခင်ဗျား"

"ဒီလိုဆိုလည်းဗျာ၊ ဆူဆန် ရေချိုးခန်းထဲ ဝင်နေတုန်း ခင်ဗျား ဘာဖြစ်လို့ တိတ်တိတ် ထွက်မသွားတာလဲ"

"ကျွန်တော် အဲဒီအချိန်က ခေါင်းရှုပ်နေပါတယ်၊ သူများ အခန်းထဲ တိတ်တိတ်ခိုးဝင်မိနေတော့ တုန်တုန်လှုပ်လှုပ်လည်း ဖြစ်နေ ပါတယ်"

"ဒီလို တုန်တုန်လှုပ်လှုပ် ဖြစ်လာရင် ခင်ဗျား ခေါင်းရှုပ်တတ် တယ်ပေါ့"

"သိပ်သဘာဝကျပါတယ် ခင်ဗျား"

"ခုကော ခင်ဗျား တုန်တုန်လှုပ်လှုပ် ဖြစ်နေပါသလား"

"ဆိုမယ်ဆိုရင် ဆိုနိုင်ပါတယ်"

"ဒီလိုဆို ခုလည်း ခေါင်းရှုပ်နေတယ်ပေါ့"

"ခုတော့ ဒီလိုမဟုတ်ပါဘူး ခင်ဗျား. . . ကျွန်တော် အမှန် အတိုင်း အစစ်ခံ ထွက်ဆိုနေတာပါ"

"ကောင်းပါပြီ. . . မေးခွန်းမေးစရာ ကုန်ပါပြီ"





ဤသို့သော မေဆင်၏ စကားကို ကြားရတော့မှ အစိုးရ ရှေ့နေကြီး ဟင်မီတန်တစ်ယောက် သက်ပြင်းချနိုင်ပြီး သူ့သက်သေ ကိုလည်း လွှမ်းအားပေးရသည်။

"မစ္စတာရစ်ချီ ကိစ္စပြီးပါပြီ၊ နှုမင်းခင်ဗျား၊ အခု မစ္စတာရစ်ချီ ဟာ ပြည်သူ့ထဲက အရပ်သက်သေ ဖြစ်ပါတယ် ခင်ဗျား"

ဤတွင် မေဆင်က စကားဖြတ်ပြောလိုက်သည်။

"ဒါပေမဲ့ နုံမင်းခင်ဗျား၊ အရပ်သက်သေအချို့ကို ပြန်ခေါ် သက်သေအဖြစ် ကျွန်တော် နည်းနည်းပါးပါး မေးချင်ပါသေးတယ် ခင်ဗျား"

မေဆင်၏ စကားဆုံးဆုံးချင်း ဟင်မီတန်က ကန့်ကွက်တော့ ၏။

"ဒီကိစ္စ ကျွန်တော် ကန့်ကွက်ပါတယ်၊ တရားခံရှေ့နေဟာ သက်သေတိုင်းကို အတိအကျ မေးခွန်းထုတ်ဖို့ အခွင့်အရေး ရခဲ့ပြီး ဖြစ်ပါတယ်"

မေဆင်ကလည်း ချက်ချင်းပင် ချေပလျှောက်လဲ၏။

"ဒါပေမဲ့ မစ္စတာရစ်ချီကို ပြန်ခေါ် သက်သေအဖြစ် အစိုးရ ရှေ့နေကြီး ကိုယ်တိုင် ပြန်ခေါ် ခွင့် ပြုခဲ့တော့. . ."

"ဒါကတော့ နုံမင်းခင်ဗျား. . . ဒီသက်သေကို စစ်နေတုန်းက အမျိုးသမီးနှစ်ယောက် စကားများတဲ့အကြောင်း ကျွန်တော် မသိရ သေးလို့ မမေးမိခဲ့ ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့် ပြန်ခေါ် ရခြင်းပါ ခင်ဗျား"

မေဆင်ကလည်း ထိုအချက်ကို ချက်ချင်း ကောက်ကိုင်သည်။

"ဒီတော့ တရားခံရှေ့နေမှာလည်း ဒီအခွင့်အရေးမျိုး ခံစားခွင့် ရှိရပါမယ်၊ ဒါကြောင့် မစ္စဆူဆန်ရယ်၊ ဒေါက်တာအိုဘာနွန်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနှစ်ဦးကို ပြန်ခေါ် သက်သေအဖြစ် ကျွန်တော် နည်းနည်း မေးချင်ပါသေးတယ်၊ ဒါကြောင့် ပြန်ခေါ်ပေးခွင့် ပြုဖို့ လျှောက်ထားအပ်ပါတယ်"

ဟင်မီတန်က ကြားဝင်ပြန်၏။

"ရုံးမင်းခင်ဗျား. . . ဒေါက်တာ ဇိုဘာရွှန်ကို ပြန်ခေါ် သက်သေခံခိုင်းဖို့ ကိစ္စမှာ ကျွန်တော် ကန့်ကွက်ဖို့ မရှိပေမဲ့ မစ္စဆူဆန်ကို ဒီအချိန်မှာ ပြန်ခေါ်ဖို့တော့ ကျွန်တော် ကန့်ကွက်ပါတယ်"

"ကဲ. . ဒီလိုလုပ်ဗျာ၊ အစိုးရရှေ့နေကြီးက ဒေါက်တာဇိုဘာရွှန်ကို ပြန်ခေါ်ဖို့ မကန့်ကွက်ရင် ခုပဲ သူ့ကို ပြန်ခေါ်ပါ။ ဆူဆန့်ကိစ္စကို နှုတ်တော်က ပြီးတော့ အဆုံးအဖြတ် ပေးပါမယ်"

ရုံးမင်းက ဝင်ရောက်စေ့စပ်ပေးရာ ဟင်မီတန်က အခြေအနေ ရှင်းပြ၏။

"ဒေါက်တာကို ပြန်ခေါ်ရင် အချိန်ငါးမိနစ်လောက်တော့ စောင့်ရပါမယ်"

"ရပါတယ်၊ နှုတ်တော်ကို ခေတ္တရပ်နားထားတာပေါ့"

ရုံးမင်းက အဆုံးအဖြတ် ပေးပြန်သည်။

နှုတ်တော်ခေတ္တ ရပ်နားပြီ ဆိုသဖြင့် ဆူဆန်တစ်ယောက် အပြင် ထွက်ရန် ဟန်ပြင်သည်။ ဤတွင် ဟင်မီတန်က သူ့ရှေ့သို့ ခပ်သုတ်သုတ် သွားလျက် စကားပြော၏။

"ဒီမှာ မစ္စဆူဆန် မကျေမနပ် ဖြစ်နေပါသလား၊ စိုးစိမ်တကြီး တစ်စား လုပ်ပါနော်"

မေဆင်ကလည်း အညှမခံ ဆူဆန်၏ မကျေမချမ်း မျက်နှာ အမူအရာကို သိနေသဖြင့် ခပ်တျယ်တျယ် လှမ်းပြောလိုက်၏။

"မစ္စဆူဆန် ကျွန်တော်နဲ့ စကားပြောချင်ပါသလား"





ဆူဆန် တုံ့ဆိုင်းဆိုင်း ဖြစ်သွားရာမှ မေဆင်ကို တစ်လှည့်၊ ဟင်မီတန်ကိုတစ်လှည့် ကြည့်နေခိုက် ဟင်မီတန်က ဝင်ပြောလိုက်သည်။

"ဟာ ဘယ်ပြောလို့ ဖြစ်မလဲဗျ၊ မစ္စဆူဆန်ဟာ အရပ်သက်သေပဲ"

မေဆင်က ဟင်မီတန်ကို ဘာမျှမပြော၊ ဆူဆန် ကြားအောင်သာ လှမ်းပြောသည်။

"ဟင်မီတန်က ဆူဆန်ကို သက်သေထပ်ခံခိုင်းရင် ခေါင်းစဉ်မှန် အတိုင်း အားလုံးအမှန်တွေကို ထုတ်ပြောလိုက်ပါတော့၊ ကျုပ်က မေးစရာတောင် မလိုတော့ပါဘူး၊ ကျုပ်ပြောကို ပြောစရာလည်း မလိုတော့ပါဘူး၊ ဒီလိုမှ မဟုတ်ဘဲ ဆူဆန်ရဲ့ ဂုဏ်သိက္ခာကို ကာကွယ်ဖို့အတွက် ဆိုရင်တော့ ကျုပ်က ဂုဏ်ယူပြီး ဆောင်ရွက်သွားပါမယ်"

ဤအချိန်၌ ဆူဆန်နှင့် မေဆင်အကြား ရဲအရာရှိတစ်ဦးက ကြားဝင်ရပ်ပြီး တွယ်ထားလိုက်၏။

ဟင်မီတန်ကလည်း ဆူဆန်ကို သက်သေများအတွက် အခန်းဘက်သို့ ခေါ် သွားသည်။

မေဆင်ကမူကား သူ့အမှုသည် အယ်လီနာအနား ကပ်သွားပြီး တိုးတိုးမေးလိုက်သည်။

"အယ်လီနာ. . . ရစ်ချီ အစစ်ခံရတဲ့ ကိစ္စတွေက ဘာတွေလဲ၊ ဘယ်လို ဖြစ်ကြတာလဲ၊ ရစ်ချီကကော အဲဒီမှာ ဘာတာဝန်လဲ၊ တို့ကို သိသလောက် ပြောပြပါ"

"ကျွန်မ မသိပါဘူးရှင်၊ ဒါပေမဲ့ ကျွန်မ ထင်တာတော့ ရစ်ချီဟာ ဆူဆန်နဲ့ ကြိုက်နေကြတယ် ထင်ပါတယ်"

"ဒီလိုဆို ရစ်ချီကလည်း ဒေါက်တာထပ်ကို မနာလို ဖြစ်နေတယ်ပေါ့၊ အုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်ကလပ်ဟာ ဆူဆန်ကို ချစ်နေတာ မဟုတ်ပါဘူး။ သူတင်းရဖို့ တိစ္စအတွက် ဆက်ဆံနေတာပါ။ အပြင်ခေါ်ထုတ် ကျွေးမွေး ဧည့်ခံတာလည်း ဒီကိစ္စအတွက်ပါရှင်"

"ဒါက အယ်လီနာ့အထင် မဟုတ်လား"

"ဒေါက်ကလပ်ကလည်း ကျွန်မကို ဒီလိုပဲ ပြောထားပါတယ်၊ ကျွန်မကိုတော့ သူ မလိမ်ပါဘူးရှင်"

မေဆင်သည် ဒရိတ်ရှိရာနေရာသို့ ပြန်လျှောက်လာပြီး ပြောလိုက်၏။

"ပေါလ်ရေ. . . သက်သေခန်းကို နည်းနည်း စနည်းနာကွာ၊ ဆူဆန်ကို ဟင်မီတန်က သက်သေခန်းထဲ ခေါ်သွားတယ်၊ ပြောတာဆိုတာ အေးအေးဆေးဆေး ဟုတ်မဟုတ် သိချင်တယ်၊ ဆူဆန့်မျက်နှာ အရိပ်အကဲ အခြေအနေ ဘယ်လိုဆိုတာလည်း သိချင်တယ်"

ဒရိတ်က သက်သေခန်းနား ကပ်သွား၏။

မိနစ်အနည်းငယ်အတွင်း ပြန်ခေါ်သက်သေ ဒေါက်တာ ဇိုဘာရွှန် ရုံးထဲ ရောက်လာသဖြင့် ဘိလစ်စာရေးကြီးက ရုံးတော် ပြန်စမည် ဖြစ်ကြောင်း ကြေညာသည်။ ရုံးမင်းကိုယ်တိုင် ရုံးပြန်ထိုင်လာချိန်ထိ တရားလို အစိုးရရှေ့နေကြီးကို မတွေ့ရသေးသဖြင့် ရုံးမင်းက လှမ်းမေးသည်။

"အစိုးရရှေ့နေကြီး ဘယ်သွားနေသလဲ"

"ကျွန်တော်တို့ သူ့ကိုယ်စား ရှိနေပါမယ် ခင်ဗျား၊ တရားလိုရှေ့နေကြီး အရေးတကြီး သက်သေကိစ္စအတွက် မေးမြန်းနေတုန်းမို့ ခဏနောက်ကျပါမယ်"

ဟင်မီတန်၏ လက်ထောက်က လျှောက်လဲသဖြင့် ရုံးမင်းက လက်ခံလိုက်၏။





"ဒေါက်တာ ဇိုဘာရွှန်ကို နောက်ထပ် မေးခွန်းထုတ်မယ့်ကိစ္စ ကန့်ကွက်ဖို့ မရှိပါဘူးနော်"

"မရှိပါဘူး ခင်ဗျား"

ရုံးမင်း၏ အမေးကို ဟင်မီတန်၏ လက်ထောက်ကပင် ဖြေသည်။

မေဆင်က ရှုံ့တွင် ကြားဝင်သည်။

"မစ္စဆူဆန်ကို မေးခွန်းထုတ်ချိန်မှာလည်း ဒီလိုပဲ သဘောထားကြီးမယ်လို့ မျှော်လင့်ပါတယ်"

"ဒါတော့ ကျွန်တော်နဲ့ မဆိုင်ပါဘူး ခင်ဗျား၊ မစ္စတာဟင်မီတန်နဲ့သာ ဆိုင်ပါတယ်"

တရားလို လက်ထောက်ရှေ့နေက သဘောမကျဟန်ဖြင့် ဖြေသည်။ တရားသူကြီးက ကြားဝင်ပြောလာသည်။

"မစ္စတာ မေဆင်၊ ဒါတော့ ကိစ္စမရှိပါဘူး၊ ဟိုအချိန်ကျမှ အဲဒီကိစ္စ ကြည့်တော့ပေါ့၊ ကဲ. . . အခု ဒေါက်တာ ဇိုဘာရွှန်ကို မေးနိုင်ပါပြီ"

သို့ဖြင့် မေဆင်က မေးခွန်းစထုတ်သည်။

"ဒေါက်တာ ခင်ဗျား၊ ဒေါက်ကလပ် သေဆုံးရတာဟာ ဗို့ငွေ ၃၈ ခြောက်လုံးပြူး သေနတ် ကျည်ဆန်ကြောင့်လို့ ဒေါက်တာ အစစ်ခံရခဲ့ပါတယ်၊ ဟုတ်ပါသလား"

"မှန်ပါတယ်"

"တခြားနည်း သေစေနိုင်တဲ့ ဒဏ်ရာတို့ဘာတို့များ အလောင်းပေါ်မှာ ရှိမရှိ ဒေါက်တာ အသေအချာ စစ်ဆေးပါသေးသလား"

"ရှေ့နေကြီး ဘာကို ဆိုလိုပါသလဲ"

"ဪ. . . ဒေါက်တာ တင်ပြထားတဲ့ ရင်ခွဲရုံ ဓာတ်ပုံ မှတ်တမ်းထဲက ဓာတ်ပုံတစ်ခုကို ကျွန်တော် ရည်ရွယ်ပြီး မေးတာပါ၊



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်ပုံက သေသူရဲ့ ညာဘက် လက်မောင်းဓာတ်ပုံ ပုံကြီးချဲ့ထားတဲ့ ဓာတ်ပုံထဲက လက်မောင်းပေါ်မှာ အမည်းစက်နှစ်ခု ရှိနေပါတယ်"

"ဟုတ်ကဲ့ ရှိနေပါတယ်"

"အဲဒီလက်မောင်းဓာတ်ပုံကို ဘာကြောင့် ရိုက်ပြီး သီးခြား ပုံကြီးချဲ့ထားပါသလဲ"

"စောစောက ပြောတဲ့ အမည်းစက်နှစ်ခုကြောင့်ပါ"

"ဒီဓာတ်ပုံကို ရိုက်ဖြစ်အောင် ရိုက်ယူဖို့ ဒေါက်တာက ညွှန်ကြားခဲ့တာ ဟုတ်ပါသလား"

"မှန်ပါတယ်၊ ဒီဓာတ်ပုံ ကျုပ်တို့ ရိုက်ယူထားသင့်တယ် ထင်လို့ပါ၊ ရင်ခွဲရုံမှတ်တမ်း ဓာတ်ပုံလုပ်ငန်းမှာက ဒိုမှန် မဟုတ်တဲ့ကိစ္စ အထောက်အထား မှန်သမျှ ဓာတ်ပုံ ရိုက်ယူ မှတ်တမ်းတင်ထားအပ်တယ်လို့ ကျုပ် ယုံကြည်ပါတယ်၊ အထူးသဖြင့် ဒီလို လူသတ်မှုမျိုး ဆိုပါတော့"

"ဒီလိုဆို အခုပြောတဲ့ ပုံမှန်မဟုတ်တဲ့ကိစ္စ အထောက်အထား ဆိုတာ ဘာကို ပြောပါသလဲ"

"ဟို အမည်းစက်နှစ်ခုဟာ ဆေးထိုးအပ်ရာတွေ ထင်ရလို့ပါပဲ"

"ခြောကြွစွာဆိုရင် အဲဒီအမည်းစက်နှစ်ခုဟာ ဆေးထိုးထဲနဲ့ ထိုးထားတဲ့ ဆေးထိုးအပ်ရာတွေလို့ ဒေါက်တာ ထင်တယ် မဟုတ်လား"

"ဖြစ်နိုင်စရာ အများကြီး ရှိပါတယ်"

"ဒီအကြောင်းကို ဒေါက်တာ တိုက်ရိုက်သက်သေခံစဉ်က ဘာကြောင့် ထည့်မပြောခဲ့ပါသလဲ ခင်ဗျာ"

"ဒီအကြောင်း မေးလည်း မေးမလာလို့ပါ၊ တိုက်ရိုက်လည်း မမေးဘူး၊ ပြန်လှန်မေးခွန်းမှာလည်း မေးမလာပါဘူး"





"ဒါပေမဲ့ ဒေါက်တာ၊ ဒေါက်တာကကော ဘာကြောင့် ဒီအကြောင်းကို ထုတ်မပြောတာပါလဲ"

ကျုပ်ကို သက်သေအဖြစ် ခေါ်တာဟာ ကျုပ်က ထုတ်ပြောရမှာ မဟုတ်၊ မေးတာကို ဖြေရမှာလို့ နားလည်ထားပါတယ်"

"ဒါပေမဲ့. . . ဒေါက်တာ၊ ဒီဆေးထိုးအပ်ရာတွေဟာ ထူးခြားနေတယ်လို့ ဒေါက်တာ သတိမှတ်တယ် မဟုတ်လား"

"မှန်ပါတယ်"

"ဘယ်လောက်အထိများ ထူးခြားပါသလဲ ခင်ဗျာ"

"ဟုတ်ကဲ့၊ ဒီဆေးထိုးအပ်ရာတွေကို မှတ်တမ်းတင် ဓာတ်ပုံ ရိုက်စေတဲ့အထိ ထူးခြားနေခဲ့ပါတယ်"

"အမည်းစက်တွေက ညာဘက်လက်မောင်းမှာနော်"

"ဟုတ်ပါတယ်"

"ဒေါက်တာ. . . ညာသန်တစ်ယောက်ဟာ သူ့ဘာသာသူ ဆေးထိုးရင် ဘယ်ဘက်လက်မောင်းကိုပဲ ထိုးနိုင်မယ် ထင်ပါတယ်၊ ဟုတ်ပါသလား"

"မှန်ပါတယ်၊ ဘယ်ဘက်လက်မောင်း သို့မဟုတ် ဘယ်ခြေထောက်"

"အဲဒီ အမည်းစက်တွေဟာ ဆေးထိုးအပ်ရာတွေလို့ ဆရာ ယူဆခဲ့တယ်နော်"

"ဖြစ်နိုင်ပါတယ်"

ထိုအချိန်တွင် ဟင်ဗီတန်သည် ရုံးခန်းတွင်းသို့ မိနစ်သုံး မကြာအောင် နင်းလျှက် ပြန်ဝင်လာ၏။ မျက်နှာ အမူအရာမှာ ဒေါ်ပွလာသဖြင့် နီမြန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ အလောင်းကို စစ်တုန်းက 'မော်ဖီးယား' ကိုယ်ထဲမှာ ရှိမရှိ စစ်မိပါသေးသလား"

"မလုပ်ခဲ့ပါဘူး"

"တခြား မူးယစ်ဆေးဝါးတစ်ခုခု ကိုယ်ထဲမှာ ရှိမရှိကော စစ်ကြည့်မိပါသေးသလား"

"မစစ်ခဲ့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီလူ ဘာကြောင့် သေရကြောင်း ဆုံးဖြတ်ချက် ပေးပြီးလို့ပါပဲ"

"ဒီလိုဆိုရင် ဒေါက်တာ၊ သေသူဟာ သေနတ်ပစ်ခံရချိန်မှာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ ဒဏ်ကြောင့် မေ့မြောနေတယ်လို့များ ထင်နိုင်စရာ အထောက်အထား တွေ့ခဲ့မိပါသလား"

ဤမေးခွန်းကို ဟင်မီတန်က ကန့်ကွက်ပြန်၏။ သို့သော် ရုံးတော်က လက်မခံရုံမျှမက ရှုမင်းကိုယ်တိုင် ဆရာဝန်ကို စိုက်ကြည့်လျက် အစစ်ခံ ထွက်ဆိုချက်ကို စိတ်ဝင်တစား နားထောင်နေ၏။

"အင်း. . . ဒါတော့ ကျုပ်မပြောနိုင်ဘူးဗျို့"

"အလောင်းကို မပုပ်အောင် တစ်ခါတည်း ဆေးထိုးရတယ် မဟုတ်လား ဒေါက်တာ"

"ဟုတ်ပါတယ်"

"ပြီးတော့ မြှုပ်ပစ်လိုက်ရောလား"

"မှန်ပါတယ်"

"ဒေါက်တာ. . . မပုပ်ဆေးတွေဟာ အလောင်းကိုယ်ခန္ဓာထဲက အဆိပ်တွေကိုများ ပျောက်သွားစေနိုင်ပါသလား"

"တချို့အဆိပ်ကိုတော့ ဖျက်သွားစေတတ်ပါတယ်၊ ဥပမာ-ဝိုတက်ဆီယမ် ဆိုင်ယာနိုဒ်လိုဟာမျိုးပေါ့"

"မော်ဖီးယားကိုကော ဒေါက်တာ"





"မော်ဖီးယားကတော့ အသယ်လ်ကိုလိုက်·တစ်မျိုးပဲ၊ တော်တော်နဲ့ ပျက်ပြယ်မသွားနိုင်ပါဘူး၊ ရက်သတ္တပတ် အတော်ကြာအထိ အလောင်းရဲ့ ကိုယ်ခန္ဓာထဲမှာ ရှိနေနိုင်ပါတယ်"

"တကယ်လို့ အခု ဒီအလောင်းကို ပြန်ဖော်စစ်ကြည့်ရင် ခန္ဓာကိုယ်ထဲမှာ မော်ဖီးယား တွေ့နိုင်ပါဦးမလား ဒေါက်တာ"

"နေဦး. . . ဘယ်နေ့က အသတ်ခံခဲ့ရတာလဲ၊ ကြော်. . . ဟုတ်ပြီ၊ တွေ့နိုင်ပါသေးတယ်"

ဤတွင် မေဆောင်က ရှုမင်းထံ လျှောက်ထားလိုက်ပြန်သည်။

"ရှုမင်းခင်ဗျား. . . ဒေါက်ကလပ်ဟာ သေဆုံးချိန်မှာ မော်ဖီးယား အထိုးခံရပြီးမှ ပစ်သတ်ခံရတာဖြစ်လို့ အလောင်း ပြန်ဖော်စစ်ဆေးပေးဖို့ကို ပန်ကြားပါတယ် ခင်ဗျား၊ ဒေါက်ကလပ်ဟာ မသေခင်မှာ လူတစ်စုရဲ့ အတင်းအကျပ် ဖမ်းဆီးမှုကို ခံရပြီး ပထမ မော်ဖီးယားထိုးဆေး အထိုးခံရတယ်၊ ပြီးတော့မှ ပစ်သတ်ခံရတယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်"

တရားသူကြီး မိုရန်းက မေဆောင်ကို လှမ်းမေး၏။

"ရှေ့နေကြီး ဒီအတွက် အထောက်အထား တွေ့ထားပြီးပြီလား"

"ဟုတ်ကဲ့. . . အများကြီး တွေ့ထားပါတယ်၊ ဥပမာတစ်ခု ကျွန်တော် လျှောက်ထားတင်ပြပါမယ်၊ ဟို. . . ဒေါက်ကလပ် အလောင်းအိတ်ထဲကရတဲ့ သူ့ကိုယ်ပိုင်ပစ္စည်းတွေကို သေသေချာချာ ကြည့်ပါ၊ ငွေဆိုလို့ တစ်ပြားမှ မရှိတော့ပါဘူး၊ မှတ်စုစာအုပ် စာမျက်နှာပေါင်းတွေကိုလည်း ဖယ်ထုတ်ထားပြီး အသစ်တွေ ဖြည့်ထားတာ တွေ့ရပါတယ်၊ ဒါပေမဲ့ သူ အမြဲဆောင်တဲ့ ငွေခြစ်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူး၊ ဒါကြောင့် ဒေါက်ကာလစ်ဟာ အသက်မခံရခင်က ဖမ်းဆီး ချုပ်နှောင်ခံခဲ့ရတယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်"

မေဆင်၏ စကားအဆုံးတွင် အစိုးရရှေ့နေကြီးက စိတ်ဆိုး မာန်ဆိုး ဝင်ပြောပြန်၏။

"ကဲ. . . အခု ဒီစကားတွေကို ကြည့်ရင် အထောက်အထား မရှိဘဲ ဇာတ်လမ်းတစ်ပုဒ်ကို တင်ပြနေတာ တွေ့ရပါပြီ၊ လူသတ်မှု ပဏာမ ကြားနာချိန်မှာ တရားခံရှေ့နေကြီးက အားလုံးရဲ့ အာရုံကို ဆွဲဆောင်ဖို့ ကြိုးစားတင်ပြချက်သက်သက်ပဲ၊ ဒီတင်ပြချက်တွေဟာ အထောက်အထား ပြနိုင်တာတွေလည်း မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ခင်ဗျား၊ ပြစရာ အထောက်အထားတွေကို မြေကြီးထဲ မြှုပ်ပစ်လိုက်ရင်တော့ ပြစရာ အထောက်အထား ဘယ်ရှိ တော့မှာလဲ"

မေဆင်က ချက်ချင်း ပြန်လည်ချေပလိုက်ရာ တရားသူကြီးပင် ကြားဝင် ပြောဆိုလာရ၏။

"အင်း. . . တရားခံရှေ့နေကြီး ယူဆသလို သေသူကို မော်ဖီး ယား ထိုးခံခဲ့ရတယ် ဆိုရင်တောင် မစ္စတာမေဆင် ပြချင်တဲ့ အချက်နဲ့ မဆက်စပ်နိုင်ဘူးဗျ"

"ဒီအထောက်အထားကို ပြခွင့်ရရင် ကျွန်တော် ဆက်စပ် တင်ပြနိုင်ပါတယ် ခင်ဗျာ"

တရားသူကြီးတပင် မှတ်ချက်ပေး၏။

"ဒီလိုရှိပါသေးတယ်၊ အလောင်းပြန်ဖော်ဖို့ အမိန့်ထုတ်ရေး ဆိုတာက သိပ်ထူးခြားတဲ့ အခြေအနေမျိုးမှာမှ လုပ်ရပါတယ်၊

"တဲဒေါက်တာ ဒေါက်တာကိုယ်တိုင် ဒီဆေးထိုးအပ်ရာတွေ ကို တွေ့တယ်နော်"





ရှုံမင်းက ဒေါက်တာကို တစ်ဆက်တည်း မေး၏။

"ဟုတ်ပါတယ် ရှုံမင်းခင်ဗျား"

"ဒီအမည်းစက်တွေဟာ ဆေးထိုးအပ်ရာတွေပါလို့ ဒေါက်တာ ဘယ်လိုကြောင့် ဆိုနိုင်ပါသလဲ"

"လက်မောင်းအနေအထားနဲ့ အမည်းစက်တွေ အနေအထား ကြောင့်ပါပဲ၊ ဒါကြောင့်လည်း ဒါတွေဟာ မသေခင်တလေးမှာ ဆေးထိုးခံရတဲ့ အပ်ရာတွေလို့ ယူဆခဲ့ခြင်း ဖြစ်ပါတယ်"

"ဒီလိုဆိုလည်း ဒေါက်တာရယ်. . . ဘယ်လို မူးယစ်ဆေးဝါး မျိုးများ အထိုးခံခဲ့ရသလဲလို့ ဒေါက်တာ သိအောင် ဘာကြောင့် မကြိုးစားခဲ့ပါသလဲ"

"မကြိုးစား မစစ်ဆေးဖို့ ကျွန်တော့်ကို တစ်စုံတစ်ဦးက ညွှန် ကြားခဲ့လို့ ဖြစ်ပါတယ် ခင်ဗျ"

"ညွှန်ကြားတာက ဘယ်သူလဲဗျ"

"ဒီလိုပါခင်ဗျာ. . . ကျွန်တော် အဲဒီတွေ့ရှိချက်အကြောင်း အစိုးရရှေ့နေကြီးဆီ ကျွန်တော် ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်၊ သူက မေးတယ်၊ သေရတဲ့အကြောင်းရင်းက ဘာဖြစ်လို့လဲတဲ့၊ ကျွန်တော်ကလည်း ဖွိုင်၃၈ ကျည်ဆန် နောက်ဘက်ကနေ ခေါင်းထဲ ပစ်ထည့်ခဲ့လို့လို့ ပြောလိုက်ပါတယ်။ ဒီတော့ သူက ပြောတယ်၊ သေရတဲ့ အကြောင်းရင်း သိနေပြီပဲ၊ နောက်ထပ်ဘာလုပ်စရာ လိုတော့လဲလို့ ပြောပြီး ဖုန်းချသွားတယ် ခင်ဗျာ"

တစ်ရုံးလုံး ခေတ္တ တိတ်ဆိတ်ငြိမ်သက်နေ၏။

သို့သော် ခဏအကြာတွင် အစိုးရရှေ့နေကြီး ဟင်မီတန်က သူ့ဘက်ကသူ ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



“ပြဿနာ ရှုပ်မသွားစေချင်လို့ ဒီလို ပြောခဲ့ရတာပါ၊ ဒီတရားခံ ရွှေနေမျိုး ဒီကိစ္စ တွေ့သွားရင် ပုံကြီးချဲ့တော့မယ်ဆိုတာ သိနေလို့ ပါပဲ”

ဤတွင် တရားသူကြီးက ဝင်ပြောလာ၏။

“ဘာပဲပြောပြော. . . ဒီအခြေအနေမျိုးမှာ ရင်ခွဲရုံ ခွဲစိတ် ဆရာဝန်ဟာ သူတွေ့ရှိချက်ကို ဆက်လိုက်သင့်တာပေ့ါ၊ ဒေါက်တာကို ကျွန်နည်းနည်း ထပ်မေးပါရစေဦး”

တရားသူကြီးကပင် ဆက်မေး၏။

“သေသူဟာ မူးယစ်ဆေးဝါး အမြဲသုံးသူအဖြစ် သူ့ကိုယ်မှာ တခြား ဆေးထိုးဒဏ်ရာ တွေ့မိပါသေးသလား၊ ဆေးထိုးအပ်ရာ အဟောင်းတွေ ဘာတွေပေ့ါဗျာ”

“လုံးဝ မတွေ့ရပါဘူး ခင်ဗျာ၊ အလောင်းတစ်ကိုယ်လုံးကို ကျွန်တော် အသေအချာ စစ်ဆေးကြည့်ရှုပါတယ်၊ မူးယစ်ဆေးဝါး အမြဲသုံးသူတွေမှာဆိုရင် ဆေးထိုးအပ်ရာမျိုးတွေ တွေ့ရတတ်ပါတယ်၊ ဒီလူမှာ ကျတော့ လက်မောင်းက ဒဏ်ရာနှစ်ခုပဲ တွေ့ခဲ့ရပါတယ်”

ရုံးမင်းသည် မေးစေ့ကို ပွတ်ရင်း စဉ်းစားနေ၏။ ဤတွင် ဟင်မီတန်က ဝင်ပြောသည်။

“ရုံးမင်း ခင်ဗျား. . . အခု အမေးအဖြေပိုင်းကို ဂျူရီလူကြီး တွေနဲ့ မသက်ဆိုင်စေလိုပါဘူး ခင်ဗျား”

“အင်း. . . တရားခံရှေ့နေမှာ ဒီလို ဂျူရီလူကြီးတွေ သိ အောင် လျှောက်ထားတင်ပြခွင့်ရှိပါတယ်၊ ဒါကြောင့် ဒီကိစ္စ အလေး ထား စဉ်းစားချိန်ရအောင် အခု ရုံးတော်ကို ရွှေ့ဆိုင်းမယ်၊ အမှန်က ဒီအချိန်မျိုးမှာ မရွှေ့ဆိုင်းသင့်ဘူး၊ ဒါပေမဲ့ စဉ်းစားချိန်ရအောင် မနက် ဖြန်မနက် ၁၀ နာရီမှာမှ ရုံးပြန်စပါမယ်၊ ပြီးတော့ ထုတ်မပြောချင်သေး





တဲ့ တချို့အကြောင်းတွေကြောင့် တရားခံရှေ့နေကို အခြေခံဥပဒေပါ အခွင့်အရေးအပြည့် တရားခံ ခံစားခွင့်ရှိတာ ပေးရပါမယ်”

အစိုးရရှေ့နေကြီးက တစ်စခန်း ထပြန်သည်။

“ဒီကိစ္စမှာ ရုံးတော်က ဝေဖန်ချက် မပေးသင့်ပါဘူး”

“ကျုပ်လည်း ဒီလိုပဲ ယူဆပါတယ်။ ဒါပေမဲ့ ခု ကျုပ်ပြောတာ လည်း အခြေခံအချက်တချို့ကို ထောက်ပြတာပါပဲ။ ကဲ. . . မနက်ဖြန် ၁၀ နာရီထိ ရုံးရက်ရွှေ့ပါမယ်။ တရားခံရှေ့နေကြီး ကန့်ကွက်လိုပါ သေးသလား”

မေဆင်က မကန့်ကွက်ရုံမျှမက ရုံးရွှေ့ရန် မိမိကပင် အဆိုပြု လျှောက်ထားလိုပါကြောင်း တင်ပြလိုက်သေး၏။

သို့သော် အစိုးရရှေ့နေကမူကား ကန့်ကွက်၏။ ဤတွင် တရားသူကြီးက ရှင်းပြပြန်သည်၊

“အစိုးရရှေ့နေကြီးက အမှုပိုရှုပ်ကုန်မယ်ထင်တဲ့ အချက်ဟာ တရားခံရှေ့နေအတွက်ကျတော့ ထူးခြားချက်ကြီး ဖြစ်လာတယ်ဗျ၊ ဒီတော့ ကဲ. . . မစ္စတာမေဆင်၊ ရုံးရွှေ့ခွင့်တောင်းတယ်နော်”

“ဟုတ်ပါတယ် ရုံးမင်းခင်ဗျား”

“ဒီလိုဆို ခုချိန်ကစ ရုံးဆင်းပါပြီ၊ မနက်ဖြန် မနက် ၁၀ နာရီ ရုံးပြန်ထိုင် ကြားနာပါမယ်”

ဤအခြေအနေ ရောက်လာချိန်တွင်ကား တစ်ရုံးလုံး ဟာအုံ တသြ ဖြစ်ကုန်ကြချေပြီ။ တရားခံရှေ့နေ မေဆင်ကိုလည်း ပရိသတ် က သဘောတကျ အားရကျေနပ်စွာ ကြည့်နေကြပြီတည်း။

ဟင်မီတန်မှာကား စိတ်ဆိုးမာန်ဆိုးဖြင့် လက်ဆွဲသေတ္တာထဲ စာရွက်စာတမ်းများ ထိုးထည့်ကာ အခန်းထဲမှ ဆောင့်ထွက်သွားတော့ ၏။



www.burmeseclassic.com

မဆောင်မှာကား. . .

ခယ်လှာသည် သူဆရာ မဆောင်အနီး ချဉ်းကပ်လာပြီး တိုးတိုးလေး နှုတ်မွမ်း၏။

"ဆရာရေ. . . အားလုံးကို အံ့အားသင့်ကုန်ကြတာပဲ"

မဆောင်က ခေါင်းညိတ်ပြ၏။

ဒရိုက် မဆောင်ထံ ရောက်လာရာ မဆောင်က လှမ်းမေး၏။

"ဘယ့်နှယ်လဲ. . . ဘာတွေ သိခဲ့ရသလဲ"

"အနားတော့ သွားခွင့်မရခဲ့ဘူးဗျာ၊ ဒါနဲ့ စောင့်ကြည့်နေခဲ့တော့ ဆူဆန်တစ်ယောက် ဟင်မီတန်နဲ့လည်း စကားပြောပြီးရော တစ်ခါတည်း ဓာတ်လှေကားနဲ့ အောက်ဆင်းသွားလေရဲ့"

"အေးကွ. . . ဒါဆိုရင် သေချာနေတာက ဆူဆန် ဇာတ်လမ်းနဲ့ ရစ်နီ ထွက်ချက်တွေ ကွဲလွဲကုန်ပြီ ထင်တယ်၊ ခု မင်းပြောတော့ ဆူဆန် ဓာတ်လှေကားနဲ့ အောက်ဆင်းသွားတယ်ဆို ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို အိမ်ပြန်နိုင်းလိုက်တယ် ထင်တယ်၊ ကိစ္စမရှိပါဘူးကွာ၊ ဆူဆန်ကို တို့က သက်သေလာခံပေးဖို့ ရုံးတော်ကတစ်ဆင့် အမိန့်ဆင့် ခေါ်ရုံပေါ့၊ ဟင်မီတန်က ဒီလို တို့လုပ်မယ်လို့ မျှော်လင့်ထားပုံမရတော့ ခု ရုံးရွှေ့လိုက်တာကို အတော်အံ့အားသင့်ထားပုံရတယ်"

"နေပါဦး ပယ်ရီ. . . ဆေးထိုးအပ်ရာတွေကို ခင်ဗျား ဘယ်လို တွေ့ခဲ့တာလဲဗျ"

"ရင်ခွဲရုံ မှတ်တမ်း ဓာတ်ပုံတွေကို စစ်ကြည့်တော့ အလောင်း လက်မောင်းတစ်ဖက်ထဲကို ဓာတ်ပုံရိုက် ပုံကြီးချဲ့ထားတဲ့ ပုံတစ်ပုံ ထူးထူးခြားခြား တွေ့ရတယ်ကွ၊ ဒီပုံဟာ အစိုးရရှေ့နေကြီးရဲ့ လျှောက်လဲချက်ပါ အချက်အလက်တွေနဲ့ ဘယ်လိုမှ ပတ်သက်မှု မရှိဘူး။





ဒါကြောင့် ဒီဓာတ်ပုံ ဘာကြောင့် ရိုက်ယူရတယ် ဆိုတဲ့အကြောင်း တို့ကိုယ်တိုင်လည်း စဉ်းစားမရ ဖြစ်နေခဲ့ရတယ်၊ နောက်မှ စဉ်းစားမိလာတာက ရင်ခွဲရတဲ့ ဆရာဝန် ရိုက်ခိုင်းလို့ မှတ်တမ်းတင်ထားရတာ ဖြစ်မယ်လို့ တို့စဉ်းစားမိတယ်၊ ဆရာဝန်ဟာ သူ့ကိုယ်သူ ကာကွယ်နိုင်ဖို့အတွက် ဒီဓာတ်ပုံကို ရိုက်ယူခိုင်းတာ ဖြစ်နိုင်တယ်၊ ဘာကြောင့်လို့တော့ အကြောင်းရင်းကို ပထမပိုင်း တို့ စဉ်းစားလို့ မရခဲ့သေးဘူး၊ ဒီအမည်းစက်ကလေး နှစ်ခုကိုတော့ တွေ့ထားပြီးပြီ၊ ခေါက်တာက ဒီဓာတ်ပုံ ရိုက်ယူစေရတဲ့ အကြောင်းရင်း အခိုင်အမာ ရှိရမယ် ဆိုတာလည်း တို့ ယုံကြည်နေတယ်၊ ဒါနဲ့ တို့အကြောင်းရင်းရှာ စဉ်းစားရင်း စဉ်းစားရင်း နောက်ဆုံး အခွင့်အရေး တစ်ခုကို တွေ့ပြီး ဆုပ်ကိုင်လိုက်တာပဲ၊ တို့အတွက် တစ်ခုတည်းသော မျှော်လင့်ချက်ကလည်း တရားလိုသက်သေရဲ့ တင်ပြချက်တွေထဲမှာ အားနည်းချက် ရှာရမှာကိုး"

"ဆရာရယ်. . . ဒီအခွင့်အရေးတလည်း ဘယ်လောက်များ အခြေအနေ ကောင်းသေးလို့လဲ"

မဆောင်က ခေါင်းတွင်တွင် ယမ်းပြီး ဖြေ၏။

"အခွင့်အလမ်းကတော့ ခပ်ကျဲကျဲပဲကွဲ၊ ဘာပဲဖြစ်ဖြစ် တို့ကတော့ ဒါကိုပဲ အရတိုင်ရတော့မှာပေါ့"

* * *



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ထစ်ဆယ့်ငါး ]

မေဆင်သည် ရုံးခန်းထဲ၌ အချိန်အတော်ကြာမျှ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စဉ်းစားနေသည်။ ထိုနောက် ဖြုန်းခနဲ ဒယ်လာကို လှမ်းပြောလိုက်၏။

"ဟော့. . . ဒယ်လာရေ. . . ဟို. . . သော့ လေးချောင်းကို မှတ်မိတယ် မဟုတ်လား၊ အေး. . . အဲဒီအထဲက သော့တစ်ချောင်းဟာ သဲလွန်စတစ်ခု ဖြစ်နိုင်တယ်၊ တို့လည်းတွာ မျက်စိတွေ မှောက်နေလိုက်တာ"

"ဘယ်သော့တွေလဲ ဆရာ"

"ဇီတာရင်တန် အဆောက်အအုံမှာ တို့စမ်းဖွင့်ကြည့်တဲ့ သော့တစ်ချောင်းဟာ တံခါးမကြီးသော့ ဖြစ်နေတာလေ"

"ဪ. . . ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မ ခုမှ မှတ်မိတယ် ဆရာ"

"ဟို. . . ခေါက်ကာလပ်ဟာ နယူးဘတ် နာမည်ဝှက်နဲ့ ငှားနေခဲ့တဲ့အခန်း တို့ရောက်ခဲ့ကြပြီးပြီ မဟုတ်လား၊ အဲဒီအခန်းမှာလည်း





တခြားသော့တွေကသာ သူ့ဟာသူ တော်နေကြပေမဲ့ သော့တစ်ချောင်းကတော့ ခပ်ဆင်ဆင် တူရုံပဲ၊ အဲဒီအခန်းနဲ့လည်း မတော်ခဲ့ဘူး၊ အဲဒါကော ညည်းမှတ်မိသေးရဲ့လား"

"အဲဒါ ဘာဖြစ်လဲ ဆရာ"

"အဲဒီ သော့တစ်ချောင်းဟာ တခြားအခန်းသော့တွေနဲ့လည်း ခပ်ဆင်ဆင်ဆိုတော့ ဒီအဆောက်အအုံက အခန်းတစ်ခုခုရဲ့သော့ ဖြစ်နိုင်တယ်"

"ဒီလိုဆို ဒီသော့ဟာ သဲလွန်စသော့ တစ်ခုပေါ့"

"ဒါကြောင့် တို့ အပြင်ထွက်လိုက်ဦးမယ်၊ ရုံးကိုလည်း ဝရုစိုက်၊ ဒရိတ်နဲ့လည်း အမြဲအဆက်အသွယ် ရှိနေပါစေ၊ ၉ နာရီခွဲလို့ တို့ ပြန်မရောက်လာသေးရင် အိမ်ပြန်ပေတော့"

"ဆရာရယ်. . . ကျွန်မကော မလိုက်ရဘူးလား"

မေဆင်က ခေါင်းခါပြီး ဖြေ၏။

"ဒယ်လာလေး ရုံးမှာပဲ နေခဲ့ဦး၊ ပြီးတော့ တို့ကို အာမခံနဲ့ လိုက်ထုတ်ရင်ထုတ်ဖို့ ရှိချင်ရှိလာနိုင်တယ်"

ဒယ်လာထံမှ စကားပြန်ကိုပင် မစောင့်တော့ဘဲ မေဆင်လည်း ကတိုက်ကရိုက် ထွက်သွားတော့၏။

ကားကိုယ်တိုင်မောင်းပြီး ဇီတာရင်ဘန် အဆောက်အအုံ ရောက်သွားချိန် မန်နေဂျာဆိုသော အခန်း လူခေါ်ခေါင်းလောင်း နှိပ်လိုက်သည်။ ယခင်တစ်ခေါက်လာစဉ် တွေ့ခဲ့ရသော အမျိုးသမီးကြီးက တံခါးဖွင့်လာ၏။

"ကျွန်တော့်ကို မှတ်မိမယ် မထင်ဘူး၊ ကျွန်တော်. . ."

အမျိုးသမီးက ဒက်ခနဲ ဖြေလာ၏။

"မှတ်မိပါတယ်ရှင်. . . မစ္စတာမေဆင် မဟုတ်လား"

www.burmeseclassic.com



"ကျွန်တော် နည်းနည်းပါးပါး သိချင်တာလေးတွေရှိလို့ တစ်ခေါက် လာတာပါပဲ"

"ဝမ်းနည်းပါတယ် မစ္စတာမေဆောင်. . . နယူးဘတ် အခန်းနဲ့ ပတ်သက်လို့ ကျွန်မ ဘာမှ မပြောနိုင်ပါဘူး"

"နယူးဘတ် အခန်းအကြောင်း မဟုတ်ပါဘူး၊ ကျွန်တော့်မှာ သော့တစ်ချောင်း ရှိပါတယ်၊ အဲဒါ ဒီအဆောက်အအုံက အခန်းသော့တွေနဲ့ ယှဉ်ကြည့်ချင်လို့ပါ"

"ဘာကြောင့်လဲ"

"ဟို. . . ကျွန်တော့် အမှုအတွက် သဲလွန်စတစ်ခု လိုအပ်နေလို့ပါ ခင်ဗျာ"

အမျိုးသမီးကြီးက ခေါင်းခါဆဲပင် ဖြစ်၏။ ဤတွင် မေဆောင်က ဒေါ်လာ ၂၀ တန်တစ်ရွက် အိတ်ထဲမှ ဆွဲထုတ်လျက်. . .

"ခင်ဗျားဆီကသော့ ဘယ်တော့မှ ကျွန်တော် ယူသွားမှာ မဟုတ်ဘူး၊ အခန်းဝေါင်းစုံက သော့တွေအကြောင်း လေ့လာရုံပါ ခင်ဗျား"

"ပြောကြတာကတော့ မစ္စတာမေဆောင်ဟာ သိလည်တယ်တဲ့ သတိထားတဲ့"

မေဆောင်က ရယ်ပြီး ဖြေ၏။

"ရဲအဖွဲ့ကတော့ ဒီလိုပဲ ပြောမှာပေါ့"

ဒေါ်လာ ၂၀ တွေ့ရချိန်၌ပင် အမျိုးသမီးက အတော်ကြာ စဉ်းစားသေး၏။ နောက်ဆုံးမှ တစ်ခု ထုတ်ပြောလာသည်။

"ကျွန်မကတော့ စောင့်ကြည့်နေရလိမ့်မယ်နော်"

"ဩော်. . . ကြည့်ပါ ခင်ဗျာ. . . ကြည့်ပါ"





တိုက်ခန်းအားလုံး၏ သော့များ သူ့လက်ထဲ ရောက်လာချိန်တွင် မေဆောင်က သူ့တွင်ရှိသော သော့နှင့် နှိုင်းယှဉ်ကြည့်၏။ အလွန်တူနေသော သော့တစ်ချောင်း၏ နံပါတ်ကို ကြည့်လိုက်ရာ ၂၈၁ ဖြစ်ကြောင်း တွေ့ရသဖြင့် မှတ်ထားလိုက်သည်။ သို့သော် ဟန်ဆောင်ပြီး သော့ကုန်သည်အထိ လိုက်ထုတ်ကြည့်နေရသည်။ ပြီးမှ တစ်ချက်မေးကြည့်၏။

"အခန်းတွေမှာ အခန်းအားတွေများ ရှိပါသလား"

"နည်းနည်းပါးပါးတော့ ရှိပါတယ်"

"စာရင်းကလေး နည်းနည်း ကြည့်ပါရစေ"

မေဆောင်က စာရင်းပေါ်မှ အခန်း ၃၈၀ ကို ထောက်ပြလျက်-

"ဒီအခန်းကတော့ မအားဘူးနော်၊ ငှားနေတာ ဘယ်လောက် ကြာပါပြီလဲ"

"၆ နှစ်လောက်တောင် ရှိပါပြီ"

"ဒီအခန်း ၂၆၀ ကော"

"နှစ်နှစ် ရှိပါပြီ"

"ဒီ ၂၈၁ ကကော"

"ဒီအခန်းကတော့ ခြွင်းချက်ပဲ"

"ဘယ်လို ခြွင်းချက်ပါလဲ"

"မိန်းကလေး တစ်ယောက်လေ၊ ဒီမြို့မှာ သူ့ဆွေမျိုး တစ်ယောက် ဆေးရုံတက်နေလို့ လာပြုစုတာတဲ့၊ အမြဲ ငှားနေမယ့် ပုံစံတော့ မဟုတ်ဘူး၊ အရင်တစ်ပတ်ကတော့ သူ့ဆွေမျိုး ဆုံးသွားပြီ ပြောတယ်၊ ဒါကြောင့် သူလည်း ပြောင်းတော့မယ်"

မေဆောင်က ဖြီးကြည့်၏။

"ဩော်. . . ကျွန်တော် သိတယ်ထင်တယ်၊ ဟို. . . ၁၀ တစ်တစ် ကလေးမ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး... မြမြရှည်ရှည်ကလေးမပဲ၊ ၂၇ နှစ်လောက် ရှိပြီ အေးတော့ အေးတယ်၊ လှလည်း လှတယ်"

"မြင်ဖူးတယ်တင်တယ်၊ သူ့နာမည် ဘယ်သူပါလိမ့်"

"ဆာဗီပေဆန်တဲ့..."

"ဟာ... ဗီနာမည်တော့ ကျွန်တော် မသိဘူး၊ ဒါနဲ့ နေပါဦး တို့... အခန်း ၂၀၀ ကကော"

မဆင်က စကားမရှိ စကားရှာ မေးခြင်းသာ ဖြစ်၏။ သူ သိလိုသော အချက် သိပြီးဖြစ်၍ သည်းညည်းခံ နားထောင်နေသည်။ ခဏတွင်ကား နှုတ်ဆက်ပြီး ပြန်ခဲ့၏။

အဆောက်အဦအပြင် ထွက်ဟန်ဆောင်လျက် အပြင်တွင် နှစ်ပတ်ခန့် ပတ်နေပြီးမှ အဆောက်အအုံထဲ ဖျတ်ခနဲ ပြန်ဝင်ကာ အခန်း ၂၈၁ ရှိရာသို့ တက်သွားပြီး လူခေါ်ခေါင်းလောင်း တီးလိုက်၏။ အတွင်းမှ ထူးသံ မကြားရ။ ထို့ကြောင့် ပါလာသော သော့ဖြင့် လှည့်ဖွင့်လိုက်၏။ သော့ပွင့်သွားချိန် ဝင်သင့်မဝင်သင့် ချိန်ဆနေစဉ် အတွင်းမှ အမျိုးသမီးတစ်ဦးအသံ ကြားလိုက်ရ၏။

"ဘယ်သူလဲ"

မဆင်က ပရိယာယ်ဖြင့် ဖြေ၏။

"ကျွန်တော် ဒီအခန်းငှားမယ့် လူသစ်ပါ ခင်ဗျ"

"ဘယ်လို လူသစ် ဟုတ်လား၊ ကျွန်မမှ အခန်းမဖယ်ရသေးဘဲ ဘယ့်နှယ်"

"ကျွန်တော် လူသစ်ပါ၊ အခန်းငှားဖို့ ပြောရင်း သော့တောင် ယူလာခဲ့ပါတယ်၊ ခင်ဗျားကို နှောင့်ယှက်သလိုများ ဖြစ်နေရင် တောင်းပန်ပါတယ်"

ပြောရင်း အခန်းထဲ မဆင် ဝင်လိုက်သည်။



အမျိုးသမီးက ဒီတော့မှ မြထည်အပေါ်ဝိုင်း ဖဲကို ဆွဲလိုက်၏။

"အို... ကျွန်မ ပြောင်းမှာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သော့လည်း ပြန်မအပ်သေး ပြီးတော့ လဆန်းအထိ ကျွန်မ အခန်းခ ရှင်းပြီးသားပဲ"

"ဟုတ်ပါလိမ့်မယ် ခင်ဗျား၊ ကျွန်... ကျွန်တော်ကလည်း အခန်းငှားပြီး ပစ္စည်းလုပ်စရာရှိတော့ အတိုင်းအထွာ သိချင်တာနဲ့ လာကြည့်တာပါ၊ ခွင့်လွှတ်ပါ"

"အင်း... တော်ပါသေးရဲ့၊ ရှင်က အခန်းထဲ ဖွတ်ဝင်လာခဲ့ရင် ဗုဏ္ဍ၊ ကျွန်မ အဝတ်အစား လဲနေတာ၊ ခရီးထွက်တော့မလို့"

ခုတင်ပေါ်တွင် ခရီးဆောင် သေတ္တာနှစ်လုံး၊ လက်ဆွဲအိတ် တစ်လုံး တွေ့ရသဖြင့် ခရီးထွက်ရန် အသင့်ပြင်ပြီး ဖြစ်ကြောင်း သိသာသည်။

"ဒါပေမဲ့ဗျာ၊ လူခေါ်ခေါင်းလောင်း ကျွန်တော် နှိပ်ပါတယ်၊ ခင်ဗျားကမှ မထူးတာ"

"အင်း... ကျွန်မကလည်း ခရီးထွက်ဖို့ ပြင်ဆင်ရေချိုးပြီးစ ဆိုတော့ ဘယ်ထူးဖြစ်မလဲ၊ ဒါပေမဲ့ ဘာပဲပြောပြော ဒီအခန်းကို လူသစ် မငှားသင့်သေးပါဘူး၊ ကျွန်မမှ မဆင်းသေးတဲ့ဟာ"

"ဟုတ်ကဲ့ ခင်ဗျာ... ကျွန်တော့်ကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်သွားပါသေးလား ခင်ဗျာ"

"ခုတော့ ဘယ်ဖြစ်တော့မလဲ၊ ကတိုက်ကရိုက် ဒီအပေါ်နဲ့ အကျီကြီး ကောက်စွပ်လိုက်တာကို၊ နှိပ်မိရင်တော့ ပြီးပါလေရော၊ နေဦး... နေဦး၊ ရှင့်ကို ကျွန်မ မြင်ဖူးပါတယ်၊ ဘယ်မှာပါလိမ့်"

"ဟုတ်ကဲ့... မြင်ဖူးပါလိမ့်မယ် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက တစ်ချက် စဉ်းစားလိုက်ပြီး ချက်ချင်း ပြောလာ၏။

"သိပြီ. . . သိပြီ၊ ရှင် မစ္စတာမေဆောင် မဟုတ်လား။ ရှင့်ဓာတ်ပုံကို သတင်းစာထဲမှာ တွေ့မိလိုက်တယ်၊ ရှင်. . . ရှင်. . . ဟို. . . ကလေးမရဲ့ ရှေ့နေ မဟုတ်လား"

ပြောပြောဆိုဆို အမျိုးသမီးက တံခါးပိတ်ပစ်လိုက်ရန် ပြင်သည်။ မေဆောင်က ကိုယ်စောင်းတွန်းပြီး အခန်းထဲ ဝင်လျက် တံခါးကို ခြေနှင့် ကန်ပိတ်ပစ်လိုက်သည်။

အမျိုးသမီးက ချက်ချင်းပင် လှမ်းအော်၏။

"ရှင်. . . ရှင် ခုထွက်သွားပါ၊ မသွားရင် ကျွန်မ ရဲအဖွဲ့ကို. . ."

မေဆောင်က မခန့်ပြုံးပြုံးလျက် ပြော၏။

"ဟုတ်ကဲ့၊ ရဲအဖွဲ့ကို လှမ်းခေါ် မလို့ပါလား"

"မဟုတ်ဘူး၊ ဒီထက် ထိရောက်တဲ့နည်းနဲ့ လုပ်မယ်၊ ဒီမှာကြည့်"

အမျိုးသမီးက အနီးရှိ အိတ်ထဲမှ သေနတ်တစ်လက် ဆွဲထုတ်ပြီး မေဆောင်ကို ချိန်လိုက်၏။

"ကောင်းပါပြီ၊ ခင်ဗျား ကျုပ်ကို ပစ်သတ်ပြီးတော့ ရဲတွေလာတော့ ဘယ်လို ပြောမလဲ"

မေဆောင်က စိုက်ကြည့်ပြီး မေးလိုက်ရာ အမျိုးသမီးက မေးစေ့ ထပ်ဆွဲလိုက်ပြီး ပြော၏။

"ကျွန်မကို လုယက်ဖို့ ကြိုးစားတယ်လို့ ပြောမှာပေါ့"

"ကဲ. . . ဒီလိုဆိုလည်း ခင်ဗျား ဘာမှ မလုပ်သေးခင် တော်စာရွက်ကလေး တစ်စောင်တော့ ခင်ဗျားကို ပြပါရစေ၊ ဖတ်ကြည့်ပါ"





"ဘာစာလဲ"

"ကြော်. . . ရုံးတော်က သမ္မန်ဆင့်တာပါ၊ မနက်ဖြန် မနက်မှာ ဒီမြို့က ရုံးကို ကြွပြီး တရားခံရှေ့နေရဲ့ သက်သေအဖြစ် အစစ်ခံဖို့ ခေါ်ထားတာပါပဲ၊ အမှုကတော့ ကာလီဖိုးနီးယားပြည်နယ်အစိုးရနဲ့ မစ္စအယ်လီနာကော်ဘင်ခေါ် မစ္စက်အယ်လီနာအတ်ပနာတို့အမှု ဖြစ်ပါတယ်"

ဤတွင် အမျိုးသမီးမှာ တအံ့တသြ ဖြစ်သွားပြီး တစ်စုံတစ်ခု လုပ်ရန် ဆုံးဖြတ်လျက် ဝတ်ရုံအကျီကို တင်းအောင် ဇစ်ကို လက်တစ်ဖက်ဖြင့် ဆွဲစေ့လိုက်စဉ် မေဆောင်က အလွန်လျင်မြန်စွာ သေနတ်ကိုင်ထားသော အမျိုးသမီးလက်ကို ဖျတ်ခနဲ တွန်းလွှဲဖယ်လျက် ချက်ချင်း ထိုလက်ကို ချုပ်ကိုင်ကာ သေနတ်ကို လုယူလိုက်၏။

အမျိုးသမီးက အညှိမခံ၊ မေဆောင်ကို ဝင်လုံးလာရာ တစ်ကွက်ရှောင်လိုက်ပြီး အမျိုးသမီးကို ခုတင်ပေါ် တွန်းလှဲပစ်လိုက်ရ၏။

"ကဲ. . . အပိ၊ ငြိမ်ငြိမ်ထိုင်နေစမ်း။ မဝိုက်ချင်စမ်းနဲ့၊ ဒီမှာ သေသေချာချာကြည့်၊ ကမ္ဘာပေါ်မှာ တို့ဟာ မင်းရဲ့ အကောင်းဆုံး မိတ်ဆွေ ဖြစ်လာဖို့ ရှိနေတယ်၊ နားထောင်"

"ရှင်. . . ကျွန်မအတွက် အကောင်းဆုံး မိတ်ဆွေ ဟုတ်လား။ ဟင်း. . . ကြိုက်သွားပြီ"

"ဟုတ်တယ်၊ သေသေချာချာ နားထောင်၊ အခု မင်း ရပ်တည်နေရတဲ့ အခြေအနေကို သိရဲ့လား၊ မင်းဟာ ဒေါက်တာလပ်ရဲ့ အမေအဖြစ် တယ်လီဖုန်းထဲမှာ ဟန်ဆောင်စကားပြောလေ့ ရှိခဲ့တယ်၊ ဆော့လိပ်မြို့မှာ နေတယ်၊ ဒေါက်ကာလပ်နဲ့ အတူမှောင်ခိုကျောက်မျက်ရတနာ ဖမ်းမိရေး သတင်းပေးဝိုက်းမှာ လက်တွဲလုပ်နေတယ်၊ ၂၀ ရာခိုင်နှုန်း ဆုငွေအတွက် ဆိုပေမဲ့ မင်းတို့ဟာ ရတဲ့ သတင်း

www.burmeseclassic.com



အပေါ် အခြေပြုပြီး လည်သလို အကျုပ်ကိုင် မြိမ်းခြောက် ငွေညှစ် နေတဲ့ ဂိုဏ်းဝင်ပဲ၊ အဲ. . . အခုတော့ ဒေါက်တာလပ်ဟာ ပန်းခြံထဲမှာ ခေါင်းကို သေနတ်နဲ့ ပစ်သတ်ခံရပြီး သေဆုံးသွားပြီ၊ ဒီတော့ မင်းက အခု တစ်နေရာကို လစ်တော့မယ်၊ ဟုတ်တယ် မဟုတ်လား"

"ဘာဖြစ်လဲ၊ အဲဒီတော့ကော ဘာဖြစ်သလဲ၊ ဒါလွတ်လပ်တဲ့ နိုင်ငံပဲ၊ ကိုယ်ကြိုက်သလို သွားနိုင်လာနိုင် နေနိုင်ထိုင်နိုင်တယ်ရှင့်"

"ဟာ. . . သိပ်ဟုတ်တာပေါ့၊ ဒါပေမဲ့ မင်း ဒီလို လစ်ပြေးတာနဲ့ တစ်ပြိုင်နက် မင်းလည်းပဲ လုလုကလေးမှာ ကြိုးကွင်းစွပ်ခံရတော့မှာပဲ၊ တို့ဟာ မင်းထင်ထားသလို မင်းအပေါ် စေတနာ မထားသူဆိုရင် မင်းအခု သွားမှာကို လက်ပိုက် ကြည့်နေလိုက်ရုံပဲ ရှိတယ်၊ ပြီးတော့မှ မင်းကို အမှုထဲ ဆွဲထည့်၊ လူသတ်မှုနဲ့ စွဲချက်တင်၊ အယ်လီနာလည်း အမှုက ကွင်းလုံးကျွတ်လွတ်ရော၊ ဘယ့်နှယ်ရှိစ. . . အမ်"

"အမယ်. . . ဒေါက်ကလပ်ဟာ အယ်လီနာ ပိုင်တဲ့ သေနတ်နဲ့ ပစ်သတ်ခံရတာ မဟုတ်လားရှင့်"

, "ဒါတော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒေါက်ကလပ် အရေးကြုံနေလို့ အကာအကွယ်အတွက် အယ်လီနာက သေနတ် ခဏပေးလိုက်တာ၊ ဒေါက်ကလပ်ကို လိုက်နေတဲ့ လူတွေက ဒေါက်ကလပ်ကို မိသွားချိန် ဖမ်းဆီး ချုပ်နှောင်ပြီး မေ့ဆေးတိုး သေနတ်လု ပစ်သတ်သွားတာ"

"ရှင်ပြောသလိုဆို ဒေါက်က်ဟာ မော်ဖီးယားလို ဆေးမျိုး အတိုးခံရသေးတယ်ပေါ့"

"ဟုတ်တယ်လို့ ပြောနိုင်တယ်"

"အင်း. . . ဒီလိုပဲ ဖြစ်ရမယ်"

"ဘယ်လို. . . ဘယ်လို. . . ဒီလိုပဲ ဖြစ်ရမယ် ဟုတ်လား။ အဲဒါ ပြောပြစမ်းပါ"





"ကျွန်မ ရှင့်ကို မပြောနိုင်ပါဘူး"

"ဒီလိုမလုပ်နဲ့ အမ်မီ၊ သိတာတွေ တို့ကို အမိ ပြောကိုပြောပြရမယ်၊ ခုဆို ရုံးမှာ သက်သေခံဖို့ အမိန့်ဆင့်စာတောင် အမိကို တို့ပေးထားပြီးပြီ၊ ဒီတော့ ဒီမှာ တို့နှစ်ယောက်တည်း နှစ်ယောက်ကြားပြောမလား။ ဒါမှမဟုတ် တရားခွင်မှာ ပြောမလား။ တရားခွင်မှာဆိုရင်တော့ အမိပတ်လည် သတင်းထောက်တွေ ဝိုင်းဝိုင်းလည်နေမှာ သေချာတယ်၊ ဒီတော့. . ."

"ရှင်. . . ကျွန်မကို မခြိမ်းနဲ့"

"မခြိမ်းပါဘူး၊ အမိဘာသာ စဉ်းစားပေါ့၊ အမိမှာက မိသားစုလည်း ရှိနေတယ်၊ အမိဟာ အိမ်ထောင်ရှင်၊ ခုတော့ ကွဲနေတယ် ဆိုပါတော့၊ ကလေးတစ်ယောက်လည်း အမိဆီမှာ ရှိနေတယ်၊ ဒီတော့ အမိ ဓာတ်ပုံ သတင်းစာတွေထဲ ပါလာရင်. . ."

အမျိုးသမီးမှာ စိတ်ထိခိုက်ပြီး မျက်ရည်ပင် လည်လာရှာ၏။

"ရှင်. . . ရှင်. . ."

စကား မစနိုင်မီ မေဆင်က ဝင်ထောက်လိုက်သည်။

"ဒါတော့ အမိ သဘောပဲ၊ တို့ကတော့ အခြေအနေကို ပြောပြနေတာ"

"ကျွန်မ မိသားစုကို ရှင် ဒီအထဲ ဆွဲမထည့်ပါနဲ့"

"အမိက ဆွဲထည့်သလို ဖြစ်လာမှာ၊ ဒေါက်တာလပ်နဲ့ အမိတို့ ဆက်ဆံရေး အခြေအနေကို ကြည့်ပြန်ရင် သူက အချက်ပေးလိုက်တဲ့ အခါ အမိက လိုက်လုပ်တယ်၊ ပြီးတော့ ခြိမ်းခြောက် ငွေတောင်းကြရော ဆိုပါတော့"

"အလို. . . ကျွန်မ ဒီလောက်အထိ နိမ့်နိမ့်ကျကျ မလုပ်ခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ဒီလိုဆို လုပ်ခဲ့တာတွေ အမှန်အတိုင်း ပြောပြပေတော့"

ယခုမှ အမျိုးသမီး လိပ်ပတ်လည်သွားလျက် စီးကရက်တစ်လိပ် မီးညှိသောက်ရင်း ရှင်းပြတော့၏။

"ကျွန်မ ပြောပြပါ့မယ်၊ ဟို. . . ဥရောပကို အသွား ကျွန်မ ဒေါက်ကာလပ်နဲ့ စတွေ့တယ်၊ ဒီတုန်းက ကျွန်မက အစိုးရအဖွဲ့အစည်းတစ်ခုရဲ့ အတွင်းရေးမှူး ဘဝပါ။ ဥရောပခရီးမှာ ကျွန်မ လျှို့ဝှက်ကိစ္စတစ်ခု လုပ်ခဲ့တယ်၊ ကျောက်မှောင်ခိုခဲ့တယ်၊ ဒီပြန်ရောက်တော့ ကျွန်မကိုယ်ကျွန်မ တယ်တော်တဲ့ ငါပါကလား၊ အကောက်ခွန် အရာရှိတွေတောင် မသိလိုက်ရပါလားလို့ ပီတိ ဖြစ်နေတာ၊ အကောက်ခွန်အရာရှိတွေကသာ ကျွန်မ ကိစ္စကို မသိလိုက်တာ ဒေါက်ကာလပ်က သိနေတယ်ရှင့်"

"ဘယ်လို သိသွားတာလဲ"

"ကျွန်မ အာချောင်မိလို့ ဖြစ်မှာပါ။ ကျွန်မအဖော် မိန်းကလေးကို ကျွန်မက ကျောက်မှောင်ခိုကိစ္စ ပြောမိခဲ့ပါတယ်၊ ဒီမိန်းကလေးက ခရီးစဉ်မှာပဲ ဒေါက်ကာလပ်နဲ့ ချစ်သွားကြတော့ ကျွန်မကိစ္စ ဟိုလူ သိသွားတာပေါ့။ ဒီမှာတင် တစ်စတစ်စနဲ့ ကျွန်မလည်း ဒေါက်ကာလပ်နဲ့ အလုပ်တွဲလုပ်တဲ့ အခြေအနေ ရောက်ခဲ့တော့တယ်"

"နောက်တော့ ဒေါက်တာလပ်နဲ့ လက်ဆက်လိုက်တယ် မဟုတ်လား"

"အို. . . ရှင်. . . ရှင်က. . ."

"ဟုတ်ကဲ့၊ မှန်တဲ့အတိုင်း ဆက်ပြောပါလေ"

"အင်း. . . ဒေါက်ကာလပ်ဟာ လူရည်သန့်၊ လူချော၊ အပြောအဆိုကလည်း ချိုသာတယ်၊ လိုက်လိုက်လျောလျော ရှိတယ်၊ ဒီတော့





အင်းလေ. . . သဘောပေါ့ ထောက်လှမ်းမှုမှာလည်း အလုပ်တွင်တယ်ပေါ့"

"မှောင်ခိုကိစ္စပဲလား"

"ဒီမှောင်ခို သတင်းပေး ကိစ္စက အသေးအဖွဲပါရှင်၊ ငြိမ်းခြောက် ငွေညှစ်တာက အဓိက လုပ်ငန်းပဲ၊ မှောင်ခိုကျောက်ကိစ္စ ဒေါက်ကာလပ် သတင်းရသမျှ ပေးတယ်၊ ဒီတော့ ၂၀ ရာခိုင်နှုန်းရတယ်၊ ဒါ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါက အလုပ်အကိုင်တစ်ခုလို့ ပြောလို့ ပြလို့ ရရုံပါ၊ ကျန်တာတွေက ငြိမ်းခြောက်ငွေညှစ်တာတွေပါပဲ"

"ဘယ်သူက ငြိမ်းခြောက်ငွေတောင်း တာဝန်ယူသလဲ"

"ကျွန်မပေါ့"

"ဆက်ပါဦး"

"ဟို. . . ဆော့လိပ်မြို့တော်မှာ ကျွန်မ အခန်း ရှိတယ်လေ၊ အဲဒီမှာက ကျွန်မဟာ ဒေါက်ကာလပ်ရဲ့ အဖေလို့ တယ်လီဖုန်းထဲမှာ အမည်ခံထားတယ်၊ ဒေါက်ကာလပ် လက်ထဲ အမဲတစ်ကောင် ဝင်လာပြီဆိုရင် ဒီကလေးမကို ဒေါက်တာလပ်က ချိန်းဆိုပြီး ရုံးပိတ်ရက်ခရီးထွက် ခေါ်သွားလေ့ ရှိတယ်၊ သူတို့ ခရီးထွက်ပြီ ဆိုတဲ့အကြောင်း ဒေါက်ကာလပ်က တယ်လီဖုန်းထဲက ပြောလာတာနဲ့ တစ်ပြိုင်နက် ကျွန်မကလည်း ချက်ချင်းပဲ အဲဒီကလေးမရဲ့ အခန်းကို အရောက်သွားပြီး မွှေတာပါပဲ၊ ဒေါက်ကာလပ် ဖုန်းဆက်နည်းကလည်း ဘယ်လိုမှ သင်္ကာမကင်း မဖြစ်အောင် ကလေးမကို ဖုန်းနားမှာထားပြီး သူ့အမေဆီ ဖုန်းဆက်လေဟန် ဟန်ဆောင်ထားတယ်၊ မိန်းကလေးကိုပါ ဖုန်းပြောခိုင်းတယ်၊ မိန်းကလေး ဆိုတာကလည်း သူ့ကို လက်ထပ်ဖို့ ရည်ရွယ်ကြောင်းကို သူနဲ့တွဲနေတဲ့လူက ချွေးမလောင်းနဲ့ အမေကို ရင်းနှီးအောင် လုပ်ပေးရင်း ဖုန်းထဲကလည်း ပြောတယ်ဆိုတော့ ပီတိဖြစ်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆက်ပါဦးမယ်၊ ဖုန်းဆက်လို့ လိပ်စာရရချင်း ကျွန်မကလည်း မီရာလေယာဉ်နဲ့ အဲဒီ မိန်းကလေးအခန်းကို သွားဖောက်တာပဲ၊ တွေ့ရတာတွေဟာ အဖိုးတန်တွေဆိုရင် ကျွန်မ အားလုံး ယူပစ်လိုက်တယ်၊ ဒါပေမဲ့ မိန်းကလေးကလည်း ရဲမတိုင်ရဲတော့ ကိစ္စက ဖြတ်နေတာပဲ၊ တွေ့ရတာ နည်းနေရင် နောက်ပိုင်းမှ ကျွန်မက အကောက်ခွန်ဌာနရဲ့ ကိုယ်စားလှယ်အဖြစ် မိန်းကလေးကို အခန်းမှာ သွားတွေ့လိုက်တယ်၊ ကျောက်မျက်ရတနာ သတင်းရထားလို့ ဖမ်းဝရမ်းနဲ့ လာတော့မယ်၊ တာညာနဲ့ ခြောက်လိုက်တာပေါ့၊ ဒီအချိန်မျိုးမှာ မိန်းကလေးဟာ ဒေါက်ကလပ်ဆီ ဖွင့်ပြောပြီး အကြံတောင်းတော့တာပေါ့၊ ဒီတော့ ဒေါက်ကလပ်က တစ်ခါ ကြားလူအဖြစ်နဲ့ ညှိပေးရော၊ ကျွန်မကို ငွေပေးနှုတ်ပိတ်လိုက်ဖို့ သူကလည်း အကြံပေးတာပေါ့၊ ဒီလုပ်ငန်းက ဆုံးမှမဆုံးတော့ဘဲ ကျွန်မတို့အတွက် ငွေတွင်းကြီး ဖြစ်နေလေရော"

မေဆင်က ခုမှ ဖြတ်မေးသည်။

"နေပါဦး၊ အယ်လီနာကျတော့ကော၊ သူရော သူ့ မိသားစုရော မှောင်ခိုတွေပဲလား"

"ကျွန်မ သူတို့အိမ် ဝင်ရှာတုန်းကတော့ ဘာမှ မတွေ့ခဲ့ရဘူးရှင့်"

"တို့ မရှင်းဘူး၊ ဥပမာ-ဒေါက်ကလပ်ဟာ အယ်လီနာကို လက်ထပ်ယူဖို့ စီစဉ်နေတယ်၊ ပြီးတော့ အမိကို အယ်လီနာရဲ့အိမ် သွားမွှေခိုင်းတယ်"

"အင်း. . . ရှေ့နေကြီး တကယ်မရှင်းသေးတာကိုး၊ ဒီလိုရှင့်၊ ဒေါက်ကလပ်ဟာ အယ်လီနာကို တကယ်ချစ်ကြိုက်နေတာ မဟုတ်ဘူး၊ ဒါကြောင့် တကယ်လက်ထပ်ဖို့ ဆိုတာလည်း မဟုတ်ဘူး၊ ရှေ့ကြီး





အကျယ် ဖွင့်ပေါက်တိုးမယ့် စီမံကိန်းကြီးတစ်ခု လုပ်နေတာရှင့်၊ အမှန်က မှောင်ခိုဂိုဏ်းကြီးတစ်ခုကို သဲလွန်စ လိုက်ရှာနေတာ၊ ဒီကိစ္စမှာ အယ်လီနာကို ဒေါက်ကလပ်က အသုံးချဖို့ ချစ်တန်ဆောင်နေတာပဲ"

"အဲဒီ မှောင်ခိုဂိုဏ်းထဲမှာ ဘယ်သူတွေပါနေသလဲ၊ အမိ သိသလား"

"ကျွန်မတို့က အတိအကျ သိတာပေါ့"

"ဘယ်သူတွေလဲ၊ သိရင်ပြောစမ်းပါလား"

"ဆူဆန်ဂရင်ဂါခေါ်တဲ့ ဆူဆန်လေ"

"ဆက်ပါဦး"

"ဒီသဲလွန်စ ခြေရာခံဖို့ကိစ္စမှာ ကျွန်မတို့ သုံးလို့ကလည်း မဖြစ်တော့ ကျောထောက်နောက်ခံ ကောင်းတဲ့ အမျိုးသမီး အယ်လီနာကို သူက အသုံးချတာပဲ"

"အယ်လီနာနဲ့ ဒေါက်ကလပ် ဒီလို အစီအစဉ်နဲ့ တွဲနေတာ အမိက သံသယရှိခဲ့တယ် မဟုတ်လား"

"အင်း. . . ဒေါက်ကလပ်အတွက် ဒီလိုတွဲတာကတော့ မဆန်းပါဘူး၊ ဟောတစ်ယောက် ဟောတစ်ယောက်၊ တွဲလိုက်ခွာလိုက် လုပ်ငန်းသဘော လုပ်နေတာပဲ"

"ဒါပေမဲ့ အမိ မကြည်ဘူး မဟုတ်လား"

"အင်း. . . ဆိုမယ်ဆို ဆိုနိုင်ပါတယ်"

"အယ်လီနာကိုကော"

"အယ်လီနာရဲ့ အပြစ်တော့ မဟုတ်ပါဘူး၊ ဒေါက်ကလပ်က လုပ်ငန်းသဘော တွဲတယ်လို့ ပြောထားတာကိုး၊ ပြီးတော့ အယ်လီနာနဲ့ ဒေါက်ကလပ် ခရီးထွက်နေတုန်း ဒေါက်ကလပ် ဖုန်းဆက်လာလို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အယ်လီနာအိမ်ကို သွားမေးတယ်၊ ဘာမှမတွေ့ခဲ့ရဘူး၊ အဲ နောက်တစ်ပတ်လောက်ကြာတော့ ဒေါက်ကာလပ်ဆီက ဖုန်းလာတယ်၊ စိမ်တိန်းကြီးအတွက် ခြေရာခံမိပြီဆိုတော့ အယ်လီနာကိုလည်း အလုပ်သဘော တွဲတာလို့ပဲ ကျွန်မ ထင်တယ်လေ၊ စိမ်တိန်းအောင် ရင် ကျွန်မလည်း ဝေစုရမှာပဲကိုး၊ အယ်လီနာကို ဆူဆန်ရဲ့ အခန်းနား မှာ မနာလိုသူ သူ့ရည်းစားအဖြစ် ဟန်ဆောင်နေခိုင်းတာရော သူက ပြောပြတယ်"

- "ပြီးတော့ကော ဆက်ပါဦး"

"ပြီးတော့ ဒေါက်ကာလပ်က ဆူဆန်နဲ့ တွဲပြန်ရောပေါ့၊ တွဲရင်း လှစ်ဟေဝတ်ကို ဆူဆန်နဲ့ ခမိုးထွတ်ခွင့်ရချိန် ဒေါက်ကာလပ်က ကျွန်မ ဆီ ဖုန်းဆက်တယ်၊ ကျွန်မကလည်း ထုံးစံအတိုင်း နာရီပိုင်းအတွင်း ဆူဆန်ရဲ့ အခန်းကို သွားမွှေတယ်၊ ပန်းချီဆေးဘူးတွေထဲမှာ ကျောက် မျက်ရတနာတွေ ရှိနေမယ်လို့ ကျွန်မ အတတ်တွေးထားတာကိုး"

"ဘာတွေ တွေ့ခဲ့သလဲ"

"အခန်းကိုမွှေတော့ မောပြီး ပြန်လာခဲ့ရတယ်၊ ဘာမှ မတွေ့ရ တော့ဘူး"

မဆေင်က ကြားဖြတ်မေးလိုက်သည်။

"အမိရေ. . . ဒီနေ့ရုံးမှာ အမှုစကြားနာတော့ အေသယ်က ကျောက်ကိုစွ အစစ်ခံသွားတာ ရှိတယ်၊ အဲဒီကျောက်မျက်ရတနာတွေ ကို အယ်လီနာဆီမှာ သူကိုယ်တိုင် တွေ့ခဲ့ရပါသတဲ့၊ ဒါ သူအစစ်ခံသွား တာကို ပြောတာပါ"

"ကျွန်မ ဒီအကြောင်း သေသေချာချာ ပြောပြမယ်၊ ဒီ အကြောင်း ဘယ်သူမှ မသိသေးဘူး၊ ဩဂုတ် ၁၆ ရက်နေ့ မနက်က ဒေါက်ကာလပ် ကျွန်မဆီ ဖုန်းဆက်တယ်၊ ဖုန်းထဲမှာကို သူအသံဟာ





တုန်နေတယ်၊ ညက မော်င်ခိုဂိုဏ်းနဲ့ သူရင်ဆိုင် တိုးတာ ကံကောင်း လို့ လွတ်ခဲ့သတဲ့၊ ကျောက်တွေလည်း သူရခဲ့ပြီတဲ့၊ မူလထင်ထားတဲ့ အတိုင်း ထင်ထားတဲ့ လူဆီက မဟုတ်ဘူးတဲ့၊ သူတောင် ချာချာလည် ခဲ့ရတယ်ဆိုပဲ၊ ခုကျောက်တွေ သူနဲ့အတူ ရှိနေတယ်၊ ဒါပေမဲ့ အသက် အန္တရာယ် ရှိနေတယ်၊ မော်င်ခိုဂိုဏ်းက သူ့ကို လိုက်နေပြီတဲ့၊ အင်း. . . ဒီဂိုဏ်းလက်က အခု ကျောက်တွေနဲ့အတူ လွတ်လာရင် တို့နှစ်ယောက် သူဌေးဖြစ်ပြီလို့လည်း ပြောတယ်၊ ကျွန်မကိုလည်း ကျွန်မ အခု ဒီတစ်ခါ ခပ်မြတ်မြတ် ရမယ်လို့ သူက ဖုန်းထဲမှာ ပြောတယ်"

"ဖုန်းထဲမှာ အသံတုန်နေတယ် ဟုတ်လား"

"မှန်ပါတယ်ရှင်"

"သူ့အခန်းထဲက ဖုန်းဆက်တာပဲလား"

"ဆူဆန်ရဲ့ အခန်းထဲက ထင်ရတာပဲ"

"အဲဒါ ဘယ်နေ့ ဘယ်အချိန်လဲ အမိ"

"ဩဂုတ် ၁၆ ရက် မနက် ၁၀ နာရီ လောက်ကပါ"

"ဒါပေမဲ့ အမိ၊ ဆူဆန်ရဲ့ အခန်းထဲ ဝင်ရှာပြီးပြီ မဟုတ်လား"

"ဟုတ်တယ်၊ စနေနေ့က သေသေချာချာ ရှာခဲ့တာပဲ"

"အခန်းထဲ ဘယ်နည်းနဲ့ ဝင်ခဲ့သလဲ"

"ဒါတွေ ကျွန်မ လျှော့လာထားပြီးသားပဲ"

"နေဦး. . . အခု အမိရှိနေတဲ့ အခန်းကကော ဘယ်လိုလဲ"

"ဒါက ကျွန်မ ပုန်းလျှော့ရှိတဲ့ နေရာလေ၊ ဒီမှာကျတော့ ကျွန်မဟာ ဆေးရုံတက်နေတဲ့ ဆွေမျိုးတစ်ယောက်ကို ပြုစုဖို့ လာနေ တာပါလို့ ပြောထားတယ်၊ ဒေါက်ကာလပ် အခန်းသော့ ကျွန်မမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ကျွန်မ ဒီအခန်းသော့လည်း ဒေါက်ကာလပ်ဆီမှာ ရှိတယ်၊ ကျွန်မက ပိုတယ်မှာ မတည်းရဲဘူးရှင့်"

"ဒေါက်ကာလပ်အခန်းလည်း မွှေနှောက် အရှာခံလိုက်ရတယ် မဟုတ်လား"

"အဲဒါကြောင့် ကျွန်မလည်း လန့်သွားခဲ့တာပေါ့"

"ဒေါက်ကာလပ်အခန်း ရှာတာ အဓိ မဟုတ်ဘူးနော်"

"လုံးဝမဟုတ်ပါဘူးရှင်၊ သူလက်ထဲ ကျောက်တွေနဲ့ ရောက်လာတာနဲ့ တစ်ပြိုင်နက် ကျွန်မ အခန်းဆီ သူပထမဆုံး ရောက်လာမှာပဲ၊ ဒါကြောင့် ကျွန်မလည်း ဒီအခန်းမှာ သူ့ကို တစ်နေ့လုံး တစ်ညလုံး စောင့်နေခဲ့ပါတယ်၊ အဲ. . . သူ့အခန်း မွှေနှောက်ခံရကြောင်းလည်း သိရော ကျွန်မလည်း ဆော့လိပ်ဗြို့ကို ချက်ချင်းပြန်ပြေးတယ်၊ ပြီးတော့ ပြောင်းဖို့ ရွှေ့ဖို့ အသင့်ပြင်ပြီး ဒေါက်ကာလပ်ဆီက လာမယ့် ဖုန်းကို စောင့်နေခဲ့တယ်၊ အဲဒီအချိန်မှာ မစ္စတာမေဆင်က ကျွန်မဆီ ဖုန်းဆက်လာတာပေါ့၊ ပထမ ကျွန်မ ထင်တာက ရှင်လည်း ဆူဆန် ဂိုဏ်းထဲကပဲ၊ ဒါကြောင့် ဆူဆန်က ရှင့်ကို ပြောမယ်ထင်တာတွေ ကျွန်မ ရှင့်ကို အားလုံး ပြောပြခဲ့တယ်၊ ဖုန်းချပြီးတာနဲ့ ကျွန်မ အဲဒီ အခန်းက တစ်ခါတည်း လစ်ခဲ့တာပေါ့"

"ဒါနဲ့ နေပါဦး အမိ၊ အဲဒီကနေ ဒီကို ပြန်လာတာ အန္တရာယ် ကြီးတယ်လို့ အမိ မစဉ်းစားမိဘူးလား"

"ပထမ စဉ်းစားမိပါသေးတယ်၊ ဒါပေမဲ့ ဒီအခန်းအကြောင်း ဘယ်သူမှ မသိဘူး မဟုတ်လား၊ အခန်းခလည်း သုံးလတွက် ပေးပြီးသား၊ ဒါကြောင့် ဒီမှာ ဆက်နေလိုက်ဦးမယ်လို့ ဆုံးဖြတ်ခဲ့တာပေါ့"

"ကဲ. . . ခုလောက်ဆို တစ်ခုတော့ အမိ ပြန်ပြောနိုင်မယ် ထင်တယ်၊ ဒေါက်ကာလပ်ကို ဘယ်သူ သတ်တယ် ထင်သလဲ"





"အယ်လီနာ သတ်တယ် ထင်တယ်၊ ဒေါက်ကာလပ် ကျောက်တွေ ရလာတာကို အယ်လီနာ သိသွားလို့မယ်၊ အင်းလေ. . . အတိအကျတော့ မသိဘူးပေါ့၊ သေချာတာ တစ်ခုကတော့ ဒေါက်ကာလပ်ဟာ မသေခင်မှာ ကျောက်တွေ လက်ဝယ်ရခဲ့တယ် ဆိုတာပါပဲ"

"ဒေါက်ကာလပ်ဟာ အဲဒီအချိန်က မှောင်ခိုဂိုဏ်းကြီးတစ်ခု နောက် လိုက်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီဂိုဏ်းထဲမှာ အယ်လီနာ မပါဘူးနော်"

"ဒါတော့ မသိနိုင်တော့ဘူး၊ အယ်လီနာဟာ ဒေါက်ကာလပ်ကို အကူအညီ ပေးနေခဲ့တယ်၊ ဆူဆန်ကို ခြေရာခံဖို့ တာဝန်တောင် သူ လက်ခံခဲ့တာပဲ"

"နေဦး. . . အယ်လီနာကို မနာလိုဝန်တိုတဲ့ မယားအဖြစ် ဒေါက်ကာလပ်က သရုပ်ဆောင်းခဲ့တာ အမိ သိနေတယ်နော်၊ အေသယ်ရဲ့ အခန်းကို ဒီနည်းနဲ့ အယ်လီနာ ရောက်ခဲ့ရတာ မဟုတ်လား၊ ပြီးတော့ ဒေါက်ကာလပ်ကို တစ်ယောက်ယောက်က လုသွားရင် နဒေါက်ကာလပ်ကိုတော့ လက်လွှတ် မခံနိုင်ဘူး၊ ပစ်သတ်မယ်လို့ ဒေါက်ကာလပ် ကိုယ်တိုင်က ပြောခိုင်းခဲ့တယ်ဆိုတာ အမိ သိတယ်နော်"

အမျိုးသမီး ခေတ္တ ခပ်ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ မေးလာ၏။

"ကျွန်မ အဲဒီလို အစစ်ခံရင် အယ်လီနာ သက်သာမယ်လား"

"အမှုကကို လွတ်သွားနိုင်ပါတယ်"

"ကျွန်မက အဲဒီလို မပြောရင်ကော အပြစ်ပေးခံရမယ်လား"

"သိပ်ဟုတ်တာပေါ့"

အမျိုးသမီး ခေတ္တ တွေဝေစဉ်းစားသည်။ ပြီးမှ အတိပြင်း မှတ်ထုတ်လျှက် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အယ်လီနာ အပြစ်မရှိဘူးလို့ ကျွန်မ မထင်ဘူးရှင့်၊ ဒါကြောင့် ကျွန်မက ဘာမှ မပြောချင်ဘူး"

ဤတွင် မေဆင်က ရှင်းပြရပြန်သည်။

"ဒီမှာအမိ. . . အမိရဲ့ ထွက်ချက်ကို အထောက်အထား အဖြစ် တင်ခွင့်ရအောင်ကို တော်တော် လျှောက်လဲရဦးမှာ၊ အင်း. . . တရားသူကြီးတတော့ လက်ခံမယ် ထင်ရတာပဲ၊ ဘာပဲဖြစ်ဖြစ်လေ၊ အမိ အမှန်အတိုင်း ထုတ်ပြောရင် ကျုပ်ကတော့ ကြိုးစားမယ်၊ တရားလိုရှေ့နေကတော့ ဒီအချက်တွေဟာ လေသံကြား တင်ပြချက် တွေလို့ စွပ်စွဲမှာ သေချာတယ်၊ ဒါကြောင့် ဒီအမှုမှာ ကျုပ် နောက်ထပ် ဘာလုပ်ရမယ်ဆိုတာ အတွက်မချင် အမိရဲ့ ရပ်တည်ချက် သဘော ထားကိုတော့ သိထားချင်တယ်"

"ကျွန်မ သက်သေအဖြစ် အစစ်ခံရဦးမှာလားရှင်"

"ဟုတ်တယ်၊ အစစ်ခံရမယ်"

"အင်း. . အဲဒါ ကျွန်မ မလုပ်နိုင်ဘူး ထင်တယ်၊ ကျွန်မမှာက ရှစ်နှစ်သမီးကလေး တစ်ယောက် ရှိနေတယ်၊ သတင်းစာတွေထဲ အကြီးအကျယ် မပါစေချင်ဘူး၊ နောက်ကြောင်းကိုလည်း မေးခွန်း အမေးမခံလိုဘူး"

"ဒါပေမဲ့ အမိ အပြစ်မဲ့တဲ့ အယ်လီနာလို မိန်းကလေးကိုလည်း ကြိုးစင်တင်ရလောက်အောင် အမိ မလုပ်သင့်ဘူး"

အမျိုးသမီးက ခေါင်းခါပြော၏။

"မစ္စတာမေဆင်. . . ဒီကိစ္စ ကျွန်မ ရှင့်ကို မကူညီနိုင်ပါဘူး ရှင်"

ဤတွင် မေဆင်က ခပ်တင်းတင်း ပြောလိုက်၏။

"မကူလို့ မရဘူး အမိ၊ ကူတိုကူညီရမယ်၊ တခြားရွေးစရာလမ်း မရှိတော့ဘူး၊ ဒါကြောင့်လည်း ရုံးမိန့် ဆင့်စာ အမိဖို့ ယူလာခဲ့တာပဲ"





မေဆင်၏ စကားကြောင့် အမျိုးသမီးက တွေလာ၏။

"အြော်. . . ရှေ့နေကြီးက အယ်လီနာဘက် တော်တော် ကြည့်ရတယ်နော်၊ အင်း. . . အယ်လီနာတလည်း ပစ္စည်းပစ္စယ အမွေတွေက တောင့်တာကိုး၊ ကျွန်မအတွက်လည်း စဉ်းစားပေးပါဦး ရှင်၊ ခုဆို ရှင်မြင်တဲ့အတိုင်းပဲ ကျွန်မတာ ဒီအခန်းကနေ အဲဒီ ခုတင် ပေါ်ကရှိ ပစ္စည်းအကုန်နဲ့ သွားရတော့မှာ"

"ဒါတော့ ကျုပ်ဝမ်းနည်းပါတယ် အမိ၊ အမိလည်း ဘဝသစ် ပြန်စရမှာကတော့ သေချာတယ်လေ"

"ရှင်. . .၊ ကျွန်မ ဘဝသစ် စရမယ်. . . ဟုတ်လား၊ ရှင့် အမြင်ပဲ၊ ဒီမှာကြည့်. . . ကျွန်မမှာ ကျွန်မပိုင်ဆိုလို့ အင်း. . . ဒီကိုယ်ပဲ ရှိတော့တယ်ရှင့်၊ ဆိုပါတော့ မတ္တဆီကိုသွားဖို့ ကားလက်မှတ် ရယ်၊ ဒေါ်လာ ၃၀ ရယ်တော့ ရှိသေးသပေါ့လေ"

"ကျုပ်ထင်တာ ညသန်းခေါင် လေယာဉ်နဲ့ သွားမယ်မှတ် တယ်"

အမျိုးသမီးက ခါးခါးသီးသီး သရော်ပြုံး ပြုံးရယ်ရင်း ပြောလာ၏။

"လေယာဉ်ပျံ စီးနိုင်တဲ့ နေ့တွေ ကုန်သွားပြီ မစ္စတာမေဆင်၊ ကျွန်မ ကားနဲ့ပဲ သွားရတော့မှာ၊ ဒါကို ဒီအခန်း မန်နေဂျာတောင် ကျွန်မ အသိမပေးရဲပါဘူး"

"ကောင်းပြီ အမိ၊ ဒီလိုဆို နားထောင်၊ ကျုပ်တစ်ခု ရှင်းပြမယ်၊ အဲ. . . ကတိတော့ မပေးနိုင်ဘူးနော်၊ အခု ဒီအမှု အပြတ်ရှင်းလိုက် နိုင်ရင် ဒေါက်တာလပ် လက်ထဲမှာ ရောက်နေခဲ့တဲ့ ကျောက်တွေ ပြန် တွေ့ဖို့ရှိတယ်၊ ဒါဆိုရင် ဟို. . . မှောင်ခိုဂိုဏ်းကို ဖြိုနိုင်တယ်"

"ဒီတော့ ရမယ့်ဆုငွေတွေ ရှင်ယူဖို့ဖြစ်. . ."



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးမီ မေဆင်က ပြန်ပြော၏။

"ဒါကို တို့ပြောမလို့ပါ၊ အဲဒီဆုငွေတွေဟာ အမိအတွက်ပဲ ဖြစ်ရမှာပေါ့"

အမျိုးသမီးက မေဆင်ကို ခေတ္တ စိုက်ကြည့် လေ့လာနေ၏။ ပြီးမှ ပြောသည်။

"အင်း. . . မစွတာမေဆင်၊ တော်တော် ခဲရာခဲဆစ် ကြိုးစားနေတာပါကလား"

"ကဲ. . . အမိ၊ ကျုပ် အတွင်းရေးမှူး ဒယ်လာ ဒီကို ရောက်လာလိမ့်မယ်၊ သူနဲ့အတူ လိုက်သွားပေတော့ လုံခြုံတဲ့ တစ်နေရာပါ။ နက်ဖြန် မနက်ကျတော့ ရုံးမှာ သတ်သေအဖြစ် လာအစစ်ခံရမယ်၊ ဟိုကျောက်တွေကို တို့ ပြန်တွေ့ရင် ဆုငွေကို မင်းရမယ်၊ တစ်ခုတော့ တို့ကို ကတိပေးထား၊ မှောင်ခိုဂိုဏ်းနဲ့ ဆက်တဲ့ ကိစ္စမျိုးတွေ ငွေညစ်တဲ့ ကိစ္စမျိုးတွေ ဆက်မလုပ်နဲ့တော့၊ ကိုယ့်သမီးလေးဆီ ကိုယ်ပြန်ပြီး ရင်အုပ်မကွာနေရင်း ကောင်းရာကောင်းကြောင်း ခရီးသစ် စပေတော့ ဘယ့်နှယ်လဲ"

"ဒီကတိလောက်ပဲလားရှင်"

မေဆင်ကို လက်ဆွဲနှုတ်ဆက်ရင်း မေး၏။

မေဆင်က ချက်ချင်း အဖြေပေး၏။

"ဒီလောက်ဆို လုံလောက်ပါပြီ၊ ဒီကတိလောက်ပဲ လိုချင်ပါတယ်"

* * *



အခန်း | တစ်ဆယ့်ခြောက် |

နောက်တစ်နေ့ မေဆင် ရုံးခန်းထဲ ဝင်လာသောအခါ စောင့်နေသော ဒယ်လာက 'ရှမ်ဗိုင်း' သားရေတု ပိုက်ဆံအိတ်တစ်ခု လှမ်းပေးလိုက်သည်။ အိတ်ထဲ၌ အယ်လီနာ၏ အလှဆီပုလင်းများထဲမှ ရယူထားသော ကျောက်မျက်ရတနာများ ပါသည်။ မေဆင်က လှမ်းယူရင်း အခြေအနေအကြောင်း စုံစမ်းသည်။

"အားလုံး အဆင်ပြေတယ် မဟုတ်လား ဒယ်လာ"

"အဆင်ပြေတာပေါ့ ဆရာ၊ ဟိုတရားရုံးအောက်မှာ ဆာဗီပေတန် ကားထဲထိုင်ရင်း စောင့်နေပါပြီ၊ သူ့ကို သက်သေအဖြစ် ခေါ်ချင်တဲ့အချိန်မှာ ဆရာ ဟိုပြတင်းပေါက်နား သွားပြီး လက်ကိုင်ပဝါ ယမ်းပြလိုက်ရုံပါပဲ၊ ဒရိတ်ရဲ့ တပည့်တစ်ယောက်လည်း ဆာဗီနဲ့အတူ ရှိနေတယ်၊ ဆရာ အချက်ပြလိုက်တာနဲ့ ဒရိတ်တပည့်က ဆာဗီကို ရုံးခန်းထဲ ခေါ်လာပါလိမ့်မယ်"

ထိုအချိန်၌ တရားသူကြီး မိုရန်း ရုံးခန်းထဲ ဝင်လာပြီဖြစ်၍ ရုံးစထိုင်ပြီ ဖြစ်ကြောင်း ဘီလစ်စာရေးကြီးက ကြေညာလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ရုံးစတိုင်သည်ဆိုလျှင်ပင် တရားသူကြီး မိုရန်းက မနေ့က အဆက် အမှုအကြောင်း စတင် ရှင်းပြ၏။

"မနေ့က တရားခံရှေ့နေ တင်ပြတဲ့ အလောင်းပြန်ဖော် စစ်ဆေးဖို့ ကိစ္စမှာ ခုအခြေအနေအတိုင်းဆိုရင် ရုံးတော်က ပြန်ဖော် စစ်ဆေးခွင့် မပြုနိုင်ဘူးလို့ ဆုံးဖြတ်ပါတယ်၊ ဒါပေမဲ့လည်း ရင်ခွဲရုံ ဆရာဝန်ရဲ့ တာဝန်ဟာ သေသူသေရခြင်း အကြောင်းရင်း ဆုံးဖြတ် ပေးရုံသာ မဟုတ်ဘဲ သေရတဲ့ အကြောင်းမှန်သမျှ ရှာဖွေဖော်ထုတ် ပေးရမယ်လို့ ယူဆတယ်၊ တစ်ခါ သေသူရဲ့ လက်မောင်းမှာ ဆေးထိုး အပ်ရာ တွေ့ရုံနဲ့ လက်ခံဖို့ အကြောင်း မခိုင်လုံလှပါဘူး၊ ဒါကြောင့် လောလောဆယ်မှာ ရုံးတော်က ဒီလို ဆုံးဖြတ်ချက် ချထားပါတယ်၊ အလောင်း ပြန်ဖော်ခွင့် အမိန့် ခုထုတ်မပေးပါဘူး၊ ဒါပေမဲ့ မော်ဖီးယား ထိုးကြောင်း အထောက်အထား နောက်ထပ် တွေ့လာရရင်၊ သို့မဟုတ် သေသူကို မသေမီ ဖမ်းဆီးချုပ်နှောင်ခဲ့တယ်လို့ တွေ့လာရရင် ဒီကိစ္စ ပြန်စဉ်းစားပေးပါမယ်၊ ကဲ. . . ဆူဆန်ဂရင်ဂါကို တရားခံရှေ့နေကြီး မေးခွန်းပြန်ထုတ်ဦးမယ် ထင်ပါတယ်"

မေဆင် ဘာမှမပြောသေးမီ တရားလိုရှေ့နေ ဟင်မီတန်က လျှောက်တင်လာသည်။

လျှောက်တင်ချက်မှာ တရားခံရှေ့နေသည် သက်သေကို တစ်ပိုင်းစီ တစ်စစီ ခွဲခြားမေးခွန်း ထုတ်ရဖို့ မရှိကြောင်း ဥပဒေများ ဖြင့် ထောက်ပြသွား၏။ ရုံးမင်းကလည်း ဥပဒေက ထိုသို့ ဆိုလင့် ကစား ပဏာမ ကြားနာစဉ် ရုံးမင်းသည် အမှုအတွက် အထောက် အထား သက်သေများရသည်အထိ သက်သေများကို စစ်ဆေးနိုင်ခွင့် ရှိကြောင်း၊ တရားစီရင်ရေးစနစ် မှန်ကန်စေရေးအတွက် ဖြစ်ကြောင်း ထောက်ပြ၏။ ဟင်မီတန် မကျေမနပ်ဖြင့် ထပ်လျှောက်ထားသေး





သော်လည်း ရုံးမင်းက လက်မခံ၊ ဆူဆန်ကို မေးခွန်း ဆက်ထုတ်ရန် တရားခံရှေ့နေ မေဆင်ကို လှမ်းပြော၏။

ဆူဆန်ကလည်း သက်သေစင်မြင့်ပေါ် ရောက်ရောက်ချင်း လျှောက်ထား၏။

"ရုံးမင်းရှင့်. . . ကျွန်မဟာ သက်သေစင်မြင့်ပေါ်ကနေ အစစ်ခံ ထွက်ဆိုသွားဖို့ ဆန္ဒပြင်းပြလျက်ရှိခဲ့ပါတယ်၊ ဒါပေမဲ့ အစိုးရ ရှေ့နေကြီးက. . ."

ဆူဆန် စကားမဆုံးမီ ရုံးမင်းက ဝင်ပြောလာ၏။

"ကိစ္စမရှိပါဘူး၊ သက်သေခံ ထွက်ဆိုမှာသာ ထွက်ဆိုပါ၊ ကျမ်းကျိန်ပြီးသားဆိုတော့ တရားခံရှေ့နေ မေးတာကို တစ်ခါတည်း ဖြေသွားရင် ရပါတယ်၊ တစ်ခုတော့ ရှိတယ်၊ မေးမှဖြေပါ၊ မေးတာကိုပဲ ဖြေပါ"

မေဆင်က သည်တော့မှ မေးခွန်းများ စမေးသည်။

"မစ္စတာရစ်ချီ အစစ်ခံ ထွက်ဆိုသွားတာတွေကို ကြားလိုက် တယ်နော်"

"ဟုတ်ကဲ့၊ ကြားလိုက်ရပါတယ်"

"ဩဂုတ် ၁၅ ရက်နေ့က ခင်ဗျား ပြန်ရောက်လာတော့ ခင်ဗျား အခန်း မွှေနှောက်ရှာဖွေ ဖျက်ဆီးခံထားရတာ တွေ့ရတယ် နော်"

"မှန်ပါတယ်ရှင်"

"အဆောက်အအုံ အုပ်ချုပ်ရေးအဖွဲ့ကို တိုင်ခဲ့တယ် မဟုတ် လား"

"ဒီအကြောင်း မစ္စတာရစ်ချီကို ပြောပြခဲ့ပါတယ်"

"ဒီနောက် ဘာဖြစ်ခဲ့ပါသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်မအခန်းကို သွားပြီး အပျက်အစီးတွေ စစ်ဆေးတယ်၊ ပြီးတော့ အလုပ်သမားတွေကို ရှင်းလင်းဆေးကြောခိုင်းခဲ့ပါတယ်။ ပြီးတော့ သူက မေးသေးတယ်၊ ကျွန်မ ရဲကို တိုင်ချင်သလားတဲ့၊ ကျွန်မက မတိုင်ချင်တော့ပါဘူးလို့ ပြောခဲ့တယ်"

"အဲဒါက ဘာကြောင့်လဲ"

"ဘယ်သူ လုပ်သွားတယ်ဆိုတာ သိပြီး. . ."

သူဆန်၏ စကားမဆုံးမီ ဟင်မီတန်က ဝင်ပြော၏။

"ခဏလေး ရှုံမင်းခင်ဗျား၊ ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ အချက်အလက်ကိုသာ မေးနိုင်ပါတယ်၊ ထင်မြင်ချက်ကို မမေးနိုင်ပါဘူး"

မေဆင်က ရှင်းပြ၏။

"ဒီအမှုမှာ သက်သေဟာ တရားလို ရှေ့နေဘက်က ဘက်လိုက်ကြောင်း ပြချင်လို့ ဒီလို မေးနေတာပါ"

"ဒီလိုဆို ဆက်မေးမေးပါ၊ ဒါပေမဲ့ တခြားမေးခွန်း လှည့်မေးပါ"

တရားသူကြီးက အဆုံးအဖြတ် ပေးလိုက်၏။

"အခန်း ဝင်ဖျက်သွားတာ အယ်လီနာရဲ့ လက်ချက်လို့ကော ခင်ဗျားက ရစ်ချီကို ပြောပြခဲ့သလား"

ဟင်မီတန်က ကန့်ကွက်ပြန်၏။ သို့သော် ရှုံမင်းက လက်မခံဘဲ မေးခွန်းကို ဖြေခိုင်း၏။

"ဟုတ်ကဲ့ရှင့်၊ ပြောပြခဲ့ပါတယ်"

"ဒီလို အယ်လီနာ လုပ်တယ်လို့ ယူဆနိုင်စရာ အထောက်အထား ရှိပါသလား"





"အထောက်အထားတော့ မရှိပါဘူး၊ ဒါပေမဲ့ အလိုလို သိလာတယ်လို့ ဖြေရပါမယ်၊ ဒါကြောင့် ကျွန်မ တစ်ဆက်တည်း ပြောပြချင်တာက. . ."

တရားသူကြီးက ဝင်တား၍ စကားပြတ်သွားသည်။

"မေးတာကိုပဲ ဖြေပါ၊ ကိုယ်ပြောချင်တာတွေ မပြောပါနဲ့"

မေဆင်ကပင် ဆက်မေး၏။

"ဒေါက်ကလပ်ဟာ ပြန်လာတဲ့ ညနေမှာ ခင်ဗျားဆီ လာတယ် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

"ဒေါက်ကလပ် မလာခင်ကလေး ခင်ဗျားရေချိုးသေးတယ် မဟုတ်လား"

"မှန်ပါတယ်၊ ကြွေအင်တုံကြီးထဲမှာ တစ်ကိုယ်လုံး စိမ်ပြီး ချိုးတာပါ"

"အဲဒီအချိန် ခင်ဗျားအခန်းထဲက အဝတ်ဗီရိုကြီးထဲ တစ်စုံတစ်ဦး ပုန်းနေနိုင်ပါသလား"

"လုံးဝမဖြစ်နိုင်ပါ၊ ကျွန်မ အဝတ်ဗီရိုထဲ အဝတ်တွေ ဖွင့်ထည့်ခဲ့ပါသေးတယ်၊ အထဲမှာ ဘယ်သူမှ မရှိခဲ့ပါဘူး"

"တော်ပါပြီ၊ ကျွန်တော် မေးလို့ ပြီးပါပြီ ရှုံမင်း ခင်ဗျား"

မေဆင်က ရှုံမင်းထံ လျှောက်တင်လိုက်ခြင်း ဖြစ်သည်။ ဟင်မီတန်ကလည်း ၎င်း၏ လက်ထောက်များနှင့် အနည်းငယ် တိုင်ပင်ပြီးနောက် သူလည်း မမေးတော့ကြောင်း လျှောက်တင်၏။

ဤတွင် ရှုံမင်းက ရုံးဆန်ကို သက်သေစင်မြင့်ပေါ်မှ ဆင်းနိုင်ပြီဖြစ်ကြောင်း ခွင့်ပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တင်စီတန်ကလည်း ကျေနပ်ဟန်ဖြင့် တရားလိုဘက်မှ တင်ပြမှု ပြည့်စုံပြီဖြစ်၍ ရပ်နားကြောင်း တစ်ဆက်တည်း လျှောက်၏။ ဤတွင် မေဆင်က ထိုင်ရာမှ ထလျက် လျှောက်တင်တော့သည်။

"ရှုံမင်းခင်ဗျား. . . ခုအချိန်မှာ တရားခံရှေ့နေ အနေနဲ့ ပဏာမ လျှောက်လဲချက် ပေးလိုပါတယ်၊ ဘယ်လို ဘယ်လို အထောက်အထား ပြသွားပါမယ်ဆိုတဲ့ အချက်အလက်တွေကို ဂျူရီ လူကြီးတွေ သိထားအောင် လျှောက်တင်မှာ ဖြစ်ပါတယ်"

တရားသူကြီးက ခွင့်ပြုလိုက်သောအခါ မေဆင်က ပဏာမ လျှောက်ထားချက် တင်ပြလိုက်တော့၏။

"ဂျူရီလူကြီးများ ခင်ဗျား-

"ဒေါက်ကလပ်ဟာ အကောက်ခွန် ဌာနအတွက် အလွတ် စုံထောက်လုပ်ရင်း ဆုငွေရယူ အသက်မွေးနေသူ ဖြစ်ကြောင်း အထောက်အထားတွေ ပြရင်း တစ်ဆက်တည်း တင်ပြသွားပါမယ်၊ သူ့အသက်မွေးလုပ်ငန်းဟာ အမှန်တော့ ထူးခြားတဲ့ အလုပ်မျိုး ဖြစ်နေ ပါတယ်၊ ဒေါက်ကလပ်ဟာ အလောင်းအစား ဝါသနာကြီးသူ ကစားသမားတစ်ဦးလည်း ဖြစ်တယ်။ အယ်လီနာကိုလည်း ဒေါက် ကလပ်ဟာ ထရင်းတနီး သိခဲ့သူ ဖြစ်ပါတယ်။ လက်ထပ်ဖို့တောင် အကြိမ်များစွာ ဆွေးနွေးခဲ့ဖူးကြပါတယ်၊ ဒါပေမဲ့ အယ်လီနာက ဒေါက် ကလပ် လုပ်နေတဲ့အလုပ် စွန့်လွှတ်စေချင်တယ်၊ ဒါကြောင့် ဒေါက်ကလပ်ကလည်း စွန့်လွှတ်မယ်၊ လက်ထပ်ပြီးရင် သွင်းကုန် လုပ်ငန်း ကုမ္ပဏီမှာ အစုဝင်မယ်လို့ ကတိပေးခဲ့ပါတယ်၊ ဒါပေမဲ့ ဒေါက်ကလပ်ဟာ သေဆုံးချိန်မှာ သူ့လုပ်ငန်းဟောင်းက အလုပ်တစ်ခု ကို နောက်ဆုံးလုပ်တဲ့အနေနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်၊





ဒီအလုပ်အတွက် အယ်လီတာကိုလည်း ကူညီဆောင်ရွက်ခိုင်းခဲ့တယ်၊ ဒီလိုနဲ့ ဒေါက်ကလပ်ဟာ မှောင်ခိုဂိုဏ်းတစ်ခု နောက်ကို လိုက် ထောက်လှမ်း နေရာက အယ်လီနာကို အသုံးချရာမှာ မနာလိုဝန်တိုသူ မယားလောင်း တစ်ယောက်အဖြစ် သရုပ်ဆောင်စေခဲ့ပါတယ်၊ ဆူဆန် နဲ့ အခန်းအနီး ဧေသယ်ရဲ့ အခန်းမှာ ဗူးတွဲငှားစေခဲ့ပါတယ်၊ ဒေါက် ကလပ်က ဒီအမှုလိုက်ပြီးရင် ရလာမယ့် ဆုကြေးနဲ့ ကောင်းရာကောင်း ကြောင်း ပြည်ပသွင်းကုန်လုပ်ငန်း အစုဝင်တော့မလို့ပါပဲ၊ ဆူဆန်က လည်း ဥရောပကို မကြာခဏ သွားလေ့ရှိတော့ ဆူဆန်ကို မှောင်ခို မယ်အဖြစ် ပထမပိုင်းမှာ ဒေါက်ကလပ်က ထင်ခဲ့တယ်၊ ဆူဆန်ဟာ ဥရောပခရီး အပြန်မှာ တကယ်မှောင်ခိုကျောက် သယ်ယူလာမယ် ဆိုလည်း ယူနိုင်ပါတယ်"

မေဆင်၏စကား ဤနေရာ အရောက်၌ ဆူဆန် တစ်ယောက် စကားပြောရန် ထိုင်ရာမှ ထလိုက်သည်။ သို့သော် အနီးရှိ တာဝန်ကျ နေသူ ဘီလစ် စာရေးကြီးက ထိုင်ခိုင်းထားရ၏။ ရုံမင်းကမူကား ရုံးတော်ကို အနှောင့်အယှက်ပေးသူအဖြစ် ဆူဆန်ကို နောက်ဆုံး အကြိမ် သတိ ပေးလိုက်တော့၏။

"ကျွန်မမှာ တင်ပြခွင့် မရှိတော့ဘူးလားရှင်"

ဆူဆန်က ဆင်ခြေ လျှောက်လဲသဖြင့် တရားသူကြီးက ရှင်းပြ ရပြန်၏။

"အချိန်မကျသေးပါဘူး၊ အချိန်ကျရင် ပြောခွင့်တင်ပြခွင့် ရမှာပါ၊ ခုတော့ ငြိမ်ငြိမ်ထိုင်နေပါဦး"

မေဆင်ကို ဆက်လျှောက်တင်ခိုင်းသဖြင့် မေဆင်က ဆက် လျှောက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခိုမယ်အဖြစ် ဒေါက်ကလပ် ခန့်မှန်းချက် မှားသွားတယ်၊ သူထင်တဲ့ မိန်းကလေးမဟုတ်ဘဲ တခြားတစ်ယောက် ဖြစ်နေတာကိုး၊ အယ်လီနာဟာ ဒေါက်ကလပ် ညွှန်ကြားတဲ့အတိုင်း အားလုံး ကူညီဆောင်ရွက်ပေးခဲ့သူ ဖြစ်ပါတယ်။ နောက်ဆုံးမှာမှ မောင်ခိုဂိုဏ်းရဲ့ လျှို့ဝှက်ချက်ကို ဒေါက်ကလပ်တစ်ယောက် အမှန်အတိုင်း သိခဲ့ရတယ်၊ ဒေါက်ကလပ်မှာ အလုပ်တွဲလုပ်ဖက် အခြား အမျိုးသမီး တစ်ဦး ရှိသေးတယ်၊ နောက်ဆုံး ခပ်မြှက်မြှက်ကလေး စားရမယ့် မောင်ခိုကျောက်တွေကိုလည်း ခြေရာခံမိရော ဒေါက်ကလပ်က သူ့ လုပ်ဖော်ကိုင်ဖက် အမျိုးသမီးဆီ ဖုန်းဆက် အကြောင်းကြားတယ်၊ ကျောက်တွေတော့ တွေ့ပြီ၊ ဒါပေမဲ့ အသက်အန္တရာယ်လည်း ရှိနေပြီလို့ ပြောလာတာပဲ၊ ဖုန်းနဲ့လည်း ပြောပြီးရော ဒေါက်ကလပ်ဟာ ဘီလင်ဒါ အဆောက်အအုံမှာရှိတဲ့ နယူးဘတ်နာမည်ဝှက်နဲ့ သူငှားနေတဲ့ အခန်းကို သွားတယ်၊ သူ့နောက်မှာက သူ့ လက်ထဲ ကျောက်တွေ ရှိနေပြီလို့ သိနေတဲ့ မောင်ခိုဂိုဏ်းက နောက်ယောင်းခံ လိုက်လာကြတယ်၊ ဒေါက်ကလပ် သူ့အခန်းထဲလည်း ဝင်ရော သူ့ရန်သူတွေက သူ့ကို ချုပ်နှောင်ဖမ်းဆီးတယ်၊ ပြီးတော့ မော်ဖီးယား ထိုးသွင်းတယ်၊ သူ မေ့နေတုန်း ကျောက်မျက်ရတနာတွေကို ရှာကြဖွေကြတယ်။ သူ့ကိုယ်မှာလည်း ရှာတယ်၊ တစ်ခန်းလုံးကိုလည်း မွှေနှောက် ရှာတယ်၊ တစ်နေ့လုံး သူ့ကို မော်ဖီးယား ထိုးပြီး ချုပ်နှောင်ထားရင်း ရှာကြတာပဲ၊ သူ မသေခင်ကလေးမှာ သူ့ကို နောက်ထပ် မော်ဖီးယား တစ်လုံး ထပ်ထိုးပေးလိုက်သေးတယ်၊ ကျောက်တွေကို ဘယ်မှာမှလဲ ရှာမတွေ့ရော ဒေါက်ကလပ်ကို သူတို့က သတ်ပစ်လိုက်တာပဲ၊ သတ်တဲ့နေရာမှာလည်း ဘယ်လောက် ပါးသလဲဆိုတော့ တရားခံဟာ အယ်လီနာ ဖြစ်စေမယ်ဆိုတဲ့ ဆင်ကွက်နဲ့ကို သတ်လိုက်ကြပါတယ်"





အစိုးရရှေ့နေကြီးက မေဆောင်၏ လျှောက်လဲချက်ကို နား ထောင်ရင်း သူ့တပည့်များနှင့် တီးတိုးပြော လှောင်ရယ် ရယ်နေ၏။ မေဆောင်ကသာ ဆက်လက်လျှောက်လဲသည်။

"အခု ကျွန်တော် လျှောက်တင်သွားတာတွေ အမှန်တွေ ဖြစ်တဲ့အကြောင်း အထောက်အထားကတော့ ဒေါက်ကလပ် တကယ် တွေ့သွားခဲ့တဲ့ ကျောက်သံပတ္တမြားတွေပါပဲ၊ အဲဒီ ကျောက်မျက် ရတနာတွေကို တရားခံပြ သက်သေအဖြစ် ရထားပြီးပါပြီ၊ မောင်ခိုဂိုဏ်းဝင်တွေ ဘယ်သူတွေဆိုတာလည်း သိထားပြီးပါပြီ"

ပြောပြောဆို မေဆောင်သည် 'ရှာမှိုင်း' သားရေ ပိုက်ဆံအိတ် တစ်ခုကို စားပွဲပေါ် တင်လျက် အထဲမှ ကျောက်မျက်ရတနာများကို စားပွဲပေါ် သွန်ချပြလိုက်၏။

အစိုးရရှေ့နေကြီးသည် ထိုင်ရာမှ ထလျက် တဖွဲ့တဩ မေး လိုက်သည်။

"ဒါတွေက ဘာတွေလဲ၊ ဘာလုပ်ဖို့လဲ"

ဂျူရီလူကြီးများကလည်း မေဆောင် တင်ပြလာသော ကျောက် မျက်ရတနာများကို လည်ဆန့်လှမ်းကြည့်၏။

မေဆောင်က ဆက်လျှောက်သည်။

"ဟောဒီ ကျောက်မျက်ရတနာတွေကို ကျွန်တော် သက်သေခံ ပစ္စည်းအဖြစ် တင်ပြပါမယ်"

ဤတွင် ဟင်မီတန်က ဝင်ထောက်ပြန်၏။

"ရှုံးမင်းခင်ဗျား. . . ဒါကို ကျွန်တော် ကန့်ကွက်ပါတယ်၊ တရားခံရှေ့နေဟာ ဒီလိုသက်သေခံပစ္စည်းမျိုးကို ဒီအချိန်မျိုးမှာ ရုံးတော်ဂျူရီလူကြီးတွေရှေ့ တင်မပြနိုင်ပါဘူး၊ သူ ဘာတွေ ဘယ်လို အထောက်အထား ပြုမယ်လောက်သာ တင်ပြရပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



မေဆင်ကလည်း ချက်ချင်း ရှင်းပြလိုက်၏။

"ကျုပ်လည်း အဲဒီလို တင်ပြဖို့ ကြိုးစားနေတာပါပဲ၊ ဒေါက်တာလပ်ဟာ ဒီကျောက်မျက်ရတနာ ပစ္စည်းတွေကို တွေ့ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါကိုလည်း ကျွန်တော် အထောက်အထား ပြသွားမှာ ဖြစ်ပါတယ်"

ဟင်မီတန်က တံစိုစခန်း ထပြန်၏။

"အေသယ် ထွက်ဆိုသွားတာ ဒီကျောက်တွေပဲပေါ့၊ အယ်လီနာ့ရဲ့ လက်ထဲမှာ ဒီကျောက်တွေ ရှိနေခဲ့ပါတယ်၊ အခု တရားခံရှေ့နေက ဒီပစ္စည်းတွေ ဒီမှာ တင်ပြလာတာဟာ. . ."

သူ့စကား မဆုံးမီ ရုံးမင်းက ကြားဖြတ်ဝင်ပြောသည်။

"တရားလိုရှေ့နေကြီးဟာ ကိုယ့်အလှည့် ရောက်မှ ချေပနိုင်ခွင့် ရှိပါတယ်၊ ခုဘာမှ ပြောပိုင်ခွင့် မရှိပါဘူး"

"ဒါပေမဲ့ ဒီပစ္စည်းတွေကို ဂျူရီလူကြီးတွေရှေ့ ထုတ်ပြလာတဲ့အတွက် ကျွန်တော် ကန့်ကွက်ပါတယ်"

ဟင်မီတန်၏ ကန့်ကွက်သံအဆုံး မေဆင်က ရှင်းပြ၏။

"ကျုပ် ဒီပစ္စည်းတွေ ခုတင်ပြနေတာက ဂျူရီလူကြီးတွေကို သက်သေပြနိုင်ဖို့ တင်ပြတာပါပဲ၊ ရုံးမင်းခင်ဗျား. . . ကျွန်တော် ဆက်လျှောက်တင်သွားပါမယ်။ ဒေါက်တာလပ်တာ တစ်ချက်မှားခဲ့တာ ရှိပါတယ်၊ ဘီလင်ဒါ အဆောက်အအုံက စာရေး ရစ်ချီဟာ မှောင်ခိုဂိုဏ်းဝင် တစ်ယောက် ဖြစ်တယ်လို့ ဒေါက်ကလပ်က သိနေတယ်၊ ဒါကြောင့် ဆက်စပ်ပြီး ဥရောပကို ခဏခဏသွားတဲ့ ဆူဆန်ကိုလည်း မှောင်ခိုဂိုဏ်းကပဲလို့ သတ်မှတ်လိုက်တယ်၊ ဒါဟာ ပထမပိုင်း သူ့ထောက်လှမ်းမှု မပြည့်စုံခင်က သူ့ခန့်မှန်း မှန်းဆချက်ပါပဲ၊ ဒါပေမဲ့ အမှန်ကို သိလာတော့မှ ကျောက်တွေကို ဒေါက်ကလပ် ရရှိခဲ့ပါတယ်





ကျောက်တွေ ဝှက်ထားတဲ့နေရာကလည်း ဘယ်သူမှ မထင်နိုင်တဲ့ နေရာမျိုး၊ မှောင်ခိုကျောက်တွေ ဝှက်ထားဖို့ သတ်သတ်လုပ်ထားကိုး၊ ဒါပေမဲ့ အဲဒီကျောက်တွေ ဝှက်ထားတဲ့ နေရာကို ဒေါက်ကလပ် ဝင်လိုက်တဲ့အခါ အလိုအလျောက် အချက်ပေးသံတွေ ထွက်လာတယ်၊ ဒီမှာတင် ဒေါက်ကလပ်ဟာ သူထောင်ချောက်ထဲ မိနေပြီဆိုတာ သိလိုက်တော့တာပဲ၊ သူ့အသက်ကို တစ်ခါလည်း လုပ်ကြံဖို့ ကြိုးစားခံခဲ့ရပြီးပြီ၊ ဒါကြောင့် ခုလည်း ဒီကျောက်တွေနဲ့အတူ သူ အခန်းထဲက ထွက်သွားရင် သူ့ကို အသေလုပ်ကြံကြတော့မယ်ဆိုတာ သူသိနေတယ်၊ ဒါနဲ့ ဒေါက်ကလပ်ဟာ အဲဒီအခန်းတံခါး လုံအောင် ပိတ်လိုက်ပြီး သူလက်ထောက်ဆီ သူတွေ့ထားရသမျှနဲ့ ခုနောက်ဆုံး အခြေအနေအထိ ပြောပြလိုက်တယ်။ ပြီး ဘယ်သူမှ မထင်တဲ့နေရာမှာ ဝှက်ထားလိုက်တယ်၊ စတ္တန်ပိုင်းအတွင်း ဝှက်ရတာ ဖြစ်တယ်၊ ကျောက်တွေလည်း ဝှက်ပြီးရော ဒေါက်ကလပ်ဟာ အခန်းတံခါးသော့ ဖွင့်ပြီး အပြင်ထွက်လိုက်တယ်၊ အခန်းအပြင်ကနေ သူ့ကို ချုပ်နှောင်ကြမယ်၊ ရှာကြမယ်လို့ သူက တွက်ထားပြီးပြီ၊ ဒါကြောင့်လည်း တိုက်ခိုက်အလွတ်ရုန်းဖို့ပါ အသင့်ပြင်ပြီး အခန်းပြင် ထွက်လိုက်တယ်၊ သူ အံ့ဩသွားတာက အခန်းပြင်မှာ ဘယ်သူမှ မရှိဘူး၊ ဒီမှာတင် သူ့ကိုယ်ပေါ်မှာလည်း ကျောက်တွေ မရှိတာ သေချာနေတော့ အေးအေးဆေးဆေးပဲ ဓာတ်လှေကား စောင့်ပြီး အထဲလည်း ရောက်ရော ဝင်စီးသွားပြီး အဆောက်အအုံ အပြင်ထိ ထွက်သွားတယ်၊ ပြီးတော့မှ အေးအေးဆေးဆေး သူပုန်းလှေ့ရှိတဲ့ အခန်းကို တစ်ပတ်ကျော့ ပြန်ပါတယ်၊ သူ့နောက်က နောက်ယောင်ခံ လိုက်နေတယ်ဆိုတာလည်း သူမသိဘူး၊ သူ့အခန်းထဲ တံခါးလည်း ဖွင့်ဝင်လိုက်ရော ဒေါက်တာလပ်တစ်ယောက် ဒီတိုက်ပွဲမှာ သူရှုံးသွားကြောင်း သိလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ၊ သူ့ကို လူတွေ ဝိုင်းဖမ်းချုပ်ပြီး လက်မောင်းထဲ မော်ဖီးယား ဆေး ထိုးသွင်းတာပဲ သူသိလိုက်တော့တယ်"

တရားလိုရှေ့နေကြီးက ငြိမ်နားထောင်နေရာမှ ထပြောလာ၏။

"ရုံးမင်းခင်ဗျား. . . ခုတင်ပြသွားတာတွေဟာ တစ်ခုမှ အစဉ် အလာအတိုင်းလည်း မဟုတ်ပါဘူး၊ တရားခံရှေ့နေဟာ ပဏာမ ကြားနာမှုမှာ အချက်အလက် အကြမ်းဖျင်းလောက်ပဲ တင်ပြနိုင်ပါ တယ်၊ သူ အထောက်အထားပြမယ့် အချက်မျိုးတွေဟာ ခုတော့ တကယ့်ရုပ်ရှင် ဇာတ်လမ်းတစ်ပုဒ်လို တင်ပြသွားပါတယ်။ ဒါကို သူ သက်သေလည်း မပြနိုင်ဘူး၊ သူပြောနေတာတွေက သေသူရဲ့ အတွေး အခေါ်နဲ့ စိတ်တွင်း ခံစားရမှုတွေကိုပါ ပြန်ပြောပြနေတာပဲ ဖြစ်နေ တယ်။ ဟိုကဒီက ကြားလာတာတွေ ပြန်ပြောနေတာပါပဲ၊ ဒါ ကြောင့်. . ."

ရုံးမင်းက ကြားဝင်ထောက်ခံလိုက်၏။

"ဟုတ်တယ် ထင်တယ်၊ တရားလိုရှေ့နေကြီးရဲ့ ကန့်ကွက် ချက်ကို လက်ခံပါတယ်၊ တရားခံရှေ့နေကြီးဟာ စကားပြော လျှောက် လဲရာမှာတော့ တကယ်တော်ပါပေတယ်။ ဒါကြောင့် ခုလို ဝတ္ထု တစ်ပုဒ် ပြောပြနိုင်ခဲ့တာကိုး၊ ဒါပေမဲ့ ရုံးတော်မှာ သူ အထောက် အထား တင်ပြမယ့် အဆိုပြုချက်တွေအကြောင်း တင်ပြလာခြင်း မရှိပါဘူး"

မေဆင်က ထပ်တင်လာသည်။

"ရုံးမင်းခင်ဗျား. . . ကျွန်တော် အထောက်အထားပြနိုင်ဖို့ အတွက် လျှောက်တင်နေတာပါပဲ၊ ဒါတွေကိုလည်း အထောက် အထား ပြပါမယ်၊ ခုပဲ အရေးကြီးတဲ့ သက်သေတစ်ယောက်ထို





တင်ပါဦးမယ်၊ ဒီသက်သေက ခု ကျွန်တော် တင်ပြသွားတာတွေ မှန်ကန်ကြောင်း အစစ်ခံပါလိမ့်မယ်"

ရုံးမင်းက မေဆင်ကို လှမ်းမေး၏။

"နေပါဦး မစ္စတာမေဆင်. . . ခင်ဗျား ဒီအချက်တွေကို ဘယ်လို အထောက်အထား ပြမှာလဲ"

"ဟုတ်ကဲ့. . . အခုပဲ ပြပါမယ်၊ အောက်ထပ်မှာ ကျွန်တော် တင်ပြချင်တဲ့ သက်သေ အသင့်ရှိနေပါတယ်၊ သူက အထောက် အထား အခိုင်အမာ သက်သေခံပါလိမ့်မယ်၊ အခု ကျွန်တော် ဟို. . . ပြတင်းက လက်ကိုင်ပဝါနဲ့ အချက်ပြလိုက်ရုံပါပဲ ခင်ဗျား. . ."

ဟင်မီတန်က ချက်ချင်း ထကန့်ကွက်၏။

"ရုံးမင်း ခင်ဗျား. . . ရှေ့နေတွေဟာ ရုပ်ရှင်ဆန်ဆန် မတင်ပြ ရဘူးလို့တော့ ဥပဒေ မရှိပါဘူး၊ ဒါပေမဲ့လည်း အမှန်တရားကိုတော့ တင်ပြကြရပါတယ်"

ထိုအချိန်၌ မေဆင်သည် ရုံးခန်းပြတင်းတစ်ခုဆီ လျှောက် သွားရင်း လက်ကိုင်ပဝါဖြင့် အောက်သို့ အချက်ပြလိုက်ပြီး ဆက်ပြော ၏။

"ရုံးမင်း ခင်ဗျား၊ ရုံးတော်ကို ဇော်ကားတာတော့ မဟုတ်ပါဘူး ခင်ဗျာ၊ ခွင့်လွှတ်ပါ၊ အရေးကြီးတဲ့ သက်သေကို အချက်ပြခေါ် လိုက် တာပါပဲ၊ ခုပဲ သူရုံးခန်းထဲ ရောက်လာပါလိမ့်မယ်"

တရားလိုရှေ့နေကြီးက ကန့်ကွက်ဆဲပင် ဖြစ်၏။

"ရုံးမင်းခင်ဗျား. . . ကျွန်တော်ကတော့ ဒေါက်ကလပ်က တစ်စုံတစ်ယောက်ကို ပြောသွားပါတယ်ဆိုရင်လည်း လက်ခံနိုင်မယ် မဟုတ်ပါဘူး၊ သေခါနီး အစစ်ခံချက်ဖြစ်တဲ့ သေတမ်းစစ်ချက်တွေက



www.burmeseclassic.com

www.burmeseclassic.com



လွှဲပြီး လက်မခံနိုင်ပါဘူး။ ဒါတွေဟာ တစ်ဆင့်ကြားတွေ ဖြစ်ပါလိမ့်၊ ဒါကြောင့် ဒီအမှုမှာ ဘယ်လိုမှ လက်ခံလို့ မရပါဘူး"

မေဆင်က ရုံးဘက်လှည့်ရင်း လျှောက်တင်လိုက်ပြန်သည်။

"ရုံးမင်းခင်ဗျား. . . ခု ကျွန်တော် တင်ပြတာဟာ သေခါနီး ပြောသွားတဲ့ သေခါနီးကြေညာစာတမ်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း မော်ဖီးယားကီစွဟာ ဒီအမှုမှာ သိပ်အရေးပါလာပါတယ်၊ ဒေါက်ကလပ်ကလည်း ခုသက်သေကို အတိအကျ ပြောသွားတာ ရှိပါတယ်၊ သူဟာ ဖဲဒီအဆောက်အအုံထဲကနေ အသက်ရှင်လျက် အပြင်ထွက်နိုင်မယ် မဟုတ်ဘူးတဲ့၊ ဒါကြောင့် ဒီအချက်ဟာ ရုံးတော်က ထည့်သွင်းစဉ်းစားရမယ့် အချက် ဖြစ်နေပါတယ်"

အစိုးရရှေ့နေကြီးသည် အကြီးအကျယ် ဒေါပွလျက်ရှိရာ စကားပင် ကောင်းစွာ မပြောနိုင်ဖြစ်နေ၏။

"ရုံးမင်းခင်ဗျား. . . ခုတရားခံရှေ့နေ လျှောက်တင်ချက်ဟာ နွားရှေ့ ထွန်ကျူးနေပါပြီ၊ ပြီးတော့ မရှိတဲ့နွားနဲ့ မရှိတဲ့ထွန်ကိုလည်း ကောက်ကြောင်း ဆွဲပြသွားခြင်း ဖြစ်ပါတယ်၊ ဒီလိုနဲ့ တရားခံရှေ့နေကြီးဟာ ဂျူရီလူကြီးတွေကို စိတ်ဝင်စားလွန်းလာအောင် ရုံးခန်းထဲမှာ ပြဇာတ်ကသလို လုပ်ပြသွားပါတယ်၊ ဒါတွေဟာ မီးစတစ်ဖက် ရေမှုတ်တစ်ဖက် အစီအစဉ်တွေပါပဲ"

မေဆင်က ကြားဝင်ဖောက်လိုက်သည်။

"ဒီလိုလုပ်ရတာကလည်း ဒီသက်သေကို ဟောဒီရုံးအဆောက်အအုံမှာ စောစောက သက်ဆိုင်သူတွေ တွေ့သွားရင် သက်သေ မခံနိုင်မီ ချက်ချင်းအသတ်ခံရမှာမို့ ဒီလိုလုပ်လှုရတာပဲ ခင်ဗျား။ ဒါကြောင့် ကျွန်တော် ဆက်လျှောက်တင်ရရင် ဘီလင်ဒါ အဆောက်အအုံ စာရေး ရစ်ချီရယ်၊ အခန်း ၃၆၀ က အေသယ်ရယ်၊ အဲဒီနှစ်ဦးဟာ





မှောင်ခိုဂိုဏ်းဝင်တွေပါ။ ကျောက်မျက်ရတနာ မှောင်ခိုအကြီးအကျယ် လုပ်နေကြသူတွေပါ"

ဟင်မီတန်က တအံ့တဩ အော်လိုက်မိ၏။

"ဗျာ. . . အေသယ်. . . ဟုတ်လား"

မေဆင်ကလည်း ချက်ချင်း ဖြေသည်။

"သိပ်ဟုတ်တာပေါ့၊ ပြီးတော့ တရားလိုရှေ့နေကြီး တစ်ခု သိမလားမသိဘူး၊ အေသယ်ရဲ့ အခန်းထဲက အဝတ်ဗီရိုကြီးတစ်ခုဟာ တခြားဗီရိုတွေထက် ဘာကြောင့်များ သုံးပေခွဲလောက် တိုနေသလဲ အဲဒါ သိပါသလား"

မေဆင်၏ မေးခွန်းကို ဟင်မီတန်က သရော်ရင်း ဖြေ၏။

"ရုံးမင်းခင်ဗျား. . . လာနေပါပြီ၊ တရားခံရှေ့နေကြီးတာ တကယ် နားထောင်လို့ ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ကို ထပ်ဆက်ပြန်ပါပြီ တရားလို သက်သေကိုလည်း တရားခံဖြစ်အောင် လုပ်လာပြန်ပါပြီ၊ ဒီလိုလျှောက်ပြောနေတာတွေ ရပ်နိုင်းပြီး အထောက်အထား ပြခိုင်းပေးပါ ခင်ဗျား"

မေဆင်ကပင် ဆက်ရှင်း၏။

"ဟုတ်ကဲ့၊ အဲဒီလို ပြဖို့အတွက် ခုကျွန်တော် ကြိုးစားနေတာ ပါပဲ၊ ဟော. . . ခုဆိုရင် ကျွန်တော် အချက်ပြခေါ်ထားတဲ့ ကျွန်တော့် သက်သေ ရုံးခန်းထဲ ဝင်လာနေပါပြီ၊ ကြွပါ. . . ကြွပါ. . . မစ္စပေတန်၊ သက်သေစင်မြင့်ပေါ် လာပြီး ကျမ်းကျိန်ပါတော့"

မစ္စပေတန် ကျမ်းကျိန်ပြီးချိန်၌ မေဆင်ကပင် စမေး၏။

"ဒီမှာ မစ္စပေတန်. . . ခင်ဗျား ဒေါက်ကလပ်ကို သူအသက် ရှင်နေစဉ်ကတည်းက သိနေခဲ့တယ်နော်"

"မှန်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ခင်ဗျားနဲ့ ဘယ်လိုအဆက်အသွယ် ရှိခဲ့တာပါလဲ"

"လုပ်ငန်းသဘော အတူတူ အလုပ်လုပ်ခဲ့ကြပါတယ်"

"ဘယ်လို လုပ်ငန်းမျိုးပါလဲ"

"မှောင်ခို ခိုးသွင်းလာတဲ့ ကျောက်မျက်ရတနာတွေကို ဖော်ထုတ်ပေးတဲ့ လုပ်ငန်းပါ"

"ဒေါက်ကလပ် ဘယ်တုန်းက သေတယ်ဆိုတာ ခင်ဗျား သိပါသလား"

"ဩဂုတ်လ ၁၆ ရက်နေ့ကပါ"

"ဘယ်အချိန်လောက်မှာပါလဲ"

"ရင်ခွဲရုံက ဆရာဝန်ကြီးက ဒေါက်ကလပ် သေပြီလို့ ကြေညာတဲ့ အချိန်မှာ သိပါတယ်"

"သူ မသေခင် ခင်ဗျား သူနဲ့ တယ်လီဖုန်း စကားပြောခဲ့တယ် မဟုတ်လား"

"မှန်ပါတယ် ပြောခဲ့ပါတယ်"

"အဲဒီတုန်းက သူ သေရတော့မယ်လို့ ခင်ဗျားကို ဒေါက်ကလပ် က ပြောခဲ့သလား"

ဟင်မီတန် ကြားဝင် ပြောလာ၏။

"ရုံးမင်းခင်ဗျား. . . ဒီမေးခွန်းကို ကန့်ကွက်ပါတယ်၊ ရေလာမြောင်းပေး ဖြစ်နေလို့ပါ၊ တစ်ဆင့်ကြား အထောက်အထားမျိုးလည်း ဖြစ်နေပါတယ်"

မေဆင်က ဝင်ဖြေသည်။

ရုံးမင်းခင်ဗျား. . . ဒါဟာ သေသူရဲ့ သေခါနီး ကြေညာထုတ်ဖော်ချက် ဖြစ်ပါသည်"

ရုံးမင်းက သဘောထား ပြောလာ၏။





"ပိုပြီး ခိုင်မာဖို့ လိုနေပါတယ် မစ္စတာမေဆင်၊ ခုအတိုင်းဆိုရင်တော့ ကန့်ကွက်တာကို လက်ခံရပါလိမ့်မယ်၊ ဒါကြောင့် ပိုပြီး ခိုင်မာအောင် တင်ပြစေချင်ပါတယ်"

ဤတွင် မေဆင်သည် သက်သေဘက် လှည့်လိုက်ပြီးနောက် ကျောက်မျက်ရတနာများကို အုပ်ထားသည့် စက္ကူကို ဖယ်ရှားပစ်လိုက်ရာ သက်သေ မစ္စပေတန်သည် တအံ့တဩ ဖြစ်သွားရင်း အော်ပြောလာ၏။

"ဟာ. . . ရှေ့နေကြီး၊ ဒီကျောက်တွေကို တွေ့လာတယ်နော်၊ ဒီကျောက်တွေပေါ့ ဒေါက်ကလပ် တယ်လီဖုန်းဆက် ပြောလာတာ၊ သူပြောတော့ သူ ရထားပြီ ဆိုပါတယ်"

ရုံးမင်းက သက်သေ စကားမပြောရန် လှမ်းတားလိုက်ရ၏။

မည်သို့ဖြစ်စေ၊ မစ္စပေတန်၏ တအံ့တဩ အမူအရာမှာ တစ်ရုံးလုံးကိုပင် လွှမ်းသွားခဲ့ချေသည်။ ဤအခြေအနေ၌ ရုံးမင်းက တစ်စုံတစ်ခု ကြေညာလိုက်၏။

"ကဲ. . . အခု ရုံးတော်ကို ၁၀ မိနစ်လောက် ခဏနားထားပါမယ်၊ နှစ်ဖက်ရှေ့နေကြီးတွေကို စဉ်းစားခန်းထဲမှာ ခဏတွေ့ချင်ပါတယ်၊ မစ္စတာမေဆင်ကလည်း အဲဒီကျောက်တွေကို ဒီအတိုင်း မထားခဲ့ပါနဲ့၊ ရုံးတော်က စာရေးလက်ထဲ အပ်ခဲ့ပါ၊ ကဲ. . . ရုံးတော် ၁၀ မိနစ် ခေတ္တနားပါတယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ တစ်ဆယ့်ခုနစ် ]

တရားသူကြီးများ၏ စဉ်းစားခန်းမှ ရုံးခန်းအတွင်း ရောက်လာကြသောအခါ အရိုးရှေ့နေကြီး ဟင်မီတန်က စိတ်ဆိုးမာန်ဆိုးဖြင့် မေဆင်ကို လက်ညှိုးထိုး ပြောလာ၏။

"ကြည့်စမ်း ခင်ဗျား အခုသက်သေတို့ ဂျူရီလူကြီးတွေရှေ့မှာ တဈာတည် အမှုအရာ ဖြစ်စေလိုက်တာဟာ စင်စစ်တော့ အပေါ်စားမျက်လှည့်တစ်မျိုးလောက်ပဲ ရှိတယ်။ ဂျူရီလူကြီးတွေ ရှေ့မှောက်မှာ ဒီလို ဖြစ်သွားအောင် အကြီးအကျယ် ကြိုးစားလိုက်တာပါလား။ ဥပမာ-ဟိုစတ္တူကို ကျောက်မျက်ရတနာတွေပေါ် တမင်ဖုံးထားပြီး သက်သေ ရောက်လာတော့မှ ဒါကို ဖယ်ပစ်လိုက်တာပဲ ကြည့်တော့၊ ဒါကြောင့် ဒီလိုလုပ်ရပ်က တရားရုံးတစ်ခုကို လမ်းဘေးမျက်လှည့်ပွဲ တစ်ခုလို ဖြစ်သွားစေပါတယ်"

မေဆင်ကလည်း ပြန်ပြောချေပသည်။





"ခုတင်ပြခဲ့တာအားလုံးဟာ တစ်ခုမကျန် စနစ်တကျ တင်ပြခဲ့တာပါပဲ၊ ဒေါက်တာလပ်ဟာ သူ မသေမီ တစ်နေ့က ကျောက်တွေကို ပြန်တွေ့ခဲ့တယ်၊ ဒါပေမဲ့ ဒီလူ ချုပ်နှောင် ဖမ်းဆီးခံရပြီး မူးယစ်ဆေး ထိုးသွင်းခံရရုံမက ဝိုက်းက သူ့ကိုဖမ်းထားခဲ့တယ်၊ ဒေါက်တာလပ်ဆီမှာ ကျောက်တွေ ရှာတာ မတွေ့တော့ ကျောက်တွေကို ဒေါက်တာလပ် ဘာလုပ်လိုက်သလဲလို့ လိုက်လာတယ်၊ ဒေါက်တာလပ် ကျောက်တွေကို ဘာလုပ်ခဲ့သလဲ ဆိုတာကတော့ လွယ်လွယ်လေးပါ၊ ကျောက်တွေ ပြန်တွေ့တာနဲ့ သူ အခန်းက ထွက်သွားဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ ကျောက်တွေ ဝှက်ထားတဲ့ နေရာ သူ ယူသွားတဲ့အခါ အရေးပေါ် အလိုအလျောက် အချက်ပေးစက် အသံမြည်သွားခဲ့တယ်၊ ဒီမှာတင် သူလွတ်လမ်း သိပ်မရှိတော့ဘူးဆိုတာ သိတယ်၊ အဲဒီအချိန်မှာ ဇော့ဒယ်ရဲ့ အခန်း အယ်လီနာ ခုတင်ပေါ်မှာ အယ်လီနာရဲ့ အသုံးအဆောင် လွယ်အိတ်ကြီးကလည်း ပွင့်လျက် ရှိနေတော့ အဲဒီအိတ်ထဲက အလှဆီပုလင်း တော်တော်များများကို ဖွင့်ပြီး ကျောက်တွေကို အဲဒီဘူးတွေထဲ သိပ်ထည့်ခဲ့တယ်၊ ပြီးတာနဲ့ အခန်းထဲက ထွက်ပြီး ကိုယ်လွတ်ရုန်း ပြေးဖို့ ကြိုးစားခဲ့တော့တာပဲ"

ဟင်မီတန်က ဝင်ဖောက်လာသေး၏။

"ကဲ. . . အခု ပြောနေတာ တရားခွင် မဟုတ်ဘူးနော်၊ ကျုပ်ကိုယ်တိုင်လည်း အထောက်အထား သိချင်ပါတယ်၊ ပြပါ"

မေဆင်က နာရီ ကြည့်ပြီးမှ ဖြေသည်။

"စိတ်ချ မိနစ်ပိုင်းအတွင်း အထောက်အထားတွေကို တင်ပြမယ်၊ အင်း. . . တစ်ခု ပြောရဦးမယ်၊ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ၊ ခုနက အကောက်ခွန် အရာရှိတွေ အိမ်ရှာဝရမ်းနဲ့ ဇော့ဒယ်ရဲ့ အခန်းကို ရှာလောက်ပါပြီ၊ ဇော့ဒယ်ရဲ့ အဝတ်ဗီရိုကြီးဟာ မှောင်မို ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ချက်ရတနာတွေ စနစ်တကျ ဝှက်လို့ရအောင် အံဖုံးအံဝှက်တွေပါတဲ့ ဗီရိုကြီးဖြစ်ကြောင်း အကောက်ခွန်အရာရှိတွေ တွေ့လောက်ပါပြီ၊ ခင်ဗျားပဲ အချိုးကိုတ် ဆွဲပြထားတဲ့ အခန်းမြေပုံကို တင်ပြထားတာပဲ၊ အဲဒီမှာ ပြန်ကြည့်ရင် အေသယ်ရဲ့ ဗီရိုဟာ အယ်လီနာရဲ့ ဗီရိုထက် သုံးပေခွဲတိုတိ ဆိုနေတာ တွေ့ရမယ်။ ဗီရိုနှစ်ခု အရွယ်မတူရတဲ့ အကြောင်းရင်းကလည်း အခန်းအနေအထားကြောင့်လို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ကဲ. . . ဒီတော့ ရှေ့နေကြီး မစ္စတာဟာင်မီတန်၊ ခင်ဗျား မျက်နှာမပျက်ချင်ရင်၊ သိက္ခာလည်း မကျချင်ရင်၊ ပြီးတော့ ပြည်သူတွေ ကြား မျက်နှာမပြရဲ မဖြစ်ချင်ရင် အေသယ်နဲ့ ရစ်ချီကို သူတို့ ရှောင် မပြေးခင် အခုဖမ်းခိုင်းထားပေတော့၊ အမှု သူတို့ဘက် လည်လာတော့ မှာ သိရင် လွတ်နိုင်တဲ့ နေရာအထိ ပြေးကြမှာ သေချာနေတယ်၊ ဒီလိုနဲ့ ခင်ဗျားအမှု ဝိတ်ပစ်ရဦးမယ်”

နားထောင်နေသော ဟင်မီတန်က ဤနေရာတွင် လှမ်းအော် ပြောလာ၏။

“ကျုပ် ခင်ဗျားဆီက အကြံဉာဏ် ယူနေစရာ မလိုဘူးဗျ၊ ယူလည်း မယူနိုင်ဘူး”

ထိုအချိန်တွင်ပင် တရားသူကြီး မိုရန်း၏ စားပွဲပေါ်မှ တယ်လီ ဖုန်း အသံမြည်လာသဖြင့် ရှေ့ရိုလူကြီးတစ်ဦးက ကောက် နားထောင် လိုက်သည်။ ခေတ္တမျှ တစ်ဖက်မှ ပြောသည်ကို နားထောင်ပြီးနောက် ဖုန်းပြန်ချလျက် တရားလိုရှေ့နေကြီး ဟင်မီတန်ကို လှမ်းပြောသည်။

“ဒီမှာ မစ္စတာဟင်မီတန်၊ ခုဖုန်းဆက်လာတာ အကောက်ခွန် အရာရှိတစ်ဦးပါပဲ၊ မစ္စတာမေဆင် မှာထားလို့ ရုံးတော်ကို ဖုန်းဆက် အကြောင်းကြားတာပါတဲ့၊ ခုသူတို့ အေသယ်ရဲ့ အခန်းကို ဝရမ်းနဲ့





တက်ရှာတာမှာ မှောင်ခိုကျောက်တွေ မမိပေမဲ့ မူးယစ်ဆေးဝါး တန်ဖိုး ဒေါ်လာ ၂၅၀၀၀ ဖိုး၊ အဝတ်ဗီရို လျှို့ဝှက်အံဝှက်ထဲက တွေ့ရပါသတဲ့၊ အဲဒီတော့ မစ္စတာဟင်မီတန် ခင်ဗျား အခု ရုံးပြန်မစခင် အခြေအနေ ကို ပြန်စဉ်းစားဖို့ လိုပြီထင်တယ်”

မစ္စတာဟင်မီတန်၏ ခုံအခိုက်အတန့် အမူအရာမှာ ပတ် လည်ရှိ ကမ္ဘာမြေပြင်ကြီး ပြိုကျတော့မည်ကို ရင်ဆိုင်နေရသည့် လူ တစ်ယောက်အသွင် ချောက်ချောက်ချားချား ဖြစ်နေချေသည်။

ထိုအခြေအနေ၌ ရုံးမင်းမိုရန်းက မေဆင်ကို လှမ်းပြောလိုက် သည်။

“မစ္စတာမေဆင်. . . စောစောက ခင်ဗျား လျှောက်ထား တင်ပြနည်းကတော့ တကယ်ပါပဲ၊ တရားရုံးကို ပြဇာတ်စင်လို လုပ် သွားတဲ့အတွက် ကျုပ် ဝမ်းနည်းမိတာ အမှန်၊ ဒါပေမဲ့လည်း ခင်ဗျား ကတော့ တကယ် ချီးကျူးထိုက်တဲ့ ပုဂ္ဂိုလ်ပေပဲ”

မေဆင်ကလည်း ချက်ချင်း ရှင်းပြသည်။

“ရုံးမင်းခင်ဗျား. . . ကျွန်တော် အဲဒီလို မတင်ပြလို့ မဖြစ် တော့လို့ တင်ပြရတာပါ၊ အဲဒါမှလည်း အေသယ်နဲ့ ရစ်ချီတို့ နှစ်ယောက် အမှုတို့ဘက် လှည့်လာပြီဆိုပြီး ထွက်ပြေးဖို့ ကြိုးစားကြမှာ၊ ဒီလို မတင်ပြရင် သူတို့ ထွက်ပြေးကြမှာ မဟုတ်သေးဘူး ခင်ဗျ၊ ခုလို ကျွန်တော်က ကျောက်တွေကိုပါ ရုံးမှာ တင်ပြလိုက်တော့ သူတို့ အကြောင်း ကျွန်တော် အားလုံး သိထားပြီလို့ သူတို့ နားလည်သွားတာ ပေါ့၊ ဒီတော့ ရုံးမင်းခင်ဗျား. . . ဒါ ကျွန်တော့်ကို မချီးကျူးပါနဲ့ဦး အမှန်က စောစောကတည်းက ဗီရိုနှစ်လုံး တစ်ခုနဲ့တစ်ခု အရွယ်မတူ တာ သတိထားမိသင့်တယ်၊ ရစ်ချီတစ်ယောက် ဆူဆာန်နဲ့ အယ်လီနာ

www.burmeseclassic.com



စကားများတာကို ကြားနိုင်တဲ့ နေရာက အခန်းနှစ်ခန်းထဲ ရှိတယ်ဆိုတဲ့ အချက်က တကယ့်အချက် ဖြစ်နေပါတယ်၊ ရစ်ချီဟာ ဒီကိစ္စ သက်သေ ထွက်ချက်မှာ ဆူဆန်နဲ့ ညီတော့ ညီတယ်၊ ဒါပေမဲ့ ဒီအကြောင်း တရားလိုရှေ့နေကြီးကို ဆူဆန် မပြောဘူးလို့ ထင်ခဲ့တာ မှားသွားတယ်၊ ဒီအချက်တွေကြောင့် ကျွန်တော် ကွင်းဆက် လိုက်ယူနိုင်ခဲ့တာပါ၊ ပြီးတော့ ရစ်ချီတစ်ယောက် ဆူဆန်ရဲ့ အခန်းထဲကနေ ဆူဆန်နဲ့ အယ်လီနာ စကားများတာကို ကြားခဲ့တာ မဟုတ်ရင် အေသယ် အခန်းထဲက ကြားတာပဲ ဖြစ်ရမှာပေါ့၊ ဒီလိုဆို အေသယ်ရဲ့အခန်းထဲမှာ လူတစ်ယောက် ပုန်းနေနိုင်လောက်တဲ့ နေရာမျိုး ရှိရမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ အယ်လီနာဟာလည်း စကားများပြီးချိန်မှာ အခန်းထဲ ချက်ချင်း ပြန်ဝင်သွားပေမဲ့ ရစ်ချီကို မတွေ့ရဘူးလေ၊ အင်း. . . ကျွန်တော် ဒီအမှုမှာ ကံကောင်းလို့ ဒုက္ခမရောက်တယ်၊ ကျွန်တော့်အမှုသည်က ကယောင်ချောက်ချားဖြစ်ပြီး အမှန်အတိုင်း မပြောခဲ့လို့ပါပဲ၊ ဒါကြောင့် အထောက်အထား အလိုက်လွဲတော့မလို့ တောင် ဖြစ်ခဲ့ရပါတယ် ခင်ဗျ"

ရှုံးမင်းက မေဆင်ကို ချီးကျူးသော အကြည့်ဖြင့် ကြည့်ပြောလာသည်။

"သိပ်ကောင်းတဲ့ ဆင်ခြင်တုံ တရားရှာ စဉ်းစားနည်းပါပဲ မစ္စတာမေဆင်၊ ဒါပေမဲ့ ခင်ဗျား ရုံးခန်းကို ပြဇာတ်စင် လုပ်သွားတဲ့ ကိစ္စကိုတော့ ကျေပ်ခုထိ ဝမ်းနည်းတုန်းပဲ"

ရှုံးမင်းက တစ်ဆက်တည်းပင် ဟင်မီတန်ကို လှမ်းပြော၏။

"ကဲ. . . တရားလိုရှေ့နေကြီး. . . ခင်ဗျားအလှည့်ပဲ၊ ၁၀ မိနစ်လောက် နောက်ထပ် အချိန်ပေးပါဦးမယ်၊ ဘယ့်နှယ်လဲ"





တရားလို ရှေ့နေကြီးက တစ်စုံတစ်ခု ပြောရန် ပြင်သေး၏၊ သို့သော် အမှုအရာပျက်လျက် ဘာမျှ မပြောတော့ဘဲ ရုံးခန်းမှ ထွက်သွားတော့၏။ သူ အပြင်ရောက်သွားချိန် တံခါးပိတ်လိုက်ပြီးနောက် တရားသူကြီးက မေဆင်ကို စိုက်ကြည့်ပြီး ထပ်ပြောပြန်လေ၏။

"အင်း. . . ခင်ဗျား လုပ်သွားပုံတွေ အတွက်တော့ ကျုပ် ဝမ်းနည်းမိတုန်းပဲ၊ ဒါပေမဲ့လည်း ခင်ဗျား လုပ်နည်းလုပ်ဟန်ရဲ့ ထိရောက်မှုကိုတော့ မချီးကျူးလို့ကို မဖြစ်ဘူးဗျ. . . " ဟုသတည်း။

အားလုံး တောင်လေး ဝစွာ

မောင်ဝံသ

(မြန်မာပြန်သူ)

၂၉-၈-၇၉



www.burmeseclassic.com